



ဦးနန္ဒဝံသ - မဟာဝိဇ္ဇာ

၏

ဝိပဿနာလက်တွေ့ကျင့်စဉ်

လုပ်ငန်းခွင်တရားတော်များ

[redacted]



အမရပူရမြို့ ဝိပဿနာ သန္တိသုခကျောင်း ဆရာတော်
ဦးနန္ဒဇံသ [မဟာဝိဇ္ဇာ]

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
	အမှာစာ	....	၅
၁။	ဝိပဿနာရှုနည်း	....	၁၇
၂။	ဝိပဿနာနှင့်ဉာဏ်ထူး	....	၃၃
၃။	မြတ်ဗုဒ္ဓ၏သိပ္ပံ ပညာနှင့်ဝိဇ္ဇာပညာတော်	....	၆၁
၄။	ပဋ္ဌိစ္စသမုပ္ပါဒ်ကိုဖြတ်နိုင်သော မြတ်ဗုဒ္ဓ၏ ဝိဇ္ဇာဉာဏ်	....	၈၂
၅။	ရှေ့ကဖြစ်ပျက်နောက်ကမင်	....	၁၀၂
၆။	ဒိဋ္ဌိနှင့်မယှဉ်သောနှလုံးသွင်းနည်း	....	၁၂၃
၇။	ဝဋ်သုံးပါးမှကင်းလွတ်ရေး	....	၁၄၆
၈။	အဝိဇ္ဇာကိုဝိဇ္ဇာဉာဏ်ဖြင့်ဖြတ်ခြင်း	....	၁၆၄
၉။	ရင်တွင်းငြိမ်းအေးရေး	....	၁၉၆
၁၀။	ငြိမ်းအေးမှုနှင့်သစ္စာလေးပါး	....	၂၁၆
၁၁။	ဒိဋ္ဌိသတ်တဏှာသက်	....	၂၄၆
၁၂။	အသေစိတ်ချရေး	....	၂၇၄
၁၃။	နိဗ္ဗာန်ချမ်းသာမြတ်အကြောင်း	....	၃၀၈
၁၄။	အပျက်တရားကြောင့်ရသောအဖြေသည် နိဗ္ဗာန်	....	၃၄၅

ဆိုတရားတော် ဟောစဉ်မှတ်တမ်းများ အနက်မှ ကောင်းနိုးရာရာများကို ဆရာတော်၏ ကောက်ချက်များနှင့်အတူ စက်တင်ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဆရာတော် ဟောကြားခဲ့သော တရားတော်များကို စုစည်းထုတ်ဝေသော ဤ"ဝိပဿနာ လက်တွေ့ကျင့်စဉ် လုပ်ငန်းခွင်တရားတော်များ" စာအုပ်ကို ကာဗ်ရှုသူများ အား ကြိုတင် တင်ပြထားလိုသည်မှာ တရား တုပုဒ်စီ သည် တနေရာစီရှိ သီးခြားပဓိသတ်များကို တချိန်စီတွင် ဟောကြားထားသော တရားတော်များဖြစ်၍ တပုဒ်စီတွင်လည်း ပြည့်စုံ လုံလောက်သော တရားအဆီအနှစ်များ ပါဝင်ပါသည်။ အားလုံး စုပေါင်း ပုံနှိပ်ခသော အခါ၊ ထပ်နေသော အချက်များ ပါရှိသော်လည်း သိုအချက်များကို ဖြတ်တောက်ပါက မပြေပြစ်ရှိ၏ဟု ကို စိုးရိမ်မိ၍ ဤကဲ့သို့ အနည်းငယ် ထပ်သွားသည်ကို သိလျက်နှင့် မဖြတ်မတောက်ခြင်းဖြစ်ပါသည်။ တရား ဟာ ဓမ္မကထိကကောင်းတို့ မည်သည် ရုပ်နာမ်၏ ဒုက္ခ ကို ဓပါ၊ လွှင်အောင် ဟောကြားနိုင်ရမည်။ ဒုက္ခသစ္စာ ကို ထင်ရှားစေမှသာ ဒုက္ခကုန်ဆုံးရာ နိဗ္ဗာန်နန်းသို့ ရှေဘုန်းတော်ရှင် ဘုရားသခင်၏ မဂ္ဂင်လမ်းဖြင့် လိုက်၍ လွှတ်လမ်းကို ရှာကြပါမည်။ ဘုရားတော်၏ တရား တော်ဟောစဉ်များတွင် ရုပ်နာမ်တို့၏ ဒုက္ခကို အသေး စိပ် ဖော်ညွှန်း ပြထားရုံမျှ မက ဗုဒ္ဓမြတ်စွာ၏ ဝါဒ

သည် "အဆိုးရှု ဝါဒ"မဟုတ်ကြောင်း ဒုက္ခဘုံမှန်သော် လည်း ဒုက္ခကို ရင်ဝယ်ပိုက်၍ ငုံ့စုံ့ပစ်ခံနေရန် မဟုတ်ကြောင်း ဒုက္ခကို ဒုက္ခမှန်း အမှန်ကို အမှန်သိဘို့သာ လိုကြောင်း၊ အမှန်သိပြီးသည်၏ နောက်၌ ဒုက္ခ၏ ဖြစ်စေရာ အကြောင်းခံ သမုဒယကို သတ်၍ မဂ္ဂင်လမ်းဖြင့် ဒုက္ခချုပ်ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် စွမ်းစွမ်းတမန် အားထုတ်သင့်ကြောင်းမျှား၊သာသနာတွင်း ကာလဖြစ်၍, အားထုတ်လျှင် ပေါက်မြောက်နိုင်ကြောင်းမျှားကို အနှစ်သာရအဖြစ် ဖော်ထုတ် တင်ပြထားပါသည်။ ဤသည်မှာ ကလျာဏနွယ်ဝင် သူကောင်းစင်တို့အတွက် ခေတ်ပညာတတ် ဖြစ်သည်နှင့်အညီ ခေတ်လူငယ်မျှားကို အထူးနှားဝင်အောင် ဝေါဟာရ ကြွယ်ကြွယ်နှင့် ဟောပြောနိုင်သည်မှာ ဆရာတော်၏ ထူးခြားသောစွမ်းရည် ဖြစ်ပါသည်။ တက္ကသိုလ် ကျောင်းဆရာအဖြစ်ရှိစဉ်ကလည်း ကျောင်းသားမျှား နှားဝင်အောင် အထူး အသင်အကြားကောင်းသူဖြစ်၍ ဤမျှ တရားဟော ကောင်းခြင်းမှာ မဆန်းတော့ပါ။

ဤနေရာ၌ အလျှဉ်းသင့်၍ ဆရာတော်၏အကြောင်း အနည်းငယ်တင်ပြလိုပါသည်။ဆရာတော်သည် တက္ကသိုလ် ကျောင်းသားဘဝကပင် တရားဘာဝနာ၌ အထုံပါသူ အဖြစ်မှတ်မိပါသည်။ ရတနာသုံးပါးကို သာမန်ကြည်ညိုရုံမျှမက တနေ့နေ့တွင်ဗုဒ္ဓဘာသာသာသနာတော်အတွက်

တဒေါ်ခင့်တနေရာမှ စွမ်းစွမ်းတမန် လုပ်ဆောင်မည်ဟု ပြောခဲ့ဘူးရာ သာမန်စကားအဖြစ် ပြောသည်ဟုသာ ထင်မှတ်ခဲ့ကြပါသည်။ ယခုကဲ့သို့ သာသနာ့ဘောင်သို့ တသက်တာအပြီး ဝင်မည်ဟူ၍ မထင်နိုင်သကဲ့သို့ ဤမျှ ပဋိပတ်အလုပ်ကို ကြိုးကုတ်အားထုတ် မည်ဟုလည်း မထင်မှတ်နိုင်ခဲ့ပါ။ ဤမထင်မှတ်သော အပေါင်းအသင်း မိတ်ဆွေများကို အပြောမဟုတ် အလုပ်နှင့်လက်တွေ့ ပြသသွားသည်ကို မကြာမီမှာပင် တွေ့မြင်လာခဲ့ကြရပါသည်။

အတက်ကြွဆုံးအရွယ်၊ သူများ လူ့ဘဝ အာရုံခြောက်ပါး ခံစားရှိအကောင်းဆုံးအရွယ်၊ အသက်သုံးဆယ်မပြည့်မီပင်၊ မိဘဆွေမျိုး သားမယား အိမ်ထောင်ကို စွန့်ပစ်၍ ဆရာဘုန်းကြီးထံတွင် အနှောင်ဝါသိက တပည့်ခံ၍ကာ ပဋိပတ်အလုပ် ကြိုးစားအားထုတ်ခဲ့သည်။ အသက်လေးဆယ်မပြည့်မီတက္ကသိုလ်ဆရာအလုပ်နှင့်တက္ခ လူ့ဘောင်ကိုစွန့်၍သာသနာ့ဘောင် ဝင်ခဲ့သည်မှာလည်း အံ့ဘွယ်ပင်ဖြစ်ပါသည်။ အချို့က ထင်ပါမည်။ လူ့ဘဝတွင် လောကဓံကို ရင်ဆိုင်ရ၍ ကြံ့ကြံ့မခံနိုင်ဘဲ၊ ဘဝကို အရှုံးပေး ထွက်ပြေးရင်း လွတ်မြောက်ရာ သာသနာဘောင်ဝင်ခြင်းဟု ထင်နိုင်ပါသည်။ ယခု ဆရာတော်မှာ မဟုတ်ပါ၊ လုံးဝမဟုတ်ပါ၊ လောကတွင် အောင်မြင်ဂုဏ်ချိန်ဖြစ်ပါသည်။ တက္ကသိုလ် ဆရာအဖြစ်ကို နှစ်ခြိုက်ပျော်

မေ့.သည်သာမက၊ မဟာဝိဇ္ဇာဘွဲ့ကိုလည်း ထပ်ဆင့်ရရှိခဲ့ရာ တက္ကသိုလ်တွင်လည်း အောင်မြင်နေချိန်ဟု ဆိုရပါမည်။ ဤသို့သော အချိန်တွင်မှ လောကီနယ်ကို စွန့်လွှတ်၍ လောကုတ္တရာနယ်သို့ ကူးဝင်ခဲ့သော ဆရာတော်ကို အထူးပင် ချီးကျူးမိပါသည်။ တက္ကသိုလ်ဘောင်သာယာသော်လည်း ပို၍သာယာသော သာသနာဘောင်သို့ ခိုဝင်သွားပေပြီ၊ တက္ကသိုလ်နယ်တွင် ပျော်မွေ့.သော်လည်း ပို၍ ပျော်မွေ့.ဘွယ်ရာ၊ မြတ်ဘုရား သာသနာကို ခုံမင်ဖက်တွယ်ခဲ့ပေပြီ။ ယခုအခါတွင် ပဋ္ဌိဝ်တ်အကျင့်သာမက၊ ပဋ္ဌိယတ်နှင့် ပဋ္ဌိဝေဒကိုပါလေ့လာ ကျင့်သုံးလာရာ အထူးပင် အားထားမိပါသည်။

ဆရာတော်ဟောကြားခဲ့သော တရားတော်များသည် ပါဠိပါဠိသား နည်းပါးပြီး၊ လူတိုင်းနားလည်နိုင်သော စကားပြေရိုးရိုးနှင့် ပီပြင်စွာ ဟောကြားလေ့ရှိရာ၊ လိုရင်းကို ထိမိစွာ သဘောပေါက်နိုင်ပါသည်။ လူတန်းစားမရွေး နားလည် လက်ခံနိုင်သည့်ပြင် ဗုဒ္ဓဝါဒကို ခေတ်အမြင် ခေတ်အတွေးနှင့် လျော်ညီအောင် သိပ္ပံနည်း၊ ဝိဇ္ဇာနည်းများဖြင့် ပြထားသည်မှာလည်း စိတ်ဝင်စားဘွယ်ပင်ဖြစ်သည်။

ဝိပဿနာလက်တွေ့ကျင့်စဉ်နှင့်ပတ်သက်၍ ကိုယ်တိုင်ကျင့်ကြံအားထုတ် တွေ့ရှိမှုများကို ကျမ်းဂန်စာပေနှင့်

ညီနှိုင်းဟောကြားထားရှိလည်း လက်တွေ့ကျင့်ကြံနေကြ သောဝိပဿနာ ယောဂီများအဖို့ အထောက်အကူ ရစေပါတယ်။ ဆရာတော်သည်၊ ရုပ်နာမ် မချုပ်သမျှ ဒုက္ခ ဟူသော သဘောဒုက္ခကို ဒုက္ခမှန်း၊ သစ္စာဆိုက်ဆိုက်၊ မှန်မှန်ကန်ကန်ပသိသမျှ၊ သမုဒယ ကြောင်းခံများပြုလုပ်နေ ဦးမည်ဖြစ်၍ ဒုက္ခရုပ်နာမ်ရနေဦးမည့် သဘော၊ ရုပ်နာမ် မချုပ်သမျှ ဒုဝ ဘုံမှ မလွတ် ဟူသော သဘောများကို လိုက်လျှံစွာ သိစေလိုသော စေတနာဆန္ဒရှိနေ၍၊ ဟော ကြားသောတရားများတွင်၊ ရုပ်နာမ်၏ ဒုက္ခသဘောကို ပီပြင်ပြင်ပြော်ပြထားသည်များကို ဖတ်ရသည်တိုင် တေမြင်

ပုံမျှား၊ ဝေါဟာရမျှား၊ ခြားနားနေရာ စာကူးသူမျှား အနေဖြင့် ဖြတ်တောက်ပစ်ရန် နှမြောမိ၍ ပါရှိသည့် အတိုင်း ကူးယူခဲ့ကြပါကြောင်း။ ဆရာတော်၏ ဆိုလိုရင်းတရားအနှစ်ချုပ်ကို ပထိခိုက်စေလိုသော စေတနာ ဆန္ဒလည်း ပါရှိသည်ဖြစ်၍ စာရှုသူတို့အနေဖြင့်ထပ်ဆင့် တင်ပြချက်မျှားကို ဖတ်ကြားရ၍ ငြိုးငွေ့ရသည်ဆိုပါမူ စာကူးပေးသူတို့၏ တာဝန်မျှသာ ဖြစ်ပါကြောင်းနှင့် တင်ပြအပ်ပါသည်။

ဝိဇ္ဇာဥာဏ်ပန်း ပွင့်လန်းရမည်
ညွန်ညွှန်ဝင်း
ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေး။

နေ့စွဲ ၁.၁၀.၇၇။

ဝိပဿနာရှုနည်း တရားတော်နှင့် ပတ်သက်သော

ကောက်ချက်များ

ဝိပဿနာကိုရှုရင် အာရုံ (၆)ပါးအနက် အာရုံ ငါးပါးကို လျစ်လျူရှုပြီး အဓ္ဓဘာဝင် မနောဒေါက် ခမ္မသင်းချိုင်းမှာသာ ရှုရမယ်လို့ အဘိအလင်း ဟောထားပါတယ်။ ဒါဟာ လိုရင်း မို့ ဟောရာပါ။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကာလာမသုတ်ကို ဟောတော်မူခဲ့တဲ့အတိုင်း လက်တွေ့ စမ်းသပ်စစ်ဆေးကြည့်ပြီးမှ လက်ခံပါ။ ဒီတရားတော်ဟာ မြတ်စွာဘုရားသခင်ရဲ့ တရားတော်မို့ လက်တွေ့ အစစ်ဆေး အစမ်းသပ် ခံနိုင်ပါတယ်။ အကာလိကော၊ ဧဟိပဿိကော၊ သြပါဏေယျိကော စတဲ့ ဂုဏ်တော် တွေနဲ့ လဲပြည့်စုံပါတယ်။

ယောဂီတဦး ဒေါသ ဖြစ်လို့ ရင် တုန် နေ ရင် အနိစ္စ လက္ခဏာ တင် ကြည့် ပါ၊ ခန္ဓာ က ပြ သွား ပါလိမ့်မယ်။

ကိုယ့် ခန္ဓာ က ပြ တာ ကို ကိုယ့် ဉာဏ် နဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်ဘို့ အရေးကြီးပါတယ်။ ဒီ အချက်ကို အထူး သတိပေးလို့၊ ယောဂီများအတွက် ဒီ ဝိပဿနာ ရှု နည်း ကို ဟော လိုက် ခြင်း ဖြစ် ပါတယ်။

ဒီကျင့်စဉ်မှာ မိုးကုတ်ဆရာတော်ဦးဝိမလရဲ့ ယုံကြည် ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့် ဆိုတဲ့ ဆောင်ပုဒ်က လေးနဲ့ မဂ်ရနိုင်မည့် ပုဂ္ဂိုလ်- မဂ်မရနိုင်မည့် ပုဂ္ဂိုလ်(၂) မျိုး ခွဲခြားပြီး အရှည်အကျယ် ဖွင့်ပြထားပါတယ်။

ရုပ်နာမ်ဝဋ္ဋဒုက္ခ ဘာကြောင့် ရသလဲ၊ သမုဒယ ကြောင့်ရတာယ်။ သမုဒယဆိုတာဘာလဲ၊ ခင်တာ၊ မင် တာ၊ ငဲ့တာ၊အဲဒီခင်လုံးမင်လုံး ငဲ့လုံးတွေဘယ်မှာပေါ် သလဲ။အဇ္ဈတ္တ မနောဟာဒယမှာ ပေါ်တယ်။

အဲဒီတော့ ဘယ်လိုလုပ်မလဲ၊ ရှုရမှာဘဲ၊ ဟာဒယရုပ် ဝတ္ထုပေါ်မှာပေါ်လာတဲ့ အဲဒီ ခင်လုံး မင်လုံးတွေကို ရှုရမယ်၊ ရှုတယ်ဆိုတာ မမြဲဘူးလို့ ဉာဏ်နဲ့ သုံးသပ်

တာ၊ အပျက်ကို မြင်တာဟာ ရှုတာဘဲ။ အဲ ဒါ ဟာ ဝိပဿနာ တရားဘဲ၊ ဒီလိုဝိဇ္ဇာဒုက္ခ ရုပ်နာမ်မှ ကျွတ်လွတ်အောင် ကြိုးစားဘို့အတွက် ဒီတရားတော်မြတ်ကိုဖတ်ကြည့်ပါ၊ မှတ်ကြည့်ပါ၊ ကျင့်ကြည့်ပါ။

ကောင်းမြတ်သောဇစတနာဖြင့်

နန္ဒဝံသ

ဝိပဿနာဂ္ဂနည်း

[၁၃၃၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈) ရက်။ (၉-၅-၇၇) ပဗန္ဓယ်ဟာရဇေတဝန်ကျောင်းတိုက်၊ ဗျုတိုးစေတီတော် ဘဏ္ဍာဘက် ပြည်ခမ္မာရုံတွင် သန္တိသုခ ဆရာတော် ဦးနန္ဒဝံသ ဟောကြားတော်မူအပ်သော "ဝိပဿနာဂ္ဂနည်း" တရားတော်ဟောစည်။]

ကဲ-ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးအား ရိုသေမြတ်နိုးလက်စုံမိုးချီရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသော ကုသိုလ်က စေတနာအပေါင်းတို့ ကြောင့် ဗုဒ္ဓသာ ပူဇာဝန္တံ မဟာတေဇဝန္တောဝါ၊ ဓမ္မသာ ပူဇာဝန္တံ မဟာပညာ ဝန္တောဝါ၊ သံဃသာ ပူဇာဝန္တံ မဟာ ဘောဂ ဝန္တောဟူသော ပါဠိတော်နှင့်အညီ နိုမ့်ကုံ မြင့်တို့ စုန်ဆန်မမြဲဆင်းရဲခြင်းအစစ် ဖြစ်လျက် မချစ်အပ် သောကိုယ်ကို အလိုလိုက်မိသဖြင့် သံသရာ၌ ဆက်ကြိုး သွယ်မိကြကုန်သော ဝဋ်ဒုက္ခသည်အဖြစ်မှ ကင်းလွတ်၍ နိဗ္ဗာန်ရှေပြည်မြတ်သို့ လျင်မြန်ထုတ်ချောက် ရောက် လွယ်ကြသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေ သောဝေ။

လူမှာ ခန္ဓာငါးပါးရယ်လို့ရှိပါတယ်။ ရူပ်ခန္ဓာကတပါး၊ နံ့ဝမ် ခန္ဓာက ၄ ပါး၊ ပေါင်းခန္ဓာငါးပါးပါ။ ရူပကွန္ဓာ၊သညကွန္ဓာ၊ ဝေဒနကွန္ဓာ၊ သင်္ခါရကွန္ဓာ၊ဝိညာဏကွန္ဓာ ဆိုပြီးခန္ဓာ ငါးပါးကို အကျဉ်းချုပ်လိုက်တော့ ရူပ်နာမ် ၂ ပါးပဲရပါတယ်။ ရူပ်နာမ် ၂ ပါးမှာ ရူပ်ဆိုတာကတော့ မြင်သာတယ်။ ဖောက်ပြန်တတ်တယ်။ ပျက်စီးတတ်တယ်။ ရူပ်တရားက အသိမရှိဘူး။

နာမ်တရားကတော့ အသိရှိတယ်၊ မမြင်လွယ်ဘူး၊ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေမှ နာမ်တရားကို တွေ့ရတယ်။ နာမ်နာမ်ချင်းတော့ မတွေ့ဘူး။ အဲဒီလိုဘဲ၊ အသိရှိတဲ့ နာမ်တရားနဲ့ အသိမရှိတဲ့ မြင်သာတဲ့ ရူပ်တရား ပေါင်းစပ်နေတဲ့ ရူပ်နာမ် ၂ ပါးတဲ့၊ ဝိပဿနာ တရားကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်မျှားအဖို့တော့ ရူပ်နာမ် ၂ ပါးကို အဒ္ဓတ္တရူပ်နာမ်နဲ့ ဗဟိဒ္ဓရူပ်နာမ် ခွဲပြပါ၊မယ်။ ဗဟိဒ္ဓရူပ်နာမ်ဆိုတာ ဘာတုန်းဆိုတော့ ၁၂ရုံ ၆ ပါး၊ စက္ခု-သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန လို့ရှိတယ်။ ဒီအာရုံ ၆-ပါး အနက် စက္ခု၊သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဆိုတဲ့ အာရုံ ၅ ပါး တံခါးငါးပေါက်မှ ပြင်ပလောကနဲ့ တွေ့ကြုံပြီး သိလာရတဲ့ အသိတရားဟာ ဗဟိဒ္ဓ ရူပ်နာမ်မည်၏။

အဒ္ဓတ္တရူပ်နာမ်ဆိုတာ ဘာလဲဆိုတော့ ဒီအာရုံ ၅ ပါး တံခါး ၅ ပေ ကိုကို လစ်လျှူရှုလိုက်ပါ။ ဥပေက္ခာပြုလိုက်ပါ။ အဒ္ဓတ္တ ဘဝင်မနောဓမှာရုံ၊ ဓမ္မသချိုင်း၊ စိတ်ကလေးတွေ ဖြစ်ပေါ်ပြီး ပျက်သွားတဲ့နေရာ၊ ဒေါသတွေ ဘာတွေဖြစ်ရင် တုန်လှုပ်တဲ့နေရာ၊ ရင်ညွှန့်ဘဝင်မှာရှိတယ်။ အဲဒီ နေရာမှာ

အဇ္ဈတ္တ ရုပ်နာမ်ရှိတယ်။ အဇ္ဈတ္တရုပ်ဆိုတာက ဟဒယရုပ်ဝတ္ထုလေး။ ဟဒယ ရုပ်ဝတ္ထုလေးပေါ်မှာ နာမ်တရားလေးက ပေါ်လာတာ။ တကယ်တော့ ငါ-သူတပါး ယောကျ်ား မိန်းမလို့ ထင်မှတ်နေကြတာ၊ တကယ်အဟုတ်ကျတော့ ရုပ် နာမ် ဘဲ ရှိပါတယ်။

အဇ္ဈတ္တရုပ်နာမ်ကို ရှုရပါတယ်။ ကောင်းပြီ၊ ဒီနေ့ မဂ်ရမည့် ပုဂ္ဂိုလ်နဲ့ မဂ်မရမည့်ပုဂ္ဂိုလ်ကို ခွဲပြမယ်။ မဂ်ရမည့်ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲဆိုတာ၊ ဘယ်လို ပုဂ္ဂိုလ်လဲဆိုတော့ "ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ညာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း" "ဒါမဂ်ရမည့် ပုဂ္ဂိုလ်ပဲ" ယုံကြည် ရမယ်။ မြတ်စွာဘုရားကိုသော်ငင်း၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့တရား ဒေသနာကိုသော်ငင်း၊ မြတ်စွာဘုရား အလိုတော်ကျ တရားမမှ ကျင့်ကြံအားထုတ်နေတဲ့ သံဃာတော် အရှင်မြတ်တွေကို သော် ငင်း မိမိတို့က ယုံကြည်ရမယ်။ သဒ္ဓါတရားရှိရမယ်။

ယုံကြည်ကျန်းမာတဲ့၊ ကျန်းမာမှုရှိရမယ်။ ခန္ဓာကိုယ်ကြီးက ဖောက်ပြန်နေရင် တရားလာမနာနိုင်ဘူး။ ဘရားလဲမထိုင်နိုင်ပေဘူး။ ဒီခန္ဓာကိုယ်ကြီးက ကိုယ်မပိုင်ဘူး။ ခုတ်လေးပါး အစုအဝေးကြီး၊ သူဖောက်ပြန်ချင်တဲ့ အချိန်မှာ ဖောက်ပြန်မှာဘဲ၊ ယခုလိုမဖောက်မပြန်မီ သူအခြေအနေပေးနေတုန်း မိမိကကျင့်ရတယ်။ ကြံရတယ်။ အားထုတ်ရတယ် ဆင်ခြင်ရတယ်။ သုံးသပ်ရတယ်။ နှလုံးသွင်းရတယ်။ နာကြားရတယ်။ အင်မတန်

ရှင်ဘွယ် ကောင်းမလဲ။ ဒါကြောင့် စိတ်ကလေးကိုဖြောင့်ဖြောင့် လေးထားကြရပါတယ်။

ယုံကြည် ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာ အားတုတ်။ အားထုတ်ရတော့မယ်။တသံ့သရုလုံးက အယောနိသောမန သီကာရဆိုတဲ့ နှလုံးသွင်းမှာခဲ့ကြပြီ။ အဲဒီမှားမိတဲ့ ဒါဏ်ကြောင့်၊ မိမိတို့မှာ ရုပ်နှာမ်တွေ ရခဲ့ကြပြီ။ ဒီ ရုပ်နှာမ်မှာလဲ အဝိဇ္ဇာတွေ၊ တဏှာတွေ၊ ကိလေသာတွေ၊ ပ ပဉ္စတရားတွေ၊ တဏှာမာန ဒိဋ္ဌိတွေက ကပ်ငြိပြီး၊ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ။ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ အပူတွေနဲ့ လောကထဲမှာ ကျင်လည်ခဲ့ရတာ များတော့၊ ဒီတခါတော့ လွန်စွာအားထုတ်၊ အားထုတ်လိုက်ကြစို့။

ငါတို့ဟာဖြင့် ဒီတထိုင်ထည်းမှာတော့ တရားဓမ္မကို သိနှားလည်အောင်၊ မြတ်စွာဘုရား လေးသင်္ချိန်နဲ့ ကမ္ဘာတသိန်းအမျိုးမျိုးအဆင်းရဲခံပြီး၊ ပါရမီဆည်းပူးရရှိခဲ့တဲ့ ဒီသစ္စာတရားကို ဒီတထိုင်ထည်းမှာ ထိထိမိမိသိသွားအောင် လွန်စွာအားထုတ်လိုက်ကြစို့ ဆိုပြီး မိမိကိုယ်ကို မိမိဆုံးဖြတ်ချက်ချပြီး ကြိုးစားလိုက်ကြစို့။ သဒ္ဓါတရတိုဿ ။ သဒ္ဓါတရားနဲ့လဲ သံသရာဝဲသြဂကြီးက လွတ်မြောက်နိုင်တယ်။ ဝိရိယတောကိ ။ နာမကမ္မ ။ နပရိစ္စတိ။ ဝိရိယရှိရင်ဘာဖြစ်လို့ မပြီးမြောက်ရမှာလဲ။ သံသရာကူးခပ်တဲ့ လုပ်ငန်းကြီးကို ဝိရိယရှိရင်ဟေ ! တို့တကွေသာကြောင့် မပြီးမြောက်ရမှာလဲ။ ဝိရိယဇွဲလေးထားပြီး ကြိုးစားလိုက်ကြစို့ ။

၁၄၅၀ ၅

စာကြည့်တိုက်

ယနေ့တော့ဖြင့် ကျန်တဲ့ အာရုံတွေကို သည်းခံ ပယ်သတ်ပီးတဲ့နောက်၊ မိမိခန္ဓာပေါ်မှာ ဥာဏ်စိုက်တာမှာ.မှာပဲ ဥာဏ်စိုက်ပီးတဲ့နောက်၊ ကျန်တာတွေကို ကာယိကဒုက္ခ၊ ဝေဒနာနဲ့ ပတ်သက်တဲ့ဒုက္ခလေးတွေကိုသည်းခံပြီးတဲ့နောက်(သည်းခံရင် နိဗ္ဗာန်ရောက်မယ်ဆိုတဲ့ အတိုင်း) စိတ်ရှည်ရှည်ကလေး၊ ဥာဏ် ပါ ပါ လေးဆင်ခြင် သုံးသပ်ပြီးတဲ့နောက်၊ ယနေ့ကြိုးစားလိုက်ကြစို့။

ယုံကြည် ကျန်းမာ စိတ်ဖြောင့်စွာဖြင့်၊ လွှန်စွာ အားထုတ်၊ နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဥာဏ်ဖြင့်။ ။ရုပ်နဲ့ နာမ်သည် ခန္ဓာကြီးသည် တကယ်တန်းကျတော့ ဖြစ်ပေါ်လာပြီးနောက် မျက်စိီး ချုပ်ငြိမ်းသွားတာပါလား ဆိုပြီး တကယ် ဖြစ်ချုပ် ဥာဏ်မြင်၊ ဣရိယာပထ ရောဂါများ၊ ကိုယ်ကျန်းမာ၊ နေကောင်းမှု၊ ဝေဒ

ဥာဏ်ပြင်၊ ဥာဏ်နဲ့ အောင်မြင်ဖြစ်ပေါ်လာတဲ့ တရားတွေဟာ၊ တကယ်တော့ အနိစ္စဖြစ်သွားတာဘဲ၊ ချုပ်သွားတာ၊ ဆိတ်သုဉ်းသွားတာဘဲ၊ အနတ္တာဘဲအချည်းနှီးဘဲ မပိုင်ပဆိုင်တဲ့ တရားဘဲလို့ နှလုံးသွင်းရင်ဖြင့် ဣေါဒိုးအင် အမှန်ပင် မဂ်ရကြောင်း၊ မဂ်ရမယ်။

ဒါကြောင့် ရှေကဖြစ်ပျက် နောက်ကပင်တဲ့။ အဋ္ဌတ္တဘဝင်မှာ ဖြစ်ပေါ်လာတဲ့ သဘောတွေကို ပမြဲဘူးလို့သာ ဆင်ခြင်ပါ။ အနိစ္စ၊ ဒုက္ခ သုတောဝါ၊ ရူပ်နာမ်နဲ့ ပတ်သက်တဲ့ ဒုက္ခတရားဟာ၊ ကိုလေသာတွေနဲ့ ယှဉ်နေတဲ့ အပူမီးတွေဟာ လောကဒါဏ်တွေဟာ တကယ်တော့ ဒုက္ခတွေဘဲ၊ ဒီဒုက္ခတွေဟာ တကယ်တော့ ပယ်ခဲ့မသွေပျက်စီးနေတာပါ။ မမြဲတဲ့တရားကြီး၊ သဗ္ဗေသင်္ခါရ အနိစ္စ၊ ယတာပညာယပဿတိ၊ ခပ်သိမ်းကုန်သော ဖြစ်ပေါ်လာတဲ့ တရားတွေဟာ၊ မမြဲဘူး၊ ပညာဥာဏ်လေးနဲ့ ရှုသတ်ဆင်ခြင်ပါ။ အော်....ဒါဝေ့ဟာ မမြဲတဲ့ တရား အပျက်တရားတွေလို့ ရှုသတ်လိုက်ပါ။ ဘာကြောင့်ပျက်ရသလဲဆိုတော့ မိမိမပိုင်လို့ ပျက်သွားတာ၊ ဒုက္ခတရားသည် အနိစ္စဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မိမိမပိုင်၍ အနတ္တတရားဖြစ်၍တဲ့၊ မပိုင်မဆိုင်လို့ပေါ့၊ ဥပေက္ခာပေါ့။

ဒါကြောင့် "ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာ အားထုတ်၊ နာမ်နှင့်ရူပ်ကို၊ ဖြင်ချုပ်ဥာဏ်မြင်၊ ဣေါဒိုးအင် အမှန်ပင် မဂ်ရကြောင်း" ဆိုတာ မဂ်ရတဲ့ ပုဂ္ဂိုလ်တွေရဲ့ လမ်းစဉ်ပါဘဲ။

မဂ်မရနိုင်တဲ့ ပုဂ္ဂိုလ်တွေကတော့ "မစ္စန် ကာမ"ကာမဂုဏ်ကိုလေသာ ခံစားမှုတွေကို တင်းကြမ်းလိုက်ပြီး ကာမဂုဏ်ကိုလေသာတွေ လျော့နည်းအောင် မစ္စန်ဘူး၊ မစ္စန်ကာမ။

"ဆရာမရှိ" သွန်သင် ညွှန်ကြားပြသမဲ့ ဆရာကလဲမရှိ။

"ဝိရိယနဲလျှ" ဝိရိယကလဲ လျှော့လျှော့ပေါ့ပေါ့လေး သက်သာသလိုနေပြီး ရေစုန်မြော။ ပျင်းကြီးပြီး ခိုနေတယ်၊

"**အင်အားပျော့ကာ**" စိတ်ဓာတ်ကလဲ အားအင်ပျော့တယ်၊ မခိုင်မာဘူး ဒီဘဝတော့ဖြင့် ကျွတ်အောင် လွတ်အောင် အားထုတ်လိုက်မဟဲ့လို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ဘာမျိုး မရှိဘူး။

"**လွန်စွာယုတ်မှား**" အယူကလဲ မှားနေတယ်၊ မမှန်ဘူး၊ သမာဒိဋ္ဌိ မရှိဘူး။

"ဤငါးပါး၊တရား မဂ်ဖိုလ်**ဝေး**သတည်း" တရားမဂ်ဖိုလ်ဝေးတယ်။ ဒါကြောင့် မိမိသည် ဤဘဝ ဤခန္ဓာ ဤအကြိမ်မှာ မြတ်ဘုရားရဲ့ တရားကို ရိုရိုသေသေမြတ်မြတ်နိုးနိုးနဲ့ ကျင့်ကြံအားထုတ်တော့မယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဆိုတာ အင်မတန်မှ ကြည်ညိုလေးစားစရာ ကောင်းတာနော်၊ လူ နတ် ဗြဟ္မာ သတ္တဝါတွေကို မိမိရင်ဝယ်သားလို မဟာကရုဏာတော် ထားပြီးတဲ့နောက်၊ အော် သစ္စာတရားကို ထိုးဖွင်း ဆင်ခြင် ဉာဏ်သက်ဝင်နိုင် ကြပါစေဆိုပြီး အပင်ပန်းခံပြီး ဟောတော်မူခဲ့တာ။ အဲ့ဒီ မြတ်ဘုရားသခင်က ဟောတော်မူခဲ့တဲ့ ဒီတရားတော် ဆိုတာကလဲ ပုထုဇဉ်မျက်စိနန်းဘေးကို အလင်းရောင်ပေးပြီးနောက် ဤ ၃၁ ဘုံမှ သံသရာ ဝဲသြဃထည်းမှ ၊ဒုက္ခ

မျိုးစုံတွေ၊ တွေ့ရတဲ့၊ ဒီဒုက္ခမှ ကင်းငြိမ်းအောင် ဆောင်နိုင်တဲ့ တရားမြတ်ဖြစ်တယ်။

တရားတော်ဆိုတာဟာ အပူမီးတွေငြိမ်းနိုင်တာလဲ ဒီတရားပဲ၊ လောကဓံတွေ အောင်မြင်အောင်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ထိန်းနိုင်တာလဲ ဒီတရားပဲ။ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေကို ပိုင်းဖြတ်တာလဲ ဒီတရားပဲ။ တရားတော်မြတ်လို့ခေါ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို သော်၎င်း၊ ဘရားတော်မြတ်ကို သော်၎င်း၊အရိယာ သံဃာတော် အရှင်မြတ်တွေကိုသော်၎င်း၊ သံဃာတော်မြတ်တွေဆိုတာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဆိုဆုံးမတော်မူခဲ့တဲ့အတိုင်း မိမိနဲ့ ရင်တွင်းကိလေသာတွေကို လျှော့ပါးအောင် စွမ်းစွမ်းတမံ ကျင့်ကြံ အားထုတ်တော်မူကြတဲ့ အရိယာ သံဃာတော် အရှင်မြတ်တွေလဲ ကြည်ညိုစရာကောင်းတယ်။

ရတနာသုံးပါးကို ကြည်ညိုတဲ့ ဉာဏ် စိတ်အသိဉီးစီးပြီးတဲ့နောက်၊ ကဲ ဒီကနေ့ဟာဖြင့် အပြတ်အသတ် ထိုင်လိုက်တော့မယ်ဆိုတဲ့ ဇွဲနဲ့ သတ္တိနဲ့ထိုင်ပါ၊ ဘဝင်မှာ အဇ္ဈတ္တမှာ ဖြစ်ပေါ်လာတဲ့ သဘောတွေမှန်သမျှ အော်- ဒါတွေဟာအမြဲမရှိတဲ့ တရားတွေ၊ မမြဲတဲ့တရားတွေ၊ ထိုင်စကနဲ့ မတူတော့ဘူး၊ မပိုင်မဆိုင်တဲ့ တရားတွေဆိုပြီး ဆင်ခြင်ပါ၊ သုံးသပ်ပါ အနိစ္စလက္ခဏာ ဘင်ပါ၊ နှလုံးသွင်းပါ။

ရှုနေတာကဉာဏ်။ အရှုခံနေတာက အနိစ္စရုပ်နာမ်၊ ရုပ်နာမ်ဆိုတာကတော့ ဆင်းရဲတတ်တယ်၊ နှိပ်စက်ဘတ်တယ်၊

ပျက်စီးတတ်တယ်၊ ဖောက်ပြန်တတ်တယ်။ အဲဒီဖောက်ပြန်တာကို ဖောက်ပြန်မှုန်းသိပြီးရှုသတ်နေတာကဉာဏ်၊ အဲဒီဉာဏ်က မိမိကို ချမ်းသာမှုပေးတယ်။

ဝိရာဂစိတ္တံ၊ ဝိရာဂစိတ္တန္တိ၊ ပဇာနာတိ၊ စိတ္တာနုပဿနာ သမားတော့၊ အော် မိမိစိတ်ကလေးဟာ ဒီသဘောလေးဖြစ်နေတာ မမြဲဘူး၊ တပ်မက်မှုနဲ့တကူ ဖြစ်တဲ့ စိတ်ကိုလဲသိ။ တပ်မက်မှုကင်းတဲ့ စိတ်ကိုလဲသိ၊ ပြီး ဒီတရားတွေဟာ မမြဲတဲ့တရားတွေလို့ ရှုလိုက်၊ ဒီတရားတွေဟာ မမြဲတဲ့တရားတွေ မပိုင်တဲ့တရားတွေ မဆိုင်တဲ့တရားတွေဆိုပြီး ဆင်ခြင်ပါ၊ ရှုပါ။

ရုပ်နာမ်ရထားရင် ဒုက္ခသစ္စာကြီးကို ရင်ဝယ်ပိုက်နေရပြီ ဒုက္ခသစ္စာ ဘာကြောင့်ရှုတုံး၊ သမုဒယအကြောင်း ခံခဲ့လို့ပါ။ သမုဒယကြောင့် ဒုက္ခဖြစ်ရှုတာ၊ သမုဒယဆိုတာ ဘာတုံး။ ခင်တာ၊ မင်တာ၊ ငါ့ တာ၊ သမုဒယပါ၊ ဒီ ခင်လုံး၊ မင်လုံး၊ ငါ့ လုံးတွေဟာဘယ်မှာရှိတုံး၊ ဘဝင်မှာရှိတယ်။

ဘဝင်မှာဘာကြောင့်ရှိတုံး၊ ဒုက္ခကိုဒုက္ခမှန်း မသိသေးလို့ ခင်တာ၊ ဒုက္ခကိုဒုက္ခမှန်းသိတော့ ခင်ပါဆိုလဲ မခင်တော့ဘူး နော်၊ ဒုက္ခကိုဒုက္ခမှန်းသိတာဟာ သစ္စာဆိုက်သွားပြီ၊ ဒါကြောင့် ဒုက္ခကို ဒုက္ခလို့ သဘောပေါက်ပြီး အနိစ္စ လက္ခဏာနဲ့ တင်လိုက်ပါ။

အော်-မမြဲတဲ့တရားလို့ သူ့ကိုရင်ဝယ်မပိုက်နဲ့။ သူ့ကို သတ်ပစ်လိုက်၊ သူ့ကိုစွန့်ပစ်လိုက်၊ သူ့ကိုပယ်ပစ်လိုက်၊ သူ့ကို

ခွာပစ်လိုက်။ ဒါဟာ ဒုက္ခတရား မမြဲဘူး။ ဒီဒုက္ခတွေ ဆုံးသွားရင် ဟိုမှာဘက်၌ သုခရှိတယ်။ ဒီရူပ်နာမ်ကြီးနဲ့ ဒီကိလေသာတွေဟာ မမြဲဘူး။ မမြဲတာဆုံးရင် ဟိုမှာဘက်မှာ မြဲတာရှိတယ်။ ဒီရူပ်နာမ်ကြီးဟာ မပိုင်ဘူး။ တချိန်သေမင်းလက် ထဲကွက်အပ်ရမယ်။ မပိုင်ရှိရင် ပိုင်တာရှိတယ်။

ပိုင်တာနိဗ္ဗာန်
မြဲတာနိဗ္ဗာန်
ချမ်းသာတာ နိဗ္ဗာန်ဘဲ။
ဆင်းရဲတာက ၃၁ ဘုံနဲ့ ရူပ်နာမ်နဲ့ ကိလေသာ။
မမြဲတာက ရူပ်နာမ်နဲ့ကိလေသာနဲ့ အပူမီးနဲ့ ဒုက္ခတွေ။

မပိုင်တာက ဒီရူပ်နာမ်ကြီးဘဲ။ ဒါကြောင့် ဒီမမြဲတာတွေ ဆုံးရင် မြဲတာရှိမယ်။ ဆင်းရဲတာဆုံးရင် ချမ်းသာတာရှိမယ်။ ဒုက္ခဆုံးရင် သုခတွေ့ရမယ်ဆိုပြီး ယုံကြည်ချက်နဲ့သာရှု။ ရှုပါ မျှားရင် မခံနိုင်ဘူးနော်။ သူပျက်စီးသွားမယ်။

ရူပ်နာမ်မှာစွဲကပ်နေတဲ့ ကိလေသာ အညစ်အကြေးတွေကို တလွှာစီတလွှာစီ တိုက်ချွတ်တယ်။ ဆေးကြောတယ်ဆိုတာ အနီစွဲလက္ခဏာနဲ့ ဆင်ခြင်တာဘဲ။ ဆင်ခြင်လိုက်ပါ။ မမြဲတဲ့တရား။ မပိုင်တဲ့တရား။ မဆိုင်တဲ့တရားတွေ။ ဒီခန္ဓာကြီးမှာ ကပ်ငြိနေတဲ့ ကိလေသာနဲ့ ယှဉ်တဲ့ အဝိဇ္ဇာ တဏှာနဲ့ ယှဉ်တဲ့ ဒီတရားတွေမှန်သမျှဟာ မမြဲဘူး။ မပိုင်ဘူး။ မဆိုင်ဘူးလို့သာ

ရှုသတ်လိုက်ပါ။ ဆင်ခြင်လိုက်ပါ။ နှလုံးသွင်းလိုက်ပါ။ အနိစ္စ လက္ခဏာတင်လိုက်ပါ။

ဤကဲ့သို့ နှလုံးသွင်းလိုက်။ အနိစ္စလက္ခဏာ တင်လိုက်ရင် တင်ရှိနေတဲ့ ကိုလေသာ အညစ်အညေးနဲ့ယှဉ်တဲ့ ဒုက္ခတရားဟာ တဖြည်းဖြည်း လျော့နည်းသွားမယ်။ တဖြည်းဖြည်းနဲ့ တည်ငြိမ်သွားမယ်၊ တဖြည်းဖြည်းနဲ့ ပေါ့ပါးသွားမယ်။ တဖြည်းဖြည်းနဲ့ နေသာထိုင်သာ ရှိသွားမယ်။ တဖြည်းဖြည်းနဲ့ ပြေသွားမယ်။ တဖြည်းဖြည်းနဲ့ အကုသိုလ် ပေါ့ပါးကျစ်လစ်မှုဘွဲ့ လျော့ပါးသွားမယ်။

"ဝယမမ္မာသခံ်ါရ၊ အပမာဒေန၊ သမ္ပာဒေထ"မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ ဆိုဆုံးမတော် မူခဲ့တယ်။ မှားကြားတော်မူခဲ့တယ်။

"အပျက်တရားတွေဘဲ ချစ်သားတို့။ ဒါတွေကို မင်းတို့ မမေ့နဲ့။ ရုပ်နာမ်ရထားရင် ဒါဟာ အပျက်တရားဘဲ။ **အပျက်တရားလို့ ရှုတာကဉာဏ်၊ ပျက်သွားတာကရုပ်နာမ်**၊ ရုပ်နာမ်က အရှုခံတရား၊ ရုပ်နာမ်ကို မဖက်တွယ်နဲ့၊ အပျက်တရားဘဲလို့ ရှုနေတဲ့ သဘောကိုသာ ဉာဏ်အားကိုး။ အဲဒီဉာဏ်ရရင်တော့ **လက်ခမောင်း** ခတ်တော့။ ရုပ်နာမ်ကြီး ဖြစ်ချင်တာဖြစ်။ ဉာဏ်ရပြီ ဆိုမှဖြင့် ဒီရုပ်နာမ်ကြီးဟာ ငှက်ပျောတုံး လက်ပံတုံးလိုဘဲ ပစ်လိုက်လို့ရတယ်။

အဲဒီဉာဏ်ကိုရအောင်လို့ မိမိရဲ့ခန္ဓာမှာ အနိစ္စလက္ခဏာ **ခြေ**နဲ့ ပွတ်တိုက်ရတယ်။ ဆေးကြောရတယ်။ မမြဲတဲ့တရား

တွေ့၊ မပိုင်တဲ့ဘရားတွေ့၊ မဆိုင်တဲ့တရားတွေ့၊ ၃၁ ဘုံအတွင်းမှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်မှန်သမျှဟာ မမြဲဘူး။ မပိုင်ဘူး။ မဆိုင်ဘူး။ လက္ခဏာရေး ၃ ပါးနဲ့သာ ယှဉ်နေပါ။ ဤကဲ့သို့ ဒုက္ခတရားကို ဒုက္ခတရားမှန်းသိပြီးတော့၊ ဒုက္ခတရား၏ အမျက်သဘော အနိစ္စရှုခြင်းဖြင့် သမုဒယကို ပယ်သတ်ရာကျတယ်။ ဒုက္ခကို သေစေရာကျတယ်။ သမုဒယပယ်လို့ ဒုက္ခကို နောက်ဆုံး သေစေရင်၊ မဂ္ဂက နိရောဓမျက်မှောက်ပြုပြီး နောက်ဆုံး နိဗ္ဗာန်ချမ်းသာမြတ်ကို စံမြန်းနိုင်မယ်။ ဣယ်တိုင်သိနိုင်မယ်။ ကိုယ်တိုင် တွေ့နိုင်မယ်။ ကိုယ်တိုင် ဉာဏ်သက်ဝင်နိုင်မယ်။ ကိုယ်တိုင်နိဗ္ဗာန်ကို ပျက်မှောက်ပြုနိုင်မယ်။ ဒီက ဒုက္ခဆုံးဘုံသာ အရေးကြီးတာ။ ဒုက္ခကဆုံးရင် သုခက ရမယ်။ ခန္ဓာကိုယ်ကလဲ အကုသိုလ် အလွှာလွှာ ပေါ့ပါးပြီးတဲ့နောက် အကုသိုလ် ဝန်ထုပ်ဝန်ပိုးကြီးတွေ ကျသွားမယ်။

ဒါကြောင့်မို့ ဒီဝိပဿနာတရားဆိုတာ အထူးရှုသတ်နေရပါတယ်။ မိမိအစ္စတ္တဘဝင်မှာ ပေါ်လာတဲ့ သဘောလေးတွေကို အနိစ္စလက္ခဏာနဲ့ အထူးရှုသတ်နေရတယ်။ ဤကဲ့သို့ ရှုသတ်ပါမျှားမှ ရုင်ဝမှာ၊ ဘဝင်မှာ၊ မိမိအစ္စတ္တမှာ၊ ကိန်းအောင်းနေတဲ့ အညစ်အကြေးတွေဟာ တဖြည်းဖြည်းနဲ့ စင်ကြယ်သွားမယ်။

ဤကဲ့သို့ စင်ကြယ်သွားလျှင် အင်မတန်မှ ချမ်းမြေ့သော၊ မြတ်စွာဘုရား အစရှိသော၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့သာ စံမြန်းနိုင်သော၊ စင်ကြယ်သော၊ လောကဓံမရှိသော၊ အလွန်စက်ဆုပ်ဘွယ်ရာ အကျိုးမဲ့ဖြစ်တဲ့ ကိလေသာ

တွေ့ ကုန်သွားသော၊ ဝဋ်တွေ့ ကျွတ်လွတ်သွားသော၊ ကိုလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါဝဋ်ဝဋ်တွေ့ အကုန်ပြီးသွားသော၊ ပူပန်စရာ စိုးရိမ်စရာဟူ၍ မြူမျှမရှိတော့သော၊ အလွန်တည်ငြိမ်သော၊ ပြကတိ ငြိမ်းချမ်းသော၊ ချမ်းမြေ့သော စင်ကြယ်တဲ့ သန္တိသုခဆိုတဲ့ မြတ်သောနိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်မယ်။

ဤကဲ့သို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီးမြတ် ဝိပဿနာ တရား ဒေသနာတော်ကို ကိုယ် တိုင် နာ ကြား ကျင့်ကြံပြီးတဲ့နောက် ကိုယ်တိုင် ဉာဏ်သက်ဝင် ဆင်ခြင် နှလုံးသွင်း သုံးသပ်ရတဲ့ ကုသိုလ်က စေတနာတို့ကြောင့် လောကုတ်လောကီ ၂ လီသော အကျိုးစီးပွားများ ဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းတဲ့ပြင် ခေါင်းအုံမျိုးမျိုး ပြောင်းရွှေ့လူ ဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ခွေးဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်နဲ့ အို နာ သေ ပလွတ်တဲ့ ၃၁ ဘုံထည်းမှာ ကိုလေသာတွေရဲ့ ကျွန်အဖြစ်နဲ့ နဖားကြိုးတပ်ခံရတဲ့ ဤမှာဘက် ၃၁ ဘုံထည်းမှာ ခြေကန်၍ အဝိဇ္ဇာ၊ တဏှာ၊ ကိုလေသာ ကာမဂုဏ်တွေနဲ့ရှိနေတဲ့ အခြေအနေကို ဖြတ်သတ်ပယ်စွန့်ပြီးတဲ့နောက် မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် အင်ပတန် ငြိမ်းချမ်းသာယာသော ကြည်လင်တည်ငြိမ်သော၊ အေးချမ်းငြိမ်သက်သော၊ ပြကတေ့ ချမ်းသာမှုနှင့်ယှဉ်သည့် နိဗ္ဗာန်ရှေပြည်မြတ်သို့ လျှင်မြန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ကြသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေသော်။

"သာဓု-သာဓု-သာဓု"

ဝိပဿနာ ဉာဏ်ထူး တရားတော်အတွက်
ကောက်ချက်များ

မိမိခန္ဓာ၌ တရားဆင်ခြင်နေသော ယောဂီများ အတွက် သက်သက် သီးသန့်ဟောကြားသော တရားစဉ် ဖြစ်သည်။ ဤဟောစဉ်တွင် ဒုက္ခ၊ အနိစ္စ၊ အနတ္တကိုကွဲကွဲ ပြားပြား ပိုင်းပိုင်းခြားခြား ဟောကြားထားပါသည်။ သတိယှဉ်၍ နာကြားဖတ်ရှုကြည့်ပါ။ နာကြားဖတ်ရှု ရင်း တရားဆင်ခြင်နေရန် လိုအပ်ပါသည်။ထူးခြားသော ဉာဏ်နှင့် ရုပ် နာမ် ခန္ဓာ၏ ဒုက္ခ၊ အနိစ္စ၊ အနတ္တကို ထိထိမိမိ နားလည်သဘောပေါက် နိုင်ပါသည်။ အများ သူငါတို့သည် အနတ္တဉာဏ်ကို ဦးစားပေး ဆွေးနွေး ဟောပြောလေ့ရှိကြသည်။ ဤဟောစဉ်တွင် အနိစ္စနှင့် အနတ္တကို ခေတ္တဖယ်ထားပြီး ဒုက္ခဉာဏ်ကို ရှင်သန်စေရန် အခြေပျိုးတည်ဆောက်ထားကြောင်းတွေ့ရမည်။တနည်း အားဖြင့် အနတ္တဉာဏ်ဒုက္ခဉာဏ်ကိုရှင်သန်ပြီးခါမှရရှိပိုင် နိုင်နိုင်ကြောင်း ဟောကြားဖော်ပြထားသည်။ဒုက္ခဉာဏ် ရှင်သန်ချိန်၌ အနိစ္စဉာဏ်သည် ထွက်ပေါ်အားကိုးအား ထားရာဖြစ်ကြောင်း လမ်းညွှန်ထားသည်။ အဆင့်ဆင့်

ရင့်သန်တိုးမြင့်လိုသော စနစ်တကျရှိသည့် တရားစဉ်ကို သဘာဝကျကျ နာကြားဘတ်ရှု. နိုင်ပါမည်။

ဤတရားတော်တွင် သိမှတ်နှင့် ရှုသတ်ကို ကွဲကွဲပြားပြားခွဲခြား ရှင်းလင်းပြထားသည်။ဝိပဿနာယောဂီ ပုဂ္ဂိုလ်အဘို့ ရုပ်နာမ်ဒုက္ခသည် အနိစ္စဖြစ်ကြောင်း ဉာဏ်ဖြင့်ပိုင်းခြား ထင်ထင် ရှုမြင်နိုင်ရန် ကြိုးစားရမည် ဖြင့်သောကြောင့် လုပ်ငန်းစဉ်ကို တိတိကျကျ ဖော်ပြထားသည်။ သိရုံမှတ်ရုံ သမန်ကာလျှံကာဖြင့် ဂ်လေသာရေသောက်မြစ် မပြတ်နိုင်ကြောင်း လေ့းလေးနံက်နက် သတိပေးထားသည်။

လောဘတရားပေါ်လျှင် သိရုံနှင့်မပြီး လောဘစိတ်ပြယ်သွားသည်အထိ ဉာဏ်ဖြင့် ရှုမြင် ဆင်ခြင်သုံးသပ်နိုင်မှ တန်ဘိုးရှိမည်။ အပေါ်ယံသိထားတော့ သိသားဘဲဆိုရ ကိုစွမပြီးနိုင်ချေ၊ တရားတော်၏ နက်နဲခက်ခဲပုံ အပရိက၊ ညာစားလုံးချ၍ မရနိုင်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်ထားပါမှ အနုမတဂ္ဂသံသရာမှ ကိုလေသာဝဋ်အမြစ်ကို ဖြတ်တောက်နိုင်သော ထက်မြက်လှသည့် မဂ်ဉာဏ်ခားကို ပိုင်ဆိုင်နိုင်ပါလိမ့်မည်။

မွန်မြတ်သော စေတနာဖြင့်

နန္ဒဝံသ

ဝိပဿနာနှင့် ဉာဏ်ထူး

[၁၃၃၉-ခုနှစ်နယုန်လဆန်း(၁၁)ရက်(၂၄-၅-၇၇) သောကြာနေ့တွင်၊ ရန်ကုန်မြို့ရှေတိုဂုံဘုရား၊ တောင်ဘက်၊ ရှေကျင် ဓမ္မာရုံ၌၊ သန္တိ သုခ ဆရာတော် ဦးနန္ဒဝံသ ဟောကြားတော်မူသော "ဝိပဿနာနှင့် ဉာဏ်ထူး" တရားတော်ဟောစာ။]

ဒီနေ့ ဝိပဿနာ တရားအကြောင်းနဲ့ အသိဉာဏ် ပညာရဲ့ ထူးခြားနက်နဲပုံအကြောင်းကို ဟောပါမယ်။

ဝိပဿနာဆိုတာကတော့ အမျိုးမျိုး အဓိပ္ပါယ်ပြန်ဆိုကြပါတယ်၊ ဝိ- ဆိုတာ အထူး၊ ပဿနာဆိုတာ ရှုသတ်ခြင်း၊ အထူးရှုသတ်ခြင်းလို့လဲ ပြန်ကြပါတယ်၊ အထူးရှုသတ်တော့၊ ဘာကို ရှုသတ်ရမလဲတဲ့ မိမိရုပ်နာမ် ခန္ဓာပေါ်မှာ ပေါ်လာတဲ့ မလိုလားအပ်တဲ့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေကို ရှုသတ်ရမယ်။ ရှုသတ်တဲ့ ပုဂ္ဂိုလ်နဲ့ မရှုသတ်တဲ့ ပုဂ္ဂိုလ် ဒီနေရာမှာ နှစ်လိုင်းကွဲသွားပါတယ်၊ ဝိပဿနာယောဂီပုဂ္ဂိုလ်နှင့် ဝိပဿနာယောဂီပုဂ္ဂိုလ်မဟုတ်သော ကျင့်ကြံအားထုတ် ခြင်းအမှု

မပြုသော အမျိုးအစားနှစ်ခု ဖြစ်ပါတယ်၊ ဒီအမျိုးအစားနှစ်ခု မှာ ဝိပဿနာယောဂိပုဂ္ဂိုလ်ကတော့ မိမိခန္ဓာကိုယ်၊ အဋ္ဌတ္တ ဘာဝင်မှာ ဖြစ်ပေါ်လာတဲ့ ဒုက္ခ တရားလေးတွေကို မမြဲဘူးလို့ ရှုသတ် သူဟာ၊ယောဂိပုဂ္ဂိုလ် ဖြစ်ပါတယ်၊ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

မိမိရင်ထည်းမှာ ပေါ်လာတဲ့ လောဘ၊ ဒေါသ၊ မောဟ တရားတွေကို ရှုသတ်ဘို့အဘွက် သတိမမ့ဲ လုံ့လဝိရိယမစိုက်ဘဲနဲ့ ဒီလောဘ၊ ဒေါသ၊ မောဟတွေကို ငါလို့ "ငါ" သည်ဘုံ့ အတူသိမ်းပိုက်ပြီးတဲ့နောက်။ လောဘ, ဒေါသ, မောဟ ၀ိုခိုင်းရာကို လိုက်ပြီး၊ ရုပ်နာမ်ကြီးက လှုပ်ရှားနေတဲ့ ပုဂ္ဂိုလ်တွေကတော့ ယောဂိပုဂ္ဂိုလ်များမဟုတ်ကြပါဘူး၊

ဒီလိုပုဂ္ဂိုလ် နှစ်မျိုးနှစ်စား ကွဲပြားပါတယ်။

ဒီလို နှစ်လိုင်း ကွဲသွားတော့ ပထမ ဝိပဿနာ ဟာရုးများ ကျင့်ကြံအားထုတ်တဲ့ ပုဂ္ဂိုလ်ဘွေကတော့ မဂ်ရနိုင်ပါတယ်၊ မဂ်-ဆိုတာ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်အမှန်ကို သိမြင်သွားတဲ့ ဉာဏ်ပညာ ဖြစ်ပါတယ်၊ မဂ်ဉာဏ် ဝေါဟါတယ်။ မဂ်ဉာဏ်ကို ရနိုင်ပါတယ်။

ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ခြင်း အမှုမပြုတဲ့ ပုဂ္ဂိုလ်ကတော့ နိဗ္ဗာန်ရောက်ကြောင်း တရားဆိုတဲ့ မဂ္ဂင်ဉာဏ်ကို မရနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အပျက်ကိုရှု၊ ဖြစ်ပျက်ကို မြင်မှ မဂ္ဂင်ဝင်မယ်၊ မဂ်ရမှသာ့ ပုဂ္ဂိုလ်ဆိုတာ "ယုံကြည်

ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာ အားထုတ်နာမ်နှင့် ရုပ်ကို၊ ဖြစ်ချုပ်ညာဏ်မြင်၊ ဤငါ၊အင်၊ အမှန်ပင် မဂ်ရကြောင်း" မဂ်ရမယ် ပုဂ္ဂိုလ် ဖြစ်တယ်၊ ယုံကြည်ရမယ်၊ ရတနာသုံးပါးကို ယုံကြည်မှု၊ မိမိကိုယ်ကို ယုံကြည်မှု၊ တရားလမ်းစဉ်ပေါ်မှာ ယုံကြည်မှုတို့ ရှိရမယ်၊ ကျန်းမာရမယ်။ ကျန်းမာမှုလဲ ဝိပဿနာ တရားများ အားထုတ်နိုင်ပါမယ်။ စိတ်ဖြောင့်ရမယ်၊ လွန်စွာ အားထုတ်ရမယ်၊ နာမ်နဲ့ရုပ်တွေကို ဖြစ်ပေါ်လာတယ်၊ နောက်မျက်စီးချုပ်ငြိမ်းသွားတယ်လို့ မြင်ရမယ်၊ အဲသလို အချက်တွေနဲ့ ညီညွတ်ဂုဏ် မဂ်ရမယ်၊ ဒီလိုမှ ဝိပဿနာ တရားနဲ့မရှုသတ်လို့ အကျက်ကို မမြင်ရင် မဂ္ဂင်လမ်း မလိုက်နိုင်ဘူး။ မဂ္ဂင်ဆိုတာကတော့ နိရောဓ-နိဗ္ဗာန်လမ်းကို တက်လှမ်းနိုင်တဲ့ ဉာဏ်ပညာ ခန်းကြီးဘဲ၊ မဂ္ဂင်ဆိုတာ အင်မဘန်ထက်မြက်တဲ့ စွမ်းရည် အရှိန်ကဲကြီးပါယ်၊ မဂ်ခေါ်နဲ့ ဖြတ်ရင် မပြတ်မရှိဘူး ပြတ်သွားတယ်၊ မိမိခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပေါ်လာတဲ့ သင်္ခါရတရားတွေကို မဂ်ခေါ်နဲ့ ဖြတ်လိုက်ရင် ပြတ်တယ်၊ ဒီလို မဂ်ခေါ်နဲ့ ဖြတ်လို့ ပြတ်ပြီးရင် ရုပ်နာမ်ကို မဂ္ဂင်သည် ပြန်မကြည့်တော့ဘဲ နိရောဓသို့သာ ဦးတည်ပြီး ရည်မှန်းပြီး မျက်မှောက်ပြုသွားတယ်။ ဒီတော့-"ဝိပဿနာ ရှုသတ်နည်း ပညာနဲ့" ဒီလို ရှုသတ်နိုင်တဲ့စွမ်းရည်ရှိတဲ့ ထူးခြားသော 'ဉာဏ်ပညာ'အကြောင်းကို ဒီနေ့ဟောရမယ်။

ဒီတော့ ဝိပဿနာ ပညာဆိုတာ ကျင့်ကြံရန် ခက်ခဲနက်နဲဘယ် ဆိုပေတဲ့ တကယ်တန်း ကျင့်ကြံအားထုတ်ရင်တော့

မရမရှိပါဘူး။မြတ်ဘုရားရဲ့ သာသနာတော်မှာ မိမိကိုယ်ကိုအထူး ဆုတွေ့ပန်ဆင်ခြင်းမပြုတော့ဘဲနဲ့ ဒီဘဝမှာ ခန္ဓာကိုယ်မှာ ကပ်ငြိ နေတဲ့ အဝိဇ္ဇာတဏှာ ကင်းစင်ပြီးတဲ့နောက် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်နန်း စံမြန်းမယ်။စံမြန်းနိုင်စွမ်း ရှိရင်တော့စံမြန်းရအောင် ကြိုးစားမယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ကျင့်သင့် ကျင့်ထိုက်တဲ့တရား တော်မြတ်ဟာ ဝိပဿနာ တရားဘဲ- ဝိပဿနာတရားဆိုတော့ အထူးရှုသတ်ရမယ်-ဒီနေရာမှာ "ရှုသတ်" တယ်ဆိုတာနဲ့ "သိ မှတ်" တယ်ဆိုတာနဲ့ မတူကြောင်းကို ရှင်းပြပါမယ်-ဝိပဿနာ ယောဂီပုဂ္ဂိုလ်ဟာ သိမှတ်တာမဟုတ်ပါ။ ရှုသတ်ရပါတယ်၊ သိ မှတ်တယ်ဆိုတာ သိ-ဆိုတာ သိနားလည်ခြင်း စိတ်အလုပ်၊ မှတ် ဆိုတာ မှတ်သားခြင်းမှက်ညာဏ်ရဲ့အလုပ် သညာကွန်ရှာရဲ့သဘော သိတယ်ဆိုတာ ဝိညာဏ်ကွန်ရှာရဲ့ သဘော၊ ဒီတော့သိမှတ်တယ် ဆို တာစိတ်အလုပ်၊ ဝိပဿနာရှုတယ်ဆိုတာကတော့ဉာဏ်ရဲ့အလုပ် ဖြစ်ပါတယ်၊ ဉာဏ်အလုပ်ဆိုတော့ သိရုံနဲ့ မလုံလောက်သေး

ဖြတ်ခြင်းက ပညာသဘော မလိုလားအပ်သော ဆန္ဒများ မလိုလားအပ်သောအကုသိုလ် အညစ်အကြေးများ မိမိရင်တွင်းဌ် ပေါ်လျှင် အော်....ငါ့ရင်တွင်းမှာ မလိုလားအပ်တဲ့ ဒီဆန္ဒတွေ ပေါ်နေတယ်လို့ သိပြီးရုံနဲ့ ဒီဆန္ဒတွေကို အလို လိုက်လိုက်တာ ဟာ ဝိပဿနာသမားရဲ့ လုပ်ငန်းစဉ် မဟုတ်ပါ၊ သိတော့သိ တယ်. သိရင်ပြီးတာဘဲဆိုတာ တကယ်တန်း သိဘို့ ဆိုတာဟာ ရှုသတ်ပြီးတဲ့နောက်မှ ဖြစ်ပေါ်လာတဲ့ တရားဘဲ။ ဒါကြောင့် ဝိပဿနာယောဂီဖြစ်ချင်ရင် ဒါမှမဟုတ် ဒီအချိန်မှာ ကျင့်ကြံ အားထုတ်မယ်ဆိုရင် မိမိတို့ရဲ့ အဇ္ဈတ္တ ခန္ဓာမှာ ပေါ်လာတဲ့ လောဘ၊ ဒေါသ၊ မောဟတရားတွေကို သိရုံမှတ်ရုံနဲ့ မပြီးပါ။ **မိမိတို့က ရှုသတ်ရပါလိမ့်မယ်။**

ကောင်းပြီ။ ဒီရှုသတ်ခြင်းအမှုကို ယနေ့ပြုကြဘို့အတွက် အာရုံလေးစိုက်ပြီး လိုက်ဆို။ ခန္ဓာကိုယ်လှုကြရအောင်။ ကိုယ့်ရဲ့ ခန္ဓာကိုယ်ငါးပါးကို ဘုရားလှူရအောင်နော်။ ဒါဘုရားကို ရည် ညွှန်းပြီး လှူတဲ့သဘောပါ။

တပည့်တော်တို့၏ ရုပ်နာမ် ၂ ပါးခန္ဓာငါးပါးကို လှူဒါန်းပါ၏ အရှင်ဘုရား။ ဤကဲ့သို့လှူဒါန်းရသော အကျိုး အားကြောင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်း သဘောကို ဟုတ်တိုင်းမှန်စွာ ယထာဘူတကျကျ မြင်ရ တွေ့ရသိရပါလို၏ အရှင်ဘုရား။

အဇ္ဈတက္ကေပါကုပေတံ-
ဗုဒ္ဓ သရဏ ဂစ္ဆာမိပါ ဘုရား။

အဗ္ဗတက္ကေ ပ၊ကုပေတံ-
ခမ္ဘံသရကုံ ဂစ္ဆာမိပါဘုရား။
အဗ္ဗတက္ကေ ပါကုပေတံ-
သံဃံသရကာ ဂစ္ဆာမိပါဘုရား။

မဂ်ဖိုလ်နိဗ္ဗာန်စခန်းသို့ တက်လှမ်းနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ရပါလို၏ အရှင်ဘုရား။

ကဲ- မြတ်စွာဘုရားကို ခန္ဓာ ၈၁ားပါး လှူလိုက်ပြီးပြီ။ ကဲ-မိမိကြိုက်ဟဲ့ အနေအထားလေးသာ နေပါ။ နေပြီ.တဲ့နောက် တရားကိုနာရင်း မိမိရဲ့ခန္ဓာမှာ ဥာဏ်စိုက်ထား၊ပေတော့။

မိမိကြိုက်တဲ့ အနေအထားနဲ့ ပြေသလိုလေးနဲ့ နေပါ။ မျက်လွှာခပ်လေး ချပြီးတော့နေပါ။

ကဲ- ခန္ဓာ ၈ ၊ားပါး ရုပ်နာမ် ၂ ပါးကို မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးထံ လှူပြီးပြီ။ ကဲ-ယနေ့တော့ဆုံးဖြတ် ချက်ချကြစို့။ ဝိပဿနာတရားကို ကိုယ်တိုင်ကျင့်ကြံနည်း သိရ မယ်လို့သာ ဆုံးဖြတ်ချက်ချပေတော့။ ဒီနေ့က ဒုတိယနေ့၊ ဒုတိ ယနေ့မှာ သိရမယ်။ တတိယနေ့၊ စတုတ္ထနေ့၊ ပဉ္စမနေ့ကျရင် မိမိတို့သည် တကယ်တန်း နားလည်ရမယ်။ ယုံကြည်ရမယ်၊သက် ဝင်ရမယ်။ ကျင့်ကြံရမယ်။ အားထုတ်ရမယ်။ အဆင့်တွေ့တက်ရ မယ်။ ယနေ့တော့သိရမယ်။ သိရင် ကျေနပ်ပြီ။ ဝိပဿနာဘုရား ကို ဘယ်လိုကျင့်ကြံအားထုတ်ရမယ် ဆိုတာ သိရင် ကျေနပ်ပြီ။ သိတဲ့နည်းကို ယနေ့ဟောမယ်။

အများသူငါ နိဗ္ဗာန်ရုပါလို၏ - နိဗ္ဗာန်ရုပါလို၏ လို့ ဆုတောင်းနေကြတယ်။ နိဗ္ဗာန်ကို ရုပါလို၏လို့ ဆုတောင်းပင် ဆုတောင်းသော်လည်း မိမိရုပ်နာမ်ကြီးအပေါ်မှာ အမှန်တကယ် မမြင်သေးရင် သို့မဟုတ် ဒုက္ခကိုဒုက္ခလို့ မမြင်သေးရင် နိဗ္ဗာန်ဆုတောင်းတဲ့ ဆုတောင်းချက်ဟာ အားနည်း နေပါလိမ့်မယ်။ ဒါကြောင့်မို့ မိမိရုပ်နာမ်ကြီးကို ဒုက္ခလို့မြင်ပြီးမှ ဒီသံသရာဝဲသြဃကြီးမှာ တပြောင်းပြန်ပြန် ကျင်လည်ရတဲ့ ရုပ်နာမ်တွေဟာ အိုလိုက်၊ ရင့်ကျက်လိုက်၊ ဆွေးမြေ့လိုက်၊ သေဆုံးလိုက်နဲ့ အိုနာသေဘေးနဲ့ မလွတ်နိုင်တဲ့ ဝဋ္ဋကောင်အဖြစ်နဲ့ မြင်တော့မှ ဒီအိုနာသေ ဝဋ္ဋကြီးကို ကျွတ်ချင် လာတော့မှ နိဗ္ဗာန်ကို ဆုတောင်းတာဟာ ပိုမို၍ ယထာဘူတကျပါတယ်။ မြတ်စွာဘုရားမှအစ ပြီးပြည့်စုံတဲ့ပုဂ္ဂိုလ်များ၊ ရဟန္တာများ၊ သူတော်စင်များမှအစ သာဓုခေါ်တယ်ဆိုတာဟာ ရုပ်နာမ်ကြီးက ဒုက္ခမို့ မလိုချင်လို့ ဒီချုပ်ငြိမ်းရာနိဗ္ဗာန်ကို ဆုတောင်းမှသာဓုခေါ်တယ်။ မြတ်စွာဘုရား အစရှိတဲ့ သူတော်စင်တွေဟာ ကိစ္စတိုင်းကို သာဓုခေါ်တာမဟုတ်။ ကိစ္စတိုင်းကို ထည့်သွင်းဆင်ခြင် စဉ်းစားလိမ့်မည် မဟုတ်။ နှလုံးသွင်းလိမ့်မည် မဟုတ်။ သုံးသပ်လိမ့်မည် မဟုတ်။

ဒီကိုယ်တော်မြတ်ကြီးတွေက ဒီလောကကြီးတခုလုံးကို ပိုင်းခြားနိုင်တယ်။ ၃၁ ဘုံကြီးတခုလုံးကို အပြတ်ပယ်စွန့်နိုင်တယ်။ မျက်နှာလွဲနိုင်တဲ့ သတ္တိထူးတွေရှိတယ်။ မျက်နှာမလွဲလဲ ဘာလုပ်မလဲ။ ဒီ ၃၁ ဘုံကြီးက အဝိဇ္ဇာ တဏှာရဲ့ ကျွန်ဖြစ်နေ

တော့။ ခေါင်းအမျိုးမျိုးပြောင်းလဲနေတော့ မျက်နှာလွဲမယ် ဆိုက လွဲနိုင်တယ်တဲ့။ အဲသလို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေ သာဓုခေါ်ဘို့ဆိုတာဘော့ တော်တော့ပုဂ္ဂိုလ်ကိုသာဓုမခေါ်ပါ။ မိမိခန္ဓာကိုယ်ကြီးကို ဒုက္ခကြီးဘဲ။ ဝဋ်ကောင်ကြီးဘဲ။ ဆင်းရဲတဲ့ သဘောရှိတယ်။ ဒီအဝိဇ္ဇာတက္ကာတွေရဲ့ ချယ်လှယ် ကြီးစိုးမှုဒဏ်ကို ခံရတဲ့ ဒီရုပ်နာမ်ကြီးဟာဖြင့် မကောင်းလို့ ဤရုပ်ချုပ်တဲ့ဟို မြတ်စွာဘုရား အစရှိတဲ့ ပြီးပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ စံမြန်းတဲ့ နိဗ္ဗာန်မြို့နန်းကြီးကို တက်လှမ်းမယ်ဆိုပြီးတော့ မိမိအဇ္ဈတ္တဘဝင်မှာ ပေါ်လာတဲ့ ဒီလောဘ၊ ဒေါသ၊ မောဟ တွေကို ပယ်သတ်ခြင်း အမှုပြုမယ်။ တကယ်ပယ်သတ်နိုင်တဲ့ စွမ်းရည်ပေါ်တဲ့အခါမှာ သူတော်စင်တွေက သာဓုခေါ်ပါတယ်။

ဒါကြောင့် အလှူဒါနပေးတယ်၊သီလဆောက်တည်တယ်၊ သမထ ဘာဝနာ ကျင့်ကြံအားထုတ်တယ် ဆိုတာတွေဟာ ကုသိုလ်ကောင်းမှုအလုပ်တွေ မြောက်မြားစွာရှိပေတဲ့ သူးတော်စင်တွေ သာဓုခေါ်တာက မိမိရင်ထဲမှာ ကိုလေသာပေါ်တိုင်း အဲဒီကိုလေသာကို အလိုမလိုက်ဘဲနဲ့ ကိုလေသာဟာ ဒုက္ခဝဋ်ကြီး၊ မမြဲဘူးလို့ ရှုသတ်တဲ့ပုဂ္ဂိုလ်ကို သာဓုခေါ်တယ်လို့ ဆုံးဖြတ်ချက်ချပေတော့။

ဒါကြောင့် မိမိတို့သည် ယနေ့ သူတော်ကောင်းသူတော်မြတ်တွေ သာဓုခေါ်မဲ့ကျင့်စဉ် ကျင့်ရတော့မယ်။ အားမွေးထားကြပေတော့။ မိမိတို့သည် တကယ့်ကို ဖြူစင်တဲ့ ကိုလေသာ

ဟူသမျှ မြေမှုမရှိအောင် ကျင့်နိုင်စွမ်းတဲ့ တကယ့် အာဇာနည် ယောကျားကောင်း ယောကျားမြတ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တွေက ကျေနပ်တဲ့လက်ခံတဲ့ သာဓုခေါ်တဲ့ ကျင့်စဉ်ကို ငါတို့သိ ရမယ်။ ကျင့်ရမယ်ဆိုပြီး နှလုံးသွင်းထားပါ။

ကဲ–အဲဒေတာ့ မျက်လွှာလေး ချပြီးတော့ ဆင်ခြင်ပါ။ ဆင်ခြင်နည်းကို ဟောပါ့မယ်။ ပြောပါမယ်။

လူမှာ ခန္ဓာငါးပါးဘဲရှိပါတယ်။ တခြား ဘာမှမရှိပါ ဘူးလို့ဆုံးဖြတ်ချက်ချလိုက်ပါတော့။ မြတ်စွာဘုရားရဲ့ သာသနာ တော်မှာ ဆုံးဖြတ်ချက် ချလိုက်ပါတော့။လူမှာ ခန္ဓာ ငါးပါးဘဲ ရှိပါတယ်။ ရူပက္ခန္ဓာဆိုတဲ့ ရုပ်ခန္ဓာက တပါး၊ နာမ် ခန္ဓာက ၄ ပါး ရှိတယ်။ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုပြီး နာမ်ခန္ဓာက လေးပါး။စုစုပေါင်း လိုက်တော့ ခန္ဓာငါးပါးဘဲရှိတယ်။ တခြား ဘာမှမရှိဘူး။

ကောင်းပြီ၊ ဒီခန္ဓာငါးပါးကို ထပ်ပံ့ပြီး အကျဉ်းချုပ် ကြဦးစို့။ မလိုတာတွေကို ပယ်လိုက်ရအောင် ဘာလို့လဲဆိုတော့ လိုရင်းအလုပ်လုပ်ချင်လို့။ တချို့က မလိုတာတွေလိုက်ပြီးဆင်ခြင် တွေးတောပြီးတော့ကြုံဆနေတယ်။ အချိန်တွေကုန်တယ်။ကိုယ်လဲ နိုင်တာမဟုတ်ဘူး။ ပိုင်တာမဟုတ်ဘူး။ ကောင်းပြီ။ ကိုယ်ပိုင်မဲ့ နိုင်မဲ့ လက်တွေ့စခန်းဖြစ်တဲ့ လုပ်ငန်းခွင်ဝင်ကြစို့။ မိမိတို့ရဲ့ ခန္ဓာငါးပါးကို အကျဉ်းပြန်ချုပ်လိုက်ရင် ရသေးတယ်။ဘယ်လို

ရလဲဆိုတော့ ခန္ဓာငါးပါးကို အကျဉ်းချုပ်လိုက်သော် ရုပ်နာမ် ၂ ပါးရပါတယ်။

ကဲ-ယုံကြည်လိုက်ပေတော့။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုယုံ။ တရားကိုလဲယုံ။ သံဃာတော်မြတ်တို့ကိုလဲ ယုံလိုက်ပေတော့။

မြတ်ဘုရား ဟောတော်မူခဲ့တယ်။ ရုပ်နာမ် ၂ ပါးဘဲ ရှိတယ်။ငါသူတပါး၊ ယောကျ်ား၊ မိန်းမမရှိပါဘူး။ယောကျ်ားဆိုတာလဲမဟုတ်။ မိန်းမဆိုတာလဲ မဟုတ်ပါဘူး။ ငါဆိုတာလဲ မဟုတ်ပါဘူး။သူဆိုတာလဲ မဟုတ်ဘူး။ တကယ်တော့ရုပ်ရယ်နာမ်ရယ် ရုပ်နာမ် ၂ ပါးဘဲရှိပါတယ်။ ရုပ်ဆိုတာက မြင်ရတာတွေဘဲ၊ နာမ်ဆိုတာက သိခြင်းသဘောရှိတယ်။ ရုပ်နာမ် ၂ ပါးဘဲပေါ့။ ဒီရုပ်နာမ် ၂ ပါးကို ထပ်ပြီး ခဲကြည့်စို့။ ဘာကြောင့်လဲဆိုတော့ အလုပ်လုပ်မလို့။ အလုပ်လုပ်ပယ်ပုဂ္ဂိုလ်များဆိုတော့ တိကျရမယ်။ သေချာရမယ်။ အပိုကို ကြားမဝင်စေရဘူး။

ဒါနေကြောင့် မလိုအပ်တာတွေကို ဖြတ်ဖြတ်ချခဲ့ရမှာ၊ လိုအပ်တာမှာမှ ဖော်ပြပါမယ်၊ ရုပ်နာမ်နှစ်ပါးမှာ အဇ္ဈတ္တရုပ်နာမ်နဲ့ ဗဟိဒ္ဓရုပ်နာမ် ခဲပြီးမယ်၊ ရုပ်နာမ်တွေမှာ- လူတွေမှာ အာရုံခြောက်ပါးရှိတယ်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှ၊ ကာယ၊ မန ဆိုပြီးတော့ အာရုံခြောက်ပါးရှိတယ်၊ ဒီအာရုံခြောက်ပါးမှာ မျက်စိ၊နှား- နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့အာရုံငါး

တံခါးပေါက်ရှိတယ်၊ မျက်စေ့က အဆင်းကိုမြင်တယ်၊ စက္ခုစ၊ ရူပေစ၊ ဥပဇ္ဇတိ၊ စက္ခုဝိညာဏ်၊ စက္ခုက အဆင်းကိုမြင်လို့ မြင်သိစိတ်ပေါ်ရင် အဲဒါဟာ ဗဟိဒ္ဓရုပ်နဲ့ ဗဟိဒ္ဓနာမ်တို့ရဲ့ လုပ်ငန်း၊ ယနေ့ ဝိပဿနာတရားကို ကျင့်ကြံ အားထုတ်နေတဲ့ ယောဂီတို့သည် ဒီ ဗဟိဒ္ဓလုပ်ငန်းကို မလုပ်တော့ဘူး၊ လိုရင်းလုပ်တော့မယ်၊ မျက်စိက မြင်သမျှတွေ့ လိုက်ရှုနေရရင် မကုန်နိုင်ဘူး၊ မျက်စိမှာ အကြည်ဓာတ်ရှိနေသေးသမျှ၊ မြင်စရာပစ္စည်း ရှိနေသေးသမျှ၊ အလင်းရောင်ရှိနေသေးသမျှ မကုန်နိုင်ဘူး၊ ဒါကြောင့် မကုန်ဘဲလုပ်ငန်းမလုပ်၊ ကုန်တဲ့လုပ်ငန်းလုပ်ရမယ်၊ ကုန်မှ ချမ်းသာဖြစ်တယ်၊ ဒုက္ခကုန်သွားရင် ဘယ်လောက်စိတ်ချမ်းသာမယ်ဆိုတာ သိရပါလိမ့်မယ်၊ ခန္ဓာကြီးက ပြဿဒေ ပါလိမ့်မယ် ကမ္ဘာမြေထုကြီးကို လက်သဲခဲ့နဲ့ကော်လိုက်ရင်၊ ပါလာတဲ့ မြေမှုန့်က အင်မတန် နည်းပါတယ်၊ ကမ္ဘာမြေထုကြီးက ကြီးပါတယ်။ တကယ် ဝိပဿနာတရားကို ကျင့်ကြံ အားထုတ်လိုက်လို့ ရုပ်နာမ်သည်– ငါမဟုတ်၊ မမြဲတဲ့ တရား။

ဤမမြဲတဲ့တရားသည် တကယ်ပဲ ရုပ်နာမ်တွေကို လွှမ်းမိုးနိုင်တယ်ဆိုတဲ့ တကယ့်ဉာဏ်အမြင်တွေ့ ရောက်သွားလို့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်သွားမှုဖြင့်၊ တကယ့်အရိယာ ဖြစ်သွားမှုဖြင့် ခန္ဓာ၏ ဝန်ထုပ်ဝန်ပိုးနဲ့ အသိမှား အမှတ်မှား၊ အထင်မှား၊ အမြင်မှား၊ အကြံမှားတွေအကုန် ပြုတ်ကျသွားရင် အင်မတန် ပေါ့သွားပါမယ်။ ဘယ်လောက်များ ပေါ့သွားမလဲဆိုရင် လက်သဲခဲ့ပေါ်မှာ တင်ကျန်ခဲ့တဲ့ မြေမှုန့်လောက်ဘဲ ကျန်ခဲ့မယ်၊

ကျန်တဲ့ မဟာပထဝီ ကမ္ဘာမြေထုကြီးလောက်ရှိတဲ့ အကုသိုလ်ထုကြီး ပြုတ်ကျသွားမယ်။ သောတာပန်ဖြစ်သွားရင်၊ အဲ့ဒီလောက်ပြုတ်မယ်တဲ့– အင်မတန် အားတက်စရာ ကောင်းတဲ့ မြတ်စွာဘုရားရဲ့ သာသနာ အတွင်းမှာ ကနေ့ ဝိပဿနာတရားကို ထိထိမိမိ ကျင့်ကြံအားထုတ်ကြစို့။

ဒါကြောင့် ရုပ်နာမ် ၂ ပါးမှာ ဗဟိဒ္ဓရုပ်နာမ်တွေကို မလိုက်ကြစို့နဲ့၊ ဗဟိဒ္ဓရုပ်နာမ်က မဆုံးတဲ့ အတွက်မလိုက်ဘူး အဇ္ဈတ္တရုပ်နာမ်ကိုသာ လိုက်မယ်။ အဇ္ဈတ္တရုပ်နာမ်ဆိုတာ ဘယ်နားမှာ ရှိသလဲဆိုတော့ ဒေါသဖြစ်ရင် တုန်တဲ့နေရာလေးမှာ ရှိပါတယ်၊ ဘဝင်မှာရှိပါတယ်၊ ရင်ချိုင့်အောက်နားမှာ ရှိပါတယ်၊ဒေါသဖြစ်ရင် တုန်တဲ့နေရာလေး အဲ့ဒီနေရာလေးကို သတိလေးထားပြီးတော့ ဝိရိယလေးစိုက်ပြီး အသိညာဏ်ယှဉ်လိုက်ပါ။

မိမိတို့ရဲ့ဘဝင် မနောဟဒယ ဝတ္ထုလေး၊ မနောပေါက်လို့ခေါ်တဲ့ စိတ်ကလေးတွေ ဖြစ်ပေါ်ပြီး ပျက်စီးတဲ့နေရာလေးမှာ သတိလေးထားပြီး ဝိရိယလေးစိုက်ပြီးတော့ ဆင်ခြင်လိုက်ပါ။ ရုပ်နာမ်ရဲ့သဘော၊ တရားရှာ ခန္ဓာမှာ တွေ့တယ်တဲ့၊ မိမိရဲ့ခန္ဓာမှာတွေ့ပါလိမ့်မယ်၊ ဆင်ခြင်ပါ။

တရားရှာတဲ့ ပုဂ္ဂိုလ်မျိုးဟာ မိမိခန္ဓာနဲ့ ဆွေးနွေးရပါလိမ့်မယ်၊ တပါးသူရဲ့ ခန္ဓာတွေကို ဆင်ခြင်စရာ၊ ကြည့်နေစရာ၊ သုံးသပ်စရာ မလိုသေးပါဘူး။ နောက် ကိစ္စပြီးတော့

သူတပါးကို ဆင်ခြင်ပါ။ ကိစ္စမပြီးသေးခင် ကိုယ့်ကိစ္စကိုယ် လုပ်ရပယ်။ ခေါင်းပေါ်မှာ မီးဘောက်နေရင်ဖြစ်စေ၊ ရင်ဝမှာ လှံစူးနေရင်ဖြစ်စေ မီးအရင်ညှိမ်း၊ လှံအရင် နှုတ်ရပါလိမ့်မယ်၊ ဝိပဿနာတရား. အရင်လုပ်ရမယ်၊ အရေးကြီးတယ်၊ ငါဆိုတဲ့ "သညာ" ကြီး ပြုတ်သွားမှ ဖြစ်မယ်။ ငါဟာ အင်မတန် ဒုက္ခပေးပါတယ်၊ ငါရှိနေလို့ ငါကို ဝန်းရံတဲ့ ဒုက္ခတွေရှိနေတာ၊ ငါဆိုတဲ့ သညာကြီးပြုတ်သွားမှရင်၊ ငါမှာ ဝန်းရံတဲ့ ဒုက္ခတွေ ပြုတ်သွားပြီး အင်ပတန်မှ ဇနသာထိုင်သာ ရှိတာကလား၊ လောကကြီးကို နှားလည်မယ်၊ ရုပ်နာမ်တွေကို နှားလည်မယ်၊ လူတွေကို နှားလည်မယ်၊ ကံလေသာ တဏှာတွေကို နှားလည်မယ်၊ အဝိဇ္ဇာကိုနှားလည်မယ်၊ ရဟန္တာကို နှားလည်မယ်! နိဗ္ဗာန်ကို နှားလည်မယ်။

ကောင်းပြီ ဒီတော့ ဒီနေ့ အဇ္ဈတ္တဘဝင်မှာ. အာရုံလေးစိုက်ထားပါ၊ သည်းခံရင်နိဗ္ဗာန်ရောက်မယ်တဲ့၊ နည်းနည်းလေးတော့သည်းခံရပေလိမ့်မယ်။ ရုပ်နာမ် ရထားမှကိုး။ ဒီရုပ်နာမ် ရထားတော့ သူ့ကို အလိုလိုက် ခဲ့တာလည်းမျှားပြီ။ ဒီအသက် ဒီအရွယ်အထိ အာရုံတွေ ပြားခဲ့ပြီ။ အလိုလိုက်ခဲ့ပြီ၊ ယနေ့တော့ အလိုမလိုက်ပဲနဲ့၊ အာရုံမပြားဘဲနဲ့ ဒီရုပ်နာမ် ခန္ဓာရဲ့ အမှန် သဘောကို သိရအောင် ဝိပဿနာဆိုတာ ဒီလိုပဲဆိုတာ သိရအောင် ဝိဆိုဘာ အထူး၊ ပဿနာဆိုတာ ရှုရခေအောင်၊ အထူးရှုရအောင် ဘယ်ခေနရာကို ရှုရမလဲဆိုတာ ပေါ်ပြီ။ ဘဝင်အဇ္ဈတ္တမှာရှုရမယ်။

အဲ့ဒီနေရာတို့ အသေအခြာ ဉာဏ်နဲ့စိုက်ပါ၊ လှုပ်ချင်လှုပ်နေလိမ့်မယ်၊ တစ်ချင်လဲ့ တစ်နေလိမ့်မယ်၊ ပူချင်လဲပူနေလိမ့်မယ်၊ တစ်ဆို့ကြီး ဖြစ်ချင်လဲ ဖြစ်နေလိမ့်မယ်၊ ခါချင်လဲ့ ခါနေလိမ့်မယ်၊တုန်ချင်လဲ တုန်နေလိမ့်မယ်။ ဆို့တို့တို့ ဖြစ်ချင်လဲ ဖြစ်နေလိမ့်မယ်။ ဘာတွေဖြစ်နေ မှန်းမသိပဲနဲ့ ဖြစ်ချင်လဲ ဖြစ်နေလိမ့်မယ်။ ဖြစ်ခြင်တာဖြစ်ပေစေ ကိုယ်တာဝန်မဟုတ်၊ ကိုယ်တာဝန်က အဲ့ဒီနေရာလေးမှာဘယ်လို ဖြစ်နေသလဲဆိုတာ အသိလေး ယှဉ်နေဘို့က၊ ကိုယ်တာဝန်သတိလေးထား၊ ဝိရိယလေးစိုက်၊ ပညာနဲ့ရှုဘို့က ကိုယ်တာဝန်ပါ၊ မပြန့်လွင့်သောသတိရှိရပါတယ်၊ မလျှောနည်းသော သတိ ရှိရုပါတယ်။ သတိကလျှောနည်းသွားရင်လဲ စိတ်ကသာ ပြန့်လွင့်သွားမလဲ- သတိတရားကြီး သိပ်ကြီးထားရင်လဲ ကြပ်ပြီး ကျစ်ပြီးနေရင်လဲ မဟုတ်သေးဘူး၊ အဲ့ဒီတော့ သက်တောင့်သက်သာလေးနဲ့ ဉာဏ်သတိလေးသာ ယှဉ်ထားပါတဲ့၊ အဇ္ဈတ္တဘဝင် ဒီဘဝင်လေးမှာဘဲ တည်ပါတယ်။

မြတ်စွာဘုရားက အသေအချာ မိန့်မှာခဲ့ ပီးသားပါ၊ ဟောကြားတော်မူခဲ့ပြီးသားပါ၊ ဒါကြောင့် သေချာပေါက် ကျင့်တဲ့ကျင့်နည်းဖြစ်ပါတယ်၊ ဘယ်သောအခါမှ မမှားနိုင်တဲ့ ကျင့်နည်းပါ၊ ဘုရားဖြစ်အောင်လုပ်ရတာလဲ၊ ဒီအနိစ္စကိုမြင်ဘို့ ပစ္စေကဖြစ်ရအောင်လဲ ဒီအနိစ္စကိုမြင်ဘို့ပါဘဲ။ ရဟန္တာဖြစ်ရအောင် ဒီအနိစ္စကို မြင်ဘို့ပါဘဲ ကျင့်နေကြရတယ်။ ကောင်းပီ၊ ဒီအဇ္ဈတ္တဘဝင်မှာ ဆင်ခြင်လိုက်တော့ ဘာဖြစ်နေသလဲ၊တစ်ခုခု

သလား၊ လှုပ်နေသလား၊ ဘာဖြစ် နေသလဲ၊ ငြိမ်နေသလား ဘာဖြစ်လို့ ဖြစ်မှန်းမသိ ဖြစ်နေသလား၊ အဲဒီမှာ စိတ်တွေဖြစ်ပေါ်နေတယ်နော၊ စိတ်ကလေးတွေ ဖြစ်ပေါ်နေတယ်၊အသေအချာကြည့်ပါ၊ စိတ်တို့သည် မရပ်မနား ဒရစပ်ဖြစ်ပေါ်နေတယ်၊ ဥပါဒ်၊ ထီ၊ ဘင် ဆိုတာ ဖြစ်ပေါ်လိုက် တည်လိုက် ပျက်လိုက်နဲ့၊ ကိုယ့်ဖြစ်ပေါ်တဲ့စိတ်ကို ကိုယ်သိရမယ်၊ သရုဂပစိတ္တ၊သရုဂစိတ္တ တိပဇာနာတိ။ ဝိရုဂစိတ္တ၊ ဝိရုဂစိတ္တ တိဇာနာတိ ။မိမိဖြစ်ပေါ်နေတဲ့ စိတ်ကို ဘာဖြစ်နေသလဲဆိုတာ သိရမယ်၊ သိအောင်သက်လေးနဲ့ ယှဉ်မီးထားပါ၊ အသိလေးကို တားပါ၊ဘယ်နေရာမှာမှ ပိတ်ဟာ–မူလဘူတ၊ အခြေခံအားဖြင့် သွားတာမဟုတ်ဘူး။ ဒီဘဝင်မှာဘဲ တည်နေတာ၊ ဘဝင်ကနေ

ဖြစ်ပေါ်လာတဲ့တရားတို့သည် ဒုက္ခ၊ ဒါဒုက္ခပဲ။ဒီထက်ချမ်းသာတဲ့ သဘောရှိနေတယ်နော၊ တရားထိုင်ပီးရင် တွေ့လိမ့်မယ်။ ကိုယ် ဉာဏ်မှီသလောက်တွေ့လိမ့်မယ်၊ ဉာဏ်မှီသလောက် သုခတွေ့ဘို့ မိမိသည်၊ ဒုက္ခနဲ့ ရင်းထားလိုက်အုန်း၊သည်းခံရင် နိဗ္ဗာန်ရောက် မှာပဲ။ သည်းခံ ရမယ်နော်–သူတော်ကောင်း သူတော်စင်တွေ၊ ရဟန္တာတွေဟာ ဇဲသတ္တိဝိရိယနဲ့ သံသရာခရီးကြမ်းကို ဖြတ်သန်း ခဲ့ရတာပဲ၊ ကိုယ်ကိုယ်သူသူ အတိတ်ကနှလုံးသွင်းမှား ယွင်းမှုဒဏ် ချက်ကြောင့် ရုပ်နာမ်တွေ ရလာ ခဲ့ကြတယ်၊ မလိုအပ်သော နှိပ်စက်သော အချင်းအရာများ ရလာပါ၊ ရလာမှတော့ သည်း ခံတော့။သည်းခံဆင်ခြင်တော့။

ကဲ–မိမိအဇ္ဈတ္တဘဝင်မှာ ရုပ်နာမ်တရားတော့တွေ့ပြီ၊ဒုက္ခ တရားတော့တွေ့ပြီ၊ အော်–ဒီသဘောလေးဟာ ဒုက္ခပါလားလို့ သိုးသပ်နဲ့တာကဉာဏ်ပဲ၊ အသုံးသပ်ခံရတာက၊ ဒုက္ခတရား သိနေတာက ဉာဏ်၊ အသိခံတာက ဒုက္ခတရား၊ ဒုက္ခတရားကို ပထမသိထားဘို့လိုပြီ၊ ဘာကြောင့်လဲဆိုတော့ အနတ္တဆိုတဲ့ ဉာဏ်ကို ပေါက်ဘို့အတွက်၊ ဉာဏ်ကိုမျိုးထားမှ ဒုက္ခကို အရင်း တည်ထားမှ၊ အခြေမျိုးထားမှ ဖြစ်မယ်၊ ဒီဒုက္ခဆိုးရင် သုခရှ မနော၊ ဒါပေတဲ့သုခကို မျှော်လင်းမမြော်နဲ့ဦး အချိန်တန်တော့ သူဟာသူဖြစ်လာလိမ့်မယ်၊ မိမိက ယခုဒုက္ခကို ဒုက္ခမှန်းသိအောင် သာ သတိလေးယူဉ်ပါ။ ဒုက္ခကို ဒုက္ခမှန်းမသိတဲ့ ပုဂ္ဂိုလ်ဟာ ခန္ဓာမှာ ဉာဏ်မရောက်ဘူး၊ တနည်းအားဖြင့် သစ္စာမဆိုက်ဘူး၊ မြတ်ဘုရားက ဟောမိန့်ခဲ့တယ်၊ ရုပ်နာမ်သည် ဒုက္ခသစ္စာတဲ့၊

ဒါကြောင့် ဒုက္ခကို ဒုက္ခမှန်းသိဘို့လိုပါတယ်။ လိုအပ်လို့လဲ သတိပေးနေရခြင်းဖြစ်ပါတယ်၊ သတိထားပါ၊ ဝိရိယစိုက်ပါ၊ ပညာဉာဏ်နဲ့ ရှုသတ်ပါ။

ဒီအဇ္ဈတ္တဘဝင်မှာပေါ်လာတဲ့တရားတွေဟာ ဒုက္ခတရားတွေဘဲ၊ မြတ်ဘုရားက ဟောမိန့်တော် မူဘူးတယ်၊ ဒုက္ခဟာ ဘယ်သဘောလဲလို့ အသေအချာ ဆင်ခြင်ပါ'၊ ရူပ်နာမ်ဆိုတာ ဆင်းရဲတယ်။ဆင်းရဲတာကို ဆင်းရဲမှန်းသိပြီးတဲ့နောက်မှ ချမ်းသာတာကို ရနိုင်မယ်။ ချမ်းသာတာကြီးက ပြုန်းကနဲ မိုးပေါ်ကကျလာတာမဟုတ်၊ ဒီလောကဌ် သဘာဝကျကျပဲ။ အထူးသဖြင့် မြတ်စွာဘုရားသခင်ရဲ့ တရားတော်က သဘာဝကျပါတယ်၊ ဒုက္ခကိုဒုက္ခမှန်းသိပြီးတဲ့နောက်မှ မလိုချင်လို့ပယ်ပြီးတော့မှ သုခကို ရမယ်။ အဲဒီသုခကိုရဘို့အတွက်၊ ဒုက္ခကိုဒုက္ခမှန်းသိအောင် သည်းခံပြီး ပျိုးထားပါအုံး၊ စိတ်ချပါ၊ သူ့အချိန်တန်တော့ သူ့သဘောနဲ့သူ ဖြစ်လာရမယ်။ မမျှော်နဲ့၊ စိတ်လဲ မညစ်နဲ့၊ ငါ့မယ် ဒုက္ခချည်းဖြစ်နေတာဘဲလို့လဲ စိတ်မညစ်နဲ့၊ ငါ့မှာ သုခချည်းဘယ်တော့လာမလဲလို့လဲမမျှော်နဲ့၊ဒုက္ခကိုဒုက္ခမှန်းသိအောင် သာဆင်ခြင်ထား၊ ရူပ်နာမ်ဆိုတာ ဆင်းရဲတတ်တဲ့သဘော၊ ဒုက္ခဆိုတာ အဇ္ဈတ္တဘဝင်မှာဒီသဘောလေးပါလားလို့ ဆင်ခြင်ထားပါ။ ဒီလိုလှုပ်တဲ့ဘဘော၊ဒီလိုအောင့်တဲ့သဘော၊ ဒီလိုဘာမှ မသိတဲ့သဘော၊ ဒီလိုပေါ့တဲ့သဘော၊ ဒီလိုကြည်တဲ့သဘော၊ ဒီလိုနောက်တဲ့သဘော၊ ဒီလိုဟာတာတာသဘော၊ဒီလိုလှုပ်ရှားတဲ့သဘောလေးပါလားလို့ သိအောင်သာ ဉာဏ်နဲ့စိုက်ထားပါ၊ ဒုက္ခသိပြီးမှ သုခကိုသိရပါမယ်။

ချည်းပဲ။ အေးတာလဲဒုက္ခ၊ ပူတာလဲဒုက္ခတရား၊ မသီသလိုလို ဖြစ်တာလဲ ဒုက္ခတရား၊တွေးတာလဲ ဒုက္ခတရား၊ လှုပ်တာလဲ ဒုက္ခတရား၊ ငြိမ်တာလဲဒုက္ခတရား၊ ပေါ့သလိုရှိတာလဲဒုက္ခတရား၊ လေးတာလဲဒုက္ခတရား၊ ဒါတွေဟာ ဒုက္ခနဲ့ယှဉ်တယ်။

ကောင်းပြီ၊ အခု ဒုက္ခတရားကို ဆင်ခြင်လာပြီနော်၊ ကောင်းပြီ ဒီဒုက္ခကို ဘယ်နေ့ယ်လုပ်မလဲ၊ ရုပ်နာမ်ကြီး ဒုက္ခရလို့ ဒီဒုက္ခကြီးက မကောင်းဘူး။ ဒီဒုက္ခကြီးကို လွှင့်ပစ်ကြပါစို့ ဆိုလို့ ရမလား၊မရဘူး၊ဉာဏ်ပါတော့မယ်နော်"ဝိပဿနာနဲ့ဉာဏ်ထူး" ဆိုဒါ၊ ဒီနေရာမှာ ဉာဏ်ဖော်မလို့၊ ဉာဏ်ပညာနဲ့ပတ်သက်လို့က ခက်ပါတယ်။ သညာနဲ့ပတ်သက်လို့က လွယ်ပါတယ်။ သညာနဲ့ ပတ်သက်လို့က ပိဋ္ဌကတ်သုံးပုံအထိဟာ မိမိတို့ ဖတ်နိုင်မှတ်နိုင် ပါတယ်၊ နာကြားနိုင်ပါတယ်၊ ဉာဏ်ပညာနဲ့ပတ်သက်လို့ကတော့ မလွယ်ဘူး။ သို့ပေတဲ့ မလွယ်တဲ့ကိစ္စကို လွယ်အောင်လုပ်တဲ့နည်း ရှိပါဘယ်။

ကောင်းပြီ။ ဒီရုပ်နာမ်ကြီးဟာ ဒုက္ခလို့သိနေပြီ။ မိမိတို့ ဘဝင်အဇ္ဈတ္တမှာ တွေ့နေတာ သုခစစ် သုခမှန် မဟုတ်သေးဘူး။ ဒါဟာဒုက္ခ၊ ဒီဒုက္ခကို ဘယ်လိုလုပ်မလဲ၊ ဒီဒုက္ခဟာ လွှင့်ပစ်လို့လဲ မရဘူး၊ ချက်ခြင်းမလိုချင်ဘူး ဆိုလို့လဲမရဘူး၊ ဘယ်လိုလုပ် မလဲ။

ကောင်းပြီ၊ ဒီဒုက္ခကို မလိုချင်ရင် ဉာဏ်လေးထုတ်လိုက် ဘယ်လိုထုတ်မလဲ။ ဒီဒုက္ခဟာ ဘယ်သဘောတုံးလို့ ထုတ်လိုက်

ပါ။ ဒီလိုထုတ်လိုက်တဲ့အခါမှာ မြတ်ဘုရား သာသနာတော်မှာ ဒီဒုက္ခသည် မမြဲပါဆိုတဲ့ အဆိုဆုံးမရှိတယ်၊ ကောင်းပြီ ဒုက္ခကို ဒုက္ခမှန်း သိတဲ့နောက် အော်....ဒီဒုက္ခသည် မြဲတဲ့တရား မဟုတ်ပါဘဲလားဆို အသိဉာဏ်လေး ဖွင့်ချလိုက်၊ ကိုယ်.ကိုယ်ကို။ အော်....ဟုတ်ပေသားဘဲ။ သဗ္ဗေသင်္ခါရ အနိစ္စ ယတာပညာ ယပဿတိ၊ မြတ်စွာဘုရား ဟောမိန့်တော်မူခဲ့ပါလား၊ တကယ်တော့ ဤဒုက္ခတရားသည် မမြဲဘူး၊ ဆင်ခြင်လိုက်ပါ။ မိမိအဇ္ဈတ္တ ဘဝင် ဖြစ်ပေါ်နေတဲ့ အခြင်းအရာတို့သည်၊ တကယ်တော့ မမြဲပါလားလို့ ဆင်ခြင်လိုက်ပါ၊ ခပ်သိမ်းကုန်သော ဖြစ်ပေါ်လာတဲ့ ဒုက္ခတရားတို့သည် မမြဲပါလားလို့ ပညာဉာဏ်နဲ့.ရှုသတ်လိုက်ပါ၊ အဲဒီရှုသတ်လိုက်တာဟာ ဉာဏ်ဘဲ။ မမြဲဘူးလို့ ရှုသတ်တာဟာ ဉာဏ်ဘဲ၊ ကဲ- ဉာဏ်ပွင့်ပြီ။ ဘာကြောင့်လဲ ဆိုတော့ မမြဲဘူးလို့ ရှုသတ်ပစ်လိုက်လို့ဘဲ၊ ကဲ....ဒီအရာသည် **မမြဲဘူးလို့ရှုသတ်**လိုက် (သိရုံမှတ်ရုံ မဟုတ်ဘူးနော်၊ သိမှတ်ယုံနဲ့ မရဘူး) ရှုသတ်မှ အနိစ္စဖြစ်တာ မရှုမသတ်ဘဲ နေလို့ရှိရင်သူရဲ့ အပျက်ကိုဘယ်မြင်မတုံး၊ မမြင်လို့ဘဲ သံသရာမှာ တပြောင်းပြန်ပြန် ကျင်လည်ခဲ့ရတာ၊ ဒီအကြောင်းထားလို့ မရဘူး သူ့ကိုရှုရမယ်။

ကဲ-ရင်ထည်း၊အဇ္ဈတ္တဝယည်းမှာ ဖြစ်ပေါ်လာတဲ့ ဒီဒုက္ခတရားတွေဟာ မမြဲတဲ့တရားတွေ၊ အနိစ္စလို့ရှုချလိုက်၊ သုံးသပ်လိုက်၊ အော်....မမြဲတဲ့တရားတွေ၊ စောစောက ဖြစ်ခဲ့ပေါ်လာတဲ့ တရားတွေက အခုပျက်သွားပြီ။ ဘာကြောင့်လဲ ဆိုတော့ မမြဲ

ဘူး၊ အနိစ္စလက္ခဏာနဲ့ ပျက်သွားပြီ၊ ကောင်းပြီ ပျက်သွားပြီ။ ပျက်တဲ့ သဘောလေးကို သက်ဝင်ထားပါ၊ စောစောက မိမိတို့ရဲ့ ခန္ဓာမှာ ဘဝင်စိုက်နေတဲ့ အခြေအနေနဲ့ အခု မတူတော့ဘူး။ စောစောကဟာက ပျက်သွားပြီ၊ အနိစ္စဖြစ်သွားပြီ၊ မြတ် ဘုရားက အနိစ္စလို့ ဟောခဲ့တာ ဖြစ်တယ်။ မြတ်စွာဘုရားက အနိစ္စလို့ ဟောခဲ့ရက်သားနဲ့ မမြဲဘူး ဟောခဲ့ရက်နဲ့ မိမိက မြဲတယ် မြဲနေတယ် လုပ်နေရင်၊ မြတ်ဘုရားကို ကန့်လန့်တိုက်ရာကျတယ်၊ တကယ်မမြဲလို့ မမြဲဘူးဟောခဲ့တာ မမြဲတဲ့ သဘောရှိတယ်၊ အဲဒီမမြဲခြင်းကို သုံးသပ်လိုက်၊ ရှုသတ်လိုက်၊ ဆင်ခြင်လိုက်၊ အနိစ္စလက္ခဏာတင်လိုက်၊ အော်....စောစောက မိမိ အဇ္ဈတ္တဘဝင်မှာ စူးစိုက်ထားခြင်း ခံရတဲ့ ဒုက္ခတရားတွေက ယခုမရှိတော့ဘူး ပျက်သွားပြီ။ ဘာကြောင့် ပျက်သွားရသလဲ, ဒီနေရာမှာ ဉာဏ်အဆင့် ထိုးထွင်းလိုက်ပါဦး။ ဒီဉာဏ်က ပိုနက်တယ်, ပိုခက်တယ်, ပိုအရေးကြီးပါတယ်။

ဘာကြောင့် စောစောက ဒုက္ခတရားဟာ ပျက်သွားရသလဲဆိုတော့ ကိုယ်မပိုင်လို့ ပျက်သွားတာ ကိုယ်ပိုင်ရင် မပျက်ဘဲနဲ့ နေမှာပေါ့။ ပျက်သွားတယ် ဆိုကတည်းက ကိုယ်မပိုင်လို့ကို ပျက်သွားတာဖြစ်တယ်၊ ဒါကြောင့်မို့လို့ ဒုက္ခတရားသည် အနိစ္စဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အနတ္တကြောင့် ဖြစ်၏၊ မပိုင်ဘူး; မဖိုင်လို့ပျက်သွားတယ်။ ကဲ....မပိုင်ဘူးဆိုတော့ ကိုယ်ကမဆိုင်ဘူး၊ မပိုင်တဲ့ တရားအပေါ်မှာ ကိုယ်ကမဆိုင်ဘူး၊ မဆိုင်တဲ့ သဘောသုံးသပ်လိုက်၊ သုံးသပ်ရင်း၊ သုံးသပ်ရင်း မိမိ

ရဲ့ အဇ္ဈတ္တဘဝင်မှာ ဖြစ်ပေါ်လာတဲ့ ဒီတရားလေးတွေဟာ ဒုက္ခတရားတွေဖြစ်တယ်။ ဒီဒုက္ခတရားတွေဟာ မမြဲတဲ့ သဘောတွေဖြစ်တယ်။ ဖြစ်ပေါ်လာပြီး ပျက်စီးသွားတာဘဲ မမြဲတဲ့ သဘောတွေဖြစ်တယ်။ ဘာကြောင့်မမြဲရသလဲဆိုတော့ မပိုင်လို့ မဆိုင်လို့ပါ။ အနတ္တညာဏ်ဝင်ပြီး အော်-မပိုင်မဆိုင်တဲ့ တရားကြီးဘဲ။ ဒီရူပ်နာမ်ကြီးဟာ မိမိမပိုင်မဆိုင်ဘူး တချိန် သေမင်းလက်ဝဂ္ဂက် အပ်ရမယ်။ မြေကြီးသြဇာအဖြစ်နဲ့ မိမိသည် ဆွေးမြေ့ ပျက်စီးသွားရမယ်။

ဒီခန္ဓာကြီးဟာ စက်ဆုပ်ဘွယ်ရာ ရွံရှာ ဘွယ် ရာကြီး။ ဒီရူပ်နာမ် အစုအဝေးကြီးကို ပလိုလားအပ်လို့ ဒီရူပ်နာမ် ဒုက္ခ ချုပ်ဆုံးရာဝင်္ဂ ကျတ်ရာ နိဗ္ဗာန်ချမ်းသာမြတ်ကို ရဘို့ရာအတွက်ကို ဆုတောင်းမှသာလျှင် သူတော်စင်တွေက သာဓုခေါ်ပေလိမ့်မယ်။ ဒါကြောင့် ဒီရူပ်နာမ် ဒုက္ခကြီးဟာ ပေါ်လာပါလိမ့်မယ်၊ မိမိဘဝင် မနှောပေါက်။ မမွှသင်းချိုင်း။ ဒေါသဖြစ်ရင် တုန်တဲ့နေရာမှာ ဒေါသဖြစ်ရင် ဒေါသစိတ်ကို အလိုမလိုက်ဘဲနဲ့ မမြဲတဲ့တရား မပိုင်တဲ့တရား မဆိုင်တဲ့တရားလို့ ရှုသတ်ရပါလိမ့်မယ်။ လောဘဖြစ်ရင်လဲ ဒီလောဘတရားဟာ မမြဲဘူးလို့ ပျက်အောင် ရှုသတ်ရလိမ့်မယ်။ စိတ်ဆိုတာ အလိုလိုက်တော့ အမိုက်စော်ကားပို့ ဥာဏ်နဲ့ ဦးစီးရပါမယ်။ ဥာဏ်ဆိုတာ ဘာလဲဘဲ့ ဥာဏ်ဆိုတာ အဝိဇ္ဇာဥာဏ်နဲ့ ထိုးဆွင်းသိမြင်ရမယ်။ ဝိဇ္ဇာ ဆိုတာ အမှန်ကို သိခြင်း အဝိဇ္ဇာ ဆိုတာ အမှန်ကို မသိဘူး အမှန်ကို အမှားထင် အမှားကို အမှန်ထင်

တတ်တယ်။ အမှားကို အမှားမှန်း ပသိတာ အဝိဇ္ဇာပါဘဲ။ အမှန်ကို အမှန်မှန်းမသိတာလဲ အဝိဇ္ဇာပါ။ ဝိဇ္ဇာက အမှန်ကို သိတာ။ ကောင်းပြီ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်ရမှ်ယ်။ ဝိပဿနာတရားနဲ့ မသိတာကို သိအောင် လုပ်ရတယ်၊ မသိလို့

ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့်မို့ လူလိမ်မာ ကျင့်စဉ်ဖြစ်သော ဤ ဝိပဿနာ ကျင့်စဉ် တရားတော်နှင့် မိမိ၏ အဇ္ဈတ္တ ဘဝင်မှာ ဖြစ်ပေါ်လာတဲ့ မလိုလားအပ်တဲ့ သဘော အညစ်အကြေးများ ကိုလက္ခဏာရေးသုံးပါးနဲ့ ပညာသားပါပါ ဆေးကြောရပါ မယ်၊ပညာသား ပါပါ ဆိုတာ ဒီကိုလေသာ အပူမီးတွေဟာ တက်တဲ့အပူမီးမို့၊ ဒုက္ခဖြစ်လွန်းလို့၊ ဒုက္ခမို့ မလိုလားလို့၊ ရှုံ့ရှာ စက်ဆုပ်ဘွယ်ကောင်းတဲ့ သဘောနဲ့ မြတ်စွာဘုရားသခင် ဆိုဆုံး မတဲ့အတိုင်း အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခ ဏာနဲ့ ပညာသားပါပါ၊ ဉာဏ်နဲ့ ဆေးကြောခြင်းအမှုပြုခြင်း ဖြစ်ပါတယ်။ ဒီအခါ မိမိကိုယ်ဟာ တနေ့တခြား စင်ကြယ် လာပါလိမ့်မယ်၊ အဝိဇ္ဇာတဏှာနဲ့ယှဉ်ပြီး အနုမဘဂ္ဂသံသရာက တည်းက၊အယောနိသောမန သိကာယဆိုပြီး နှလုံးသွင်းမှားခဲ့တဲ့ ဒဏ်ကြောင့် မိမိသည် ဒီရုပ်နာမ်ကြီးကို ရလာပါတယ်၊

ကိုလေသာ တဏှာအပူမီးနဲ့ ရောထွေးယှက်တင်ဖြစ်နေ တဲ့ ဒီရုပ်နာမ်ကြီးမှာ လောဘ၊ ဒေါသ၊ မောဟနဲ့တကွသော မလိုလားအပ်သော ကိုလေသာအပူမီးကို အပူမီးမှုန်းသိအောင် ပဿမ ဆင်ခြင်ပါ၊ အပူမီးမှုန်းသိရုင် လက္ခဏာရေးသုံးပါးနဲ့ စင်ကြယ်အောင် ဆေးကြောခြင်းအမှုပြုပါ၊ သို့ပြုခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟတရားများ ရော့နည်းပြီး နောက် ဆုံးမှာ အော်မိမိခန္ဓာကြီးဟာ ဒုက္ခတုံးကြီးဘဲဆိုပြီး အပျက် အနိစ္စခန္ဓာကို ဉာဏ်သကောပေါက်သွားရင် ဘဝကူးအဘွက် စိတ်ချရတယ်။

ဒီနည်းအားဖြင့် သူတော်စင် သူကောင်မြတ်တွေအား ပေးအပ်သောမိမိ အဇ္ဈတ္တဌာ ပေါ်လာသော ဒုက္ခတရားများ၏ အပျက်ကို ဝိပဿနာဉာဏ်ဖြင့် ရှုပါ၊ ကဲ-လိုရင်းကတော့ ဒါပါဘဲ။

ဤကဲ့သို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ဝိပဿနာ ကျင့်စဉ်တရား ဒေသနာတော်မြတ်ကို ကြားနားရသော၊ ကျင့်ကြံရသော၊ အားထုတ်ရသော၊ ကုသိုလ်ကံစေတနာ အပေါင်းတို့ကြောင့် **လော**ကုတ် လောကီ နှစ်လီသော အကျိုးစီးပွားများ ဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းတဲ့အပြင်ဒုက္ခ အဖုံဖုံ စုပုံရောပြွန်း အနိဋ္ဌာရုံလွှမ်းသော ဤမှာဘက် သံသရာကမ်းမှ ကျော်လွှားလွန်မြောက်၍၊ ကြည်လင်ချမ်းမြေ့၊ ချမ်းသာမျိုး စုံစုပုံနေအပ်သော နိဗ္ဗာန်နန်းကို စံမြန်းနိုင်ကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေသော်။

"သာဓု—သာဓု-သာဓု"

မြတ်မုဒ္ဓ၏သိပ္ပံပညာနှင့် ဝိဇ္ဇာပညာတရားဝေတင်အတွက် ကောက်ချက်များ

ဤတရားတော်၌ ပစ္စတံဝေဒီတဗ္ဗော ဝိညူဟိ ဆိုသောပညာဉာဏ်ရှိ သူတို့ကိုယ်တိုင်သိ၊ ကိုယ်တိုင်ခံစား၊ စံစား၊ ကိုယ်တိုင်တွေ့ရှိ၊ ကိုယ်တိုင် မျက်မှောက်ပြုနိုင်သောဉာဏ်အရာနှင့် ချမ်းသာ သုခအကြောင်းကို ပ်ပ်ပြင်ပြင်င် ခွဲခြားနားလည်နိုင်သင့်ကြပေသည်။ ဤသို့ခွဲခြား နားလည်နိုင်ရန် ဝိဇ္ဇာဉာဏ်နှင့် သိပ္ပံဉာဏ်တို့အကြောင်းကို ဆင်ခြင်နိုင်ရပေမည်။

ဝိဇ္ဇာဉာဏ်ဟူသည် ပညာနှင့်ယှဉ်သော ထိုးထွင်းဉာဏ်၊ တနည်း အမှန်ကိုသိသောဉာဏ်ပင်ဖြစ်၏။သိပ္ပံဉာဏ်တွင် အချက်အလက်များကို လက်တွေ့ကျကျ သိရှိရသော အကြောင်းအကျိုးကို ဆက်စပ်သဘောပေါက်နိုင်သော ယေဘုယျ ဥပဒေသများကို သိနားလည်သော ကြိုတင်ပြောဟော နိုင်သည့်အရည်အသွေးများ ပါဝင်သည်။ စနစ်တကျ ဖွဲ့စည်း၍ လူမျိုးမရွေး

အစမ်းသပ် အစစ်ဆေး ခံနိုင်သည်။ ပုဂ္ဂိုလ်စွဲ၊ အတ္တစွဲ မရှိ၊ ဓမ္မဒီဋ္ဌာန်ကျအောင် ကြိုးစားရှုမြင် သုံးသပ် ဆုံးဖြတ်ချက်များပါသည်။ ဤဝိဇ္ဇာနည်းနှင့် သိပ္ပံနည်းများ ပါဝင်သော မြတ်ဗုဒ္ဓတရားတော်များကို ကာလ၊ ဒေသ၊ ပုဂ္ဂလနှင့်ကိုက်ညီစွာခံယူနိုင်ကြပေသည်။

လူ့လောကၽွ ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များသည် လူအကြောင်း၊ လောကအကြောင်း၊ ကောင်းကောင်း ကြီးဟုတ်မှန်သိရှိနားလည်ရန် ရည်သန်ကြိုးစား နေကြသည်။ လူသည် ဤစကြဝဠာကြီးထဲၽွ မည်ကဲ့သို့သော အခန်း ကဏ္ဍၽွ ရပ်တည်နေပါသနည်းဟူသော မေးခွန်း၏ အဖြေကိုလည်း ဝိဇ္ဇာပညာရှင်နှင့် သိပ္ပံပညာရှင်များ စူးစမ်းလေ့လာနေကြသည်။

မြတ်ဗုဒ္ဓ၏ ဝိဇ္ဇာနှင့်သိပ္ပံပညာမှာ လူ၏အဝိဇ္ဇာထုကို တိုက်ခိုက်ဖြိုပျက်ရန် ရည်သန်သည်။ လူအား မသိစေသော အမှန်သိရန် ဖုံးကွယ်စေသော လူ၏ ဒုက္ခကို ဆက်လက် ဖြစ်ပွားစေသော အဝိဇ္ဇာကို အမြစ်ပါ မကျန်တောင်လှန်ရန် အားမွေးတည်ဆောက်ရသည်။

မြတ်ဗုဒ္ဓ၏ ဝိဇ္ဇာနည်း၊ သိပ္ပံနည်းများ (၀၊) အနတ္တဉာဏ်ထိုးထွင်းဝေဖန်ဉာဏ်အရာဖြင့်ဆင်ခြင်နည်း၊

စနစ်တကျ အကြောင်းအကျိုး အကောင်းအဆိုးခဝဖန်ပိုင်းဖြတ်၍ စနစ်တကျလက်တွေ့ လေ့ကျင့် အကျိုးဖြစ်ထွန်းသော နည်းမျှားသည် ရုပ်နာမ် ရှိသူတိုင်းအတွက် ထိထိရောက်ရောက် အချိန်အခါမရွေး ကျေးဇူးပေးနိုင်သော ဓမ္မဒီဋ္ဌာန်ဉာဏ်အမြင် တည်ရှိသည့် နည်းနိဿျမျှားပင် ဖြစ်နေပါတော့ကြောင်း။

အကျိုးလိုကိုယ်တူပြုလျက်

နန္ဒဝံသ

မြတ်ဗုဒ္ဓ၏ ဝိဇ္ဇာပညာနှင့် သိပ္ပံပညာ

[၁၃၃၃ ခုနှစ် နယုန်လဆန်း (၁၃)ရက် (၂၉-၅-၇၁) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ရွှေဘိုဂုံဘုရား တောင်ဘက် ရွှေကျင်ဓမ္မာရုံ၌ သန္တိသုခ ဆရာတော် ဦးနန္ဒဝံသ ဟောကြားတော်မူသော "မြတ်ဗုဒ္ဓ၏ ပဇ္ဇာပညာနှင့် သိပ္ပံပညာ တရားတော်ဟောစဉ်။]

ကဲ ဒီနေ့ (၃၁) ဘုံက ထွက်မြောက်ရာထွက်မြောက်ကြောင်းဖြစ်တဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ဉာဏ်မဂ္ဂင်နဲ့ ယှဉ်တဲ့တရားတော်မြတ်ကိုဟောမယ်။ (၃၁) ဘုံကြီးကို ကျင်လည်နေရတဲ့ ရုပ်နံ့ဝမ် သတ္တဝါ ဘေဟာ သစ္စာကို ထိုးထွင်းပြီး မသိမြင်နိုင်သေးသမျှ ကာလပတ်လုံး မိမိတို့ရဲ့ရုပ်နာမ်အပေါ်မှာ လက္ခဏာရေး (၃) ပါးကို ပိုင်းခြားထင်ဆင် ဉာဏ်သက်ဝင် ဆင်ခြင်သုံးသပ်နိုင်စွမ်း မရှိသမျှကာလပတ်လုံး ဒီသံသရာ ဝဲသြဃကြီးထဲသူးက မလွတ်ကင်းနိုင်ဘူး။ ဒီနေ့တော့ ဒီသံသရာ ဝဲသြဃဆိုတဲ့ကြီးက ထွက် မြောက် နိုင် မည့် နည်း နှိ သျှ

မြတ်ဗုဒ္ဓရဲ့ ဝိဇ္ဇာ၁အသိပညာတွေ သိပ္ပံ အသိ ပညာတွေ ကို ဟောမယ်။ မြတ်စွာဘုရားသည် လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီ ဆည်းပူးပြီးတဲ့နောက် ဝေနေယျ သတ္တဝါတွေ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့တယ်။ ဒီလို တိုက်ကျွေးတဲ့အခါ သတ္တဝါတွေဟာ စရိုက်တွေက အလွန်ကြမ်းတမ်းပြီးတော့ ရန်ရင်း ခက်ထရော်နေလို့ အဝိဇ္ဇာတွေက ဖုံးလွှမ်းလို့ တရားတော်မြတ်က အင်မတန် သိမ်မွေ့တယ်။ လူနတ်ဗြဟ္မာဘဝ့ရဲ့ စရိုက်က ကြမ်းတမ်းနေတယ်၊ တော်မှ တော်ပမလားဆိုတဲ့အထိဆင်ခြင်ရလောက်အောင် တရားတော်က နူးညံ့နေတယ်။ တရားတော်ဟာ နူးညံ့ခက်ခဲတယ်။ နက်နဲတယ်။ သိမ်မွေ့တယ်။ တိကျတယ်။ပြတ်သားတယ်။ ပိုင်းခြားနိုင်တယ်။ တရားတော်မြတ်ရဲ့ ဂုဏ်ရည်တွေဟာ ဒီအထိ ရှိပါတယ်။

ဒီလိုခက်ခဲ နက်နဲပေတဲ့ အခက် ရှိရင် အလွယ်ရှိတယ် ဆိုတာကို မြတ်ဘုရားက မဟာဂရုဏာတော်နဲ့ မိမိရဲ့ဖြည့်ဆည်းထားတဲ့ ပါရမီတော်တွေ အဟုန်ကြောင့်မို့လို့ ရုပ်နာမ်တွေကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီးတဲ့နောက် ကိလေသာ အပူမီးတွေရှိတဲ့ ဝဋ္ဋဆင်းရဲအတွင်းမှ လွတ်မြောက်ပြီးတဲ့နောက် ဝဋ်ကျွတ်တဲ့ နိဗ္ဗာန်နန်းကို စံမြန်းနိုင်အောင် မဂ္ဂင်ဖောင်ကြီးနဲ့ ပေးပို့ ချီးမြှင့် သနားတော်မူခဲ့တယ်။ ဒီ (၃၁) ဘုံထဲမှာ ဘယောင်းပြန်ပြန် ကျင်လည်ရတဲ့ အဝိဇ္ဇာ တဏှာရဲ့ကျေ ကျွန်ဖြစ်ရတဲ့ ဒီ ရုပ်နာမ်တွေဟာ မိမိတို့ဂုဏ်ယဉ်ကို မိမိတို့

ရုပ်နာမ်ရထားတယ်လို့ မသိသေးရင် ရုပ်နာမ်ချုပ်တဲ့ နိဗ္ဗာန်နန်းကို မျက်မှောက်ပြုနိုင်ခြင်း၊ စံမြန်းနိုင်ခြင်း ရှိနိုင်လိမ့်မည် မဟုတ်ဘူး။ ဒါကြောင့် ရှေးဦးစွာ မိမိတို့ဝန္ဓာမှာ ရုပ်နာမ်ရဲ့သဘောသဘာဝကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်အောင် သဘောထားဘို့လိုပြီ။

ဒီလို သိမြင်နားလည်ဘို့ဆိုတာ မိမိရုပ်နာမ်ကို လေ့လာရမယ်။ ဆင်ခြင်ရမယ်။ သုံးသပ်ရမယ်။ သုံးသပ်ဖို့ရာအတွက် မြတ်ဘုရားက သတိပဋ္ဌာန် လေးပါးမှာ ကာယနုပဿနာ၊ ဝေဒနာ နုပဿနာ၊ စိတ္တာ နုပဿနာ၊ ဓမ္မာ နုပဿနာ ဆိုပြီး နုပဿနာ လေးမျိုးချီးမြှင့် ပေးသနားတော် မူခဲ့တယ်။ ဒီလို နုပဿနာ နည်းတွေဟာ အရင်းစစ်လိုက်တော့ ရုပ်နာမ်တွေ အကြောင်း အမှန်သိဘို့နဲ့ သစ္စာတရားကို ထိုးထွင်း ဆင်ခြင်ဉာဏ်သက်ဝင်နိုင်ဘို့အတွက် ဦးတည်တဲ့ ကျင့်စဉ် အကျင့်မြတ်တွေ ဖြစ်ပါတယ်။ ဒီအကျင့်မြတ်တွေကို ကျင့်သုံး ဆောက်တည်တဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်ရုပ်နာမ်ရဲ့ တကဲ့ ပြကတိ၏ ရှိသဘောကို ဉာဏ်ပညာနဲ့ ထိုးထွင်း ဆင်ခြင်သိမြင်နိုင်တယ်။ ဒီလိုသိမြင်တယ် ဆိုတာက သာမည အပေါ်ယံ သမန်ကာလျှံကာ စိတ်ကလေးနဲ့ သည်းသဘောနဲ့ သိနားလည်ခဏတာ မှတ်သားနေတာ မဟုတ်ဘူး။ ဒီခန္ဓာပေါ်မှာ ဉာဏ်ရောက်ပြီးတဲ့နောက် ခန္ဓာဟာ ဘယ်ပုံဘယ်နည်း ဖြစ်ပေါ်လာတယ်။ ပျက်စီးသွားတယ်။ ဘယ်ပုံဘယ်နည်း လှုပ်ရှားလာတယ်။ တည်ငြိမ်သွားဘယ်။ ဘယ်ပုံဘယ်နည်း နောက်ကျနေတယ်။ ကြည်လင်နေ

တယ်ဆိုတာတွေကို ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်ထိုးထွင်းပြီးသိမြင်နိုင်အောင် ကြိုးစားရတဲ့ လုပ်ငန်းဟာ ဤဝိပဿနာလုပ်ငန်းဘဲ။

ဝိပဿနာလုပ်ငန်းဆိုတာ မိမိ၏ရုပ်နာမ်မှာ ဖုံးလွှမ်းနေတဲ့ အဝိဇ္ဇာတရားကို ဖောက်ထွင်းပြီး ဝိဇ္ဇာဉာဏ်နဲ့သိမြင်ဘို့ကြိုးစားရခြင်းဘဲ။

ဒါကြောင့်မို့ ဒီ(၃၁) ဘုံကြီးမှ နိဗ္ဗာန်နန်းသို့ တက်လှမ်းချင်တဲ့ ပုဂ္ဂိုလ်တွေဟာ ရှေးဦးစွာ မိမိတို့ ရုပ်နာမ်အကြောင်း မိမိတို့ကိုယ်တိုင် အသေးစိတ် ဉာဏ်သက်ဝင် ဆင်ခြင် သုံးသပ်ထားရပေလိမ့်မယ်။ ဘယ်လို သက်ဝင်မလဲဆိုတော့ ဒီခန္ဓာပေါ်မှာ ဉာဏ်နဲ့ သက်ဝင်နိုင်ရမယ်။ ဒီခန္ဓာကြီးဟာ ဘယ်သဘောရှိသလဲ။ ဘယ်သဘော ပျက်နေတုံး။ ဒီခန္ဓာကြီးရဲ့ ဖြစ်တတ်ပျက်တတ်တဲ့ သဘောတွေ ပြုပြင်စီရင်တတ်တဲ့ သဘောတွေ။ ဖောက်ပြန်ပြောင်းလဲတတ်တဲ့ သဘောတွေ။ လက်ရှိ ပြကတိ အခြေအနေမှ သွေဖီတတ်တဲ့ သဘောတွေကို ဉာဏ်ပညာပါပါနဲ့ ထိုးထွင်းပြီး ဆင်ခြင်ပြီး နားလည်တတ်ဖို့ လိုလိမ့်မယ်။ ဒီလို နားလည်ဘို့နည်းမှာ မြတ်ဘုရားသခင် အလိုသော်ကျ ဝိဇ္ဇာပညာနဲ့ သိပ္ပံပညာနဲ့ ထိုးထွင်းပြီးကြည့်ရမယ်၊

ဝိဇ္ဇာပညာဆိုတာဘာလဲ။ ။ဝိဇ္ဇာဆိုတာအမှန်ကိုသိတဲ့ ဉာဏ်ပါဘဲ။ ဉာဏ်ပညာနဲ့ယှဉ်ရင် ဝိဇ္ဇာဘဲ။ ဝိဇ္ဇာဟာ ထိုးထွင်းဉာဏ်ရှိတယ်။ ရုပ်နာမ်ခန္ဓာကြီးဟာ ကိုယ်ပိုင်တဲ့သဘာဝတရား

မဟုတ်ဘူး။ ပျက်ချိန်တန် ပျက်သွားတဲ့ သူ့သဘော သူ့ဆောင်နေတဲ့ ရုပ်နာမ်ခန္ဓာကြီးဘဲ။ ကိုယ်မပိုင်ဘူးလို့ ဆင်ခြင်လိုက်ရင် အနတ္တဉာဏ်ရတယ်။ အဲဒီအနတ္တဉာဏ်ဟာ ဝိဇ္ဇာဉာဏ်ဘဲ။ ဒီအနတ္တဉာဏ်နဲ့ ခန္ဓာကို သုံးသပ်ပြီးတဲ့နောက် ဒုက္ခရဲ့သဘော ဒုက္ခဖြစ်နေတဲ့ သမုဒယသဘော၊ ဒုက္ခမှ လွတ်မြောက်ကြောင်းဖြစ်တဲ့ မဂ္ဂသဘောနဲ့ ဒုက္ခလွတ်မြောက်ရာ နိဗ္ဗာန်သဘောတို့ကို ဝိဇ္ဇာဉာဏ်နဲ့ ယှဉ်ပြီးတဲ့နောက် သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်တဲ့ သဘောတွေရှိလာမည်။

"သိပ္ပံ ပညာဆိုတာဘာလဲ"။ ။သိပ္ပံ ဆိုတဲ့စကားဟာ ဟိုအထက်ခေတ်ကာလ ဝေါဟာရသမိုင်းကပဲ ပေါ်ပေါ်လာခဲ့တဲ့၊ တည်ရှိလာခဲ့တဲ့ အချက်အလက်နဲ့ ဆိုင်ရာ အသိပညာပေါ့၊ သိပ္ပံ ပညာဆိုတာ မြတ်စွာဘုရားရဲ့ တရားတော်တွေ ထည်းကထုတ်နုတ် လိုက်ရင် သစ္စာလေးပါးဟာ သိပ္ပံ ပညာပဲ၊ သိပ္ပံ ပညာမှာ—

၁။ ယေဘုယျ ကျတဲ့ သဘောတွေ ပါတယ်။ (Generalization)

၂။ ဓမ္မဒိဋ္ဌာန်ကျတဲ့ အမြင်တွေရှိတယ်၊ (Objective out look)

၃။ ကြိုတင်တွက်ဆလို့ရတယ်၊ (Predictable)

၄။ လက်တွေ့စမ်းသပ်လို့ရတယ်၊ (Varifiable)

၅။ အကြောင်း အကျိုးတွေ ဆက်နွယ် နေတယ်၊ (Causation)

၆။ အချိန်မရွေး အစမ်းအသပ် အစစ် ဆေးကိုခံ နိုင်တယ်။

၇။ စံနစ်တကျ စုစည်းမှု ရှိတယ် (Systematization)

မိမိကိုယ်တိုင်အထပ်ထပ်အဖန်ဖန် စင်ကြယ်သည်ထက် စင်ကြယ်အောင် အမှားအယွင်း နည်းသည်ထက်နည်းအောင်၊ ကျစ်လစ်သိပ်သည်းစွာကြိုးစား တည်ဆောက်ထားတယ်၊ "ဒါဟာ သိပ္ပံပညာရဲ့ သဘောသဘာဝတွေပဲ"

ဒီအတိုင်းပါပဲ၊ မြတ်စွာဘုရားရဲ့ လက္ခဏာရေးသုံးပါးနဲ့ ယှဉ်တဲ့ ဒီသစ္စာ ၄ ပါးတရားတော်မြတ်ဟာ ယေဘုယျသဘောကိုဆောင်တယ်။ ဓမ္မဒိဋ္ဌာန်ကျတဲ့ ဉာဏ်အမြင်ရှိတယ်၊ ကြိုတင်တွက်ဆလို့ရတယ်၊ လက်တွေ့ စမ်းလို့လဲရတယ်၊ အချိန်မရွေး၊ အခါမရွေး၊ နေရာမရွေး၊ပုဂ္ဂိုလ်မရွေး စမ်းသပ်စစ်ဆေးလို့ရတဲ့ သိပ္ပံပညာနဲ့ သက်ဆိုင်တဲ့ တရားတော်မြတ်ပဲ။ ကောင်းပြီ၊ ဒီပညာရပ်တွေ၊ သစ္စာ ၄ ပါး ထိုးထွင်း သိတဲ့ အသိပညာတွေ အနတ္တဉာဏ်ဝိဇ္ဇာဉာဏ်ကိုရတဲ့အသိပညာတွေနဲ့၊ဒီမှာဘက်ဖြစ်တဲ့ ၃၁ ဘုံကို ပျော်ပိုက်ပြီး ကျင်လည်ချမှ ဟိုမှာဘက် ဖြစ်တဲ့ နိုဗ္ဗာန်နန်းစံမြန်းဘို့အထိ၊ မြတ်ဗုဒ္ဓရဲ့ ဝိဇ္ဇာပညာခေတ္တ သိပ္ပံပညာ

တွေက အထောက်အကူ ပြုသွားလိမ့်မယ်၊ ဘယ်နည်း ဘယ်ပုံ ဒီပညာတွေက အထောက်အကူပြုသလဲဆိုတာ ဒီနေ့ဟောမယ်၊ ခန္ဓာကိုသာ ဉာဏ်နဲ့ စိုက်ထားပါ။ ဉာဏ်ယှဉ်ထားပါ၊ဉာဏ်ဟာ အင်မတန်အရေးကြီးတယ်။

ဝေဖန်တဲ့ဉာဏ်၊သုံးသပ်တဲ့ဉာဏ်၊ ဆင်ခြင်တဲ့ဉာဏ်၊ ထိုးထွင်းတဲ့ဉာဏ်၊သိနားလည်တဲ့ဉာဏ် ဆိုပီးရှိတယ်၊ ဉာဏ်ဆိုတာ ပညာ၊သညာဝိညာဉ်ပညာလို့ရှိတဲ့အထည်းမှာ "သညာ"ဆိုတာ မှတ်သားတတ်တဲ့သဘောမို့ သညာဆိုတာအနိစ္စပါဘဲ။ သညာဆိုတာ သေခြင်းတရားကိုရင်ဆိုင်တဲ့အခါမှာ မမြဲဘူး၊နာဝမ်ခန္ဓာ ထည်းပါ့တော့ ပျက်စီးသွားတယ်၊သိပ်အသုံးမဝင်ဘူး။

"ဝိညာဉ်" ဆိုတာ ကတော့ တောင်တောင် အီအီ ဘေးဆတဲ့သဘောပဲ၊သူ့ကလဲ အမှားအမှန်ကို ဟုတ်တိုင်း မှန်စွာ ထိုးထွင်းပီး ပညာသားပါပါ့ မသိနိုင်ဘူး၊ မှန်းဆချက် ထင်မြင်ချက်တွေပေးတဲ့ အတွေးဘဲ။

"ပညာ"ဆိုတာကမှ ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိနိုင်တဲ့ ဝိဇ္ဇာဉာဏ်ပဲ၊ သစ္စာတရားကိုသိတဲ့ ဉာဏ်ဘဲ–ဒီဉာဏ်နဲ့ ပညာနဲ့ ရုပ်နာမ်အပေါ်မှာ ဟုတ်တိုင်းမှန်စွာ သဘောပေါက်ရတယ်။ မိမိရုပ်နာမ်ကြီးကို ဆင်ခြင်ဆန်းစစ် ကြည့်လိုက်စမ်းပါ၊ ဆင်ခြင်ဆန်းစစ်လိုက်ရင်– ဒီရုပ်နာမ်မှာရှိတဲ့ တရားတွေ တွေ့မယ်၊ရုပ်တရားတွေဟာ အကြောင်းအမျိုးမျိုး တိုက်ဆိုင်သလို အကျိုး

အမျိုးမျိုး အဖြစ်နဲ့ ဖြစ်ပေါ်နေတယ်။ အကြောင်း ခံသလို အကျိုးတွေပေါ်နေတယ်၊ ရုပ်တရားကြီးဟာ တည်မြဲခြင်းဌာ မစုမ်းနိုင်ပဲ အသေး စိတ်ဖြစ်တဲ့ ရုပ်တရား အငယ်လေးတွေ (Cell)လေးဟာ ဖြစ်ပေါ်လိုက် ပျက်စီးလိုက်၊ အစားထိုးလိုက်၊ ဖြစ်လိုက်ပျက်စီးလိုက်နဲ့၊ ပျက်စီးမှုဘေးအထပ်ထပ်သို့ ဦးတည်နေတယ်။ နာမ်တရားမှာလဲ ဒီအတိုင်းပဲ၊ ဥပါဒ်၊ ထီ၊ ဘင် ဆိုတဲ့ ခဏငယ်သုံးချက် အတိုင်းပဲ ဖြစ်ပေါ်လာလိုက်၊တည်ဆဲ ခဏနေလိုက်၊ ရင့်ရော်အိုမင်းပီးတော့ နောက်ဆုံးပျက်စီးသွားလိုက်နဲ့၊ ဒီလိုနဲ့ ရုပ်နာမ်တွေဟာဖြစ်လိုက်ပျက်လိုက်နဲ့ ဖြစ်ခြင်းပျက်ခြင်း သဘောတရားရဲ့သင်္ကေတ အဖြစ်နဲ့သာ ဒီရုပ်နာမ်ဟာပေါ်လာတယ်။

တနည်းအားဖြင့် အနိစ္စတရားကို ထိုးထွင်းဆင်ခြင်ဉာဏ်သက်ဝင်နိုင်အောင်လို့ ဒီရုပ်နာမ်တရားကြီးဟာ တည်ရှိပေးရတယ်။ ရုပ်နာမ်တရားကို ဉာဏ်နဲ့ ထိုးထွင်း ဆင်ခြင်လိုက်ရင်၊ ဒီရုပ်တရား နာမ်တရားတွေဟာ ပျက်စီးနေတယ်။ အချိန်အခါ မလပ် ပျက်စီးနေတယ်၊ ဉာဏ်ပညာနဲ့ ခန္ဓာကို စိုက်ကြည့်လိုက်ပါလား၊ ရုပ်တရားတွေဟာ ပြိုပြင်နေတယ်၊ ပြောင်းလဲနေတယ်၊ နာမ်တရားလေးတွေဟာလဲ ပြိုပြင်နေတယ်၊ပြောင်းလဲနေတယ်၊ ဒီလိုအမြဲတန်း ရပ်နားမှုမရှိ ဒရစပ် ပြိုပြင်ပြောင်းလဲမှုရှိနေတဲ့ ရုပ်နာမ်ဟာ၊ ငါတော့မဟုတ်ဘူး၊ ဖြစ်ပေါ်လာတိုင်း နောက်ဆုံးတော့ ပျက်စီးရတယ်၊ နောက်ပီးတော့ အသစ်တဖန်တခါထပ်ဖြစ်ရတယ်၊ ဒါကြောင့် ရှေ့က ဖြစ်ရပ် အပေါ်မှာ

သည္ဟုသေဘာ ထားနိုင်တယ်၊ တကယ် ဖြစ်ရပ်ကြီး ကတော့ ဆုံးရှုံးပျောက်ကွယ်သွားတယ်။ဒီလို ရူပ်တရား နာမ်တရားတို့ရဲ့ ပျက်စီးချုပ်ငြိမ်းရတဲ့သဘောကို ဉာဏ်အောက်မှာ တွေ့မြင်ရရင် ဒီပုဂ္ဂိုလ်သည် **ဝိဇ္ဇာဉာဏ်ထိုးထွင်းဆင်ခြင်ပီးသိနိုင်ပါလို့ ဆုံးဖြတ်ချက်ချနိုင်ပါ။**

အမှန်ကိုသိခြင်းနှင့်ယှဉ်တဲ့ဉာဏ်ဟာ အဝိဇ္ဇာဉာဏ်ပါပဲ။ **ပညာသားပါပါ ထိုးထွင်းဆင်ခြင်တဲ့သဘောဟာ ဝိဇ္ဇာဉာဏ်ရဲ့** စွမ်းအားပါပဲ၊ ဒီစွမ်း ရည် ကို ဘယ်လို တည်ဆောက် မလဲ။ ရူပ်နာမ်ကြီးကိုအလိုလိုက်နေတဲ့ပုံ သဏ္ဌာန် နဲ့ တော့ဒီစွမ်းရည်ကို တည်ဆောက်လို့ မရပါဘူး၊ဘာလို့ လဲဆိုတော့ရူပ်နာမ်မှာမမြဲတဲ့ မပိုင်မဆိုင်တဲ့တရားတွေရှိတယ်၊ မိမိရူပ်နာမ်ကော တပါးသူရဲ့ ရူပ်နာမ်ဘေမှာပါ၊ ဉာဏ်ပညာနဲ့ ထိုးထွင်း ဆင်ခြင်လိုက်ရင် ပျက်စီးနေတဲ့ သဘောတွေရှိတယ်။ ခိုင်မာတယ်၊ မြဲမြံ့တယ်၊ တည်ငြိမ်တယ်ဆိုတဲ့သဘော မရှိဘူး၊ အမြဲတန်း ပျက်စီးမှုကို တာစူနေတယ်၊ ဒီလိုပျက်စီးနေတဲ့ သဏ္ဌာန် ရူပ်နာမ်ဟာ မိမိ မပိုင်ဘူး၊မပိုင်လို့ ကို ပျက်တာပဲလို့ ဆင်ခြင် သုံးသပ်လိုက်ရင်၊ အပျက်တရား ကြောင့်ရတဲ့ အဖြေဟာ နိဗ္ဗာန်ဘဲလို့ ဉာဏ်နဲ့ ကိုးကင်းပေါ်လာနိုင်တယ်။

ဒါကြောင့် ရူပ်နာမ်အပေါ်မှာ လက္ခဏာရေး ၃ ပါးနဲ့ ဆင်ခြင် ဆေးကြောခြင်းဟာ သူတော်စင်တွေ ကျင့်ထိုက်တဲ့ နည်းတခုလဲဖြစ်တယ်။မိမိတို့ရူပ်နာမ်အပေါ်မှာ တသံသရာလုံးက

လှမ်းမိုးခဲ့တဲ့ အဝိဇ္ဇာတဏှာရဲ့ဒဏ်ကို ခေါင်းငုံခံပီးတဲ့နောက် မြတ်စွာဘုရားရဲ့သစ္စာလေးပါးတရားကို(သို့)အနတ္တလက္ခဏာကို ဉာဏ်သက်ဝင်ဆင်ခြင်ခြင်း မပြုရင် မိမိသည် ကိုယ်ရုပ်နာမ်ကို သနားငဲ့ညှာရာမကျနိုင်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဒီရုပ်နာမ်ကြီးဟာ သူ့မှာရနေတတ်တဲ့ တဏှာသမုဒယကို ပိုင်းဖြတ်ပယ်သတ်ခြင်းအမှု မပြုရင်၊ ရုပ်နာမ်ကြီးဟာ သံသရာ လယ်နေအုံးမယ်၊ခေါင်းအမျိုးမျိုးပြောင်းနေရအုံးမယ်၊ အိုနာသေဘေးတွေနဲ့ရအုံးမယ်၊ မချစ် မနှစ်သက်သူတွေနဲ့ အတူတဲ့နေချင်နေရမယ်။ ချစ်နှစ်သက်သူတွေနဲ့ ခဲ့ချင် ခဲ့နေရ အုံ.မယ်၊ ဒါကြောင့် ရုပ်နာမ်ရဲ့ပြကတိ အရှိတရားကိုက ဆင်းရဲဒုက္ခတရား မမြဲတဲ့တရား၊ မပိုင်မဆိုင်တဲ့ တရားလို့–အနတ္တဉာဏ်နဲ့ ထိုးထွင်းပြီး ဝိဇ္ဇာဉာဏ်နဲ့ သိနားလည်ဘို့လိုတယ်၊ ဒီလိုသိပီးရင် ရုပ်နာမ်နဲ့တကွ ကိလေသာတွေကို ရာခိုင်နှုန်း အပြည့် အပြီးအပိုင်ပယ်သတ် စွန့်ဖြတ်ပြီးတဲ့နောက် နိဗ္ဗာန်ရောဓ နိဗ္ဗာန်စခန်းကို တက်လှမ်းနိုင်အောင် ကြိုးစားရမယ်၊ ဇဲသတ္တိဝိရိယတော့ အထူးအရေးကြီးတယ်၊ ဇဲသတ္တိဝိရိယမရှိရင် ပုဂ္ဂိုလ်တယောက်ဟာ ဒီခေတ်ဒီအခါမှာ တရားထူး တရားမြတ် တွေ့နိုင်ဘို့မလွယ်ဘူး၊ တရားထူးတရားမြတ်ကို မြင့်မြတ်တဲ့ ကျင့်စဉ်နဲ့သာ ရနိုင်ပယ်၊ အခြောင်မရနိုင်ဘူး။

ကျန်တဲ့ကိစ္စဝိစ္စတွေ လောကီရတနာ၁ပ်တွေဟာ အခြောင်ရနိုင်ပေတဲ့၊ ဒီဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်မမျက်မှောက်ပြုတဲ့ ဉာဏ်ဆိုတာတွေကတော့ လွယ်ကူ သက်သာစွာနဲ့

ရနိုင်မယ်မဟုတ်ဘူး၊ ခန္ဓာကိုယ်ကို အလိုလိုက်ပြီး ကိုလေသာတွေနဲ့ ယှဉ်တွဲရင်း ရှာရင်လဲ ၃၁ ဘုံ ခြောက်ပြီး နိုဗ္ဗာန်မျက်မှောက်ပြုနိုင်တဲ့ ဥာဏ်မျိုးကို မရနိုင်ဘူး၊ ဒါကြောင့် မိမိတို့ရုပ်နာမ်မှာ စွဲကပ် ငြိတွယ်တည်ရှိနေတဲ့ အမှားအယွင်း တုန်လှုပ်မှုတွေ၊ တစ်ဆို့မှု၊ တင်းမှု၊ ခုန်မှု တွေကို ဥာဏ်နဲ့ ရှုသတ်နိုင်ဘို့ လိုပြီ။

ဥာဏ်ပညာကိုသုံးမှ အမှန်ကိုလဲ သဘောပေါက်မယ်၊ အရိယဲဥာဏ်မျက်လုံးလဲရမယ်၊ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ ဝိဇ္ဇာဥာဏ်ဟာ ဒီသဘောဆိုတာ ကိုယ်တိုင် ထိုးထွင်း သိမြင်နိုင်မယ်၊ မြတ်စွာဘုရားသခင်ရဲ့ အလိုတော်ကျ ရုပ်နာမ်ရှိနေသေးသရွေ့ ဒီရုပ်နာမ်တရားဟာ ပျက်ရမယ်၊ခပ်သိမ်းကုန်သော ပြုပြင်စီရင်အပ်တဲ့ တရားတွေဟာ မမြဲပါဘူးလို့ သဘောပိုက်ထားရမယ်။

မိမိရုပ်နာမ်အပေါ်မှာ ဥာဏ်နဲ့ ဦးစီး ထားရမယ်၊ ရုပ်နာမ်က ဖြစ်ချင်တာဖြစ်နေလိမ့်မယ်၊မိမိ ကဥာဏ်မှာအသိယှဉ် ထားရမယ်၊ ရုစ်နာမ်ရဲ့ သဘာဝကိုက အတိတ်ရဲ့ မှားယွင်းမှုကြောင့်ဖြစ်လာရဟာဆိုတော့ သူ့ကိုဒီအတိုင်း လွှတ်ထားရင်၊ ပဋ္ဌိစ္စသမုပါဒ် ပြတ်မှာ မဟုတ်ဘူး၊ ဒါကြောင့် ရုပ်နဲ့ နာမ်ကို ကြည့်ဖြူလိုလားနေရင် ရုပ်နာမ်ပြန်ရသွားမယ်၊ ဒီအခါသံသရာမှာ တပြောင်းပြန်ပြန်လည်ရအုံးမယ်။

ဟိုအရှုပဘုံ ဆိုတာကျတော့ မြတ်ဘုရားရဲ့ တရားတော်ကိုနာဘို့ အခက်အခဲ ဖြစ်သွားမယ်၊ ဒါကြောင့် မိမိတို့

ရုပ်နာမ်နဲ့ပတ်သက်တဲ့ အမှန်တရား ရှာဖွေချင်ရင်၊ စိတ်ရှည်လက်ရှည် သည်းခံနိုင်ရမယ်။ သည်းခံရင် နိဗ္ဗာန်ရောက်တယ်၊ ဒီသဘောဘဲ၊ ရုပ်နာမ်ကို သည်းခံပြီးတဲ့နောက် အကြိမ်ပေါင်းများစွာရှုပြီးမှ နိဗ္ဗာန်ရဲ့ သဘောသဘာဝကို တွေ့တတ်တယ်၊ မြင်တတ်တယ်၊နှလုံးသွင်းတတ်တယ်၊ဒါကြောင့်မိမိခန္ဓာကိုယ်မှာစဲ့ကပ်နေတဲ့ဒုက္ခတရားတွေကို မမြဲတဲ့အနိစ္စတရားတွေကို ဥာဏ်နဲ့ ရှုသတ် ဆင်ခြင်ပြီးတဲ့နောက် ဒီရုပ်နာမ်ကြီးနဲ့ ဒီအတွေးတွေ၊ ဒီစိတ်ဘေးဟာ၊ ဒီသဘောတွေဟာ မိမိမဲ့ပ်ပါကလား၊ မဆိုင်ပါကလားလို့ ဆင်ခြင်နိုင်ရမယ်၊ ဒီလိုဆင်ခြင်ရင်၊ ရုပ်နာမ်ရဲ့ ဆင်းရဲပုံတွေ တာနေ့တခြား တိုးမြင်လာမယ်၊ ဆင်းရဲအောင် အကြောင်းခံတဲ့ သမုဒယတွေဟာ တနေ့တခြား လျော့ပါးသွားမယ်။

၃၁ ဘုံ ခြေကန် ပြီးတဲ့နောက် သန္ဓိသုခ နိဗ္ဗာန်ကို စံမြန်းနိုင်အောင် လုံ့လပြု ကျင့်ကြရမယ်။ ဒီလိုကျင့်ကြံမယ်သုံ့ရင် ဘုရား တရား သံဃာတော် မျှားကို ယုံကြည် ခြင်းဘဲ ဖြစ်တယ်။ မြတ်စွာဘုရားဆိုတာ သဗ္ဗညုတ ရှေ့ဥာဏ်တော်ရှင်ကြီးဘဲ၊ အလုံးစုံကို သိတော်မူတယ်၊ ဒီရှေ့ဥာဏ်တော်ကြီးကို ကြည်ညိုတတ်ရမယ်၊ ပူဇော်တတ်ရမယ်၊ လေးစားတတ်ရမယ်၊ အားကိုးသမှု ပြုတတ်ရတယ်၊ ဒါဟာ မြတ်စွာဘုရားရဲ့ဥာဏ်တော်ဘဲ။ ဘဝပေါင်းများစွာ သဗ္ဗညုတရှေ့ဥာဏ်တော်ကြီးကို ရဘို့အတွက်ကုသိုလ်ကောင်းမှုအမျိုးမျိုးလုပ်တာနဲ့ ပတ်သက်လို့ ဘုရား ဖြစ်လာတဲ့ အခါမှာ ၃၁ ပါးသော ပဟာပုရိသ

လက္ခာတော်ကြီးတွေ၊ လက္ခဏာတော်ငယ်တွေနဲ့ ဥပတိရုပ်ကိုက တင့်တယ်တဲ့ ကိုယ်တော်မြတ်ကြီးအပြစ်နဲ့ ပွင့်တော်မူရတယ်။

ဒီလို မြတ်စွာဘုရားရဲ့ ဥာဏ်တော်နဲ့ ကိုယ်ကာယတော်များကို သံသယမဖြစ်တော့ဘူးဆိုတဲ့ အခါမှာ ဝိစိကိစ္ဆာပြုတ်သွားတာဘဲ၊ မြတ်စွာဘုရားနဲ့ ဂုဏ်တော် အပေါ်မှာ သံသယမရှိတော့ဘူးဆိုရင် မြတ်စွာဘုရား အပင်ပန်းခံပြီး ရှာဖွေဆည်းပူးအပ်တဲ့ တရားတော်မြတ်ရဲ့ ဂုဏ်ကျေးဇူးကို အထူးဘဲ ဆင်ခြင်အောက်မေ့နိုင်ရမယ်။ မြတ်စွာဘုရားရဲ့ တရားတော်မြတ်များ ရှိလို့၊ သာသနာတော်တည်ပြီး လမ်းမှားလိုက်သူတွေကိုအချိန်မီ ထိန်းသိမ်းနိုင်ဘယ်၊ ဒါ့ကြောင့် ဒီဘရားတော်မြတ်ရဲ့ ဂုဏ်ကျေးဇူးဟာ လူနတ်ဗြဟ္မာသတ္တဝါတွေကို ကိုယ်ရုပ်နာမ် ကိုယ်အမှန်အတိုင်း နားလည်ပြီးတဲ့နောက် မနှစ်သက်ဖယ်တဲ့ ဒီရုပ်နာမ်ကို မနှစ်သက်တော့တဲ့ဥာဏ်ရလာမယ်။ နှစ်သက်ခြင်း၊တည်းဟူသော ဝဋ္ဋက ကျွတ်သွားမယ်၊ ဟုတ်တိုင်းမှန်စွာ ဆင်းရဲဖောက်ပြန်ပျက်စီး၊ နှိပ်စက်အပ်ဟဲ့ သဘောတွေကို မြင်လာပြီးတဲ့နောက်၊ ဒီသဘောတွေနဲ့ပြည့်နေတဲ့ ဆင်းရဲတဲ့ရုပ်နာမ်ကိုပယ်စွန့်နိုင်တဲ့ စွမ်းရည်ရဘို့အတွက်ကို ဒီတရားတော်မြတ်ကလဲ အခိုင်အမာ ဆွန်းလင်း တည်ကံ့နေတယ်၊ **အရိယာသံဃာ**မြတ် ဆိုတာတွေကလဲ့ မြတ်စွာဘုရားဟောမိန့်တော်မူတဲ့ တရားတွေကို ၃၁ ဘုံမှ ကျွတ်လွတ်ရရင်-ဒီဘဝ ဘာဘဲလုပ်ရလုပ်ရ၊ သံသရာဝဲသြဃမှ လွတ်မြောက်အောင် လုပ်မယ်ဆိုပြီး၊ အင်မတန် ကြီးမားတဲ့ ယုံကြည်ချက်တွေ၊ **အလေးအနက်** ခံယူပြီး ပင်ပင် ပန်းပန်း၊

ဇဲသတ္တိဝိရိယနဲ့ သဒ္ဓါကရားနဲ့ ဂ္ဂန္ဒြေနဲ့၊ သမာဓိနဲ့ ပညာနဲ့ သတိနဲ့ ကျင့်ကြံကြိုးကုတ် အားတုတ်တော်မူကြတဲ့ အရိယာ သံဃာတော် အရှင်မြတ်တွေကိုလဲ ကြည်ညိုလေးစားသမှုပြု ရမယ်၊ မဂ္ဂင်ရှစ်ပါး သစ္စာ ၄ ပါးနဲ့တကွ အကြောင်းအကျိုး ယှဉ်ဆဲနေတဲ့-ဒီသံသရာမှာ သံသရာအတွက် ဝဋ်မြစ်ဖြတ်ဆေး အဖြစ်နဲ့ ကိုလေသာကို သတ်နိုင်တဲ့ စွမ်းရည် ရမှ သာလျှင် ဒီရုပ်နာမ်တွေဟာ ချမ်းသာရာ ရမယ်ဆိုတဲ့ နားလည်မှုကိုလဲ ရင်ဝယ်ပိုက်ထားရမယ်။

ဒီလို ဘုရား၊ တရား၊ သံဃာရဲ့ ဂုဏ်တော် မျှားကို ဟုတ်တိုင်းမှန်စွာ သိနားလည်ပြီး ဝိစိကိစ္ဆာပြုတ်သွား၊ သေသွားရင် အရိယာ ဖြစ်ဘို့ အတွက် ခြေလှမ်းတဖက် သေချာပြီးသားဖြစ်သွားတယ်။ နောက်တလှမ်းကတော့ ဒီရုပ်နာမ်တွေ ရထားမှုဖြင့် ရုပ်နာမ်တွေဟာ ငါမဟုတ်တော့ဘူး၊ ရုပ်နာမ်တွေဟာ ရုပ်တို့ နာမ်တို့ရဲ့ သဘာဝတွေ၊ ရုပ်တဲ့နာမ်တဲ့၊ ခေါ်သာခေါ်ရတယ် တကယ်တော့ ဓမ္မသဘာဝတွေပါ။

ဒီသဘာဝ လေးတွေဟာ ဖြစ်ပေါ် လာတဲ့ အခါမှာ နှိပ်စက်တတ်တယ်။ ဒုက္ခဖြစ်တတ်တယ်၊ နောက်ပြီး ကြာကြာ မနေ၊ ပျက်စီးသွားတယ်၊ အပျက်တရားလေးတွေ ပါလား၊ နှောင့်ယှက်ဘို့လာပြီးတော့ ခပ်မြန်မြန်ပြန်သွားတဲ့ ရန်သူတွေလို့ သဘောပေါက်ထားရင် ရုပ်နာမ်မှာ ဖြစ်ပေါ်လာတဲ့ ဒီတရား တွေကိုဒုက္ခတရားလေးတွေ၊ မမြဲတဲ့တရားလေးတွေ၊ သူတို့ပျက်စီး

သွားမှုကို ကိုယ်ကထိန်းချုပ်လို့ မရတဲ့အနိစ္စတရား၊ အနတ္တတရား လေးတွေလို့ ဉာဏ်သက်ဝင်ဝင် ဆင်ခြင်ပြီး ယုံကြည်ချက်ပြည့်ဝ သွားရင်လဲ ဒီဝိဇ္ဇာသေသွားတယ်၊ ဒီဝိဇ္ဇာနဲ့ ဝိစိကိစ္ဆာကို သေအောင်လို့ ဒုက္ခဉာဏ်၊ အနိစ္စဉာဏ်၊ မဟာနတ္တဉာဏ်နဲ့ ခန္ဓာမှာ သုံးသပ်ပြီး တဲ့နောက်၊နောက်ဆုံး ဒီရူပ်နာမ်ဟာ ဆင်းရဲလို့ ပျက်လို့ မပိုင် မဆိုင်အပ်လို့ စွန့်လိုက်တယ်ဆိုရင်၊ ဒီစွန့်လွှတ်လိုက်တဲ့ ဉာဏ်ဟာ ဝိဇ္ဇာဉာဏ်ပါပဲ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ၃၁ဘုံမှ နိဗ္ဗာန်နန်းကို ကူးခတ်နိုင်တဲ့ ဝိဇ္ဇာဉာဏ်ကို ထိုးထွင်းသိမြင်ပြီ ဆိုရင် အဝိဇ္ဇာတွေ ကင်းသွားတယ်။ အမှောင်ကြီးကို အလင်း တွန်းလိုက်သလိုဘဲ၊ မိမိ ဉာဏ်မှာလဲ အသိဉာဏ် ပွင့်ပေါင်းသွား တယ်၊ "အော်- ရူပ်နာမ်ဆိုတာ ငါရယ်လို့ မှတ်ထင်ခဲ့တာ အ နုတော့ ဒုက္ခသစ္စာသဘောပါလား၊ အနိစ္စလက္ခဏာပါလား။ သူဟာ ပျက်လေ့ ပျက်ထရှိလို့၊ ကိုယ်ပိုင်တာလဲ မဟုတ်ပါလား အကြောင်းနဲ့အကျိုး သူ ပျက်ချင်ပျက်တာဘဲ၊ သူသဘောနဲ့ သူဖြစ်လာပြီး နောက်တော့ ပျက်သွားတာဘဲ" လို့ ခပ်ခွာခွာ ဆင်ခြင်စဉ်းစားလိုက်ရင် ဝိဇ္ဇာဉာဏ်ဦးစီးရာကျပြီ ၊ အခြားတ ဖက်မှာလဲ အော်- ဒီသံသရာမှာရူပ်နာမ်တွေရှိတယ်၊ ရူပ်နာမ် တွေမှာဖောက်ပြန် ပျက်စီးနေလို့ဆင်းရဲတဲ့ ဒုက္ခသဘောတွေရှိ တယ်။ဖောက်ပြန်ပျက်စီးမှုတွေ အတိပြီးနေတဲ့ တည်ငြိမ်မှုမရှိ နှိပ်စက်အပ်တဲ့ဒီထင်းရဲခြင်း ဒုက္ခဟာအမှန်ရှိပါလား၊ပထမအ ချက်အနေနဲ့ နားလည်ထားတယ်။ ရူပ်နာမ်ကိုဆင်းရဲတဲ့သစ္စာ

လို့မြင်ပြီ။ဆင်းရဲတဲ့သစ္စာကိုဆင်းရဲတဲ့ သစ္စာမှန်း မသိကြရင်သ မုဒယဖြစ်ကြ၊လုပ်ကြအကြောင်းခံကြတယ်။ သမုဒယဆိုတာ၊ ရင်မှာခင်တယ်၊ မင်တယ်၊ငဲ့တယ်ဆိုတဲ့ သဘောတွေ ဝင်လာ တယ်။အလိုလိုက်တဲ့သဘောတွေဝင်လာတယ်၊ ဒီက ရှေ့လျှောက် ဝိဿမလောဘတွေ၊ အခမ္မရုဂတွေ၊ မိစ္ဆာခမ္မပရေတာတွေ ဝင်လာတယ်။အဲဒီအခါမှာ ရုပ်နာမ် ဆင်းရဲကိုခြင်းဆင်းရဲခြင်း မှန်းမသိတော့ဘဲနဲ့ လောဘ၊ ဒေါသ၊ မောဟတွေ စေခိုကို လှုပ်ရှားရတဲ့ရုပ် နာမ်အဖြစ်နဲ့ ပင်ပန်းပူလောင်စွာ သံသရာ ခရီးကြမ်းကြီးမှာ ဝင်တိုးရတော့မယ်။ ယခုတော့ ဒုက္ခသစ္စာ ကို ဒုက္ခသစ္စာမှန်း ပိုင်းခြားနားလည်ထားပြီမို့ ဒီဒုက္ခသစ္စာ ကိုမလိုချင်တဲ့အတွက် သမုဒယသစ္စာလဲ ချုပ်ငြိမ်းသွားတယ်။ လိုချင်မှုဒုက္ခရမှာ မလိုချင်ရင် ဒုက္ခကိုမရဘူး။ မလိုချင် တာက ဘာဝနာကနေ မဂ္ဂကိုကူးတယ်။ ဒါကြောင့်ဒုက္ခသစ္စာ ကိုပရိညာတဗ္ဗ ပိုင်းခြားသိတဲ့သဘောသည် သမုဒယ သစ္စာ ကို ပဟာတဗ္ဗကိစ္စ ပယ်ခြင်းအမှုပြုလိုက်တယ်။သမုဒယတည်းဟူ သော အကြောင်းကိုပယ်လိုက် သတ်လိုက်တော့ သမုဒယရဲ့ အကျိုးဖြစ်တဲ့ဒုက္ခဟာသေလိုက် ချုပ်လိုက် ဖြစ်တယ်။ သမုဒ ယလဲပယ်ပြီးပြီ ဒုက္ခလဲ ချုပ်ပြီးပြီဆိုတော့ သမုဒယကို ပယ် နိုင်တဲ့ စွမ်းရည်ဉာဏ်ဟာ ဒုက္ခကိုချုပ်အောင်ရှုသတ်လိုက်တယ်။

ဒုက္ခရဲ့ အပျက်ကိုမြင်ပြီးတဲ့နောက် ဒုက္ခကို ဆုံးအောင်ရှု လိုက်နိုင်တဲ့ အဲဒီ မဂ်ဉာဏ်ဟာ နိဗ္ဗာန်သို့ မျက်မှောက်ပြုရ တယ်။

(၁) ဒီလို အကြောင်းနဲ့ အကျိုး အချက်အလက်တွေနဲ့ တိတိကျကျ ခိုင်ခိုင်မာမာ

(၂) ကိုယ်တွေ့ကျင့် လက်တွေ့စမ်းလို့ရတဲ့တရား။

(၃) လူမျိုးမရွေး ဘာသာမရွေး၊ ကြီးငယ်မရွေး၊ကျားမ မရွေး အကာလိကော ဟေပယျကော လာရှုကြည့်လို့၊ အခါမလပ် ကျေးဇူးပြုတယ်ဆိုပြီးအာမခံချက်ရှိတဲ့ စမ်းသပ်စစ်ဆေးမှုကို ခံယူနိုင်တဲ့ တရားတော် ဖြစ်တယ်။

(၄) လူတန်းစားပေါင်းစုံ ဓမ္မဒိဋ္ဌာန်ကျကျ ယုံကြည်သက်ဝင်ပြီး ကျင့်ကြံအပ်တဲ့ တရားတော်။

(၅) ယောဘူယျတရားတော်။

(၆) သမုဒယအကြောင်းခံရင် ဒုက္ခတွေ ဆက်လက်ဆက်လက် ဖြစ်အုံးမယ်။ အဲဒီ ဆက်လက် ဖြစ်ပေါ်မဲ့ ဒုက္ခတရား တွေဟာလဲ ပျက်ပျက်နေဦးမှာဘဲလို့ ကြိုတင် သိနိုင်တဲ့ တရားတော်။

(၇) ဒီ ရုပ်နာမ်ကျတော့ ဖြစ်ပြီး ပျက်တယ်။ ဟိုရုပ်နာမ် ကျတော့ ဖြစ်ပြီးမပျက်ဘူးလို့ မရှိဘဲနဲ့ တသမတ်တည်း၊ တပြေးညီတည်း ဖြစ်တဲ့ ဒီတရားတော်မြတ်ရဲ့ သစ္စာ ၄ပါးကို ခွဲခြမ်း၊စိတ်ဖြာလိုက်တော့ သူ့မှာလဲ သိပ္ပ အသိပညာ တွေ့ ပါနေပြီ။

ဒါကြောင့် ဒီသိပ္ပံပညာနဲ့၊ ဝိဇ္ဇာအသိပညာဆိုတဲ့ ထိုးထွင်းဉာဏ်နဲ့ ယှဉ်ပြီး အကြောင်းအကျိုးနဲ့ နားလည်တဲ့ ဒီဉာဏ်

တွေ့ကို ကိုယ်ခန္ဓာမှာ ဆင်ခြင်သုံးသပ်နိုင်ရင် မျှားစ္ဓာဘဲအကျိုး သက်ရောက်ပါတယ်။

ကဲ–ဤကဲ့သို့ မြတ်စ္ဓာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ဝိဇ္ဇာအသိ ပညာနဲ့ သိပ္ပံအသိပညာ တရားတော်မြတ်တို့ နှာ

ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဖြတ်နိုင်သော
မြတ်ဗုဒ္ဓ၏ဝိဇ္ဇာဉာဏ် နှင့် ပတ်သက်သော
၎ကာက်ချက်များ

အကြင်ဝိပဿနာတရားကို ပွားများ အားထုတ်လို့ကြသော ယောဂီ အပေါင်းတို့သည် ပဋ္ဌိစ္စသမုပ္ပါဒ် ယန္တရားကို မည်သို့ ဖြတ်တောက်မည်နည်း။ သံသရာရေ စီး ကြောင်း သည် လွန် စ္ဓာ မှ ရေစီး သန်လေရာ နည်းစံနစ် မမှန်ကန်သောကျင့်စဉ်ဖြင့် ကူးခတ်ပါလျှင် လိုရာစခန်း ဟို တဖက်ကမ်းသို့ မရောက် အောက်သို့ ဒေါသပါသွားမည်။ မကူးဘဲနေပါလျှင်မူ ခန္ဓာကိုယ်ကြီး၏ လေးလံမှုများကြောင့် ရေထဲ၌ပင် မြုပ်လျှံ၊ နစ်မှန်းသွားရမည်။ အဘယ်သို့လျှင် ဤမှာဘက် သုံးဆယ် တစ်ဘုံ ခေါင်ကမ်းမှ ဟိုမှာဘက် နိဗ္ဗာန် စခန်းသို့တက်လှမ်းကြပါမည်နည်း။

အခြေကျ တရားရှု-တရားရှုဟုပြောဆိုကြသည်။တရားဆိုသည်မှာ ဘာပါနည်း။ ရှုသည် ဆိုသည်မှာကော မည်ကဲ့သို့သောလုပ်ဆောင်ချက်မျိုးနည်း။မည်သည့်အရာ

မည်သည့်နေရာကို ရှုပါသနည်း။ မည်သည့်အရာနှင့် ရှုပါသနည်း။ ရှုလိုက်သောအခါ မည်သို့ ဖြစ်သွားပါ၊ မည်နည်း။ ဤ မေးခွန်းများကို လက်တွေ့ ဝိပဿနာကျင့်ကြံအားထုတ်ဘူးခြင်း မရှိလျှင် မှန်ကန်စွာ ဖြေဆိုနိုင်ရန် မဖြစ်နိုင်ချေ။

ဤဟောစဉ်တွင် ခန္ဓာဥာဏ်ရောက်ဝိပဿနာလုပ်ငန်း လက်တွေ့ကျင့်စဉ် ပဋိစ္စသမုပ္ပါဒ် ဖြတ်တောက်နည်းကို ဃဂဏန ဟောပြဖော်ညွှန်းထားပါသည်။

အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်၊ ရှိတာကို မရှိတာဖြစ်အောင်၊ မရှိသေးတာကို ရှိလာ ဖြစ်ပေါ်လာအောင် တနည်း လိုချင်တာကို မလိုချင်တာဖြစ်အောင် ကျင့်ဆောင်ရခြင်းသည် လွယ်ကူသော ကိစ္စတရပ်တော့မူ မဟုတ်ချေ။ ခပ်ပေါ့ပေါ့ သဘောထားရုံလည်း ဖြစ်နိုင်ကောင်းသော အရာမဟုတ်ချေ။ နက်နဲ ခက်ခဲရှုပ်ပါသော လုပ်ငန်း ဆောင်တာ များ ပင် ဖြစ်ပေသည်။

ဤလုပ်ငန်းဆောင်တာများအကြောင်းကို အသေးစိတ် ချယ်မှုန်းထားသော ခန္ဓာပဋိစ္စသမုပ္ပါဒ်ဖြတ်နည်းတရားတော်မြတ်ကိုနာကြားဘတ်ရှုရုံမျှသာမဟုတ် လက်တွေ့ကျင့်ဆောင်ရန်အထိ တိုက်တွန်းထားသည်သာ ဖြစ်ပါကြောင်း-။

ပဋ္ဌိစ္စသမုပ္ပါဒ်သည် မဖြတ်သေးသမျှလည်း ပြတ်မှာ မဟုတ်၊ ပပြတ်ချင်သေးသမျှလည်း ပြတ်မှာ မဟုတ်။ ပြတ်လောက်သော ခိုင်လုံမှုနှင့်ကန်သော နည်း စံနစ်နှင့် စွမ်းစွမ်းတမန် ကျင့်ကြံ အားထုတ်မှု မပြုသေးသမျှလည်း ပြတ်မှာမဟုတ်။ စိတ်ကူးယဉ်စွာ ပြတ်ချင်နေ၍လည်း ပြတ်မှာမဟုတ်–အမှန်တကယ် ဉာဏ်ပညာ(၀၊) ဝိဇ္ဇာဉာဏ်ပြင့် ထိုးထွင်း ဆင်ခြင်ပိုင်းခြားပြတ်သားစွာ တိတ်ကျကျပြတ်မှ ပြတ်မည်ဖြစ်ရာ–

ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဝိဇ္ဇာဉာဏ်မှတပါး အခြား ဖြတ်စရာ နည်းစနစ်မရှိပါဟူ၍ ယူဆအပ်ပါကြောင်း။

စေတနာမှန်ဖြင့်

နန္ဒ၀ံသ

ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဖြတ်နိုင်သော

ပြတ်ပုဒ်၏ဗိဿဘာဝတော

တဲ့အတွက်၊ ဒုက္ခကို ရအောင် လုပ်တယ်။ ဒုက္ခကို ရတယ်၊ ဆင်းရဲတယ်၊ လောင် ကျွမ်း တယ်၊ ပူ ဆွေး တယ်၊ ဒီဒဏ်တွေကို အလူးအလိမ့်ခံရင်း၊ ဒီသံသရာဝဲသြဃကြီးထည်းမှာ သပြောင်းပြန်ပြန်က ရွှတ်ကင်းလျှောက် ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်လည်နေရတယ်၊ ဒါကြောင့် ယနေ့ ဒီပဋ္ဌိစ္စသမုပ္ပါဒ် ယန္တရားကြီးမှ ထွက်မြောက်ရာထွက်ကြောင်းတရားကိုဟောမယ်။ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာဘဝတွေဘဝတွေ အဖြစ်တွေအဖြစ်တွေနဲ့ဘဝသံသရာကြီးမှာ တပြောင်းပြန်ပြန်၊ အဖန်တလဲလဲ ကျင်လည်ရတဲ့သဘောကို ယူရင်လဲရတယ်။ ယနေ့ခေါ်ကို ဥာဏ်စိုက်ပြီးတဲ့နောက်၊ မြတ်ဘုရားရဲ့ဒေသနာတော်မြတ်ကို ရိုသေလေးမြတ်စွာနာကြား၊ ဆင်ခြင်နှလုံးသွင်းတဲ့ပုဂ္ဂိုလ်တွေအဖို့ ပဋ္ဌိစ္စသမုပါဒ် အနုစားလေးတွေကို ဖော်ရင်းနဲ့ ဒီပဋ္ဌိစ္စသမုပ္ပါဒ်က နေထွက်မြောက်ရာကို ဟောမယ်။

ဆိုကြပါစို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ သိကြတယ်။ ဒီစိတ်ကလေးဟာ ဥပါဒ်ထိဘင်၊ ဖြစ်လိုက်၊ တည်လိုက်။ ပျက်သိုက်နဲ့ ခဏငယ်သုံးချက်နဲ့ ဖြစ်တည်ပျက်နေတဲ့ စိတ်အစဉ်ဟာလဲ၊ တကယ်တော့ ပဋ္ဌိစ္စသမုပ္ပ ါဒ်တရားပါဘဲ။ ပဋ္ဌိစ္စသမုပ္ပ ါဒ် ယန္တရား၊တကယ်တော့ အသေးစားနဲ့အကြီးစား၊ အနုစားနဲ့အကြမ်းစားကွဲတာဘဲ။ တကယ်တော့ ပဋ္ဌိစ္စသမုပ္ပ ါဒ်တရားတော်ဘဲ။ သံသရာလည်နေကြတာ ဘာကြောင့်လဲဆိုရင် ဒုက္ခကို ဒုက္ခမှန်းမသိလို့ လည်နေကြတာဘဲ။ ဒုက္ခကိုဒုက္ခမှန်းမသိတာ ဘာကြောင့်လဲဆိုရင် အဝိဇ္ဇာက အမှန်ကိုမမြင်အောင် ဖုံးအုပ်နေလို့ဘဲ။ ဒီအဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် ဥာဏ်ကိုသုံးလိုက်မှ၊

ပဋ္ဌိစ္စအမှုပွါ၏နဲ့ပတ်သက်လို့ အမှန်ကိုမြင်မယ်။အမှန်ကိုမြင်တော့မှ ဒီယန္တရားက လွတ်မြောက် အောင်မြင်နိုင်မယ်။

ကောင်းပြီ၊ဒီတော့ မိမိခန္ဓာကိုယ်ယန္တရားမှာ အနုစား စိတ်ကလေးတွေဟာ ဟဒယ ရုပ်ဝတ္ထုပေါ်မှာ ဖြစ်ပေါ်ပြီး ပျက်စီး၊ပျက်စီးချုပ်ငြိမ်း ချုပ်ငြိမ်းနေတာဘဲ၊ မိမိကသိလိုက်ဘာလဲရှိမယ်၊ မသိလိုက်တာလဲရှိတယ်၊ စိတ်တခဏလေးတွေ့ဟာ ဖြစ်ပေါ်လိုက်၊ ချုပ်ပျောက်လိုက်နဲ့၊ နာမ်တရားရဲ့ အပျက်တရားတွေဟာ ဒလစပ်ဘဲ။ လုက်ဖျစ်တတ္ထတ်မ ကုန္ဓေတသိန်း ချုပ်တယ်ဆိုတော့၊ စိတ်တရားတွေဟာ အလွန်စိပ်စိပ် ဖြစ်ပေါ်မျက်စီးနေကြပါတယ်။ဒီပဋ္ဌိစ္စသမုပ္ပဒါတ်ယန္တရားကို ဉာဏ်မြင်နဲ့ ဆင်ခြင်ထိုးဖောက်ကြည့်မှ အဝိဇ္ဇာထုတွေ ပြိုကွဲပြီး၊ ဝိဇ္ဇာဉာဏ် အလင်းရောင်တွေရမယ်၊ အဝိဇ္ဇာရဲ့အောက်မှာတော့အမှောင်ထုပိတ်ဖုံးနေလို့ အမှန်ကိုအမှန်တိုင်း မသိနိုင်ဘူး၊ မှားတာကိုလဲ မှားမှန်းမသိနိုင်ဘူး၊ မှားတာကို မှားမှန်းမသိလို့ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ နောက်လိုက်ပြီး လောကမှာ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေးတွေကို ကြည့်လိုက်ပါလား၊ ဉာဏ်လေးနဲ့ ဆင်ခြင်ပြီးကြည့်လိုက်ပါ၊ သူတို့ ဘာလုပ်နေကြသလဲ။

ပိုးဖလံမျိုးမီးကိုတိုးတော့၊ကိုယ်ကျိုးနဲ့တဲ့အလုပ်တွေ့လုပ်နေကြတာတွေ့ရမယ်။ မလွယ်ဘူး၊ ဒီသံသရာနဲ့ ၃၁ ဘုံကြီးမှာ ကျင်လည်ရပြီးတော့ ဒီသံရုဂ ထက်မြောက်ဘူး ကျွတ်မြောက်ပြီ ကြောင်းကျေနပ်ဖို့ မလွယ်ပေါ့။

မလွယ်တဲ့အကြောင်းကို သိသာအောင် သာမန်လူတွေ ကြည့်လိုက်ပါ၊ ဘယ်လောက် ကရုဏာသက်စရာကောင်းသလဲ၊ သူတို့မှာ လောဘမီးတွေနောက်လိုက်လိုက်၊ဒေါသမီးတွေနောက် လိုက်လိုက်၊ မောဟမီးတွေနောက် လိုက်လိုက်၊ မီးတွေနဲ့ အတူ တဝင်းမှာသိပ်သည်းကျစ်လစ်တဲ့ အကုသိုလ်ထုထည်ကြီးတွေနဲ့ သိုမှီးဆည်းပူးထားတယ်၊ ဒီလို အကုသိုလ် ထုထယ် ကြီးနဲ့မျှား ဘဝကူးလိုက်ကြရင် ဘယ်လိုနေမလဲ။ မရဏာသန္တဇောကိုကျနေ တဲ့အချိန်မှာ တဖက်မှာလည်း တခြား ဘဝကူး ကောင်းစရာ အလားအလာမရှိတော့၊ မကောင်းတဲ့ အတိတ် နိမိတ်တွေက လာပေ လိမ့်မယ်၊ ဒီဘဝမှာလဲ အချိန်ရှိတုန်းက ကုသိုလ် ကောင်းမှုတွေ၊ ဒါန၊ သီလ၊ ဘာဝနာ တရားတွေ၊ သမထ၊ ဝိပဿနာတွေနဲ့ မိမိကိုယ်ကို စင်ကြယ်အောင် သီလသမာဓိ ပညာ မမေ့မြုံ့ခဲ့တဲ့ ဒဏ်ချက်ဟာ သေခါနီးမှာ အတိအကျ သိရမနော။

သေခါနီး ဟိုတုန်းက အချိန်ရှိခိုက် လုံ့လ မစိုက်မိ ခဲ့တဲ့အတွက်ကြောင့် ဒီမှာအကုသိုလ်ထုထည်တွေ သိပ်သည်းကျစ် လစ်စွာ ရင်ဝမှာဆို့နစ်ပြီးတော့၊ ငါ့သားဘွေ၊ ငါ့မယားတွေ၊ ငါ့ပစ္စည်းတွေ၊ ငါ့ဥစ္စာတွေ၊ ငါ့စည်းစိမ်တွေ၊ ငါ့ဆွေမျိုးတွေ ငါ့အာဏာတွေ၊ ငါ့တန်ခိုးဘွေ၊ ငါတတ်တွေ၊ ငါမြတ်တွေနဲ့ ရောလျက်ရှိ တဲ့ ဒီရုပ်နာမ်မှာစွဲလျက်ရှိတဲ့ ဘဝင်မှာ နောက်ဆုံး ချုပ်ငြိမ်းခါနီးမှာ ဘယ်လိုရှိမလဲ။ အင်မတန် တုန်လှုပ်ဖွယ်၊ ကြောက်ရွံ့ဖွယ်၊ စိုးလန့်ဖွယ်တွေနဲ့၊ အိုနာသေကေား သေခြင်း ဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရတတ်တယ်။

ဒါကြောင့် မြတ်ဘုရားရဲ့တရားတော်မှာ ဝိဇ္ဇာဉာဏ် ရှုလိုက်လို့ရှိရင်ဖြင့် ဒီလို ခေါင်းအမျိုးမျိုးပြောင်းရတဲ့ဘဝသံသရာ ပဋ္ဌိစ္စသမုပ္ပါဒ်ယန္တရားကို ရပ်တန့်ပြီးနောက် လွတ်မြောက်အောင် ကျော်နင်း ဖြတ်သန်းနိုင်တယ်။ ဒီပဋ္ဌိစ္စသမုပ္ပါဒ်ယန္တရား ပြတ်အောင်လို့ကတော့ ဝိဇ္ဇာဉာဏ်နဲ့ ဖြတ်မှ ပြတ်မယ်၊ ဒါကြောင့် ထိုးထွင်းဆင်ခြင်ပြီး ပညာသားပါပါ သုံးသပ်နိုင်တဲ့ ဝိဇ္ဇာဉာဏ်ကို အဓိက ထားပြီးတဲ့နောက် ပဋ္ဌိစ္စသမုပ္ပါဒ်ယန္တရား အပြတ်ကိုဟောမယ်၊ မိမိရဲ့ဘဝင်မှာ ဆင်ခြင်ရင်းနဲ့ နာကြည့်ပါ။

ရုပ်နာမ်ရှိတယ်၊ ရုပ်နာမ်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ ဘကယ်တော့ အမှုမဲ့အမှတ်မဲ့နေကြတာ၊ မျက်စိနှစ်လုံး ဖွင့်လိုက်သည်နှင့်တပြိုင်နက် အကုသိုလ်တွေ ဒလဒွန်းကျလာနိုင်တယ် မလွယ်ဘူး။ အတိတ်ဘဝတွေက အယောနိသော မနသိကာယဒဏ်ကြောင့် ဖြစ်ပေါ်လာတဲ့ ကိုယ့်ရုပ်နာမ်မှာ အသိစိတ်တခုပေါ်တိုင်း စင်ကြယ်ပြီလား– စစ်ဆေးလိုက်တိုင်း မစင်ကြယ်သေးဘူး။ မထောက်မညှာမှုန်ကန်စွာ ဥပဒေ ပေးရရင် မစင်ဘွင်းထည်းက လောက်ကောင်လေးတကောင်ဟာ မစင်တွင်းထဲက ကူန်းပေါ် တက်လိုက်တယ်။ တော်တော်မြင့်တက်လာတော့ မတ်စောက်တဲ့ဒဏ်ကြောင့် မကုတ်တွယ်နိုင်ဘဲ လန်ကျတယ်၊ တချို့ကျတော့လဲ မစင်တွင်းထဲမှာဘဲ ပေ့မြော ပျော်မြူးနေတယ်၊ အဝိဇ္ဇာတဏှာရဲ့ ကျွန်ဖြစ်နေတာရှာဘဲ။ တနည်းအားဖြင့်လဲ သူတော်စင်တွေရဲ့အမြင်နဲ့ ကြည့်စမ်းပါ၊ အင်မတန် ခမ်းနားထည်ဝါတဲ့ မဏ္ဍပ်ကြီးအလယ်မှာ ပစ္စည်းဥစ္စာရတနာတွေ၊

ဝတ်ကောင်းစားလှတွေ၊ မင်းပရိသတ်ဗိုလ်ပုံတွေနဲ့ စုဝေးညှိ ခံနေချိန်မှာ၊ မစင်များလိမ်းကျံပြီးဝင်လာသူရှိရင် ဘယ်လိုနေ ကြပလဲ။ နှာခေါင်းရှုံ့ကြမှာ၊ မလိုလားမှာသေချာတယ်၊ အဲဒီ ထက်ဆိုးတယ်မှတ်ပါ။ သူတော်စင်တွေကကြည့်ရင် အဝိဇ္ဇာတ ဏှာထူထူ လိမ်းကျံပြီး သစ္စာဆိုက်အောင် မကျင့်ကြံ၊ မကြိုး စားတဲ့၊ လောဘ၊ ဒေါသ၊ မောဟမီးတွေ ရင်ဝယ်ပိုက်နေတဲ့ လောဘ ဒေါသ မောဟကို ငါ့ထင်ပြီး သိပ်သည်းကျစ်လစ်တဲ့ အကုသိုလ်မီးတွေ ဘဝင်မှာ သိမ်းသိုပြီး အဟုတ်မှတ်၊ ခိုင်မာ တယ် မြဲမြံတယ်လို့ ဖက်တွယ်နေတဲ့ ရုပ်နာမ်တွေကိုသူတော် စင်တွေမြင်ရင် ဘယ်လိုနေမလဲ။



သစ္စာဆိုက်ဆိုက်မသိခဲ့လို့၊ နှလုံးသွင်းမှားခဲ့လို့ ဒုက္ခတွေရပြီ။ ဒီဒုက္ခကြီးကို သေသေချာချာ ဉာဏ်နဲ့ ဆင်ခြင်လိုက်တော့ မမြဲတဲ့သဘောရှိတယ်၊ ဉာဏ်အောက်မှာ ဒုက္ခတရားတွေဟာ ပျက်ပျက်နေပါတယ်၊ မမြဲဘူး ပျက်နေရင် ဒီဖြစ်ပေါ်လာတဲ့ ဒုက္ခတရားဟာ လုံးလုံးချုပ်လိုက်ပါလားဆိုတော့ မချုပ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သန်ဓါရ အစားထိုးရှိနေတယ်။ ဟိုတုန်းက မသိလို့ လိုချင်၊ လိုချင်လို့ ပြုလုပ်၊ ပြုလုပ်တော့ရရှိ၊ ရရှိတော့ ခံစားရတယ်။ ဒီဒဏ်တွေရဲ့ အရှိန်တွေက ပါနေတော့ ကိလေသာ ရေသောက်မြစ်ကြီးကို တူးဖော်ခြင်းမပြုရသေးတော့ ဒီကိလေသာ ရေသောက်မြစ်ကြီးကနေပြီး အကိုင်းအခက်အရွက်အလက်တွေ ဝေစီပြီးတော့ သီးလိမ့်မယ်။ ပူသီး နာသီး သေသီးတွေ သီးလိမ့်မယ်၊ ဒီအသီးလေးတွေချေနေလို့တော့ ပဋ္ဌိစ္စသမုပ္ပါဒ် ယန္တယားကြီးက မပြတ်ပါ၊ ဒါကြောင့် ယနေ့ဝိဇ္ဇဝိဉာဏ်နဲ့ ထိုးထွင်းပြီး ပဋ္ဌိစ္စသမုပ္ပါဒ် ယန္တရားကြီးပြတ်အောင် ကိလေသာ အမှတ်ပါ အမြစ်မကျန် တွန်းလှန်ဖြိုဖျက်ကြစို့။

ဒါကြောင့် ဉာဏ်ပညာနဲ့ ဆင်ခြင်လိုက်တော့ ခန္ဓာကိုယ်အတွေ့ဘောကြီးဟာဒုက္ခချည်းပါဘဲ။ ဆင်းရဲတဲ့သဘောချည်းဘဲ။ ဆင်းရဲတဲ့ သဘောကို (ဒေသချာစွာ ဉာဏ်နဲ့စိုက်ကြည့်ပါနော်) ဆင်းရဲတာမှန်းသိတာက ဉာဏ်၊ဆင်းရဲတာက ရူပ်နာမ်၊ ရူပ်နာမ်နဲ့ ဉာဏ်ကွာသွားပြီနော်။ ဉာဏ်မှာ အသိပဉ္ဇာနေရင် ချမ်းသာရာ ချမ်းသာကြောင်းရနိုင်တယ်။ ဒုက္ခရူပ်နာမ်ကို ငါလို့ဖက်တွယ်နေရင်ပင်ပန်းတယ်။ ဒါကြောင့် ရူပ်နာမ်နဲ့ပနေနဲ့ ဒုက္ခနဲ့

ငါနဲ့ မနေနဲ့၊ ဉာဏ်နဲ့ နေ၊ ဝိဇ္ဇာဉာဏ်နဲ့ နေ၊ ပညာဉာဏ်နဲ့ နေ ထိုးထွင်းဆင်ခြင်နိုင်တဲ့ ဉာဏ်နဲ့ နေ၊ ဒီလိုနေရုအောင်လို့ မိမိရုပ်နာမ်ကို ဉာဏ်နဲ့ ဆင်ခြင်လိုက်စမ်းပါ။ ဒုက္ခသဘောကြီး ပါလား။ သို့သော် မြတ်ဘုရား တရားတော်ဟာ "မင်းတို့ တတွေ ဆင်းရဲတဲ့ ရုပ်နာမ်ကိုရုပြီ၊ ဒီတော့ ဆင်းရဲတဲ့ဒဏ် ခံကြ" လို့။ ဒီလို "အဆိုးရှုဝါဒ" မဟုတ်ဘူး။ မြတ်ဘုရားရဲ့ တရား တော်မြတ်ဟာ ရုပ်နာမ်ဟာ ဆင်းရဲလို့၊ ဆင်းရဲတာတွေချုပ် ငြိမ်းအောင်ချုပ်ငြိမ်းစေနိုင်တဲ့စွမ်း။ရည်ရွယ်ချက်စဉ်တွေကိုပေးနိုင် သယ်၊ ဆင်းရဲတာတွေ ချုပ်ငြိမ်း ပြီးငြိမ်းတဲ့ နိဗ္ဗာန်ဓာတ်ကို စံမြန်းဘို့ရာဟောတော်မူခဲ့တဲ့'သစ္စာဝါဒ"သာဖြစ်တယ် "အဆိုး ရှုဝါဒ"မဟုတ်ဘူး။

ရုပ်နာမ်ကြီးဟာ မမြဲတဲ့ သဘောကြီးလို့ ဉာဏ်အောက် မှာ ဆင်ခြင်မိတယ်။ အော်.... မင်းဟာ အတိတ်က နှုလုံးသွင်း မှားခဲ့လို့ ဒုက္ခ ဖြစ်လာခဲ့ပြီ၊ ဒီ ဒုက္ခဟာ "အနိစ္စ ဒုက္ခ သုတောဝါ" ငါမဟုတ်တဲ့ ဒုက္ခတရားဟာ မလွဲမသွေ ပျက်စီးရမဲ့ တရားပါလားလို့ ဉာဏ်နဲ့ ဆင်ခြင်လိုက်ပါ။ ဉာဏ်နဲ့ ဆင်ခြင် တဲ့အခါမှာ ရုပ်နာမ်ကို ငါနဲ့ တွဲပြီးတဲ့နေ့ကတည်း ရုပ်နာမ်ရဲ့ဒုက္ခ အမှန်ကို မသိတဲ့အတွက် ဒီလို ငါမျိုး၊ ဒီလိုရုပ်နာမ်မျိုး ထပ်လိုချင် တယ်၊ လိုချင်တော့သမုဒယပေါ်၊ သမုဒယပေါ်တော့ ရအောင် လို့ပြုလုပ်တယ်။ ပြုလုပ်တော့ ရုပ်နာမ်ပြန်ရပြီး ဒုက္ခပြန်ခံစားရ တယ်။ ဒီ ပဋ္ဌိစ္စသမုပ္ပါဒ်ယန္တရားမှ ထွက်မြောက်အောင်လို့ ရုပ်နာမ်ကို ဒုက္ခ လို့ ဆင်ခြင်လိုက်ပါ၊ အော်– ရရှိထားတဲ့ရုပ်

[illegible]

ဒါကြောင့် မလျော့သော ဇွဲရှိရတယ်။ ထက်သန်တဲ့ ပိရိယ ဇွဲလုံ့လနဲ့ ခိုင်မာတဲ့ ယုံကြည်ချက်နဲ့ ရှုသတ်ရတယ်။ အဲဒီအခါမှာ ဒုက္ခအသေးစားလေးလဲ သူ့နောင်တော်တွေလို အနိစ္စ ဖြစ်သွားတယ်။ ဒီအခါမှာ သဘောလေးတွေအတော် စင်ကြယ်လာတယ်၊ စင်ကြယ်လာတော့ ဟဒယမှာ ကြီးစွာသော အပူးမီတို့၊ ကြီးစွာသောတုန်လှုပ်မှုတို့ သိပ်သည်းကျစ်လစ်သော ဒုက္ခတရားတို့ မရှိတော့ဘူး၊ အနိစ္စဖြစ်သွားပြီ၊ ထပ်မံ၍ ဆင်ခြင်လိုက်တဲ့ အခါကျတော့ ဒုက္ခကို ပယ်သတ်ပေးတဲ့ ဒီတရားတော်မြတ်ဟာ တကဲ့လက်တွေနဲ့ ယှဉ်တဲ့ ချမ်းသာမှု အစစ်အမှန် ပေးတဲ့ တရားတော်မြတ်ကြီး၊ ဒီတရားတော်မြတ်ကို ဝိဇ္ဇာဉာဏ်နဲ့ မှန်မှန်ကန်ကန် ထိုးဖောက်ပြီး သိနားလည်လိုက်ရင်တော့ ဒီရုပ်နာမ်ဟာ ခန္ဓာကြီး မစွန့်လိုက်ရသေးပေတဲ့လို သက်သာရာရပါတယ်။

အခါမလတ်လဲ ကိုလေသာတွေ စင်ကြယ်သွားရင် ဒီဌိတွေ၊ ဝိစိကိစ္ဆတွေပြုတ်သွားရင် နိဗ္ဗာန်ကို မျက်မှောက်ပြုဘူးသွားပြီမို့ မိမိမျက်မှောက်ပြုဘူးတဲ့ နိဗ္ဗာန်ကို မကြာခဏ အချိန်ရသလို မျက်မှောက်ပြုခြင်းဖြင့် ငြိမ်းအေးချမ်းသာပြီး နေနိုင်ပါတယ်။ နိဗ္ဗာန်ချမ်းသာသည်သာလျှင် ပကတိ ချမ်းသာစစ်မှန်သော ချမ်းသာဖြစ်ပြီး ရုပ်နာမ်နဲ့ ပတ်သက်တဲ့ ချမ်းသာမှုတွေကတော့ ဝေဒနာရုပ်နာမ်နဲ့ ခံစားမှုနဲ့ ယှဉ်တဲ့ သုခပိတိဖြစ်တယ်၊ ပျက်စီးတတ်တဲ့ အရာတွေမို့လို့ သူတော်စင်တွေမကြိုက်သေးဘူး၊ ပြီးပြည့်စုံတဲ့ သူတွေ မကြိုက်သေးဘူး။

ဒါကြောင့် သူတော်စင်တွေ ကြိုက်နှစ်သက်တဲ့ ငြိမ်းအေးတဲ့ ဓာတ်ကြီးကို မိမိကိုယ်တိုင် ဉာဏ်သက်ဝင်နိုင်အောင် ခန္ဓာပဋိစ္စသမုပ္ပါဒိ ယန္တရားကို ဝိဇ္ဇာဉာဏ်နဲ့ဖြတ်ချလိုက်မယ်။အဝိဇ္ဇာဖုံးလွှမ်းနေတဲ့ ပုဂ္ဂိုလ်တွေသာ ရုပ်နာမ်ကို ဒုက္ခမှန်းမသိလို့ ရုပ်နာမ်ကိုလိုချင်၊ ရုပ်နာမ်ကိုလိုချင်လို့ ရရှိအောင် သင်္ခါရတွေ ပြုလုပ်တယ်။

ရုပ်နာမ်ရရှိတယ်။ အဲဒီအခါမှာ အိုလိုက် နာလိုက် သေလိုက် ပူလောင်ဆွေးမြေ့လိုက်နဲ့ ဒုက္ခဝင်္ဂတွေခံရတယ်။ဒုက္ခဝင်္ဂတွေခံရပါမျှားတော့ နောက်ဆုံးမှာ မြတ်စွာဘုရားရဲ့ သာသနာတော်နဲ့ လဲ ကြုံကြိုက်၊ မိမိကလဲ အသိဉာဏ်ပညာရှိတဲ့ မနုဿလူသားဖြစ်လိုက်၊ သာသနာတော်နဲ့ ပတ်သက်တဲ့တရား အဆိုအမိန့်၊ ကြားနာရခဲ့တဲ့ သစ္စာတရားနဲ့ ပတ်သက်တဲ့ တရားတော်မြတ်ကို နာကြား၊ မိမိကိုယ်တိုင်ကလဲ သဒ္ဓါတရား၊ ဝိရိယတရားကလဲရှိ၊ ပညာဉာဏ်နဲ့ ဆင်ခြင်သုံးသပ်လိုက်ရဲ့အခါမှာ အော်–ပဋိစ္စသမုပ္ပါဒ် ခန္ဓာ ယန္တရားကြီးပါကလား။ ဒုက္ခကိုဒုက္ခမှန်းမသိလို့ သမုဒယဖြစ်နေကြတာပါလား။ ဒုက္ခမှန်းသိလို့ မလိုချင်ရင် ပယ်စွန့်နိုင်တဲ့ လမ်းစဉ်ကြီးရှိပါကလား။ ဒုက္ခယန္တရားကို တိကနဲဖြတ်လိုက်ရင်ဖြင့် ဒုက္ခယန္တရား စက်မလည်နိုင်တော့ပါလား။ ဒီလိုဖြတ်နိုင်တဲ့ ဉာဏ်ကလဲ နိဗ္ဗာန်ကိုဘဲ မျက်မှောက်ပြုနေတော့မှာ ပါလား။ နိဗ္ဗာန်ရဲ့ အပူဂျင်းပုံ၊ ငြိမ်းအေးပုံ၊ လောကဓံမရှိပုံ။ တဏှာကင်းငြိမ်း ရာဂစင်ကြယ်ပုံတွေကို သာ ဆင်ခြင်ပြီး မျက်မှောက်ပြုနေတော့မှာဖြစ်တယ်။

ဒါကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ် ယန္တရားလှည့်လည်မှုကို ရှေ့ဘုန်းတော်ရှင် ဘုရားသခင်ကိုယ်တော် မိုးတိုက်ကြီးဟောကြားတော်မူခဲ့တဲ့ မဂ္ဂင်ရှစ်ပါးမှာ အရေးကြီးဆုံးဖြစ်တဲ့ သမာဓိဌိမှန်ကန်တဲ့ ဥာဏ်အမြင်နဲ့ ဝိဇ္ဇာဥာဏ်အမြင်နဲ့ ပညာသားပါပါ ဖြတ်တောက်ပစ်ပါ။

ဖြတ်တောက်နည်းကား ဆိုရင်တော့ အော်—အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်ရင် ပဋ္ဌိစ္စသမုပ္ပါဒ် ရပ်တာဘဲ။ မသိတာကို သိအောင် လုပ်ပစ်လိုက်ပါ။ ဒုက္ခတရားကို မသိရာမှ ဒုက္ခတရားကိုသိအောင် လုပ်ပစ်လိုက်။ သိရင် ဝိဇ္ဇာဘဲ။ အမှန်ကို မသိရာမှ အမှန်ကိုသိအောင် လုပ်ပစ်လိုက်။ အမှန်ကိုသိရင် ဝိဇ္ဇာဥာဏ်ရတာဘဲ။ အမှန်ကိုသိတဲ့ဝိဇ္ဇာဥာဏ်ဟာ ပဋ္ဌိစ္စသမုပ္ပါဒ် ယန္တရားကို ရပ်တန့်ပစ်နိုင်ပါတယ်။ ဒီပဋ္ဌိစ္စသမုပ္ပါဒ် ယန္တရားရပ်တန့်ရင် ခန္ဓာကိုယ်မှာလဲ ချမ်းသာတဲ့ သဘောတွေ ကိန်းအောင်းပြီးလာတယ်။ နိဗ္ဗာန်ဓာတ်ကို မျက်မှောက်ပြုခြင်းဖြင့် ငြိမ်သက်သော ငြိမ်းအေးတဲ့ သဘောကို ကိုယ်တိုင်သိနိုင်တယ်။

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ အဆိုအနှစ်ပါတဲ့ ဤခန္ဓာဥာဏ်ရောက် လက်တွေ့ကျင့်စဉ် ပဋ္ဌိစ္စသမုပ္ပါဒ် ဖြတ်နည်းဖြစ်တဲ့ ဝိဇ္ဇာဥာဏ်ကို ထိုးထွင်းပြီး မိမိခန္ဓာမှာ ထိုးထွင်းပါ။ ဆင်ခြင်ပါ။ နှလုံးသွင်းပါ။ လောကဓံရှစ်ပါးနဲ့ နိမ့်လိုက်။ ဆင်းလိုက်။ မြင့်လိုက်။ တက်လိုက်။ ဂုဏ်သရေရှိလိုက်။ ဂုဏ်သရေကျလိုက် ဝမ်းသာစရာတွေ ဝမ်းနည်းစရာ

ခတ္တလိုက်နဲ့ တပြောင်းပြန်ပြန် ကျင်လည်နေရတာ။ နောက်ဆုံး တော့ အပျက်တရားတွေချည်းပါလား။ ခန္ဓာမှာ ဖြစ်ပေါ်တာတွေကလဲ အပျက်တရား။ ခန္ဓာကြီးကိုယ်ကလဲ ငါ့ရုပ်ငါ့နံ့ဝမ်မရှိဘူး။ သွေး, ပြည်, သလိပ်, ရိုးတွင်းခြင်ဆီ, အရေထူ, အရေပါး, အစာဟောင်း, အစာသစ်, အကြောတွေနဲ့ တည်ဆောက်ထားတဲ့ အကောင်ပုပ်ကြီး။ ငါလို့မျှား ဘယ်နေရာ အပ်ဖျားဘယောက် ရှာရပါမတုန်း။ အချိန်တိုက်ဆိုင်တာနှင့် ဒုက္ခပေးဦးမည်။ သူကဖောက်ပြန်တယ်။ ပျက်စီးတယ်။ မိမိ ပြကတိ အရှိသဘောမှ သွေဖီတတ်တဲ့သဘောဖြစ်တဲ့ ရုပ်တရား အစုအဝေးကြီး။ ဒီနာမ်တရားဆိုတာကလဲ မှတ်စရာရှိတာမှတ်။ သိစရာရှိတာသိ။ ခံစားစရာရှိတာ ခံစား။ ပြုပြင်စရာရှိတာတွေ စေ့ဆော် ပြုပြင်နေတဲ့ ဒီရုပ်နာမ်ရဲ့ အစုအဝေးကြီးဟာ တကယ်တော့ ဘာလေသာဝင်္ဂဇောတွေ ရှိရင်ရှိ။ ကမ္မဝင်္ဂဇောတွေရှိချင်ရှိ။ ဝိဘာဂဝင်္ဂဇောတွေ ရှိရင်ရှိ။ ဝိဘာဂဝင်္ဂကတော့ ရှိနေတာဘဲ။ ရုပ်နာမ်ရထားခြင်းကိုက ဝိဘာဂဝင်္ဂဘဲ။ ဝင်္ဂကောင်ကြီးဘဲ၊ ဒီဝင်္ဂကောင်ကြီးကို မလိုချင်ရင်ဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်တရားကို ဖြတ်နိုင်တဲ့ ဥာဏ်အင်အားကောင်းအောင် ကြိုးစားပေတော့။

ဤကဲ့သို့ ကြိုးစားရင်းဖြင့် မိမိခန္ဓာကိုယ်မှာ အပူမီးတွေကို ရေနဲ့ငြိမ်းတာကမှ ဝုတ်ကနဲ ရှဲကနဲ မြည်းလိမ့်ဦးမည်။ မဂ်ရေစင်ဖြင့် ငြိမ်းလိုက်တဲ့အခါမှာတော့ ခန္ဓာမှာ ပြကတိ ငြိမ်းချမ်းသာပြီး ပူလောင်မှုမျှား ဆိတ်သုဉ်းကွယ်ပျောက် သောကမျှား ကင်းရှင်းခြင်းသို့ ရောက်ရပါမယ်။

ဒီအခါမှာ တရားတော်က ပေးအပ်နှင်းနိုင်တဲ့ ဓမ္မာအရှ သာများကို မိမိကိုယ်ဘိုင် မရှောင်မလွဲ၊ ပင်ြင်းဆန်နိုင်အောင် ရှပါမယ်၊ မျက်စမှောက်ပ္ပု ခံစားရှပ်မယ်။

ဒါကြောင့် ရှပ်နာမ်ကြီးအပေါ်မှာ နုဂိုကထားရှိခဲ့တဲ့

ဆုံးသေခြင်းတရားနဲ့ ရင်ဆိုင်တဲ့အခါမှာ ငြိမ်းငြိမ်းအေးအေးနဲ့ ပြုံးပြုံးနဲ့လက်ခံနိုင်ပါတယ်၊ အော်....မင်းသေခြင်းတရားက လာပြီ၊ ငါတို့သိပြီးသားဘဲ၊ တနေ့ သေမယ်ဆိုတာ သိပြီးသား၊ ကဲ....အခုသေမင်းလက် ဝင်ကွက်အပ်လိုက်ပြီ၊ ဘာပူစရာရှိတုန်း မိမိကသိပြီးသား၊ ပဋိစ္စသမုဒ်ပါဒ်ယန္တရားကိုလဲ ပြတ်ပြီးသား ငြိမ်းအေးတဲ့ ဓာတ်နဲ့ ဆင်ခြင်နေတယ်။ မိမိရဲ့ ဘဝင် ဟာဒယ နှလုံးမှာလဲ အနိစ္စရှုထားတော့ ဖြစ်စရာတွေ့ ပေါ်မလာတော့ဘူး၊ တမှုဒယအကြောင်း မခံတော့ ဒုက္ခဘယ်ဖြစ်မတုန်း၊ နဂိုက ဒုက္ခလေးတွေ့ သတ်ခဲ့ပြီ၊ အခုလဲ ဒုက္ခမလိုချင်လို့ သမဒုယအကြောင်း မခံတော့ဘူး၊ ဒီလိုအကြောင်း မခံတော့ဘူး၊ ဒီလိုအကြောင်းမခံတော့လဲ အကျိုးဒုက္ခက မပေါ်တော့ဘူး၊ မပေါ်တော့ ဘာရှိလဲဆိုတော့ ဒုက္ခမှ မဖြစ်ပေါ်ဘဲ သုခဘဲဖြစ်ပြီး ငြိမ်းနေတယ်ပေါ့၊ ငြိမ်းငြိမ်း အေးအေးနဲ့ဘဲ သေမင်းလက် ဝင်ကွက်အပ်ပြီး ဒီရုပ်နာမ်ကြီးတော့ တော်ပြီ။ ရုပ်တရား နာမ်အစုအဝေးဟာ ရင်ဝယ်သိမ်းပိုက်နေရင် ဆက်လုက်ခေါင်းပြောင်းပြီးတဲ့နောက် အိုနာသေဘေးနဲ့လဲ မလွတ်၊ အပူသောကနဲ့လဲ မလွတ်နေတော့မှာမို့ ကဲ....ဒီဘဝဒီမျှနဲ့ဘဲ ဒီရုပ်နာမ်နေခဲ့ပေတော့၊ ၃၁ဘုံကြီးလဲ နေခဲ့ပေတော့၊ တဏှာ အဝိဇ္ဇာ ကိလေသာတွေ့လဲ ကျန်ခဲ့ပေတော့။

မိမိကဟော့ တဏှာကိုစွန့်တဲ့ဥာဏ်နဲ့ဘဲ နိဗ္ဗာန်ဆိသို့ ဦးတည်ရည်မှန်းပြီးတဲ့နောက် ငြိမ်းချမ်းစွာ မျက်မှောက်ပြုရင်းနဲ့ နိဗ္ဗာန်ဓာတ်ကို ကိုယ်တိုင်ဘဲ သက်ဝင်ပြီး မျက်မှောက်ပြု

ရင်းနဲ့ စံမြန်းတော့မယ်၊ ဒီခန္ဓာကိုယ်နဲ့ သံသရာကို ခြေကန်နိုင်တဲ့ စွမ်းရည်ရအောင် ကြိုးစားရမယ်။

ဒါကြောင့်မို့ ဤကဲ့သို့ မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီး၏ ပဋိစ္စသမုပ္ပါဒ်ယန္တရားကို ဖြတ်တောက်နိုင်တဲ့ ဝိဇ္ဇာ ဉာဏ်ကို နားကြားကျင့်ကြံ ကိုယ်တိုင်ဆင်ခြင် သုံးသပ်နှလုံးသွင်းရတဲ့ ကုသိုလ်ကံ စေတနာအပေါင်းတို့ကြောင့် လောကုတ်လောကီ နှစ်လီးသာ အကျိုးစီးပွားများ ဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းတဲ့အပြင် ပဋိစ္စသမုပ္ပါဒ်ယန္တရားကြီး အဖန်ဖန်ဝဲလည်ပြီးနေတဲ့ မလိုလားအပ်တဲ့ရုပ်နာမ်ဒုက္ခတွေစုပုံနေတဲ့ ခေါင်းအမျိုးမျိုး ပြောင်းရတဲ့ ဒုက္ခခံရတဲ့ဝဋ္ဋသုံးပါးမှ ကျွတ်လွတ်၍ ဟိုမှာဘက်ဖြစ်တဲ့ ဒုက္ခ ခပ်သိမ်းကင်းငြိမ်းသော၊ အပူမီးမဟပ်နိုင်သော လုံးဝပြီးပြည့်စုံသွားသော ချမ်းသာတကာတို့၏ အထွဋ်အထိပ်ဖြစ်သော ချမ်းသာမှုကိုရရှိတဲ့ နိဗ္ဗာန်နန်းကို စံမြန်းနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေသောဝ်။

"သာဓု-သာဓု-သာဓု"

တိတည်ထားကိုးကွယ်ပြီး တရားဓမ္မကို သစ္စာရှိရှိ တာဝန် သိသိ ဟောတော်မူကြလေ့ရှိသည်။ ဥဒါဟရဏ်အားဖြင့် မိုးကုတ်ဆရာတော် ဦးဝိမလ၊ တိပိဋကဒရ မင်းကွန်း ဦးဝိစိဘ္ဘသာရတို့၏ ဟောပြောပုံများကို ထောက်ရှုနိုင်ပါသည်။ သာသနာသည် အသိခက်ခဲနက်နဲ၍နှုးညံ့သိမ်မွေ့ချမ်းမြေ့သာယာဘွယ်ရာတည်ရှိနေ ရာမိမိကိုယ်တိုင်ကသာသနာအကြောင်း ကောင်းကောင်းမသိဘဲ ပြင်ပ၌ စိတ်ထင်တိုင်း ရမ်းပြီး သာသနာပြုနေ၍ စစ်မှန်သော နည်းဖြင့် သာသနာပြုရာ မကျပါ။ သာသနာတော်သည် လွန်စွာမှ သန့်ရှင်းခလေး မျှားမကြာမီ မစစ်မှန်သော နည်းများနှင့် သာသနာ ပြုနေသူများ ဂိုဏ်းဆရာများသည် မိမိတို့နှင့် မတန်သောနေရာမှ ဖဲခွာ ရှောင်ရှားသွားရမ်ည်မှာ တရားတော်၏ ဓမ္မသဘာဝအတိုင်းပင် ဖြစ်ပါမည်။

တရားဟောပြီးလျှင် ဥပေက္ခာပြု လျစ်လျူရှုရသည်။ ငါဟောသော တရား လူကြိုက်များလား။ ဘယ်လိုနေလဲ။ လူကြိုက်များလျှင် ကောဘဖြစ်, လူကြိုက်နည်းလျှင် ဒေါသဖြစ်, မကျေနပ်စိတ်ဖြစ်, ဤကဲ့သို့ လောဘ ဒေါသ အယောနိသော မနသိကာရ နှလုံးမသွင်းရ, ဤခံယူချက်ဖြင့် ဤတရားကိုဟော ပါသည်။

တရားဟောသောအခါ တရားတော်မြတ်၏ ဂုဏ်ကျေးဇူးကို ဦးထိပ်ပန်ဆင် ဆင်ခြင်ရပါသည်။ ဤသို့ဆင်ခြင်ရာ၌ ရုံဖန်ရုံခါ နှလုံးသွင်း မှန်ကန်လျက် ဟဒယမှာ ကြည်လင်သဒ္ဓါတရား

မျှားထက်သန်လာသည်ဖြစ်၍တရားဟောစမှာပင်တရား၏အနှစ်အဆီ အချုပ်ကို နှုလုံးပိုက်မိသည်။ ထိုနေ့က ဟောရာ၌ ဟောစမှာပင် တရားအနှစ်ချုပ် နိဂုံး၀ါကျမျှားကို ဟောချလိုက်မိပါသည်။ သတိပြုဘတ်ရှုက တွေ့နိုင်ပါသည်။ တရားဟောသူတို့၏ ဖြစ်တတ်သော ကိုယ်တိုင် တရားဓမ္မကို ဥာဏ်သက်ဝင် ဆင်ခြင်၍ဟောသော မမှကထိကတို့ဖြစ်တတ် တွေ့ကတ်သော ဖြစ်ရပ်တခုဟု မှတ်ယူနိုင်ပါသည်။

ရုပ်နာမ်နှင့် ပတ်သက်သမျှ ဒုက္ခဟု ယူထားသဖြင့် ငါ့ကိုယ်၊ ငါ့လက်၊ ငါ့ခြေမရှိတော့ ဥပါဒါန်ပါ ပြုတ်အောင်လိုရင်းမှ သိမ်းကျုံး ဆဲကိုင်ထားသည်မှာ လက်တွေ့ကျင့်လိုသူတို့အတွက် ငါ့ခြေထောက် နာကျင်နေတယ်၊ ငါ့အောက်ပိုင်းကိုက်ခဲတဲ့ ဝေဒနာ ဖြစ်နေတယ်၊ ငါစဉ်သာ နှုလုံးသွင်းမှားမှ ဥပါဒါန်ကြီးမှုမျှားကို ဖြတ်တောက် ပယ်စွန့်စေပါသည်။ လက်တွေ့တရားထိုင်ရာ၌ ငါ့ခြေထောက် ကိုက်တယ်၊ နာတယ်ဟူ၍ ငါမရှိ ခြေထောက်မရှိ၊ အော်....ဒါဒုက္ခဘဲ ဒုက္ခသစ္စာဆိုဒါ ဒါဘဲ ဆင်းရဲတာ အမှန်သည်ရုပ်နာမ်ဟု နှုလုံးပိုက်လျှင် ဒီဋ္ဌိပြုတ်နိုင်ပေမည်။

ဤတရား၌ အဓိက လိုရင်းဖြစ်သော ရုပ်နာမ်၏ ဆင်းရဲပုံ ရုပ်နာမ်ကို ရှုသတ်ပယ်ဖြတ်နိုင်သော ဥာဏ်၏ ချမ်းသာပုံတို့ကို ကဲ့ပြားစွာ ခြားနားနားလည်နိုင်အောင် ဟောပြထားရာ ဥာဏ်ကို ဖက်တွယ်လျှင် ယောဂီမျှား ချမ်းသာကြမည်။ ရုပ်

ရှေ့ကဖြစ်ပျက် နောက်ကမင်

[၁၃၃၈-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက် (၁၁-၁၁-၇၆) ကြာသပတေးနေ့တွင် ရန်ကုန်မြို့ ရွှေတိုဏ်ဘုရား တောင်ဘက်၊ အင်းလေးဓမ္မာရုံ၌ သန္တိ သုခ ဆရာတော် ဦးနန္ဒဝံသ ဟောပြောတော်မူသော "ရှေ့က ဖြစ်ပျက် နောက်ကမင်" တရားတော်။]

မြတ်စွာဘုရားသခင်ရဲ့ ဘရားတော်ကို ဟောတော့မယ်ဆိုတော့ ရှေးဦးစွာ မေတ္တာထားရတယ်၊ အလယ်မှာ သစ္စာပြုပြီး၊ အဆုံးမှာ ဥပေက္ခာပြုရတယ်၊ ဒါကြောင့် ယနေ့ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ တရားတော်မြတ်နဲ့ မြတ်စွာဘုရားအလိုတော်ကျ ကျင့်ကြံအားထုတ်ပြီး သစ္စာတရားကို ထိုးထွင်းသိမြင်သွားတဲ့ အရိယာ သံဃာတော်မြတ်တွေရဲ့ ဂုဏ်ကျေးဇူးများကို ဆင်ခြင်အောက်မေ့ပြီး မေတ္တာပို့မယ်၊ လိုက်ပြီး အာရုံပြုကြပါ။

သဗ္ဗေသတ္တာ၊ အဝေယျာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု
အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု၊
သဗ္ဗေပါဏာ၊ အဝေရာဟောန္တု အဗျာပဇ္ဇာဟောန္တု
အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု၊
သဗ္ဗေဘူတာ၊ အဝေရာဟောန္တု၊သဗျာပဇ္ဇာဟောန္တု၊
အနီဃာဟောန္တု၊ သုခီအတ္တာန ပရိဟရန္တု၊
သဗ္ဗေပုဂ္ဂလာ။အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊
အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊
အဗ္ဗေအတ္တာဘာဝေ၊ ပရိယာပန္နာ၊
အဝေယျာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု
အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု
သဗ္ဗေဂုတ္တိယော၊အဝေယျာဟောန္တု၊အဗျာပဇ္ဇာဟောန္တု
အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊
သဗ္ဗေပုရိသာ၊ အဝေယျာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊
အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊
သဗ္ဗေအရိယာ၊အဝေယျာဟောန္တု၊အဗျာပဇ္ဇာဟောန္တု၊
အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု
သဗ္ဗေနအရိယာ၊ အဝေယျာဟောန္တု၊ အဗျာပဇ္ဇာ
ဟောန္တု၊

အနိစ္စာဟောန္တု၊ သုခိအတ္တာနံ ပရိဟရန္တု၊
သဗ္ဗေဒေဝါ၊ အဝေယျာဟောန္တု အဗျာပဇ္ဇာဟောန္တု၊
အနိစ္စာဟောန္တု၊ သုခိအတ္တာနံ ပရိဟရန္တု၊
သဗ္ဗေမနုဿ၊ အဝေယျာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊
အနိစ္စာဟောန္တု၊ သုခိအတ္တာနံ ပရိဟရန္တု၊
သဗ္ဗေဝိနိပါတိကာအဝေရာဟောန္တု၊အဗျာပဇ္ဇာဟောန္တု
အနိစ္စာဟောန္တု၊ သုခိအတ္တာနံ ပရိဟရန္တု၊
အဝေယျာ ရန်မရှိသည် ဟောန္တု ဖြစ်ပါစေ။
အဗျာပဇ္ဇာ စိုးရိမ်ခြင်းမရှိသည် ဟောန္တုဖြစ်ပါစေ။
အနိစ္စာဆင်းရဲခြင်း မရှိသည် ဟောန္တုဖြစ်ပါစေ။
သုခိအတ္တာနံ၊ မိမိကိုယ်ကို ကောင်စွာချမ်းသာအောင်။
ပရိဟ ရန္တု၊

ကျောင်းဆောက်ခိုင်သော ပုဂ္ဂိုလ်ကုန်းမှ ပြန်ကြားပါ။
သောက်။

ယခုနှစ်တုံးက ရွှေဘုတီဆရာတော်ရှင်ကြီးစာဘုံးအခင်
ကိုယ်တော်ရှိတဲ့ တရုတ်တော်ပြုဘက်မှာ အလုပ်နဲ့ ရုပ်နှင်
တရုတ်ရဲ့ သင်္ဘောသဘောဝမျိုးကို ယောဘုတကျွေးကျ ဟတ်တိုင်း
ရှစ်စာ သိပ္ပံသင်္ဘောပေါ်ကိုပြုတဲ့ ဇောက် ဗောက်...ဒီရုပ်နှင်
ကြီးရဲ့ဘာ ဝိသေသာဒီသဘော ရှိပါလေးဆိုပြီး ဥာဏ်နဲ့ဆင်

ခြင်သဘောပေါက်ပြီးတဲ့နောက် ဤဥာဏ်ကမလိုလားအပ်သော မတပ်မက်အပ်သော မခင်တွယ်အပ်သော စွန့်အပ်သော သွေးပြည် သလိပ်နဲ့ တည်ဆောက်ထားတဲ့ စက်ဆုပ်ဖွယ်ရာ ရူပ်နာမ်ကြီးကို ခြေကန်စွန့်ပယ်ပြီး အလွန်အေးငြိမ်းတဲ့ နိဗ္ဗာန်ဓာတ်ကြီးကို မျက်မှောက်ပြုစေနိုင်ခြင်း အကျိုးငှါ၊ မြတ်စွာဘုရားရဲ့ တရားတော်မြတ်ကို ဟောပါမယ်။

သဗ္ဗညုတ ရှေဥာဏ်တော်ရှင် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောကြားတော်မူခဲ့သော တရားတော်များ အနက် ပဋ္ဌာန်းဂိုဏ်းများကို တရားဟောကြားတော်မူခဲ့ရာမှ ပဋ္ဌာန်းဂိုဏ် ၅—ဦးကိုသာ ရည်ရွယ်ခဲ့တာမဟုတ်ဘူးလို့ သဘောပေါက်နားလည်နိုင်ပါတယ်၊ ရူပ်နာမ်ရှိတဲ့ ဘယ်ပုဂ္ဂိုလ်အတွက်မဆို ရည်ညွှန်းတဲ့ သဘောရှိပါတယ်။ ရရှိထားတဲ့ ရူပ်နာမ် ဆိုတာ တကယ်တော့ ဥာဏ်ပညာနဲ့ ဆင်ခြင်စဉ်းစားလိုက်တဲ့ အခါမှာ ထကယ်တော့ မပိုင်တဲ့ သဘာဝတရားတွေဘဲ။

လူမှာ ရူပ်ခန္ဓာကတပါး၊ နာမ်ခန္ဓာက လေးပါးရှိတယ်။ ရူပကွန္ဓာ၊ ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ၊ ဝိညာဏကွန္ဓာ ဆိုပြီး ခန္ဓာ ၅ ပါးရှိတယ်။ ဒီခန္ဓာ ၅ ပါးကို အကျဉ်းချုပ်လိုက်တော့ ရူပ်နဲ့ နာမ်ဘဲ ပါတယ်။ ရူပ်နာမ် ၂ ပါးကို ဝိပဿနာ တရားအားထုတ်တော့မယ် ရည်ရွယ်လိုက်တဲ့အခါမှာ ထပ်မံ စိစစ်လိုက်တော့ အဇ္ဈတ္တရူပ်နာမ်နဲ့ ဗဟိဒ္ဓ ရူပ်နာမ်လို့ နှစ်ပါးရပါတယ်။ ဝိပဿနာ တရားအားထုတ်တဲ့ပုဂ္ဂိုလ်အဖို့တော့

အဇ္ဈတ္တ ရုပ်နာမ်ဆိုတာ လိုရင်းပါ။ **အဇ္ဈတ္တရုပ်နာမ်ဆိုတာ ဘာလဲ**၊ ဆိုတော့ အာရုံ ၆ ပါးရှိတဲ့အနက်မှာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ အာရုံ ၅ ပါး တံခါး ၅ ပေါက်မှ ပြင်ပလောကနဲ့ တွေ့ထိရတဲ့ ကိစ္စတွေကို **လစ်လျှူရှုလိုက်ပြီး**တော့ တကယ့်ဘဝင် **အဇ္ဈတ္တ** **မနော**ပေါက်ဆိုတဲ့ စိတ်ရဲတည်ရာ**လေး**မှာ **သတိလေးထား**။**စိရိယ**လေး**စိုက်ပြီး ပညာ**ဉာဏ်**လေး**နဲ့ ဆင်ခြင်ရှုသတ်ပြီး**ကြည့်**ပါ။ ဒီနေရာ**ဟာ** လိုရင်း**မိန်းခလုတ်**ပါ**ဘဲ**။ **ဒီမိန်းခလုတ် အဇ္ဈတ္တရုပ်နာမ်ဟာ ဒုက္ခသစ္စာ**ရှိ**ပါတယ်**။ သူဟာ ကျေနပ်စရာနဲ့**တွေ့**လဲ ကျေနပ်ပိတ်ဖြစ်ပြီး နောက်ဆုံး**တော့ ဒုက္ခ**ဝေဒနာ ဖြစ်**သွား**တာ**ဘဲ**။ **မ**ကျေနပ်စရာ**တွေ့**လဲ **ဒေါ**သဖြစ်ပြီး နောက်ဆုံး**တော့** ဒုက္ခ **ဝေဒ**နာ**ဘဲ** ဖြစ်**တယ်**။ သဗ္ဗညုတ ရှေဉာဏ်**တော**်ရှင် ဘုရား**သခင်က** **ပ**ရိသတ်**အ**လယ်**မှာ** **သုခ**ဝေ**ဒ**နာ၊ ဒုက္ခ**ဝေ**ဒနာ၊ ဥပေက္ခာ **ဝေ**ဒနာ**ဆ**ိုပြီး **ဝေ**ဒနာ**သုံ**းမျိုးကို ခွဲခြမ်း**စိ**ပ်ဖြာ**ပြီ**း ဟောတော်**မူ**တဲ့**အ**ခါ**မှာ** **ဘေ**းနား**က** ဉာဏ်ပညာ**ကျ**ယ်ပြန့်တဲ့ နတ်**သား**တ**ပ**ါ**း** က....

"ရှေ**ဘု**န်း**တော**်ရှင် **အ**ရှင်**မြ**တ်**ဘု**ရား၊ **ဝေ**ဒနာ**သုံ**းမျိုး ခွဲ**နေ**ပေ**တ**ဲ့ ဒုလိုရင်း ဒုက္ခ**ဝေ**ဒနာ**လ**ား**သ**ာ ဟောလိုက်**ပ**ါ**တော**့"**လို**သ**ဘော**လေ**း ပေါ်**လာ**တယ်**တ**ဲ့။ **ဒီ**တော့ ရုပ်**နာ**မ်**တို**့**ရ**ဲ့ **အ**ကြံ**အ**စည် **အ**တွေ**း**အ**ခ**ေါ**တွ**ေကို ထိ**း**ထ**ွ**င်**း**သိ**နိ**ုင်**တ**ဲ့ ရှ**ေ**ဘု**န်း**တော် ရှ**င်** **မြ**တ်**စ**ာ**ဘု**ရား**က** "**သ**ာ**ဓု**၊**အ**သ**င်**နတ်**သ**ား**၊' **ပ**ရိ**သ**တ်**ဆ**ိုတ**ာ** **သ**င်**မြ**င်**သ**ိ**သ**လို **မ**မြင်**သ**ိ**နိ**ုင်**ပ**ေ**ဘ**ူ**း**။ **အ**မျာ**း**သူ**ငါ**အ**တ**ွ**က် **ဟော**

ရတာမို့ ဝေဒနာကို ပြန်လည်စိပ်ဖြာပြီး ဟောရတယ်။ တကယ်တော့ သုခ၊ ဒုက္ခ၊ ဥပေက္ခာဆိုတဲ့ ဝေဒနာသုံးမျိုးကို အဆီချုပ်အနှစ်ထုတ်ပြီး ကောက်ချက်ချမယ်ဆိုရင် ဒုက္ခချည်းပါဘဲ" လို့ မြတ်ဘုရား မိန့်တော်မူတယ်။ ဒါကြောင့် ဝေဒနာဆိုတဲ့ ရူပ်နာမ်နဲ့ ယှဉ်ဖွဲ့တဲ့ ခံစားချက်ပေါ်သမျှဟာ ဒုက္ခချည်းဘဲလို့ မှတ်ပါ။

ဒီလိုဖြင့် ရူပ်နာမ်နဲ့ မပတ်သက်တဲ့ အသိဉာဏ်ကဖြင့် ဘာလဲလို့ဆိုရင် ရူပ်နာမ်ကို သေအောင် သတ်နိုင်တဲ့စွမ်းရည်၊

မင်လုံး ၈ လုံးတွေ သမုဒယတွေ အကြောင်းပြုနေတော့ ဒုက္ခနဲ့ သံသရာလည်နေသေးတဲ့ အချိန်မှာ မိမိတို့သည် ဤ ရုပ်နာမ်၌ စွဲကပ်ငြိတွယ်နေတဲ့ မလိုလားအပ်တဲ့ အညစ်အကြေး ကိုလေသာတွေ စင်ကြယ်အောင် ဆေးကြောခြင်းအမှု မပြုနိုင်ခင်မှာတော့ မိမိတို့ ရုပ်နာမ်မှာ ပေါ်လာတဲ့ ဝေဒနာဟာ ဒုက္ခချည်းဘဲ ဖြစ်ရအုံးမယ်။ ဒီဒုက္ခကြီးကို ဉာဏ်နဲ့ ထိုးထွင်းပယ်သတ်လိုက်လို့ ဒုက္ခဆုံးသွားတဲ့အခါမှာတော့ သုခဆိုတာ ရမှာသေချာတယ်။ ဒုက္ခဆုံးရင် သုခရှိတယ်။ ဥဝ ဘုံ ဆုံးရင် နိဗ္ဗာန်ရှိတယ်။ မမြဲတာတွေ ဆုံးရင် မြဲတာတွေရှိတယ်။ မပိုင်တာတွေဆုံးရင် ပိုင်တာတွေ ရှိဘယ်။

နိဗ္ဗာန်သည် ထာဝရငြိမ်းဝေးသော ဖြစ်ခြင်း ပျက်ခြင်း ကင်းသော ရုပ်နာမ်နှင့်ပတ်သက်တဲ့ ကိုလေသာဟူသမျှ မြူမှုပရိသော အလွန်စင်ကြယ်တဲ့ ဓာတ်သဘောဆိုထာ အတိအကျ အခိုင်အမာ ဟောတော်မူခဲ့ပြီးသားဘဲ။

ဒါခြောင့် မြတ်စွာဘုရားနှင့်တကွ ရဟန္တာမျှားကျင့်ကြံ အားထုတ်သွားတဲ့ အလွန်မြင့်မြတ်သော ကျင့်ကြံထိုက်တဲ့ တရားတော်မြတ်ဟာ မိမိရုပ်နာမ်ရဲ့ သဘောသဘာဝကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်ပြီး ဤရုပ်နာမ်၌ဖြစ်ပေါ်နေတဲ့ ဒုက္ခဘုရားတွေ၊ ဤရုပ်နာမ်နှင့် ယှဉ်တွဲနေတဲ့ ကိုလေသာတဏှာတွေ၊ အဝိဇ္ဇာပ ပဋ္ဌာန်းတရားတွေကို ကုန်စင်အောင် အနိုင့် လက္ခဏာနဲ့ ဆေးကြောပြီးရင် ဤရုပ်နာမ်ကြီးကို ခြေကန်နိုင်တယ်။ ဥဝ ဘုံ

ကြီးကို ခြေကန်၊ သံသရာကြီးကို ခြေကန်ပြီးတော့ အလွန်မွန်မြတ်သော၊ ထပ်ဘူညီမျှ တုန္ဒိုင်းစရာမရှိသော နိဗ္ဗာန်ဓာတ်ကို မိမိတို့ကိုယ်တိုင် မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် ဆင်ခြင်ထိုးထွင်းပြီး သိနိုင်မယ်။ ဒါကြောင့် အညစ်အကြေးကင်းစင်မှု လက်ခံတဲ့၊ ငြိမ်းအေးတဲ့၊ ဓာတ်သဘာဝကြီးကိုမျက်မှောက်ပြုလိုတဲ့ ပုဂ္ဂိုလ်များသည် မိမိတို့ရုပ်နာမ်မှာရှိတဲ့၊ ဒီအဇ္ဈတ္တာဘဝင်မှာ ပေါ်လာတဲ့ ဒုက္ခတရားတွေကို အနိစ္စရှုရပါလိမ့်မယ်။ ဒါကြောင့် မိမိတို့အဇ္ဈတ္တာဘဝင်မှာ ဉာဏ်ပညာနဲ့ ဆင်ခြင်လိုက်တဲ့အခါ (၁) ဟဒယ ရုပ်ဝတ္ထုလေး အရင်ပေါ်လာမယ်။ (၂) နောက် ဒီအပေါ်မှာ နာမ်တရားလေး ပေါ်လာမယ်။ (၃) ဒီနောက် နာမ်တရားလေး ပျက်မယ်။ (၄) နောက်ပြီး ဟဒယ ရုပ်ဝတ္ထုလေးက ပျက်မယ်။ ဒီလို ရုပ်ဝတ္ထုလေး ပျက်သွားပြီးတဲ့နောက် အကြောင်းအကျိုးက ရှိတော့ သခ်ါရ အစားထိုးမှုရှိတဲ့အတွက် နောက်တခါ (၁) ဟဒယ ရုပ်ဝတ္ထုလေး ပေါ်လာပြန်ဦးမယ်။ (၂) ဒီပေါ်လာတဲ့ ဟဒယရုပ်ဝတ္ထုလေးအခြေခံပြီး နာမ် တရားလေးကရုပ်ဝတ္ထုလေး ပေါ်မှာ ပေါ်လာမယ်။ (၃) ပေါ်လာပြီး ဒီနာမ်တရားလေးက ချုပ်သွားမယ်။ (၄) ချုပ်သွားပြီးမှ ဟဒယရုပ်ဝတ္ထုလေးကချုပ်သွားတယ်။

အဲဒါဟာ (Process) အစဉ်ဘဲ၊ တကယ်တော့ ဒီ ဟဒယ ရုပ်ဝတ္ထုလေးပေါ်မှာ ပေါ်လာတဲ့ နာမ်တရားလေးဟာ၊ [illegible] ဒီ ယောဂီယောကျ်ားရဆိုတဲ့ နှလုံးသွင်းမှားမှုဒဏ်ကြောင့် ဒီနာမ်တရားလေးဟာ မလိုလားအပ်တဲ့ မှား

ယှင်းနေသေးတဲ့၊ ဒိဋ္ဌိဝိပလ္လာသတွေ၊ သညာဝိပလ္လာသတွေ၊ စိတ္တဝိပလ္လာသတွေဆိုဘဲ့၊ အမြင်မှားအထင်မှား၊ အသိမှား အမှတ်မှားတွေနဲ့ ငါတည်းဟူသော သညာလေးက ကပ်ပြီးတော့ ဒီနာမ်သဘာဝလေးကို ငါထင်တယ်။ ဒီရုပ်သဘာဝလေးကို ငါထင်တယ်။ တကယ်တော့ ဒီခန္ဓာကိုယ်ကြီးကို ပြန်ဆန်းစစ်လိုက်တော့ ငါဆိုတာမရှိပါဘူး၊ မရှိတဲ့ငါကို အရှိလုပ်တဲ့ပုဂ္ဂိုလ်များ ဒုက္ခဖြစ်ဘတ်တယ်။ မြတ်စွာဘုရားကလဲ ဟောတော်မူပါတယ်၊ ရုပ်နာမ်ကြီးကို ငါလို့ သတ်မှတ်လိုက်တဲ့အတွက် ငါကနေ မာန်မာနတွေဝင်ပြီး၊ ဒီရုပ်နာမ်ကြီးရဲ့ အမှန်တရားကိုမသိဘူး။ မသိတဲ့အတွက် **ခင်လုံးမင်လုံ:တွေ့ ့လုံးတွေ** ပေါ်လာရော၊ ဒါတွေဟာ **သမုဒယတွေ**ဘဲ။ သမုဒယဆိုတာ **သစ္စာ**၊ ခင်တာမင်တာဆိုတာ၊ မိမိရဲ့ရင်မှာ တကယ်အမှန်ဘဲ ဖြစ်ပေါ်လာပါတယ်။ ဒီသမုဒယကို နုံပါတ်ကုန်အောင် မပယ်သတ်သေးသမျှ ကာလပတ်လုံး မိမိရဲ့ အဇ္ဈတ္တဘဝင်မှာ **သမုဒယအကြောင်းခံလို့**၊ **ဒုက္ခတွေလဲ ပေါ်လာအုံးမှာ**ဘဲ။

ဒုက္ခနဲ့သမုဒယက အဇ္ဈတ္တဘဝင်ရင်ဝမှာတလှည့်စီ ပေါ်နေတယ်။ **ပေါ်နေတဲ့အခါကျတော့** မိမိတို့ရဲ့ လုပ်ငန်းက **သစ္စာ ၄ ပါးနဲ့ လက္ခဏာရေးသုံးပါး** တပြိုင်နက်ထည့် ဉာဏ်**သက်ဝင်**ရမယ်။ ဘယ်လိုဉာဏ်သက်ဝင်ရမလဲ။ မိမိခန္ဓာလေးကို ဉာဏ်လေးနဲ့ စိုက်ကြည့်ပြီးတော့ ဆင်ခြင်ကြည့်ပါ၊ **ရှေးဦးစွာ** ရထားတာက ဒုက္ခရုပ်နာမ်၊ ဆင်းရဲခြင်းသစ္စာ။ ဒီဆင်းရဲခြင်းကို ဆင်းရဲခြင်းမှန်းက မသိတော့၊ အမိအဖဆိုတဲ့ အဝိဇ္ဇာနဲ့တဏှာက

ဆင်းရဲခြင်းကို လွှမ်းခြုံထားတော့၊ ဆင်းရဲခြင်းကို ငဲ့ချင်လိုချင် တပ်မက်ချင်တဲ့ အာလာယမပြတ်တဲ့ သဘောတွေနဲ့ သမုဒယ ဝင်သွားရော၊ **သမုဒယအကြောင်းခံတော့** ဒုက္ခဖြစ်လာတယ်။ ဒီတော့ သမုဒယကို သတ်ရမယ်။ **သတ်လိုက်တာက သမုဒယ၊ သေသွားတာက** ဒုက္ခ၊ ဒုက္ခသေရင် မျက်မှောက် ပြုတာက နိရောဓဘဲ။ နိရောဓကို မျက်မှောက်ပြုရင် ခန္ဓာကိုယ်ရဲ့ ဝန်ထုပ် ဝန်ပိုးကြီးတွေ ပေါ့သွားမယ်။

အဲ့သည်လိုဘဲ၊ မိမိခန္ဓာမှာစဲ့နေတဲ့အယူမှားနေတဲ့သဘော၊ ဝန်ထုပ်ဝန်ပိုးကြီးတွေ ကျသွားပြီဆိုမှဖြင့် မိမိသည် အလွန် ခုံမ်းသာရာ သက်သာရာရပြီးတော့ တရားတော်မြတ်ရဲ့ ဂုဏ်ကျေးဇူးကို မိမိကိုယ်တိုင် ဆင်ခြင်နားလည် သဘောပေါက်နိုင်တယ်။

ဒါကြောင့် **ပယ်ရမှာက သမုဒယ။ သေသွားတာကဒုက္ခ။ မျက်မှောက်ပြုရမှာက** နိရောဓ။ **ပေါ့သွားတာက ခန္ဓာရဲ့ဝန်။** ကိုယ်တိုင်သိရတာက **တရားမြတ်ရဲ့** ဂုဏ်ကျေးဇူး-လို၊ ဒီလို အစဉ်ရှိတယ်။ ဒါကြောင့် မိမိတို့သည် ရင်ချိုင့်ထည်းမှာ ဖြစ်ပေါ်လာတဲ့ သမုဒယကို လက္ခဏာရေး သုံးပါးနဲ့သာသတ်၊ **သမုဒယ** ဖြစ်လိုက်တဲ့ တပြိုင်နက်၊ ဒုက္ခတရားပေါ်လာပြီ။ ဒီဒုက္ခကို ဒုက္ခ မှန်းမသိရင် မိမိသည် သစ္စာမဆိုက်ပါ။ ရှယ်နှာမ် တခုကို သစ္စာ ဆိုက်မဆိုက် စမ်းသပ်ချင်ရင်၊ **မိမိရှပ်နှာမ်ကြီးကို** ဒုက္ခ ဘဲ လို့ နားလည်ခြင်းရှိမရှိနဲ့၊ စီစစ်လိုက်ပါ။ ပုဂ္ဂိုလ်တဦးဟာ **တရားဌ**

တည်တယ်၊ မတည်ဘူး၊ တရားဥာဏ် ရင့်သန်တယ် မရင့်သန်ဘူး၊ သိနား လည်ချင်ရင် ပေတံရှိပါတယ်။ ဒီပေတံကတော့ ဒီပုဂ္ဂိုလ်ဟာ သူ့ရုပ်နာမ်ကို ဒုက္ခလို့ ဘယ်လောက်အားသေးစိပ် နားလည်ပြီလဲ။ ဘယ်လောက် နက်နက်ရှိုင်းရှိုင်းကြီး နားလည်ပြီလဲလို့ လေ့လာလိုက်ပါ။ မိမိရုပ်နာမ်ကို ဒုက္ခလို့ အသေးစိပ်မြင်လေလေ၊ ဒီပုဂ္ဂိုလ်ဟာ ဒီတရားဥာဏ် ရင့်သန်လေလေလို့ ကောက်ချက်ချနိုင်ပါတယ်။

တနည်းအားဖြင့် ဒီပုဂ္ဂိုလ်ဟာ သူ့ရုပ်နာမ်ကို ဒုက္ခလို့ သိလို့၊ ဒုက္ခကို ဖြစ်စေတဲ့သမုဒယကို သူဘယ်လောက်ပယ်ပြီလဲလို့ တိုင်းဘာလိုက်ပါ။ ရုပ်နာမ်တခုဟာ သူ့မှာကပ်ငြိနေတဲ့သမုဒယကို ပယ်နိုင်လေလေ၊ သူဟာ တရားဥာဏ်ရည် အဆင့်မြင့်လေလေ

သွားတယ်။ သူ့ကို ဒုက္ခလို့သတ်မှတ်လိုက်တာက ဥာဏ်ဖြစ်ပြီး၊ အသတ်မှတ်ခံရတာက ရူပ်နာမ်ဒုက္ခဖြစ်တယ်။ ရူပ်နာမ်ကို ပြန်ပြီး ခွဲခြမ်းစိပ်ဖြာလိုက်ရင် ဒီနာမ်မှာ မလိုလားအပ်တဲ့ လောဘတွေ၊ ဒေါသတွေ၊ မောဟ၊ မာန၊ ဒိट्ठိ၊ဝိစိကိစ္ဆ၊ သောက၊ ပရိဒေဝတွေ၊ ဒုက္ခဒေါမနဿတွေ၊ ဥပါယာသတွေ ကိန်းအောင်းနေမယ်။ ရူပ်တရားကြီးကလဲ ဖောက်ပြန်နေမယ်။ သွေးပြည်သလ်ပ် စက်ဆုပ်ဘွယ်ရာ အကောင်ပုပ်ကြီး ဖြစ်တယ်။

အဲဒီလို ဒုက္ခနဲ့(သို့)မိမိအား နှိပ်စက်ရန် တာစူနေသော (သို့)ယင်း၏ တည်မြဲမှုကို ယင်းကိုယ်တိုင် ဆက်လက် ထိန်းသိမ်းခြင်းငှာမစွမ်းတဲ့ ဤရူပ်နာမ်တရားအစုကိုဒုက္ခလို့ သတ်မှတ်လိုက်ပါ၊ဒီလိုသတ်မှတ်ပြီးမှ၊အော် ဒီဒုက္ခဟာ ဘယ်လို အချင်းအရာလဲလို့ ထပ်မံ ဆင်ခြင်လိုက်တဲ့ အခါမှာ ဒုက္ခ တရားလေးဟာ အဇ္ဈတ္တ ဘဝင်မှာ ဖြစ်ပေါ် လာပြီးနောက် ပျက်စီးသွားတယ်။ အနိစ္စ ဖြစ်သွားတယ်။ ဒီအခါမှာ ဖြစ်ပျက်ကို မြင်သွားတယ်။ ဖြစ်ပျက်မြင်ရင် ယထာဘူတ ဥာဏ်။ ဖြစ်ပျက်ကို မုန်းရင်၊ နိဗ္ဗိန္ဒဥာဏ်၊ ဖြစ်ပျက်ဆုံးရင် မဂ်ဥာဏ်၊ ဒီလိုခြေလှမ်း သုံးလှမ်း ရှိပါတယ်။

ဤမှာဘက် ဖြစ်သော သံသရာ ဝဲသြဃ ကြီးမှ အဝိဇ္ဇာတဏှာတွေနဲ့ယှဉ်တွဲနေတဲ့ ရူပ်နာမ်လောကမှ၊ဟိုမှာဘက် ဖြစ်တဲ့ ရူပ်နာမ်ချုပ်ငြိမ်းရာ၊ ကိလေသာချုပ်ငြိမ်းရာ၊ တဏှာ ချုပ်ငြိမ်းရာ၊ လောကဓံဆိတ်သုဉ်းရာနိဗ္ဗာန်စခန်းကို တက်လှမ်း

ချင်ရင် ခြေလှမ်းသုံးလှမ်းနဲ့ တက်လှမ်းလို့ ရပါတယ်၊ ဒါဟာ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော် ဦးဝိမလ ဟောတော်မူခဲ့ပါတယ်။

ဒီခြေသုံးလှမ်း သဘောက အဓိက ကတော့ ဖြစ်ပျက်ကို မြင်ဘို့ဘဲ။ ရှေ့ကဖြစ်ပျက်၊ နောက်ကမင်္ဂ ဆိုတဲ့သဘောဘဲ၊ မိမိခန္ဓာကို ဉာဏ်လေး စိုက်ထားဘဲ့ အခါ ဣ ခန္ဓာကြီးသည် တကယ်တော့ ဒုက္ခတရားကြီး ဖြစ်တယ်။ ဣဒုက္ခတရားသည် ဖြစ်ပေါ်လာပြီးနောက် ပျက်စီးသွား၏။ ဣသို့ ရူပ်နာမ်ခန္ဓာရဲ့ အပျက်ကိုမြင်တဲ့သဘောဟာ မင်္ဂသဘောဘဲ။ ဒါကြောင့် မဂ္ဂင်သစ္စာလေးပွားများဘို့ ရူပ်နာမ်ခန္ဓာရဲ့ အပျက်ကိုမြင်အောင်လို့၊ စိတ်ရှည်ရှည်သည်းခံပြီးတော့ ဇဲနဲ့စောင့်ပြီး ရှုသတ် ရပါတယ်။ မိမိရဲ့ အဇ္ဈတ္တဘဝင်မှာ ဖြစ်ပေါ် လာခြင်းသည် ဒုက္ခဘရားဖြစ်၏။

အနိစ္စ၊ ဒုက္ခ သုဘောဝ၊ ဒုက္ခတရားတို့မည်သည် မလဲ့မသေ့ ပျက်စီးရပါတယ်။ ဒီတော့ ဒုက္ခတရားရဲ့ အပျက်လေးကို မြင်အောင်လို့ ခန္ဓာမှာ ဉာဏ်စိုက်ရပါတယ်၊ခန္ဓာမှာ ဉာဏ်စိုက်တယ်ဆိုတာ၊ ခန္ဓာကို ခန္ဓာကြီးအတိုင်း မထားတဲ့ သဘောပါ။ ခန္ဓာမှာ ရူပ်နာမ်ရှိတယ်။ ဒီရူပ်နာမ်ကို ရူပ်နာမ်ကြီးအတိုင်း ပစ်ထားရင် အဝိဇ္ဇာတဏှာတွေနဲ့ယှဉ်တွဲနေတဲ့အတွက် မလိုလားအပ်တဲ့ ကိုလေသာ အညစ်အကြေးကို ထပ်မံပြီး လိမ်းကျံ့ စေလိမ့်မယ်၊ ဒါကြောင့် ခန္ဓာကြီးကို ခန္ဓာအတိုင်း မထားဘဲနဲ့

ဒီခန္ဓာမှာ ဥာဏ်လေး ရောက်လိုက်ပါ။ ဥာဏ်ဘယ်လိုရောက်ရမလဲ ဆိုတော့ မိမိ ရရှိထားတဲ့ ရူပ်နာမ်ခန္ဓာသည် အတိတ်ဘဝတွေက နှလုံးသွင်းမှားခဲ့လို့၊ သစ္စာမသိခဲ့လို့၊ ဒုက္ခရူပ်နာမ် ဖြစ်နေပြီ။

ဒီဒုက္ခ ရူပ်နာမ်ကြီးဟာ ဘယ်သဘောလဲလို့ ဥာဏ်နဲ့ တည်ငြိမ်စွာ ထိုးထွင်း ဆင်ခြင်လိုက်တော့ အပျက် ခန္ဓာလို့ သိရတယ်။ ဥာဏ်အောက်မှာ အပျက် ခန္ဓာလို့ နားလည်သွားတယ်။ အဗျတ္တဘဝင်မှာပေါ်လာတဲ့ ရူပ်နာမ်ရဲ့ အပျက်ကို ဥာဏ်နဲ့ မိမိခန္ဓာမှာ ထိုးထွင်းဆင်ခြင် သုံးသပ်မိလိုက်နိုင်တယ်။

အဲဒီအခါကျတော့ အော်–ရူပ်နာမ်ဟာ ဒုက္ခဖြစ်ပေမဲ့ မမြဲဘူး၊ မမြဲတဲ့အနိစ္စဥာဏ်ဝင်သွားရော။ အဲဒီအခါမှာ ထပ်မံ၍ ဆင်ခြင်လိုက်ပါအုံး။ အနိစ္စံ၊ ဒုက္ခံ၊ သုတောဝါ၊ ပရမံ ဒုက္ခံ အနတ္တံ။ ဤဒုက္ခတည် မလွဲမသွေပျက်စီး၏။ ထပ်မံ၍ ဆင်ခြင်လိုက်သည် ရှိသော်၊ ဤဒုက္ခသည် မိမိ ပိုင်အပ်သော တရားမဟုတ်ပါ၊ ဒီဒုက္ခလေးဟာ အနိစ္စ ဖြစ်သွားရော၊ အနိစ္စဖြစ်သွားတာဟာ မပိုင်လို့ပါ။ ပိုင်နေရင် သူဟာ မြဲနေမယ်။ ခိုင်နေမယ်။

အခု မိမိကမိပိုင်တော့ ပျက်နေမယ်။ သူ့ရဲ့ အပျက်တရားကို မိမိကဟန့်လို့မရဘူး၊ သူ ပျက်ချင်လို့ ပျက်နေတာ၊ ဒီလို နှလုံးသွင်းလိုက် တဲ့အခါမှာ မိမိ အဗျတ္တဘဝင်မှာပေါ်

လာတဲ့ ဒုက္ခလေးက ပျက်ကွယ်သွားတဲ့အတွေ့ မိမိ မပိုင်တော့ဘူး၊ အနုတ္တဉာဏ်လေးနဲ့ ခွဲလိုက်တဲ့ အခါမှာ ကိုယ်မပိုင်တဲ့ ရုပ်နာမ်တော့ ကိုယ်နဲ့ဘယ်ဆိုင်မလဲဆိုပြီး ဥပေက္ခာပြုလိုက်တယ်။

ဒီအခါမှာ ရုပ်နာမ်ကြီးကို စွန့်ပြီးနောက် ဤရုပ်နာမ်ဌ ဗဟုတ်လာတဲ့ မလိုလားအပ်တဲ့ အညစ်အကြေးတွေကို လက္ခဏာရေးသုံးပါးနဲ့ ဆေးလိုက်တဲ့အတွက် တလွှာစီတလွှာစီ စင်ကြယ်သွားတယ်။ ဤကဲ့သို့ဆေးကြောပြီး ဖြစ်ပေါ် လာသမျှသော သင်္ခါရ တရားတွေ ရုပ်နာမ်နဲ့ ပတ်သက်တဲ့ ဒီတရားတွေကို လက္ခဏာရေးသုံးပါးနဲ့ စင်ကြယ်အောင်ဆေးပြီး နောက်ဆုံး ကုန်သွားရင် နောက်ထပ်၊ သင်္ခါရအစားထိုးစရာ မရှိတော့ဘူး၊ မရှိရင် အပျက်ကိုဆင်ခြင်နေတဲ့ ဒီဉာဏ်က ဒနောက်ထပ်ရှုစရာ၊ သင်္ခါရတရားမရှိတော့ အသင်္ခါတဓာတ်ကို မျက်မှောက်ပြုပြီး သားဖြစ်လိမ့်မယ်။ ထိုအခါက မိမိခန္ဓာကပြုလိမ့်မယ်။ ကိုယ်တိုင် သိရမယ်၊ ကိုယ်တိုင်တွေ့ရမယ်၊ ကိုယ်တိုင်ဉာဏ် သက်ဝင်ရမယ်။ ကိုယ်တိုင် မျက်မှောက်ပြုရမယ်တဲ့၊ ဒါမြတ်စွာဘုရားရဲ့ ဘရားတော်အတိုင်း အာမခံချက်ရှိတယ်။ ဒါကြောင့် အကာလိကောဆိုတဲ့အတိုင်း တရားမြတ်သည် အချိန်အခါ မလင့် ကျေးဇူးပြုပါတယ်။

မိမိတို့ရဲ့ ရုပ်နာမ်အပေါ်မှာ မိမိထိုသည် အတိတ်ဘဝတွေက၊ မြတ်စွာဘုရား ဟောမိန့်တော်မူကဲ့ သစ္စာလေးပါးကို ထိုးထွင်းပြီး ဉာဏ်နဲ့မသိခဲ့လို့ အဝိဇ္ဇာ တဏှာရဲ့ ကျေးကျွဲ

ဖြစ်ခဲ့ပြီ။ သံသရာမှာ ခေါင်းအမျိုးမျိုး ပြောင်းခဲ့ရပြီ။ ဒီဘဝ ဒီအခါတော့ ခေါင်းမပြောင်းရအောင်၊ ဒီတရားလက်သမားကို သက်တော့မယ် ဆိုပြီး ဆုံးဖြတ်ချက်ချပါ။ သူ့ကို တလွှာစီ တိုက်ချတ် ဆေးကြောလိုက်ရင်ဖြင့် ဤအကျင့်သည် သူတော်စင် တို့၏အကျင့်ဖြစ်ပါတယ်၊ မြတ်စွာဘုရားနှင့်ရဟန္တာတို့၏လမ်းကို လိုက်ရာကျပါတယ်။

ဤကဲ့သို့ မိမိတို့ဘဝင်မှာ ပေါ်လာတဲ့ ကိုလေသာကို သတ်မှလဲ ဘုရား အစရှိသော သူတော်စင် တွေက သာဓု ခေါ်တယ်။ ဒီလောကမှာ သူတော်ကောင်းများ သာဓုခေါ် သောအသံသာလျှင် အသာယာဆုံးသော အသံ၊ အမှန်မြတ်ဆုံး သောအသံဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့မှာပေါ်လာတဲ့ ကိုလေသာကို စင် ကြယ်အောင် ဆေးကြောလိုက်ပါ၊ ဤကဲ့သို့ ဆေးကြောပြီး နောက် ကိုလေသာများ ပါးပြီး နောက်ဆုံးကုန်သွားရင် တဏှာ နိုးရောဓော၊ နိုဗ္ဗာနံ၊ တဏှာကုန်ရင် နိုဗ္ဗာန်ဘဲ။ နိုဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဆိုမှ တဏှာနဲ့တကွ ဒီသံသရာကြီးရဲ့သဘော ကို မိမိတို့က ဉာဏ်နဲ့ ဆင်ခြင်နိုင်တယ်။ အော်ဗ်- ၃၁ ဘုံမှာ ဘယောင်းပြန်ပြန် ကျင်လည်နေရတာ တကယ်တော့ အဝိဇ္ဇာ တဏှာခဲ့ ကျေးကျွန်ဖြစ်နေရတာ အမှန်တရားကို မသိလို့ဘဲ၊ ဒါ အဝိဇ္ဇာဘဲ။ ဝိဇ္ဇာဆိုတာကတော့ အမှန်တရားကို ဉာဏ်ဖြင့် ထိုးထွင်း၍ ပညာသားပါပါ သိခြင်း၊ တဏှာဆိုတာ လိုချင်

ခြင်း၊ ဘာဝနာဆိုတာ မလိုချင်ခြင်း။ ဒါကြောင့် တဏှာမှ ဘာဝနာဖြစ်အောင် အဝိဇ္ဇာမှ ဝိဇ္ဇာဖြစ်အောင် မိမိရဲ့ကိုယ်တိုင် အဇ္ဈတ္တဘဝင်မှာ ဖြစ်ပေါ်လာတဲ့ တရားတွေကို လက္ခဏာရေးသုံးပါးနဲ့ စင်ကြယ်အောင် ဆေးကြောပါ။ ဤကဲ့သို့ ဆေးကြောခြင်းအမှုပြုခြင်းဖြင့် မိမိတို့သည် ရူပ်နာမ်နှင့်တကွ ၃၁ ဘုံ ကြီးပါ စွန့်ပယ်နိုင်ပြီး သုခမျိုးစုံ စုပုံနေတဲ့ သူတော်စင်တွေ စံမြန်းနေတဲ့ နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြမယ်။

နိဗ္ဗာန်နန်းကို တက်လှမ်းနိုင်မှတော့ လောဘ၊ဒေါသ၊မောဟမီးတွေ ဟုန်းဟုန်းတောက်နေတဲ့ ၃၁ ဘုံကို လှည့်ကြည့်ချင်စရာ မကောင်းတော့ဘူး။ နောက်ဆုံး သေမင်းကိုရင်ဆိုင်တဲ့အခါမှာ ဒီမီးတွေရင်ဝယ်ပိုက်ပြီး သိပ်သည်းကျစ်လစ်တဲ့ မီးတွေနဲ့ အဇ္ဈတ္တ ခန္ဓာအပေါ်မှာ "ငါ" ဆိုတဲ့ မာနတွေ ဒိဋ္ဌိတွေနဲ့ စွဲကပ်နေမှုဖြင့် သံသရာမှာ ကောင်းနိုင်စရာ လမ်းမမြင်ဘူး၊ အတင့်မရဲအပ်ဘူး၊ ဒါကြောင့်မို့ မိမိတို့သည် ခေါင်းပေါ်မှာ မီးတောက်နေရင် အမြန်ဆုံး ညှိမ်းလတ်ရပယ်။ ရင်ဝမှာ လှံစူးနေလဲ အမြန်ဘဲနှုတ်သိမ်းရပါမယ်။ ထို့အတူဘဲ မြတ်စွာဘုရားရဲ့ ဤသစ္စာလေးပါးကို ထို့ထွင်းသိမြင်ဘို့လဲ ဝိပဿနာတရားကို လျင်မြန်နိုင်သမျှ လျင်မြန်အောင် ကျင့်ကြံအားထုတ်နုလုံးသွင်းရမယ်။ ဒါမှ အကာလီကော ဂုဏ်တော်နဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားရဲ့ တရားတော်မြတ်ဟာ မိမိရုပ်နာမ်အား ဦးမ်ားအား ချမ်းမြေ့စေလိမ့်မယ်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ အပူမီးတွေကို ငြိမ်းနိုင်တာက ဤမက်ရောစင်ဘဲ။ ဤ

မင်ရေစင် ရေအေးကို ရနိုင်အောင် မိမိရုပ်နာမ်၏ ဖြင်ပျက်ကို မြင်ပါစေ။ရှေကဖြစ်ပျက် နောက်ကမင် ဆိုတဲ့ အတိုင်း ဖြစ်ပေါ်လာ၏ပျက်ရတယ်။ အနိစ္စံ ဝရ သခ်ါရာ၊ ဥပဒါဝယ၊ ဓမ္မံနော၊ ဆိုတဲ့ ဤဖြစ်ပေါ်လာပြီးနောက် ပျက်စီးသွားတဲ့ ရုပ် နာမ်ရဲ့ အပျက်ကို ဆင်ခြင်ပါ။ ရှေဘုန်းတော်ရှင် ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူခါနီးမှာ အရေးကြီးဆုံးစကားမှာ ကြားတော် မူခဲ့တဲ့အတိုင်း ဝယဓမ္မာ သခ်ါရာ၊ အပ္ပမာဒေန၊ သမ္ပါဒေထ၊ ဆိုသလို ချစ်သားတို့ ရုပ်နာမ်ရထားရင် ဒီရုပ်နာမ်ဟာ ပျက်တယ်၊ မမြဲဘူး၊ ဒါကို သတိမမေ့နဲ့တဲ့။ ဒါကြောင့် မိမိတို့သည် မိမိတို့ အဇ္ဈတ္တ ဘဝ်င်ၦ ပေါ်လာသော လောဘ ဒေါသ မောဟနှင့် ယှဉ်သော ဤ ရုပ်နာမ် တရားတွေကို မမြဲတဲ့သဘော၊ မပိုင်တဲ့သဘော၊ မဆိုင်တဲ့သဘောနဲ့ ရှုသတ်ခြင်းအမှုပြုပါ။ ဒါဟာ စိတ္တပနုပဿနာ မည်ပါတယ်။ဝိပဿနာမည် ပါတယ်။

ဤကဲ့သို့သော ဝိဝဿနာတရားနှင့်ပတ်သက်၍ ဆင်ခြင်နှလုံးသွင်း၊ သုံးသပ်၍နာကြား ကျင့်ကြံနေရသော ကုသိုလ်ကံစေတနာတို့ကြောင့် လောကုတ်လောကီ ၂လီသော အကျိုးစီးပွားများ ဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းတဲ့အပြင် လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ခွေးဖြစ်လိုက်၊ ငြဟာဖြစ်လိုက်နဲ့ ခေါင်းအမျိုးမျိုး ပြောင်းရတဲ့ အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန်ဖြစ်တဲ့ ဒီရှုံ့ဇုက်အိုင်၊ သံသရာဝဲသြဃကြီးမှ **လွန်**မြောက်၍ ဟိုမှာဘက်ဖြစ်တဲ့ အလွန် ငြိမ်းအေးတည်ငြိမ်သော၊ ကြည်လင်ချမ်းမြေ့သော၊

မြေစစ်မှန်သော ချမ်းသာတို့၏ တည်ရာဖြစ်သော ထာဝရ အအေးဓာတ်ရှိ၍ ဒုက္ခဟူသမျှ နောက်ထပ် ပြန်လာစရာမရှိတော့သော ကိလေသာရာဂ လုံးဝကင်းစင်သွားသော လောကဓံလည်းမရှိ ဝဋ်ဇာတိလဲ ကျွတ်သွားသည့် နိဗ္ဗာန်ရှေပြည်မြတ်သို့ လျှင်မြန် ထုတ်ခြောက် မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေသောဝ်။ ။

"သာဓု- သာဓု- သာဓုပါ ဘုရား"

ဒီဋ္ဌိနှင့် မယှဉ်သော နှလုံးသွင်းနည်း တရားတော်အတွက်

ကောက်ချက်များ

ရုပ်နာပ်ရထားတဲ့ ပုဂ္ဂိုလ်တိုင်း အယောနိသော မနသိကာယ ရှိဘို့ လိုအပ်ပါသည်။ပြီးပြည့်စုံသူသူတော်စင် [illegible] ~~[illegible]~~ အယှက်ဖြစ်ရမှာ မြေကြီး လက်ခတ်ဘဲ၊ ပုထုဇဉ်မျက်ကန်းတွေရဲ့ အကျင့်အကြံ အပြောအဆို၊ အကုသိုလ် စရိုက်တွေဟာ ရိုက်ခတ်လာမှာ အသေအချာ ပါဘဲ၊ ဒီအခါမှာ သင့်တင့်စွာ နှလုံးသွင်းတတ်ဘို့ လိုအပ်လာပါတယ်။

ပုထုဇဉ်ပါးစပ်မှ မြှားပစ်သလို အပုပ်နံ့ မကောင်းတာတွေ ထွက်ချင်သလို ထွက်လာနိုင်တယ်။ ဒါတွေကို အကြောင်းပြုနေလို့ မဖြစ်ဘူး။ အကုသိုလ်ကောင်တွေကို အကြောင်း မပြုရဘူး။ ဟုတ်ရဲ့ မှန်ရဲ့ အကျိုးရှိရဲ့ လုပ်ဆောင်ရမယ်။ ဒီလိုလုပ်ဆောင်ရာမှာ ဒီဋ္ဌိနဲ့ မယှဉ်တဲ့ နှလုံးသွင်းခြင်းဟာ မရှိမဖြစ် လိုအပ်နေ

တာမို့ ဒီတရားတော်ကို ဟောလိုက်ပါတယ်။ နာ ကြားဘတ်ရှု၊ ကျင့်ကြံ နှလုံး သွင်း ကြည့်ပါ၊ ယထာဘူတ ကျကျ နှလုံးသွင်းနိုင်လျှင် တကမ္ဘာလုံး မီးဟုန်းဟုန်းတောက်စေ။ နကမ္ဘတီ ပြကတိ တည်ငြိမ်စွာ လောကကြီးကို အကြောင်းမပြုဘဲ သင့်တင့်စွာ နှလုံးသွင်းတတ်လာပါလိမ့်မည်

ဘာဘဲဖြစ်ဖြစ် ကိုယ်က အမှန်တရားနဲ့ နေရမယ်။ လောကကြီး ချောက်လဲ မကြောက်နဲ့၊ မြောက်လဲ မမြောက်နဲ့၊ နှိမ့်လဲ မနှိမ့်နဲ့၊ မြင့်လဲ မမြင့်နဲ့၊ ပြကတိ ကိုယ်အရှိ သစ္စာတရားနဲ့ ကိုယ် ငြိမ်းချမ်းစွာနေဘို့ နမူနာပြပြီး ရုပ်နာမ်ကို ဟုတ်မှန်စွာ ခွဲခြမ်းစိတ်ဖြာ ပြသထားတဲ့ တရားတော် ဟောစဉ် တရုပါဘဲ။

သာသနာ့ မျက်နှာ ထောက်လျက်

နန္ဒဝံသ

ဒီဋ္ဌနှင့် မယှဉ်သော နှလုံးသွင်းနည်း

၁၃၃၉ ခုနှစ် နယုန်လဆန်း(၁၂)ရက်(၂၈-၅-၇၇) စနေနေ့ နေ့လည်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိုဏ်ဘုရား တောင်ဘက်ရှေကျင်ဓမ္မာရုံ၌ သန္တိသုခဆရာတော် ဦးနန္ဒ ဝံသ ဟောကြားတော်မူသော-

"ဒီဋ္ဌနှင့် မယှဉ်သော နှလုံးသွင်းနည်း" တရားတော် ဟောစဉ်။]

ဒီဋ္ဌနှင့် မယှဉ်ဘို့ရာအတွက် တရားဟောမယ်။ မိမိတို့ရဲ့ ခန္ဓာမှာ ဥာဏ်စိုက်ပြီး နာပါ။

ရူပ်နာမ်ရထားတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိတို့ရဲ့ ရူပ်နာမ် ဆိုတော့ ရူပ်ခန္ဓာကိုယ် အတွေ့ဘောကြီးနဲ့ ဖွဲ့စည်း တည်ဆောက်ထားပြီးတော့ အသိတရား နာမ်ရှိတယ်နော်၊ ရူပ်နာမ်မှာ အမြဲတန်း ရူပ်ကလေးတွေကလဲ ဖြစ်ပေါ်ဖြစ်ပေါ်ပြီး•ပျက်စီးနေတယ်။ နာမ်တရားလေးတွေကလဲ ဖြစ်ပေါ်ဖြစ်ပေါ်ပြီး ပျက်စီးနေတယ်။ အဲ့ဒီလို ဖြစ်

ခေါ်ပြီး ပျက်စီးနေတဲ့ ရူပ်နာမ် တရား လေးတွေ အပေါ်မှာ မိမိတို့သည် မလိုလားအပ်သော ဒိဋ္ဌိနဲ့ တွဲယှဉ်နေတဲ့ ခံယူသိမ်း ပိုက်မှုမျိုး မဖြစ်အောင် ယောနိသော မနသိကာယ ဖြစ်အောင် ယနေ့ဟောမယ်။

ယောနိသော မနသိကာယနဲ့ ပတ်သက်တဲ့ တရားတော်ကို ယနေ့ဟောမယ်။ သူသူငါငါမှာ ရုပ်နာမ် ရှိကြတယ်။ ရုပ်ဆိုတာ မြင်သာတဲ့တရားလေးတွေဘဲ။ သိပ်နူးညံ့တဲ့ ရုပ်ကျတော့ မမြင်သာဘူးပေါ့လေ။ အကြမ်းအားဖြင့် ပြောထားရတာ မြင်သာတယ်လို့ အသိမရှိဘူး။ နာမ်ဘရား၊ဆိုတာကတော့ မမြင်သာဘူး။ သို့သော်အသိရှိတယ်။ အသိမရှိတဲ့ ရုပ်တရားနဲ့ အသိရှိတဲ့ နာမ်တရားတို့ တွဲစပ်ထားတဲ့ ရုပ်နာမ်ခန္ဓာကိုယ်တဲ့နော။

ဒီရုပ်နာမ်ရထား၊တာ ဘာကြောင့်လဲ။

ရှေဘုန်းတော်ရှင် မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်နဲ့ သံသရာကို ဥာဏ်နဲ့ဆင်ခြင်ကြည့်လိုက်ရင်ဟို အနုမတဂ္ဂသံသရာက အယောနိသော မနသိကာယဆိုတဲ့ နှလုံးသွင်းမှားခဲ့ကြတယ်၊ အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန်တွေဖြစ်ခဲ့ကြတယ်။ အဝိဇ္ဇာနှင့် တဏှာတည်းဟုသော အဖနဲ့အမိက မွေးထုတ်လိုက်တဲ့ ဒီရုပ်နာမ်တွေမှာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ တဏှာတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေ မလိုလားအပ်တဲ့တရားတွေနဲ့ ကိလေသာ အပူမီးကြီးနဲ့ ယှဉ်တွဲနေတဲ့ ရုပ်နာမ်ဒုက္ခကြီး၊ ဒီဘဝမှာရတယ်။ ဒီရုပ်နာမ်ကြီးဟာ တကယ်တော့ ဝဋ်ကောင်

ကြီးဘဲ။ ဒီရုပ်နာမ်ကြီးမှာ တကယ်တော့ ဝဋ္ဌတွေရှိတယ်။ ကိုလေသ ဝဋ္ဌတွေကို အပြီးအပိုင် ဆေးကြောသုတ်သင်ခြင်းမပြုသေးတဲ့ ပုဂ္ဂိုလ်တွေအဖို့ ကိုလေသဝဋ္ဌတွေရှိတယ်။ နောက် ကမ္မဝဋ္ဌတွေ၊ ဝိပာဂဝဋ္ဌတွေ ရှိတယ်။

ဝဋ္ဌတွေနဲ့ ယှဉ်နေတဲ့ ဒုက္ခကောင်ကြီးဘဲ။ ဒီဝဋ္ဌတွေ ရှိနေတယ်။ ကောင်းပြီ၊ ဒီဝဋ္ဌတွေက ကျွတ်နိုင်အောင် လုပ်ရမယ်။ ဒီရုပ်နာမ်ပေါ်မှာ စဲ့ကပ်နေတဲ့ တရားတွေရှိတယ်။ တဏှာတွေ မာနတွေ ဒိဋ္ဌိတွေဆိုတဲ့ ပပဉ္စတရားတွေရှိတယ်။ ကိုလေသာ တရားတွေရှိတယ်။ ဒီတရားတွေကို ဆေးကြော သုတ်သင်ရင်း ဉာဏ်ပညာလေးနဲ့ ယှဉ်တဲ့ တရားကိုဟောမယ်။ ယောနိသော မနသိကာယဲ နှလုံးသွင်းမှုန်ခြင်းကို ဟောမယ်။ ဒီလို နှလုံးသွင်း မှုန်ခြင်းဟာ ဒိဋ္ဌိနဲ့ မယှဉ်ခြင်းပါဘဲ။

အတိတ်ဘဝတွေက နှလုံးသွင်းမှားမိလို့ ဒီရုပ်ကြီးကို ရထားပြီး၊ ရထားတော့ အိုရမယ်၊ နာရမယ်၊ သေရမယ်၊ အိုနာ သေ ဒုက္ခတွေ တွေ့ရမယ်၊ ဒါ မရှောင်လွှဲနိုင်ဘူးလို့ တထစ်ချ မှတ်ယူလိုက်ပေတော့။

ဒီရုပ်နာမ်ကြီးဟာ သာယာစရာလေးတွေနဲ့ စိတ်ကြိုက် တွေ့တော့လဲ ကျေနပ်တာလေးတွေဖြစ်တယ်။ ဒီရုပ်နာမ်ထဲမှာဘဲ မသာယာစရာတွေ တွေ့တော့လဲ ဒေါသဖြစ်တယ်။ ဒီရုပ်နာမ် ထည်းမှာဘဲ။ အဲ့တော့ လောဘဖြစ်လိုက် ဒေါသဖြစ်လိုက်နဲ့

ဒီရူပ်နာမ်ထဲမှာ ဖြစ်ပျက်နေတာ မင်းမဖြစ်နဲ့ ကွာဆိုလို့ မရဘူး။ ရူပ်နာမ်ဟာ ဒုက္ခတုံးကြီးဘဲ၊ ရူပ်နာမ်ရထားမှတော့ ဖြစ်စရာရှိ ဖြစ်လိမ့်မယ်။ ပျက်စရာရှိရင် ပျက်သွားမှာဘဲ၊ ရူပ်နာမ်ရဲ့ သဘာဝကိုး၊ ရူပ်နာမ်ရဲ့ ဓမ္မတာသဘာဝ မရှောင်လွဲနိုင်ဘူး။ အတိတ်က ဒုက္ခကြောင့် အနုခံနေရတယ်။ အယောနိသော မနသိကာယတွေနဲ့ နှလုံးသွင်းမှားခဲ့သကိုး။ ထားပါတော့ အတိတ်ကတော့ ကိုယ်မပိုင်ဘူး။ မိမိက အယောနိသော မနသိကာယတွေနဲ့ အဝိဇ္ဇာ ဘဏ္ဍာရဲ့ ကျွန်ဖြစ်ချင် ဖြစ်ခဲ့ပေတော့၊ မိမိကတော့ မပိုင်တော့ဘူး။ အတိတ်က ပစ္စုပ္ပန်ဆတ်ဆတ်မှာတော့ ဉာဏ်ပညာနဲ့ ယှဉ်ဘို့လိုပြီ။ ယောနိသော မနသိကာယ သင့်ကင့်သောနှလုံးသွင်းနိုင်ဘို့လိုပြီ။ အဲဒီလို နှလုံးသွင်းပြီး ဒိဋ္ဌိနဲ့ မယှဉ်တဲ့၊ ဉာဏ်ပညာနဲ့ ယှဉ်တဲ့ အသိတရားကို ပွားများဘို့အတွက် ကျင့်ကြံအားထုတ်ဘို့ အတွက် နှလုံးသွင်း ဆင်ခြင်ဘို့အတွက် သုံးသပ်ဘို့အတွက် ယနေ့ တရားဟောရတယ်။

ယနေ့ တရားဟောတာ အကြောင်းမဲ့ပဟုတ်။ ဒိဋ္ဌိကြီးနဲ့ မယှဉ်စေဘို့ဖြစ်ပါတယ်။ ရူပ်နာမ်ရယ်လို့ ဖြစ်ပေါ်လာရင် ဒီနာမ်တရားလေးဟာ အပျက်တရားလေး၊ မနှောတဲ့၊ ညွှတ်တတ်တဲ့ သဘောရှိတယ်။ စေတသိက် (၅၂)ပါးကို သွားညွှတ်ပြီးဘော့ စိတ်နဲ့ စေတသိက်နဲ့ ဆောထွေးယှက်တင်ပြီး အသိအဖြစ်နဲ့ ကိုယ်ရဲ့ အဋ္ဌာဘဝင်မှာ ပေါ်လာတယ်။ ပေါ်လာပြီး စိတ်ဆိုတာကဘော့ စိပ်စိပ်ကလေးဘဲ၊ ဒါကြောင့် စိတ်ကို အသေးစိပ်ကလေး သိပ်သိချင်ရင် ကျယ်ဝန်းနက်နဲပါတယ်။

ကျယ်ဝန်း နက်နဲတော့ မိမိသည် အနည်းဆုံး ဒီဌိုနှင့် မယှဉ်တဲ့ နှလုံးသွင်းမှန်ဘို့သာ လိုရင်းလို့ဘဲ ဆုံးဖြတ်ချက်ချ ထားတော့။

ယနေ့စိတ်တို့ရဲ့ အကြောင်းကို အသေး စိတ်လိုက်ရင်၊ စိတ်ဆိုတာ အင်မတန် စိတ်လွန်းလို့ အင်မဘန် ကျယ်ပြန့်လွန်း၊ နက်နဲ ခက်ခဲလွန်း၊ နူးညံ့လွန်းပါတယ်၊ ဒီတော့ ထားပါတော့၊ ဒါတွေကိုတော့ အခ်ိုကအပိုင်းက မထားနဲ့အုံ၊ အခုအခိုကထားရမှာကတော့ ဖြစ်ပေါ်လာတဲ့ မိမိရုပ်နာမ် အပေါ်မှာ ဒီဌိုနဲ့ယှဉ်ပြီး မခံယူဘို့ မသုံးသပ်ဘို့ နှလုံးမပိုက်ဘို့၊ ဒီခန္ဓာကိုယ်နဲ့ တတ္တ၊ ဒီဌိုနဲ့ယှဉ်တဲ့ အသိကြီးကို ငါကြီးဘဲဆိုပြီး သိမ်းပိုက်ကြီးစိုးပြီး အသက်ရှင်သန်နေရင်ဖြင့် သံသရာ ဝဲသြဃကြီးထဲမှာ တပြောင်းပြန်ပြန် ကျက်စားရပေဦးမယ်။ ကျင်လည်နေရပေဦးမယ်၊ ရုပ်နာမ် အမျိုးမျိုး ရပေဦးမယ်၊ ရုပ်နာမ် အမျိုးမျိုးရ၊ အိုနာသေဘေးတွေပြီး အထပ်ထပ် သံသရာလည်ရမှာပါဘဲ၊ အဲဒီလိုမလည်ရအောင်လို့ ရုပ်နာမ်တွေရဲ့ သဘော သဘာဝ၊ သံသရာကြီးရဲ့သဘော သဘာဝ၊ တဏှာ အဝိဇ္ဇာရဲ့ သဘောသဘာဝ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ သဘော သဘာဝ၊ နိဗ္ဗာန်ရဲ့ သဘောသဘာဝ၊ ၃၁ ဘုံကြီးရဲ့ သဘောသဘာဝ၊ သူတော်စင်တွေရဲ့ သဘော သဘာဝ တွေကို ဟုတ်တိုင်းမှန်စွာ မြော်မြင်၊ ဆင်ခြင် နှလုံးသွင်းနိုင်တတ်ဘို့ အခရေးကြီးပြီး ခေါင်းကြီးမှာ မီးတောက်နေပါစေ၊ ရင်ကြီးမှာ လှုံ့စူးနေပါစေ။ အရေးကြီးတဲ့ အလုပ်ကိုအမြန်ဆုံးလုပ်ရမယ်၊ ဒီအတူဘဲ

မိမိခန္ဓာကိုယ်မှာ ဒိဋ္ဌိနဲ့ ယှဉ်တဲ့အသိတွေ ရင်ဝယ် သိမ်းပိုက်ပြီးတဲ့နောက် ဒီခန္ဓာကိုယ်နဲ့ ဒိဋ္ဌိယှဉ်တဲ့ အသိတွေနဲ့ တဲ့ယှဉ်ပြီး အသက်ရှင်သန်နေမယ် ဆိုရင်၊ မျက်ကန်းတစ္ဆေမကြောက်သလို ဘဝခရီးကြမ်းကို ရှောက်ရမယ်။ နောက်ဆုံးမှာ ပိုးဖလံမျိုးလို မီးကိုဘိုးရင် ကိုယ်ကျိုးနည်းတတ်တယ်။

ဒါကြောင့် ဒိဋ္ဌိနဲ့ယှဉ်တဲ့ အသိကိုပင် စွန့်ပြီး၊ ယောနိသောမနသိကာယကိုနှလုံးသွင်းနိုင်ဘို့ ယနေ့တရာ.ဟောနေခြင်းဖြစ်တယ်။

ကောင်းပြီ၊ ယောနိသော မနသိကာယဖြစ်လို့၊ ဒိဋ္ဌိနဲ့ မယှဉ်တဲ့ အသိရှိဘို့ ဘယ်လိုနှလုံးသွင်းပလဲ။

စက္ခု၊သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန၊ ဆိုတဲ့ အာရုံခြောက်ပါးရှိပါတယ်၊ ဒီအာရုံ ခြောက်ပါးမှာ အာရုံ ငါးပါးဖြစ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ တံခါး ငါးပေါက်က ပြင်ပလောကက သိမှတ်စရာတွေကို သိလာ မှတ်လာရမယ်၊ သညာကွန်ရက် မှတ်လာတယ်။

ဒီဘဝ့ပြင်ပလောက အကြောင်းကို ဆင်ခြင်သုံးသပ်နေရင် လိုရင်းပရောက်ဘူး။ တရားရှာခန္ဓာမှာတွေ့၊ ကိုယ်ခန္ဓာနဲ့ ကိုယ်ခဏ္ဍနေ့စမ်းပါ။ ခန္ဓာကြီးက အမှန်ကို ပြနေပါလိမ့်မယ်၊ သူဘော်ကောင်းတွေက ဒီလိုဘဲ ဆုံးမကြပါတယ်၊ မိမိခန္ဓာက

မိမိကို တရားပြနေပါတယ်၊ အသိဉာဏ်လေး ယှဉ်ပြီးတော့ ဆင်ခြင်ပြီး လိုက်ကြည့်စမ်းပါ။ တပါးသော ခန္ဓာကိုလိုက်ကြည့်မနေပါနဲ့၊ ဘာလုပ်ရမှာလဲ၊ တပါးသော ခန္ဓာက ကိုယ့်ကိစ္စမဟုတ်၊ သူ့ကိစ္စဖြစ်၏။ ကိုယ့်ကိစ္စက ကိုယ့်ခန္ဓာက ပြနေတဲ့ တရားက ဘာတုန်းလို့ ဟုတ်ဘိုင်းမှန်စွာ သိနားလည်ဘို့လို့ ပါတယ်။

ဒါကြောင့်မို့ တရားနာပရိသတ်များ မိမိ ခန္ဓာကိုယ်ကို မိမိဆန်းစစ် လိုက်ပါ၊ ဝေဘန်လိုက်ပါ၊ သုံးသပ်လိုက်ပါ၊ ဆင်ခြင်လိုက်ပါ၊ ထိုးထွင်းပြီး ကြံဆလိုက်ပါ။ မိမိခန္ဓာမှာအာရုံခြောက်ပါးရှိတဲ့အနက်က အားရုံ ငါးပါး တံခါး ငါးပေါက်မှ ပြင်ပနဲ့ ဆက်ဆံလို့ သိရတဲ့ အသိတွေဟာ မကုန်လို့ မျက်စိရှိနေရင်၊ ဖွင့်ထားရင်၊ အကြည်ဓာတ်တွေရှိနေရင်၊ အလင်းရောင်တွေရှိနေရင်၊ မြင်စရာတွေရှိနေရင် မြင်နေမယ်၊ မြင်တာတွေ့လိုက်ပြီးတော့ လိုက်နေရင် ရှုမှတ်နေရင်၊ မကုန်နိုင်ဘူး။ မောသွားမယ်။ သူကတော့ မကုန်နိုင်ဘူး၊ မျက်လုံးအကြည်ဓာတ်ရှိနေသေးသရွေ့ မြင်မှာဘဲ၊ မျက်စိမှိတ်မှာဘဲ မမြင်ရတော့မယ်။

အဲဒီတော့ မဆုံးတဲ့ တရားဟာ မကောင်းသေးဘူး၊ ယုံကြည်ပါ။ မြတ်စွာဘုရားရဲ့ သာသနာတော်ကြီး အတွင်းမှာ ခိုလှုံနေတဲ့ ပုဂ္ဂိုလ်တွေမနုဿတ္တဘာဝေါ ဒုလ္လဘောဟု အင်မတန်မှ ရတောင့်ရခဲ လူ့ဘဝအဖြစ်ကြီး ရထားတယ်။ ပင်လယ်သမုဒ္ဒရာကြီးထဲမှာ ထမ်းပိုးတုံးကြီး၊ အပေါက်တခုထဲ ရှိတဲ့ ထမ်း

ပိုးတုံးကြီးက မျောချင်ရာ မျောနေတယ်၊ ပင်လယ်သမုဒ္ဒရာဆိုတာ အင်မတန်မှ ကျယ်တာကလား၊ ဒီအထဲမှာ လိပ်ကန်းကြီး တကောင်ရှိတယ်၊ လိပ်ကန်ကြီးကလဲ တခါတခါမှ ရေပေါ်ကို ပေါ်ပေါ်ပြီး အသက်ရှူတယ်၊ အဲဒီလိပ်ကန်းကြီးဟာ သွားချင်ရာ သွားနေရာ၊ ဆောက်ချင်ရာ ကောက်ခနဲကုက တခါတခါမှ အသက်ရှူဖို့ ရေမျက်နှာပြင်ပေါ် တက်လိုက်တဲ့အခါ မျောချင်ရာ ပဲ့ကိုင်မရှိ မျောနေတဲ့ ထမ်းပိုးတုံးကြီးရဲ့ တခုတည်းသော အပေါက်ထဲကို လိပ်ကန်းခေါင်းဝင်ဖို့ တိုက်ဆိုင်ချင် တိုက်ဆိုင်မယ်၊ လူဖြစ်ဖို့ကတော့ ဘီလာက်ပရူယ်ဘုံတဲ့ဗဒါဒကြောင့် လူ၏ အဖြစ်ကို ရခဲတယ်၊ ဗုဒ္ဓသာသနာတော်ဟာ ပြည်တော ပြစ်တောင့် ပြစ်ခဲ့ လူပြန်နေရပြီ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်တွင်းမှာ သာသနာနဲ့ ပတ်သက်ပြီး အဆိုအသံးအပင်တွေ နှာခံနေရတဲ့ ဒီအချိန် ဒီအခါ။ အရှင်ဘုရားကြီးမှာ ရှင်နာပင်တွေကိုအယူမှား အကြံအစည်မှားပြီးတော့ ဒီဖွဲ့ဝိပလ္လာသတွေ၊ ဒိဋ္ဌိဝိပလ္လာသတွေ၊ သညာဝိပလ္လာသတွေနဲ့ ရောယှက်ပြီးတော့ အပြင်ကမှား။ အတွင်းကမှား ရှားချက်တွေ နှာလွန်းလို့ အဲဒါတွေကို မြင်ရတော့မှ ကြိုးစားလို့ အချိန်တန်ပြီ။

ဗြဟ္မာပြည်က အပ်ကစင်းချလိုက် လူ့ပြည်ငပြင်ပြင် ရေပေါ်မှာ အပ်ကစင်း ရောင်စားပြီး၊ ၅ အပ် ထိပ် မှာ ၂-ခုသာ တိုက်ဆိုင်ဖို့ လယ်ချင်လယ်ပယ်၊ လူပျံ့ဖို့ပဲလွယ် ပေါ်တဲ့၊ သံသာကြီးရဲ့ ဆင်ခြေနင်းခုံးပေးတား

ဘဲ့ စကားတွေနော၊ ဒါတွေဟာ ချောက်နေတာ မဟုတ်ဘူး ဒါတွေဟာ အမှန်အတိုင်းဆိုမိန့်ထားတဲ့ စကားတွေ။

သံသရာကြီးမှာ ၃၁-ဘုံ ဘာဖြစ်လို့ ဘာဖြစ်ရမှန်း မသိအောင် မောင်းနှင်ခြင်းခံရတဲ့၊ ဒီအဝိဇ္ဇာတဏှာတွေက မောင်းနှင်လို့ လယ်ချင်သလို လယ်ပြီးတော့ ယန္တရားမျိုးစုံလည်ပြီး လူဖြစ်လိုက် ကြက်ဖြစ်လိုက် ငှက်ဖြစ်လိုက် ခွေးဖြစ်လိုက် ဗြဟ္မာဖြစ်လိုက် နတ်ဖြစ်လိုက်နဲ့ ခေါင်းအမျိုးမျိုးပြောင်းနေရဘာ၊ ယခုလို သာသနာအတွင်းမှာ သူတော်ကောင်း တရားနားကြားရတယ်ဆိုတာ၊ ဟော-ထပ်မ ၍ ကြုံတောင့်ကြုံခဲ အခွင့်အရေးကို ကြုံပြန်ပြီလို့ ထပ်မံ၍ မှတ်လိုက်တော့၊ သူတော်ကောင်းဘုရား နာကြားခွင့်ရဘို့ဟာအင်မတန်မှ ကြုံခဲတဲ့အဖြစ်ကြီး။ ဒီလိုရတောင့်ရခဲ လူ့ဘဝမှာ ဖြစ်တောင့်ဖြစ်ခဲ သာသနာတော်ကြီးနဲ့ ကြုံကြိုက်လို့ တိုက်ဆိုင်နေတဲ့အခါမှာ မိမိတို့ရဲ့ ခန္ဓာမှာ ဥာဏ်စိုက်လို့ ရုပ်နာမ်အကြောင်း အမှန်အတိုင်းသိအောင် ကြိုးစားထားပါ၊ သတိလေးထား ဝိရိယလေးစိုက်ပြီး၊ ပညာဥာဏ်လေးနဲ့နာကြည့်ပါ။

ရုပ်နာမ်ရထားပြီ၊ ဒီရုပ်နာမ်ကြီးက လွင့်ပစ်လို့မရဘူး၊ သဗ္ဗေသခံါရ-ဒုက္ခ၊ မြတ်စွာဘုရားက ဟောမိန့်ခဲ့တယ်၊ချစ်သားတို့ ခပ်သိမ်းကုန်သော ပြုပြင်စီရင်လို့ ဖြစ်တတ်တဲ့တရားတို့သည်ဆင်းရဲ၏တဲ့ဒုက္ခကြီးဖြစ်သည်တဲ့၊ဒုက္ခချည်းဘဲတဲ့၊ဒါပေမဲ့ဒုက္ခဖြစ်တာကိုမပူနဲ့၊ဒုက္ခကို ဒုက္ခမှန်း မသိတဲ့ပုဂ္ဂိုလ်တွေအတွက်သနား

ရမယ်တဲ့၊ သူတို့က ကိုယ့်ရုပ်နာမ်ကြီး ဒုက္ခရယ်လို့မှ မသိနိုင်လောက်အောင် အဝိဇ္ဇာတဏှာ ဒုဏ္ဍနေတဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက်များ အဝိဇ္ဇာတဏှာထု ထူနေသလဲဆိုရင် ကိုယ့်ကိုကိုယ် အဝိဇ္ဇာတဏှာဒု တက်နေလို့မှ ဝဋ္ဋကောင်ကြီး အဝိဇ္ဇာတဏှာ တုံးကြီးဖြစ်နေလို့မှ ဖြစ်နေမှန်း မသိအောင်၊ အဝိဇ္ဇာတဏှာရဲ့ ကျွန်ဖြစ်နေလို့မှ ဖြစ်နေမှန်း မသိအောင် အဝိဇ္ဇာတဏှာဒု ထူနေတဲ့အတွက် သနားစရာကောင်းတယ်။

ဒုက္ခရုပ်နာမ် ရထားတဲ့အတွက်တော့ ဘာမှမပူနဲ့၊ အတိတ်ကရထားခဲ့လို့ အခုရထားတာ၊ အတိတ်က သစ္စာလေးပါး ထိုးတွင်းပြီး သိမြင်ခဲ့ရင် မဂ်ဉာဏ် ဖိုဉာဏ်ပေါက်ခဲ့ရင်၊ တဏှာနိရောဓာ နိဗ္ဗာန်ဆိုတော့ ကိုလေသာကုန်ပြီး နိဗ္ဗာန်စံမြန်းသွားရောပေါ့၊ အဲသလိုမှ ကိုယ်က သစ္စာ ၄-ပါး မသိမြင်ထားဘဲမို့ ကိုယ်က ရုပ်နာမ်ရထားပြီး အတိတ်ကတော့ ပြီးခဲ့ပြီ၊ ဒါကြောင့် အခုပစ္စုပ္ပန်မှာ အတိုးချပြီးတော့ သစ္စာတရားကို သိနားလည်အောင် ဂရုလေးစိုက်ပြီးတော့ ပညာဉာဏ်လေးနဲ့ ဆင်ခြင်ပြီးတော့ ဝိရိယလေးသာ ထားပေတော့။

ဒုက္ခရုပ်နာမ်ရပြီ၊ ဒီရုပ်နာမ်မှာ ဝိတ်ဆိုတဲ့ တရားလေးဟာ ဟိုတုံးက မလိုလားအပ်တဲ့ ဧတသိက်တွေနဲ့ တွဲနေတယ်၊ ပိမိအဋ္ဌင်္ဂဘာဝင်မှာ အဝိဇ္ဇာက ကိန်းဝှေတယ်၊ အဝိဇ္ဇာဆိုတာ မသိခြင်း၊ သစ္စာလေးပါးကို မသိတာ အဝိဇ္ဇာဘဲ၊ ပုံးလွှမ်းခြင်း ခံထားရတယ်၊ နာမ်တရားလေးက ဖြစ်ပေါ်လာတယ်၊ ဖြစ်

ပေါ်လာပြီးတဲ့နောက် ဒီနာမ်တရားက ပျက်သွားတာဘဲ။ သို့ပေမဲ့ ပျက်သွားတာ ဘယ်သိလိမ့်မတုံး။ အတွင်း အဇ္ဈတ္တမှာတော့ ဝိတ်ကဖြစ်ပေါ်ပြီး ပျက်နေတာဘဲ၊ လက်ဖျစ်တတ်တ်။ လက်ဖျောက်တတီးမှာ ကုဋေတသိန်း ချုပ်လောက်အောင်ပျက်နေတယ်၊ သို့ပေမဲ့ ကိုယ်ကမမြင်ဘူး၊ ဘာကြောင့်မမြင်သလဲဆိုတော့ အဝိဇ္ဇာက ဖုံးနေတယ်၊ ဥာဏ်ကလဲနုနေတယ်။ ကောင်းပြီး အဲဒီလို မမြင်လိုက်တဲ့ အတွက် ပေါ် စိတ် က လေး ဟာ အဝိဇ္ဇာရဲ့ ဖုံးလွှမ်းခြင်း ခံလိုက်ရတော့၊ ပေါ်စိတ်နဲ့ အဝိဇ္ဇာနဲ့တွဲသွားတယ်၊ တွဲသွားပေမဲ့ မသိလိုက်ဘူး၊ မသိခြင်းက စတယ်နော်၊ မသိလိုက်တဲ့အတွက် ဒီစိတ်ကလေးက တွေးချင်ရာတွေးလာတယ်၊ အဲဒီစေတသိက် ၅၂-ပါးထဲက တွဲချင်ရာနဲ့ တွဲလာတယ်၊ ဒီလို တွဲချင်ရာနဲ့ တွဲပြီး တွေးချင်ရာတွေးလာတော့ အမှန်တရားဟာ မပေါ်တော့ဘူးပေါ့၊ အမှန်တရားကို မသိတဲ့ အဝိဇ္ဇာ တဏှာ အောက်မှာ ဖုံးပွင့်လာရတဲ့ ဒီရူပ်နာမ်တရားအစု၊ ဒီနာမ်တရား၊ ဒီအသိဟာ အမှန်ကွယ်သွားရော၊ ဒီအမှန်တရား ကွယ်ပြီးတဲ့နောက်မှ ကိုယ့်ရင်ထဲမှာ ထားပြီး ဒါဘဲဆိုပြီး၊ ဒေါသဖြစ်စရာရှိဖြစ်လိုက်၊ လောဘဖြစ်စရာရှိဖြစ်လိုက်၊ မောဟဖြစ်စရာရှိဖြစ်လိုက်၊ ကိလေသာ အပူမီးတွေနဲ့ လောင်ကျွမ်းစရာရှိ လောင်ကျွမ်းလိုက်၊ ရူပ်နာမ်မှာနော်။ ဒဏ်တွေခံနေရတာ၊ လောင်ကျွမ်းမယ် ပူဆွေးမယ်၊ ရူပ်နာမ်နဲ့ ပတ်သက်ရင် ဒီကိလေသာတွေ မကုန်ချင်ရင် ခံရတာဘဲ၊ သူသူကိုယ်ကိုယ် ဒုဒဏ်တွေခံနေရတယ်။ ဒီကိလေသာဟာ အင်မတန်နှိပ်စက်တတ်တဲ့ ရူပ်နာမ်ကြီး ဖောက်ပြန်တတ်တဲ့ ရူပ်နာမ်ကြီး၊ ကပ်ရှိသူဟာ ဒုက္ခပေးတဲ့၊

ရူပ်နာမ်ကြီး၊ အထပ်ထပ်အဖန်ဖန် ပြင်ဆင်နေရတဲ့ ရူပ်နာမ်ကြီး ဒီရူပ်နာမ်ကြီးဟာ မိမိရဲ့ပြကတ်အရှိသဘောမှ သွေဖီပြီး ဖေါက်ပြန်တဲ့ဘက် ယိုယွင်းပျက်စီးတဲ့ဘက်ကို ဦးတည်နေတဲ့အတွက် နှိပ်စက်ဘို့ရာတာစူနေတဲ့ ရူပ်နာမ်ကြီးပါလားလို့ သိထားရမယ်။

အဲသလောက်ဆိုးဝါးတဲ့ ရူပ်နာမ်ကြီးကိုပင်လျှင်၊ ဒုက္ခရယ်လို့၊ နားမလည်တဲ့ မသိတဲ့အတွက်၊ အဝိဇ္ဇာကဖုံးတဲ့အတွက်၊ ဒီရူပ်နာမ်ကို ထပ်လိုချင်ပြန်ရော။ လိုချင်တဲ့အခါမှာ သမုဒယဖြစ်သွားရော၊ ဒီရူပ်နာမ်ကို လိုချင်တယ်၊ ဒီရူပ်နာမ်ကုံခင်တယ်၊ မင်တယ်၊ ဒီရူပ်နာမ်ကိုင့်တယ်၊ သမုဒယအားလုံးတွေ ပြွတ်ကျလာရော။ ဒီသမုဒယဆိုတာကလဲ ဒုက္ခကို ကပ်ဆောင်တယ်၊ ဒုက္ခအတွက် ဆွဲငင်တယ်၊ ဒုက္ခကို ဖြစ်စေတယ်၊ ဒုက္ခလေးအသွင်ဆောင်နှင်းစေတဲ့အတွက်၊ သမုဒယဆိုဘာကလဲ ဒုက္ခဖြစ်စေတဲ့ အကြောင်းရင်းမြစ်ကြီးဘဲ၊ အဲဒီတော့ ရူပ်နာမ်တွေဟာ ဒေါမှန်ကို အမှန်အတိုင်း မသိတဲ့အတွက် ဒီဠီတွေနဲ့ ယှဉ်ပြီးတော့ ငါ့ရူပ် ငါ့နာမ် သာယာဘွယ်ရာ၊ နှစ်သက်ဘွယ်ရာ ခိုင်မာတယ်ဆိုပြီးတော့ အစဲ့အလမ်းကြီးပြီး င့်လုံး ခင်လုံး မင်လုံး ဒေ့နဲ့၊ သမုဒယသစ္စာတွေဖြစ်လိုက်၊ ဒုက္ခသစ္စာတွေဖြစ်လိုက်နဲ့၊ သံသရာဝဲသြဃကြီးထဲမှာ တပြောင်းပြန်ပြန်နဲ့ ကျင်လည်လိုက်ရတာ၊ နိဃောဓသစ္စာနဲ့ မဂ္ဂသစ္စာပေါ်မလာဘူး၊ ပေါ်မလာဘူး၊ ဒီဠီနဲ့ ယှဉ်နေတော့ ဘယ်ပေါ်လာမလဲ။ ကောင်းပြီတဲ့ ယနေ့ သစ္စာ ၄ ပါးမှာ ဒီဠီနဲ့မယှဉ်မှ သစ္စာ ၄ ပါး မဂ္ဂင်လမ်းဝင်ကိုရှောက်ပြီး နိုရောဓနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ တရားအစဉ်ကို ဟောမယ်။

ဒီဒုက္ခရုပ်နာမ်ကြီးကို ရရှိထားတဲ့အခါမှာ မိမိသည် ရရှိထားတဲ့ ရုပ်နာမ်သည် နှိပ်စက်တတ်၏၊ ဖောက်ပြန်တတ်၏၊ ဒီရရှိထားတဲ့ စွမ်းရည်သတ္တိတွေနဲ့ ငါလို ငါတည်းဟူသော တငါထဲ ငါနေတာနော်၊ အသေအချာပညာနဲ့ ဆင်ခြင်သုံးသပ်လိုက်ပြန်တော့ ငါဆိုတာမတွေ့ပါဘူး၊ သွေး၊ ပြည်၊ သလိပ်၊ အစာသစ်၊ အစာဟောင်း၊ ရိုးတွင်းခြင်ဆီ၊ အရေထူအရေပါးတွေနဲ့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်၊ အကောင်ပုပ်ကြီး စက်ဆုပ်ဘွယ်ရာ သဘ္ဘာဝါတုံးကြီးပါလား၊ ဒီလိုဘဲ ဉာဏ်ပညာနဲ့ကြည့်နိုင်ပါတယ်။

ဒီအထဲမှာ ငါရှာလို့မတွေ့ပါဘူး၊ နာမ်ခန္ဓာတွေကလဲ မှတ်စရာရှိတာ မှတ်ထာ တာဘဲ၊ မမှတ်နဲ့ ဆိုလို့မရဘူး။ ခံစားစရာရှိတာတွေကလဲ ခံစားနေတာဘဲ၊ မခံစားနဲ့ ဆိုလို့မရ၊ သိမှတ်စရာ ဆုံးဖြတ်စရာရှိတာတွေကလဲ သိမှတ်ဆုံးဖြတ်နေတာဘဲ၊ မသိမှတ် မဆုံးဖြတ်နဲ့ အုံးဆိုလို့မရ၊ နာမ်ခန္ဓာကလဲ နာမ်ခန္ဓာရဲ့ အလုပ်ကိုလုပ်လျက်၊ ရုပ်ခန္ဓာကလဲ ရုပ်ခန္ဓာရဲ့ သဘောသဘာဝ အတိုင်း သွားလျက်ရှိတဲ့ ဒီရုပ်နာမ် ခန္ဓာ အစုအဝေးကြီးပါ။

ဒါကြီးကို မိမိတို့ကား အဝိဇ္ဇာတဏှာနဲ့ ဖုံးအုပ်နေလို့၊ ဒုက္ခသစ္စာပါလို့၊ သမ္ဘည္ဒုတ ရှေဉာဏ်တော်ရှင် မြတ်ဘုရားသခင် မဟာကရုဏာတော်ရှင်ကြီးက ဟောမိန့်တော်မူပါလျက်နဲ့ မိမိတို့ နေ့စဉ်မှ်ဘယ်၊ လစ်လျှူရှုရက်တယ်။ တကယ်တန်းကျတော့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ ဒီလောက်ကြီး လစ်လျှူရှုရက်

ဖို့မကောင်းဘူး။ မြတ်စွာဘုရားမှာတော့ လေးသခြေ့နဲ့ ကမ္ဘာတသိန်း ကာလပတ်လုံး ဒုက္ခအမျိုးမျိုးခံပြီး သတ္တဝါတွေကို ရှင်ဝယ်သားလို သနားကြင်နာတော်မူလို့ ပါရမီတွေကို ဆည်းပူးခဲ့ရတယ်။

စွန့်ခြင်းကြီးငါးပါးစွန့်ပြီး ရှာလိုက် ဖွေလိုက် ရ တာ။ အပင်ပန်းခံပြီး ကျင့်ကြံအားထုတ်လိုက်ရတာ၊ အော်-ဒီဝေနေယျ သတ္တဝါတွေ ကျွတ်တန်းရပါစေတော့လို့-ဟိုသုမေဓာရှင် ရသေ့ဘဝကဘည်းက၊ မိမိတဦးတည်းအတွက် ဆိုရင် ကိလေသာ အကြွင်းမဲ့ကုန်စင်အောင် သတ်နိုင်ပါရက်နဲ့ ကဲလေ-မသတ်သေးပါဘူး၊ ငါသိသလို သိပါစေတော့၊ ငါ-သံသရာ ဝဋ်ဆင်းရဲမှုကျွဲကဲ့လွတ်သလို ဒီဝေနေယျသတ္တဝါတွေ ကျွတ်လွတ်ကြပါစေတော့၊ ငါနိဗ္ဗာန်နန်း စံမြန်းနိုင်သလို ဒီသတ္တဝါတွေ စံမြန်းနိုင်ပါစေတော့လို့၊ တကဲ့အလောင်းအလျှာရဲ့ မဟာကရုဏာတော်ကြီးနဲ့ မြော်မြင်ကြည့်ပြီးတော့ လေးသခြေ့နဲ့ ကမ္ဘာတသိန်း ပါရမီဆည်းပူးရှာတယ်၊ ပါရမီဆည်းပူးပြီး အင်ပဘန်မှ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ ရှာဖွေမရခဲ့တဲ့ သမ္ဘာဘဏားကြီးပါ၊ ဒီသစ္စာဘဏားရပြီး ဒီသာသနာတော်ကြီးကို ထားပစ်ခဲ့ရှာဘယ်၊ ဒီလောက်တောင်မှ ထားပစ်ခဲ့တဲ့ သာသနာတော်ကြီးကို မိမိတို့က မသိကြီးကြင်ပြုပြီးတော့ ဒိဋ္ဌိတွေကို ဖက်တွယ်လိုက်၊ အဝိဇ္ဇာကို ဆရာတင်လိုက်၊ တဏှာကို ကျွန်ခံလိုက်နဲ့ ၃၁ ဘုံထည်းမှာ သံသရာလည်ရတာ တကယ်တော့ မြတ်စွာဘုရားရဲ့ မေတ္တာစေတနာနဲ့ မဟာကရုဏာတော်တွေကို မိမိတို့က ကျေးဇူးပြီး

တဲ့နောက် ဟို– ဆိုးဝါးတဲ့အမှောင်းထည်း ရှောက်ရုကျမနေ ဘူးလား။

ကိုယ့်ကိုယ်ကို ဇသေသချာချာ ပြန်စဉ်းစားကြည့်ကြရင် မိမိတို့သည် အလင်းရောင်ပြထားပါရက်နဲ့ ဒီအလင်းကို မျက်စိ ကျိန်းစပ်တယ်ဆိုပြီး အမှောင်ထည်း၊ ဒုထိုးနေရင် မိမိတို့ကိုယ် မိမိတို့ တကယ်ချစ်ရာ သနားရုမကျတော့ဘူး၊ တကယ်ကျင့်ကြံ အားထုတ်ရုမကျတော့ဘူး၊ မိမိကိုယ်ကိုရက်စက်ရုကျတော့မယ်။ ဒါကြောင့် ယနေ့သည်ကား ယောနိသော မနသိကာယ နှလုံး သွင်းပြီး။ ဒီဌိနဲ့ယှဉ်တဲ့အသိတွေ ပယ်ခွာဘို့ရာ၊ ရုပ်နာမ်ကြီး အပေါ်မှာ ဟုတ်တိုင်းမှန်စွာ၊ သိမြင်နိုင်ဘို့ ဒီနာကြားရပြီ။ ကိုယ်ခန္ဓာပေါ်မှာ ဆင်ခြင်ရပြီ၊ နှလုံးသွင်းရပြီ၊ သုံးသပ်အား ထုတ်ရပြီ၊ အားထုတ်လိုက်တဲ့ အခါကျတော့ ဒီရုပ်နာမ်ခန္ဓာ ဘဝင်အဇ္ဈတ္တ မနောဟာဒယပေါ်မှာ ဖြစ်ပေါ်လိုက် ပျက်စီးလိုက် ဖြစ်နေတဲ့ ဒီနာမ်တရား ဒုက္ခတရားလေးတွေကို ဆင်ခြင်သုံးသပ် ကြရအောင်၊ ကိုယ်ရဲ့ဘဝင်မှာ ပေါ်လာရင်၊ လောဘဖြစ်စရာ တိုက်ဆိုင်လို့ လောဘဖြစ်လိုက်ရင်၊ ဒေါသဖြစ်စရာ တိုက်ဆိုင်လို့ ဒေါသဖြစ်လိုက်ရင်၊ အဲဒီ ဘဝင် အဇ္ဈတ္တ ဟာဒယမှာဘဲ ဖြစ်ပေါ် တယ်။တခြားမှာ မဖြစ်ပေါ်ဘူးနော၊ အဲဒါကို သတိထားရမယ်။ တခြားမှာ မဖြစ်ပေါ်ဘူး။

အဲဒီ အဇ္ဈတ္တ ဘဝင်မှာ အသာကလေးဥာဏ်နဲ့ စိုက်ထား ပါ၊ ခန္ဓာမှာ ဥာဏ်လေးနဲ့စိုက်ဆိုတာ ဒါပါဘဲ။ ဒီ ဝေါဟာရ

ဒီဌိ၊ ငါလို့ မစွဲဘဲနဲ့ ဒုက္ခလို့ သတ်လိုက်ရင် ဒီဌိမရှိတဲ့ ဉာဏ်ဘဲ။

သေသေချာချာ ဉာဏ်နဲ့ဆင်ခြင်ပြီး နာကြည့်ပါ၊ မိမိ ရုပ်နာမ်ကို သာယာဘွယ်ရာ နှစ်သက်ဘွယ်ရာ ငါဘဲ၊ ငါဘဲ မြဲမြံတယ်၊ ခိုင်မာတယ် အောက်မေ့နေရင် ဒီဌိ စွဲနေတာဘဲ၊ ဒီရုပ်နာမ်ကို ငါဘဲ မအောက်မေ့ မသတ်မှတ်ဘဲ၊ ဆင်းရဲတဲ့ သဘောဘဲ။ ဒုက္ခတရားဘဲလို့ သတ်မှတ်လိုက်ရင် အဲဒီမှာ ရုပ်နာမ်မှခွာ၍၊ ဉာဏ်ပေါ်လာတယ်။ အဲ့ဒီဉာဏ်နဲ့ ခန္ဓာမှာ စိုက်ပြီးတဲ့နောက် ဒီခန္ဓာရဲ့ အပျက်ကို ဆင်ခြင်လိုက်ပါ။ သဗ္ဗ သင်္ခါရအနိစ္စ၊ ယတာပညာရပသဿတိတဲ့။ ခပ်သိမ်းကုန်သော ဖြစ်ပေါ်လာတဲ့ ပြုပြင် စီရင်အပ်သော ဒုက္ခတရား လေးမျိုးသည် မမြဲဘူးတဲ့ ဆင်ခြင်လိုက်ပါ။ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီး ဟောမိန့်တော်မူခဲ့တဲ့ "အနိစ္စ ဇရသင်္ခါရာ၊ ဥပဒါဝရ၊ ဓမ္မိနော၊ ဥပေဝိတ္ဘာနိရုံ ဇန္တု၊ တေသံ ဝုပသမော သုခေါ"။

ခပ်သိမ်းကုန်သော ဖြစ်ပေါ်လာတဲ့ ဒုက္ခတရားတွေဟာ မမြဲဘူးလို့ ဉာဏ်ပညာနဲ့ ဆင်ခြင်လိုက်ပါ။ ဒီလိုဆင်ခြင်ရင်းနဲ့ ဖြစ်ပေါ်လာတဲ့ ဒုက္ခတရားလေးတွေဟာ နောက်ဆုံးချုပ်ပျောက် ပျက်စီးသွားတာကို သိလိုက်မှဖြင့် စင်ကြယ်ကြည်လင်၍ နောက်ဆုံး နိဗ္ဗာန်အထိ မျက်မှောက်ပြုနိုင်ပါလိမ့်မယ်။

ဒါကြောင့် မိမိတို့ရဲ့ အဇ္ဈတ္တဘဝင်မှာ ဖြစ်ပေါ်လာတဲ့ ဒီဒုက္ခတရားလေးတွေကိုမမြဲဘူးလို့ဆင်ခြင်ပါ "သဒ္ဓါတတိဿ"

တဲ့။ မြတ်စွာဘုရားကို ယုံကြည်ရင် ဘုရားဟောတဲ့အတိုင်း ခန္ဓာမှာဥာဏ်စိုက်ပြီး ဒီသဘော တရားဟာ မမြဲဘူးလို့ဆင်ခြင်လိုက်၊ ဆင်ခြင်ကောင်းတယ်၊ အဲဒါ လူလိမ်မာ သူတော်ကောင်းတို့ရဲ့ ကျင့်စဉ်ဘဲ။ ကိုယ်ရုပ်ကိုယ်နာမ်ကို ငါဟုတ်လှပြီ၊ တာ်လှပြီ၊ သိလှပြီ၊ လိမ္မာလှပြီလို့ တွက်နေလို့ မရဘူး။ ဒီခန္ဓာကြီးဟာ သေး ပြည် သလိပ် အကောင်ပုပ်ကြီး၊ အဲတော့ မမြဲဘူးလို့ ဆင်ခြင်လိုက်ပါ။

အနိစ္စဝရ သခ်ါရာ၊ ဝယဓမ္မာသခ်ါရ၊ အပမာဒေန၊ သမ္ပါဒေထ။ ဘုရားသခင် ပရိနိဗ္ဗာန် စံတော် မူခါနီး မှာချစ်သားတို့–ခပ်သိမ်းကုန်သော သခ်ါရ တရားတွေဟာ မမြဲဘူး၊ ပျက်ဘတ်တယ်၊ ဒါကိုတော့ သတိမမေ့ရစ်ခဲ့ကြနဲ့လို့ သတိပေးမှာတော်မူခဲ့တယ်။ ကောင်းပြီ၊ ဒီတော့ မိမိရဲ့ အဇ္ဈတ္တဘာဝင်မှာ ဥာဏ်အောက်မှာဖြစ်ပေါ်နေတဲ့ တရားလေးတွေကို မမြဲဘူးလို့ ဆင်ခြင်ပါ၊ သုံးသပ်ပါ၊ မိမိသည် ရုပ်နာမ်ရထားရင် အတိတ်ဘဝတွေက အနုမတဂ္ဂ သံသရာမှ အယောနိသော မန

တရားဟာ မမြဲဘူး ပျက်သွားတာကို ဉာဏ်နဲ့ မြင်လိုက်တာက တကြောင်း တို့ကြောင့် အပျက်တရားပေါ်မှာ ဆင်ခြင်တဲ့ ဒီဉာဏ်မှာ အသိကိန်းရင် ဒီ ဉာဏ် ဟာ၊ ဒိဋ္ဌိ နဲ့ လွတ်သွားတယ်။ ဒီ ဒိဋ္ဌိ နဲ့ မယှဉ်တဲ့ ဉာဏ် နဲ့ မိမိခန္ဓာကိုယ်ပေါ်မှာ ဆင်ခြင် သုံးသပ်ရင်းနဲ့ အာဃာတ ပွား မျှားဖန်များလာတော့ ဒီဉာဏ်ဟာ ရင့်ကျက်သွားပါမယ်။ ဒီ ဉာဏ်ဟာ ရင့်ကျက်သွားပြီးတဲ့နောက် မိမိ ရုပ်နာမ်ဟာ ဖြစ်ပေါ်လာပြီးတဲ့နောက်မလွဲမသွေ ပျက်စီးတတ်တဲ့ တရားဖြစ်တယ်။ ဒီတရားကိုမိမိတို့ကလိုဘို့ ထိုက် မထိုက် ဒီအပျက်တရားကို မိမိတို့က လိုချင် သင့်မသင့် ပြန်လည်ဆင်ခြင် စဉ်းစားလိုက်တဲ့အခါမှာ အပျက်တရား အပျက် ခန္ဓာကြီးကို မိမိတို့သည် မလိုလားအပ်ဘူး၊ မခံစားအပ်ဘူး၊ ပျက်နေတာကြီးကို ခံစားရင်၊ဘာလုပ်မလဲ။ မိမိပါ အပျက်ထည်း ရောပါသွားပြီး ဉာဏ်မပါဘဲနေမယ်။

ဒါကြောင့် သူတော်စင်တွေက အပျက်တရားအပေါ်မှာ မခံစားဘူး၊ သူ့ကို ရှုသတ်နေတဲ့ အတ္တက်၊ ဒီအပျက်ဆုံးရှုနိဗ္ဗာန်ကိုရဘို့အတွက် အပျက်ကိုမလိုချင်လို့၊ ဒီအပျက်ကို ဒုက္ခမှုန်းသိလို့၊ ဒီအပျက်ကိုမပိုင်ဘူး၊ မဆိုင်ဘူးဆို၊ စင်ကြယ်တဲ့ဉာဏ်နဲ့ ရှုသတ်လိုက်ပါ။ ပိုင်းဖြတ်လိုက်တယ်၊ ပိုင်းဖြတ်လိုက်တဲ့အဘွက် ဒီအပျက်တွေ ဆုံးသွားတဲ့ အခါမှာ မပျက်တဲ့ နိဗ္ဗာန်ကို ရတယ်၊ ဒုက္ခတွေဆုံးသွားတဲ့အခါမှာ သုခကို ဉာဏ်နဲ့ဆင်ခြင်မျက်မှောက်ပြုနိုင်တယ်။ မပိုင်တာတွေ ဆုံးသွားရင် ပိုင်တာတွေ ရမယ်။

ဒါကြောင့် မိမိတို့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ဒုက္ခတရားတွေ မမြဲတဲ့ သဘောတွေ၊ မပိုင်တဲ့ သဘောတွေ၊ မဆိုင်တဲ့ သဘောဘေလို့ ရှုသတ် ဆင်ခြင် သုံးသပ်ပါ၊ ဤကဲ့သို့ ရှုသတ် ဆင်ခြင်ခြင်း အားဖြင့် ဒိဋ္ဌိနဲ့ မယှဉ်သော၊ ယောနိသောမနသိကာယဆိုတဲ့ နှလုံးသွင်းမှုနဲ့ အသက်ရှင်နေတဲ့ ဝိပဿနာ ယောဂီပုဂ္ဂိုလ်ဖြစ်လာပါလိမ့်မယ် မိမိရဲ့ခန္ဓာမှာလဲသစ္စာတရားဥာဏ်ကိန်းအောင်းပြီးတဲ့နောက် ဒုက္ခကိုဒုက္ခမှန်းသိလို့ပိုင်းခြားပယ်သယ်၊သမုဒယကို သမုဒယမှန်း သိလို့ စွန့်ဖြတ်၊ မဂ္ဂကို မဂ္ဂမှန်းသိလို့ ပွားများ၊ နိရောဓကို နိရောဓမှန်းသိလို့ မျက်မှောက်ပြုဘို့ဘဲ ဖြစ်ပါတယ်။

ဒါကြောင့် ဤကဲ့သို့ ဒိဋ္ဌိနှင့် မယှဉ်သော ဥာဏ်ကို ခန္ဓာမှာရောက်ခြင်းအားဖြင့် မိမိတို့သည် မိမိတို့ခန္ဓာမှာ စဲ့ကပ်နေတဲ့ ဒိဋ္ဌိတွေ၊ ဝိစိကိစ္ဆာတွေ မလိုလား အပ်တဲ့ အညစ်အကြေးတွေ၊ အမှားမှား အယွင်းယွင်း သိထား မှတ်ထား နားလည်ထား ကြံထားတဲ့၊ အကြံအစည် အတွေး အခေါ် အမှတ်အယူတွေ အကုန်လုံး ကျေပျက်ပြီး၊ အနိစ္စရောက်သွားပြီးတဲ့ စင်ကြယ်တဲ့ ဥာဏ်ကို ရမှုဖြင့် "ပစ္စတ္တं ဝေဒိတဗ္ဗော ဝိညူဟိ" ဒီဥာဏ်ပညာနဲ့ အသိုးသိုးသော ပုဂ္ဂိုလ်ပညာရှင်တို့ဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။

ဒါကြောင့် ဤကဲ့သို့ မြတ်စွာဘုရား သခင်၏ ဒိဋ္ဌိနှင့် မယှဉ်သော အစစ်အမှန် ဖြစ်သော ဝိပဿနာ တရားတော် မြတ်အား နာကြားကျင့်ကြံ နှလုံးသွင်း သုံးသပ်ရတဲ့ကုသိုလ်ကံ

စေတနာအပေါင်းတို့ကြောင့် လောကုတ် လောကီ၊နှစ်လီသော အကျိုးကျေးဇူးများ ဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းတဲ့ အပြင်၊ ဒုက္ခမျိုးစုံစုပုံနေတဲ့၊ လောဘ ဒေါသ မောဟမီးတွေ တောက်လောင်နေတဲ့၊ ပပဉ္စတရားတွေ ကြီးစိုးနေတဲ့ တဏှာအဝိဇ္ဇာတွေ

ဝဋ္ဌသုံးပါးမှ ကျွတ်လွတ်ရေးနှင့် ပတ်သက်သော

ကောက်ချက်များ

'တရားရှာ ခန္ဓာမှာတွေ့' ဟူသော စကားရှိသည်။ ခန္ဓာမှာဘာတွေ့သလဲဟု မေးလျှင် အပျက်တွေ့သည်ဟု ဖြေရမည်။ အပျက် တွေ့ခြင်းသည် မဂ်အလေ့ပင် ဖြစ်သည်။ အသိဉာဏ် ရှိသော အဘယ် ပုဂ္ဂိုလ်သည် ပျက်စီးနေသောအရာအား အဘယ်အတွက် ဖက်တွယ်နိုင်ပါမည်နည်း။ ရူပ်နာမ်ကို မဖက်တွယ်ချင်ခြင်းသည် မဂ္ဂင်အင်အားပင် ဖြစ်သည်။ ရူပ်နာမ်ကို ဖက်တွယ်ခြင်းသည် တဏှာအင်အားပင် ဖြစ်သည်။ တဏှာမှ ဘာဝနာဖြစ်ရေးသည် ဝိပဿနာယောဂီတိုင်း အတွက် လိုအပ်ချက်ဘရပ်ပင်၊ ရူပ်နာမ်၏ ဆင်းရဲ နှိပ်စက်ခြင်း၊ အနှစ်သာရမရှိခြင်း၊ အချည်းနှီးဖြစ်ခြင်းကို သိလေလေ ဉာဏ်တက်လေလေ ဖြစ်သည်။ ခန္ဓာ ဟောက်ပက်ကို ဇောက်နက်အောင်ရှုမြင်နိုင်လျှင်၊ မသင်္ခေါ်စရာခန္ဓာကိုယ်သေး ပြည် သလိပ် ကို ယထာဘူတ ကျကျ သုံးသပ်နိုင်မည်။ ယထာဘူတဉာဏ် ရလျှင် နိဗ္ဗိန္ဒဉာဏ်ဝင်မည်။

နိဗ္ဗိန္ဒာဉာဏ် မပါလျှင် မဂ်မရနိုင် ရုပ်နာမ် အပျက်ကို မကြိုးငွေ့သေးလျှင် ဖြစ်ပျက်ဆုံးရာသို့ ဉာဏ်မရောက်နိုင်၊ ခန္ဓာ၏ စက်ဆုပ်စရာ၊ ရွံ့ရှာ ဘွယ်ရာကို မထောက်မည်မှာ ထိထိမိမိဉာဏ်မြင်နိုင်မှ သစ္စာဆိုက်မည်။ တဏှာ အချောမှလွတ်မည်။ ဤတရားတော်တွင် ရုပ်နာမ်တို့၏ ဆင်းရဲခြင်း၊ မမြဲခြင်း၊ မပိုင် ဆိုင်နိုင်ခြင်း များကို ကိုလေသာကြားမည်ပ်စေရန်ဟောပြထားသည်။ အမြင်မှားနှင့် အမြင်မှန်၊ အတ္တနှင့်အနတ္တ၊ ရုပ်နဲ့ဝမ်ဒုက္ခနှင့် နိဗ္ဗာန်သုခ၊ တဏှာနှင့်ဘာဝနာ၊ စိတ်နှင့်ဉာဏ်၊ သညာနှင့်ပညာ၊ မမြဲခြင်းနှင့်မြဲခြင်း၊ အနေခက်အသေခက်နှင့် အနေတတ် အသေမြတ်မှုများကို ရှင်းရှင်း ထိထိမိမိ မသွယ်မဝိုက် ဒဲဒိုး ဟောပြ ထားရာ အမှန်တကယ် ဝဋ္ဋလည်မှုဆင်းရဲဒုက္ခမှ ကျွတ်လွတ်လိုသူတို့အတွက်အား ဆေးတခွက်ပင် ဖြစ်နေပါလိမ့်မည်။

ဒုက္ခဝဋ္ဋတို့မှ ကျွတ်လွတ်ရေးသို့ဦးတည်လျက်-

နန္ဒဝံသ

ဝဋ္ဌိသုံးပါးမှ ကင်းလွတ်ရေး

[၁၃၃၉ ခုနှစ် နယုန်လဆန်း(၁၀)ရက်(၂၆-၅-၇၇) ကြာသပတေးနေ့တွင် ရန်ကုန်မြို့ရှေ့ဘီဂုံ ဘုရား တောင်ဘက် ရှေကျင်ခမ္မာရုံ၌ သန္ဓီသုဝဆရာတော် ဦးနန္ဒဝံသ ဟောကြားတော်မူသော ဝဋ္ဌသုံးပါးမှ ကင်းလွတ်ရေး တရားတော် ဟောစဉ်]

၀ဲ မြတ်ဘုရားရဲ့ဂုဏ်တော်ကိုးပါးကို ချီးကျူးပူဇော်ပြီးတဲ့နောက် မြတ်ဘုရားရဲ့တရားတော်ကို ဟောပါမယ်။ မြတ်ဘုရားရဲ့ တရားဆိုဘာကတော့ အမှန်ဘုရား၊ သစ္စာတရားပါဘဲ၊ အမှန်တရားဆိုတာဘာလဲဆိုတော့ သင်္ခေသခံရာ အနိစ္စ-ယဘာဝညာ ရပဿတိ ဆိုတဲ့အတိုင်း ၁ပ်သိမ်းကုန်သော ဖြစ်ပေါ်လာတဲ့ တရားမှန်သမျှ မိမိကိုယ်ကိုသော်၎င်း၊ တပါးသူကိုသော်၎င်း ဒီ ၃၁ ဘုံအတွင်းမှာ ဖြစ်ပေါ်လာသမျှ တရားများသည် တကယ်တော့ မမြဲဘူး၊ ပျက်စီးသွားမယ်၊ အဲဒီလို ဆင်ခြင်ရမယ်။ ယတာဝညာ ရပဿတိ ဆိုတာ ;ပညာဖြင့် ထိုးထွင်းရှု ဆင်ခြင်ရမယ်။အော်-မမြဲတဲ့တရားတွေပါလား၊

မပိုင်တဲ့တရားတွေပါကလေးလို့ ဆင်ခြင်ရမယ်။ အော် ဒါ့ကြောင့်

ဒါ့ကြောင့် မိမိတို့သည် အပျက်တရားကို မလိုလားအပ်။ ဘာဖြစ်လို့လဲဆိုတော့ ပျက်နေလို့ မလိုလားအပ်၊ ဒါကြောင့် ဖြစ်ပျက်ကို မြင်သွားရင် ဒီပုဂ္ဂိုလ်ဟာ လက်ခံမောင်းခတ် ရပါလိမ့်မည်။ ဒါကြောင့်မို့ မိမိခန္ဓာကိုယ် တည်ဆောက်ထားတဲ့သွေး ပြည် သလိပ် ဒီရုပ်နာမ် အကောင်ပုပ်ကြီးဟာ တကယ်တော့ အပျက်တရားပါလားလို့ တချက် ဆင်ခြင်ရင် နှလုံးသွင်းရင် အလွန်တန်ဘိုးရှိတယ်။ အပျက်တရားကို အပျက်တရားမှန်းသိတဲ့အခါမှ (၁) အပျက်တရားကို မလိုလားဘူး၊ (၂) အပျက်တရားကို မခံစားဘူး၊ သူဟာ အပျက်တရားဆိုတော့ အပျက်တရားပေါ်မှာ မခံစားချင်တော့ဘူး။ သူက ပျက်မှာကို မြင်နေတဲ့ ဉာဏ်နဲ့ တည်တည်ငြိမ်ငြိမ် ဆင်ခြင်လိုက်တော့ မင်းဟာ ပျက်မဲ့တူတူဆိုပြီး မခံစားချင်တော့ဘူး၊ အပျက်တရားကို မဖက်တွယ်ချင်တော့ဘူး။

"သစ်တုံးမှီသူ၊ တုံးလှုပ်မှ မှီသူသွက်သွက်ခါ၊ ပမှီသီးခြားထိုသူအား လှုပ်ရှားမရှိပါ" ရုပ်နာမ်ခန္ဓာကြီးဟာ သစ်တုံးကြီးနဲ့ တူတယ်။ ဒီ သစ်တုံးအပေါ်မှာ မိမိအားဟာ မှီခိုနေရင် သစ်တုံးကြီးကို ဖက်တွယ်နေရင် ဒီသစ်တုံးကြီးကို ငါလို့စွဲပြီး ရင်ဝယ်ပိုက်ထားရင် ဒီသစ်တုံးကြီးက တချိန် ပျက်စီးသွားရင် ငါဟာ ဆောက်တည်ရာမရဘူး။ ကယ်ပါယူပါ တစာစာဖြစ်မယ်၊ အလိုလေး၊ အမယ်လေးဖြစ်မယ်၊ ငါ့မှာ ဘာတွေမလုပ်ရသေးဘူး၊ ဘာတွေ မကိုင်းရသေးဘူး ဖြစ်မယ်၊ ငါ့သားတွေ ငါ့သမီးတွေ ငါ့စီးပွား ငါ့ဥစ္စာတွေ ဘယ်လိုပါလိမ့်လို့ ဖြစ်ကုန်

မယ်။ ဒီရုပ်နာမ်ကြီးကို ငါလို့ သိမ်းပိုက်ထားလို့ဖြစ်တာ၊ တကယ်တော့ ရုပ်နာမ်ကြီးဟာ အစာသစ်တွေ၊ အစာဟောင်းတွေ၊ သွေးပြည်သလိပ် အူသိမ်အူမတွေ ဒါတွေနဲ့ တည်ဆောက်ထားတာ၊ ငါဆိုတာ ရှာတောင့်လဲ တကယ်မရှိ။ မရှိတဲ့ဟာကို အရှိလုပ်ပြီး မိမိတို့က ဒီသစ်တုံးကြီးကိုမှီနေရင် ဒီသစ်တုံးပျက်စီးသွားရင် မိမိတို့မှာဆောက်တည်ရာမရဖြစ်မယ်။ မမှီသီးခြား ထိုသူအား လှုပ်ရှားမရှိပါ။ အော် ဒီသစ်တုံးဟာ မိမိမပိုင်မဆိုင် မမြဲတဲ့တရား၊ ဆင်းရဲတတ်တဲ့တရား၊ အစားမရတဲ့ တရားဆိုပြီး သူ့ကို သီးခြားလေး ခွာလိုက်တဲ့အတွက် ဒီသစ်တုံးပျက်စီးသွားလဲ မိမိသည် မလှုပ်မရှား ဥာဏ် ပြကတိနဲ့ ဆင်ခြင်ပြီးသိနိုင်တယ်။ ဒါကြောင့် မိမိရုပ်နာမ်အပေါ်မှာ ဖြစ်ပေါ်လာတဲ့ လောဘ၊ ဒေါသ၊ မောဟ အပူမီးနဲ့ယှဉ်တဲ့ ကိလေသာတွေ၊ အကုသိုလ်စရိုက်တွေကို ပျက်ရမ္မဲ့ဘရားတွေလို့ သက်ဝင်ယုံကြည်ထားရင် ဒီပဂိုလ်ဟာ ဘုဏ်ပတကိုနဲ့ သက်ဝင်ယုံကြည်ထားသည်အတက်

ပြီး အရိယာဥာဏ်မျက်လုံး ရပြီးတဲ့နောက် အရိယာဝခန်း ဝင်သွားနိုင်တယ်။

ဒါ့ကြောင့်မို့ ရုပ်နာမ်ဆိုတာ အပျက်ဆိုတဲ့ ယထာဘူတ ဥာဏ်ကို ခိုင်ခိုင်မာမာ တည်ဆောက်ရမယ်၊ အပျက်တရားကို မြင်ပါ်မျှားတဲ့အခါမှာ မုန်းလာတယ်၊ ဒီ'လောက်'ထောင် ဖြစ်ပေါ်သမျှ ပျက်လာတော့၊ သူ့အပေါ်မှာ ငြီးငွေ့တဲ့ သဘောလေးတွေ ဖြစ်လာတယ်။ အပျက်တရားကို ကပ်ငြိတဲ့သဘော ဖက်တွယ်တဲ့သဘော၊ မှီခိုတဲ့သဘော၊ အားထားတဲ့ သဘော၊ တပ်မက်တဲ့သဘော၊ လဲလျောင်းတဲ့ သဘောတွေ မရှိတော့ဘဲ အော်....အပျက်တရားဘဲဆိုပြီး သူ့အပေါ်မှာ သိပ်ပြီး အားမထားတော့ဘဲ ခပ်ခွါခွါလေးနဲ့ ငြီးငွေ့တဲ့ သဘောနဲ့ ဖယ်လာရင် အဲဒီလို ခွါလာရင် အဲဒီအပျက်တရားကို မဖက်တွယ်တဲ့ သဘောကြောင့် ငြီးငွေ့တဲ့ သဘောကြောင့် အပျက်တရာ.သည် သူ့ဟာသူ ပျက်သွားရော၊ ပျက်သွားတဲ့ အခါမှာ အော်-သူ့ဟာ ကိုယ်ကလဲ ပိုင်တာမဟုတ် ဟန့်တားလို့လဲမရ၊ ဒီအပျက်တရားကို လွှမ်းမိုး ထိန်းချုပ်လို့လဲမရ၊ သူ့သဘာဝနဲ့.သူကိုက ပျက်တတ်တဲ့ သဘောပါလားလို့ သုံးသပ်လိုက်တဲ့ အခါမှာ မပျက်တဲ့ တရားဘက်ကို ဥာဏ်အသိကလှည့်ပြီး မျက်မှောက် ပြုသွားမယ်။ ဒါ့ကြောင့် ဖြစ်ပျက်ကို မြင်အောင်ကြည့် ဆိုတာ ယထာဘူတ ဥာဏ်၊ ဖြစ်ပျက်ကို မုန်းအောင်ကြည့်ဆိုတာ နိဗ္ဗိဒဉာဏ်။ ဖြစ်ပျက်ကိုဆုံးအောင် ကြည့်ဆိုတာမဂ်ဉာဏ်ဘဲ၊ ဉာဏ်သုံးဉာဏ်ရှိတယ်။ တနည်းအားဖြင့် ရှေးကဖြစ်ပျက် နောက်ကမဂ်ဘဲ၊ မိုဇိရှေဘဝတ်-

အဇ္ဈတ္တပေါ်မှာ ပေါ်လာတဲ့ သဘောတရားတွေကို ဘာဘဲဖြစ်ဖြစ် အပျက်တွေလို့ရှုပါ။

အပျက်မြင်ရင် မဂ္ဂင်ဘဲ၊ ဤကဲ့သို့ မဂ္ဂင်ရောက်ပြီးတဲ့နောက် မဂ္ဂင်အင်အား ကောင်းတဲ့အခါမှာ နိဗ္ဗာန်ရောမသို့ မျက်မှောက်ပြုပေလိမ့်မည်။

ဒါကြောင့် ဖြစ်ပျက်ကို မြင်အောင်ကြည့်။ မုန်းအောင်ကြည့် ဆုံးအောင်ကြည့်ဆိုပြီး ခြေလှမ်းသုံးလှမ်းထဲနဲ့ နိဗ္ဗာန်စံဝင်နိုင်ပါဘယ်။နိဗ္ဗာန်ဆိုတာကတော့ဖြစ်ခြင်း၊ပျက်ခြင်းသဘောတွေမရှိတော့ဘူး၊ ငြိမ်းအေးတဲ့ ဓာတ်ဘဲရှိတယ်။

ကိုလေသာနဲ့ ယှဉ်တဲ့ သဘောတွေမရှိတော့ဘူး၊ ကိုလေသာဝဋ်တွေ၊ ကမ္မဝဋ်တွေ၊ ဝိပာဂဝဋ်တွေ ကုန်သွားပြီ လောကမ်တွေ မရှိတော့ဘူး။ အနှောက်အယှက်တွေ မရှိတော့ဘူး၊ စိုးရိမ်ခြင်း သောကရောက်ခြင်း ပူလောင်ခြင်း တွေမရှိတော့ဘဲ ပြကတိ ငြိမ်းအေးပြီးတော့ ဥာဏ်နဲ့ဘဲ နိဗ္ဗာန်ဓာတ်သည် ဤကဲ့သို့ ငြိမ်းအေးပါကလား၊ တည်မြဲမ်ပါကလား၊ ချမ်းမြေ့ပါကလား စစ်မှန်တဲ့ သန္တိသုခနဲ့ပြည့်စုံပါကလားလို့ သဘောပေါက်သွားမယ်။

အဲဒီသဘောပေါက်မှုအတွက် မဂ်ဉာဏ်အင်အားကို မှီးရမယ်၊ မဂ်ဉာဏ်အင်အားကို ရဘို့အတွက် မိမိသည် ရုပ်နာမ်

ခန္ဓာအပေါ်မှာ အပျက်တရား ဆင်ခြင်ပေးရမယ်၊ ဆင်ခြင်ပါ မျှားတဲ့အခါမှာ ခန္ဓာမှာ စွဲကပ်နေတဲ့ မလိုလားအပ်တဲ့ ကိုလေ သာတွေဟာ တလွှာစီတလွှာစီ ကျွတ်ကျွတ်ကျသွားမယ်၊ ဒီလို ရုပ်နာမ်အပေါ်မှာ စွဲကပ်နေတဲ့၊ ခင်လုံးတွေ၊ မင်လုံးတွေ၊ ငါ့ညီမတွေ ငါတွေ တဏှာ တွေဟာ ဒီမမြဲတဲ့ တရားနဲ့ တိုက်ချတ်လိုက်တဲ့ အခါမှာ၊ ခန္ဓာပေါ်မှာ စင်ကြယ်သွားပြီး တော့ မှန်ကန်စွာ နှလုံးသွင်းနိုင်လာမယ်။ ခန္ဓာဟာလဲ ပေါ့

သတ် ဖြတ်ဖြတ်ခွါလိုက်တဲ့အခါမှာ အနတ္တညာဏ် ကိန်းအောင်းပြီး ခန္ဓာပေါ်မှာ စဲ့ကပ်နေတဲ့တဏှာတွေ အဝိဇ္ဇာတွေ သမုဒယတွေ ငဲ့ချင်တဲ့ သဘောတွေ ထောက်ထားညှာတာပြီး မက်နေတဲ့ သဘောတွေ အကုန်လုံး အနိစ္စဖြစ်ပြီး ကြေပျက်ပြုန်းသွားတယ်။

ဒီအခါမှာ မိမိသည် တဏှာနိရောဓောနိဗ္ဗာန်လို့ဆိုတယ်၊ တဏှာဆိုတာ တပ်မက်တာ မိမိရုပ်နာမ်ကိုလဲ တပ်မက်တတ်တယ်။ သူတပါးရုပ်နာမ်ကိုလဲ တပ်မက်တတ်တယ်။ မိမိအတ္တကို တပ်မက်လို့ အတ္တနိယ ဆိုတာဟာ မိမိ ရုပ်နာမ်ကိုတောင် မတပ်မက်လို့ ပယ်လိုက်တဲ့နောက်ပိုင်းမှာ တပါးသူရဲ့ ရုပ်နာမ် ကိစ္စတွေကို အကုန်လုံးခွါပြီးသားဖြစ်သွားပါတယ်၊ ဒါကြောင့်မို့ မိမိတို့ ရင်တွင်းမှာ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမဿ ဥပါယာသဆိုတဲ့ အပူမီးတွေ လာရင်လဲ အံ့နိစ္စလက္ခဏာနဲ့ ညှိမ်းလိုက်၊ လောဘ ဒေါသတွေလာရင်လဲ အနိစ္စလက္ခဏာနဲ့ ညှိမ်းလိုက် ဘာတရား လာလာ မိမိရင်တွင်းမှာ လာမည့် တရားများကို ဒီအနိစ္စလက္ခဏာနဲ့ ဖြိုဝါးလိုက်ရင် ဖြစ်ပေါ် တွေ့ကြုံရမဲ့ အရာရာသော သင်္ခါရ တရားတွေဟာ ပျက်သွားပါလိမ့်မယ်။

ဒါကိုမယုံမရှိနဲ့ အနိစ္စံဝရသင်္ခါရာ ဥပ္ပဒါဝရမမ္မံနောဂျ၊ ကဲ့သို့ဖြစ်ပေါ်တဲ့ ရုပ်နာမ်နဲ့ ပတ်သက်တဲ့ သင်္ခါရတရားဟူသမျှ၊ ဘယ်သင်္ခါရမဆို စိတ္တသင်္ခါရ ၊ဝေဒီသင်္ခါရ ၊ မနောသင်္ခါရ ဘရားတွေမှန်သမျှ နိဂုံးချုပ်ကျတော့ ပျက်ရတာပဲ၊ အပျက်

တရားကသာ ထိုင်စောင့်ပြီး ရှုသတ်ဆင်ခြင်နေရင် မိမိခန္ဓာ ကိုယ်ပေါ်မှာ ငါစဲ့ဒီဋ္ဌိတွေ ပြုတ်သွားမယ်၊ ဒီခန္ဓာကိုယ်ကြီးဟာ မြဲမျှားမြဲသလား၊ ငါမျှားပိုင်သလား စသည်ဖြင့် အတွေး အထင်တွေဖြစ်တဲ့ ဝိစိကိစ္ဆာတွေလဲ ပြုတ်ပြီးတဲ့နောက် မိမိသည် ပုထုဇဉ်မျက်ကန်းစရိုက်ဆိုးမှ ကင်းလွတ်၍ အရှုးဘဝမှကင်းလွတ် ၍၊ အကောင်းဘဝ၊ သဘာဝသဘော ရုပ်နာမ်ကို အမှန်အ တိုင်းပိုင်းခြားသိနားလည်နိုင်မယ်။ ဤကဲ့သို့သိနားလည်နိုင်တော့ တဲ့အခါ ဝိဇ္ဇာဉာဏ်ရမယ်၊ ဝိဇ္ဇာဆိုတာဘာလဲ၊ သစ္စာကိုသိတာ ဝိဇ္ဇာဉာဏ်၊ သစ္စာတရားကိုမသိတာ အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုတာ အမှန်ကိုမသိတာ အမှန်မသိတော့ အမှားကိုအမှန်ထင်တယ်၊ အမှန်ကိုအမှားထင်တယ်၊ အမှန်ကိုအမှန်အတိုင်း သိခြင်းမရှိ၊ အမှားကိုအမှားမှန်း သိခြင်းမရှိဘူး။ အဲဒါဟာ အဝိဇ္ဇာနဲ့ယှဉ် နေတာ။

ဝိဇ္ဇာဆိုတာကတော့ မှန်ကန်တဲ့ သစ္စာတရားကို ထိုးထွင်း ပြီး ဉာဏ်သက်ဝင်နိုင်တဲ့ ပညာစခန်းဖြစ်တယ်၊ ဉာဏ်စင်နန်း ဖြစ်တယ်၊ တဏှာဆိုတာက လိုချင်တဲ့သဘော၊ ဘဝနာဆို တာကတော့ အော်ဒါ၊ တူဟာ ပမြဲတဲ့သဘော၊ မပိုင်တဲ့သဘော မဆိုင်တဲ့သဘောတွေလို့ လက္ခဏာတွေနဲ့ယှဉ်ပြီးဉာဏ်အမြင်နဲ့သုံး သပ်ဆင်ခြင်တဲ့သဘောပဲ၊ ဒါကြောင့် ဝိဇ္ဇာနဲ့အဝိဇ္ဇာကဲ့ရမယ်၊ တဏှာနဲ့ဘဝန ကို ကဲ့ရမယ်၊ ဒီ မိမိရင်ထဲမှာပေါ်လာရင် ဒုါ အဝိဇ္ဇာလား၊ ဒါ တဏှာလားလို့ ကြည့်လိုက်ပါ၊ ဒါဟာ

ဟာမမြဲဘူးလို့ရှုပါ၊ ဒီနည်းအားဖြင့် မိမိကိုယ်ကို မိမိအမြင်တမ်း ဆန်းစစ်ပြီးတော့ အဝိဇ္ဇာပေါ်တိုင်း သတ်လိုက် ရှုလိုက် စွန့်လိုက် ဖြတ်လိုက်၊ တဏှာပေါ်တိုင်း သတ်လိုက် ရှုလိုက် စွန့်လိုက် ဖြတ်လိုက် ဆိုရင် မိမိရဲ့ ရုပ်နာမ်မှာ ပေါ်နေတဲ့ အဝိဇ္ဇာတဏှာ ရဲ့ ဒုဒယ်ဟာ တလွှာစီ တလွှာစီ လျော့လျော့ ရော့ရော့ သွားပြီးနောက်ဆုံးမှာ အင်မတန်ပါးသွားပြီး တခါတည်းချုပ် ငြိမ်းပျောက်ကွယ်သွားမှဖြင့် အင်မတန်မှပူလောင်တဲ့ သဲကန္တာရ ထဲကနေပြီးတော့ဟိုအေးမြတဲ့ အရိပ်အာဝသအောက်ဝင်ရသလို ပါဘဲ။

ရုပ်နာမ်နဲ့ပတ်သက်တဲ့ ဒုဋ္ဌိတွေ၊ ဝိစိကိစ္ဆာတွေ အတ္တတွေ တဏှာတွေ ပပဉ္စတရားတွေ မာနတွေနဲ့ ယှဉ်တွဲနေတဲ့ သဘောမရှိတော့ဘူး။ ချမ်းသာတဲ့သဘောရှိပါတယ်။ ဒုက္ခခပ် သိမ်းကင်းငြိမ်းတဲ့သတော ရှိပါတယ်။ အပူမီးဟူသမျှ အကုန် လုံး ငြိမ်းသတ်ပြီးသား ဖြစ်ပါတယ်။ တဏှာရာဂတွေလဲအကုန် လုံးချုပ်ငြိမ်းတဲ့သဘော ဖြစ်ပါတယ်၊ လောကဓံလဲ ဘာမှမရှိ တော့တဲ့သဘောတွေ ဖြစ်ပါတယ်၊ ဝဋ်ဆွေတွေလဲကျွတ်သွားတဲ့ သဘောရှိပါတယ်။

အဲဒီတဏှာရာဂ ဒိဋ္ဌိတွေလဲ ဘာမှမရှိဘဲနဲ့ အင်မတန် မှ ငြိမ်းအေးတဲ့သဘော၊ စင်ကြယ်တဲ့သဘော၊ ချုပ်ငြိမ်းသွား တဲ့ သဘောတွေဘဲ ဖြစ်ပါတယ်။ ပြီးပြည့်စုံတဲ့သဘော တွေ ဝေဖန် ထပ်မံ၍ ဒုက္ခပြန်မဖြစ်တဲ့သဘောရှိတယ်။

ရှေဘုန်းတော်ရှင်ဘုရားသခင်ကိုယ်တော်မြတ်၊လေးသခေါ်နှင့်ကမ္ဘာတသိန်း ဆည်းပူးခဲ့ရတဲ့၊ရှာဖွေခဲ့ရတဲ့၊ အသိဉာဏ်တွေကြောင့်၊ မျက်မှောက်ပြုနိုင်တဲ့ဒီနိဗ္ဗာန်ဓာတ်ကြီးဟာအေးငြိမ်းတဲ့ဓာတ်ကြီးဖြစ်တယ်၊ အပူမီးဟူအမျှ မြူမျှမရှိဘူး၊ ဒီမှာဘက် ၃၁ ဘုံကြီးမှာတော့ တဝဲလယ်လယ်ကျင်လည် ကျက်စားရတယ်။

အဲဒါကြောင့်ဤကဲ့သိုမြတ်စွာဘုရားသခင်၏ တရားတော်မြတ်ကို ခန္ဓာဉာဏ်ရောက်၊ ဝိပဿနာ တရားကို ကျင့်ကြံအားထုတ်ရတဲ့ ဂုဏ်ကျေးဇူးဟာ ဘယ်လိုထူးခြားသလဲဆိုရင် မိမိ၏ခန္ဓာ၌ ပိပဿနာတရား ဆင်ခြင်တဲ့အခါမှာ အထူးရှုသတ်လိုက်တော့ မိမိအဇ္ဈတ္တဘဝင်မှာ ဖြစ်ပေါ်လာတဲ့ ကိုလေသာဟွန့်.ယှဉ်သေးတဲလောဘ၊မောဟ၊ဒေါသတွေနဲ. ယှဉ်နေသေးတဲ့ ဒုက္ခတရားလေးဟာ အနိစ္စဖြစ်သွားတယ်။

အဲဒီလိုအနိစ္စဖြစ်အောင် ရှုလိုက်၊ ဒီလိုရှုလိုက်တဲ့အဘွဲ့ကမိမိခန္ဓာမှာဉာဏ်စိုက်လိုက်တဲ့ ဒီဉာဏ်လေးဟာမိမိရဲ့ခန္ဓာမှာဖူးပွင့်လာတယ်၊အားကောင်းလာတယ်၊ပွင့်လင်းလာတယ်၊ တောက်ပလာတယ်၊ကြည်လင်လာတယ်၊အစွမ်းထက်လာတယ်၊ဒီဉာဏ်ဟာအင်မတန်ထူးခြားလွန်းလှအားကြီးလို့၊ နောက်ဆုံးမှာ ရင်ထဲမှာဖြစ်ပေါ်လာသမျှ ဘာကြောင့်ဘဲသောကရောက်ရောက်၊ ဆားကြောင့်ဘဲသောကရောက်ရောက်၊ သမီးကြောင့်ဘဲသောကရောက်ရောက် ၊ဆွေမျိုးကြောင့်ဘဲသောကရောက်ရောက်၊ စီးပွါးကြောင့်ဘဲသောကရောက်ရောက်၊ ဂုဏ်သတင်းကြောင့်ဘဲသောကရောက်

ရောက်၊ဘာကြောင့်ဘဲ သောကရောက်ရောက်၊ အဲဒီသောကကို ဒီဥာဏ်ထုက မမြဲဘူး မင်းအနိစ္စလို့ ရှုလိုက်ရင် တခါထဲ ဥာဏ် အောက်မှာ ပျက်သွားရမယ်။ အဲဒီလောက်ထက်မြက်တဲ့ ဥာဏ် ဖြစ်ပါတယ်။

ဒါကြောင့် ဒီဥာဏ်ကို ပိုင်ပိုင်နိုင်နိုင်ရထားရင် သေ ခြင်းတရားကို ပြုံးပြုံးနဲ့ ရင်ဆိုင်နိုင်တယ်၊ ဒီဥာဏ်ကိုမရဘဲနဲ့ ရုပ်နာမ်အစ္စတွေမှာ ဖြစ်တာတွေကို ဒုက္ခဖြစ်ပြီး၊ ဒုက္ခကိုဒုက္ခ မှန်းမသိဘဲနဲ့ မရှုသတ်တော့ ဒုက္ခနဲ့ ငါ နပမ်းလုံးပြီး ဒုက္ခကို ငါဆိုပြီး ဒုက္ခနဲ့ငါနဲ့ သိပ်သည်းကျစ်လစ်စွာ တည်ဆောက် ထားရင် သံသရာရေယဉ်ကြောမှာ နစ်မှုန်းစရာရှိတယ်၊ လားရာ ဂတိ ကောင်းဘွယ်ရာ လုံးဝမရှိပါ။

ဒါကြောင့် ဒီဒုက္ခကို ဒုက္ခမှန်းဥာဏ်နဲ့ သိပြီး၊ ဒုက္ခရဲ

တွေကို ဒီလက္ခဏာရေးသုံးပါးနဲ့ စင်ကြယ်အောင် ဆေးကြော ပွတ်တိုက်ပါမျှားတဲ့အခါမှာ နောက်ဆုံး ကြည်လင်ဝင်းလက် သွားရပါတယ်။

မိမိမှာ အဝိဇ္ဇာ တဏှာမျှား ကင်းစင် သွားပြီး တဲ့နောက် ဥာဏ်ထူးရတဲ့အခါမှာ ဟို အင်မတန်ငြိမ်းချမ်းတဲ့ နိဗ္ဗာန်ရှေပြည်မြတ်ကိုကြီးကို မိမိတို့သည် စံမြန်းရင်းမျက်မှောက် ပြုနိုင်တဲ့အဆင့် ရောက်သွားပယ်။

ဒါကြောင့် ဤကဲ့သို့ မြတ်စွာဘုရား၏ ဝိပဿနာတရား တော်ဒေသနာတော်တို့ကိုနာကြားရသော၊ ကျင့်ကြံရသော၊ ဆင်ခြင်ရသော သုံးသပ်ရသော နှလုံးသွင်းရသော ကုသိုလ်ကံ စေတနာ အပေါင်းတို့ကြောင့် လောကုတ် လောကီ နှစ်လီသော အကျိုးစီးပွားမျှားဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းတဲ့အပြင်၊ ဤမှာဘက် ၃၁ ဘုံ၌ ခေါင်းအမျိုးမျိုးပြောင်းရတဲ့ ဒုက္ခ၊ ကိလေသာဝဋ်၊ ကမ္မဝဋ်။ ဝိဘာဂဝဋ်တွေနဲ့ ယှဉ်နေတဲ့ ၃၁ ဘုံ သံသရာဝဲ့ဩဃ ကြီးမှရုပ်နာမ်ဟာ ဆင်းရဲပြီးတဲ့နောက်၊ လောဘမီး၊ဒေါသမီး၊ မောဟမီးတွေ ဟုန်းဟုန်း တောက်နေရတဲ့၊ တဏှာကိလေသာ တွေရဲ့ကျေးကျွန်ဖြစ်ရတဲ့ ရုပ်နာမ်ရဲ့အဖြစ်ကို မိမိကိုယ်တိုင်၊ မလို လားအပ်၊ ဆင်းရဲတယ်မြင်လို့ ပယ်စွန့် သတ်ဖြတ်ပြီးတဲ့နောက် ဟိုမှာ ဘက်ကမ်းဖြစ်တဲ့ အင်မတန်မှ ငြိမ်းချမ်းတဲ့၊ငြိမ်သက်တဲ့-ဇမြတဲ့ အပူမီးတွေ ချုပ်ငြိမ်းသွားတဲ့၊ ထုဂက္ခဏော၊ တပ်မက်မှုဇောကုန်ဆုံးသွားတဲ့၊ ဝဋ်ဆိုဘာဝမရှိဘဲ့၊ ကိလေသဝဋ်ဇောမရှိ

ဟာ၁တဲ့၊ ကိုလေသာ ခံစားချင်တဲ့ သဘောဘေ့ မရှိတော့တဲ့ ချုပ်ငြိမ်းသွားတဲ့ နိဗ္ဗာန်ရှေပြည်မြတ်ကို လျင်မြန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ကြသော၊ စံမြန်းနိုင်ကြသော၊ မျက်မှောက် ပြုနိုင်၊ စံမြန်းနိုင်အောင် ကြိုးစား နိုင်ကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များဖြစ်ကြပါစေသော်စ်။

"သာဓု-သာဓု-သာဓု"

အဝိဇ္ဇာကို ဝိဇ္ဇာဉာဏ်ဖြင့်ဖြတ်ခြင်း တရားတော်အတွက်

ကောက်ချက်များ

ဤဘုရားဘော်ခ္ခ ခန္ဓာအပေါ်ပည်ကဲ့သို့ ဉာဏ်ရောက်နိုင်ကြောင်း လမ်းညွှန်ထားပါတယ်။ရူပ်နာမ်ခန္ဓာကြီးကို ခန္ဓာကြီးအတိုင်းလွှတ်ထား၍ ဉာဏ်မပေါ်နိုင်ကြောင်း၊ တနည်း ဘာမှမလုပ်ဘဲနေ၍မရကြောင်း၊ ဒုက္ခရူပ်နာမ် အပေါ်မှ ဒုက္ခချုပ်အောင် ဒုက္ခ ကိုဒုက္ခဟု ဟုတ်မှန်စွာ သိမြင်၍ ဤဒုက္ခ၏ အပျက်တရားကို ရှုမြင်သုံးသပ် နေသော ဉာဏ်ပညာသည် ရူပ်နာမ်ဒုက္ခ ခန္ဓာအပေါ်၌ တည်ရှိနေရန် လိုအပ်ကြောင်း ဟောပြထားပါသည်။

သမုဒယကို လက်ခံသော အလုပ်လုပ်လျှင် ဒုက္ခဖြစ်လာပည်ကို ပညာသိ ဉာဏ်အမြော်အမြင်ဖြင့် ဆင်ခြင်၍ သမုဒယ ကိုလက်မခံ ရှုသတ်ပယ်ဖြတ်ခြင်း ဉာဏ်ကိစ္စ လုပ်ဆောင်ရန် လိုအပ်ကြောင်းကို ခန္ဓာဉာဏ်ရောက်ကျင့်စဉ်ဖြင့် ဟောထားပါသည်။ဒုက္ခရူပ်နာမ်ကို ဒုက္ခရူပ်

နာမ်အတိုင်းတိုင်းဥာဏ်မပါဘဲလွတ်ထားသော မှားယွင်း

မနေဖြစ်ပေါ်လာလျှင်ရင့်ရော်အိုမင်းချုပ်ပျောက်ပျက်စီးရသည်ချည့်သာဖြစ်သည်။ ဤသဘာဝကို ဃဂဏနဲ့ နဲ့ဝေးမလည်ထင်ရာစိုင်းၨ၍ အတ္ထနောမတိ ကိုယ်ယူချင်သလိုယူပြီး တရားတော်နှင့်ဆန့်ကျင်၍ ဟောပြောမှတ်ယူနေသူများ အသိတရားရဘို့ ကောင်းလှပြီ။

ဤသို့ အသိတရားရရှိစေရန် ယောဂီတဦး ဘာလုပ်ရမည်ဆိုသည်ကို ကိတိကျကျ လမ်းညွှန်ထားပါသည်။ လူလိမ္မာတို့ ဘယ်ကဲ့သို့ကျင့်ကြံအားထုတ်သည်။ လူမိုက်များက ဘယ်သို့နှလုံးသွင်းသည်တို့ကို ကဲ့ပြားအောင်ခဲခြားဖော်ပြ ဟောကြားထားပါသည်။

တရားတော်ကို ခြုံကြည့်လျှင် ရုပ်နာမ်များအား ဒုက္ခအပူမီးဖြစ်စေသော ကိလေသာတရားများ လျော့ပါးစေရန် ရည်သန်၍ဟောကြားထားခြင်းများသာ ဖြစ်ပါသည်။

သံသရာရေယာဉ်ကြောင့် စိတ်နှင့်ကူးလျှင် မျောမည်။ မကူးဘဲ ဒီအတိုင်းတိုင်း စိတ်နှင့်နေလျှင် မြုပ်မည်။ ဉာဏ်မဂ္ဂင်ဖောင်ဖြင့် တဖက်စခန်းသို့ တက်လှမ်းကျော်ဖြတ်အောင် မြင်နိုင်ရန် မဂ္ဂင်ဖောင်ဖွဲ့နည်း နည်းနိဿတို့ကို စနစ်တကျ ဃဂဏန သေသေချာချာ ဖော်ပြထားပါသည်။ ယောဂီတဦးအား ဝိပဿနာတရား လက်တွေ

ကျင့်လိုလျှင် ဘယ်လိုနှလုံးသွင်းရမည်။ ဘယ်လိုအားထုတ်ရမည်ဟု တိတိကျကျ ညွှန်ပြ၊လှည့်ဖြားမှုမရှိ သစ္စာရှိရှိ တာဝန်သိသိ ဟောဖော်ထားရာ သစ္စာကိုမေတ္တာဖြင့် ကွပ်ကဲ ဒုက္ခရုပ်နာမ်မှ သုခနိဗ္ဗာန်သို့ တက်လှမ်းစံမြန်းနိုင်စေရေး အစီဇာကို ဝိဇ္ဇာဉာဏ်ဖြင့် ဖြတ်တောက်ရေးတို့၌ ကြီးစွာသော အထောက်အပံ့များအဖြစ် ရပ်တည်စေသည်ဖြစ်ပါကြောင်း။

သန့်စင်သော စေတနာဖြင့်

နန္ဒဝံသ

အဝိဇ္ဇာကို ဝိဇ္ဇာဉာဏ်ဖြင့် ဖြတ်ခြင်း

[၁၃၁၀ ခုနှစ်၀ါဆိုလပြည့်ကျော်ရှစ်ရက်(၁၈-၇-၇၆) တနင်္ဂနွေနေ့တွင် ရေပေါ်သောင် ဓမ္မာရုံ၌ သန္တိ၀ိသုခ ဆရာတော် ဦးနန္ဒ၀ံသ ဟောကြားတော်မူသော အ၀ိဇ္ဇာကို ဝိဇ္ဇာဉာဏ်ဖြင့် ဖြတ်ခြင်း တရားတော်ဟောစဉ်]

ကဲဒီနေ့ မြတ်စွာဘုရား သခင်ရဲ့ တရား တော်မြတ်ကို နာကြားရမယ်၊ အင်မတန် နံ့ရခဲတဲ့ တရားတော်မြတ်ကို နာကြားရမယ်၊ ဘာကြောင့်နာရခဲလဲဆိုတော့ သူသူ ငါငါ (၃၁) ဘုံမှာ ကျင်လည်ကြရတဲ့ ပုဂ္ဂိုလ်တွေ၊ အရိယာမဟုတ်သေးတဲ့ ပုဂ္ဂိုလ်တွေနတ်လူဗြဟ္မာသတ္တ၀ါ ကျေးငှားကိုအကိုက်ဘဝကျက်အမေးနိုလေးမနှယ်ကာ ရ၊ နှလုံးသွင်း မှားခဲ့ကြတဲ့ ဒဏ်ကြောင့် အ၀ိဇ္ဇာ တရားရဲ့ ကျေးကျွန်ဖြစ်ပြီး အမိနဲ့အဖလို့ ဆိုရမည့် အ၀ိဇ္ဇာတဏှာက မောင်းနှင်ခိုင်းစေခြင်း ခံရတဲ့ ဒီရုပ်နာမ်ပါ။ တနည်းအားဖြင့် ကိလေသာ၀ဋ်၊ ကမ္မ၀ဋ်၊ ဝိပာဂ၀ဋ်ဆိုတဲ့ ၀ဋ် ၃ပါးရဲ့ အစေအပါး ဖြစ်တဲ့ ဒီရုပ်နာမ်ကြီးဟာ အ၀ိဇ္ဇာနဲ့ တဏှာရဲ့ လက်အောက်

မှာ မျှောနေတယ်၊ လောဘ ဒေါသ မောဟမီး ဟုန်းဟုန်း တောက်နေတဲ့ဒီသံသရာဝဲသြဃကြီးထဲမှာပိုးဖလံ မျှားလိုမီးကိုတိုး နေကြတယ်။ ဒီလို လောဘ ဒေါသ မောဟမီးတွေကို မီးမှုန်း မသိ လောက်အောင်ကိုဘဲ၊ အဝိဇ္ဇာက ပိတ်ဖုံးထားတယ်။ ဒီသိပ်သည်းကျစ်လစ်တဲ့ အဝိဇ္ဇာတဏှာရဲ့ လွှမ်းမိုးမှုဒဏ်ခံပြီး ရှုန်းကန်လှုပ်ရှားနေရတဲ့ ဒီရုပ်နာမ်နဲ့ ဒီကိလေသာ တရားတွေကို မြတ်စွာဘုရားရဲ့ သစ္စာတရားကို နာကြားရပြီဆိုရင် သူတို့ကို အံ့တုလိုက်တာဘဲ၊ တနည်းအားဖြင့် တသံသရာလုံးက နှိပ်စက်လာခဲ့တဲ့ ခေါင်းအမျိုးမျိုး ပြောင်းစေတတ်တဲ့ ၃၁ ဘုံမှာ ၈ပြောင်းပြန်ပြန် ကျင်လည်စေတတ်တဲ့ အဝိဇ္ဇာတဏှာနဲ့ တက္ခ၊ ကိုလေသာ နိဝဏဘာရားတွေကို ယနေ့တော့ တိုက်ဖျက်တော့မယ်၊ ချေမှုန်းတော့မယ်ဆိုတဲ့ စွမ်းရည်သတ္တိကို မွေးပြီး၊ ဘုန်းတော်ရှင် ဘုရားသခင်နှင့် သစ္စာလေးပါးတရားမြတ်ကို နာကြားရမယ်။

ရုပ်နာမ်တဲ့။ လူမှာ ခန္ဓာ ၄ါးပါး ရုပ်နာမ်နှစ်ပါးဘဲ ရှိပါတယ်။ ဒီရုပ်နာမ်မှာ အရင်းစစ်လိုက်တော့ အဇ္ဈတ္တ ရုပ်နာမ်ကော အရေးကြီးဆုံးပါ။ အဇ္ဈတ္တရုပ်နာမ် ဆိုတာ ဘာလဲ၊ အဇ္ဈတ္တ ရုပ်နာမ်ဆိုတာ အာရုံ ခြောက်ပါးရှိတယ်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနဆိုပြီး ရှိတယ်၊ ဒီအာရုံ ခြောက်ပါးမှာ စက္ခု၄ သောတ၊ ဃာန ဇိဝှာ၊ ကာယ ဆိုတဲ့ အာရုံ၄ါးပါး တံခါး၄ါးပေါက်ကို ပိတ်လိုက်ပါ။ လျှစ်ပျှဉ် ရှုလိုက်ပါ။ ပြီးတော့ မနောပေါက် ဘဝင်စိတ် အဇ္ဈတ္တ

ရူပ်နာမ်တည်ရာ မနောဟာဒယမှာ ဖြစ်ပေါ်လာတဲ့ နာမ်တရား လေးတွေကို သတိထား ဝိရိယစိုက်ပြီး ပညာဉာဏ်နဲ့ ရှုရမယ်။ ပညာဉာဏ်နဲ့ ရှုရမယ်ဆိုတာ သညာနဲ့ နှုတ်ကရှု တဲ့သဘော မဟုတ်ပါ။ နှုတ်ကနေပြီး သညာသဘောနဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် အာနာပါဏလိုလိုလေးနဲ့ နှုတ်မှာ အနိစ္စ အနိစ္စရှုတ်နေလို့ တော့ မြတ်စွာဘုရားသခင်ရဲ့ သစ္စာတရားကို ထိုးထွင်းပြီး ဘကယ်ဝိဇ္ဇာ ဉာဏ်နဲ့ ပေါက်ရောက်စွာ သိနားလည်ဘို့ မလွယ်ဘူး။ မလွယ်တာကြောင့် စိတ်ကို ဉာဏ်နဲ့ ရှုရပါတယ်။ စိတ်ကို စိတ်နဲ့ရှုလို့က မရဘူး။

ဘာကြောင့်လဲဆိုတော့ ဒီစိတ်ကလေးက ဟာဒယ ရူပ်ဝတ္ထုပေါ်မှာ ဖြစ်ပေါ်နေတာ၊ သူ့ကို နောက်စိတ်နဲ့ ရှုရင် ဒီစိတ်ဘဲ ထပ်ပေါ်နေမှာမို့ ဒီစိတ်မချုပ်ပါ။ စိတ်ဆိုတာ စေတသိက် ၅၂ ပါးနဲ့ တွဲပြီးတော့ ရူပ်နာမ်ကြီးကို လှုပ်ရှားစေပါတယ်၊ ဒီစိတ်ကို ဉာဏ်နဲ့ ပညာသားပါပါ ရှုရမယ်။ ဒါကြောင့် မိမိရဲ့ခန္ဓာမှာ ဉာဏ်ရောက်ဘို့လိုပါတယ်။ ခန္ဓာ ဉာဏ်ရောတ်ဆိုတာဒါဘဲ။

ယနေ့ တရားနာ ပရိသတ်ဟာ မိမိတို့ခန္ဓာအား မြတ်စွာဘုရားကို လှူဒါန်းပြီးနောက် မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ သစ္စာတရားဟာ ရူပ်နာမ်တွေကို ချမ်းသာမှု ငြိမ်းအေးမှု၊ စစ်မှန်သော သုခတွေကို ပေးနိုင်စွမ်းတဲ့ အရည်အချင်းတို့ ရှိတယ်လို့ ရာနှုန်းပြည့် ယုံကြည်သက်ဝင်ပြီးတဲ့နောက် သူတော်

စင် သူတော်ကောင်းတွေက ကျင့်ကြံအားထုတ်နိုင်တဲ့ တရားတော်မြတ်၊ အမျိုးကောင်းသားတို့ အမျိုးကောင်းသမီးတို့တွေသာ ကျင့်ကြံအားထုတ်တဲ့၊ မိုခိုအပ်၊ လဲလျောင်းထိုက်၊ ကျင့်ထိုက်၊ ကြံထိုက်တဲ့ တရားတော်မြတ် နာကြားရပြီး ကိုယ်ကျင့်ကြံမှုအတွက် နှလုံးသွင်းရန်အတွက် ဆင်ခြင်ရပြီ၊ ခန္ဓာမှာ ဥာဏ်စိုက်ရပြီ၊ ကောင်းပါပြီ၊ ခန္ဓာမှာ ဥာဏ်စိုက်တယ်ဆိုတော့ ဒီခန္ဓာကြီးကို အဝိဇ္ဇာ တဏှာအဖြစ်နဲ့ ဒီ ၃ဝဘုံထဲမှာ ယံသရာလည်တဲ့ စက်ယန္တယားကို ဖြတ်ဘို့အတွက်က တာစူခြင်း ဒီ ရုပ်နာမ်ကြီးကို ခိုင်းစေနေတဲ့ အဝိဇ္ဇာတဏှာကို ဒီကနေ့ ဝိဇ္ဇာဥာဏ်နဲ့ ချေဖျက်ဘို့ ကြိုးစားခြင်းလဲ ဖြစ်ပါတယ်။

အဝိဇ္ဇာ ဆိုတာကတော့ မသိခြင်း၊ သစ္စာတရားကို မသိနိုင်ဘူးတဲ့၊ တဏှာဆိုတာကတော့ သစ္စာတရားကိုမသိလို့ အပူမီးကိုလိုချင်တာ တဏှာဘဲ၊ လိုချင်တပ်မက်တာ တဏှာ၊ မွတ်သိပ်တာ တဏှာ၊ အာလာယျဖြစ်တာ တဏှာပါဘဲ၊ တဏှာသမုဒယဆိုတာ ကိုယ့်ရုပ်နာမ်ကိုသော်ရင်း၊ တပါးသူ၏ ရုပ်နာမ်ကိုသော်ရင်း အမှန်တရားအဖြစ်နဲ့ ငါ့တယ်၊ ခင်တယ်၊ မင်တယ်ဆိုတာ တဏှာသမုဒယတေပါဘဲ။

ဒီလို တဏှာသမုဒယအကြောင်းခံလျှင် ရုပ်နာမ်အကျိုးပေးမယ်၊ ဒုက္ခရုပ်နာမ်ကို မလိုချင်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဟာ ဒီ ဒုက္ခရုပ်နာမ်ကို ဖြစ်စေတဲ့ တဏှာသမုဒယကို အာဇာနည်ပီပီ ပယ်သတ်ရမယ်။

တဏှာသမုဒယကို ပယ်သတ်တယ်ဆိုတာ ဘယ်လိုတုန်း။ လက္ခဏာရေး သုံးပါးရှိ အနိစ္စ လက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ ဒီလက္ခဏာရေး သုံးပါးနဲ့ မိမိခန္ဓာကိုယ်မှာ စံကပ်နေတဲ့ အညစ်အကြေးတွေကို တလွှာစီ တလွှာစီ ဆေးကြောရမယ် သုတ်သင်ရမယ်၊ ရှင်းလင်းပစ်ရမယ်၊ ဒါဟာ လူလိမ္မာကျင့်စဉ်ဘဲ၊ ဒီလူလိမ်မာကျင့်စဉ်နဲ့ လူမိုက်ရဲ့ကျင့်စဉ်ကို ယနေ့ နှစ်ပိုင်းခဲ့ပြမယ်။

ရုပ်နာမ်မှာ အဝိဇ္ဇာတဏှာနဲ့ယှဉ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေ ပေါ်လာရော၊ ပေါ်လာတဲ့အခါမှာ လူလိမ္မာက ဘယ်လိုကျင့်သလဲဆိုတော့ "အော်- ဤ လောဘ၊ ဒေါသ၊ မောဟသည်၊ ငါမဟုတ် ဒါတွေဟာ ဒုက္ခတရားတွေ ဖြစ်ပြီး မမြဲတဲ့တရားတွေဘဲ၊ မိမိမပိုင်ဘူး၊ မဆိုင်ဘူး" ဆိုပြီး လက္ခဏာရေးသုံးပါးနဲ့ ဆင်ခြင်သုံးသပ်လိုက်ရင် အဲဒီပုဂ္ဂိုလ်ဟာ သူတော်စင်တွေ ချစ်မြတ်နိုးတဲ့ လူလိမ္မာဘဲ၊ လူလိမ္မာရဲ့ကျင့်စဉ်ဘဲ၊ မိမိကိုယ်မိမိ စစ်မှန်သောချမ်းသာမှုကို ကျင့်သုံးဆောက်တည်နေတဲ့ ပုဂ္ဂိုလ်ဘဲ၊ ဒီလိုမှုမဟုတ်ဘဲ မိမိရုပ်နာမ်မှာ ပေါ်လာတဲ့ မလိုလားအပ်သော တရားတွေကို ငါလို့ အယူစွဲပြီး ခိုင်မာတယ် မြဲမြဲ တယ်ဆိုပြီး သာရာဘူယ်ယာ နှစ်သက်ဘူယ်ရာအဖြစ်နဲ့ မိမိရုပ်နာမ်ကို သဘောပေါက် သိမ်းပိုက်နေရင် လူမိုက်ရဲ့ကျင့်စဉ်ဘဲ။

ဒါကြောင့် မိမိတို့ရဲ့ ရုပ်နာမ်အပေါ်မှာ လောဘ၊ ဒေါသ၊ မောဟ ပေါ်ချင်တာပေါ်၊ ပေါ်တဲ့ တရားအပေါ်

မှာ မိမိတာဝန် မရှိဘူး။ ဒီတရားတွေအပေါ်မှာ မိမိက လက္ခံ သိမ်းပိုက်ခြင်း ရှိမရှိဆိုတဲ့ နေရာမှာဘဲ တာဝန်ရှိလာပါတယ်။

မြတ်စွာဘုရားရဲ့ တရားတော်ဟာ အဟုတ် လူ နတ် ဗြဟ္မာ သတ္တဝါတွေကို အစစ်အမှန် ချမ်းသာမှု ပေးနိုင်တယ် လို့ယုံရင် ဒီ ပေါ်လာတဲ့ မလိုလားအပ်တဲ့ တရားတွေကို လက္ခဏာရေး သုံးပါးနဲ့ ရှုသတ်ရမယ်၊ ပယ်သတ်ရမှာဘဲ။ ဒီလို ပယ်သတ်ခြင်းအမှုပြုလာရင် မိမိခန္ဓာ-မှာ အညစ်အကြေးတွေ ဟာ တဖြေးဖြေးနဲ့ စင်ကြယ်လာမယ်။ စင်ကြယ်သည်ထက် စင်ကြယ်လာရင် နောက်ပိုင်းမှာ အညစ်အကြေးနဲ့ ယှဉ်တဲ့ သင်္ခါရအစားမထိုးနိုင်တော့ဘဲ ဒီသင်္ခါရတရားတွေယာ ချုပ်ဆုံး သွားရင် မိမိသည် အလွန် ငြိမ်းအေး ချမ်းမြေ့ကြည်လင်တဲ့ သန္တိသုခဆိုတဲ့နိဗ္ဗာန်နန်းကို စံမြန်းရင်း မျက်မှောက်ပြုနိုင်မယ်။

ဒါကြောင့် အလွန်စစ်မှန်သော ပြကတိ ငြိမ်းအေးတဲ့ ချမ်းသာမှုတရားကိုရင်ဝယ်ပိုက်ချင်ရင် မိမိကိုယ်တိုင်သိ၊ ကိုယ်တိုင် တွေ့ ကိုယ်တိုင်ဉာဏ်သက်ဝင်၊ ကိုယ်တိုင် မျက်မှောက်ပြုချင်ရင် မိမိတို့မှာ ဖြစ်ပေါ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟမီးတွေကို လက္ခဏာရေး သုံးပါးနဲ့ ဆေးကြောရပေလိမ့်မယ်။ သံသရာ ဘိုကြည့်လိုက်ပါ၊ လောဘ ဒေါသ မောဟမီးတွေ ဟုန်းဟုန်း တောက်ပြီး မိမိရုပ်နာမ်မှာ ဒီမီးတွေတောက်လို့မှ တောက် မှန်းမသိအောင် သိပ်သည်းကျစ်လစ်တဲ့ အဝိဇ္ဇာတဏှာရဲ့ဒဏ်ကို ခံနေရတယ်။၊ ဒီပုဂ္ဂိုလ်တွေဟာ အသက်ရှင်စဉ်မှာ လောဘ၊

ဒေါ်သ၊ မောဟရဲ့ ကျွန်ဖြစ်နေရင် သေခြင်းတရား ရင်ဆိုင်တဲ့အခါကျတော့ အခက်အခဲမျိုးစုံနဲ့တွေ့ပြီး ဘဝကူးလှပနိုင်စရာအကြောင်းမရှိဘူး- တနေ့တချိန်မှာ ဤ စက်ဆုပ်ဘွယ်ရာခန္ဓာကိုယ် အကောင်ပုပ်ကြီးကို စွန့်ရမှာ၊ မစွန့်လဲမနေနိုင်ဘူး၊ အဲသလို စွန့်ရတဲ့အခါကျတော့ မိမိသည် အသက်ရှင်စဉ်က လောဘ ဒေါသ မောဟမီးတွေကို မိမိကိုယ်ပေါ်မှာ သိပ်သည်းကျစ်လစ်ခိုင်မာမေတ္တာဒဏ်ကြောင့် သံသရာမှာ ဆင်းရဲခြင်း မျိုးစုံ စုပုံခံစားရင်း နစ်မွန်းစရာရှိတယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့ တရားတော်၊ သူတော်စင် သူတော်မြတ်တွေ ကျင့်ကြံ အားထုတ်တော်မူကြတဲ့ တရားတော်မြတ်ကို နာကြားကျင့်ကြံနှလုံးသွင်းဆင်ခြင်ပြီးတဲ့နောက် မိမိတို့ ရုပ်နာမ်အပေါ်မှာ ဖြစ်ပေါ်လာတဲ့ မလုလားအပ်တဲ့ နဝရဏနဲ့ယှဉ်တဲ့ ပုတ်ဖုံးမှုတွေနဲ့ယှဉ်တဲ့ အဝိဇ္ဇာတဏှာတွေကို ချေချုတ်ခွာချရပါမယ်။

တကယ်တော့ နိဗ္ဗာန်ဓာတ်ကြီးကရှိတယ်၊ နိရောဓတော်သတ္တိ၊ နိဗ္ဗာနဓာတ်ကြီးဟာ သဿတ၊ နိစ္စ၊ ဓုဝထာဝရရှိပါတယ်။ မဖောက်ပြန် ပရမတ္တသစ္စာအနေနဲ့ တကယ်အမှန်အကန်တည်ရှိနေတယ်၊ ငြိမ်းအေးစွာ တည်ရှိနေပါတယ်၊ မပျက်မစီးတည်ရှိနေပါတယ်။ တကယ် သူ့အရှိသဘောနဲ့သူကိုက ဘယ်တော့မှ ပျက်စီးလိမ့်မည်မဟုတ်သောနည်းဖြင့်တည်ရှိနေပါတယ်။ နိဗ္ဗာန် ငြိမ်းတဲ့ ဓာတ်ကြီးပါဘဲ။ ငြိမ်းတဲ့ဓာတ်ကြီးကို မိမိတို့မှာ ပူလောင်တဲ့ကိလေသာတွေနဲ့ယှဉ်ရက် မျက်မှောက်ပြုချင်လို့ကတော့ မရနိုင်ဘူး။ ဒါကြောင့် ငြိမ်းအေးတဲ့ ဓာတ်ကြီး

အကြောင်းကိုသိချင်ရင်၊နားလည်ချင်ရင်၊ မျက်မှောက်ပြုချင်ရင်။ ဉာဏ်သက်ဝင်ဆင်ခြင်ရင် မိမိရင်ဝမှာပေါ်နေတဲ့ ကိုလေသာ အပူမီးကို အရင်ညှိမ်းသတ်ရမယ်။

ညှိမ်းရမယ်ဆိုတာ ဒီရင်ဝမှာပေါ်နေတဲ့အပူမီးကို ဒီပြင်နည်းနဲ့ငြိမ်းလို့ မရဘူး၊ မက်ရောစင်နဲ့ဖျန်းပြီးငြိမ်းမှရနိုင်ပါတယ်။ ဒါကြောင့် မိမိခန္ဓာကိုယ်ပေါ်မှာ မက်ရောစင် ဖျန်းနိုင်ဘို့ အရေးကြီးဘီ၊ မက်ရောစင်ဆိုတာဘာလဲဆိုတော့ ရုပ်နာမ်နဲ့ပတ်သက်လို့ ပေါ်လာတဲ့တရားတွေဟာ သဗ္ဗေသင်္ခါရအနိစ္စ၊ ယဒါပညာရ ပဿီတိုတဲ့၊ ခပ်သိမ်းကုန်သော ဖြစ်ပေါ်လာတဲ့ သင်္ခါရတရားတွေဟာ ခပ်သိမ်းကုန်သော ဘဝင်မနောဟဒယမှာ ဖြစ်ပေါ်လာတဲ့ ဣတိတရားတွေဟာ မမြဲပါလား၊လို့ဉာဏ်နဲ့ဆင်ခြင်ရမယ်။ အော်–ဒီတရားတွေဟာ ဖြစ်ပေါ်လာပြီးနောက် ပျက်စီးရတယ်။ မမြဲပါလား၊ ဒီခန္ဓာကိုယ်ကြီးဟာ တချိန်မှာ မြေကြီးသြဇာကျွေးရမှာဘဲ၊ ဒီနည်းအတိုင်း မိမိရင်ဝမှာ ဖြစ်ပေါ်လာတဲ့ အချင်းအရာလေးတွေဟာ ဥပါဒ်၊ ထိ၊ ဘင် ဆိုပြီး ဖြစ်တည်ပျက်နည်းနဲ့ ပျက်စီးနေတာဘဲ။

အဲဒီအပျက်တရားကို ဉာဏ်သက်ဝင် ဆင်ခြင်စူးစိုက်ပြီး မိမိအဇ္ဈတ္တဘဝင်ဟဒယမနောပေါက်မှာပေါ်တဲ့ သဘောတရားတွေကို အော်-ဒီတရားတွေဟာ မမြဲတဲ့တရားတွေ၊ မပိုင်အပ် မဆိုင်အပ်တဲ့တရားတွေဆိုပြီး လေးလေးနက်နက် ဉာဏ်နဲ့ရှုသတ် ဆင်ခြင်လိုက်ရင် လောဘ၊ ဒေါသ၊မောဟမီးတွေဟာ မက်ရောစင်

နဲ့ အငြိမ်းခံရပြီမို့ တဖြည်းဖြည်း အေးငြိမ်းသွားမယ်။ အေးမြသွားတဲ့အခါမှာ အင်မတန်ပူလောင်တဲ့ ခရီးကြမ်းလျှောက်ရတဲ့ ပုဂ္ဂိုလ်ဟာ အေးမြတဲ့ အရိပ်အာဝါသကို ခိုလှုံနေလိုက်ရတော့ အင်မဘန် အေးမြတဲ့သဘောတွေ သက်ရောက်မယ်၊ မီးခဲကိုရေနဲ့ ငြိမ်းလိုက်တာကမှ တရှဲရှဲ မြည်ဦးမယ်၊ မဂ်စေရင်နဲ့ ခန္ဓာမှာ ကပ်နေတဲ့ ကိုယ်လေသာအပူမီးဟာကို ငြိမ်းလိုက်ပြီဆိုရင် တမဟုတ်ချင်း ငြိမ်းပြီး အေးမြတဲ့ဓာတ်ကို ခံစားလိုက်ရပါမယ်။

မြတ်စွာဘုရားသခင်ရဲ့ ဂုဏ်တော်တွေကိုလဲ ပူဇော်ချင်လာမယ်။ တရားတော်မြတ်ရဲ့ဂုဏ်ကျေးဇူးတွေကိုလဲ သိနားလည်လာမယ်။ အော်-ဂျိုက်ဆို သမုဒယတရားကို သတ်ခြင်းအားဖြင့် ဒုက္ခတရားကို သေစေခဲ့ရင်ဖြင့် နိဗ္ဗာန်နိရောဓဓာတ်ကြီးကို ဂျိုက်ဆို မျက်မှောက်ပြုရရင်ဖြင့် တယ်ငြိမ်းပါလားလို့ ကိုယ်တိုင် ဉာဏ်သက်ဝင် ဆင်ခြင်နိုင်မယ်။

ဒါကြောင့် ဂျိုက်ဆို မိမိတို့ရဲ့ဘဝင် အဇ္ဈတ္တမနောဟဒယမှာ ပေါ်လာသမျှသော လောဘ၊ ဒေါသ၊ မောဟမီးမျှားတဏှာရာဂ၊ ပပဉ္စတရား၊ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ဥပါယာသ ဆိုတဲ့ ဂျိုမလိုလားအပ်တဲ့ အပူမီးတွေကို မဂ်ရေစင်နဲ့ ငြိမ်းသတ်ပါ၊မဂ်ရေစင်ဆိုတာကတော့ "ရှေကဖြစ်မျက်၊ နောက်ကမဂ်"တဲ့ ရှေကဖြစ်ပေါ်လာပြီးနောက် နောက်ကမျက်စီးသွားတဲ့သဘောလေး မဂ်ဉာဏ်ကလေးကမြင်လိုက်ရင် အော်-ဂျိုက်ဆို ဖြစ်ပေါ်လာတဲ့ စိတ္တာသင်္ခါရလေးတွေဟာ မမြဲပါလားလို့ ဉာဏ်နဲ့

သုံးသပ်လိုက်လို့ "အမျက်ကိုမြင်ရင် မဂ္ဂင်"ဘဲ၊ အမျက်ကိုမမြင်ဘဲနဲ့ အရှိတွေကိုအဘည်တွေကို ဟုတ်တယ်မှန်တယ်ထင်၊ နှစ်သက်ဖွယ်ရာ သာယာဖွယ်ရာလို့ မြင်နေရင် အဝိဇ္ဇာကဖုံးနေတယ်။ အဝိဇ္ဇာဆိုတာ မသိမှုပါ။ မသိတာမှ အမှားကိုအမှန်ထင်တယ်။ အမှန်ကိုအမှားထင်တယ်။အမှားကိုမှားမှန်းမသိဘူး။ အမှန်ကိုလဲ မှန်မှန်းမသိဘူး။

ဒီ အဝိဇ္ဇာရဲ့ ဒဏ်ကြောင့် တဏှာ တည်း ဟူ သော လိုချင်တပ်မက်မှုတွေရတယ်။ လိုချင်တပ်မက်မှုမှ "ခွေးငတ်ရိုးမဲ၊ စွန့်နိုင်ခဲလျှင်၊ ချင်ရဲမပြေ၊ တပေပေတည့်"ဆိုသလို မှတ်သိပ်ဆာလောင်နေတဲ့ခွေးဟာ အရိုးကို မိမိရဲ့ သားရေတမြားမြား ရှိတဲ့ နှုတ်သီးနှင့် နမ်းလိုက်တဲ့အခါမှာ သူ့သားရေနဲ့ အရိုးနှုံနဲ့ ပေါင်းပြီး တပ်မက်လာရတာ၊ တကယ်တော့ ဒီအရိုးမှာ အဆီအသားဆိုတာ မရှိသလို ဤရုပ်နာမ်မှာလဲ တကယ်တော့ စိတ္တသန်ဓါရ၊ ဥဇီသန်ဓါရ၊ မနောသန်ဓါရ၊ ကာယသန်ဓါရ၊ ပုညာဘိသင်္ခါရတွေ၊ အပုညာဘိသင်္ခါရတွေ၊ အာနဉ္ဇာဘိ သင်္ခါရတွေ၊ ကုသလဓမ္မ၊ အကုသလဓမ္မ၊ အဗျာကတဓမ္မတွေနဲ့ ရုပ်နာမ်ဟာ သူ့အကြောင်းနဲ့သူအကျိုး ဖြစ်ပေါ်ဖြစ်ပေါ် လာပြီးနောက် ပျက်စီးသွားရတဲ့သဘောဘဲ။ တကယ်တော့ ဒီရုပ်တို့ရဲ့ နာမ်တို့ရဲ့ သဘောသဘာဝအကြောင်းကြောင့်အကျိုးဖြစ်တဲ့တရားတွေဘဲ၊ ဒီမှာ "ငါ"ဆိုတဲ့သဘောလေးကို ရှာလို့မရဘူး၊ပိုင်မှုမပိုင်ဘဲကိုး၊ သွေး ပြည် သလိပ် အစာသစ်အစာဟောင်းနဲ့ တည်ဆောက်ထားတဲ့ ဒီရုပ်ကြီးမှာ ဓာတ်လေးပါး ဖောက်ပြန်နှိပ်စက်လာပြီဆိုရင်

မိမိက မနာနဲ့ မအိုနဲ့ဆိုလို့လဲမရဘူး၊ နာမှာအိုမှာဘဲ၊ နောက်ဆုံး သေခြင်းတရားကိုလဲရင်ဆိုင်ရပေမယ်။ သေရပေမယ်။

ဒါကြောင့် မိမိမပိုင်မဆိုင်အပ်တဲ့ တရား တွေပေါ့။ ဒါကြောင့် ဒီရူပ်နာမ်ကြီးဟာအပျက်တရားစင်စစ်သာဖြစ်တယ်။ အနိစ္စ ဒုက္ခ သုတောဝါ၊ ဒီဖြစ်ပေါ်လာတဲ့ ရူပ်နာမ်ပိုင်းဆိုင်ရာ ဒုက္ခတရားဟူသမျှတို့သည် မလွဲမရှောင် မဖောက်မပြန် အပျက်တရားများသာဖြစ်ပါတယ်။ ပျက်စီးလို့ဘဲ နေပါတယ်။ ဝယမမှီသခ်ါရာ၊ အပ်မာဒေန၊ သမ္ပာဒေထဆိုသလို ဒီသခ်ါရဆိုတဲ့ ပြုလုပ်ပြုလုပ် စီရင်စီရင်လာတဲ့ သခ်ါရ တရားတွေဟာ နောက်ဆုံး ပျက်စီးသွားတာပါဘဲ၊ ပရမ ဒုက္ခံ၊ အနတ္တံ၊ထင်မ ၍ အသေအချာ ဉာဏ်ပါပါ သုံးသပ်လိုက်သည်ရှိသော် ဤရူပ်နာမ်ပိုင်းဆိုင်ရာ ကိုလေသာတရားတွေနဲ့ ယှဉ်နေတဲ့ အဝိဇ္ဇာတဏှာတွေနဲ့ ယှဉ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ယှဉ်နေတဲ့ ဒီတရားတွေဟာ ပျက်ပျက်သွားတဲ့အတွက် မိမိက ပိုင်အောင်ကြိုးစားလို့လဲမရပါဘူး။ တချိန်ကျ သူ့သဘောနဲ့သူ ပျက်သွားတာဘဲဆိုပြီး မိမိက အပျက်တရားကိုမြင်ပါ။

အပျက်တရားကိုအသေးစိပ်မြင်လေ မဂ္ဂင်က ဝင်လေဖြစ်တယ်။ အဲဒီရူပ်နာမ်ရဲ့ အပျက်တရားကို ရှုသတ်ဆင်ခြင် စဉ်းစားနေ တဲ့ပုဂ္ဂိုလ် (တနည်း) မိမိရဲ့ဘဝင်မနောပေါက် အဇ္ဈတ္တမှာ ပေါ်လာတဲ့ ကိုလေသာနဲ့ယှဉ်တဲ့ ဤဆန္ဒအာလာယ၊ မှတ်သိပ်မှုရာဂတွေ၊ တပ်မက်မှုမှန်သမျှတွေကို အနိစ္စလက္ခဏာနဲ့သုံးသပ်တဲ့

ပုဂ္ဂိုလ်အား ဘုရားအစရှိသော သူတော်ကောင်းတွေ ရဟန္တာတွေက သာဓုခေါ်ပါတယ်။ တခြားသော ကုသိုလ်ကောင်းမှုတွေလုပ်တဲ့အခါမှာတော့ ဘုရားအစရှိတဲ့ သူတော်စင် သူတော်မြတ် ရဟန္တာတွေက သာဓုခေါ်ဘို့ မလွယ်ပါဘူး။

ဤကဲ့သို့ မိမိခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာတဲ့ တဏှာသမုဒယကို၊ ဒီတဏှာရဲ့ကျေးကျွန်တော့ ငါအဖြစ်မခံဘူး၊ ဒီတဏှာတွေဟာ တသံသရာလုံး၊ ရုပ်နာမ်ကိုလဲ ဖြစ်စေခဲ့လှပြီ၊ ဒုက္ခလဲပေးခဲ့လှပြီ၊ ပလိုလားအပ် နှိပ်စက်နေတဲ့ဝဋ်ဘဲ။ ဒီဝဋ်ကိုတော့ ဒီတခါ အပြတ်ချတ်မယ်ဆိုပြီး အနိစ္စလက္ခဏာနဲ့ ရှုတဲ့ပုဂ္ဂိုလ်အား သူတော်ကောင်းတွေက သာဓုခေါ်ပြီးအားပေးတယ်၊ ရင်ဝယ်ပိုက်ချင်တယ်၊ ဒါကြောင့် ဒီလောကမှာ သူတော်ကောင်းတွေ သာဓုခေါ်မှ မိမိသည် မြတ်သောအကျင့်ကို ကျင့်သည်လို့မည်ပါတယ်။ လူသာမန်၊ လူပိန်းတွေ မြောက်စားချီးကျူးပေးတဲ့ သူတော်ကောင်းတွေ နှာခေါင်းရှုံ့ရင် အလကားပါဘဲ။

ဒါကြောင့် အပေါ်ယံအပရိကအနေနဲ့၊ မြတ်စွာဘုရားသခင်ရဲ့ တရားတော်ကို ကျင့်သလိုလို ကြံသလိုလို နေပေတဲ့ မိမိခန္ဓာမှာရှိဘဲ့ တဏှာကိုလေသာအား စွန့်နိုင်၊ ပယ်နိုင်၊ သတ်နိုင်တဲ့ စွမ်းရည်ကိုရအောင် ပဓာန်းစာရင်၊ သူတော်စင် သူတော်မြတ်က မိမိတို့ရဲ့လမ်းစဉ်ကို လိုက်ဘယ်လို့မယူဘူး။ ဒါကြောင့် သူတော်စင်သူတော်မြတ်တွေက မိမိတို့ရဲ့လမ်းစဉ်ကို လိုက်သူမှသာ ရင်ဝယ်ပိုက်လိုပေလိမ့်မယ်၊ သူတော်စင်သူတော်မြတ် လမ်းစဉ်ကိုလိုက်မှ

သာလျှင် တကယ့်ချမ်းသာတဲ့ လောကုတ္တရာ သုခကိုရမယ်။ (တနည်း) ဘယ်သောအခါမှ ဖောက်ပြန်ပျက်စီးမည်မဟုတ်သော နောက်တခါ ဒုက္ခပြန်ရောက်မည် မဟုတ်သော၊ တကယ့်ချမ်းသာစစ် နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်မည် ဖြစ်တယ်။ နိဗ္ဗာန်နန်းရောက်ပြီဆိုရင် တဏှာဟူသမျှအားလုံးကုန်ပြီ။ တဏှာကျန်မဟုတ်တော့ဘူး။ အဝိဇ္ဇာလဲမရှိတော့တဲ့အတွက်၊ မေ့လျော့ပေါ့တန်ခြင်းလဲမရှိတော့ဘူး၊ လောကခေ်ဆိုတာလဲ ဝေးသွားပြီ။ ရာဂလဲမရှိ၊ ဝဋ်ဘေးလဲကျတ်သွားပြီဆိုတော့၊ အလွန်ချမ်းမြေ့ငြိမ်းအေးကြည်သာတဲ့သဘော၊ ပြကတိတည်ငြိမ်တဲ့သဘောနဲ့ ထာဝရပြီးပြည့်စုံတဲ့ ချမ်းသာသုခကို နိဗ္ဗာန်မှာဘဲ ရနိုင်မယ်။

ဒီ ၃၁ ဘုံမှာ၊လူနတ်ဗြဟ္မာ ချမ်းသာတာ၊တွေ့ရလို့တော့ တကယ့်ချမ်းသာစစ် ချမ်းသာမှန် မဟုတ်သေးဘူး။ သူတို့ဟာ အပျက်ဘရားတွေဘဲ၊ လောကီချမ်းသာဆိုတာ ပျက်စီးအုံ့မှု၊ မပျက်ဘဲမနေဘူး၊ ပျက်မယ်ဆိုတော့ ပညာသားပါပါ ဆင်ခြင်ရရင် အပျက်ဘရားကြီးကို မဖတ်တွယ်နဲ့၊ ဘာဖြစ်လို့ ဖက်တွယ်ရမှာလဲ၊ သူဟာ ပျက်မည့်တရားဘဲ၊ ပျက်မည့်တရားကို ဖက်တွယ်ရင် ကိုယ်ဘဲမိုက်ရာ မှားရာကျပါလိမ့်မယ်၊ အပျက်တရားတွေကို ခံစားပြီး သာယာမနေအပ်ဘူး၊ အပျက်တရားကို ခံစားလိုလားနေရင် မသိမှုရဲ့ ကျေးကျွန်ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် အပျက်တရားကို အပျက်ဘရားမှန်းသိပါစေ။

မလိုလားအပ် မခံစားအပ်တဲ့ဆိုတဲ့ ဥာဏ်ပညာနဲ့ ဆင်ခြင်ပြီးမိမိရဲ့ အဇ္ဈတ္တဘဝင်မနောဒယမှာ ပေါ်လာသော၊ လောဘ

ဒေါသ မောဟနဲ့ယှဉ်တဲ့ ဒီစိတ်တွေကို အနိစ္စလက္ခဏာနဲ့သာ ရှုပစ်ပါ။ ဒီသဘောဟာ မမြဲတဲ့သဘောတွေ၊ မပိုင်တဲ့မဆိုင်တဲ့ သဘောတွေ၊ ဒင်းတို့ဟာ တသံသရာလုံးက ဒုက္ခိုနိုပ်စက်နေတာ၊ ဒုမ္မ ကျေးဇူးတော်ရှင် ဘုရားရှင်က ဟောမိန့်ဖွင့်ချ ချီးမြှင့်တော့မှ သိရပေတယ်။ မြတ်စွာဘုရားသခင်သည် လေးသခြေ့နှင့် ကမ္ဘာတသိန်း ပါရမီဆည်းပူးပြီး လူနဲ့တ်ပြဟ္မာ သတ္တဝါတွေကို မိမိရင်ဝယ်သားလို ချစ်မြတ်နိုးလို့ ဒီရုပ်နာမ်တွေမှာ အဝိဇ္ဇာတဏှာဟာ ရှိနေရင်ပြင့် ပင်ပန်းကြမယ်၊ ဆင်းရဲကြမယ်၊ နှမ်းပါးကြမယ်၊ သံသရာဝဲသြဃမှာ နစ်မှုန်းကြမယ်၊ ဒီလိုနစ်မှုန်းတဲ့ ဘေးဒဏ်ကို မခံစားရအောင်လို့၊ ဒီအဝိဇ္ဇာတဏှာနဲ့ ဦးစီးနေတဲ့ ဒီရုပ်နာမ်ဟာ သံသရာရေယာဉ်မှာ ဖြတ်ကူးလဲမျှောမယ်၊ အဝိဇ္ဇာတဏှာနဲ့ဦးစီ ပြီးတဲ့နောက်၊ သံသရာဝဲသြဃကို ဖြတ်ကူးရင် စိတ်ကူးယဉ်တဲ့ သဘောနဲ့ကူးရင် နည်းမမှန်လမ်းမမှန်နဲ့ကူးရင် သံသရာရေစီးကသန်လွန်းလို့ မျှောသွားပါလိမ့်မယ်။

ဉာဏ်နဲ့ မဂ္ဂင်ဖောင်ဖွဲ့ပေးခဲ့တယ်။ စိတ်နဲ့ မဟုတ်ဘူးနော်၊ ဉာဏ်နဲ့၊ ဝိဇ္ဇာဉာဏ်နဲ့။ ရူပ်နာမ်တွေကို ငါလို့ မယူဘဲနဲ့ ရူပ်နာမ်တွေဟာ အပျက်တရားဆိုပြီး၊ ရူပ်နာမ်ထဲမှာ စဲကပ်နေတဲ့ "ငါ"ကို ချေဖျက်ရမယ်။ အဲဒီရူပ်နာမ်ကို ဉာဏ်နဲ့ ပြန်ပြီး ရှုသတ်ရမယ်။ အောင်-ဒီဟာရုံးတွေဟာ ပမ္ပြဲတဲ့ တရားတွေ၊ မပိုင်တဲ့ တရားတွေ၊ မဆိုင်တဲ့ တရားတွေ၊ ဒီဘရုံးတွေကို မိမိက မြဲပါစေဆိုလို့ မရသလို၊ ငါပိုင်တယ်၊ ငါဆိုင်တယ်ဆိုလို့ လဲမရဘူး၊ သူ့သဘောကိုသူ နောက်ဆုံးမှာ ပြသွားမယ်။

ဒါကြောင့် မိမိတို့ရဲ့ ဘဝင်မနေဟာဒယမှာ ဤမလိုလား အပ်သော၊ မိမိအား နှိပ်စက်နေသော၊ အပူမီးတွေကို လောဘ၊ ဒေါသ၊ မောဟတွေကို၊ ဒီလက္ခဏာရေးသုံးပါးနဲ့ စင်ကြယ်အောင် တလွှာစီဆေးကြောလိုက်ပါ၊ ဒီလိုစင်ကြယ်သွားရင်၊ ဒီရူပ်နာမ်နဲ့ သံသရာကို ခြေကန်ပြီး ဟိုမှာဘက်ဖြစ်တဲ့ ငြိမ်းအေးသော ဓာတ်သဘာဝရှိတဲ့၊ ရဟန္တာ သူတော်စင်တွေသာ စံမြန်းမျက်မှောက်ပြုနိုင်တဲ့ နိဗ္ဗာန်နန်းသို့ တက်လှမ်းတော်မူနိုင်ကြမယ်။

ဒါကြောင့်မိမိတို့သည်၊ မြင့်မြတ်သော သူတော်ကောင်းများအကျင့်ဖြစ်သော မိုခိုလဲလျောင်းထိုက်သော မြတ်စွာဘုရား၏တရားတော်အစစ်ဖြစ်သော ကိုလေသာ လျော့ပါးရေးအကျင့်ကို ကျင့်ခြင်းဖြင့် တက္ခဏချမ်းသော သုခနှင့်ယှဉ်သော နိဗ္ဗာန်နန်းသို့ တက်လှမ်းစံမြန်းနိုင်အောင် အပူမီးနဲ့ယှဉ်တဲ့ ရုပ်ဝမှာ ပေါ

ဘဲ့ ဤကိလေသာတရားတွေ၊ နိဝဏတရားတွေ၊ လောဘ၊ ဒေါသ၊ မောဟမီးတွေကို လက္ခဏာရေးသုံးပါးနဲ့ ဆေးကြော ကြရမယ်။ ဒီလိုစင်ကြယ်အောင် ဆေးကြောပါမှသာ၊ ဖြစ်ပေါ် လာလတံ့သော အပူမီးတွေဟာ လျော့ပါးအားနည်းပြီးနောက် သုံးမှာ ချုပ်ငြိမ်းသွားမယ်။

ဒါကြောင့် ဒီခန္ဓာကြီးလဲ လိုလားနှစ်သက်စရာ မဟုတ်ဘူး၊ ဒီအဝိဇ္ဇာ တဏှာတွေ၊ ရာဂတွေ၊ ဒုဿ-ဘုံကိလေသာ တွေ၊ ရုပ်နာမ်တွေဟာလဲ ဘာတခုမှ မကောင်းဘဲ မိမိအား နှိပ်စက်မလို့ အမြဲစောင့်နေကြတယ်၊ မိမိအား ဒုက္ခပေးမလို့ စောင့်နေတာမို့ ခြေကန်ကြစို့။ ဤကဲ့သို့ ခြေကန်ခြင်းအား ဖြင့်မိမိဘို့သည် ဘုရားရဟန္တာမျာ၏ လျှောက်ရာလမ်းကိုလျှောက် ရာမည်တယ်။

မြတ်သောအကျင့်ကို ကျင့်ရာမည်တယ်။ ဤ မှာ ဘက် အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန်ဖြစ်ရင်တော့ ယုတ်ညံတဲ့အကျင့်တွေ နဲ့ ယှဉ်နေမှာဘဲ၊ မြတ်ရာလမ်းကိုတက်လှမ်းနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် မြတ်ရာလမ်း တက်လှမ်းနိုင်ဘို့ မိမိတို့အဇ္ဈတ္တဘဝင် မှာ ပေါ်လာသမျှကို မြတ်စွာဘုရား ခိုင်းစေတော်မူသည့် အတိုင်း ဒါဘေးဟာ ဒုက္ခတရားတွေမို့ မမြဲတဲ့လက္ခဏာတွေ ရှိတယ်၊ မပိုင်မဆိုင်တဲ့ လက္ခဏာတွေရှိတယ်၊ အနိစ္စတရား၊ အနတ္တဘုရားကွေဆိုပြီးဟော့ မိမိခန္ဓာကိုယ်ပေါ်မှာဘဲ မိမိဉာဏ် သက်ဝင်ဆင်ခြင် အားထုတ်သုံးသပ်ရတော့မယ်။

ဤကဲ့သို့ မိမိရှု ပ်နှာမ်အပေါ်မှာ လက္ခဏာရေးသုံးပါး နှင့် သုံးသပ်ခြင်းအားဖြင့် ဝိပဿနာဉာဏ်၊ ရင့်ကျက်သည်ထက် ရင့်ကျက်ကာ ရုပ်နှာမ်တို့ရဲ့ အပျက်တရား အသေးစိပ်မြင် လာမယ်။ စိတ်ဆိုတဲ့အတိုင်း စိပ် စိပ်သာပေါ်တဲ့ စိတ်၏အသေး စိပ်များ မြင်လာတော့ မိမိသည် အားတက်ကာ ဤစိတ်များကို ရှုရင်းရှုရင်း နောက်ဆုံးမှာ ဖြစ်ပေါ်စရာလဲမရှိ၊ ပျက်စရာလဲမရှိ တော့ဘူး၊ ဒီအခါမှာ ရုပ်နှာမ်နဲ့ သံသရာယုတ်ညံ့တဲ့ကိုလေသာ တွေကိုကျောခိုင်းပြီး၊နိဗ္ဗာန်တည်းဟူသော ထာဝရမြေတဲ့သဘော ကြည်လင်တည်ငြိမ်၊ ချမ်းမြေ့တဲ့သဘော၊ ဖြစ်တဲ့နိဗ္ဗာန်ခရီးကို မိမိတို့ကိုယ်တိုင် အမိအရ ဖမ်းယူနိုင်မယ်။

မြတ်စွာဘုရားသာသနာတော်မှာ မိမိတို့သည်၊ ယနေ့ ကျင့်ကြံအားထုတ်လျှင် အကာလိကော၊ အချိန်အခါမလင့် ကျေးဇူးပြုပါတယ်၊ အဲဒီတရားတော်ကို ဆင်ခြင်လိုက်စမ်းပါ။ အားထုတ်လိုက်စမ်းပါ၊ သုံးသပ်လိုက်စမ်းပါ၊ နှလုံးသွင်းလိုက်စမ်း ပါ။ပညာသားပါပါ၊ကိုလေသာကိုမကောင်းမှန်းသိလို့ ပယ်တယ် ဆိုပြီးပယ်လိုက်စမ်းပါ။မြတ်သောလမ်းစဉ်လျှောက်ရင်မြတ်သော ပုဂ္ဂိုလ်ဖြစ်သွားမယ်။ မြတ်သောပုဂ္ဂိုလ်ဖြစ်သွားရင် ယုတ်ညံ့ခြင်း များကင်းစင်ပြီးငြိမ်းချမ်းမယ်၊ ယုတ်ညံ့မှုနဲ့ယှဉ်ဝန်ထုပ်ဝန်ပိုး ကြီးကပြုတ်ကျပြီး ဟိုမှာဘက်ဖြစ်တဲ့ မြင့်ရာမြတ်ရာဘက်သို့ဦး တည်လှုပ်ရှားသွားလိမ့်မယ်။

ဒါကြောင့် မလိုလားအပ်တဲ့ ဒုက္ခအပူဖိုးကိုလေသာတွေ ကို မိမိတို့သည် မဂ်ရေနှင့်ဆေးကြော ညှိမ်းသတ်ခြင်း အမှုပြု

ခြင်းဖြင့် မြတ်စွာဘုရားကို ပူဇော်ရာကျပါတယ်။ တရားကိုသိမှ ဘုရားရှိပါတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ခိုင်းစေတဲ့အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ ပုဂ္ဂိုလ်အတွက် မြတ်စွာဘုရား သာဓုခေါ်ပါတယ်။

မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို မိမိတို့က ကြည်ညိုလေးစားရင် မိမိတို့က မြတ်စွာဘုရားခိုင်းတဲ့အတိုင်း လုပ်ရပေမယ်၊ ဒါမှ မြတ်စွာဘုရား၏ သားတော် သမီးတော် ဖြစ်မယ်။ မြတ်စွာဘုရားခိုင်းတာဘာလဲ၊ တဏှာဟာမကောင်းဘူးတဲ့၊ တဏှာကို ပါးစေ လျှော့စေ၊ နဲ့ဝက်ဆုံးကုန်စေ၊ ခန်းစေ၊ ချုပ်စေ ငြိမ်းစေ၊ တဏှာနိုရောဓောနိဗ္ဗန်၊ တဏှာကုန်သွားရင် နိဗ္ဗာန်မျက်မှောက်ပြုရမယ်၊ ၊ဒါကြောင့် မိမိကိုယ်ပေါ်မှာ မမြဲတဲ့ အနိစ္စလက္ခဏာနဲ့သာ သုတ်သင်ရှင်းလင်းပစ်လိုက်ပါ။

တဏှာအကြောင်းခံရင် ဟိုဘက်ဘဝ ဒုက္ခရမှာမို့ ဒုက္ခနဲ့ဘဝကို မလိုချင်ရင် တဏှာနဲ့သမုဒယကို ပယ်ရမယ်ဆိုပြီး တဏှာနဲ့သမုဒယ ရောနည်းအောင် ကျင့်ကြံအားထုတ်တဲ့ အမှုပြုရင် အရိယာ စခန်းကိုဝင်ပြီ။

သစ္စာ ၄-ပါးဆိုတာ တပြိုင်နက်တည်း ဉာဏ်သက်ဝင်နိုင်တယ်။ **ဘယ်လိုဉာဏ်သက်ဝင်မလဲ။**

ဆင်းရဲခြင်းမှန်း သိတော့ တဏှာ မလာဘူး၊ တဏှာ ၊လာ ဘူး ဆိုတာ သမုဒယကို သတ်ပစ်လိုက် တာဘဲ။ သမုဒယ သတ်တော့ ဒုက္ခသေ၊ယ်၊ သမုဒယကိုသတ်သော၊ ဒုက္ခကိုသေ စေသော ၊ချင်းအရာသည် မဂ္ဂင်ဖြစ်၏။ သမုဒယကိုသတ်သော ဒုက္ခကိုသေစေသောမဂ္ဂင်သည်၊ နိရောဓကို မျက်မှောက်ပြုစေ၏။

မဂ္ဂသစ္စာ ဆိုဘာ၊ ဆင်းရဲခြင်းရဲ့ ချုပ်ငြိမ်းရာ **လမ်း**စဉ် အမှန်ပါ။ **နိရောဓသစ္စာ** ဆိုတာ၊ ဆင်းရဲခြင်းသည် တကယ်ကို ချုပ်ပါတယ်၊ ငြိမ်းပါတယ်၊ ဆင်းရဲခြင်းချုပ်ရာ အမှန်ရှိတယ်၊ သစ္စာတရားဖြစ်ပါတယ်။ နိရောဓသစ္စာပေါ့။ ကောင်းပြီ–ဒီတော့၊ ဒုက္ခသစ္စာကိုသိလို့ ဒုက္ခသစ္စာကို ပိုင်းခြား လိုက်တဲ့ အခါမှာ သမုဒယသစ္စာကို ပယ်လိုက်တယ်။ (တနည်း)ဒုက္ခ သစ္စာကို ပရိညာဇာဇွက်စွဲလုပ်လိုက်ရင် သမုဒယသစ္စာကို ပဟာ တဇွလုပ်ပြီးသားဖြစ်သွားပြီးတော့၊ မဂ္ဂသစ္စာကို ဘာဝေတဇွ လုပ်လိုက်တဲ့အခါမှာ၊ နိရောဓသစ္စာကို သစ္ဆိကာတဇွကိစ္စအဖြစ် နဲ့ မျက်မှောက်ပြုလိုက်တယ်။ဤကဲ့သို့မျက်မောက် ပြုလိုက်တဲ့အ ခါမှာ ရုပ်နာမ်နဲ့၊သံသရာနဲ့ ကိလေသာတွေကိုကျော်ခိုင်းသွားပြီး ငြိမ်းအေးတဲ့ ဓာတ်သဘာဝကို ရမယ်။ နိရောဓဆိုတာကတော့ ခန္ဓာကိုယ်ပေါ်မှာစွဲကပ်နေတဲ့ တဏှာ ကုန်သွားတာဘဲ၊ ဒီမှာ ဘက် ရုပ်နာမ်မှာ တဏှာကုန်သွားတယ်၊ တဏှာကုန်အောင် ဆတ်နိုင်တဲ့ဉာဏ်ရှိတယ်၊ ဒီဉာဏ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘဲ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်က နိဗ္ဗာနဓာတ်အကြောင်းကို ဆင်ခြင်တယ်၊ မျက်မှောက်ပြုတယ်၊ ထိုးထွင်းတဲ့သဘောရှိတယ်။ ဒီလိုထိုးထွင်း

ဆင်ခြင်လိုက်ရင်ဖိုလ်ဉာဏ်ဟာ၊ မြေပြီးငြိမ်းချမ်းပြီး၊ပေါ့ပါးပြီး၊ ဒုက္ခတွေက လွတ်ကျွတ်ပြီးတဲ့နောက်၊ အဲဒီမှာမှ ဉာဏ်၏ချမ်းသာခြင်းနိဗ္ဗာန်၏ချမ်းသာခြင်းကို မျက်မှောက်ပြုနိုင်မယ်။ ဟိုမှာဘက်မှာ ပရမတ္ထနိဗ္ဗာန်ရှိတယ်၊ဒီမှာဘက်မှာ ကိုလေသာတွေကို ချုပ်ငြိမ်းသွားတဲ့ နိဗ္ဗာန်ရှိတယ်။

တနည်းအားဖြင့် နိဗ္ဗာန်ဆိုတာ ရုပ်နာမ် ရှိသေးတဲ့ ပုဂ္ဂိုလ်တွေက၊နိဗ္ဗာန်ကိုမျက်မှောက်ပြုရင် သဉ္ဇပါဒိသေသနိဗ္ဗာန်တဲ့။ ခန္ဓာကိုယ်ဝဋ္ဋကောင်ကြီးက ရှိနေသေးတာကိုး။ကိုလေသာဝဋ္ဋတော့ အောင်သွားပြီ၊ ခန္ဓာမှာ ကိုလေသာတော့ မရှိတော့ဘူး၊ ကိုလေသာမာရ်ကိုအောင်ပေတဲ့ ဒီခန္ဓာကရှိနေသေးတယ်၊ ဒီဝိဘက်ခန္ဓာကြီးက အကျိုးတရားအဖြစ် ရှိနေ သေးတော့၊သူ့.ကိုလဲ သတ်မပစ်ကောင်းဘူး၊ အဲ့တော့ ဒီဒဏ်ကြီးတော့ ခံရအုံးမှာဘဲ၊ ရုပ်နာမ်ကြီးရှိနေတော့ ရုပ်နာမ်ကြီးရဲ့ဝန်ကလေးပြီးသယ်ပိုးရအုံးမယ်၊ ဒီခန္ဓာကြီးဟာ ဓာတ်လေးပါးရဲ့ အစုအဝေးကြီးမို့ နာစရာရှိနာမယ်။ ကိုက်ခဲစရာရှိ ကိုက်ခဲမယ်၊ သို့သော်လဲ သည်းခံနိုင်တဲ့ သဘောရှိတယ်၊ ဉာဏ်နဲ့ကိုး ငါ-နဲ့ မဟုတ်တူး၊ ငါ-နဲ့.ငါ-နာတယ် ငါကိုက်တယ် ဆိုတော့ အတ္တဒိဋ္ဌိဝင်သွားမယ်။

ခုတော့ ပညာရှင်ဘဲ့ အရိယာ ပုဂ္ဂိုလ်တွေ ကတော့-ဒီခန္ဓာကြီးဟာ ဆင်းရဲတဘ်တဲ့ အချင်းအရာကြီးဆိုပြီး၊ သူ့.ကို ဉာဏ်နဲ့.သည်းခံသွားတယ်။ အဲဒီလိုခန္ဓာရှိပြီး နိဗ္ဗာန်မျက်မှောက်

ပြုတာကျတော့ သည်ပဒိသေသ နိုဗ္ဗာန်ခေါ်ပါတယ်။ ဒီဘက်နွေမှာ ကိုလေသာတွေချုပ်ငြိမ်းအောင် ရှုသတ်လိုက်တဲ့ဥာဏ်နဲ့ နိုဗ္ဗာန်ကြီးကိုသွားပြီး မျက်မှောက်ပြုလိုက်တာကို သည်ပဒိသေသ နိုဗ္ဗာန်။

ကောင်းပြီ– ဒီခန္ဓာကြီးလုံးဝချုပ်ငြိမ်းသွားပြီး၊ သံသရာမှာ နောက်ထပ်မလည်တော့ဘူး၊ နောက်ထပ် ဆင်းရဲစရာလဲ မရှိတော့ဘူး၊ ဝဋ်လဲမခံရတော့ဘူးဆိုရင် အနုပါဒိသေသနိုဗ္ဗာန်တဲ့၊ တကယ့်နိုဗ္ဗာန်ဓာတ်ကို ရမယ်၊ သို့သော်လဲ ဒီဥာဏ်နဲ့ မျက်မှောက်ပြုခြင်း ခံရတာက ပရမတ်နိုဗ္ဗာန်၊ အဲဒီ ပရမတ်နိုဗ္ဗာန်ကြီးကတော့ အကြောင်းအကျိုးကင်းမဲ့စွာ ရပ်တည်နေတယ်။ စိတ်၊ စေတသိက်၊ ရူပ်၊နိုဗ္ဗာန် ဆိုတဲ့ ပရမတ်တရား ၄-ပါး ရှိတယ်၊ ပရမတ်တရား ၄ ပါးဆိုတာ တကယ်ကို တည်ရှိနေတဲ့ တရား၊ အမှန်တရားအဖြစ်နဲ့ တည်ရှိ နေတယ်၊ ရူပ်နာမ်ရှိတဲ့ ပုဂ္ဂိုလ်တွေမှာ စိတ် တွေအမှန်တကယ်ရှိတယ်၊ စိတ်ကလေးတွေ ဖြစ်ပေါ်လာလိုက် ပျက်စီးသွားလိုက်နဲ့ ရှိနေတာကို ဘယ်သူကမှ မဖြစ်ပါနဲ့ ဆိုလို့ မရဘူး။ ဖြစ်ပေါ်လာလိုက် ပျက်စီးသွားလိုက်နဲ့ ရှိနေခဲ့ပါတယ်။ ဒီလိုဖြစ်ပေါ်လာတဲ့ အခါမှာ စိတ်ကိုအပျက်တရားမှန်းမသိလို့၊ သူ့ရဲ့အပျက်ကို မပေါ်စေ တော့ဘူး၊ ကွယ်ကွယ်းတော့ ဒီအပျက်ကို ဖုံးထားတဲ့အဝိဇ္ဇာလေးနဲ့ ပေါင်းတဲ့ပြီး စေတသိက် ၅၂ ပါးနဲ့လဲ မေ့နှောက်တယ်၊ ဒီနောက် ကြိုက်တဲ့ စေတသိက်တဲ့ပြီး သူ့ရဲ့အစ္စတွ ဘဝင်ဟဒယမှာ ဘွားကနဲပေါ်လာပါတယ်။ စိတ်ဆန္ဒကလေးပေါ်လာတယ်။

ဒီဆန္ဒကို ပုထုဇဉ်တွေကတော့ "ဒါငါဘဲ"ဆိုပြီး၊ ဒီစိတ် ခိုင်းတဲ့အတိုင်း ရုပ်နာမ်ကြီးက လှုပ်ရှားရတော့ ရုပ်နာမ်ကြီးက ပင်ပန်းလှပါတယ်။ အဲဒီစိတ်မှာလဲ အဝိဇ္ဇာတဏှာတွေက တဲ့နေတော့ မလိုလားအပ်တဲ့ ကိုလေသာရဂ၊ ပဟဋ္ဌ တရားတွေ အညစ်အကြေးတွေ၊ ဒင်းကြမ်းဖြစ်အောင် မှိုလိုပေါက်နေတယ်။ ဒီလို ဒင်းကြမ်းဖြစ်နေတဲ့ စိတ်က ခိုင်းရာကို ဒီရုပ်နာမ်ကြီးက လိုက်နေရတော့ တသံသရာလုံး မီးခိုးမဆုံး၊ မိုးမဆုံးဘဲ။ ဒီတော့ ဒီစိတ်ဆိုတာရုပ်နာမ်မှာတကယ်ရှိတဲ့သဘောပရမတ်သဘောဘဲ။

သို့သော်လဲ စိတ်ရယ်၊စေတသိက်ရယ်၊ ရုပ်ရယ်က တကယ်တော့ ရှိတယ်၊ ရှိပြီး ဖြစ်ပေါ်လာပြီး နောက် ပျက်စီးရတဲ့ သဘောရှိတယ်။ (တနဲ့ညီး) ကံ၊ စိတ်၊ ဥတု၊ အဟာရကြောင့် ၎င်း။ ဓာတ်ကြီးလေးပါး ဖွဲ့စည်းမှုရဲ့ အကြောင်းခံ ကြောင့်သော်၎င်း၊ ဖြစ်ပေါ်လာတယ်၊ ဒီစိတ်စေတသိက်နဲ့ ရုပ်တို့ဟာ အကြောင်းအကျိုးနှင့် ဖြစ်ပေါ်လာကြတယ်၊ အကြောင်းခံသည်

ဖောက်ပြန် မျက်စိုးရပါတယ်။ ပရမတ်တရားဆိုပေတဲ့ ပျက်စီး ရပါတယ်။

နိဗ္ဗာန်ဓာတ်ကြီးကသာ အလွန် အုံ့ညြစရာ သိမ်မွေ့သော၊ နူးညံ့သော၊ သိနိုင်ခဲသော၊ နှစ်သက်ဘွယ်ရာကောင်းသော အလွန်ငြိမ်းအေးတဲ့ ဓာတ်သဘာဝ ဖြစ်တယ်။၊ ပရမတ်တရား ၄ ပါးထည်းမှာ နိဗ္ဗာန်ကသာ ခိုင်မြဲတယ်။ ကျန်တဲ့ ပရမတ်တရား ၃ ပါးဖြစ်တဲ့ စိတ်တို့ စေတသိက်တို့ ရုပ်တို့ကတော့ အမှန်အတိုင်းတော့ ဖြစ်ပေါ်တယ်၊ နောက်ပြီး ပျက်စီးသွားတယ်။ အကြောင်းခံသလို အကျိုးဖြစ်တယ်။ နောက်ဘင်စုန်းရဲ့ ဒဏ်ကို ခံရပြီး လွှက်ရှိ အခြေအနေမှ သွေ့ဖိဖောက်ပြန်ပြီး ပျက်စီးတတ်တဲ့ သဘောမျိုး ရှိကြတယ်။ သို့သော် ရုပ်နာမ်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ဖြစ်လိုက်ပျက်လိုက် သင်္ခါရအစာ:ထိုးလိုက်နဲ့ ဖြစ်ပေါ်တတ်ပါတယ်။

နိဗ္ဗာန်ဓာတ်ကြီးကတော့ ဘာကမှ အကြောင်းမခံဘူး။ အကြောင်းမရှိ အကျိုးမရှိ၊ အကြောင်းအကျိုးလို့လဲမခေါ်နိုင်ဘူး၊ပြကတိစ၍ဖြစ်ခြင်းလဲမရှိ၊ နောက်ဆုံးမှာ ပျက်ခြင်းလဲ မရှိဘဲ၊ ထာဝရတည်နေတယ်၊ ပရမတ်တရား ၄ ပါးထည်းမှာ ဒီနိဗ္ဗာန်ဓာတ်ကြီးက မှ ဘယ်ပရမတ်တရားနဲ့မှ နှိုင်းလို့ မရအောင် မြင့်မြတ်တယ်၊ ဘယ်ဥပမာနဲ့မှ ထပ်၍ ပေးမရသော နိဗ္ဗာန်နဓာတ် ပရမတ်ဖြစ်တယ်၊ အလွန်အေးမြသော နိဗ္ဗာန် သဘောကြီးကို ကြည့်ချင်ရင် မိမိတို့ရဲ့ အစ္စတ္တဘာဝင်မှာ ကိလေသာတွေ စင်

ကြယ်အောင် ဆေးကြောရမယ်၊ ဆေးကြောတဲ့ သဘောက ဘာလဲဆိုတော့ မမြဲဘူးဆိုပြီး ဆင်ခြင်ခြင်းဘဲ။ ဆေးကြောတဲ့ နည်းအစစ်အမှန်က လက္ခဏာရေးသုံးပါးဘဲ။ မိမိရုပ်နာမ်ကြီး သည် ဒုက္ခတရားဖြစ်၏။ ဤဒုက္ခတရားကြီးသည် မမြဲဘူး၊ မပိုင်ဘူး၊ မဆိုင်ဘူးဆိုပြီး သုံးသပ်နေပါ။ ဘယ်နေရာမှာသွားသုံးသပ်မလဲ။ ဘယ်လို သုံးသပ်မလဲ၊ ဘာနဲ့သုံးသပ်မလဲ။ ဘာကို သုံးသပ်မလဲ။ ဒါအရေးကြီးပါတယ်။ ရှေဘုန်းတော်ရှင် ဘုရားသခင်ရဲ့ သံသရာမှ ထွက်မြောက်ကြောင်း တရားတော်ကို အဟုတ်သိနားလည်ချင်ရင်၊ မိမိကိုယ်ကိုမိမိ တရားရှုမယ်ဆိုရင် ဘယ်လို ရှုမလဲ၊ ဘယ်မှာရှုမလဲ၊ ဘာနဲ့ရှုမလဲ၊ ရှုတယ်ဆိုတာ ဘာလဲဆိုတာ သိနားလည်ရမယ်။

ဘယ်နေရာမှာရှုမလဲဆိုဘော့ မြတ်ဘုရား တရားတော်မှာ အတိအကျ အခိုင်အမာပါတဲ့ ပေါဠိလ ရဟန်းကြီးကိုဟောတဲ့ တရားအတိုင်းဘဲ အဏ္ဍတ္ထဘဝင် မနောပေါက်မှာရှုပါ၊ အပြင်အပမှာ မရှုနဲ့။ တရားရှာခန္ဓာမှ တွေ့တဲ့။ မိမိခန္ဓာမှာပဲရှုပါ၊ သူများခန္ဓာတွေ လိုက်မရှုပါနဲ့ အုံး၊ မိမိခန္ဓာမှာ မိမိအမှန်အတိုင်း မသိတဲ့ပုဂ္ဂိုလ်က သူများခန္ဓာတွေ လိုက်ရှုလို့ အမှန် မသိနိုင်ဘူး စိတ်ချပါ။ ကိုယ့်ကိုယ်မှ ကိုယ် နားမလည်တဲ့ ပုဂ္ဂိုလ်ဟာသူများကို နားလည်တယ်ဆိုတာ မဟုတ်သေးပါဘူး၊ အထင်တွေနဲ့ ပုဂ္ဂလိကဆန္ဒစုံတွေနဲ့ နားလည်နေတာလို့ ထင်နေတာသာ ဖြစ်တယ်။ ဒါကြောင့် ဓမ္မဒိဋ္ဌာန်ကျကျ သိနားလည်ချင်ရင် မိမိရဲ့ အဏ္ဍတ္ထ ဘဝင် ဒေါသဖြစ်ရင် တုန်တဲ့နေရာမှာ ရှုပါ။ နေရာ

လေးကို ပထမပေါ်လိုက်ပါတယ်၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ပေါ်မှာ မရှိနဲ့၊ ဘာကြောင့် မရှိနဲ့ ပြောသလဲ ဆိုတော့ မဆုံးနိုင်လို့ပါ။ ရှိချင်လဲရှိပါလေ၊ အဝိဇ္ဇာတဏှာနဲ့ လျှော့ပါး သွားမှာ ဖြစ်ပေတဲ့ အမြစ်တော့ မဖြတ်နိုင်ဘူးပေါ့။ သံသရာမှာ ကံလေသာအင့်ကြီးရှိတယ်။ (ဗုဒ္ဓဘာသာ ဆိုတာ သံသရာကို ယုံတယ်) ဟိုအနမတဂ္ဂသံသရာ အတိတ်ဘဝတွေမှာ၊ မိမိက ကိုလေသာသောင်းကျန်းခဲ့တဲ့ ဒဏ်ရှိတော့၊ ကိုလေသာ အင့်တ် ရှိနေတယ်။ ဒီအင့်ကြီးကို တားဖော် ဖြိုလိုက်ဘို့ အရေးကြီး တယ်။ အသီးလေးတော့ဘဲ ခူးဆွတ်ချေနေလို့တော့ မရဘူး။ ဒီအဆိပ်ပင်းကြီးကို အမြစ်ကပါ လှန်ချင်လို့ ရှိရင်၊ အဗ္ဗတ္ထိဘ ဝင်မနောပေါက်ကို စိုက်လိုက်ပါ။ သတိထား၊ ဝိရိယစိုက်ပြီး ပညာဉာဏ်နဲ့ ရှု။

ဘယ်လိုရှုမလဲ။ ။ဆိုတော့ အော်....ဒီတရားဟာ ဒုက္ခ တရားလေးလို့ ဆင်ခြင်လိုက်ပါ။ ဒီဒုက္ခဟာ မလိုလားအပ်ဘူး၊ ဒါကြောင့်သူ့ကို ရှုသတ်လိုက်ပြီဆိုပြီး ဉာဏ်နဲ့ ရှုသတ်လိုက်ပါ။ ဒုက္ခတရားကို အရှုခံ ရှုတဲ့တရားကိုတော့ ဉာဏ်လို့ခေါ်တယ်။ ဒုက္ခတရားကို ဉာဏ်နဲ့ရှုလိုက်တဲ့အခါမှာ ဒုက္ခတရားဟာ ရော့ ရော့သွား ပါလိမ့်မယ်။ သေးငယ် မှေးမှိန်ပြီး နောက်ဆုံးမှာ ချုပ်ငြိမ်းသွားပါလိမ့်မယ်၊ ဒီတော့ အဗ္ဗတ္ထိဘဝင် နေရာမှာ ရှု ပါ့။ဉာဏ်နဲ့ရှုပါ။ မမြဲဘူးဆိုပြီးတော့ ဉာဏ်နဲ့ ဆင်ခြင်ပြီးရှုပါ။

ဒီအခါမှာ အရှုခံတရားတွေဟာ ရော့နည်းပြီး နောက် ဆုံးမှာ ချုပ်ငြိမ်းမယ်၊ မိမိသည် ရာဂကွဇရော နိဗ္ဗာန်၊ တဏှာ

နိုရောခေါ နိုဗ္ဗာန်ဆိုတာကို မိမိခန္ဓာပေါ်မှာ ပြသွားပါလိမ့်မယ်။ ဒီခန္ဓာပေါ်မှာ စဲ့ကပ်နေတဲ့ဒီဋ္ဌိတွေ ဝိစိကိစ္ဆာတွေ အကုသိုလ်တရားတွေဟာ ဖြုတ်ခနဲ ဖြုတ်ခနဲ ပြုတ်ကျသွားသည့် သဘောကြီးထိအောင်ဖြစ်ပြီး ပေါ့သွားပါလိမ့်မယ်၊ ဒီအခါမှာမိမိသည် တရားတော်မြတ်ရဲ့ဂုဏ်ကျေးဇူးကို အလွန်ကြည်ညိုထိုက်တဲ့ တရားတော်မြတ် ဖြစ်ကြောင်း အမျိုးကောင်းသား အမျိုးကောင်းသမီး အာဇာနည်များကျင့်ကြံထိုက်တဲ့ တရားဖြစ်ကြောင်း အာကိုးယုံကြည်ထိုက်တဲ့ တရားဖြစ်ကြောင်း သိလာပါလိမ့်မယ်။

ဒါကြောင့်ဟိပဿိကောစမ်းပြီးရုပ်နာမ်အပေါ်မှာမမြဲဘူးဆိုပြီး လက္ခဏာရေး သုံးပါးနဲ့ ဆင်ခြင် ရှုကြည့်ပါ။ မိမိကိုယ်တိုင် တွေ့ပါလိမ့်မယ်။ မိမိကိုယ်တိုင် ဉာဏ်သက်ဝင်ပါလိမ့်မယ်၊ ဒီဌိဝေမ္မာ ပတ္တာဝေမ္မာ ဝေဒိတဝေမ္မာ မိမိကိုယ်ကိုင် ဒီသဘောတွေကို ခံစားနိုင်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသခင်ရဲ့ ဝိပဿနာတရားကို ကျင့်ကြံ အားထုတ်ခြင်းအားဖြင့် မိမိတို့တတွေသည် စစ်မှန်သော စင်ကြယ်သော ပြကတိ ငြိမ်းအေးသော နိုဗ္ဗာန်နန်းသို့ စံမြန်းနိုင်ပါတယ်။ ဒါကြောင့် ချမ်းသာစစ် ချမ်းသာမှန်ဖြစ်တဲ့ ဤလောကုတ္တရာ ချမ်းသာကို ရအောင် မိမိတို့ရဲ့ ရုပ်နာမ်အပေါ်မှာ လက္ခဏာရေးသုံးပါးနှင့် စင်ကြယ်ဆေးကြောခြင်းအားဖြင့် အဝိဇ္ဇာတဏှာနှင့် ယှဉ်သော မလိုလားအပ်သော အညစ်

အကြေးတွေဟာ၊တလ္ဘာစီကွာကျသွားမယ် ရုပ်နာမ်နှင့် သံသရာ ဒုနခဲ့တော့။ အဝိဇ္ဇာတဏှာတွေနဲ့ လွဲပြီး၊ ၃၁ ဘုံကြီးကို ခြေကန်ပြီး၊ ဟိုမှာဘက်ဖြစ်တဲ့ ဘုရားအစရှိသော ရဟန္တာ သူတော်စင်တွေ စံမြန်းသွားကြသော နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ပါလိမ့်မယ်။

ဤကဲ့သို့ မြတ်စွာဘုရားသခင်၏ လောကုတ္တရာ ချမ်းသာစစ် ချမ်းသာမှန်ကို ပေးတဲ့ တရားတော်မြတ်ဖြစ်သော၊ ဝိပဿနာ ဒေသနာတော်မြတ်ကို နာကြား ကျင့်ကြံဆင်ခြင် နှလုံးသွင်းသုံးသပ်ချတဲ့ ဂုဏ်သိုလ်ကံ စေတနာ အပေါင်းတို့ကြောင့် လောကုတ်၊ လောကီ နှစ်လီသော အကျိုးစီးပွားများဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းတဲ့အပြင်၊ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိဘာဂဝဋ်ဆိုတဲ့ ဝဋ် အမျိုးမျိုးနဲ့ ယှဉ်နေတဲ့ ဤမှာဘက် ဒုက္ခမျိုးစုံစုပုံနေသော သံသရာဝဲသြဃ ၃၁ ဘုံ သောင်ကမ်းမှ ကျွတ်လွတ်၍ ဟိုမှာဘက် ဖြစ်တဲ့ နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြသော ပုဂ္ဂိုလ်ဘူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေသောဝ်။

"သဓု....သာဓု....သာဓု"

ရင်တွင်းငြိမ်းအေးရေးတရားတော်နှင့် ပတ်သက်သော

ကောက်ချက်များ

ရုပ်နာမ်ရှိသောသူတို့၌ ရင်တွင်းကိစ္စသည် အရေးအကြီးဆုံးဖြစ်ကြောင်း ဝိပဿနာယောဂီတိုင်း သိနားလည် ထားကြသည်။ ဒေါသဖြစ်လျှင် မည်သည့်နေရာ၌ တုန်လှုပ်လာပါသနည်း။ အရာရာကို ရင်တွင်းက ဆုံးဖြတ်ပါသည်။

ပေါ်ဦလ ရဟန်းကြီးနှင့်ပတ်သက်သော တရားတော်သည် ရင်ဘွင်းအဇ္ဈတ္တ၌အမ်ိုးကဖြစ်ကြောင်း သာဓက အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့သည်။ တကယ့် ဝိပဿနာ သမားသည် သရဖူနှင့်မြောက်ရှိလည်း မြောက်ကြွမည် မဟုတ်၊ သင်းချိုင်းကုန်နှင့် ခြိုမ်းချောက် ရှိလည်း ကြောက်လန့်မည် မဟုတ်၊ ပြကတိရင်တွင်းမှ တည်ငြိမ်စွာ ဟုတ်ရာမှန်ရာ အကျိုးရှိရာကို လုပ်ဆောင်နေမည်သာ ဖြစ်သည်။

ရင်တွင်းသည် လောကဓံနှင့်တွေ့လျှင် ပူလောင်တတ်သည်။ ပူလောင်မှုကို မပူပါနှင့် မလောင်ပါနှင့်ဟု တားရှိုရမည်မဟုတ်၊ တကယ်တော့ ပူစရာဖြစ်အောင် အကြောင်းခံခဲ့၍ ပူလာရခြင်းဖြစ်သည်။ ပူစရာကို ငြိမ်းအေးစေရန် အကြောင်းပြုလျှင်လည်း ငြိမ်းအေးသွားလိမ့်မည်သာဖြစ်သည်။ တကယ်တော့ မဂ်ရောင်နှင့် ဖျန်းလျှင် အဘယ် ကိုလေသာအပူသည် မငြိမ်းအေးဘဲ နေနိုင်ပါမည်နည်း၊ အမှန်တကယ်ပင် ငြိမ်းအေးချမ်းသာ ရမည်သာ ဖြစ်သည်။

ရင်တွင်းကိုပူလောင်စေတာက ကိုလေသာတရားတွေဘဲ ဖြစ်သည်။ တနည်းအားဖြင့် နိဝရဏ တရားတွေဘဲ ဖြစ်သည်။ နိဝရဏ တရားများသည် အေးချမ်းရာကို မျက်မှောက်ပြုလိုသော မဂ္ဂင်ဉာဏ်ကို ပိတ်ဖုံးကာဆီးတတ်ကြသည်။ထိုနိဝဏတွေကိုပယ်သတ်ချင်လျှင်ရင်တွင်းမှာဘဲ လက္ခဏာရေးသုံးပါးနှင့် ပယ်သတ်ရမှု။ အမှန်တကယ်ဘွင် နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်အောင် ဟန့်တားနေကြတာသည် ဤနိဝရဏတွေ ကိုလေသာဘဲ ဖြစ်သည်။

နိဗ္ဗာန် သည် အင်မတန် မှ ငြိမ်းအေး၏။ ငြိမ်သက်၏။ နိဗ္ဗာန်ကိုမျက်မှောက်ပြုလိုက်ရလျှင် မည်မျှလောက် အေးငြိမ်းသွားမည်လဲ၊ အေးငြိမ်းသော ခဏတ်

သဘာဝတွေ ကူးစက်နိုင်မည်လဲ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုထားပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ထူးတဦး အာဇာနည်တဦး၏ ရင်ထဲမှာ ဘယ်လိုရှိနေမည်လဲ၊ ဒီတော့ မျိုးနွာမ်ရှိသူ၊ ဒုက္ခဝင္ဆ ကျွတ်လွတ်လိုသူတဦးဟာ ရှေးဦးစွာ နှင်ဟွင်းငြိမ်းအေးအောင် ကြိုးစားနိုင်ရမည်။ ရင်တွင်းငြိမ်းအေးစေနည်းကို သိနားလည်ထားရမည်။ ရင်တွင်းငြိမ်းအေးမှု၌ ဉာဏ်အရေးကြီးပါသည်။ စိတ်သည်ပူလောင်နိုင်၏။ ပူလောင်မှုနဲ့ တဲ့ယှဉ်တတ်၏။ ဉာဏ်ကတော့ အေးငြိမ်း၏။ ကြည်လင်၏။ ချမ်းမြေ့၏။ တည်ငြိမ်၏။ စင်ကြယ်၏။ ဒီဉာဏ်ကိုရအောင် စိတ်အပူကို လက္ခဏာရေးသုံ ပါးနှင့် သုံးသပ်ဆင်ခြင်ရသည်။ ဘာမဆို မမြဲဘူးဆိုတော့ စိတ်အပူသည်လဲ မမြဲဘူးဟု ယုံကြည်လာသည်။ ဤယုံကြည်ချက်သည် ဉာဏ်နှင့်ယှဉ်သော ယုံကြည်ချက်ဘဲ၊ စိတ်သည် အရှုခံတရား၊ ဉာဏ်သည် ရှုဘဲ့ သတ်တဲ့ သုံးသပ်ဆုံးဖြတ်တဲ့တရား စိတ်နှင့်ဉာဏ်ကိုကဲ့ရမည်။ ကဲ့ကဲ့ပြားပြား ခဲခြားတတ်ရမည်။ ဉာဏ်က ရုပ်နာမ်ကိုသုံးသပ်ခြင်းဖြစ်၍ အသုံးသပ်ခံရတာ အရှုသတ်ခံရတာ ရုပ်နာမ်ဘဲဖြစ်သည်။ ရှုသတ်လိုက်ခြင်းသည် ဉာဏ်ရဲ့လုပ်ငန်းဖြစ်၏။

မရှုသတ်ဘဲ ရေစုန်မျှောနေလျှင် အောက်ရောက်သွားမှာ သေချာသည်၊ ရှုသတ်လျှင်အထက်ရောက်မည်။ ဤနေရာ၌ နှစ်လမ်းကွဲသွားသည်။ ရင်တွင်း ငြိမ်းအေး

ချင်လျှင် အပူမီးနှင့် ပူစရာဖြစ်မည့်အရာကိုရှု၊ ရင်တွင်း ပူလောင်ချင်လျှင်တော့ မရှုနှင့်၊ လက်ခံထားပါ။ ဒါဓမ္မ သဘာဝမို့ ထွက်ပြေးလို့တော့ မရပါ။ ဒီတော့ ပူစရာကို ကြိုက်ရင် လက်ခံ၊ မကြိုက်လျှင် တရားဓမ္မ သဘာဝကို သိနားလည်စွာ ဝိပဿနာဉာဏ်အရာဖြင့်ရှုသတ်ပါလေ၊ မြတ်တရားတော်သည် ရင်တွင်းငြိမ်းအေးစေရန် တာဝန် ယူနိုင်ပြီး ဖြစ်ပါ၏။

မဒန်မြတ်သောစေတနာဖြင့်

နန္ဒဝံသ

ရင်တွင်းငြိမ်းအေးရေး

[၁၃၃၉ ခုနှစ် နယုန်လဆန်း (၃) ရက် (၁၉-၅-၇၇) ကြာသပတေးနေ့တွင်ရန်ကုန်မြို့ တက္ကသိုလ်မျှား ဝမ္မာရုံ၌ ဝိပဿနာ သန္တိသုခဆရာတော် ဦးနန္ဒဝံသ ဟောကြားတော်မူသော "ရင်တွင်းငြိမ်းအေးရေး" တရားတော် ဟောစဉ်]

ရင်တွင်းငြိမ်းအေးမှု တရားတော်မြတ်ကို ဒီနေ့ကို နောက်ဆုံးနေ့ဖြစ်ပါတယ်။ နောက်ဆုံးနေ့မှာ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးရဲ့ တရား တော်ကို ရင်တွင်းငြိမ်းငြိမ်းအေးအေးလေးနဲ့ ချမ်းချမ်းသာသာနဲ့ နာကြားပြီးတော့ချမ်းချမ်းမြေ့မြေ့နဲ့နိဂုံးချုပ်ရအောင်၊ မြတ်စွာဘုရားဆိုတာကတော့ တကာတကာမတို့သိကြတဲ့ အတိုင်း သဗ္ဗညုတ ရှေ့ညာဏ်တော်ရှင်ကြီး ဖြစ်တယ်။ သဗ္ဗညုတရှေ့ညာဏ်တော်ရှင်ကြီးဆိုတာ ပါရမီဖြည့်ဆည်းရတာ မလွယ်ဘူး။ ဘဝပေါင်းများစွာ တဏှာ ကိလေသာ လျော့ပါးအောင် ကျင့်ကြံ အားထုတ်ခဲ့ရတယ်။ မြင့်မြတ်တဲ့အကျင့်၌ တည်ရတယ်။ ဒါကြောင့် မြတ်စွာ

ဘုရားရဲ့ တရားတော်ကို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေသာ နှစ်ခြိုက်နာကြားလိုတယ်။ ကျင့်ကြံလိုတယ်။ ဘာကြောင့်မို့လဲဆိုတော့ မြတ်စွာဘုရားက တဏှာနိရောဓော နိဗ္ဗာနံ၊ နိဗ္ဗာန်ဆိုတာ တဏှာတွေကုန်ဆုံးရာဖြစ်တယ်။ နိဗ္ဗာန်ဆိုတာ ချမ်းမြေ့တယ်။ ဥာ ဘုံဆိုတာ ရုပ်နာမ်တွေမှာ ကိုလေသာတွေနဲ့ တဲ့ယှဉ် နေတယ်။ ပူတယ်။ ဒါကြောင့် ပူလောင်မှုအတိပြီးတဲ့ ဒီသံသရာဝဲ့ဩဃမှ ကျွတ်လွတ်ပြီးတော့ အလွန်ချမ်းမြေ့တဲ့ နိဗ္ဗာန်ရေပြည်မြတ်ကြီးကို မျက်မှောက်ပြုရအောင် စံမြန်းကြရအောင်ဆိုပြီး အဝိဇ္ဇာ တဏှာထုကို မိမိသိသလိုသိဘို့၊ မိမိအောင်နိုင်သလို အောင်နိုင်ဘို့ အတွက် ဖြိုခွင်းနိုင်မဲ့ နည်းနိဿယျတွေကို ချီးမြှင့်တော် မူခဲ့တယ်။ မြတ်ဘုရားကိုယ်တော်တိုင်လဲ သစ္စာ ၄ ပါး တရားတော်မြတ်ကို ထိုးထွင်းသိမြင်နိုင်ဘို့ အင်မတန် ဒီသတ္တိတွေ ကောင်းခဲ့ရတယ်။

အဓိဋ္ဌာန်တွေ တည်ခဲ့ရတယ်။ မေတ္တာစေတနာနဲ့ ကြီးမားတဲ့ မဟာကရုဏာတွေ ထားခဲ့ရတယ်။ မိမိကိုယ်တိုင် သံသရာ ဝဲဩဃမှ အပြီးအပိုင် ကျွတ်လွတ်နိုင်တဲ့ သုမေဓာရှင်ရသေ့ဘဝကတဲက မိမိတပါးထဲတော့ နိဗ္ဗာန်မစံဝင်သေးဘူး၊ ဝေနေယျအပေါင်းကို မိမိသိသလို သိဘို့ မိမိသံသရာမှ ကျွတ်လွတ်သလို ကျွတ်လွတ်စေဘို့အတွက် လေးသခြေ့နှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ပြီးတဲ့နောက် သစ္စာတရားကို မိမိအလိုလို ကိုယ်တော်တိုင် သယမ္ဘူ၊ ရှေဉာဏ်တော်နဲ့ ထိုးထွင်းဆင်ခြင် ဉာဏ်သက်ဝင်အောင် ကျင့်ကြံ အားထုတ်တော်မူခဲ့ရတယ်။

ဒီမှာ အခက်အခဲအမျိုးမျိုး အနှောက်အယှက်အမျိုးမျိုး တွေ့ကြုံဖြတ်သန်း ခဲ့ရတယ်၊ နောက်ဆုံး သဗ္ဗညုတ ရှေညာဏ် တော်ကြီးဆုတ်ခူးခါနီးအချိန်မှာမာန်နတ်ရဲနည်းမျိုးစုံနဲ့ နှောက်ယှက်မှုတွေကိုခံရပြီးတဲ့နောက်- မြတ်စွာဘုရားရဲ့ မေတ္တာ သစ္စာ ဘုဝနာ-အဓိဋ္ဌာန်နဲ့ အောင်မြင်ကျော်လွှားတော်မူခဲ့ရတယ်၊ ဒါကြောင့် သစ္စာတရားကို ထိုးထွင်းသိဘို့ဆိုတာ လွယ်ကူတဲ့ကိစ္စ တော့ မဟုတ်ဘူး-ဘာကြောင့်လဲ ဆိုတော့ တသံသရာလုံးက အဝိဇ္ဇာတဏှာနဲ့ တဲ့ဘက်ယှဉ်နဲ့ပြီး သိပ်သည်း ကျစ်လစ်စွာနဲ့ ရောထွေးယှက်တင်ဖြစ်နေတဲ့ ဒီရူပ်နာမ်မှာ စဲ့ကပ်နေတဲ့ ဝဏှာ ကိုလေသာနဲ့ အတူ ငါစဲ့နေရာကို ကြက်ခြေခတ်ပြီး ဖြုတ်လိုက်-ဖြုတ်ပြီးတဲ့နောက်-ငါနေရာကို မြင့်မြတ်တဲ့အကျင့်နဲ့ အစားထိုးပြီးတဲ့နောက် ငါကိုချေဖျက်-ငါနဲ့ အတူစဲ့ကပ်နေတဲ့ရူပ်နာမ် အပေါ်မှာ ဒုက္ခပေးနေတဲ့ ကိုလေသာမီးတွေကို ပယ်သတ်-ပိုင်းဖြတ်ပြီးတဲ့နောက်-တလွှာစီတလွှာစီ တိုက်ခွတ် ပြီးတဲ့နောက်-နောက်ဆုံး ကိုလေသာတွေ လျော့ပါးပြီး-မြင့်မြတ်တဲ့ အကျင့်ကြောင့် စွမ်းရည်အဖြစ်နဲ့ ဝိဇ္ဇာဉာဏ် ထိုးထွင်း ဆင်ခြင်ဉာဏ် သက်ဝင်ပြီးတဲ့နောက် သစ္စာတရား ဖုံးပွင့်ဝေဆာစွာ သိနားလည်ပွင့်လင်း ခဲ့ရတယ်၊ ဒါကြောင့် အဝိဇ္ဇာ တဏှာနဲ့ ယှဉ်တဲ့ ရူပ်နာမ်တွေဟာဒီအဝိဇ္ဇာတဏှာကို ငါ့ဘဲလို့ ယူဆရမဲ့ အစား ဒီအဝိဇ္ဇာတဏှာတွေဟာ မြတ်သောအကျင့်ရဲ့ အတားအဆီး တွေ့ဖြစ်လို့-ရင်းတို့ကို ပါးသွားအောင် တိုက်ခွတ်မယ်ဟဲ့ ဆုံဟဲ့ ဆုံးဖြတ်ချက် ဦးတည်ချက်ထားရင်ဘဲ-မြင့်မြတ်တဲ့ပုဂ္ဂိုလ်အဖြစ်နဲ့ မိမိကိုယ်ကို လေ့ကျင့် ပျိုးထောင်ရာ မည်တယ်။ ဒီနေရာမှာ

မြတ်စွာဘုရားကို ဘာလို့ပူဇော်ကြည်ညိုရသလဲဆိုရင်-မြတ်လွန်းလို့ဘဲ၊ မြတ်တဲ့နှလုံးသွင်း အမြဲထာဝရရှိတယ်၊ မြတ်သောဆရာဆိုတာရှိတယ်၊ မြတ်သောဆရာဆိုတာ မိမိရဲ့ တပည့်သားသမီးတွေကို အကျင့်မြတ်ဌာတည်စေရန် ပြဿဆုံးမတော်မူတဲ့ ပုဂ္ဂိုလ်တွေကို မြတ်သောဆရာလို့ ခေါ်ဝေါ် သမုတ်ရပါတယ်၊ မြတ်သောပုဂ္ဂိုလ်ဆိုတာရှိတယ်-မိမိခန္ဓာကိုယ်ပေါ်မှာ မြတ်တဲ့နှလုံးသွင်းကို ကျင့်ကြံ အားထုတ်တယ်၊ ယုတ်တဲ့ သဘောတွေကို ပယ်သတ်ပိုင်းဖြတ်တယ်၊ ဒီလိုပုဂ္ဂိုလ်တွေကို မြတ်တဲ့ ပုဂ္ဂိုလ်လို့ ခေါ်နိုင်ပါတယ်။

ရဟန်းပုဂ္ဂိုလ်ဆိုတာလဲ ဒီအတိုင်းဘဲ၊သီလတွေ သမာဓိတွေ ပညာတွေ၊ ဒါနတွေ။ ဘာဝနာတွေ မိမိခန္ဓာကိုယ်ပေါ်မှာ သီလတွေဝင်ကြွယ်အောင်-သမာဓိတွေ တည်ငြိမ်အောင်၊ ပညာတွေတိုးတက်ပွားများအောင်လို့ ကျင့်ကြံ အားထုတ်နေတဲ့ပုဂ္ဂိုလ်ဟာ ရဟန်းဘဲ-သစ္စာတည်နေရင် ရဟန်းဘဲ-ခန္ဓာကိုယ်ပေါ်မှာ လက္ခဏာ၄၈ရေးသုံးပါးနဲ့ ဆင်ခြင်ပြီး တရားဥာဏ် ကိန်းနေရင် ရဟန်းဘဲ။ခန္ဓာကိုယ်ပေါ်မှာ တရားဥာဏ်မကိန်းဘဲနဲ့-အဝိဇ္ဇာတဏှာကမောင်းနှင်သလို-ရုပ်နာမ်ကြီးကလိုက်ပြီးတော့ကျွန်ဖြစ်နေမှင်-အဝိဇ္ဇာတဏှာနဲ့ရင်တွင်းကိုလေသာတွေ ခိုင်းသမျှ-ဒီရုပ်နာမ်ကြီးက ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ် လိုက်နေရင် အဲဒီပုဂ္ဂိုလ်ဟာ မြတ်သော ပုဂ္ဂိုလ်လဲမဖြစ်နိုင်၊ ရဟန်းဆိုတာ၀ေးရော၊ ဒါကြောင့် မြတ်ဘုရားဆိုတာ အင်မတန်မြင့်မြတ်တော်မူတယ်။ တဏှာကိုလေသာကိုဟို ဘ၀ပေါင်းမြောက်များစွာကတည်းက၊

ပါးလျှနေအောင်ကျင့်ကြံအားထုတ်ခဲ့တဲ့ တကဲ့မဟာစေတနာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် တကဲ့ဘုန်းရှင် သမ္ဘာရှင် သဗ္ဗညုတ ရှေ့ညာဏ်တော်ရှင်ကြီး ဒီလိုပုဂ္ဂိုလ်မျိုးဆိုတာ လူနတ်ဗြဟ္မာသတ္တဝါတွေကို မိမိသာမကယ်ရင်ဖြင့် ဒီသံသရာဝဲသြဃက လွှတ်ဘို့ရာ လမ်းမမြင်ဘူး။မိမိကယ်မှာဘဲဆိုပြီး၊ ဒီလိုကယ်ဘို့ရာ သတ္တဝါတွေရဲ့ အမိုက်မှောင်ကြီးကိုဖြိုခွင်းနိုင်တဲ့ စွမ်းရည်ရအောင်၊မိမိကျတော့ အင်မတန်ထူးခြားတဲ့ ပါရမီတွေ ဖြည့်ဆည် တော်မူပြီးတော့ နောက်ဆုံးဘဝမှာ သဗ္ဗညုတရှေ့ညာဏ်ကြီးကို ထိုးထွင်းသိမြင် ညာဏ်သက်ဝင်လာရတယ်။

အဲဒီလို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဆိုတာ တကယ်တော့ အင်မတန်မှ ကြည်ညိုမြတ်နိုး ဦးခိုက်ဘွယ်ရာ ညာဏ်ပညာတန်ခိုးပါရမီ ဘုန်းသမ္ဘာ အသူးပြောဘွယ်ရာမရှိ အောင် အံ့သြလို့မကုန်နိုင်အောင် အရှိန်ကြီးမား၊ဘော်မူတယ်။ ဒါကြောင့် မြတ်စွာဘုရားကို ဦးထိပ်ထားပြီး၊ မိမိတို့သည် မြတ်ဘုရားရဲ့ သားတော် သမီးတော်ဖြစ်ရရင် ဘယ်လောက် ကောင်းမလဲလို့ စိတ်ကူးမှန်းဆနိုင်ပါတယ်။ ဒီအယူအဆကို ရိုင်းတယ်လို့ မယူအပ်ပါဘူး၊ မြတ်ဘုရားရင်ဝယ်ပိုက်လိုတဲ့ စာရင်းထည်းပါအောင် ကြိုးစားမဟဲ့ဆိုတဲ့ ဇဲ့သတ္တိဟာ အင်မ တန်မှ မြတ်ပါတယ်။

ဒါကြောင့် ရှေးက မြတ်ဘုရားဟာ ၅ ခ မည်းတော်ကြီး ဟာဘယ်လိုခရီးစဉ်လဲဆိုတော့တဏှာလျှပါးအောင်သွားတယ်၊

ဘဝဘဝတွေ ဇဲသတ္တိ ကြီးကြီးမားမား ထားတယ်၊ သစ္စာ အဓိဋ္ဌာန် တည်တယ်၊ ကိလေသာတွေပေါ်သမျှ ပယ်တယ်၊ သတ်တယ်။

ဒီလိုနည်းနဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေအပေါ်မှာ မဟာကရုဏာ မေတ္တာစေတနာတွေ ထားပြီး တဲ့နောက် မြင့်မြတ်တဲ့အကျင့်မှာဘည်ပြီး သဗ္ဗညုတ ရှေ့ညာဏဟော်ကြီးရတာဘဲ။ အဲဒီတော့ မိမိတို့သည် ဖခမည်းတော် လမ်းစဉ်အတိုင်း လိုက်ပြီးတော့ မြတ်ဘုရားက ချစ်သားချစ်သမီး ခေါ်ခံရလေအောင် ဘုရားခိုင်းတဲ့အတိုင်းလုပ်၊ ဘုရားအလိုကျ ကိလေသာတွေ လျှော့ပါးအောင် မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ်ရင်ဖြင့် မိမိတို့သည် လူဖြစ်.ကျိုးနပ်ပြီလို့ ဆုံးဖြတ်ချက်ချတော့။ ဒီလိုနပ်အောင် ကျင့်ကြံဘို့ဟာ မလွယ်ဘူး။ သာသနာတော်တွင်းနဲ့ လဲကြုံဦးမှမြတ်သော တရားကို ဟောကြားတဲ့ပုဂ္ဂိုလ်နဲ့ကြုံဦးမှ၊ မြတ်သောတရားကို နာခွင့်ရပြန်တော့လဲ မိမိကိုယ်တိုင်ကမြတ်တရားကို လိုလားနှစ်ခြိုက်တဲ့ ကြည်ညိုတတ်တဲ့ ခံယူချက်ကလေးရှိဦးမှ၊ မြတ်သောနှလုံးသွင်းရှိဦးမှ၊ အစစအရာရာ ဒီလိုပြီးပြည့်စုံတဲ့ကိစ္စတွေ တိုက်ဆိုင်ညီညွတ်မှသာလျှင် မြတ်သောပုဂ္ဂိုလ်အဖြစ်နဲ့ မိမိကိုယ်ကို ကျင့်နိုင်မည်။ ဒီလိုမှမဟုတ်ရင် တသံသရာလုံးကလဲ အခေါ်ခေါ်သော မနုဿိကာယဆိုပြီး နှလုံးသွင်းကလဲမှားခဲ့တော့ မိမိသည် အဝိဇ္ဇာတဏှာရဲ့ ကျွန်ဖြစ်ခဲ့ဘို့အလေ့ပါ။ အထုံရ အကျင့်ရ မျှားလာတော့ ဒီယုတ်ညံ့တဲ့နယ်ပယ်ထဲက ခွာထွက်ဖို့ ခဲ့ထွက်ဖို့ဆိုတာ တော်တော်ဇဲသတ္တိနဲ့ မလွယ်ဘူး။

ဒါ့ကြောင့် ဤဘဝ ဤနေရာမှာဖြင့် မိမိတို့သည် မြတ်သောဘုရားကို နှုလုံးသွင်းပြီးတဲ့နောက် မြတ်သောအကျင့်မှာတည်ပြီးတဲ့နောက် မြတ်ဘုရားနဲ့တကွ ရဟန္တာသူတော်စင်တွေ မျက်မှောက်ပြုတဲ့ နိဗ္ဗာန်စခန်းကို တက်လှမ်းဘို့အတွက် အဓိဋ္ဌာန်ပြုပြီးကျင့်ကြံ အားထုတ်ရင်၊မိမိတို့တတွေဟာမိမိကိုယ်မိမိတကယ် ချစ်ရာတကယ်သနားရာ ရောက်ကြမယ်။ ဘာကြောင့်လဲဆိုရင် ဒီသစ္စာတရားကို တကယ်ထိုးထွင်း သက်ဝင်မိနိုင်မှ ဒီသံသရာဝဲသြဃမှတကယ်လွှတ်နိုင်မယ်။ ဒါမှလဲနောက်ထပ် ရုပ်နာမ်တွေ ဘေးအထပ်ထပ်ခံရမှုတွေမှလွှန်မြောက်ပြီး အင်မတန်မှ ငြိမ်းချမ်းသော တကယ်သန့်သုခဆိုတဲ့ထာဝစဉ်မြေသော တည်ငြိမ်သော စကားလုံးနဲ့ ဖော်ပြခြင်းဌာ မစ္စမ်းနိုင်လောက်တဲ့ ချမ်းသာခြင်းမျိုးစုံတို့ စုပုံရာနိဗ္ဗာန်ကို မိမိတို့ကိုယ်တိုင် သိတွေ့ဥာဏ်သက်ဝင်သွားနိုင်မယ်။ ဒါ့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ သစ္စာတရားကို သိဘို့ရာဟာ အပိုဇ္ဈာတဏှာ ဥဒ္ဓံလေးမှ ထွက်ရမယ်။

ဘယ်လိုထွက်မလဲဆိုတော့ မြတ်ဘုရားက ပေးသနားတော်မူခဲ့တယ်၊ သစ္စာလေးပါးတရားကို လက္ခဏာရေးသုံးပါးနဲ့ ယှဉ်ပြီးတဲ့နောက် မဂ္ဂင်ရှစ်ပါးကို ပေးသနားတော်မူခဲ့တယ်။ ဒီခန္ဓာကိုယ် ရုပ်နာမ်အတွေ့ဘောကြီးဟာ တကယ်တော့ ငါ့မဟုတ်တော့ဘူး၊ ငါဆိုတဲ့သညာက မိမိကိုလှဲစားနေတာ။ ဒီရုပ်နာမ်သဘာဝကြီးက တကယ်တော့ ရုပ်ရယ် နာမ်ရယ်ဘဲရှိတာ၊ ဖျက်ဆီးတတ်တယ်၊ မြင်သာတယ်၊ နာမ်ဆိုတာကတော့ သိခြင်းတရားရှိတယ်။

ဒီရုပ်နာမ်ကြီးထဲမှာ ငါဆိုတာမရှိဘူး၊ ရုပ်နာမ်သဘာဝတဲ့ ရှိတယ်။ ဒီရုပ်နာမ်သဘာဝကို ပုထုဇဉ်မျက်ကန်းတွေဟာ အတိတ်ဘဝတွေက၊ နှလုံးသွင်းမှားခဲ့ပြီး အဝိဇ္ဇာအမှုန်ကို မသိခြင်းဖြင့် ဦးစီးပြီး၊ ဒီရုပ်နာမ်ရဲ့ သဘောအစစ်အမှုန်ကို နားမလည်တော့သူ့ကို တွယ်တာကပ်ငြိနေအောင်လို့ တဏှာက ချော့လုံက်တယ်။

ဒီအဝိဇ္ဇာနဲ့တဏှာဆိုတာက ရုပ်နာမ်တွေကို မှေးဖှားပေးနေတဲ့ အမိနဲ့ဖခင်။ အဝိဇ္ဇာက အမှုန်ကိုမသိစေတဲ့အခါမှာ တဏှာလေးက ကပ်ပြီးချော့လုံက်တယ်။ ချော့လုံက်တော့ ငါ့ရုပ် ငါ့နာမ်ငါဆိုပြီးတော့ ရုပ်နာမ်အပေါ်မှာငါစွဲစွဲပြီးတော့ ခင်ချင်မင်ချင်ငဲ့ခွင်တဲ့ သဘောတွေဝင်ပြီး ရုပ်နာမ်ကို အမှုန်မသိစေဘဲ အဝိဇ္ဇာနဲ့ ငါနဲ့ တဏှာနဲ့ ပေါင်းပြီးတော့ ရုပ်နာမ်ကြီးကို ပင်ပန်းဆင်းရဲအောင် အိုနာသေ ဝေးသံသရာပရိယာယမှမလွတ်ကင်းအောင် မိမိဘာသာ ကရုတ်ကင်းလျှောက်လျှောက်သွားနေတယ်၊ အဲဒီ လျှောက်သွားနေတဲ့အထဲက လွတ်ကင်းချင်ရင် ရုပ်နာမ်ကို ငါနဲ့မပေါင်းဘဲနဲ့ ရုပ်နာမ်ကိုဉာဏ်နဲ့ ဆင်ခြင်လိုက်ရမယ်။ ဉာဏ်နဲ့ ဆင်ခြင်ပုံကတော့ မြတ်ဘုရားက လေးသင်္ချိုင်းနဲ့ ကမ္ဘာတသိန်းပါရမီ ဆည်းပူးခဲ့ပြီးတဲ့နောက် သစ္စာတရားကို ဉာဏ်သက်ဝင်နိုင်တဲ့ မြတ်ဘုရားက မိမိသိမြင်တဲ့သစ္စာတရားကိုးဝေနေယျများအား ဖောက်သည်ချခြီးမြှင့်ပေးသနားဟောကြားတော်မခဲ့တယ်။ သစ္စာတရားကိုထိုးထွင်းဘို့အတွက် ကထောက်လေသာတဏှာတွေလျှော့ရမယ်၊ တဟုတ်ကိုထူထပ်နေရင် မိမိကိုယ်ကို့ လုံးခင်လုံးမင်လုံးတွေများနေရင်မိမိကိုယ်ကိုခိုင်မာတယ် တည်မြဲတယ်ဆိုပြီး သာ

ယာဘွယ် ဆိုတဲ့ သဘောတွေ သိပ်ပြီး ကျစ်လစ်သိပ်သည်းနေရင်တော့ ရုပ်နာမ်ရဲ့ အမှန်တရား ဘယ်လိုမှ ထိုးထွင်းပြီး အဝိဇ္ဇာ ဉာဏ်နဲ့ မသိနိုင်ဘူး။

ဝိဇ္ဇာဉာဏ်နဲ့ ထိုးထွင်းသိနိုင်ဘို့က ခန္ဓာမှာ ကပ်ငြိနေတဲ့ တယ်ဘာတွေ ကိုလေသာတွေ လျော့ပါးစေရမယ်၊ လျော့ပါးအောင် မြတ်ဘုရားရဲ့ အဆိုအမိန့်တွေအရ ရုပ်နာမ်အပေါ်မှာ ငါရယ်လို့ မစွဲဘဲနဲ့ ဒီရုပ်နာမ်မှာ စွဲကပ်နေတဲ့ မလိုလားအပ်တဲ့ ကိုလေသာဘရားတွေကို ဉာဏ်နဲ့ ပိုင်းဖြတ် ပယ်သတ်ရမယ်။ ဘယ်လိုလဲဆိုတော့ ခန္ဓာကိုယ် ရုပ်နာမ်ကြီးဟာ ရုပ်နာမ်သဘာဝဘဲဖြစ်တယ်၊ ငါမဟုတ်ဘူး အသားတွေ၊ အသွေးတွေ၊ ပြည်တွေ၊ သလိပ်တွေ အစာဟောင်း အစာသစ်တွေ၊ ရိုးတွင်းခြင်ဆီတွေ စသဖြင့် အရေထူ အရေပါး ၃၂ ကောင်ဌာသနဲ့ တည်ဆောက်ထားတဲ့ ဒီရုပ်နဲ့ ဒီနာမ် ငါမပိုင်ဘူး၊ ငယ်ရွယ်နုနယ်ရာမှ အိုမင်းလာပြီ နောက်ဆုံး မြေကြီး သြဇာကျွေးရမယ်၊ သေမင်းလက် ဝကျွတ်အပ်ရမယ်၊ ဘယ်မှာငါပိုင်လို့လဲ ငါပိုင်ရင် မအိုနဲ့ မနာနဲ့ မသေနဲ့လို့ ဟန့်တားလို့ရရမယ်၊ ဒုတော့ မရဘူး။

သူ့ဟာနဲ့သူ ပျက်စီးခြင်းသို့ဦးတည်သွားတယ်၊ အခွင့်သင့်တိုင်း မိမိအားနှိပ်စက်ကလူပြုတယ်၊ **ပင်ပန်**းဆင်းရဲတယ်၊ ဘဝမှာ မလိုလားစရာ ပင်ပန်းဆင်းရဲတာတွေ မျိုးစုံ တွေ့ရပြီးတော့ ဆင်းရဲခြင်း ပူလောင်ခြင်း ငိုကြွေးခြင်းတွေနဲ့ ပရိဒေဝ

ဒုက္ခ၊ဒေါမနဿ၊ ဥပရာသ ထိခံစားရတဲ့ ဒီရုပ်နာမ်။ ဒါကြောင့် ဒီရုပ်နာမ်ကို ငါမပိုင် ဆိုပြီး ရုမ်နာမ်အပေါ် စဲ့နေတဲ့ "ငါ"ကို ချေဖျက်လိုက်ပါ၊ ချေဖျက်လိုက်ပြီးရင်တော့ စွမ်းရည်ရဲ့နောက်ကွယ်မှာ ဥာဏ်လေးနဲ့ သက်ဝင်လိုက်ရမှာက အော်ဒီရုပ်နာမ်မှာ ဒုက္ခရှိတယ်၊ ဒီဒုက္ခကို ငါစဲ့နေလို့ ဒီဒုက္ခနဲ့ ငါနဲ့ လုံးပြီးနေတယ်၊ ဒီရုပ်နာမ်ဒုက္ခကို မြတ်ဘုရားဟောတော်မူတဲ့အတိုင်း သ ဗ္ဗေ သ ခံ္ဓါ ရ အ နိစ္စ၊ သ ဗ္ဗေသခံ္ဓါရဒုက္ခ၊ သ ဗ္ဗေ ဓမ္မာ အ နတ္တ ခပ် သိမ်း ကုန် သော ဖြစ် ပေါ် လာတဲ့ ရုပ်နာမ် တရားတွေဟာ ဒုက္ခဘဲ ဆင်းရဲတယ်လို့ သုံးသပ်လိုက်မယ်၊ ဒီလိုသုံးသပ်လိုက်ရင် ရုပ်နာမ်ကို ငါလို့ မသတ်မှတ်တော့ဘူး။ ရုပ်နာမ်က ဒုက္ခတရားဘလို့ သုံးသပ်လိုက်နိုင်တဲ့စွမ်းရည်ဟာ ဥာဏ်ဖြစ်လာပြီ၊ ဥာဏ်လေးကိုတည်လိုက်ပြီး၊ ငါနေရာမှာ ဥာဏ် ရောက်သွားပြီ၊ ဥာဏ် ရောက်သွားတော့ ငါနဲ့ ဒုက္ခနဲ့ခွဲပြီးတဲ့နောက် ဥာဏ်ကနေပြီး ဒုက္ခကို မင်းသည် မမြဲတဲ့ တရားလို့ သုံးသပ်လိုက်တဲ့အခါမှာ ရုပ်နာမ်က ရုပ်နာမ်တခြား၊ သုံးသပ်လိုက်တဲ့ဥာဏ်ကဥာဏ်တခြားဖြစ်လာပြီ၊ ဒီနေရာမှာဥာဏ်လေးအစမျိုးလာပြီနော်—

ဥာဏ်ဟာ အင်မတန် အရေးကြီးပါတယ်၊ ဥာဏ်နဲ့ဘဲ သစ္စာတရားကို မြတ်ဘုရားက ထိုးထွင်းသိမြင်ခဲ့ရတာ၊အဲ့တော့- ဒီဥာဏ်ရဘို့အတွက်လဲ ကိုလေသာတွေ ပါးလျှအောင်၊ တဏှာတွေလျော့နည်းအောင် သစ္စာ အဓိဋ္ဌာန်အမျိုးမျိုး ပြုကျင့်ပြီးတဲ့နောက် အင်မတန်မြင့်မြတ်တဲ့ အကျင့်ကိုတည်ခဲ့ရတာ ဘင

ပေါင်းမြောက်မြားစွာ၊ဒီဥာဏ်ရအောင်ဘဲ ဒီဥာဏ်ရပြီဆိုတော့မှ မြတ်စွာဘုရားရဲ့ သာသနာတော်တွင်းမှာ ဒီဥာဏ်တွေ အမြဲပေးတယ်၊ ဖြန့်တယ်။ရှိတယ်။ အဲဒီဥာဏ်ရပြီဆိုတော့မှ ဒီရုပ်နာမ် ကြီးဟာ၀ါမဟုတ်ပါဘူး၊ ဒုက္ခတုံးကြီးဖြစ်တယ်။

ကောင်းပြီ။ မြတ်ဘုရား ဟောမိန့်ခဲ့တဲ့ အတိုင်း ဒီရုပ်နာမ်ကြီးကို ဒုက္ခလို့မြင်လိုက်ပြီ။ မင်းဟာ ဆင်းရဲတဲ့ သဘော၊ ဒီဆင်းရဲဘုံးကြီးကို ရင်ဝယ်ပိုက်နေတော့ ဘယ်လိုလုပ် လွှင့်ပစ်မတုံး၊ဒီနေရာမှာ မပိုင်မဆိုင်တဲ့တရားသဘောကို မိမိက သေသေချာချာ ဥာဏ်နဲ့စဉ်းစားကြည့်၊ ဒီရုပ်နာမ်ကြီးက ဆင်းရဲတယ်ဆိုတော့ ဆင်းရဲတာကြီး လွှင့်ပစ်လို့က မရ၊ ၀ါရုပ်နာမ်က လောကဓံတွေရင် ဆင်းရဲတယ်၊ပူလောင်တယ်၊ လှုပ်ရှားတယ်၊ စိတ်မကြည်သာဘူး။ ဒါကြောင့် ကဲ အခုချမ်းသာစမ်းဆိုလို့ မရဘူး။ ကဲ အခု၀ါမှာ မဂ်တွေဖိုလ်တွေတည်စမ်းဆိုလို့ မရဘူး။ ကဲ ၀ါ အခု ရဟန္တာ ဖြစ်သွားစမ်း။ နိဗ္ဗာန် ရောက်သွားစမ်း ဆိုလို့ မရဘူး။

မြတ်ဘုရားတရားတော်မှာ အကြောင်းနဲ့ အကျိုး ဒွန်တဲ့နေတယ်၊ ဒီရုပ်နာမ်ဒုက္ခကြီးကို ဒုက္ခကြီးမှန်း သိလိုက်တဲ့ဥာဏ်လေးရရင်တော့ တည်မိသွားပြီ၊ အဲဒီဥာဏ်ရရင်တော့ မိမိမပိုင်မဆိုင်လို့ ဒီရုပ်နာမ်ဆင်းရဲကြီးကို ကဲ-မင်းဟာချမ်းသာလို့တော့ လုပ်မရနိုင်ဘူး။ဒါကြောင့် ရတဲ့နည်းကတော့ ဥာဏ်ပညာစခန်းနဲ့ မဗ္ဗေ ိမပဋိပဒါ အလယ်အလတ်လမ်းကိုသွားရမယ်။

သံသရာတည်းဟူသော ဒုက္ခမျိုးစုံ စုပုံနေတဲ့ သောင်ကမ်းမှ ဟိုမှာဘက်မှာ ဖြစ်တဲ့ ချမ်းသာခြင်းမျိုးစုံ စုပုံနေတဲ့ နိဗ္ဗာန်စခန်း ခေမာသောင်သို့ ကူးခတ်တဲ့နေရာမှာ ဇောနဲ့ ဓသာဘနဲ့ကူးတော့လဲ မျှောသွားတယ်တဲ့၊ သံသရာရေယဉ်ကြော်ကြီးက ရေစီးသန်လွန်းလို့တဲ့၊ မကူးဘဲနဲ့ ထိုင်းမှိုင်းပျင်းရိနေတော့လဲ မြုပ်သွားတယ်။

မြုပ်လမ်းနဲ့ မျှောလမ်းရှိတယ်။ ဒါကြောင့် မျှောအောင်လဲ ကူးလို့မဖြစ်ဘူး၊ မြုပ်အောင်လဲမကူးလို့မဖြစ်ဘူး၊ ဒါကြောင့် မဂ္ဂင်ဖောင်ကြီး စီပြီးကူးရမယ်၊ ဖြတ်သန်းရမယ်၊ မဂ္ဂင်ဖောင်ကို ဘယ်လိုစီးမလဲ၊ မဂ္ဂင်ဖောင်မှာ ဉာဏ်ပညာဦးစီးရပါမယ်၊သမာဓိဌိုဆိုဘာ မှန်ကန်တဲ့ ဉာဏ်အမြင်ရှိရတယ်။ ရုပ်နာမ်ကြီးဟာ ဆင်းရဲတတ်ဘဲ့ သဘောရှိတယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဘေးအထပ်ဆပ်က ဦးတည်တယ်။ မကျေနပ်စရာတွေ တွေ့တော့လဲ ဒေါသဖြစ်ရတယ်။ ကျေနပ်စရာတွေ့တွေ့တော့လဲ ပီတိဖြစ်ပြီး နှစ်သက်ပြီး၊ လောဘဖြစ်ပြီး၊ နောက်တခါ ဒါမျိုးတွေ ထပ်ထပ်တွေ့ချင်တဲ့လောဘဖြစ်ပြန်ရော၊အဲဒီလောဘက ဖြစ်ချင်တာ မဖြစ်တော့လဲ ဒေါသဖြစ်ပြန်ရော၊ ဒေါသတွေဖြစ်လိုက်၊ လောဘတွေ့ဖြစ်လိုက်နဲ့၊ ကဲ-ဒေါသလောဘတွေ ဘာမှမဖြစ်ဘူးလို့နေတော့လဲ မောဟဖြစ်ပြီးတဲ့နောက် သစ္စာဉာဏ်မဆိုက်၊ ဝိဇ္ဇာဉာဏ်မရဘူး။ လောဘ၊ ဒေါသ၊ မောဟဟာ မိမိရုပ်နာမ်မှာ စီးနေတဲ့ ဒီဒုက္ခတုံးကြီးကို ဘယ်လိုချေဖျက်မလဲ၊ ချေဖျက်သော နည်းကား အခြားမဟုတ်၊ မိမိ၏ရုပ်နာမ်အား မြတ်ဘုရားဟောကြား

တော်မူခဲ့တဲ့အတိုင်း ဒုက္ခသစ္စာ– ဒုက္ခဆိုတာ ဆင်းရဲခြင်း၊ သစ္စာဆိုတာ အမှန်၊ ဆင်းရဲခြင်းအမှန်ဖြစ်နေတဲ့ ဤရုပ်နာမ် ဒုက္ခကြီးသည် ငါမပိုင်ဘူး၊ ဆင်းရဲတတ်တဲ့ အမျိုးအစား၊နှိပ်စက်တတ်ကဲ့ အမျိုးအစားချည်းဖြစ်တယ်။ ဖောက်ပြန် တတ်တယ်။ ပျက်စီးခြင်း ဘေးအထပ်ထပ်သို့ ဦးတည်နေတယ်။

ဒါကြောင့် မင်းဒုက္ခတုံးရုပ်နာမ်ဟာ ဖြင့် ငါမပိုင်ဘူး၊ မင်းဟာ ဆင်းရဲတယ်။ ဆင်းရဲတဲ့သဘောကြီးဟာ ဘယ်သဘော တုန်းလို့ အသေအချာ ဉာဏ်ပညာနဲ့ ထိုးထွင်းဆင်ခြင်ပြီးသုံးသပ် လိုက်တဲ့အခါမှာ အော်– အနိစ္စ၊ ဒုက္ခ၊ သုတောဝါ၊ သဇ္ဇ သင်္ခါရအနိစ္စ ယတာပညာယ ပဿတိ ခပ်သိမ်း ကုန်သော ဖြစ်ပေါ်လာတဲ့ သင်္ခါရတရား၊ ဖြစ်ပျက်ပြုပြင် စီရင်ထားတဲ့ တရားတို့သည် အနိစ္စ မမြဲ၊ အနိစ္စ ဒုက္ခ၊ သုတောဝါ၊ ခပ်သိမ်း ကုန်သော ဒုက္ခတရားတို့သည် မလွဲမသွေ ပျက်စီးပါ၏။

ဒီနေရာမှာ ထွက်ပေါက်လမ်းစဉ်ပွင့်ပြီ၊ပထမထွက်ပေါက် [illegible]

လေးက ဆင်ခြင်လိုက်တယ်။ ဒီရူပ်နာမ်ဟာ ဆင်းရဲတယ်လို့၊ အဲဒီဆင်းရဲတာဟာ ဘယ်သဘောရှိသေးတုန်းလို့ ဥာဏ်နဲ့စူးစိုက်လိုက်ရင်ဘဲ အော်–မမြဲတဲ့သဘောရှိတယ်။ ရူပ်နာမ်ဒုက္ခဟာ မမြဲတဲ့ သဘောရှိတယ်ဆိုတော့ မမြဲခြင်းလို့ ဆင်ခြင်လိုက်တဲ့ အခါ့ မှာ သက်သာသွားတယ်။ ပျက်နေတဲ့ မမြဲတဲ့ရူပ်နာမ်ကတပိုင်း၊ ဒီရူပ်နာမ်ထဲမှာ နဂိုက ငါထင်လိုက်တဲ့အတွက် ငါနဲ့အတူ ဆင်းရဲခြင်းက ရှေ့ယှက်နေတယ်။ အခုအခါမှာ ရူပ်နာမ်ကို ငါလို့ မယူတဲ့အတွက် ရူပ်နာမ်ကို ရူပ်နာမ်အတိုင်းတိုင်းပစ်ပယ်ထားပြီး၊ ရူပ်နာမ်ဟာ ဆင်းရဲတဲ့အပြင် ဘယ်သဘောလဲလို့ ဆင်ခြင်လိုက်တဲ့အခါ မမြဲဘူးလို့ သုံးသပ်လိုက်တဲ့အတွက် အသိဥာဏ်ကလေးက ဥာဏ်သက်ရောက်လာတယ်။ ဖြစ်ပျက်နေတာလေးက ရူပ်နာမ်ထဲမှာ ကျန်ခဲ့တယ်။

ဒီကော့ ဒုက္ခရယ်၊ ရူပ်နာမ်ရယ်က တခြား၊ သုံးသပ်နေတဲ့ ဥာဏ်ကတခြားဖြစ်လာတယ်။ ဒီဆင်းရဲတတ်တဲ့ ရူပ်နာမ်ဒုက္ခသည် မမြဲဘူးလို့ ဥာဏ်ကသုံးသပ်လိုက်တယ်။ အဲဒီလိုသုံးသပ်လိုက်တဲ့ဥာဏ်က ရူပ်နာမ်ဒုက္ခ ဆင်းရဲထဲမှာ မရှိဘူး၊သူကသီးခြားလေးရှိတယ်။ အဲဒီဥာဏ်ကလေးက မိမိရူပ်နာမ်ကို အော်– မမြဲပါလားလို့ ဆင်ခြင်သုံးသပ်လိုက်သည်နှင့် တပြိုင်နက်ထဲ ရူပ်နာမ်ရဲ့ မမြဲခြင်းသဘောတရားက ဥာဏ်အောက်မှာ ပေါ်လာတယ်။ ဟာ–ဟုတ်သားပါလား၊ရူပ်နာမ်ဆိုတာမမြဲပါလား၊ဒီဒုက္ခတရားဟာ ပျက်စီးပါလား၊ ဒီဒုက္ခတရားဟာ ထာဝရ တည်မြဲနေတာ မဟုတ်ပါလား၊ ဒီရူပ်နာမ်ကြီးဟာ ဖြစ်ပေါ်လာပြီးနောက် ပျက်

စီးသွားတဲ့ အနိစ္စလက္ခဏာ သဘောပါလားလို့ ဆင်ခြင်လိုက်တယ်။

အဲဒီအခါမှာ အနိစ္စ ဉာဏ်ရလာတယ်။ ဒီလိုရတဲ့ အခါမှာ ဒီထက်ပိုမိုနက်ရှိုင်းတဲ့ဉာဏ်လေးနဲ့ ဆင်ခြင်လိုက်သည် ရှိသော် အနိစ္စ၊ ဒုက္ခ၊ သုတောဝ၊ ပရမ ဒုက္ခ အနတ္တ ထပ်မံ ဆင်ခြင်လိုက်သည် ရှိသော် ထိုဒုက္ခတရားသည် ပျက်စီးသွားရခြင်းမှာ မိမိမပိုင်လို့ ဆိုပြီး မပိုင်တဲ့ အနတ္တဉာဏ်လေး ဝင်လိုက်၊ အနတ္တဉာဏ် ဦးစီးတဲ့အခါမှာ ရုပ်နာမ်ရဲ့ ဆင်းရဲခြင်းက အနိစ္စဖြစ်သွားတယ်။ အနိစ္စလို့ မြင်လိုက်တာက ဉာဏ်ဖြစ်လာတယ်။ ဒီဉာဏ်ထည်းမှာ အော်-ရုပ်နာမ်သည် မပိုင်ပါလားဆိုပြီး အနတ္တသဘောလေးနဲ့ ဦးစီးလိုက်တဲ့အတွက် ရုပ်နာမ်ကို စွဲကပ်ငြိတွယ်နေတဲ့ ဒိဋ္ဌိတွေ တဏှာတွေ မာနတွေဆိုတဲ့ ပပဉ္စ တရားတွေနဲ့ ငါတွေ ပြုတ်ပြီးတဲ့နောက် အနတ္တဉာဏ်သဘောလေး ကင်းသွားတယ်။

ဒီအခါမှာ ရုပ်နာမ်ကို ငါလို့ဖက်တွယ်နေတဲ့ ဒုက္ခကြီးကို မိမိရင်ဝယ် သိမ်းပိုက်နေတဲ့ သဘောတွေက လွှတ်ချလိုက်တဲ့အတွက် ရုပ်နာမ်ကလဲ သက်သာရာရသွားတယ်၊ အနတ္တဉာဏ်လေးကလဲ ပွင့်လာတယ်။ ဤကဲ့သို့ မိမိရုပ်နာမ် အပေါ်မှာ ဒုက္ခတရား ဖြစ်၏။ ဤဒုက္ခတရားသည် မလွဲမသွေ ပျက်စီး၏။ အဘယ်ကြောင့်ဆိုသော် ဤဒုက္ခတရားကို ထပ်မံ၍ ဆင်ခြင်လိုက်သည်ရှိသော်၊ မိမိမပိုင်မဆိုင်၍ဖြစ်ကြောင်းနှင့် ဒုက္ခ၏ အပျက်ကို မြင်တော့၊ ရှေးကဖြစ်ပျက်၊ နောက်ကမင်္ဂ ဒုက္ခရဲ့ အပျက်

ကို မြင်လိုက်ဘဲ့အခါမှာ ပျက်သူ့းတာ ဘာကြောင့်လဲ၊ မပိုင်
လို့ ပျက်တာဘဲ ဆိုပြီးတော့ ရုပ်နာမ်ကို ခွဲလိုက်တဲ့ဉာဏ်သည်
အနတ္တသဘောဆိုက်ပြီးတဲ့နောက် ဒီအနဲတ္တဉာဏ် ရင့်သန်လာ
တဲ့အခါမှာ ရုပ်နာမ်ကြီးကို ဖြစ်ချင်ရာ ဖြစ်တော့၊ ရုပ်နာမ်ကြီး

နဲ့ ဒီ ၃၁—ဘုံကြီးကို စွန့်ခွါနိုင်တဲ့ စွမ်းရည်တွေရလာမယ်။ ဒီလိုစွန့်ခွာနိုင်တဲ့ နောက်ပိုင်းမှာ တဏှာနိုရောဒေါ နိုဗ္ဗာန်တဲ့ တဏှာတွေ ချုပ်ငြိမ်းမှုဖြင့် နိုဗ္ဗာန်ဘဲဆိုတာ ဥာဏ်နဲ့ ထိုးထွင်းပြီး ကိုယ်တိုင်သိ၊ ကိုယ်တိုင်ခံစား၊ ကိုယ်တိုင် မျက်မှောက် ပြုရမှာ အသေအချာဘဲ ဖြစ်ပေတယ်။

ဒါဟာ သူတော်စင်ပြီးပြည့်စုံသူတွေ ရရှိအပ်တဲ့ချမ်းသာ စစ် ချမ်းသာမှန် သန့်ရှင်းသုခ သဘောပါဘဲ။

ကဲ—ဒီတွင်ဒီနေ့နှားကြစို့။

ငြိမ်းချမ်းမှု နှင့် သစ္စာလေးပါးတရားတော်အတွက်

ကောက်ချက်မျှား

ဤတရားတော်၌ မြတ်စ္နာဘုရား သခင်ကိုယ်တော် မြတ်ကြီး၏ဂုဏ်တော်ကိုးပါးကို ကော်ရော် ပူဇော်ထားပါသည်။ မြန်မာစကားပြေ ရိုးရိုးဖြင့် သိသာ လွယ်ရန် အနက်ဖွင့်၍ထားပါသည်။

ဒုက္ခသုံးမျိုးကို ဟောရာ၌ နိဗ္ဗာန်သို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုနေခြင်း မဟုတ်။ ထိုးထွင်းဆင်ခြင်နေခြင်း မဟုတ်ပါက ရုပ်နာမ်ဖြစ်ရပ် ဟူသမျှသည် ဒုက္ခချည့်သာ ဟု ဆိုလိုထားခြင်းဖြစ်၍ မည်မျှချမ်းသာကြယ်ဝသူ မီလျှံ နာဘီလျှံ နာ ဖြစ်စေ နိဗ္ဗာန်မျက်မှောက်ပြုဘူးခြင်း မရှိက ချမ်းသာစစ်ကို မသိရှိသေး။ နားမလည်သေး။ အတွေ့အကြုံ မခံစားဘူးသေးသောကြောင့် အဆိုပါ မျက်မှောက်ပြုခြင်း ချမ်းသာနှင့် စာရေသာ် ကျန်ရှပ်နာမ်ဆိုင်ရာ ပီတိချမ်းသာမှုတို့သည် ဒုက္ခ အ သေး စား နှင့် အ ကြမ်း စား မျှား

သာ ဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်လျက် ဗုဒ္ဓဘာသာတို့ ရည်မှန်းချက် ပန်းတိုင်၏ မြင့်မြတ်မှုကို သဘောပေါက် နားလည် တန်ဘိုးထားတတ်လာနိုင်ပါမည်။

ဝိပဿနာတရား လက်တွေ့ကျင့်စဉ်လုပ်ငန်းခွင်၌ ဆရာမြတ် ဦးရေဝတ ပြသဟော၊မိန့်သွားတော်မူခဲ့သည့်အတိုင်း ဒုက္ခအနိစ္စ အနတ္တလမ်းစဉ်ဖြင့် မကြာမကြာ ဟောလေ့ရှိရာ ဤတရားတော်၌လည်း ဤအစဉ်ဖြင့်သာ ခန္ဓာအပေါ် ဉာဏ်စိုက်စေရန် ရည်သန်ဟောကြားထားပါကြောင်း။

လက်တွေ့ဝိပဿနာ ရှုသတ်ရာဝယ်။ အကြောင်းသတ်လျှင် အကျိုးသေ၏။ အကျိုးကို မလိုချင်ခြင်းသည် အကြောင်းသတ်ခြင်းဖြစ်၏။ အကြောင်းသမုဒုယသတ်လျှင် အကျိုးဒုက္ခ

အခြားတနည်းမှာလည်း ဒုက္ခကို ဒုက္ခဟု သိနေချိန်၌ ဒုက္ခကို ဆင်းရဲလို မလိုချင်တော့သဖြင့် မလိုချင်ခြင်းသည် လိုချင်မှုကို ပယ်စွန့်ရာရောက်သွားခဲ့သဖြင့် သမုဒယပယ်သူသည်၊ ဒုက္ခကိုသေစေသူ၊ သုခကို ဖြစ်စေသူ၊ ရစေသူ ခံစား စံစားရ အောင် ကျင့်ဆောင်သူပင် ဖြစ်ကြောင်း သဘောပေါက်စေ ပါလိမ့်မည်။

ချမ်းသာစေ တွေ့ပါစေဟူ၍

(နန္ဒဝံသ)

ငြိမ်းချမ်းမှုနှင့်သစ္စာလေးပါး

[၁၃၃၀-ခုနှစ်၊ နတ်တော်လဆန်း (၁) ရက် (၂၂-၁၁-၂၆) တနင်္ဂနွေနေ့တွင်၊ ရန်ကုန်မြို့ရှေဘိဂုံ ဘုရား တောင်ဘက်အင်းလေးဓမ္မာရုံ၌ သန္တိသုခဆရာတော် ဦးနန္ဒဝံသ ဟောကြားတော်မူသော "ငြိမ်းချမ်းမှုနှင့် သစ္စာတရားတော်ဟောစဉ်"]

ကဲ-ဒီနေ့ မြတ်စွာဘုရား သခင်ရဲ့ သစ္စာလေးပါး တရားတော်မြတ် အကြောင်းကို ဟောပါ့မယ်၊ မြတ်စွာဘုရားရဲ့ သစ္စာလေးပါး အကြောင်းကို မဟောခင် ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ် သုံးပါးရဲ့ ဂုဏ်ကျေးဇူးကို ပူဇော်ကဲ့သဘော၊ အာရုံလေးတွေပြုကြရတာပေါ့။

မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းပါရမီဆည်းပူးပြီး၊ လူနတ်ဗြဟ္မာ သတ္တဝါတွေကို မိမိ၏ရင်ဝယ်သားလို ပဟာကရုဏာတော် ထားကဲ့အတွက် အပင်ပန်း အဆင်းရဲခံပြီးတော့ သဗ္ဗညုတ ဉာဏ်ကြီးကို ရအောင် ကြိုးစားကျင့်ကြံအားထုတ် အောင်မြင်တော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် ဖြစ်ပါတယ်။

ဂုဏ်တော်ကိုးပါးအနေနဲ့ ပူဇော်ရရင်တော့။

(၁)အရဟံ ဆိုတာ လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တယ်။ လူတွေ နတ်တွေ ဗြဟ္မာတွေရဲ့ ပူဇော်အထူးကို ခံထိုက်တယ်ဆိုတာ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက မြတ်စွာဘုရား ပွင့်တော်မူပြီလို့ သတင်းကြားရရင်ဘဲ၊ ကြားရာနေရာက မြတ်စွာဘုရားရှိရာဆီကို ဒူးတုပ်ပြီး လာလိုက်တာ မြတ်စွာဘုရားနှားရောက်တော့ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးမှာဒူးတွေ၊ ခြေသလုံးတွေမှာသွေးစိမ်းရှင်ရှင်ထွက်တယ်။ အင်မတန်ကြည်ညိုတော်မူတယ်၊မြတ်စွာဘုရားသခင်က သဗ္ဗညုတ ရှေဥာဏ်တော်ရှင်ကြီးမို့သာ ဒီလို ပူဇော်တဲ့သဘောကို ခံနိုင်တော်မူတယ်၊ သဗ္ဗညုတ ရှေဥာဏ်မဟုတ်ဘဲနဲ့ မဟာပထဝီ မြေကြီးသာဖြစ်ရင် ဟက်တက်ကွဲသွား နိုင်တယ်။ သဘောကတော့ မြတ်စွာဘုရားသခင်ရဲ့ လေးသင်္ချေနဲ့ကမ္ဘာတသိန်း ပါရမီဖြည့်ဆည်းခဲ့တဲ့ အရှိန်အဟုန်ကြောင့်သာ ဒီလို လူနတ်ဗြဟ္မာတွေရဲ့ ပူဇော်ခြင်းမျိုးစုံကို ခံယူတော်မူထိုက်ပါတယ်။ ပူဇော်ခြင်းဌါထိုက်တယ်။ ၁၅၀၀ ဂ်လေသာ ကာမဂုဏ်ကို အကြွင်းမဲ့ပယ်ဖြတ် နိုင်တော်မူတယ်၊ ကိုလေသာ ကာမဂုဏ်ကို မြ||မှုန်မှုမရှိအောင် အကြွင်းမဲ့ပယ်ဖြတ်နိုင်စွမ်းတဲ့ ဉာဏ်တော်ရဲ့ ပိုင်ရှင်ကြီးဖြစ်ပါတယ်။ မကောင်းမှု ဒုစရိုက်ကို ဆိတ်ကွယ်ရာ၌လည်း၊ မပြုမလုပ်တော်မူဘူးတဲ့၊ မကောင်းမှု ဒုစရိုက်ကို မကောင်းမှုမှန်သလို၊ မကောင်းမှုကို မလိုလားအပ်လို့ ပယ်လိုက်စွန့်လိုက်တာဟာ ဆိတ်ကွယ်ရာမှာလဲ ဒီမကောင်းရဲ့ကို မလုပ်တော့ပါဘူး၊ ဒါ အရဟံဂုဏ်တော်။

(၂) သမ္ဘာသမ္ဘုဒ္ဓေါ။ ။ဆိုတာ အလုံးစုံသောတရား အပေါင်းတို့ကို ဆရာပဉ္စာ မိမိ၏သယံဘူ့ရှေ့ဉာဏ်တော်နှင့် ထိုးထွင်းဆင်ခြင်ဉာဏ်သက်ဝင်ပြီး၊ သိမြင်နားလည်ဟော်မူတဲ့ ဂုဏ်တော်ပါတဲ့။

(၃) ဝိဇ္ဇာစရဏသမ္ပန္နော။ ။ဝိဇ္ဇာသုံးပါး၊ အဝိဇ္ဇာရှစ်ပါး၊ စရဏ ၁၅-ပါးနဲ့ ပြည့်စုံတဲ့ပြင်၊ အကျင့်နှင့်တကွ၊ အသိပါပြီးပြည့်စုံတော်မူဟယ်၊ ဟုတ်တာမှန်တာ အကျိုးရှိရာကိုသိပြီးဆိုရင် သိသည်နှင့် တပြိုင်နက် ချက်ချင်းအကောင်အထည်ဖော်ပြီး ကျင့်သုံးဆောက်တည်ပါတယ်။ ဥပမာအားဖြင့် သိဒတ္တမင်းသားဘဝမှာ နိမိတ်ကြီး ၄-ပါးကို မြင်ပြီးတဲ့အခါ၊ ညကြီးအချိန်မှာဘဲ၊ ဆန္ဒအမတ်ခေါ်ပြီး ကန္ဒီကမြင်းနဲ့ တောထွက်တော်မူတယ်၊ ဒါ မြတ်သောအကျင့်အကြောင်းသိရင်၊ သင်ပြီးပြီးခြင်း အကောင်အထည်ဖော်လိုက်တဲ့ သဘောပါ၊ ဒါကြောင့် ဝိဇ္ဇာစရဏသမ္ပန္နဆိုတာ ကောင်းတယ်၊ မြတ်တယ်၊ အကျိုးရှိတယ်ဆိုတာသိရင် မကျင့်ဘဲမနေဘူး၊တခါတည်း အသိနဲ့အကျင့်တဲ့ပါသွားတယ်၊ ပြီးပြည့်စုံတယ်။

(၄) သုဂတော။ ။ဆိုတာ မြတ်စွာဘုရားတို့မည်သည် ကောင်းသောစကားကို ဆိုမိန့်တယ်၊ ကောင်းသောဘုရားအဖြစ်သို့ရောက်တော်မူတယ်၊ ဘုရားအဖြစ်သို့ ရောက်ခြင်းလောက် ကောင်းတာတော့ ဒီလောက ဒီစကြာဝဠာမှာ မရှိတော့ဘူးပေါ့၊ ကောင်းသောဘုရားဖြစ်အောင် ကြိုးစားအားထုတ်တော်

မှုနှိုင်ခဲ့တယ်။ ကောင်းသောနိဗ္ဗာန်ကို စံမြန်းတယ်။ နိဗ္ဗာန်ဆိုတာကတော့ ကိလေသာအပူမီးတွေရဲ့ လောင်မြိုက်ခြင်းမခံရတော့ဘူး၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းတယ်၊ ကိလေသာဝဋ်၊ကမ္မဝဋ်ဝိပါဝဋ်ဝဋ် ဆိုတဲ့ ဝဋ်ဆင်းတွေကျွတ်သွားတယ်။ အဲသလို အလွန်ကောင်းမြတ်တဲ့ နိဗ္ဗာန်ကို စံမြန်းနိုင်လို့ သုဂတော သုဂတ ဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

(၅) **လောကဝိဒူ။** ။ဆိုတာ သတ္တလောက၊ သင်္ခါရလောက၊ သြကာသလောက ဆိုတဲ့လောကသုံးပါအကြောင်းကို အကြွင်းမဲ့သိတော်မူတယ်။

(၆)**အနုတ္တရောပုရိသဒမ္မသာရထိ။** ။မယဉ်ကျေးသေးတဲ့ သတ္တဝါတွေ ဒီယဉ်ကျေးနိုင်စွမ်း အလားလာရှိတဲ့ သတ္တဝါတွေကို ယဉ်ကျေးအောင် ဆုံးမတဲ့နေရာမှာ အတူမရှိပ ဘူး။ ဒီနေရာမှာ ယဉ်ကျေးနိုင်စွမ်း အလားမရှိတဲ့ သတ္တဝါတွေ အတွက် မြတ်စွာဘုရားဟာ အတူမရှိဆုံးမပါတယ်။ ယဉ်ကျေးနိုင်စွမ်းမရှိတဲ့ ပုဂ္ဂိုလ်တွေ အတွက်ကတော့၊ မဟာကရုဏာတော်ရှင် မြတ်စွာဘုရားသည်ပင်လျှင် လစ်လျှူရှုပါတယ်၊ ဒေဝဒတ်မြေမျိုတော့လစ်လျှူရှုရတယ်၊ ယဉ်ကျေးနိုင်စွမ်းမရှိတော့ဘူး၊ဒါကြောင့် မိမိတို့ကိုယ်ကို ယဉ်ကျေးနိုင်စွမ်းရှိတဲ့ သူဖြစ်အောင်ပြင်ဆင်ရတာဟာ ဘုရားလက်ထက်တော်ကတည်းကပါဘဲ၊ဝိဒူဠဘုရင်သားက သာကီဝင်မျိုးကိုသတ်မည့်အခါမှာ မြတ်စွာဘုရားက နောက်ဆုံးဆိတ်ဆိတ်နေလိုက်ရတာဘဲ။ဒါဟာယဉ်ကျေးအပ်တဲ့ သတ္တဝါ

တေ့အတွက်တော့ ဆုံးမတော်မူတယ်၊ မိမိက မိမိရုပ်နာမ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးနဲ့ဆင်ခြင်ခြင်း အမှုပြုဘို့ ပြင်ဆင်ခြင်းမပြုရင် သစ္စာလေးပါးကို ထိုးထွင်းသိက်ဝင် ဉာဏ်ယှဉ်ဘို့အတွက် ကြိုးစားအားထုတ်ချင်တဲ့ ဆန္ဒမရှိရင် ယဉ်ကျေးအပ်တဲ့ ရုပ်နာမ်မဖြစ်ရင် အလွန်နှစ်နာစရာကောင်းပါတယ်။

(၇) **သတ္တဝေါဒေ**မနုဿာနံ ဆိုတာလူ နတ် ဗြဟ္မာ သတ္တဝါ တို့ရဲ့ ဆရာသခင် ကျေးဇူးရှင်အစစ်ဖြစ်ပါတယ်။ ရုပ်နာမ်ရှိတဲ့ သတ္တဝါတွေအတွက် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ ထာဝရဘဲ ဆရာသခင်ကျေးဇူးရှင် ဖြစ်လျက်ပါ၊ မြတ်စွာ ဘုရားရဲ့ သာသနာတော်ဘဲဖြစ်ပါတယ်။

(၈) ဗုဒ္ဓေ။ ။ဆိုတာကတော့ မိမိသိတဲ့ တရားအပေါင်းကို တပါးသူအား သိစေနိုင်စွမ်းပါတယ်၊ သစ္စာတရားဆိုတာ အလွန် ခက်ခဲ နက်နဲပါတယ်၊ နှုးညံ့ သိမ်မွေ့ပါတယ်၊ ပစ္စေက ဗုဒ္ဓါအရှင်တွေဟာ မိမိကိုယ်တိုင် သစ္စာတရားသိပေတဲ့ တပါးသူအား ဒီသစ္စာတရားသိအောင် မဟောပြ နိုင်ပါဘူး။အလွန် နှုးညံ့သိမ်မွေ့လွန်းလို့ပါ၊ သဗ္ဗညုတ ရှေ့ဘုဝက်တော်ရှင်မျှားသာ မိမိသိတဲ့ တရားကို တပါးသူအား သိစေနိုင်စွမ်းပါတယ်။

(၉) ဘဂဝါ။ ။ဆိုတာဂုဏ်သရိယ၊ ဓမ္မ၊ ယသ၊ သိရီ ကာမ၊ ပယတ္တ ဆိုတဲ့ ဘုန်းတော် ခြောက်ပါးနဲ့ ပြည့်စုံတော်မူ

ဘယ်၊ ဒီဘော့ အလွန်ကြည်ညိုစရာကောင်းတဲ့ သဗ္ဗညုတ ရှေ့ဥာဏ်တော်ရှင် ဘုရားသခင်ကို ဦးဇင်းတို့ ဦးထိပ်ထက်မှာ ထားရပေလိမ့်မယ်။

မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့တဲ့ တရားတော်မြတ်ကိုလဲ အမြတ်တနိုး ဦးထိပ်မှာ ပန်ဆင်ထိုက်တယ်။ ဘာကြောင့်လဲဆိုတော့ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ မီးတွေနဲ့ ကျင်လည်နေရတဲ့ အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန်ဖြစ်တဲ့ရုပ်နာမ်တွေကို ငြိမ်းအေးသော ချမ်းမြေ့သောထာဝရဒုက္ခမှလွတ်သော နိဗ္ဗာန်နန်းသို့ ပို့ဆောင်ပေးနိုင်တဲ့ စွမ်းရည်ရှိတာက ဒီမဂ္ဂင်ဖောင်ကြီးအမည်ရှိတဲ့ မြတ်စွာဘုရားသခင်ရဲ့ တရားတော်မြတ်ပါဘဲ၊ ဒါကြောင့် တရားတော်မြတ်ဟာ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ ယုံကြည်အပ်တယ်၊ လဲလျောင်းထိုက်တယ်၊ မှီခိုထိုက်တယ်၊ကျင့်ထိုက်ကြံထိုက် အားထုတ်ထိုက်တဲ့ မြင့်မြတ်ခြင်းနဲ့ယှဉ်တဲ့တရားတော်မြတ်ဖြစ်လို့ဒီတရားတော်မြတ်ရဲ့ဂုဏ်ရည်တွေကိုဦးထိပ်မှာပန်ဆင်ထိုက်တယ်။သံဃာဘော်ဆိုတာကမြတ်စွာဘုရားရဲ့အဆိုအဆုံးမတွေကို ခံယူပြီးနောက် မိမိရဲ့ဘဝကိုမြတ်စွာဘုရား သာဓုခေါ်နိုင်မည့် ကျင့်စဉ်မျိုးကို ကျင့်ဘို့အတွက် (တနည်း) မိမိရဲ့ အဇ္ဈတ္တဘဝင်မှာ ကိန်းအောင်းနေတဲ့ အဝိဇ္ဇာတွေ၊ တဏှာတွေ မလိုလားအပ်တဲ့ ကိလေသာတွေကို တလွှာစီ တလွှာစီ တိုက်ချွတ်ဖို့အတွက် မိမိကိုယ်ကို ပြင်ဆင်ပြီး တိုက်တတ်ခြင်းအမှုပြုနေတဲ့ တိုက်တတ်လို့ အောင်မြင်သင့်သလောက်လဲ အောင်မြင်နေကြတဲ့ ရဟန္တာ

မှုအစ အရိယာ သံဃာတော်မြတ်တွေကိုလဲ အလွန်ပင် ကြည်ညိုအားကိုး ထိုက်ပါတယ်။

ဒီလို ရတနာမြတ်သုံးပါးရဲ့ ဂုဏ်တော်ကို ပူဇော်ပြီးတဲ့နောက် မြတ်စွာဘုရားသခင်ရဲ့ သစ္စာလေးပါး တရားကို ဟောပါမယ်၊

သစ္စာဆိုတာကတော့ အမှန်ပါ၊ သစ္စာလေးပါးမှာ ဒုက္ခသစ္စာ၊သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို့ရှိပါတယ်။ဒုက္ခသစ္စာဆိုတာ ဒုက္ခဆိုတာ ဆင်းရဲခြင်း သစ္စာဆိုတာက အမှန်၊ ရုပ်နာမ်ဟာ ဆင်းရဲခြင်း အမှန် ဖြစ်ပါတယ်၊ ရုပ်နာမ်တည်းဟူသော ဆင်းရဲခြင်းသဘောကို ဆင်းရဲခြင်းမှန်းအမှန်သိပါမှ ဒီဆင်းရဲခြင်းမှ လွတ်မြောက်ရာ လမ်းစဉ်ကိုလဲ ကျင့်လို့ပါလိမ့်မယ်၊ ဒီ ဆင်းရဲခြင်းမှ လွတ်မြောက်တဲ့ နိဗ္ဗာန်ကိုလဲမျက် မှောက်ပြုလို့ပါလိမ့်မယ်၊ ဒါကြောင့် သစ္စာ၄ပါးမှ ဒုက္ခသစ္စာကို မိမိကိုယ်တိုင်ပိုင်းခြားဉာဏ်သက်ဝင် ဆင်ခြင်နိုင်ဘို့ အရေးကြီ·ပါတယ်။ ဒုက္ခဆိုတော့ ၊ ဒုက္ခကလဲ အမျိုးမျိုးရှိပါတယ်။(၁)ဒုက္ခဒုက္ခ၊ (၂)ဝိပရိနာမဒုက္ခ (၃) သင်္ခါရ ဒုက္ခလို့ ရှိပါတယ်၊မိမိစိတ်တိုင်းကျမဖြစ်တဲ့ ဒုက္ခကအကြမ်းစားဒုက္ခပါ၊ သာမညဒုက္ခ။ သာမန်လူတွေ သိနိုင်တဲ့ ဒုက္ခပါ။ မိမိမှာ ဝိဇ္ဇာဉာဏ်မရှိလို့ သစ္စာတရားကို ထိုးထွင်း ဆင်ခြင်ဉာဏ် မသက်ဝင်နိုင်လို့ ရုပ်နာမ်နဲ့ တဏှာရဲ့အချေ့၊ အဝိဇ္ဇာရဲ့ မသိတရား ဖုံးလွှမ်းမှုကို ခံပြီးတဲ့နောက် သံသရာ ဝဲသြဃတည်းမှာ အငိုက်မိတဲ့ ပုဂ္ဂိုလ်အဖြစ်နဲ့

တဏှာက ချောလိုက်လို့ ပီတိဖြစ်ပြီး သာယာတဲ့သဘောတွေ ကြောင့် ဒုက္ခကိုမျက်ကွယ်ပြုနေတဲ့ တဏှာရဲ့ကျွန်ဖြစ်နေရတာ လဲ တကယ်တော့ ဒုက္ခပါဘဲဆိုတဲ့အချက်ကို မြတ်စွာဘုရားရဲ့ သစ္စာဘရား နာကြားကျင့်ကြံ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေအဖို့ သိဘို့လိုပါတယ်။

ဒါကြောင့် ရှေးဦးစွာ သစ္စာလေးပါးမှာ ဒုက္ခသစ္စာကို တိတိကျကျသိဘို့ အရေးကြီးပြီ။ ဒုက္ခသစ္စာ ရုပ်နာမ်ဆိုတာ ဆင်းရဲခြင်းအမှန်ပါ။ လက္ခဏာရေးသုံးပါးမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့ စာဆိုရှိပါတယ်။ လက်တွေ့ကျင့်ကြံ အားထုတ်တဲ့အခါမှာ တော့ ဒုက္ခ၊ အနိစ္စ၊ အနတ္တ လမ်းစဉ်နဲ့ သွားလို့လဲရပါတယ်။

ယခု သစ္စာတရားကို ထိုးထွင်းသက်ဝင် ဉာဏ်ရှင်နိုင်ဘို့ အတွက် အနိစ္စလက္ခဏာ တင်တဲ့နေ့ရာမှာ အနိစ္စဒုက္ခအနတ္တကို မယူဘဲနဲ့၊ ဒုက္ခကစပြီး အခြေခံယူပြီး ဟောပါမယ်။ ဒုက္ခဆိုတာ၊ ရုပ်နာမ်ရရှိထားသော ပုဂ္ဂိုလ် (သို့မဟုတ်) ဒီရုပ်နာမ်၌ မလိုလားအပ်သော ကိလေသာတဏှာ ပဟဋ္ဌာန်းတရားတွေ ကိန်း အောင်နေသေးတဲ့ ရုပ်နာမ်ဟာ တကယ်တော့ ဒုက္ခသစ္စာ တုံးကြီးပါဘဲ၊ ဤဒုက္ခသစ္စာတုံးကြီးကို၊ ဘယ်လိုဒုက္ခတရားတွေ စင်ကြယ်အောင် ဆေးကြောမလဲဆိုရင်၊ အနိစ္စလက္ခဏာနဲ့ ဆေး ကြောနိုင်ပါတယ်။ ဤဒုက္ခတုံးကြီးသည် ဘယ်သဘောဆောင် သလဲဆိုတော့၊ "အနိစ္စ ဒုက္ခ သုတောဝါ'တဲ့။ ရုပ်နာမ်သည် ဒုက္ခဖြစ်ပေတဲ့၊ ဒီဒုက္ခသည် မလွဲမသွေပျက်စီးပါတယ်။ အဲဒီတော့၊ ဒုက္ခဘရားကို ဉာဏ်သက်ဝင်ရမယ်။ ဘယ်လိုဉာဏ်သက်ဝင်မလဲ၊

မြတ်စွာဘုရား ဟောကြားတော်မူလို့ ကိုလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပာဂဝဋ်တွေ ခံနေရတဲ့ဝဋ်ကောင်၊ ဝဋ်တုံးကြီး၊ ရူပ်နာမ်ကြီးကို ဒုက္ခလို့ဘေဒ ယုံကြည်သက်ဝင်ပြီ၊ (သက်ဝင်ရပေလိမ့်မယ်)

သဗ္ဗေသခံ်ါရဒုက္ခ၊ ခပ်သိမ်းကုန်သော ပြုပြင်စီရင်ရတဲ့တရားတွေဟာ ဒုက္ခဘဲလို့ မြတ်စွာဘုရား အတိအကျဟောတော်မူခဲ့တယ်။ ဒီတော့ ဒီရူပ်နာမ်ကြီးဟာ ဒုက္ခဖြစ်နေတော့ သဒ္ဓါတရတိ သြဃံ၊ ရူပ်နာမ်ကို ဒုက္ခအဖြစ်နဲ့၊ နံပါတ်ကုန်မမြင်သေးလဲ လူနတ်ဗြဟ္မာ သတ္တဝါတွေကို မဟာကရုဏာတော်တားပြီး ရှင်ဝယ်သားလို ချစ်မြတ်နိုးတော်မူတဲ့ မြတ်စွာဘုရားသခင်က ဟောတော်မူခဲ့ပြီးပြီ။

ဒီရူပ်နာမ်ဟာ ဒုက္ခလို့။ဒါကြောင့် မိမိရူပ်နာမ်ကို ဒုက္ခလို့သာ သက်ဝင်ယုံကြည် ထားလိုက်ပါ၊ "သဒ္ဓါတရတိ သြဃံ" ဆိုတာ၊ ဤကဲ့သို့ သဒ္ဓါတရားဖြင့်လည်း သံသရာဝဲသြဃကြီးမှ လွတ်မြောက်အောင် ကူးခတ်နိုင်ပါတယ်။ အဲဒါ့ကြောင့် ရူပ်နာမ်ကို ဒုက္ခလို့ အခြေခံအားဖြင့် သိနားလည်ပြီ၊ အဲဒီတော့ ဒုက္ခကြီးက ဘယ်လိုလွတ်အောင် ရုန်းမလဲဆိုရင်၊ ဒုက္ခသည်၊ ဒုက္ခဖြစ်ကြောင်း ပိုင်းပိုင်းခြားခြား ဉာဏ်သက်ဝင်လိုက်တဲ့ အခါမှာ ဒီဒုက္ခကို တွယ်တာကပ်ငြိတဲ့ **သမုဒယ**က ပယ်သတ်ပြီးသား ဖြစ်သွားပါတယ်။

ထပ်ပြီးရှင်းပါဦးမယ်၊ ရုပ်နာမ်ရတဲ့ဒုက္ခ၊ ဒီဒုက္ခကိုဒုက္ခ မှန်းမသိအောင် အဝိဇ္ဇာက ဖုံးနေပါတယ်၊ အဝိဇ္ဇာဆိုတာ မသိခြင်းပါ။ အမှားကို အမှားမှန်မသိခြင်း။ အမှန်ကို အမှန်မှန်း မသိ၊ အမှားကုအမှန်ထင် အမှန်ကို အမှားထင်သမျှ အဝိဇ္ဇာ ချည်းပါဘဲ။ ဒီအဝိဇ္ဇာကဖုံးလွှမ်းနေတော့ ရုပ်နာမ်ဒုက္ခကို ဒုက္ခ မှန်းမသိတော့ဘူး၊ မသိတဲ့အချိန်မှာ ဒီရုပ်နာမ်ကြီးအပေါ်မှာ ငဲ့ဘယ်ခင်တယ်ဆိုတဲ့ သမုဒယသဘော ဝင်လိုက်တယ်။ သမုဒယ အကြောင်းခံရင် ဒုက္ခအကျိုးဖြစ်ပါတယ်။ မြတ်စွာဘုရားသခင်ရဲ့ အရိယာဉာဏ်မျက်လုံးနဲ့ ကြည့်စေတဲ့အခါမှာ ရုပ်နာမ်အကျိုး တရားရစေဘို့ သမုဒယအကြောင်း ခံခဲ့တယ်။

သမုဒယအကြောင်းခံရင် ဒုက္ခရုပ်နာမ် အကျိုးရစေမှာ ဘဲ။ ဒါ အကြောင်းနဲ့အကျိုး ဆက်နွယ်နေခြင်း ဖြစ်တယ်။ ဒီတော့ အဝိဇ္ဇာဉာဏ်မျက်လုံးနဲ့ ကြိုတင်ကြည့်လိုက်တဲ့အခါမှာ၊ ဒုက္ခဖြစ်စရာ သမုဒယအကြောင်းခံရင်၊ ဒုက္ခထပ်ဖြစ်မှာမို့၊ ဒုက္ခကို ဒုက္ခမှန်.သိပြီး ပလိုချင်ရင် သမုဒယကို ပယ်သတ်ရမယ်။ သမုဒယ ပယ်သတ်မှ ဒုက္ခကသေမယ်၊ အကြောင်းအကျိုး မြေ့မြင်တဲ့ သဘောပါ။

ကောင်.ပြီ၊ သမုဒယကို ဘယ်လိုနည်းနဲ့ ပယ်သတ်မလဲ။ ရုပ်နာမ်ကို တက္ကယ်ဒုက္ခလို့ ဉာဏ်နဲ့ဆင်ခြင် ပုံးများအားထုတ် ပြီးတော့၊ အောင်. ဒီရုပ်နာမ်ကြီးဟာ ဒုက္ခတုံးပါလားလို့ သုံးသပ်

နှိုင်တဲ့အချိန်မှာ ရုပ်နာမ်အပေါ်မှာ ခဲ့ချင်၊ ခင်ချင်တဲ့ **သမုဒယ** **သေသွားပါတယ်။** သမုဒယကို သေသေသာ ဣဆင်ခြင်ဉာဏ်သည် အကြောင်းခံ သမုဒယကို သတ်လိုက်ကော၊ ဒုက

ဖြစ်ပါဘယ်၊ ဘဝင်ဆိုတာ၊ မနောပေါက်တည်ရာ ဓမ္မသင်းချိုင်းပါ။ ရုပ်နာမ်ရှိတဲ့ ပုဂ္ဂိုလ်တွေမှာ အာရုံခြောက်ပါးစက္ခု၊သောတ ဃာန၊ ဇိဝှါ၊ ကာယ၊ မနဆိုပြီးရှိတယ်။ မြတ်စွာဘုရားရဲ့ တရားတော်ကို ကျင့်ကြံအားထုတ်မယ်ဆိုရင်၊ လိုရင်းကတော့ အဋ္ဌတ္တရုပ်နာမ်တို့ ဖြစ်ပျက်ရာ၊ ဘဝင်မနောပေါက်၊ ဟဒယကလိုရင်းပါ၊ ပေါင်ခြိုလရဟန်းကြီးကို ဟောတဲ့တရားအတိုင်း မိမိတို့ရဲ့ အာရုံငါးပါး တံခါးငါးပေါက်ကို ခေတ္တလစ်လျှူရှုပြီးတဲ့နောက် အဋ္ဌတ္တဘဝင် မနောဟဒယကို ဥာဏ်လေးနဲ့ ခေတ္တစိုက်လိုက်ပါ။

စိုက်လိုက်တဲ့အခါမှာ အဋ္ဌတ္တဘဝင်မှာ လောဘသော်ရင်း၊ ဒေါသသော်ရင်း၊ မောဟသော်ရင်း ပေါ်လာပါလိမ့်မယ်။ ပေါ်လာတဲ့အခါမှာ ဒီဒေါသသည် ဒုက္ခတရား လို့ သတ်မှတ်ပြီး ဒီဒေါသရဲ့ မမြဲတဲ့လက္ခဏာကို ဆင်ခြင်ရင် ဒီဒေါသဟာ တဖြည်းဖြည်း နှုးညံ့သိမ်မွေ့ပြီး နောက်ဆုံး ချုပ်ငြိမ်းပျောက်ကွယ်သွားပါလိမ့်မယ်။ ဒီဒေါသတရားကို ဒုက္ခလို့ မဆင်ခြင်ဘဲနဲ့ ဒေါသကို ငါနဲ့ဘဲပြီး 'ငါ' သညာနဲ့ လွှဲစားပြီး ငါ့ရုပ်ငါ့နာမ် ငါ့ဒေါသဆိုပြီး ဒီဒေါသကို ကယက ဝစီက စသည်ဖြင့် အကောင်အထည်ဖော်လိုက်ရင် မိမိရုပ်နာမ်ကြီးသည် ဒေါသ၏စေခိုင်းချက်အတိုင်း လှုပ်ရှားရတဲ့အဘွက် အလွန်ပင်ပန်းနွမ်းနယ်ပါတယ်။

ဒေါသကိုပဲ ကျားပေးကုကျတဲ့အတွက် ဒီဒေါသကြီး ဟာ တဖြည်းဖြည်းနဲ့သိပ်သည်းကျစ်လစ်ခိုင်မာပြီး၊ဒုဒ္ဒယ်ကြီးပြီး၊

နောက်ဆုံး သူ့ကိုပယ်သတ်ဖို့အတွက် အခက်ခဲမျိုးစုံ ကြုံနိုင်ပါတယ်။ ဤကဲ့သို့ လောဘ၊ ဒေါသ၊ မောဟတရားတွေ ရင်ထဲမှာ သိမ်သည်းကျစ်လစ်စွာနဲ့ တည်ဆောက်ထားရင် မိမိခန္ဓာကိုယ်ကို နောက်ဆုံး သေခြင်းတရားအပ်ဘဲ့အချိန်မှာ မိမိသည် ဆောက်တည်ရာမရဘဲနဲ့ ရုပ်ပျက်ဆင်းပျက်နဲ့ သံသရာဘဝကူးမှာ ကောင်းမွန်နိုင်စရာမရှိပါဘူး။ ဒါကြောင့် ဒီလို သံသရာဘဝကူးမှာ မိမိအား နှိပ်စက်မည့်တရားတွေကို "ငါ သည်ာနဲ့ မတွဲယှဉ်ဘဲ ဒါကို ဒုက္ခလို့ကြည့်ပြီး ဒီဒုက္ခရဲ့ အနိစ္စ လက္ခဏာကို ဆင်ခြင်လိုက်ပါ"

"ရှေကဖြစ်ပျက်နောက်ကမင်" ဆိုတဲ့စကားလဲရှိပါတယ်။ ရှေကဒုက္ခတရားလေးကို မမြဲဘူး၊ဆင်ခြင်လို့ ပျက်သွားလို့ ရှိလျှင် "အပျက်မြင်ရင် မဂ္ဂင်ဘဲ" ရှေကဒုက္ခတရားရဲ့ အပျက်မြင်ရင် မြင်တဲ့ ဉာဏ်က ဒုက္ခတရားရဲ့ အပျက်ကိုသာ စူးစိုက်ကြည့်နေပါ၊ စူးစိုက်ကြည့်ရင်းနဲ့ ဒုက္ခတရားကလဲ ပျက်ဖျက် သွားလိမ့်မယ်။ ပျက်တဲ့ ဒုက္ခတရားကိုမြင်တဲ့ ဉာဏ်ကလဲ အပျက်ကို မြင်ခြင်းဌာ ရင့်သန်သွားပါလိမ့်မယ်။ ဤကဲ့သို့ အနိစ္စ လက္ခဏာ ဆင်ခြင်ရင်းနဲ့ အနိစ္စဉာဏ်ပေါက်သွားလို့ ရှိရင် တဖြည်းဖြည်းနဲ့ ဖြစ်ပေါ်လာတဲ့ တရားကို ဒုက္ခတရားလို့ မြတ်စွာဘုရားဟောကြားတော်

ဤသို့ ဟောကြားအပ်သော တရားကို ပုဗ္ဗာဘာသာဝင် သုဇောဘင်ဖြစ်တဲ့ မိမိသည် ယုံကြည်သက်ဝင်သည့်အတိုင်း မိမိ၏

အဏ္ဏတ္တာဘဝင်မှာ ဖြစ်ပေါ်လာတဲ့ လောဘ ဒေါသတွေကို ဒုက္ခဘရားလို့ သတ်မှတ်လိုက်တော့မယ်။ အနိစ္စလက္ခဏာနဲ့ ဆင်ခြင်တော့မယ်ဆိုပြီး ဆင်ခြင်လိုက်ပါ။ ဤသို့ အနိစ္စလက္ခဏာလို့ ဆင်ခြင်လို့ ဒုက္ခတရားဟာ ကြမ်းတမ်းရုံမှ . တဖြည်းဖြည်းနှုန်းညံ့သိမ်မွေ့ပြီး ပျော့သွားတာကို မြင်တဲ့အခါမှာ အော်—ဒီဒုက္ခတရားလေးကို မိမိသည် မပိုင်မဆိုင်ပါလား၊ တဖြည်းဖြည်းနဲ့ ပျက်စီးရပါလား၊ ပျက်စီးတတ်ဆိုတော့ မိမိမပိုင်လို့ ပါလား၊ မပိုင်ခြင်းသည် အနတ္တသဘောပါလားဆိုပြီး အနိစ္စဉာဏ်မှအနတ္တဉာဏ် သို့ ကူးပါတယ်။

ဒါကြောင့် ရှေးဦးစွာ ဒုက္ခဉာဏ် ကို အရင်းတည်ပါ၊ အရင်းဘည်လို့ ဒုက္ခဉာဏ်လေး ရင့်သန်တဲ့အခါမှာ အော်- ရုပ်နာမ် အဏ္ဏတ္တာဘဝင်မှာ ဖြစ်ပေါ်လာတဲ့တရားတွေဟာ ဒုက္ခတရားဘဲဆိုပြီး ပိုင်းပိုင်းခြားခြား နားလည်ပြီးနောက် ဤဒုက္ခတရားကို အနိစ္စဉာဏ် နဲ့ ဆင်ခြင်လိုက်ပါ။ အနိစ္စဉာဏ်နဲ့ဆင်ခြင်လို့ အော်-ဖြစ်ပေါ်လာတဲ့ ဒုက္ခတရားတွေဟာ ဟုတ်သားဘဲ၊ မမြဲဘူးဆိုပြီး အနိစ္စတရားလေးဘွေချည်း မိမိဉာဏ်အောက်မှာ မြင်တဲ့အခါမှာ မမြဲတဲ့တရားကိုဖြင့် မိမိသည် ပိုင်လို့ မရ၊ ဆိုင်လို့ မရပါ၊ တကယ်တော့ ဤရုပ်နာမ်ခန္ဓာကိုယ်တခုလုံးတောင်မိမိတို့ပိုင်မရ၍ မြေကြီးသြဇာ ကျေးရမှာ သေရမှာပါလား၊ ဤရုပ်နာမ်ကြီး၏ အပျက်ကိုရှုးလို့သော်ရင်း၊ ဤရုပ်နာမ်ကြီး၏ အိုမင်းရင့်ရော်မှုကိုသော်ရင်း၊ ဤရုပ်နာမ်ကြီး၏ သေဆုံးရမည့် အမှုကိုသော်ရင်း၊ မိမိသည် လွှမ်းမိုးခြင်းဌာ၊ ထိန်းသိန်းခြင်းဌာ၊ ဟန့်တားခြင်းဌာမရပါဆိုပြီး

မိမိမပိုင်ခြင်းသဘောကို ဆင်ခြင်လိုက်တဲ့အခါမှာ **အနတ္တ**ဉာဏ် ရသွားပါလိမ့်မယ်။ ဒီအနတ္တဉာဏ်ရသွားတဲ့အခါမှာ ရုပ်နာမ် အကြောင်းနဲ့ပတ်သက်လို့ **အ**တော်အသင့် သည်းခံနိုင်ပြီးတဲ့ နောက် မိမိသည် မိမိရုပ်နာမ်မှာဖြစ်ပေါ်လာတဲ့လောဘ၊ဒေါသ၊ မောဟတွေကို အနတ္တဉာဏ် ဆင်ခြင်ရှုသတ်လို့ လုံးဝချုပ်ငြိမ်း သွားရင် အသင်္ခါတခုတ်ဆိုတဲ့ မြတ်သောနိဗ္ဗာန်သို့ ဉာဏ်နဲ့ မျက်မှောက်ပြုပြီး ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် မြတ်စွာဘုရားရဲ့ သစ္စာလေးပါးမှာ ရှေးဦး စွာ ဒုက္ခသစ္စာဆိုတာ ဆင်းရဲခြင်းအမှန်ဖြစ်ကြောင်း သိရမယ် ရုပ်နာမ်ရထားတဲ့ ပုဂ္ဂိုလ်ဘဝဟာ ဆင်းရဲတယ်။ လူနဲတ်ပြုဟာဘဲ ဖြစ်ဖြစ်၊ ခွေးတို့နွားတို့ဘဲဖြစ်ဖြစ် ကိုလေသာကာမဂုဏ်နဲ့ ရောယှဉ်နေတဲ့ ရုပ်နာမ်တွေဟာ ဆင်းရဲခြင်းအစစ်ဖြစ်တယ်လို့ ရှေး ဦးစွာ ဒုက္ခသစ္စာကို ပိုင်းခြားသိဖို့လိုပါတယ်။ ဒုက္ခ သစ္စာကို ဒုက္ခသစ္စာမှန်းသိတဲ့အခါမှာ ဒုက္ခသစ္စာကို ခင်တဲ့မင်တဲ့ **သမုဒယ သစ္စာ** သဘောပေါက်လာပါလိမ့်မယ်။ ခင်တာမင်တာ ငဲ့တာ ဟာ သမုဒယသစ္စာဘဲ၊သမုဒယဲသစ္စာကလဲ ရင်ဝမှာဘဲ ပေါ်လာ ပါတယ်။ အခြားသော သက်ခဲ့သက်ရှိတွေအပေါ်မှာ သမုဒယ သစ္စာမရှိဘူး။

မိမိအဇ္ဈတ္တဘဝင်မှာဘဲရှိတယ်။ ခင်ဘာ မင်တာ ငဲ့တာ တွေဟာ သမုဒယတွေမို့ သူ့ကိုလဲ အနိစ္စနဲ့ဆင်ခြင်ပါ၊ သမုဒယ တွေက ဒုက္ခကို အကြောင်းခံသည်မို့ အကြောင်းဖြစ်တဲ့ သမုဒယ

ကို ပယ်သတ်လိုက်ရင် အကျိုးဖြစ်တဲ့ဒုက္ခကိုမရနိုင်ဘူး၊ဒါကြောင့် ဤဒုက္ခနှင့် သမုဒယကို ပယ်သတ်ခြင်း အမှု ပြုနေတဲ့ ပုဂ္ဂိုလ်သည် မဂ္ဂင်တရား ပွားများအားထုတ်တဲ့ လမ်းစဉ် လိုက်ရာကျတယ်။ မဂ္ဂဆိုတာက ကြည်လင်တဲ့သဘောရှိတယ်။ ရုပ်နာမ်မှာ အဝိဇ္ဇာတဏှာတွေ ကပ်ငြိနေရင် မကြည်လင်ဘူး။ မကြည်တဲ့အခါမှာ မဂ္ဂင်တရားကို ပွားများအားထုတ်လိုက်ရင် ရုပ်နာမ် ကြည်လင်သွားလိမ့်မယ်၊

ဒီလို ကြည်လင်တဲ့မဂ္ဂသည် သမုဒယအား သတ်၍ ဒုက္ခအား သေစေပြီးနောက် နိုဗာန်ဆိုတဲ့ ငြိမ်းအေးတဲ့ သဘောကို ဆင်ခြင်မှာဘဲ။ မဂ္ဂင်က နိုဗာန်ရဲ့ သဘောကို ဆင်ခြင်ပြီ ဆိုမှ ဖြင့် ရုပ်နာမ်ရဲ့ ဝန်က ပေါ့သွားမယ်။ ဒီရုပ်နာမ်ရဲ့ ဝန်ထုပ်ဝန်ပိုးကြီးကပေါ့သွားမယ်။ ရုပ်နာမ်ကြီးကို ငါလို့ယူဆနေတဲ့ သဘော ဒီရုပ်နာမ်ကြီးမှာ အညစ်အကြေးတွေ ကိန်းအောင်းနေတဲ့ ကိုယ်သာ တရားတွေကို ချုပ်ငြိမ်းအောင် ရှုသတ်နိုင်တဲ့ အတူက် ဒီပဋ္ဌာန်ကြီးဟာ ရုပ်နာမ်နဲ့ဘက္ခ ကိုယ်သာကို ခြေကန်ပြီး ငြိမ်းအေးချမ်းကို ဦးတည်မှာ သဘာဝဘဲ၊ တရားတော်ရဲ့ သဘာဝဘဲ။

ဒါကြောင့် ဒုက္ခသစ္စာကို ဒုက္ခမှန်းသိပြီး သမုဒယကို ပယ်လိုက်ပါ။ ဒုက္ခကိုလဲ သေစေတဲ့အပြင် ပယ်နိုင်တဲ့ စွမ်းရည်ဟာ မဂ္ဂင်ဝင်ပြီးတဲ့နောက် မဂ္ဂင်က နိုဗာန ဖျက်ပျောက်ပြုနိုင်ပါတယ်။ •

မြတ်စွာဘုရားရဲ့ သစ္စာလေးပါးမှာ သမုဒယနဲ့ ဒုက္ခက အကြောင်းနဲ့ အကျိုး၊ မဂ္ဂနဲ့ နိရောဓကလဲ အကြောင်းနဲ့အကျိုး ပါ၏။

မဂ္ဂင် ပေါက်ဘို့အတွက် ရှေးဦးစွာ အခြေခံအား ဒုက္ခ သစ္စာသဘောကို ပိုင်းခြားထင်ထင် ဉာဏ်သက်ဝင်နိုင်ဘို့ အရေးကြီးပါပြီ၊ မြတ်စွာဘုရားရဲ့ ဒေသနာတော်အတိုင်း၊ နိဗ္ဗာန်ဟာ အလွန်ချမ်းမြေ့ဘွယ်ရာကောင်းလို့ နိဗ္ဗာန်နန်းသို့ စံမြန်းရပါလို့၏လို့ ဆုတောင်းနေ ကြဲသော်လည်း မိမိ ရုပ်နာမ်ကြီးကို ဒုက္ခလို့မမြင်ဘဲနဲ့ ဒုက္ခရုပ်နာမ်ကြီးကို ငဲ့ချင်တဲ့ သဘောတွေ၊ ခင်လုံးမင်လုံးတွေ ရှိနေသမျှ ကာလပတ်လုံး ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ရဘို့ မနီးစပ်သေးဘူး။ မြတ်စွာဘုရား ဟောမိန့်တော်မူတဲ့ အဘိုင်းနိဗ္ဗာန်တရားကို ရအောင် အားထုတ်မယ်ဆိုရင်၊ မိမိရုပ်နာမ်ကို ဒုက္ခတုံးမှန်း သတ်မှတ်ယုံကြည်နိုင်ရမယ်။

ဤဒုက္ခတုံးကြီးကို ဖက်တွယ်နေရင် သမုဒယ ဖြစ်ကုန်မယ်၊ သမုဒယဖြစ်ရင် ဒုက္ခနဲ့ သံသရာဝဲသြဃမှာ တပြောင်းပြန်ပြန် ကျင်လည်ရပေအုံးမယ် သံသရာခရီးသွားရတယ် ဆိုတာလဲ အလွန် မသေချာ မရှင်းရာတဲ့ ခရီးစဉ်ဘဲ၊ သစ်ရွက်ခြောက်တခုဟာ လေပြင်းမုန်တိုင်းနဲ့ လွှင့်ပါသွားရင် ဘယ်နေရာကျမယ် မသိဘူး၊ ပင်လယ်ထည်းကျချင်ကျ၊ သဲကန္တာရထည်းကျချင်ကျ၊ တောင်ကုန်းပေါ်ကျချင်ကျမယ်။

မီးပုံထည်းကျပြီး လောင်ကျမ်းချင်လဲ လောင်ကျမ်းသွားမယ်၊ အဲသလိုဘဲ မဂ္ဂသဘောကို ကောင်းကောင်းထိုးထွင်းဆင်ခြင် ဉာဏ်သက်ဝင်နိုင်ခြင်းမရှိရင်၊ သံသရာ ဘဝကူးမှာ ရောက်ချင်ရာ ရောက်သွားမယ်။

ဒါကြောင့် ဒီဘဝ ဒီအခါမှာဖြင့်ရင် မြတ်စွာဘုရားသာသနာတော်ကြီး ရှိနေတုန်း ကြုံကြိုက်နေတုန်းမှာ၊ မိမိတို့သည် အသေစိတ်ချရအောင် မိမိတို့၏ရုပ်နာမ်ကြီးကိုအရင်းတည်ပြီး ကြိုးစားတော့မယ်လို့ ဆုံးဖြတ်ချက်ချပေတော့။ ရုပ်နာမ်ရဲ့ ဒုက္ခသဘောကိုလဲသိအောင် ကြိုးစားမယ်ဆိုတဲ့ ဇဲသတ္တိကို မွေးပေတော့။ တသသရုလုံးက အယောနသောမနသကာရဆိုတဲ့ နှလုံးသွင်းမှားတဲ့ဒဏ်ကြောင့် မိမိရုပ်နာမ်မှာ အဝိဇ္ဇာတဏှာတွေနဲ့ရောထွေးရှက်တင် ဖြစ်နေတဲ့အတွက်၊ ;မိမိ၏ ရုပ်နာမ်ကြီးကို အမှန်အတိုင်း သိနားလည်ဘို့မလွယ်ပါ။ အထူးသဖြင့် ဝိပဿနာတရားကိုကျင့်ကြံ အားထုတ်ဖို့ဆိုတာ မလွယ်ပါ။ ဝိပဿနာ တရားဆိုတာ မိမိတို့ရဲ့ လောဘ၊ ဒေါသ၊ မောဟများကို ပယ်သတ်ရတဲ့ တာဝန်ရှိတော့ မလွယ်ဘူး၊ မလွယ်တဲ့ လုပ်ငန်း လုပ်ဘို့ဆိုတော့ ဇဲသတ္တိရှိရပါမယ်။ သစ္စာတရားကို သိနားလည်ဘို့ ဆိုတာ၊ သာမည ဇဲနဲ့တော့ မရနိုင်ပါဘူး။ တကယ် ဇောက်ချပြီး "ငါတော့ ဒီဘဝမှာ သစ္စာတရားကို သေသေချာချာ သိမြင်အောင် ကြိုးစားမယ်။ တွေ့သမျှ လောကဓံကို ကြံ့ကြံ့ခံပြီး၊ ဤသစ္စာတရားကို မြတ်နိုးလွန်းလို့ ကျင့်ထိုက် ကြံထိုက်တယ်လို့ ယုံကြည်လွန်းလို့ ငါတော့ လိုက်တော့မယ်။ ဤ ၃၁ ဘုံ သံသ

ရာမှာ တခြောင်းပြန်ပြန် ကျင်လည်ပြီး ဝင့်ခံရတဲ့ အဖြစ်ဆိုးကို ဖြင့် မလိုလားခတာ့ဘူးလို့ ဇဲသတ္တိမေ့ဘိုလိုပါတယ်။

ဇဲသတ္တိမေ့ထားမှလဲမိမိရုပ်နာမ်ကိုပယ်သက်တဲ့နေရာမှာ "အော်....ဤကဲ့သို့ ခန္ဓာမှာ အတွေ့၊ မာန၊ ဒိဋ္ဌိ၊ တဏှာတွေ့ ကိန်းအောင်းနေရင်တော့ ငါသည် အိုလိုက် နာလိုက် သေလိုက် အဖြစ်ဆိုးတွေနဲ့ ဘေးဆိုးတွေ့တွေ့ရမှာဘဲ" ဆိုပြီး ဆင်ခြင်ပါ။ ဤဘဝဤတခါတော့ ငါသည် သေခြင်းတရားကို ပိုင်ပိုင်နိုင်နိုင် ဆင်ခြင်နိုင်အောင် သစ္စာတရား ထိုးထွင်းနိုင်အောင်တော့ ဇဲသတ္တိဝိရိယထားပယ်ဆိုပြီး၊ ကျကျနန ထိုင်ရင် မြတ်စွာဘုရား သာသနာတော်အတွင်းမှ မဂ်ဖိုလ်ဆိုတာ မရနိုင်စရာအကြောင်း မရှိပါဘူး၊ မိမိတို့သည် ပကတိသာဝက ဖြစ်ချင်ရင်၊ သို့မဟုတ် ဤဘဝမှာဘဲသောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်ချင်ရင် ပါရမီဆိုတာ လုပ်ခြင်းသဘောက ပါရမီဘဲ။ အတိတ်ကပါရမီ တွေ ပါပေတဲ့ ဒီဘဝမှာ မပြုလုပ် အားမထုတ်ရင်၊ ဒီပါရမီ တွေက သေးသိမ်မှေးမှိန်သွားမယ်။

ရှင်သာရိပုတ္တရာမထေရ်မြတ်ဟာတသခြေ့နဲ့ကမ္ဘာတသိန်း ပါရမီဖြည့်ဆည်းပါတယ်၊ ပါရမီဖြည့်ခဲ့တဲ့ ကိုယ်တော်မြတ်ကြီး ဟာမြတ်စွာဘုရားနဲ့သာမဒေတွခဲ့ရင်ပါရမီတွေဟာ၊ ဒီအချိန်မှာအ ကျိုးမပေးနိုင်ခဲ့ပါဘူး။ အခုတော့မြတ်စွာဘုရားသခင်ကို ဖူးတွေ့ ပြီးတရားတော်မြတ်မျှားကို နှားကြားရတဲ့အတွက် ပညာဥာဏ်အ ရာမှာတေဒဂ်ရတော်မူတယ်။ အဲ့သလိုဘဲမိမိတို့မှာအတိတ် အတိတ်

ဘဝတွေက ပါရမီတွေပါပေတဲ့ ဒီဘဝမှာ စွန့်စွန့်စားစားအား မထုတ်ရင် မိမိခန္ဓာမှာ ဥာဏ်သဘော ကိန်းအောင်းအောင် မလုပ်ရင်၊ သာမညဘဲနေရင်တော့ အဲလွန်အလားအလာကောင်း တဲ့အချက်တွေကို မိမိကစွန့်လွှတ်ရာကျမယ်၊ ဒါကြောင့် ဒီဘဝမှာ မိမိကသစ္စာတရားကို သိနားလည်အောင် ကြိုးစားမယ်ဆိုပြီးတော့ တကဲ့ဇဲ့သတ္တိနဲ့ အဇ္ဈတ္တမှာ ပေါ်လာတဲ့ လောဘ၊ ဒေါသ၊ မောဟတွေကို ပယ်သတ်နေပါ။

ဒင်းတို့သည် လက်ခံနေက ကြီးထွားလာမည်၊ မိမိကို ကောင်းကျိုးမပေး ဆိုးကျိုးသာပေးမည်၊ ဒုက္ခတရားများသာ ဖြစ်၍ လက်ခံနေက အားပေးရာကျနေမည်။ ဒင်းတို့၏ ကျွန် အဖြစ်နှင့် သံသရာတွင် အဖန်တလဲလဲ ဖြစ်နေမှာဘဲလို့ သဘောပိုက်ထားပါ။ သူ့ကို "ငါ" သညာနှင့် မတွဲယှဉ်စေဘဲ အနိစ္စလက္ခဏာနဲ့သာ ဆင်ခြင်ပါ။ ဤကဲ့သို့အနိစ္စလက္ခဏာနဲ့ ဆင်ခြင်ရင် အပျက်တရားရဲ့ အဆုံးမှာ နိဗ္ဗာန်ရှိပါတယ်။ မဖြစ်မပျက်တဲ့တရားရှိပါတယ်။ ဒုက္ခတွေရဲ့အဆုံးမှာ သုခရှိပါတယ်။ မပိုင်တာတွေရဲ့အဆုံးမှာ ပိုင်တာတွေရှိပါတယ်။ ဤသံသရာအဆုံးမှာ နိဗ္ဗာန်ရှိပါတယ်။

ဤကဲ့သို့ နိဗ္ဗာန်လမ်းခရီးကို တက်လှမ်းဘို့ရာအတွက် သစ္စာလေးပါးတရားကို မိမိရဲ့ခန္ဓာမှာ ဥာဏ်သက်ဝင်ဆင်ခြင်ခြင်း အမှုပြုခြင်း တရားရှာခန္ဓာမှာခတွေ့ဆိုသလို မိမိရဲ့ခန္ဓာမှာဘဲ တရားသဘောက တွေ့နိုင်ပါတယ်။ ဒါကြောင့် မိမိရဲ့ခန္ဓာနဲ့ဘဲ

ဘရားသခင်ဟာ ဆွေးနွေးပြီး၊ မိမိရုပ်နာမ်သည် ဘယ်သင်္ခါ ဖြစ်လဲ။ ဒုက္ခသင်္ခါဖြစ်ရင် ဒုက္ခသင်္ခါလေးသည် မမြဲတဲ့ သင်္ခါရှိတယ်၊ ဘာကြောင့် ဒီဒုက္ခလေး မမြဲရသလဲဆိုတော့ မပိုင်လို့ပါ။ မဆိုင်လို့ပါ ဆိုပြီး သင်္ခါပေါက် နှလုံးသွင်းလိုက်ပါ။ ရှုသတ်လိုက်ပါ။ ဆင်ခြင်လိုက်ပါ။ ဒီအခါရှုသတ်တဲ့ စွမ်းရည်စင်စစ်က ဉာဏ်ဖြစ်လာပါတယ်။ ဉာဏ်ဟာနိုရောဓကို မျက်မှောက်ပြုတဲ့မဂ္ဂင်၊ မဂ်ဉာဏ်ပါဘဲ။

ဤကဲ့သို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကျေးဇူးတော်များကို ကြည်ညိုပူဇော်ရသောအကျိုး၊ မြတ်စွာဘုရားသခင်၏ သစ္စာလေးပါးမြတ်တရားကို ကြားနာရသော ကျင့်ကြံသော၊ အားထုတ်ရသော နှလုံးသွင်းဆင်ခြင်ရုံသော ကုသိုလ်ကံ စေတနာ အပေါင်းတို့ကြောင့် လောကုတ်လောကီ နှစ်လီသောအကျိုးစီးပွားများ ဖြစ်ထွန်းသည်ထက်ဖြစ်ထွန်းတဲ့ပြင် ကိုလေသာ တဏှာရာဂထူပြောသော ဆင်းရဲခြင်း အဖုံဖုံရှိသော ခေါင်းအမျိုးမျိုး ပြောင်း၍ ဘဝအထွေထွေတွေ့ရသော ဒုက္ခမျိုးစုံတို့၏ စုံပုံရာဖြစ်သော ဤဂ-ဘုံကိုခြေကန်ထွက်မြောက်၍ ဟိုမှာဘက် ဖြစ်သည့် ကြည်လင်သောချမ်းမြေ့သော သာယာသော၊တည် ငြိမ်သော၊ ပြကတော့ချမ်းသာမှုအတိဖြစ်သော နိဗ္ဗာန်ရှေ့ပြည် မြတ်သို့ တက်လှမ်းနိုင်သောပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များဖြစ်ကြပါစေသောဝ်။

(သာဓု-သာဓု—သာဓု)

ဒ္ဒိသတ် တဏှာသတ် တရားတော်မြတ်နှင့် ပတ်သက်သော

ကောက်ချက်များ

မိမိကိုယ်ကို ဝိပဿနာ ယောဂီရှင်ဟု သက်မှတ်ထားသူပုဂ္ဂိုလ် တော်တော်များများထံမှ "တရားအားထုတ်ရာမှာ ဒိဋ္ဌိကို အလျင်သတ်ရတယ်၊ ဒိဋ္ဌိမသတ်ဘဲ တဏှာ သွားသတ်နေလို့ ဘယ်ရမလဲ။ တဏှာ အထူးသဖြင့် ကာမစ္ဆန္ဒနိဝရဏကို အနာဂါမ်အဆင့်ရောက်မှပယ်နိုင်တယ်၊ အခုတော့ သောတာပန်မှ ဖြစ်မယ်မကြံသေးဘူး တဏှာသတ်ချင်နေလို့ ရှေနောက်မှားနေတာ တရားဘယ်ရမလဲဟူသော' အယူအဆများကိုမကြာခဏဆိုသလို ကြားသိနေရသည်၊ ဤအယူအဆ များကို တိုက်ရိုက်အားဖြင့် မဆန့်ကျင်လိုသော်လည်း "ဒိဋ္ဌိသေလျှင် တဏှာ လျော့ပါးသွားရမည်" ဆိုသော အယူဝါဒနှင့် "ဒိဋ္ဌိသမားတဏှာသည်လည်း လိုလားအပ်စရာ မဟုတ်လို့ ဝိပဿနာ ယောဂီများအဘို့ ဆက်လက် တိုက်ပွဲဝင်

ရမည်ဆိုသော အယူသဆမျှားကိုတင်ပြလို၍ ဤဒီဋ္ဌိသတ် တဏှာသတ် တရားတော်မြတ်ကြီးကို ဟောကြားခဲ့ရပ်သည်။

ဗုဒ္ဓသာသနာသည် နေလို လလို ထွန်းကားနေသော မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် သူတော်စင် ယောဂီတော်တော်များများသည် "မိမိတို့ကိုယ်ကို မိမိတို့သော ဘာပန်ဖြစ်ပြီ၊ အရိယာဖြစ်ပြီ"ဟုသတ်မှတ်ခံယူ ယုံကြည်ထားသူတော်တော်များလေသည်၊ထိုသို့ ယုံကြည်ချက်အတွက်တွက်ချက်စီစစ်စစ်ဆေးဝေဘန်သုံးသပ်တန်ဘိုးဖြတ်ဘိုင်းဘာနိုင်စေရန် ရည်သန်၍လည်း ဤတရားတော်မြတ်ကို ဟောကြားခဲ့ခြင်းဖြစ်ပါသည်။ လက်တွေ့အားဖြင့် မိမိကိုယ်ကို အရိယာဟု ယုံကြည်သူများသည် မိမိ၏ရုပ်နာမ်အား အပျက်တရားပါဟု ဒုက္ခတရားပါဟု သံသယ ဝိစိကိစ္ဆာမဖြစ်ဘဲ ဉာဏ်သက်ဝင် ဆင်ခြင်သုံးသပ်နိုင်ခြင်း ရှိမရှိ မိမိတို့ကိုယ်ကို တိုင်းတာ၍ တန်ဘိုးဖြတ်ကြရန် ရည်ညွှန်းပါသည်။ အကယ်၍ ရုပ်နာမ် ဒုက္ခအား အပျက်တရားပါဟု ပညာဉာဏ်ပါပါ ထိုးထွင်း ဆင်ခြင် ဉာဏ်သက်ဝင်နိုင်ပါလျှင် ဒီဋ္ဌိသာမက တဏှာပါလျော့နည်းပါးလျှား မည်ဟုမြေကြီးလက်ခတ် ဘရားတော်မြတ်ဘက်မှ အာမခံလိုပါသည်။ တနည်းအားဖြင့် ဤတရားတော်မြတ်သည် ယုတ်ညံ့သော တဏှာရာဂ၏ ကျေးကျွန်အဖြစ်မှငင်း၊ ဝဋ်ကောင်အဖြစ်

မှုရင်း၊ လွတ်အောင် ရုန်းကန်ခြင်းတို့၌ အားကောင်းနိုင်စေမည်။ ခိုင်မာစေမည်၊ စိတ်ချလာနိုင်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

တဏှာ ကိလေသာ၏ ကျေးကျွန်မဖြစ်လိုဘဲ အောင်ပွဲခံလိုသူတို့သည် ဤတရားတော်မြတ်အတိုင်.သာ ကျင့်ကြံ ကြိုးစား အားထုတ်ပါဟု တိုက်တွန်း အကြံပြုလိုပါသည်။

ဖော်ပြပါတရားသည် အနတ္တဥာဏ် ရင့်သန်ပိုင်နိုင်စေဘို့အတွက် အထူး ကျေးဇူးပြုပါလိမ့်မည်။

ထိုထက်ပို၍ဆိုရပါလျှင် ရတနာမြတ်သုံးပါးကို ဦးထိပ်တားလျက် တရားတော်မြတ်ကို ယုံကြည်သက်ဝင်မှု အားကြီးလာပါလျှင် ပုထုဇဉ်မျက်ကန်းဘဝမှ အရိယာဥာဏ်မျက်လုံးပိုင်ရှင် သို့မဟုတ်အရိယာများ၏ အကြောင်းအကျိုး ရှုပ်နာမ်အပေါ် ဆင်ခြင်သုံးသပ်ပုံ တရားဓမ္မ အဆီအနှစ် အရသာများကို ကိုယ်တိုင်ခံစားကိုယ်တိုင်သိမြင်ကိုယ်ပိုင်ဥာဏ်ဖြင့် ထိုးထွင်းဆင်ခြင် နိုင်ပါလိမ့်မည်ဟု ဖော်ပြလိုပါသည်။

အခြားတဖက်မှာလည်းမိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလက် ကြည်ညိုသူတို့အတွက် ဆရာတော်၏ ဟောစဉ်ကျင့်စဉ်လမ်းစဉ်အမှန်ကို မြတ်နိုးသဖြင့် သဝေပေးရ

လိုက်ဝတ်စားကျင့်ကြံ ဆောင်ရွက်ခဲ့ကြသူ တရိုးဝင် အယူအဆ
များကို နည်းပြောင်းရသာကာလွှဲ ရှုပ်ထွေးခဲ့ရသည်။

အစ္စလိုဒ်နှင့်ရှာမူဝယ်လျှင် ဘာသာရေးလုပ်ငန်း လုပ်ငန်း ရှာဖွေ ပုံအလုပ်ရှာဖွေသူ ဘာသာရေးအတွက် ဆောင်ရွက်ချက်မှာ လူသားများသည် ကာလရှည်ကြာ ရှုပ်ထွေး ဆိုးဝါး မှုဆိုင်ရာကိစ္စကိုလည်း ဖြစ်စေ ကျွန်ုပ်တို့သည်မှ စာပေ ဆောင်ရွက်ရန် ပြဿနာတွင် အဓိကကျ အခြေခံနိုင်သော အနှစ်သာရရှိခဲ့ရာတွင် ရှာဖွေ ရှုမြင်ပုံတိုင်းသည် အမှန်တကယ်ဖြစ်ပေါ်ခဲ့သော ရှိရှိနိုင်နိုင်ငံရေး သဘောတရားကြောင့် သိမှုအသိ ဘဝသစ်ကို အသိအမှတ်ပြုလိုက်သည်။ ဤကိစ္စများ ကျွန်ုပ်တို့ ဘဝ၏ဘဝ ပဋိပက္ခနှင့်ဆိုင်သော ဖြစ်တည်မှု အမှုအရာဖြစ်စေလိုတရားသဘောရှိသည့် ဟာသလိုပင်ဖြစ်သည့် လည်း ဆရာက ဖြစ်ပေါ်လျှင် ဤကမ္ဘာကြီးသည် ကျွန်ုပ်တို့နှင့်ပတ်သက်သော ဘဝ ၏ တည်ရှိမှုကျင့်စဉ်ကို သဘောတူညီသည်လားခြင်း မြင်ရ၊ သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နှင့်ပတ်သက်သောအချက် တည်ရှိမှုနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည် Nothingness ဟူသော လူ့ဘဝဟူသည် အရေးကြီးဆုံးဖြစ်သည်။ ကနဦးဖြစ်ပေါ်မှု အတွက် မှာမှ ဖော်ပြထားသော ပြဿနာဖြစ်ပေါ်သည်ကို ဆန့်ကျင်သော ဖြစ်ပြီး ရှင်းပြပါ ဆောင်ရွက်မှုအချို့ နည်းတို့ သဘောတူညီချက်မှာ လူ တည်ရှိမှု ကျင့်ကြံရှာဖွေလိုက်တော့မည်ဟုဆိုသော ဆောင်းပါး အကြောင်းအရာများ၏ဖြစ်ပေါ်လာပုံ တရားရှင်၏ အလုံးစုံသော ဆောင်းပါးကြီးဖြစ်သော ဖြစ်ပျက်နေသော ဘာသာရေးနှင့်ပတ်သက်၍ ကို

အသိပေး ဖွင့်ဆို ဟောပြောထားခြင်းများ ဖြစ်ပါသည်။

ဒီဋ္ဌိနှင့် ဝိစိကိစ္ဆာပြုတ်သွားသော ခန္ဓာသည် ဘယ်လို ဖြစ်သွားမည်ဟူ၍ ဂဃနဏ ဟောပြချက်များ ပါဝင်နေရာ လက်တွေ့ ဝိပဿနာကျင့်ကြံလိုသူယောဂီများအတွက် အထူးနှစ်သက်ဘွယ် ဖြစ်ပါလိမ့်မည်။ သို့မဟုတ် ပါလျှင်လည်း မိမိခန္ဓာကိုယ်ပေါ်ထွင် ကြေးညောင်မြူ အလိမ်းလိမ်း ပေကျံနေသည်များ ဆပ်ပြာနှင့် တိုက်ချေတ်ရေမိုးချိုး၍ သန့်ရှင်းစင်ကြယ်စေရသကဲ့သို့ ပရမတ္ထ အဋ္ဌတ္ထဋ္ဌကိန်းဝင်နေသော မကြည်မလင်ဖြစ်မှုနောက် ကျူးမှုကိုလေသာများကိုဤနည်းဖြင့် သုတ်သင်ဖယ်ရှားဆေးကြောသန့်စင် ကြည်လင်စေနိုင်ပါကြောင်း။

ဤဒီဋ္ဌိသတ် တဏှာသတ် တရားတော်မြတ်ကို ဒိုးဒိုးဒေါက်ဒေါက် ကိတိကျကျ ပွင့်ပွင့်လင်းလင်း ရဲတင်းစွာ ဟောမိန့်ထား၊ ပါသည်။ အထူးသဖြင့် ဦးဇင်းတို့ကျေးဇူးရှင် ကိုယ်တော်မြတ်ကြီး ဆရာတော် ဦးရေဝတ၏ အဆိုဆုံးမမှုများ ပါဝင်သည်။ ငါ–အဟုတ် ပြုတ်ချင်သူများ အာဇာတ် ထိမိသော ဟောညွှန်ချက်များ ပါ၍ လက်တွေ့ကျင့်လိုလျှင် လုံ့လောက်သော လမ်းညွှန် မှုများကို နာကြားဘတ်ရှုရပါမည်။ "ဝိဇ္ဇာမဟိဒ္ဓိလမ်းစဉ်လိုက်စားသူများက ဘုရားတရားကို ကန့်လန့်တိုက် ဟန့်တားလျက်

ဝိပဿနာလုပ်ငန်းမှာ (၁) ခက်ခဲ လွန်းလှကြောင်း၊ (၂) တကိုယ်ကောင်းဆန်ကြောင်း၊ (၃) မသေချာ မရေရာကြောင်း ဓမ္မအန္တရာယ်အဖြစ် ဟောပြော သွေးဆောင် ဖြားယောင်းချိန်မှာ ဤဒီဋ္ဌိသတ် တဏှာသတ် တရားတော်မြတ်သည် ကြီးကြီးမားမား အမှန်မြင် ဉာဏ်ဝင်နိုင်အောင် ပေါ်ထွန်းလာခဲ့ရသည်ဟု တနည်း အားဖြင့် ယူဆနိုင်ပါသည်။

ဦးဇင်းဟောကြားခဲ့သော တရားတော် များသည် ပါဠိပါဠိသား နဲညီးပါး၍ စကားပြေရိုးရိုးနှင့် ဒဲ့ဒိုးဟောလေ့ရှိသည်သာ များပါသည်။ လူတိုင်းနားလည်နိုင်စေရန် ရိုးရိုးရှင်းရှင်း ပီပီပြင်ပြင် ဟောပါသည်။ သို့သော် ဤသို့သော ဟောစဉ်များ၏ နောက်ကွယ်၌ ပရိယတ္တိကျမ်းဂန်စာပေ အထောက်အထား ပြောက်မြားစွာမှ လိုအပ်သလို ဆွဲယူထုတ်နုတ်ထားသောအချက်အလက်များ ပါဝင်နေကြောင်းနှင့် "မြတ်စွာ ဘုရားကိုယ်တော်တိုင်က တရားဓမ္မ၏ သိမ်မွေ့ ခက်ခဲ နက်နဲတိကျ အသိဉာဏ်ပုံနှင့် သတ္တဝါတို့၏ ကိုလေသာ စရိုက်ထူခပြော ကြီးမားပုံတို့ကို ဆင်ခြင်ရာမှအစ နိဗ္ဗာန်၏ ငြိမ်သက်ကြည်လင်၍အေးမြချုပ်ဆုံးသွားပုံအဆုံး" သိမ်းကြုံးဆွဲငင်၍ ဟောစဉ်တွင် ထည့်သွင်းထားသည်တို့ကို နာကြား ဘတ်ရှုနိုင်ပါမည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သုမေဓာ ရှင်ရသေ့ဘဝကပင် နိဗ္ဗာန်ကိုလိုချင်ရင် ရနိုင်တော်မူခဲ့သော်လည်း ဗုဒ္ဓေါပေါဒေးယံ့၊မုတ္တောမောဒေးယံ့၊ တိန္ဒောတာရေးယံ့ ဆိုသကဲ့သို့ မိမိသိသလို သိနိုင်စေရေး၊ မိမိလွတ်မြောက်သလို သတ္တဝါ ဝေနေယျများ ဝဋ္ဋသုံးပါးမှ လွတ်မြောက်နိုင်စေနိုင်ရေးတို့ကို ရည်သန်၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ တော်များကို အပင်ပန်း အဆင်းရဲခံကာ ဖြည့်ဆည်းတော်မူခဲ့ရသည်။ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ် ရောက်တော်မူသောအခါ သတ္တဝါများ၏ စရိုက်မှာ ကြမ်းတမ်း လွန်းနေသည်။ တရားဓမ္မ၏ သဘာဝမှာ နူးညံ့လွန်းနေသည်ဖြစ်၍ တရားတော်၏ ဂုဏ်တော်ကို ပူဇော်ရှင်း မြှင့်မိရံဘောင်အောက်မှ သဲပွင့်ကလေးများကို ကြည့်မြင်ရန် အားမတန် မာန်မမျှသော မျက်မှဲ့ဒုက္ခီဘ သဘာဝတို့ကို နှိုင်းယှဉ်ဆင်ခြင်တော် မူသည်မှာ ဉာဏ်ပညာဖြင့် ဆင်ခြင်ကြသ့်က ဟုတ်မှန်ကြောင်း သိနားလည် နိုင်လောက်ပေသည်။ ယခုခေတ် ဘိန်းဖြူနံပါတ်ဖိုးစဲ့သော သားသမီးတို့အား မေတ္တာနှင့် အမြော်အမြင်ကြီးမားလှသော မိဘတို့သည် မည်သို့ ဆုံးမတိုက်ချက် ကယ်မပါမည်နည်း။

ဦးဇင်း ဒဿနိကဗေဒနှင့် စိတ္တဗေဒဌာနတို့၌ ဆရာအဖြစ် တာဝန်ယူရစဉ် ဤဘာသာရပ်များကို သင်ယူ

သူများ ရှုးတတ်သည်ဟူသောစကားကို ကြားခဲ့ရဘူးသည်။ မည်မျှအဓိပ္ပါယ်ကင်းမဲ့သော စကားပါနည်း။ ဤသို့သောကောက်ချက်များကို ချမှတ်ကြသူများသည် ဤဘာသာရပ်များကို မည်ရွေ့မည်မျှ လေ့လာလိုက်စားဘူးကြပါသနည်း။ ထို့အတူပင် မြတ်စွာ ဘုရား၊ မြတ်တရား၊ မြတ်သံဃာတို့အကြောင်းကို ဝေဘန်လိုကြသူများသည် မိမိတို့ဝေဘန်လိုသော အကြောင်းအချက်များကို မည်ရွေ့မည်မျှအထိ လေ့လာလိုက်စား အားထုတ် ကျင့်ကြံပြီးစီးကြပါပြီနည်း။ မိမိတို့ဘက်မှ ကောင်းစွာ မလေ့လာရသေးမီ ဝေဘန်ပိုင်းဖြတ်ခြင်း အမှုကို အဆောတလျင် လုပ်ဆောင်၍ ကောက်ချက် ချပါမူ ယထာဘူတမကျနိုင်၊ သိပ္ပံနည်းမကျနိုင်၊ သိပ္ပံပညာ၌ မိမိတို့မသိမမြင်မတွေ့ကြုံ မလေ့လာရသည်တို့နှင့် ပတ်သက်၍ ကောက်ချက်ချရုံး ထုံးစံမရှိ၊ လူတတ်လူကြားမလုပ်၊ အရာရာရှစ်စပ်ကလည်သည်ဟူ၍မရှိ၊ ဟုတ်မှန်ရာတွေ့သိသရွေ့သာ ရိုးသားဖြူစင်စွာ လက်တွေ့ကျကျ တင်ပြသည်။ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ဘာသာခြားပုဂ္ဂိုလ် တော်တော်များများတို့သည် သိပ္ပံ နည်းကျစနစ်တကျ ကောက်ချက်မချကြ၊ အလွယ်တကူ ယေဘူယျပြု၍ "ဗုဒ္ဓဘာသာတို့၏ ရည်မှန်းချက်ပန်းတိုင်သည် ဘာမှမဟုတ်သော နိဗ္ဗာန်ဖြစ်နေ၍ အဖျားရှုးနေသည်။ အချိုးနှိုးတည်း။ နိဗ္ဗာန်သည် ပျော့သလား၊ မာသလား၊ လူတိုင်းမှာ ဗောဓိဉာဏ်၊ နေရာတိုင်းမှာ နိဗ္ဗာန်၊ ဝိပဿ

နာ သမားသည် တကိုယ်ကောင်းသမား" စသည်ဖြင့် ဘာသာရေးနှင့်ပတ်သက်ပြီး ဆောလျင်စွာ ယောဘူယျ ပြုခြင်းတို့သည် ဓမ္မအန္တရာယ်လိုင်းကို ဝင်ရောက်နေသူများ မိမိတို့ကိုယ်ကို ထုတ်ဖော် ကျေညာရုပင် ရောက်နေပါသည်။ ထို့ကြောင့် မည်သည့်အရာကိုမဆို အလွယ်တကူ ကောက်ချက်ချ ဝေဘန်သမ္မာမပြုကြဘဲ လေးလေးနက်နက်ဆင်ခြင်ပြီးမှ လက်တွေ့ လုံလောက်အောင် စမ်းသပ် စိစစ်ပြီးမှ (တနည်း) နှိုင်းနှိုင်းချိန်ချိန် သုခမိန်သို့ ပညိဒ်ဆိုသည် သိမ်မွေ့စေ ဆိုဘိသကဲ့သို့ အကျိုးအကြောင်း အဆိုးအကောင်းကို ပိုင်းခြားဝေခွဲနိုင်သော ဉာဏ်ပညာ ရင့်သန်အောင် ကြိုးစား တည်ဆောက်ပြီးမှ တန်ရာတန်ရာ ဝေဘန်သင့်ကြသည်သာ ဖြစ်ပါကြောင်း။

မေတ္တာသစ္စာဖြင့်

နန္ဒိဝံသ

ဒိဋ္ဌိသတ် တဏှာသတ်

[၁၃၃၉ ခုနှစ် နယုန်လဆန်း (၁၂) ရက်၊ ဧနေနှုတ်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိုဂုံဘုရားတောင်ဘက်ရှေကျင်ဓမ္မာရုံ၌ သန္တိသုခဆရာတော်ဦးနန္ဒဝံသ ဟောကြားတော်မူသော "ဒိဋ္ဌိသတ်တဏှာသတ်" တရားတော်ဟောစာ။]

ကဲ–ယနေ့ ဒိဋ္ဌိသတ် တဏှာသတ် တရားတော်မြတ်ကို ဟောမယ်၊ ခန္ဓာကိုယ်မှာ စွဲကပ်နေတဲ့ ဒိဋ္ဌိတွေ့တဏှာတွေကို ဘယ်လို သတ်ကြစတမ်း ဆိုတဲ့ နည်း နိဿျကို ယနေ့ဟောမယ်။

ခန္ဓာကိုယ်တဲ့–ခန္ဓာငါးပါး အစုအဝေးကြီးဟာ ဘုံအနုမတဂ္ဂ သံသရာက တပြောင်းပြန်ပြန် ကျင်လည်ကျက်စားပြီးတဲ့နောက်၊ အဝိဇ္ဇာတဏှာတွေနဲ့ ယှဉ်ဝဲပြီးတဲ့နောက်၊ သစ္စာ၄ပါးကို ပိုင်းပိုင်းခြားခြား ဉာဏ်သက်ဝင် ဆင်ခြင်ပြီး သိနိုင်စွမ်းအပိုင်အနိုင်မရခဲ့လို့ ရုပ်နာမ်ရရှိထားပြီ၊ ဒီဘဝမှာ ရုပ်နာမ်ကြီးရပြီ။ ဒီရုပ်နာမ်ကြီး

ရထား.တဲ့ ဒီဘဝမှာလဲမှားတဲ့အယူဝါဒတွေနဲ့ မလိုလားအပ်တဲ့၊ နိဗ္ဗာန်လမ်းက အပိုတ်အပင် အတားအဆီးတွေ၊ ကိုလေသာ အပူမီးတွေကို ဘယ်လိုနည်းနဲ့၊ ပယ်သတ်ပိုင်းဖြတ်၊ ငြိမ်းသတ်မယ်ဆိုတဲ့ တရားတော်ကို ယနေ့ဟောမယ်။

ခန္ဓာကြီးရှိတယ်၊ ဒီခန္ဓာကြီးဟာ အကျိုးတရားကြီး အဖြစ်နဲ့ သူ့သူ့ကိုယ်ကိုယ်မှာ ရထားကြပါတယ်။ ဒီခန္ဓာမှာ နာမ်ရယ် ရုပ်ရယ် ရှိပါတယ်။ ရုပ်နာမ်အစုအဝေးကြီးပေါ့။ ရုပ်ဟာလဲ "ငါ"မဟုတ်၊ နာမ်ကလဲ ငါမဟုတ်တဲ့ ရုပ်နာမ်ကြီးကို "ငါ" ထင်ကြတယ်၊ မရှိတဲ့ "ငါ" ကို အရှိလုပ်ကြတဲ့ အတွက် ဒုက္ခကြုံရတယ်။ ငါပြုတ်သွားပြီဆိုရင်၊ ငါကို ဝန်းရံနေတဲ့ ဒုက္ခတွေလဲ ပြုတ်သွားမှာဘဲ။ ယနေ့တော့ ငါနှင့်တကွ "ငါ"မှာ ဝန်းရံနေတဲ့ဒုက္ခတွေ အပြတ်ဖြတ်ဖို့ရာအတွက် ကြိုးစားကြရမဲ့ တရား၊ နှလုံးသွင်းကြရမဲ့ အချိန်အခါကြီးဆိုရင် မမှားဘူး။ မိမိကိုယ်ကို၊ ဒီရုပ်နာမ်ကြီးကို "ငါ" မဟုတ်ဘူးဆိုတဲ့ တရားတော် မြတ်ကို ယနေ့နာကြားရင်း ကျင့်ကြံအားထုတ် ဆင်ခြင်သုံးသပ် နှလုံးသွင်း ပွားများရမယ်။

အတိ ်ဘဝတွေက၊ အယောနိသော မနသိကာယဆိုပြီး နှလုံးသွင်းမှားခဲ့ကြတဲ့အတွက်၊ ဒီဘဝဒီရုပ်နာမ်ခန္ဓာကြီး ရထားကြတယ်။ ရလာတော့၊ မြတ်စွာဘုရားရဲ့ သာသနာတော်ကြီး ထွန်းလင်းတောက်ပနေချိန်မှာ မိမိတို့က မနုဿလူသား ဖြစ်နေတော့ အတော်ကုသိုလ်ကံထူးတယ်လို့ သတ်မှတ်ရပေလိမ့်မယ်။

အကြောင်းကတော့ ဒီအချိန်မှာ သာသနာတော် မဆင်တ်သုန်းတဲ့ အတွက် မိမိတို့က သစ္စာလေးပါးကို ထိုးထွင်းပြီး သိနိုင်တယ်။ ကျင့်ကြံအားထုတ်လို့ ကိလေသာများ ကြားမခိုဘူးဆိုရင်၊ အလျင်အမြန်နဲ့ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်တွေ့ ကိုယ်တိုင်မျက်မှောက်ပြု၊ ကိုယ်တိုင်ခံစားနိုင်တယ်။ မြတ်စွာဘုရား တရားတော်ဟာ တိကျတယ်နော၊ တိကျတယ်၊ စစ်မှန်တယ်၊ နက်ရှိုင်းတယ်၊ လေးနက်တယ်၊ သိမ်မွေ့တယ်၊ နူးညံ့တယ်၊ အသိဉာဏ်တယ်။ ဘယ်လောက် အသိဉာဏ်သလဲ ဆိုတော့ မြတ်ဘုရား အမိန့်ရှိတယ်။ ယုဇနာပေါင်း ရှစ်သောင်း လေးထောင်အထုရှိတဲ့ မြင့်မိုရ်တောင်က သဲပွင့်လေးတွေပြုမလို့၊ သို့သော်လဲ ဒီသဗ္ဗညုတဉာဏ်တွေက မျက်စိမှုန်တော့ အတော်ခက်တယ် ဆိုပြီးတော့ မြတ်ဘုရားကိုယ်တိုင်က သတ်မှတ်ရှာရတယ် မဟုတ်လား။ ဒါကြောင့် အင်မတန်တိကျ၊ စင်ကြယ်သန့်ရှင်းတဲ့ ဒီတရားတော်မြတ်ကို ယနေ့နာရမယ်။

ကောင်းပြီ။ ရုပ်နံ့ဝမ်ရထားတဲ့ ဒီခန္ဓာကိုယ်ကြီးထဲမှာ၊ "ငါ"ဆိုတဲ့ သဘောလေးကို ဉာဏ်နဲ့ဆင်ခြင် စဉ်းစားပြီးတဲ့နောက် လှည့်ပတ်ရှာလို့ရှိရင်၊ ငါဆိုတဲ့သဘောလေးကို မတွေ့ဘူး၊ ရုပ်တရားကလဲ ရုပ်တရား အစုအဝေးလေးတွေသာဖြစ်မယ်။ မဟာဘုတ် ၄ ပါး အဖွဲ့အစည်းကြောင့် ဖြစ်လာရတဲ့ သွေးပြည်သလိပ် အစာသစ်၊ အစာဟောင်း ရိုးတွင်းခြင်ဆီတွေနဲ့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ် စက်ဆုပ်ဘွယ်ရာ၊ အကောင်

ဦး သေမင်းလက်ဝ ကွက်အပ်ရမှုဖြင့် သူ့မှာသမီးပြား မန္တစီ [illegible] ပုပ်ကြ
ဆိုင်းလို့ မကိုက်ဘူး။ အပုပ်ကောင်ကြီးဘဲ၊ ဒီဟာကြီးကို နာရီ
ပုပ်ရင် လုပ်တဲ့ပုဂ္ဂိုလ် ဒုက္ခဖြစ်သွားမှာပေါ့၊ ဘာကြောင့် ငါလ
ဆိုရင် သူဟာ ရူပ်သဘောသဘာဝကြီး၊ သူ့သဘောနဲ့သူ မိုလဲ
ကျန်ပြန်တယ်။ သူ့သဘောနဲ့ သူ ပြကတော့ အရှိအခြေအနေမှ ဖော
ဖြစ်သွားတယ်။ သူ့သဘောနှင့်သူ ပျက်စီးနေပါတယ်။ သူ့ သွေ
ဘာနဲ့သူ အချင်းချင်း ပြုပြင်စီရင်ပြီးတဲ့နောက် ဓာတ်ကြီး သ
းပါ။ ဖွဲ့စည်းတာ၊ သူ့အကြောင်းနဲ့ အကျိုးဖြစ်နေကြတယ်။ လေ
ါတနယ်က ဓာတ်ကြီးတွေ၊ သခ်ၢတဆိုတာ၊ အကြောင်းနဲ့ သ
ျိုးနဲ့ ဖြစ်နေတဲ့နယ်ပယ်က သခ်ၢတဘဲ။ အသခ်ၢတဆိုတာ အ
တာ့ ဟိုပရမတ်နိဗ္ဗာန်မှ၊ အသခ်ၢတ၊ က

ကောင်းပြီ။ယနေ့တော့ဖြင့်ဒီဌိသေရမယ်၊ဂီဌိသေအောင် ကျ
ုံးကြ အားထုတ်တော့မယ်လို့ နှလုံးသွင်း ရင်းနဲ့ နာကြပါ။ ကို
ယ်တိုင်လဲ ဥာဏ်သက်ဝင်ဆင်ခြင်ပါ၊ တရားရှာ ခန္ဓာမှာတွေ ဆို
လို ကိုယ့်ရဲ့ခန္ဓာမှာ တွေ့ပါလိမ့်မယ်၊ ခန္ဓာက ပြပါတယ်။ ကြ
သ့်တဲ့သူကသာ ဥာဏ်ပညာလေးနဲ့ ကြည့်တတ်ဖို့ အရေးကြီး မှာ
ပါ။ ခန္ဓာကတော့မိနစ်မလပ်၊စက္ကန့်မလပ်၊လက်ဖျစ် တတ္တတ် ဥာ
တောင် အကြိမ်ပေါင်းများစွာ ပြနေရှာတာ၊ သို့သော် မိမိ ခန
ဏ်ပညာနဲ့ ဆင်ခြင်မိတဲ့အချိန်ရှိသလို၊ ဒီဥာဏ်ပညာနဲ့မယှဉ်တဲ့ အ
ချိန်ကော၊ ကိုလေသကြားခိုသွားတဲ့ အချိန်တွေရှိတယ်။ မောဟ
ဦးဘေးဖုံးလွှမ်း သွားတာဘဲ။

ကောင်းပြီ။ ဒီ ရုပ်ဓာတ်ကြီးကလဲ "ငါ" မဟုတ်တဲ့ အကြောင်း ကောင်းကောင်းကြီးသိနားလည်ပြီ။နာမ်ခန္ဓာကြည့်ပြန်တော့လဲ သူဟာ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ၊ ဝေဒနာကွန္ဓာ၊ ဝိညာဏကွန္ဓာ ဆိုတဲ့နာမ်ခန္ဓာ ၄ ပါးကလဲ၊ သူမှတ်သားစရာရှိတာတွေ၊ မှတ်သားထားတာနဲ့၊ အဲဒါကို မေ့ပျစ်ဆိုလို့မရဘူး။ သူစဲ့လမ်းပြီး မှတ်ချင်တာကျတော့ မှတ်ထားတယ်။ သူခံစားချင်တာကျတော့ ခံစားတာဘဲ၊ မိမိက မခံစားပါနဲ့ဆိုလို့ မရဘူး။ သူပြုပြင် စီရင်ချင်တာကျတော့ ပြုပြင်စီရင်နေတာဘဲ။ မိမိက မပြုပြင်မ စီရင်ပါနဲ့ ဆိုလို့မရ၊ သူသိမှတ် ဆုံးဖြတ်ချင်တာကျတော့လဲ သိမှတ်ဆုံးဖြတ်နေတာဘဲ။ သူ့သဘာဝအတိုင်း၊ အော်တိုမက်တစ်နည်းနဲ့ ပေါ်လေ။သူ့သဘောနဲ့ သူ လိုက်လျောညီထွေဖြစ်နေတဲ့ ဒီရုပ်နာမ်တရားအစုံကို ငါရယ်လို့ မမှတ်ကြနဲ့။ မြတ်စွာဘုရားက ဟောတော်မူခဲ့တယ်။ ရုပ်နာမ်သဘာဝကြီးကို ဉာဏ်ပညာနဲ့ ထိုးထွင်းဆင်ခြင်မှသိမယ်။ သညာလေးနဲ့တော့ မသိဘူး။ ဘာကြောင့်လဲ ဆိုတော့ သညာဆိုတာကိုက နာမ်တရား၊ သညကွန္ဓာ မှတ်တတ်တဲ့ သဘော၊ သညာနဲ့ကြက်တူရွေးလို၊ အနီစ္စ၊အနီစ္စ၊ ဖြစ်ပျက်၊ဖြစ်ပျက်၊ဆိုလို့ ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုလို့ ၊ အာနာပါန ဆိုလို့ ၊ သညာနဲ့တင်တော့ ကိစ္စမပြီးဘူး၊ ဉာဏ်ပညာနဲ့မှ ကိစ္စပြီးမှာ။ ဒီဌိုကို သတ်နိုင်တာ ဉာဏ်ဘဲ၊ ဒီဉာဏ်ကို ဒီနေ့ဖေါ်ရမယ်။

ကောင်းပြီ။ ရုပ်တရား နာမ်တရားတို့သည် အကြောင်းအကျိုးတိုက်ဆိုင်ညီညွတ်သလို ဖြစ်ပေါ်လာတယ်။ ထိုရုပ်နာမ်

ကြီးအပေါ်၌ တချိန်က နှလုံးသွင်း မှားခဲ့ကြလို့၊ ငါ့ရုပ်ဘဝ်၊ နာမ်ဘဝ်လို့ အယူလွဲနေကြတာဖြစ်တယ်။ တကယ်တော့ ဒေါသ ဖြစ်စရာအကြောင်း တိုက်ဆိုင်လာရင်၊ ရင်ထည်းမှာ ထင့်ကနဲ ဖြစ်ပြီးတော့ လှုပ်ရှားလာမယ်။ နှလုံးတုန်။ ရင်ခုန် လာမယ်၊ သွေးများက လျင်မြန် ဖျတ်လတ်စွာ စီးဆင်း ပြီးတဲ့နောက် လှုပ်ရှားလာမယ်၊ မျက်နှာနီလာမယ်၊ လက်သီးဆုပ်လာမယ်၊ မျက်ထောက်နီလာမယ်၊ စကားသံမာကျော၊ ပြတ်တောင်းပြီး တင်းလာမယ်၊ အသံကျယ်လာမယ်၊ ဒီလိုဖြစ်သွားတာ ဒေါသက စေခိုင်းလိုက်တာကိုး။ ကောင်းပြီ ဒေါသကြောင့် ဖြစ်ရတုန်း ဆိုတော့၊ သူ့အကြောင်းကြောင့် အကျိုးဖြစ်ရတဲ့ ဒေါသ တရားလေး၊ ငါမပိုင်ဘူး။ ငါက ဒီဒေါသ မဖြစ်ချင်ဘူးဆိုလဲမရ ဘူး။ လူတယောက်ဟာ ဒေါသ ဖြစ်စရာကြုံလို့၊ ဒေါသဖြစ် စရာ အလားအလာတွေရှိရင်၊ ဒေါသဖြစ်ကို ဖြစ်တာဘဲ။

ဒေါသ ဖြစ်ရလေခြင်းလို့ သတ်မှတ် ချုပ်လွန်ရာ ကျပါတယ်။ အရေးကြီး ဒါကို ငါတော့ ဝ

လိုက်ရင်–ဒုတိယအမှား က

ပါတယ်နော။ ရုပ်နာမ်ခန္ဓာ

နာမ်ခန္ဓာမှာ ဖြစ်ပေါ်နေ

ထားရင် ငါ့စိတ်ဟာပျံ့လ

တယ်ဆိုတော့၊ စိတ်ပျက်

ဆိုတော့၊ နှစ်ထပ်ကွမ်း၊

မြတ်ဘုရားရဲ့ တပည့်သာ

မြတ်ကြီး ရဟန္တာဖြစ်သွား

ကိုပ်ကိုင်ထားရင် ပြန်တယ်၊ ပျံ့လွင့်လို့ စိတ်ပျက်တာလဲငါဘဲ။ ပြန်လွင့်တာလဲ ငါဘဲ ကြီးထပ်တွမ်း နှစ်နှာ သွားပါတယ်။ ဝက ဖြစ်တဲ့ အင်္ဂလိမာလ ကိုပ်ကောင်တာ ကိုဆင်ခြင်ကြည့်လိုက်ပါ။ ရုပ်နာမ်

ဟာ ရူပ်နာမ်တဘောကြောင့် ဒီလူပ်ရှားရတဲ့ ဤသခ်ါးတရား တို့သည် အရိယာဥာဏ်မျက်လုံးနဲ့ကြည့်လိုက်တော့ ငါမဟုတ်ဘဲ အကြောင်းကြောင့် အကျိုးဖြစ်ရတဲ့၊ ဒီရူပ်သဘောနာမ်သဘော တို့ရဲ့ သဘောသဘာဝတွေပါလား၊ငါ သည်အမှန်မလို့ ဤကဲ့သို့ မကောင်းမှုအကုသိုလ်တွေကျူးလွန်ခဲ့၏။ ငါသည် ယနေ့အမှန် သိသောအခါ အကုသိုလ် အမှုမျှားကို ကျူးလွန်ခြင်း အမှု မပြုတော့။ ပိုင်းဖြတ်လိုက်ပြီလို့ ဥာဏ်သက်ဝင်လိုက်တယ်၊ ရှေ့က ဒုက္ခတွေဖြစ်ပေါ်လာတာ ဥာဏ်နဲ့ဖြတ်ချလိုက်တယ်၊ ရူပ်နာမ် သဘောကို အသေအချာစဉ်းစားလိုက်ရင် ရှေ့က ဖြစ်ပေါ်လာ တာတွေဟာ ငါမဟုတ်ဘူး။ ဒီရူပ်နာမ်သဘောတောင်းဆိုတာ တွေဟာ ဘုရားဟောနဲ့ မကိုက်ညီဘဲနဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ တဏှာရာဂ၊ဒိဋ္ဌိတွေဆိုရင် သူတို့ကိုသတ်၊ အလို ကိုမလိုက်နဲ့၊ သေအောင်သတ်၊ ငါမဟုတ်ဘူး ဒီနေရာမှာ ကြုံခိုင်ဘို့အရေးကြီးပါတယ်။ တသံသရာလုံးက စွဲကပ်ငြိတွယ် ယှဉ်တဲ့လာတဲ့ဒီ"ငါ"သဘောသညာဟာ ဒီနေရာမယ် ဥာဏ်နဲ့ ပယ်သတ်ရမယ်ဆိုတော့ ခံတန်တန် ရှိနေတတ်ပါတယ်၊ အဲဒီ အခါမှာ ဥာဏ်ရှင်ပြီ၊ ဒီတရားတွေဟာ ဆင်းရဲတဲ့ ဒုက္ခသဘော၊ မမြဲတဲ့သဘော၊မပိုင်မဆိုင်တဲ့သဘောတွေ ဖြစ်တယ်၊ မ်မိတို့သည် လက္ခဏာရေးသုံးပါးကို ဆင်ခြင်နှလုံးသွင်းမှု အင်အားနည်းနေ သေးရင်၊ ဒုက္ခကို ဒုက္ခမှန်းမသိနိုင်၊ ဒီတရားတွေ ပျက်သွားလို့ ပျက်သွားမှန်းမသိနိုင်၊ ဒီတရားတွေပျက်သွားလို့ မိမိမပိုင်ဆိုင် တာကို မ ပိုင်ဆိုင်မှန်း မသိနိုင် ဘဲနဲ့ ဝိဇ္ဇာဥာဏ် အင်အား နည်းနေမယ်။

နောက်မှ ဒီတရားတွေရဲ့ လွှမ်းမှုဒဏ်ခံနေရရင်၊ မိမိသည် သားသနာမှာ ခိုလှုံခွင့်ရပေတဲ့ တကယ် အေးမြတဲ့ ချမ်းသာတဲ့၊ စင်ကြယ်ကြည်လင်တဲ့ မဂ်ချမ်းသာ ဝင်ငြိုလ်ချမ်းသာတော့ ရနိုင်လိမ်မယ်မဟုတ်ဘူး။

ဒါကြောင့်မို့ ဇဲသတ္တိုလေးနဲ့ မိမိ ခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပေါ်လာတဲ့တရားတွေကို မိမိက တည်တည်ငြိမ်ငြိ မ်သုံးသပ်ရမယ်။ အော်-ဒီသဘောတွေဟာ ဘယ်လို အချင်းအရာတွေလဲ၊ သူတို့ ဘာတရားဓမ္မသဘာဝသဏ္ဌာနတရားတွေဘဲ၊ အော်–ဒီလို သဘောဟာ ဒီလိုရှိသကိုး။ အကြောင်းအကျိုး တိုက်ဆိုင်သလို ဖြစ်တတ်သကိုး။ စိတ်ဆိုတာ တည်ငြိမ်တဲ့အခ ါတည်ငြိမ်လိုက်၊ ကျေနပ်စရာတွေ့တဲ့အခါ ကျေနပ်လိုက် ၊မကျေနပ်စရာတွေ့တော့ ဒေါသဖြစ်လိုက်နဲ့ ဖြစ်တတ်တဲ့ သဘာဝတွေပ ါလားလို့ ဥာဏ်လေးနဲ့ ဆင်ခြင်သုံးသပ်ရမယ်။ ဥာဏ်နဲ့ကွပ်ကဲရမယ်။

အဒ္ဌတ္တဘဝင်မနောဟဒယမှာ ဖြစ်ပေါ်လာတဲ့ ဒီစိတ်၊ ဒီနာမ်တရားလေးတွေကို ဥာဏ်နဲ့စူးစိုက်ဆင်ခြင်ပြီး နားလည်နေရမယ်။ အော်-ဒီနာမ်တရားလေးဟာ အကြောင်းနဲ့အကျိုး တိုက်ဆိုင်လို့ ပေါ်လာတယ်။ "ငါ" မဟုတ်ပ ါလား၊ "ငါ" ကမပူနဲ့ဆိုလဲ ရင်ထည်းမှာ ပူချင်ပူလာတာ၊ သောကတွေ၊ ပရိဒေဝတွေ၊ ဒုက္ခတွေ။ ဒေါမနဿတွေ၊ လောင်ကျွမ်းပူဆွေးတာဝတ္ထု ဒီရင်ဝိုမှာ ပေါ်ချင်ပေါ်လာတာ၊ မပေါ်ပါနဲ့ဆို

လို့မရပါလား၊ ဒီပေါ်လာတဲ့ တရားတွေဟာ သူ့သဘာဝနဲ့ သူ့ပျက်စီး ချုပ်ငြိမ်းသွားတာဘဲ။ အတိတ်ကိုပြန်လည်သုံးသပ်ကြည့်ရင် သောကလဲပေါ်ခဲ့ပြီ၊ပိုကိုလဲပေါ်ခဲ့ပြီ၊သောကလဲမမြဲတဲ့တရား ဖြစ်ခဲ့ရာကယ်၊ ပိုကိုဘာပရဘာဝဲ ပယ်ဖျက်ရေးတရားဖြစ်ခဲ့ရာကယ်၊

သည်ဘို့ ရှုသတ်ရမယ်။ ဥာဏ်ကိုသုံးရမယ်။ စိတ်ထည်းမှာတင် "ငါ" နဲ့တွဲမနေရဘူး။

ဒီစိတ်တည်းဟူသော "ငါ"သည်ကို ဥာဏ်နဲ့ရှုချလိုက်ရမယ်။ ရုပ်နာမ်က အလေ့အကျင့်ရှိနေတော့ တောင်းဆိုလာလိမ့်မယ်၊ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ ဟဒယမှာပေါ်လာပါလိမ့်မယ်။

အဲဒီလိုအခါမှာ ဥာဏ်နဲ့ယှဉ်နေရမှာက အော်....ဒေါသဆာ့ အခြောင်းဘိုက်ဆိုင်လာလို့ ပေါ်လာပြီ၊ သူတို့ဟာ အပျက်တရားတွေ၊ ဖြစ်ပေါ်လာရင် ပျက်စီးရမယ်ဆိုပြီးဥာဏ်အောက်မှာ ဘဝင်မှာဖြစ်ပေါ်လာတဲ့ ဒေါသလေးကို စူးစိုက်ရှုသတ်လိုက်ရင် ဒီဒေါသလေးဟာ တဖြည်းဖြည်းနဲ့ ငြိမ်သက်သွားပါမယ်။ ဒီတော့ စိတ်ရဲ့အလုပ်ဟာ မှတ်ရုံဘဲမှတ်တယ်၊ သိရုံဘဲသိတယ်။ မရှုသတ်ဘူး၊ မှတ်ရုံသိရုံနဲ့ ကိစ္စကမပြီးဘူး၊ အနိစ္စပေါ်သွားအောင် မြင်သွားအောင် ရှုသတ်ရမယ်၊ အဲဒါ ဥာဏ်ဘဲ၊ ဥာဏ်လုပ်ငန်းပါဘဲ။ ရုပ်နာမ်ကတော့ သူ့သဘာဝ သူပေါ်မှာဘဲ။ ဒီရုပ်နာမ်ကို ငါလို့ စွဲမထားပါနဲ့။ "ငါ"လို့ ခွဲထားရင် ခိုင်မာသလိုလို မြဲသလိုလို အလိုလိုက်ပေးရမလိုလို နှစ်သက်ရမလိုလို ခင်ရမလိုလို ငဲ့ရမလိုလို့ သာယာသလိုလိုဖြစ်လာလိမ့်မယ်၊ အသတ်ရ ခက်လာမယ်။

ဒါကြောင့် ငါလို့မယူဘဲ ရုပ်တရား နာမ်တရားရဲ့ ဖြစ်ပေါ်လာတဲ့ ဒုက္ခလို့သာ ယူလိုက်ပေတော့၊ "သဗ္ဗေသင်္ခါ

ရဒုက္ခ” လို့မြတ်ဘုရားဟောမိန့်တော်မူခဲ့တယ်။ ခပ်သိမ်းကုန်သော ဖြစ်ပေါ်လာတဲ့တရားတို့ဟာ ဆင်းရဲတယ်။ ဒုက္ခသစ္စာတဲ့၊ ဆင်းရဲတာအမှန်ပါကဲ၊ ဒါကိုဆင်းရဲတယ်လို့ ဟောနေတာဟာ ဒီထက်ချမ်းသာသာ ရှိနေလို့မှတ်ပါ၊ ယနေ့ ဝိပဿနာ တရားကိုနားကြားပြီး၊ ကျင့်ကြံအားထုတ် နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်များ ကြိုတင် သိနားလည်ထားရမှာက ဒီရူပ်နာမ်ဟာ ဆင်းရဲတယ်လို့ ရှေဘုန်းတော်ရှင် မြတ်စွာဘုရားသခင်နှင့်တကွ ရဟန္တာသူဘော်စင် ကိုယ်တော်ကြီးများ အသီးသီးတို့က ဟောမိန့်ခဲ့ကြခြင်းသည် ဤ ရူပ်နာမ်ဟာ ဒုက္ခဆိုသည်၊ ဤရူပ်နှာမ်ချုပ်ဆုံးသွားခြင်းသည် ဒုက္ခချုပ်ဆုံးလို့ ;နိ်ရောဓသစ္စာပေါ်မှာမို့ ချမ်းသာစစ်ချမ်းသာမှန်ပေါ်မှာမို့ ဒါကို ဒုက္ခလို့ဟောနေခြင်း ဖြစ်ပါတယ်။

ဒီဒုက္ခချုပ်ရင် ဒုက္ခချုပ်ခြင်းရဲ့သဘောကို သိရမယ်။ နိ;ရောဓသစ္စာကို ပေါ်လာရမယ်။ ဒုက္ခသစ္စာချုပ်ငြိမ်းသည်နှင့် တပြိုင်နက် နိ;ရောဓ်သစ္စာပေါ်ရမယ်။ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်းသိမှ ဒီဌိနဲ့ မယှဉ်တဲ့ဉာဏ်ပေါ်မယ်။ ဒါကြောင့် ဒီဌိကိုသတ်နဲ့ ပုဂ္ဂိုလ်များသည်၊ မိမိ၏ အဇ္ဈတ္တရူပ်နာမ်ပေါ်မှာ ပေါ်လာတဲ့ ဒီတရားလေးတွေ့ကို ငါလို့မယူနဲ့။ ငါ့စိတ်နယ်နော် ပ္ပံ့လွင့်လိုက်ဟာ၊ ငါ့စိတ်နယ်နော် ဘာဖြစ်လိုက်တာ၊မလုပ်ပါနဲ့၊“ငါ” မဟုတ်ပါဘူး။ ;ငါဆိုတာက နာမ်တရားပေါ်မှာ တဲ့နေတဲ့ “သညာ” ဘဲ။

တကယ်တော့ ငါ မဟုတ်ဘူး၊ သူကဒုက္ခရုပ်နာမ်ဘဲ။ အဲဒီ လိုကိုယ်ရုပ်နာမ်ကို ပီပီပြင်ပြင်၊ ပြတ်ပြတ်သားသား ပိုင်းခြားနား လည်ဆားရင် ဒီရုပ်နာမ်မှာ ဘာပေါ်ပေါ် ရှိသာရှိ သူ့အလို မလိုက်တော့ဘူး။ အလိုကိုမလိုက်၊ အကြိုက်မပေးတဲ့အတွက် အလို လိုက်လို့ အမိုက်စော်ကား ဖြစ်လေ့ဖြစ်ထရှိတဲ့ လောဘ၊ ဒေါသ၊ မောဟတွေဟာ လျော့နည်းသွားတယ်။ ဒါလဲမမှ တာ သဘာဝပါဘဲ။

လောဘကို အလိုလိုက်လေ လောဘကြီးက တက်လေ လေ၊ ဒေါသကို အလိုလိုက်လေ ဒေါသကြီးက တက်လေလေ။ လောဘကို မင်းဟာ ငါမဟုတ်ဘူး။ ဒုက္ခလို့ ဉာဏ်နဲ့ ဆင်ခြင် လိုက်တဲ့အခါမှာ ဒီဒုက္ခတရားလေးဟာ တဖြည်းဖြည်းနဲ့ သေး သွားတယ်၊ မှေးသွားတယ်၊ မှိန်သွားတယ်၊ နောက်ဆုံး ချုပ် ငြိမ်းသွားတယ်။ သူ့ကို အားမပေးတော့ဘူး၊ သူဟာ ဒုက္ခ တရား၊ ဒီဒုက္ခဆုံးရင် ဟိုမှာ သုခရှိတယ်။ သန္တိသုခဆိုတဲ့ တကယ် စင်ကြယ်သော ငြိမ်းအေးတဲ့ ချမ်းသာစစ် ချမ်းသာမှန်ရှိတယ်။ ဒီဘက်မှာတော့ ကိုလေသာ အပူမီးတွေနဲ့ ယှဉ်တွဲနေတယ်။ ဒီယှဉ်တွဲနေတဲ့ ရုပ်နာမ်ရဲ့ သဘော သဘာဝကို ဉာဏ်နဲ့ တကယ်ထိုးထွင်း ဉာဏ်နဲ့ ဆင်ခြင်ကြည့်တဲ့အခါ၊ အော်....ငါ့ အဇ္ဈတ္တာဘဝင်မှာ ဖြစ်ပေါ်လာတာတွေဟာ အကြောင်းအကျိုး တိုက်ဆိုင်လို့ ဖြစ်ပေါ်လာတယ်။

ငါ ဖြစ်ချင်လို့လဲ ဖြစ်တာ မဟုတ်၊ သူ့အကြောင်း ကြောင့် သူ့အကျိုးဖြစ်တာပါလားလို့ ကြောင်းကျိုး သိလိုက်

ရင် ဒီဋ္ဌိသေပါတယ်။ ဒါကြောင့် အကြောင်းအကျိုးကိုသိနား လည်ဘို့လိုတယ်။ အကြောင်းကြောင့် အကျိုးဖြစ်တာ မိမိရဲ့ အဒ္ဓတ္တဘဝင်မှာ ဖြစ်ပေါ်လာတဲ့ လောဘ၊ ဒေါသ၊ မောဟ တွေဟာ အကြောင်းကြောင့် အကျိုးဖြစ်နေတာ ဒါကြောင့် ငါမဟုတ်တဲ့ ဤအကြောင်းအကျိုးဖြစ်ပေါ်လာတဲ့ ဒုက္ခဘဝတို့သည် အနိစ္စ ဒုက္ခသုညဘာဝါတဲ့ ဒုက္ခဘဝတို့ဟူသည် မလဲ့ မသေ့ ပျက်စီးပါ၏။ ပရမံ ဒုက္ခံ အနတ္တာ။ ထပ်မံ၍ စဉ်းစား ဆင်ခြင်လိုက်သည်ရှိသော်၊ ဤဒုက္ခတရား၏ အပျက်တို့ကို မိမိ သည် ဟန့်တားခြင်း၊ လွှမ်းမိုးခြင်း၊ ထိန်းချုပ်နိုင်ခြင်းငှာ မတတ်နိုင်၍ မိမိ မပိုင်ပဆိုင်သော တရားများသာ ဖြစ်ပါ၏။ ဒီလို ဉာဏနဲ့ သုံးသပ်လိုက်တယ်။

အဲဒီ သုံးသပ်လိုက်တဲ့ ဉာဏ်မှာ ဒီဋ္ဌိ မယှဉ်တော့ဘူး၊ ဒီဋ္ဌိဆိုဘာကို အဒ္ဓတ္တဘဝင်မှာ တစုံတခု ဖြစ်ပေါ်လာရင် ဒါ ဟာငါဘဲလို့ သတ်မှတ်လိုက်တယ်။ ပြီးတော့ ဒီငါကို သနား တယ်၊ ငဲ့ညှာတယ်၊ ကြင်နာမယ်၊ ထောက်ထားမယ်၊ အလိုလိုက် မယ်၊သူ့ကိုငါလို့စဲ့မယ်။ဒီငါကြီးနဲ့ ဒီကိုယ်လေသာတရားတွေနဲ့ရုပ် နာမ် အဖြစ်တရားကြီးတွေကို မိမိက သိမ်းပိုက်လိုက်မယ်၊ ခိုင်မြဲ တယ်၊ သာယာဘွယ်ရာ၊ တွယ်တာဘွယ်ရာလို့ အောက်မေ့လိုက် မယ်ဆိုရင်တော့ ဒီဋ္ဌိတွေနဲ့ ယှဉ်သွားရော။

အဲဒါဆို ဒီပဋိဂ္ဂိုလ်ရဲ့ သံသရာ ဘဝခရီးဥာ်ကြီးမှာ လျှောက်ဖို့အတွက် မလွယ်ဘူး၊ ဒီအဒ္ဓတ္တဘဝင်ကို ငါလို့ထင်

နေရင် ဒီအဝိဇ္ဇာတဏှာဒီဋ္ဌိကြီးနဲ့ သွားနေမှုဖြင့် ဒီဋ္ဌိဆိုတာ ကမ္ဘာပြောင်းတောင် လှည့်ခံရတယ်။ အင်မတန်ဆိုးဝါးတဲ့ဒီဋ္ဌိ ပါ။ ပဠာနဒီယကံမှ ကမ္ဘာပျက်ရင် ပြီးသွားရော၊ ဒီဋ္ဌိကမပြီး ဘူး၊ ကမ္ဘာပျက်လဲလှည့်ခံရတယ်ဆိုတော့ အတော်ဆိုးတဲ့ ဒီဋ္ဌိ၊ ဒီဒီဋ္ဌိကို ချေနိုင်မှ ဒီဋ္ဌိချေနိုင်ဘို့ဆိုတာလဲ အနတ္တ ဉာဏ်ရမှ၊ အနတ္တဉာဏ် ရဘို့ဆိုတာလဲ ဒုက္ခကိုဒုက္ခမှန်း ပိုင်းပိုင်းခြားခြား ဉာဏ်သက်ဝင် ဆင်ခြင်နိုင်ပြီးတဲ့နောက် ဒီဒုက္ခရဲ့ အပျက်ကိုရှု နိုင်မှ အနတ္တဉာဏ်ရမယ်။

ဒုက္ခပျက်တာကို ဉာဏ်နဲ့မြင်သွားမှ ကိုယ်မပိုင်လို့ဆိုပြီး အနတ္တဉာဏ်ပေါ်တက်မယ်။ အနတ္တဉာဏ်ပေါ်တက်ဖို့ ဒုက္ခကို ဒုက္ခမှန်း ရေရေ လည်လည် ပိုင်ပိုင် နိုင်နိုင် ဃသော ချာချာ ဂဃ နဏ

မြဲနေနိုင်တဲ့ သဘောမဟုတ်။ သင်္ခါရ သဘောတွေ ဖြစ်တယ်။ သင်္ခါရ လောက နယ်ပယ်က သဘောတွေ ဖြစ်တယ်။ ဒါကြောင့် နှိပ်စက်ဖို့ တာစူနေတဲ့ ရူပ်နာမ်ကြီးဟာဖြင့် မမြဲတဲ့ သဘောတွေ၊ မပိုင်တဲ့ သဘောတွေ၊ မဆိုင်တဲ့ သဘောတွေ ဆိုပြီး ဉာဏ်နဲ့ရှုသတ်လိုက်ပါ။ ရူပ်နာမ်ဆိုတာ အနိစ္စဝရ သင်္ခါရ ဖြစ်ပေါ်လာတဲ့ ဒီတရားတွေဟာ မမြဲတဲ့သဘောတွေဘဲ၊သင်္ခါရ သဘောတွေဘဲ။ ဝါတရားတွေမ ဥတ်ဘူး၊ မမြဲဘူးဆိုကတည်းက မပိုင်လို့၊ မပိုင်ရင် ဆိုင်လဲမဆိုင်ဘူး။ ဒီရူပ်နာမ်တွေဟာ ပျက်နေကြတာ၊ အခကြောင်းတိုက်ဆိုင်လို့ ပေါ်လဲပျက်နေကြတာ၊ အပျက်တရားတွေဘဲဆိုပြီး အပျက်ကြီး ဆင်ခြင်သုံးသပ်တဲ့အခါမှာ ဘဂ်ဉာဏ်ပြီး အိုပျက်ချည်းနေတာဘဲ မလိုချင်တောဘူးဆိုပြီး ဒုက္ခစရာကောင်းတယ် ဖြစ်လာမယ်၊ ဒီလို အပျက်ကို ငြီးငွေ့ပြီးလာတဲ့အခါမှာ နိဗ္ဗာန်ဉာဏ်ဝင်လာမယ်။

ဘာလုပ်တော့မလဲ ဒီရူပ်နာမ်ကြီးဟာ အိုလိုက်၊ နာလိုက်၊ သေလိုက်နဲ့ လူဖြစ်ဖြစ် နတ်ဖြစ်ဖြစ်၊ ဗြဟ္မာဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ် ဖြစ်ပေါ်လာ ပျက်စီးသွားတာဘဲ၊ အပျက်ကြီးဘဲ အပျက်တော့ ဘာလုပ်တော့မလဲလို့ ရှုလိုက်၊ သတ်လိုက်၊ ဖြတ်လိုက်တော့ အပျက်ကို မဖက်တွယ်တော့ အပျက်တရားကိုလွှတ်လိုက် နိုင်တယ်။ အပျက်တရားပေါ်မှာ ကျတဲ့ သမုဒယကို ဖြတ်တောက်ပစ်နိုင်တယ်။ဒီလိုဖြတ်လိုက်လျှင် ဖြတ်လိုက်ခြင်း အပျက်တရားကို မလိုချင်လျှင် မလိုချင်ခြင်း၊ မဂ်ဝင်သွားတယ်။ သူ့ကိုမလိုချင်လို့ ဖြတ်လိုက်တဲ့ အခါမှာ မဂ်ဝင်ကဲ့အခါမှာ ဒီရူပ်

နာမ်တော့ သွားပြီ၊ နေခဲ့တော့ အပျက်တရားကြီး၊ ဝဋ္ဋကောင်ကြီး၊ သေမင်းလက် ဝကွက်အပ်ရမှာ သွားပြီ၊ နေခဲ့တော့ဆိုပြီး သူ့ကို စွန့်ခွါလိုက်တဲ့အခါကျတော့ ဥာဏ်နဲ့သက်ဝင် ဆင်ခြင်ပြီးတဲ့နောက် ငြိမ်းအေးတဲ့ ဓာတ်တွေကို ထိုးဖေါက်ပြီးတဲ့နောက် အင်မတန် ငြိမ်းအေးကြည်လင်ပြီး ထာဝရ ဒုက္ခမှ ကင်းလွတ်တဲ့ နိဗ္ဗာန်ဓာတ်နဲ့ နီးစပ်နီးစပ်သွားမယ်။

နောက်ဆုံး ခန္ဓာကိုယ်က ပြဿားလိုက်တာဟာ ဒုက္ခချုပ်ငြိမ်းတဲ့ နိရောဓသစ္စာဆိုတာ ဒီသဘောဘဲ၊ ဒုက္ခတွေလဲ ငြိမ်းသွားပြီ၊ တဏှာတွေလဲ မရှိဘော့ဘူး။ ငြိမ်သက်သွားပြီ၊ ချမ်းသွားပြီ၊ တည်ငြိမ်သွားပြီ၊ ကြည်လင်သွားပြီ၊ ဝဋ္ဋတွေ ကျွတ်သွားပြီ၊ ဆင်းရဲမှုဟူသမျှ မြူမျှမရှိတော့ဘူး။ ၃၁ ဘုံက အပူမီးတွေ လာမဟပ်တော့ဘူး။ ပြကတိ တည်ကြည် ငြိမ်းအေးတဲ့ ဓာတ်ကို ဥာဏ်နဲ့ ထိုးထွင်းဆင်ခြင်ပြီး သက်ဝင်နိုင်တယ်။ အဲ့သလို ဥာဏ်နဲ့ဆင်ခြင် ထိုးထွင်းပြီး သက်ဝင်လိုက်တဲ့အခါမှာ နိဗ္ဗာန်ဓာတ်ရဲ့ ငြိမ်သက်မှုကို မျက်မှောက်ပြုလေလေ ခန္ဓာကိုယ်ပေါ်မှာ စဲကပ်နေတဲ့ တဏှာ ရာဂတွေက ကုန်လေလေ ခန်းလေလေ ဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ရုပ်နာမ်ဆိုတာ အလကားဘဲ၊ တွယ်တာစရာမဟုတ်၊ တပ်မက်စရာမဟုတ် ကပ်ငြိစရာမဟုတ်၊ ငဲ့စရာမဟုတ်ဘူးဆိုပြီး ဒီလိုသုံးသပ်ပြီးတော့ တကယ်အရှိတရားက နိဗ္ဗာန်ဘဲလို့ ဆင်ခြင်နိုင်တဲ့ သဘောတွေဖြစ်လာတယ်။

ဒါကြောင့်မို့ ဒီဒုက္ခမျိုးစုံပေးတဲ့ ဒီရုပ်နာမ်ကို ငါလို့ မစဲ့ဘဲနဲ့ ဒီရုပ်နာမ်ဟာ ဒုက္ခဖြစ်၍ ဒီဒုက္ခကြီးသည် မမြဲဘူး။

ပုဂ္ဂိုလ်မှုဘဝတဲ့ ဆင်ခြင်တွေး ပဂိုလ်၊ ဒီရယ်နှာမ်ကြီးဟာ ကမ္ဘာ့ သေမင်းလက် ဝင်ကွက်အပ်ရမှာမို့ အပျက်တရားကြီးဘဲ၊ မပိုင် မဆိုင်ဘူးလို့ သုံးသပ်တဲ့ပုဂ္ဂိုလ်သည် ဒိဋ္ဌိသေပါတယ်။ သို့လော သို့လော ဖြစ်နေတဲ့ ဝိစိကိစ္ဆာတွေပါပြုတ်ပြီးတဲ့နောက် မြတ်စွာ ဘုရားရဲ့ဂုဏ်တော်ကို ကြည်ညိုမယ်၊ လေးစားမယ်၊အော်-မြတ်စွာ ဘုရားသခင် သဗ္ဗညုတရှေ့ဘုရားတော်ရှင်ကြီးဟာ အင်မတန်မှ ကျေးဇူးတင်ဘို့ကောင်းပါလား၊ မဟာကရုဏာတော်ရှင်ကြီး၊ လူနတ်ဗြဟ္မာ သတ္တဝါတွေ ကျွတ်တန်းဝင်စေချင်တဲ့အာဇာတ် မိမိ ကိုယ် မိမိ အနှိပ်စက်အဆင်းရဲခံပြီး ရုပ်နာမ်မျိုးစုံကို ဖြတ်သန်း ပြီး သံသရာခရီးကြမ်းကြီးမှာ မိမိနဲ့တကွ သတ္တဝါတွေ ကျွတ်လွတ် ဘို့အတွက် ပါရမီ ၁၀ ပါး အပြား ၃၀ကို ကျင့်ကြံကြိုးစား အားထုတ် ဖြည့်ဆည်းခဲ့တဲ့ မြတ်စွာဘုရားသခင် သဗ္ဗညုတ ရှေ့ဘုရားတော်ရှင်ကြီး၊ အင်မတန်မှ တန်ခိုးတော် အနန္တ၊ ကံတော်အနန္တ၊ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တနဲ့ မဟာ ကရုဏာတော်ရှင်ကြီး၊ သဗ္ဗညုတရှေ့ဘုရားဆိုတာ ထာဝရအလုံး စုံကို ပြီးပြည့်စုံစွာသိပြီးတဲ့နောက် တသံသရာလုံးရဲ့ အခြေအနေ တွေကို ပြီးပြည့်စုံအောင် သိပြီးတဲ့နောက်မှ အော်–လူနတ်ဗြဟ္မာ သတ္တဝါတွေကို ငြိမ်းချမ်းစေဘို့အတွက် မဂ်ရေစင်တွေ ဖျန်းဘို့ အတွက် မဂ္ဂင်ဖောင်ကြီးကို ဖွဲ့စည်းဘို့ နည်းနိဿယျတွေကို သာသနာတော်တွင်းမှာ ထားတော်မူခဲ့တဲ့ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးတော်တွေကို နားလည် သဘော ပေါက်လာ ပြီး ဘုရား ကို ယုံ ကြည် သက် ဝင် သွားတယ်။

အော်–ဒီလို ပါရမီရှင်ကြီးဟာ အင်မတန် ပြီးပြည့်စုံမှာဘဲ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ အကျင့်မြတ်တည်ဘုံ ၍ ဥပဓိရုပ်ဟာလဲ ၃၂ ပါးသော မဟာပုရိသလက္ခဏာနဲ့ ပြည့်စုံတော်မူမှာဘဲ၊ မြတ်ဘုရားရဲ့ ဥပတိ ရုပ်တော်တွေနဲ့ ဥာဏ်တော်ကြီးတွေကို သံသယမဖြစ်တော့ဘူး။ အော်–ဒီလောကမှာ တရားဒီလိုရှိတယ်ကိုး၊ အကြောင်းခံရင် အကျိုးဖြစ်တယ်၊ အကြောင်းနဲ့အကျိုးက ဒွန်တွဲနေတာ၊ သစ္စာ လေးပါးဆိုတာ ဒီလိုရှိတယ်။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို ရှိပါကလား၊ လက္ခဏာရေး ၃ ပါးဆိုတာလဲ ဒီလိုရှိပါကလား–ဆိုပြီးတော့ တရားတော်မြတ်ရဲ့အပေါ်မှာယုံကြည်အားထားလာမယ်။ ဒီတရားတော်မြတ်သည် တကယ့် အပူလောင်ကျမ်းနေတဲ့ ရုပ်နာမ်တွေကို ငြိမ်းအေးဟဲ့ခေတ်ကို ပေးနိုင်ပါလားဆိုပြီး တရားတော်မြတ်ရဲ့ ဂုဏ်ကျေးဇူးတွေကိုလဲ မိမိဟာ ဥာဏ်သက်ဝင် ဆင်ခြင်ပြီးတဲ့နောက် တရားဟော်မြတ်ရဲ့ နှုးညံ့ပုံ၊ သိမ်မွေ့ပုံ၊ မြေပုံ သဘောတွေကို ထိုးထွင်းဆင်ခြင် ဥာဏ်သက်ဝင်ပြီးတဲ့နောက် တရားတော်မြတ်ကို ပူဇော်၊ အရိယာသံဃာတော်မြတ်တွေကလဲ အော်–ဒီသူတော်ကောင်းကြီးတွေ ဒီအာဇာနည် ပဂ္ဂိုလ်ကြီးတွေဟာ ၁၅၀၀ ကိလေသာ ကာမဂုဏ်ကို ပိုင်းခြားပြီးတဲ့နောက် ရုပ်နာမ်မှာ ကပ်ငြိနေတဲ့ တဏှာတွေ၊ ငါဆိုတာ၊ အတ္တတွေကို အမျိုးစုံ ဖြတ်တောက်တဲ့ အရည်အချင်းနဲ့ ကျင့်စဉ်တွေကို ကျင့်ခဲပါလား ဆိုပြီး ကြည်ညိုထက်သန်ပြီး

တော့ အော်- မြတ်စွာဘုရား သားတော်အစစ်ကြီး ဖြစ်အောင် ကျင့်ကြံကြိုးစား အားထုတ်ကြတဲ့ သာသနာ့ အာဇာနည်တွေ ဟာဖြင့် အင်မဘန် ကြည်ညိုဘွယ်ရာဖြစ်တယ်။

လူပြိန်းတွေ၊ လူသာမန်တွေ တပ်မက်နေတဲ့ တဏှာရာဂ တွေ၊ မလိုလားအပ်တဲ့ ကိလေသာ ကာမဂုဏ်တွေကို စွန့်ပယ်ပြီး တဲ့နောက် ဒီအပူမီးနဲ့ လောင်မြိုက်ခြင်းခံရတဲ့ ရုပ်နာမ်ကြီးကို ပါ မှန်ကန်စွာ သဘောပေါက် နားလည်အောင် သုံးသပ်ပြီး ပယ်စွန့်ခဲ့ကြတဲ့ အရိယာသံဃာတော်မြတ်တွေဟာ အင်မဟန်မှ ကြည်ညိုစရာ လေးမြတ်စရာ ကောင်းလှပါလားလို့ သဘော ပေါက်ပြီး ဘုရား တရား သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူး ကို တကယ်နားလည် သဘောပေါက် ထိုးထွင်း ဆင်ခြင်ကာ မိမိကိုယ်တိုင်လည်း ရတနာသုံးပါး၌တည်၍ မိမိရုပ်နာမ်သည် မမြဲတဲ့ သဘောဖြစ်၏။ မိမိသည် ရုပ်နာမ်ကို ဒုက္ခသဘောဖြစ်၏။ ဥာဏ်နဲ့ ထိုးထွင်းသိပြီး သွားရမယ်။ ဒီလို မပိုင်မဆိုင်ကြောင်း ဥ ဘွဲ့တွေလဲ မဖြစ်တော့ဘူး။ ဒီဋ္ဌိလဲသေ၊ သံသယတွေ ဝိဘိကိ ကဲ့နေ့ဂုက် မှန်ကန်သော ဥာဏ်အမြင်ကို ဝိစိကိစ္ဆလဲ သေပြီး ဝ ဏ်တဲ့ ဥာဏ်အမြင်ရပြီးတဲ့နောက်မှာ ဒီခန္ဓာ ရသွားတယ်။ မှန်ကန် ဂိုယ်ပေါ်မှာ ပေါ်လာဘဲ လောဘတရား ငါမဟုတ်လို့ ခန္ဓာက ။ ကိုလဲ သတ်လာတယ် ။

ဘာ မမြဲတဲ့တရားတွေ၊ ဒုက္ခဘုရားတွေ၊ လော ရှိစရာ မကောင်းဘူး၊ လောဘ ဆိုတာ အိုတာတွေဟ ဘတရား ဆိုတာ

ရင်ဝယ်မပိုက်ကောင်းဘူး။ လောဘဆိုတာ သိမ်းပိုက်စရာအာရုမဟုတ်ဘူး။ မလိုလားအပ်စရာ ကောင်းတယ်။ ဒါကြောင့် လောဘလဲ ပယ်ရမယ်ဆိုပြီး၊ လောဘနဲ့ တဏှာကို ပယ်ရင်း ပယ်ရင်းနဲ့ တဏှာတွေဟာ တဖြည်းဖြည်းကြမ်းရာမှ လတ်လာတယ်၊ လတ်ရာမှနုလာတယ်။ အနုမှ အနုစိပ်ကလေး၊ အနည်းငယ်လေးသော တဏှာ ရာဂ သဘော လေးတွေ ကိုပါ ပယ်သတ်ပယ်သတ်၊ ပိုင်းဖြတ်လာရင် တဖြည်းဖြည်းနဲ့ ခန္ဓာကိုယ်မှာလဲ အညစ် အကြေးတွေ စင်ကြယ်သည်ထက် စင်ကြယ်သွားတယ်။ စင်ကြယ်တဲ့အခါမှာ ပေါ့ပါး သွားတယ်၊ ဘယ်လောက်ပေါ့ပါးသလဲဆိုရင်မဟာပထဝီမြေကြီးကို လက်သဲခွံနှင့် ကော်ရာမှာ ကျန်ခဲ့တဲ့ မြေထုကြီး လောက်သော အကုသိုလ်နဲ့ ဒုက္ခကြီးကပြုတ်သွားပြီး ပေါ့ပါးပျောက်ပျက်သွားပြီး လက်သဲခွံပေါ် ပါလာတဲ့ မြေမှုန်လောက်သော ဒုက္ခသာ ကျန်ခဲ့ပါတော့တယ်။

ရုပ်နာမ်ကြီးဟာ အင်မတန် ပေါ့ပါးသွားတယ်။ အမှန်တရားကို ထိုးထွင်း ဆင်ခြင်ဉာဏ်သက်ဝင်ပြီးအရိယာဉာဏ်မျက်လုံးနဲ့ကြည့်လိုက်တဲ့အခါ ရုပ်နာမ်ဟာ ငါမပိုင်တဲ့ အပျက်တရားဘဲ ဆိုတာကို ဉာဏ်ဝင်သွားတဲ့အခါ အင်မတန်မှ ချမ်းသာတဲ့ သဘောတွေကိန်းပြီး ခန္ဓာရဲ့ ဝန်ကြီးဟာ ပေါ့သွားပြီး တရားဟော်မြတ်ရဲ့ ဂုဏ်ကျေးဇူးကို အထူးဘဲ သိပါတယ်။ အော်ချမ်းသာပါလား၊ ငြိမ်သက်ပါလား၊ တည်ငြိမ်ပါလား၊ ကြည်လင်ပါလား၊ မြေပါလား၊ပေါ့ပါးပါလားဆိုပြီး၊ဒုက္ခရဲ့ လျှော့နည်း

သွားပုံ။ ချုပ်ငြိမ်းသွားပုံ၊ တဏှာရာဂတွေ့ရဲ့ လျော့နည်းသွားပုံ၊ ချုပ်ငြိမ်းသွားပုံသဘောတွေကို အပြန်ပြန်အလှန်လှန်ဆင်ခြင်ပြီး တဲ့နောက်၊ ၃၁ ဘုံမှာ တပြောင်း ပြန်ပြန် ကျင်လည်ပြီး၊ အိုလိုက်နဲ့သေလိုက်၊ ခေါင်းအမျိုးမျိုး ပြောင်းလိုက်၊ အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန် အဖြစ်နဲ့ သတ္တဝါတို့ရဲ့ ဖြစ်ခြင်းကို သံဝေဂယူပြီးတဲ့နောက်၊ အော်–မိမိလဲ ဒီအဝိဇ္ဇာတဏှာကိုအပြီး အပိုင် မသတ်နိုင် ရင်ဖြင့် ဒီသံသရာထဲမှာ တပြောင်း ပြန်ပြန် ထပ်မံ ကျင်လည် ရတော့မှာဘဲ။ အခုတော့ ဒီရုပ်နာမ်ကို ငါ မဟုတ်ဘူး။ အပျက်တရားလို့ သိတဲ့ အတွက် အမှန်တရားတော့ သဘောပေါက်သွားပြီ။

ဒီဌိဝိပလ္လာသ၊ သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသတွေဟာ ဒီအနိစ္စသဘောတွေကိုးလိုအပျက်တရားကို ဉာဏ်နဲ့ ထိုးထွင်းဆင်ခြင်လိုက်တဲ့အခါမှာ ရုပ်နာမ်ရဲ့အကြောင်းအမှန်မြင်လိုက်တော့၊ သူယာအရိယာမျက်လုံး ရသွား ပါတယ်၊ ကြည်သွား ပါတယ်။ လောကကြီးကို ကြည့်တဲ့ အခါမှာ အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန်-ဖြစ်ရင် ဒီလို လောဘ၊ ဒေါသ၊ မောဟတွေ ကြီးတယ်၊ ဉာဏ်မျက်လုံးနဲ့ ကြည့်တဲ့အခါတော့လဲ ဒီလိုသဘောတွေရှိတယ် ဆိုပြီး၊ နားလည်သဘောပေါက် ပြေလည်ပြီး၊ သူမှာတော့ တလောကလုံး မီးဟုန်းဟုန်း တောက်နေတောင် သူ့ရင်မှာတော့ နားလည်မှုနဲ့ဉာဏ်နဲ့ ငြိမ်းချမ်းစွာ နေနိုင်တဲ့စွမ်းရည်ကို သူကိုယ်တိုင် အပြီးအပိုင် ရလိုက်ပါတယ်။ ဒီရလိုက်တဲ့ဉာဏ်ဟာ ဘယ်သောအခါမှ ပျောက်ပျက်နိုင်စွမ်း မရှိတော့ဘူး၊ ဘယ်တစုံတဦး

ကမ္ဘ ချေဖျက်နိုင်စွမ်း မရှိတော့ဘူး။ မိမိသည်ပြကတော အပိုင်အနိုင်ကို သိနားလည်သဘောပေါက်တဲ့ စွမ်းရည်ရပါတယ်။ ဤကဲ့သို့ စွမ်းရည်ရရင် မိမိ၌ ခန္ဓာကိုယ်မှာ ဒိဋ္ဌိလဲသေသွားမယ်၊ တဏှာလဲ လျော့ပြီး၊ တဖြည်းဖြည်းနဲ့ တဏှာလဲကုန်သွားရင်ဖြင့်၊ တဏှာနိရောဓော နိဗ္ဗာနဆိုတဲ့၊ နိဗ္ဗာန်နန်းအထိ စံမြန်းနိုင်တယ်။

ဒါကြောင့် မိမိတို့သည် မိမိတို့၏ ခန္ဓာကိုယ်၌ စွဲနေတဲ့ငါနှင့်တကွ၊ဒုက္ခတို့တရား၏မမြဲတဲ့သဘော၊မပိုင်တဲ့သဘော၊မဆိုင်တဲ့သဘောဆိုပြီး အခါမလပ် ရှုသတ်ခြင်းဖြင့် ရှိပြီးသားအညစ်အကြေးများကို တလွှာစီ၊ တိုက်ချွတ်ဆေးကြောရာ ကျပါတယ်။

ဤကဲ့သို့ ဝိပဿနာ တရား ဒေသနာကို ကျင့်ကြံခြင်း ဆင်ခြင်ခြင်း နှလုံးသွင်းခြင်း အမှုပြုရင်၊ တချိန်မှာဖြစ်ခြင်း၊ ပျက်ခြင်းဆုံးရင် မဖြစ်မပျက်တဲ့ နိဗ္ဗာနဓာတ်ကို နားလည်နိုင်ပါတယ်။ ဒုက္ခဆုံးရင် သုခရောက်တယ်၊ အခုဟာကတော့ ဒုက္ခမဆုံးအောင် လုပ်နေကြတာပါ၊ဒုက္ခရင်ဝယ်ပိုက်ပြီး အပျက်မရှိလို့ပါ၊ အပျက်ရှိပါမျှားရင် နောက်ဆုံး ပျက်သွားတော့ ဆုံးတာပဲပါဘဲ၊ ဒုက္ခဆုံးရင်သုခဆိုတဲ့ တကဲ့ရဟန္တာတွေ သူတော်စင်တွေ ပြီးပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ မျက်မှောက်ပြုတဲ့–ပစ္စုတ္တံ ဝေဒိတဗ္ဗောဝိညူဟိ၊ လို့ ပညာရှိတွေ အသီးသီးနားလည်ပြီ၊ ခံစားတဲ့၊ ဉာဏ်သက်ဝင်နိုင်တဲ့ နိဗ္ဗာနသဘောကို ဆင်ခြင်သုံးသပ်နိုင်တယ်။ဒီနေရာမှာ၊ နိဗ္ဗာန်နန်းကို စံမြန်းတယ်၊ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုတယ်။ ခံစားတယ်ဆိုလို့ ဒီရုပ်နာမ်နဲ့ ပတ်သက်တဲ့ ယှဉ်တွဲနေတဲ့၊

သုခချမ်းသာ ဝေဒနာသညောမျိုး မဟုတ်ပါ၊ ဟိုမှာတော့ ဥာဏ်ရဲ့ ချမ်းသာခြင်း၊ လွတ်မြောက်မှုရဲ့ ချမ်းသာခြင်း၊ ဒုက္ခ ချုပ်ငြိမ်းမှုရဲ့ ချမ်းသာခြင်း၊ တဏှာကုန်ဆုံးခြင်းရဲ့ ချမ်းသာခြင်း မျိုးတို့သာ ဖြစ်ပါတယ်။

ဥာဏ်ရဲ့ ချမ်းသာခြင်းမျိုးပါ၊ စိတ်ရဲ့ ချမ်းသာခြင်းမျိုး မဟုတ်ပါ၊ စိတ်ဆိုတာကတော့ ကိုလေသာတွေနဲ့ ယှဉ်တွဲနေသေးတော့ ချမ်းသာတယ်ဆိုတောင် ယာယီပါဘဲ။ တကယ် ချမ်းသာစစ် ချမ်းသာမှန် မဟုတ်သေးပါ။ ဒါကြောင့် ဘုရားအစရှိသော သူတော်စင်တွေဟာ၊ ဒီချမ်းသာတု ချမ်းသာယောင် ရုပ်နာမ်ကို ပယ်စွန့်ပြီး ချမ်းသာစစ် ချမ်းသာမှန်ရှိရာ ဝိမုတ္တိ ချမ်းသာရှိရာ၊ နိဗ္ဗာန်ကို စံမြန်းမျက်မှောက်ပြုတဲ့ သညောရှိတယ်။ ဒါကြောင့် တကယ်မြတ်တဲ့ ချမ်းသာစစ်၊နိဗ္ဗာနဓာတ်၊ သန္တိသုခကို မျက်မှောက်ပြုချင်ရင်၊ မိမိတို့မှာ ဥာဏ်အင်အား ကောင်းအောင် လုပ်ပြီး၊ မိမိတို့၌ စွဲကပ်နေသော၊ ဝိဇ္ဇာ၊ တဏှာ၊ မာနဒိဋ္ဌိတွေကို ပယ်သတ်ပိုင်းဖြတ်ခြင်း အမှုပြုပါ၊ ဒီကိုလေသာတရားတွေဟာ၊ လောင်ကျွမ်းတတ်တဲ့အတွက် တဖြည်းဖြည်းကုန်ဆုံး၊ ခန်းခြောက် ချုပ်ငြိမ်းသွားအောင်လို့ ကျင့်ကြံအားထုတ် သမ္မပြုပါ။ ဤသို့ ကျင့်ကြံသမ္မပြုရင်ဖြင့် သူတော်စင်တွေသာ သိနိုင်သော အရိယာတွေသာသိနိုင်သော၊ဥာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်တွေသာ သိနိုင်သော၊ နိဗ္ဗာနဓာတ်ကို မိမိကိုယ်တိုင်ရမယ်၊ တွေ့ရမယ်၊ ဥာဏ်သက်ဝင်နိုင်မယ်၊ ဆင်ခြင်နိုင်မယ်၊ သတောပေါက်နိုင်မယ်၊

ဤကဲသို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဒီဋ္ဌိနှင့်တဏှာကိုသတ်တဲ့ ဝိပဿနာတရား ဒေသနာတော်ကို၊

နာကြားရခြင်း၊ ကျင့်ကြံရခြင်း၊ ဆင်ခြင်ရခြင်း၊ သုံးသပ်ရခြင်း၊ နှလုံးသွင်းရခြင်းစတဲ့ ကုသိုလ်ကံစေတနာ အပေါင်းတို့ကြောင့်၊ လောကုတ်လောကီ နှစ်လိုသောအကျိုး စီးပွားများဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းတဲ့အပြင် ခေါင်းအမျိုးမျိုး ပြောင်းရတဲ့ ဤမှာဘက် သံသရာဝဲသြဂကြီးထည်းမှ၊ ကရွတ်ကင်းလျှောက်သလို၊ ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ ၃၁ ဘုံကြီးထဲမှာ လည်နေတယ်။

အဝိဇ္ဇာကမသိလိုက်၊ မသိတော့ သင်္ခါရပြုလိုက်၊ သင်္ခါရပြုလိုက်တော့၊ ပြုတော့လဲ ရုပ်နာမ်ခန္ဓာရလိုက်၊ ရတော့လဲ ဒုက္ခဖြစ်လိုက်၊ဒုက္ခဖြစ်တော့လဲ ဒုက္ခဖြစ်တာမသိလိုက်၊ မသိတော့လဲ မသိတာကို မိမိကိုယ်တိုင် ပြန်မသိတဲ့အတွက်၊ မိမိသည် အယောင်ယောင် အမှားမှားနဲ့ အဝိဇ္ဇာကြောင့် တခါသင်္ခါရ ပြန်လုပ်နဲ့၊ ကရွတ်ကင်း လျှောက်ပြီးတဲ့၊ သံသရာဝဲသြဃရဲ့ ဝဋ်ကွေ့ကွေ့ [illegible]



အသေစိတ်ချုရခရေး တရားတော်နှင့် ပတ်သက်သော
ကောက်ချက်များ

ရုပ်နာမ်ဖြစ်သော သူသည်မေ့းလာလျှင်သေရမည်ဖြစ်သည်။လူကဲ့သို့ပင် ထုက်ရပ်လဲ့ အဝိဇ္ဇာကောင်များလည်းဖြစ်ပေါ်လာလျှင် ပျက်စီးရမည်၊ သုံးဆယ် တစ်ဘုံထဲမှ သန်တဓောတ်များသည် မိမိတို့၏ အရှိသဘောမှ သေ့ဖိ ဖောက်ပြန်ပျက်စီးရမည်မှာ ဓမ္မတာ သဘာဝပင်ဖြစ်သည်။ မေ့းဘုးလာပြီ မှ မသေချင်၍ မရပါ-မအိုချင်၍လည်းမဖြစ်နိုင်ပါ၊တနေ့နေ့တွင် သေမင်းလက်ကို ဝ ကွက် အပ်ရမည်သာတည်း။

သေခြင်းတရားကို သဲကမ်းရေဝှေ့ တနေ့နေ့ တွေ့ကြုံ ရင်ဆိုင်ရမည် ဆိုလျှင် သေခြင်းတရားနှင့် ပတ်သက်၍ ပြင်ဆင်ထားရန် လိုအပ်နေမည်ဖြစ်သည်၊ အသေစိတ်ချ ကြစေရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်၊ မည်သို့ ပြင်ဆင်ပါမည်နည်း။

အတိတ်ဘဝ၏ မသိ နားမလည်ခြင်းများနှင့် ပတ်သက်၍တော့ အထူး ပြောဟောရန် မလိုတော့ချေ။ပြီး

သောကိစ္စများပြီးသွားခဲ့ပေပြီ၊ ပစ္စုပ္ပန် တည့်တည့်ဌာ်ရှိ နေသော တင်ကျန်နေသော ဝဋ္ဌဒုက္ခများကို မရှိရန် လုပ်ရမည်ဖြစ်သည်၊ ရှိသည်များမရှိတော့မှ မရှိသည့်အ အရာများ ရှိလာမည်ဖြစ်သည်၊ ဥာဏ်အောက်ဌ် ရှုသတ် ခြေဖျက်ရန် အမှု ကိစ္စများ မပြီးပီးသေးသဖြင့် ကျန်ရှိ နေသော အရှုခံကားများကို ကုန်ဆုံး ချုပ်ငြိမ်းသည် အထိ ရှုသက် ပိုင်းဖြတ် ပယ်စွန့်ပြီးမှ သခ်ါရ အစား မဆိုးနိုင်တော့သည်၏ နောက်ကွယ်တွင် မရှိသည့်အရာ ရှိလာမည်ဖြစ်သည်။

ဤအချင်းအရာကို ဥာဏ်ပါ၀ါ သိနားလည်ပြီးလျှင် အယေစိတ်ချရစေရန် ရင်ဆိုင်တွေ့ကြုံရမည့် စိတ်မချရ သော ကိလေသာ ဝဋ္ဌများကို ကုန်စင်စေရန် အလေ့အ ကျင့် ပြုသားရမည်ဖြစ်သည်၊ စင်စစ်မှာ အသေအကြီး စားကို စိတ်ချလက်ချ ရင်ဆိုင်နိုင်စေရန် အသေအသေး စားများကို အောင်ားအောင်မြင်မြင် ရှုသတ်ပိုင်းဖြတ်နေ ရမည်ဖြစ်သည်၊ ဤကိစ္စသည် အသေစိတ်ချရရေး တရား တော်၏ အဓိက လိုရင်းအပိုင်းပင်ဖြစ်သည်။

ရုပ်နာမ်ရှိသူတို့၏ ဒုက္ခများအနက် သေဆုံးရသည့် ဒုက္ခသည် ကြီးမားလှသော ဒုက္ခအမျိုးအစားပင် ဖြစ် သည်။ ရရှိထားသော ရုပ်နာမ်ကို ပယ်စွန့်ရာ၌ ကပ်ငြိ မှုများ၊ ငဲ့လို ခင်လိုမှုများ၊ အတ္တ- အတ္တနိယ ကိစ္စများ

ကြောင့် စဲ့လန်းမှုများသည် သေခြင်းတရားကို ရင်ဆိုင်ရာ၌ ကြီးစွာသော ဝဋ်ဒုက္ခကို ပေးအပ်လေ့ရှိလေသည်၊ ရူပ်နာမ် ဖောက်ပြန်၍ မနှစ်မသက် အခံရခက်သည်ဟု ဒေါသ ဖြစ်လျှင်သော်၎င်း၊ ရူပ်နာမ်၏ ဖောက်ပြန်မှုကိုသည် ခံနိုင်စွမ်း မရှိတော့၍ အသိမဝင် သတိမယှဉ်နိုင်သော မောဟ ဖြစ်လျှင်သော်၎င်း ဘဝကူးကောင်းစားနိုင်လိမ့်မည်မဟုတ်၊ ထို့ကြောင့် ဘဝကူး ကောင်းစားစေရန် ရရှိထားသော ရူပ်နာမ်ကို ပယ်စွန့် ပိုင်းဖြတ်နိုင်သော ဉာဏ်ရှိ ခိုင်မာရေးကို အလေးပေး တည်ဆောက်ထားရမည်၊ ဤကဲ့သို့ ကြိုးစား တည်ဆောက်ရာ၌ နှလုံးသွင်း အသုံးချရမည့် နည်း နိသျှကို ဤ အသေ စိတ်ချရရေးတရားတော်၌ နာကြားဘတ်ရှုနိုင်ပါမည်။

ရူပ်နာမ်နှင့် ငါသည်ဉာနှင့်နေလျှင် ဒုက္ခ၊ ရူပ်နာမ်ကို ပယ်စွန့်နိုင်သော ဉာဏ်နှင့်နေလျှင် သုခ၊ သုခသဘောကို ကိုးကင်းသိပြင်နိုင်မှ ခိုင်လုံပါမှ

တနည်းအားဖြင့် ကောင်းမှုကိစ္စလုပ်အပ်သည့် ကိစ္စ ဘို့ကို လုပ်ဆောင်ပြီးစီးပါမှ အသေ ဝိတ်ချရမည် ဖြစ်ပါသည်။ သေခြင်းတရား၏ ဟိုမှာဘက်၌ မသေ တော့သော နိဗ္ဗာန် မြတ်ချမ်းသာကို သိမြင်ဆင်ခြင် နေနိုင်ပြီဆိုလျှင် ထိုပုဂ္ဂိုလ်မြတ်အတွက် သေခြင်းတရား ကို ပြုံးပြုံးကလေးနှင့် ရင်ဆိုင် အောင်နိုင် ကျော်လွှား သွားတော့မည်သာ ဖြစ်ပါကြောင်း။

မဏ္ဍိုမ်ပြတ်သောစေတနာဖြင့်

နန္ဒဝံသ

အသေ စိတ်ချရရေး

[၁၃၃၉ - ခု နှစ် နယုန် လ ဆန်း ၁၄ ရက် (၃၀-၅-၂၇) တနင်းလာ နေ့တွင် ရန်ကုန်မြို့ ရှေတိုဂုံဘုရား တောင်ဘက်၊ ရွှေကျင်ဓမ္မာရုံ၌ သန္တိ သုခ ဆရာတော် ဦးနန္ဒဝံသ ဟောပြောတော်မူသော "အသေစိတ်ချရရေး" တရားတော် ဟောစာ။]

ဒီနေ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော် ရုပ်နာမ်နဲ့ ပတ်သက်လို့ဖြစ်စေ သံသရာနဲ့ ပတ်သက်လို့ဖြစ်စေ အကြောင်းအကျိုး ဟုတ်တိုင်းမှန်စွာ ဆင်ခြင်စဉ်းစားနိုင်တဲ့ 'ယထာဘူတဉာဏ်' သဘောကို ဟောပြီးတဲ့နောက် သိနားလည်တဲ့အခါမှာ မိမိတို့ နောက်ဆုံး သဲကမ်းရေဝေ့ တွေ့ရမည့် သေခြင်းတရားကို ပိုင်နိုင်အောင် ရင်ဆိုင်ရဲတဲ့ အသိဉာဏ်တရားကိုရရှိ ရကြောင်း တရားတော်မြတ်ကို ဟောပါမယ်။

(ဒီတခါ ရန်ကုန်မှာ တရားပွဲပေါင်း ၂၀-ကျော်ပ ခဲ့ပါတယ်၊ အခုပွဲဟာ ၂၀-ကြိမ်မြောက် တရားပွဲ

ခြစ်ပါဘယ်) မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ သစ္စာ လေးပါး လက္ခဏာ ရေး သုံးပါး မဂ္ဂင် ရှစ်ပါး၊ ပဋ္ဌိစ္စသမုပ္ပါဒ်တရား၊ ဒီတ ရားတွေ အနက်မှ လောကကြီးကို ဖြစ်စေ၊ ရုပ်နာမ်တွေကိုဖြစ်စေ၊ ကိလေသာ သံသောကိုဖြစ်စေ၊ ၃၁- ဘုံ ကိုဖြစ်စေ၊ နိဗ္ဗာန် အကြောင်းကိုဖြစ်စေ၊ ရဟန္တာတို့ရဲ့ အကြောင်းကိုဖြစ်စေ၊ မိမိဉာဏ်မှီသမျှ ယထာဘူတ ကျကျ စဉ်းစားဝေဖန်နိုင် ချိန်ဆနိုင်တဲ့ စွမ်းရည်တည်ဆောက်ခရေး တရားကို ဟောပါမယ်။

ဒီလိုယထာဘူတဉာဏ်ကို ရမှုဖြင့် သေခြင်းတရားကိုစိတ်ချလက်ချ ရင်ဆိုင်နိုင်တဲ့ သတ္တိနဲ့ပညာ၊ မိမိမှာကိန်းအောင်းပါလိမ့်မယ်၊ လောကကြီးမှာ သူသူငါငါ ယထာဘူတဉာဏ်ရဘို့ဆိုတာ အတိတ် ဘဝဘေဒကအကြောင်း မည်ညီညွတ်တဲ့ အယူအမှတ် အကြံဉာဏ်နဲ့ ကျင်လည်ခဲ့ရတဲ့သဘော တွေရှိခဲ့ပါတယ်၊

ယခုအခါ သာသနာပွင့်လင်းထွန်းကားနေတဲ့အချိန်မှာ ယထာဘူတဉာဏ်ဆိုတာ ပွင့်လင်းလျက်ရှိပါတယ်။ ဒီဉာဏ်နဲ့ ပက်သက်လို့ ယနေ့ ဟောပါမယ်။ ယထာဘူတ ဉာဏ်ဆိုလို့ အနည်းဆုံး မိမိရုပ်နာမ်ရဲ့ အကြောင်း၊ သံသရာရဲ့ အကြောင်းကို ဟုတ်ကိုင်းမှန်စွာသိဘို့ ဟောတဲ့အခါမှာ မြတ်ဘုရားကိုယ်တော်ကိုယ်တိုင်က တရားသဘောကို နာကြားတဲ့အခါမှာ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ပြောလို့ယုံလိုက်ရတယ်ဆိုတာ မဖြစ်စေဘဲနဲ့ မိမိကိုယ်ပိုင်ဉာဏ်နဲ့ အကြောင်းမှအကျိုး အကျိုးမှ

အကြောင်း ဆင်ခြင် စဉ်းစားစစ်တမ်းထုတ်ရပါမယ်။ ဇာတ်တဲ့ အကြောင်း ခန္ဓာမှာတွေ့ပြီဆိုမှယုံပါ၊ ခန္ဓာမှာတွေ့လို့ အမှန် အဖြစ်နဲ့ ယုံလောက်အောင် သစ္စာတရားကို မြတ်ဘုရားက ဟောမိန့်တော်မူခဲ့ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြား၊ ကျင့်ကြံအားထုတ်ရတဲ့ အခါမှာ ပါရမီလိုတယ်ဆိုတဲ့သဘော မခံယူကောင်းပါဘူး၊ သာသနာတော်ကြီး ထွန်းကားနေတဲ့အချိန်၌ မိမိမှာ ရရှိပိုင်ဆိုင်ထားတဲ့ အခွင့်အရေးကို လျှော့မတွက်ပါနဲ့။ လျှော့မတွက်ကောင်းဘူး မိမိဟာ မနုဿတဘာဝဝါဒုလ္လဘော လူဖြစ်အောင် အကြောင်းခံခဲ့လို့ လူဖြစ်ခဲ့ရပြီ။ လူဖြစ်တဲ့အခါမှာ လူတယောက်ရရှိအပ်တဲ့ အခွင့်အရေးကို အဆုံးအရှုံး မခံပါနဲ့။

အထူးသဖြင့် ဒီခေတ်ဒီအခါ သာသနာနဲ့ ကြုံကြိုက်နေတဲ့ အခါမှာ ရရှိအပ်တဲ့အခွင့်အရေးကို လက်လွှတ်မခံနဲ့။ လက်လွှတ်မခံကောင်းဘူး၊ ဟုတ်တာမှန်တာ အကျိုးရှိရာဆိုရင်လုပ်ကောင်းတယ်ဆိုပြီး၊ မြတ်ဘုရား ကိုယ်တိုင်က မိန့်ကြားတော်မူခဲ့တယ်။ ဟုတ်နေ၊ မှန်နေ၊ အကျိုးရှိနေရင် လုပ်ပါ။ အကျိုးတော့ ရှိနေတယ်၊ လုပ်မလို့ဘဲ၊ ဟုတ်လဲဟုတ်၊ မှန်လဲမှန်နေတယ်၊ ဘေးကနေပြီး အခွင့်အရေးသမားလို့ ထင်မှာစိုးလို့ မလုပ်ချင်ဘူးဆိုတာ မဟုတ်သေးဘူး။ ဘေးကနေပြီး ထင်ချင်ထင်၊ မထင်ချင်နေ၊ မိမိက မှန်ဘို့သာအရေးကြီးပါတယ်။ ဟုတ်ဘို့အကျိုးရှိဘို့သာ

အရေးကြီးပါတယ်။ အကျိုးမဲ့လုပ်ငန်း၊ မဟုတ်တဲ့ လုပ်ငန်း-အဲဒါတော့ မလုပ်နဲ့လို့ မြတ်ဘုရားက တားမြစ်တော် မူခဲ့ပါတယ်။

ချစ်သားတို့ ချစ်သမီးတို့-မဟုတ်မမှန် အကျိုးယုတ်စရာတော့ မလုပ်ရစ်ခဲ့ကြနဲ့တဲ့။ ဟုတ်မှန် အကျိုးရှိရာကို မြတ်ဘုရားကိုယ်တိုင်က ခွင့်ပြုခဲ့တာဘဲ။ ဒီခေတ်ပုထုဇဉ်တွေက ခွင့်မပြုရင် မြတ်ဘုရားမျက်နှာတော်သာထောက် ပုထုဇဉ်မျက်ကန်း၊အရမ်းနဲ့ အဝိဇ္ဇာတွေနဲ့ရောပြီး တွေးချင်ရာတွေး ထင်ချင်ရာ ထင်တာတွေကို ကောက်ချက်ချတာတွေကို အရေးမလုပ်နဲ့၊ မဝင်စားနဲ့။

ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာသူတော်စင်တွေဟာ သဗ္ဗညုတရှေဥာဏ်တော် အရှင်မြတ်ဘုရားရဲ့ ဂုဏ်ကျေးဇူးရဲ့ အရိပ်အာဝါသအောက်မှာ ခိုလှုံပြီး၊ မိမိ ရုပ်နာမ်ရဲ့ ပူလောင်မှုတွေကို မြေအောင်ငြိမ်းသတ်ကြရတယ်။ ဒီသူတော်စင်တွေဟာ မြတ်စွာဘုရား ဆိုမိန့်ခဲ့တဲ့ အဆုံး အမ အဆို အမိန့် ကိုသာ နာခံရမယ်။

ဒါကြောင့် ဗုဒ္ဓဘာသာ သူတော်စင်တွေဟာ မြတ်စွာဘုရားရဲ့အလိုကို၊ ဆိုလိုရင်းကို သိနားလည်ရမယ်။ ဘာကြောင့် မသိ နားမလည်နေရမလဲ။ ဒီဘဝမှာ သာသနာတော်ကြီးနဲ့လဲကြုံနေပြီ။ မိမိကလဲ လူသားစင်စစ် ဖြစ်နေပြီ။ သာသနာနဲ့ ပတ်သက်တဲ့ အစစ်အမှန်တရားများလဲ ပျံ့နှံ့နေပြီ။ သာသနာနဲ့

ပတ်သက်တဲ့ အမျိုးမျိုးသော တာဝန်ရှိ ပုဂ္ဂိုလ်များက ကိုယ့် တာဝန်ကိုယ် ဆောင်ထမ်းနေကြတဲ့ အချိန်မှာ မိမိတို့က အခွင့် အရေးကိုရအောင်ယူပါ။ မိမိကိုယ်ကိုရဲ့ လျှော့ မတွက်ပါနဲ့။ မိမိကိုယ်ကို ပိုလည်း မဘွက်ကောင်းပါဘူး။

မိမ်ကိုယ်ပိုတွက်တာ အပြစ်ရှိသလို၊ လျှော့တွက်တာလဲ ထပ်တူအပြစ်ရှိပါတယ်။ လူတွေက မိမ်ကိုယ်ပိုတွက်တဲ့ လူတွေ ကိုသာ အပြစ်တင်ကြတယ်။ ကြွားတယ်၊ ဝ'!တယ်၊ဟိတ်ထုတ်တယ် ပေါ့။ကိုယ့် ကိုယ် ကို လျှော့တွက်တဲ့ လူတွေ ကျတော့ အပြစ် မတင်ကြဘူး။ အဲဒါမှားတယ်နော်၊ အဲ့ဒါ တူညီသောအပြစ် ရှိတယ်။။ ကိုယ့်ကိုယ်ကို ပိုတွက်တာမှားသလို လျှော့တွက် တာလဲ မှားတယ်။ ယနေ့ မှားသောလမ်းကိုမလိုက်ဘဲနဲ့ မှန်သောလမ်း ကို လိုက်ကြရအောင်၊ ဒါကြောင့် ပါရမီမရှိဘူး။ မြတ်ဘုရားရဲ့ တရားတော်နဲ့ မတန်သေးဘူး။ ဒါကြောင့် နည်းနည်းချင်းဘဲ မိမိတို့ဟာ အထုံလေးရလို့ ဒီလိုအားမပျော့ပါနဲ့။

သာသနာတော်ကြီး ၄နှလုံလို ထွန်းတောက်နေတဲ့ အချိန်ပိုင်းမှာ မိမိကဒီလိုလျှော့တွက်လိုက်လို့ရှိရင် မြတ်ဘုရားရဲ့ သာသနာတော်ကြီးကို မိမိက နားမလည်ရာကျလိမ့်မယ်။တနည်း အားဖြင့် မိမိရဲ့ယူဆချက်ဟာ ယထာဘူတမကျဘဲ ဖြစ်သွား လိမ့်မယ်။ ဒါကြောင့် ယနေ့ သာသနာတော်ကြီးရဲ့ အရိပ် အာဝါသအတွင်းမှာ ခိုလှုံရင်း အကြောင်းအကျိုးကို ဟုတ်တိုင်း မှန်စွာ သိနိုင်တယ်။ မြတ်ဘုရားကဟောမိန့်ပြီးသား တရားတွေ

နာရခဲ့တဲ့တရားတွေကို နာခွင့်ရတဲ့အခါမှာ မိမိတို့၏ခန္ဓာမှာ ဥာဏ်နဲ့စိုက်ပြီးနောက် ရုပ်နာမ်ရဲ့သဘောကို ဟုတ်တိုင်းမှန်စွာ သိအောင် ယဉ်နေကြီးစားကြစို့။

ရုပ်နာမ်တဲ့၊ ရုပ်နာမ်ရထားတယ်။ ဒါကိုပြန်ဆန်းစစ်တဲ့ အခါမှာ ရုပ်တရားနဲ့ နာမ်တရားရှိတယ်။ ရုပ်ဆိုတာ ကိုင်တွယ်စမ်းသပ်လို့ တွေ့ရတယ်။ မြင်သာတယ်။ သို့သော် အသိဥာဏ်မရှိဘူး။ နာမ်တရားဆိုတာ အသိရှိတယ်။

အဲ့ဒီ အသိမရှိတဲ့ ရုပ်တရားနဲ့ အသိရှိတဲ့ နာမ်တရားကို ရထားပြီ၊ မိမိဟာ ရုပ်နာမ်ကြီးဖြစ်တယ်။ ကိုယ့်ကိုယ်ကို ရုပ်နာမ်လို့ဘဲ သိထားပါ။ ဒီရုပ်နာမ်ဟာ ဘယ်သဘော ဆောင်ထားသတုန်း။ မြတ်ဘုရားက ရုပ်နာမ်နဲ့ ပတ်သက်လို့ အသေးစိပ်ဟောမိန့်ခဲ့ပါတယ်။ ဒီရုပ်တရား နာမ်တရားတွေဟာ တကယ်တန်းကျတော့ ဒီလောကမှာ အစစ်အမှန်တည်ရှိနေတဲ့ တရားတွေပါ။ ပရေမတ္ထသစ္စာထည်းမှာ စိတ် စေတသိက်၊ ရုပ်၊ နိဗ္ဗာန်လို့ ၄ မျိုးရှိပါတယ်။ နိဗ္ဗာန်ဆိုတာကတော့ အသင်္ခါတ ဓာတ်သဘော၊ အကြောင်းအကျိုးကင်းတဲ့ သဘောဖြစ်တယ်၊ ရုပ်နာမ်ဆိုတာကတော့ အကြောင်းအကျိုးပတ်သက်နေတဲ့ သဘော၊ အကြောင်းအကျိုးတည်းဟူသော ဆက်သွယ်နေတဲ့ ယန္တရားထဲက အစိပ်အပိုင်းတခု ရှင်သန် ကြီးထွားနေရတဲ့ ရုပ်နာမ်၊ ဒါကြောင့် ရုပ်နာမ်ကြီးဟာ အမှန်တကယ် တည်ရှိနေတဲ့တရားများလို့ ဆုံးဖြတ်ချက်ချပါ။

အမှန်တကယ် တည်ရှိနေတဲ့ ရူပ်နာမ်ကို ရထားတော့ ဒီရူပ်နာမ်ကို ပြန်လည်ဆန်းစစ်ကြည့်လိုက်တဲ့အခါမှာ ရူပ်တရား တွေဟာ အကြောင်း အမျိုးမျိုးကြောင့် ဖြစ်ပေါ်လာတယ်။ အကြောင်းအမျိုးကြောင့်ဘဲ အကျိုးအမျိုးမျိုးဖြစ်ပေါ်လာပြီး တော့ နောက်ဆုံး ပျက်စီးသွားတယ်။ အဲ– ရူပ်အကြောင်း သိလိုက်ရပြီ။

နာမ်တရားတွေကရော ဘယ်လိုတုန်းတဲ့၊ နာမ်တရားတွေ ကလဲ အကြောင်းအကျိုးတိုက်ဆိုင်သလို ဖြစ်ပေါ် လာပြီးတဲ့ နောက် အကြောင်းအကျိုး ပေါ်မှာဘဲ မူတည်ပြီးတဲ့နောက် သူတို့ဟာ ပျက်စီးသွားတယ်။ ဒါကြောင့် ရရှိထားတဲ့ ဒီရူပ်နာမ် ဟာ တကယ်တော့ အကြောင်းအကျိုးရဲ့ သာဓကတခုဘဲ၊ ဒီလို သဘောပေါက်ရမယ်။

ရူပ်နာမ်ကြီးဟာ အကြောင်းခံသလို အကျိုးဖြစ်ပေါ် နေတဲ့ ဒီသံသရာ၊ ဒီလောက၊ ဒီစက္ကဝဠာကြီး အတွင်းမှာ အကြောင်းအကျိုးရှိပါတယ်လို့ သက်သေပြစရာ အထောက် အထားတခုအဖြစ်နဲ့ ရပ်တည်နေတဲ့ သဘာဝရဲ့ အစိပ်အပိုင်း တခု ဖြစ်ပါတယ်။ ရူပ်ဆိုတာ ဓာတ်ကြီးလေးပါးနဲ့ တည်ဆောက် ထားတယ်။

နာမ်ဆိုတာလဲ နာမ်ခန္ဓာလေးပါးနဲ့ တည်ဆောက်ထား တယ်။ ဒီလို တည်ဆောက်တဲ့ ဒီရူပ်နာမ်ကြီးကို ရှေးဦးစွာ

ငါရယ်လို့ မှတ်ကြရတယ်။ လူတွေဟာ မသိခြင်းကစတယ်၊ မသိတော့ လုပ်မိလုပ်ရာ စွတ်လုပ်ခဲ့တာဘဲ၊ စွတ်လုပ်တော့အကြောင်းခံပြီးသားဖြစ်တယ်။ အကြောင်းခံတော့ အကျိုးရလာတယ်။ အကျိုးရလာတဲ့အခါမှာ အကျိုးတရားကို ပြန်လည် ဆန်းစစ်နိုင်တဲ့ ဉာဏ်ပညာလေးလဲ ကိုယ်အောင်းမယ်ဆိုရင် သဘောပေါက်သွားတယ်။

အော်–တကယ်တော့ ဒီရုပ်နာမ်ကြီးဟာ အကြောင်းကြောင့် အကျိုးဖြစ်နေတဲ့ သဘာဝ ဓမ္မတာရုတွေဘဲလို့ သဘောပေါက်သွားမယ်။ ဒီအခါမှာ ရုပ်ပိုင်းမှာလဲ သူ့အကြောင်းကြောင့် အကျိုးဖြစ်ပေါ်နေဘဲ့အတွက် ငါလို့ယူစရာ အစိပ်အပိုင်းလို့ မတွေ့ရဘူး။ ရုပ်တရားကြီးဟာ သူ့ကိစ္စနဲ့ သူ လုပ်နေတာဘဲ၊ နာမ်တရားကို ပြန်စဉ်းစားတော့လဲ နာမ်မခန္ဓာလေးပါးမှာ သူ့သဘာဝနဲ့ သူ မှတ်သားစရာရှိတာ မှတ်သားနေတာဘဲ၊ ခံစားစရာရှိတာ ခံစားနေတာဘဲ၊ စေ့ဆော်ပြုပြင်စရာရှိတာတွေ စေ့ဆော်ပြုပြင်နေတာဘဲ၊ သိမှတ်ပြီး ဆုံးဖြတ်ချက်ချစရာရှိတာတွေ ဆုံးဖြတ်ချက်ချနေတာတွေဘဲ၊ နာမ်တရားကလဲ နာမ်တရားအလုပ်လုပ်၊ ရုပ်တရားကလဲ ရုပ်တရားအလုပ်လုပ်၊ သူ့အလုပ်ဘဲ့ သူလုပ်နေကြတဲ့ ဒီရုပ်နာမ်တရားကြီးကို မိမိကရထားတယ်။

ဒီအခါမှာ မိမိက ဒီရုပ်တရားနာမ်တရားတွေမှာ ဘယ်လို သဘောတွေရှိသလဲလို့ ဆန်းစစ်ပို့လိုအပ်တယ်။ တာဝန်ရှိထားတယ်။ ဒီအခါမှာ ဒီရုပ်နာမ်ကြီးဟာ ဇာတယ်ကော့ ပျက်စီး

နေတဲ့ ဓမ္မသဘာဝကြီးဘဲ၊ ငယ်တုန်းနဲ့ မတူတော့ဘူး၊ အခု တဖြည်းဖြည်းနဲ့ ရင့်ကျက်လာတယ်။ ရင့်ကျက်ရာမှနေ အိုမင်းပြီးတော့ ဒီဆက်နောက် သေခြင်းတရားကို သဲကမ်းရေတွေ့ တွေ့ရမယ်။

ဒီတော့ မိမိရထားတဲ့ ရူပ်နာမ်ကြီးကို မိမိကပိုင်တယ်သာ ထင်နေတာ တကယ်တော့ မိမိကမပိုင်ဘဲ သူ့ပျက်စရာရှိ ပျက်မယ်။ အကြောင်းခံသလို အကျိုးဖြစ်လာမယ်။ ဒါကြောင့် မို့ ရူပ်နာမ်ရဲ့ အပျက်တရားကို မိမိသည် မဟန့်တားနိုင်တဲ့ သဘောတွေရှိနေတယ်လို့ မိမိရူပ်နာမ်ကို ပြန်သုံးသပ်လိုက်ပါ၊ ဒီနေရာမှာ ရူပ်နာမ်ကို ငါမရှိတဲ့အတွက် ငါလို့ သုံးသပ်လိုက်ရင် သုံးသပ်မိတဲ့ပုဂ္ဂိုလ်က ဒုက္ခပိုကြီးတာဘဲ။ ရူပ်နာမ်မှန်းသိတဲ့ သူက ဒုက္ခရော့တာဘဲ။ လောကဓံတခုကြုံပြီ၊ ပူဆွေး လောင်ကျွမ်းရပြီ၊ ငါတော့ပူဆွေးတယ်။ ငါတော့ လောင်ကျွမ်းတယ် ဆိုရင် ဒီရူပ်နာမ်ဟာ ပိုပြီးတော့ဒုက္ခမျှားတယ်။ လောင်ကျွမ်း ပူဆွေးတယ်ဆိုတာ ဒီရူပ်နာမ်က တွေ့ရမည့် လောကဓံဘဲ။ နောက်ဆုံးတော့ ပျက်စီးရမှာဘဲလို့ သဘောပေါက်သွားရင် လောင်ကျွမ်းခြင်း၊ ပူ ဆွေး ခြင်း ဝေ ဒ နာ မှ သက် သာ ရာ ရတယ်။

ဒီတော့ ဒီရူပ်နာမ်နဲ့ပတ်သက်တဲ့ အမှန်တရားကို မြတ်ဘုရားပွင့်တော်မမူမီမှာ မသိကြဘူး၊ ရူပ်နာမ်ရထားတဲ့ပုဂ္ဂိုလ်တွေက မသိကြဘူး။ မြတ်ဘုရားက ရူပ်နာမ်အဲကြောင်းသိဘို့

အင်မတန် အပင်ပန်းအဆင်းရဲခံပြီး အားထုတ်တယ်။ အား ထုတ်တဲ့အခါကျမှ ရုပ်နာမ်နဲ့ ပတ်သက်တဲ့ အကြောင်းတွေကို အကုန် အိပ်သွန်ဖာမှောက်သိတယ်။ သဗ္ဗညုတ ရှေညာဏ်ကြီး နဲ့ အကုန်သိတယ်၊ ဒါကြောင့် ဟောမိန့်ခဲ့တယ်။ ဒီရုပ်နာမ်ဟာ တကယ်တော့ ဆင်းရဲတယ်။ ရုပ်တရားဟာလဲ ခေတ်လေးပါး အစုအဝေးမို့ ဖောက်ပြန်နှိပ်စက်ချင်တဲ့အခါ ဖောက်ပြန်နှိပ် စက်မယ်၊ ပျက်စီးချင်တဲ့သခါ ပျက်စီးသွားမယ်။ သူ့မှာ ပြ ကတိ အရှိအခြေအနေကို ထိန်းသိမ်းနိုင်တဲ့ စွမ်းရည်အင်အား မရှိတဲ့သဘောတွေ တွေ့တယ်။ နာမ်တရားကလဲ ဒီအတိုင်းဘဲ။ ပူလောင်စရာရှိ ပူလောင်၊ တမ်းတစရာရှိ တမ်းတ၊ နှစ်သက်စရာ ရှိ နှစ်သက်မယ်၊ မိမိထားသလိုမနေဘဲ သူ့သဘာဝအတိုင်း ဖြစ် လာမယ်။

ဒါကြောင့် ရုပ်တရား နာမ်တရားတွေကို မိမိသည် ဆင်းရဲခြင်းသဘောတွေသာ တွေ့လာရမယ်။ ဒီရုပ်နာမ်မှာ လို ချင်တာ မလိုချင်တာတွေရှိတယ်။ လိုချင်တာ ဖြစ်လာတဲ့အခါ မှာ ကျေနပ်တယ်။ ကျေနပ်တဲ့အတွက် နောက်တခါ အဲဒီလိုချင် တာမျိုးကို ထပ်မံတောင်းဆိုလိုတဲ့ သဘောလေး ကိန်းသွား တယ်။ ကိန်းတဲ့ လိုအပ်ချက်ကလေးကို နောက်တခါ ထပ် ဆက် မဖြည့်ရင် သူဟာဒေါသဖြစ်ရတယ်။ ဒုက္ခဖြစ်ရတယ်။ နောက် တခါ ကိုယ်လိုချင်တဲ့အတိုင်း ဖြစ်တယ်ထားပါ။လိုချင်တဲ့အတိုင်း ဖြစ်ရတဲ့အတွက် ကျေနပ်မှုဝင်ပြီး ကျေနပ်မှုလေးဟာ တဖြည်း ဖြည်း ပျက်ရမယ်၊ ဒီလောကကြီးသာ ကိုယ်ဖြစ်ချင်တာချည်း

ဖြစ်မလာနိုင်ဘူး၊ ဒီရုပ်နာမ်ကြီးကလဲ မိမိအလိုက္ပ မိမိစိတ်တိုင်းက္ပ ဖြစ်လာချည်းနေမှာ မဟုတ်ဘူး။ ဒါကြောင့် မိမိသည် ရုပ်ဘရား၊ နာမ်တရားအစုအဝေးကို ရထားပြီး ဆင်းရဲဒဏ်ခံဘို့ အတွက်ဖြစ်လာတယ်။

မိမိရုပ်နာမ်ကို အသေအချာ မဲထောက် မည္ဟာဘဲနဲ့ ဆင်ခြင် စဉ်းစားလိုက်ရင် မပိုင်မဆိုင်တဲ့ သဘောတွေ။ ပျက်စီးရမဲ့သဘောတွေ၊ အမျိုးမျိုးဥာဏ်ဝင်စားခဲ့သလို ပေါ်လာတဲ့ အဘွက် လောကမှာ ဆင်းရဲတာရှိရင် ချမ်းသာတာရှိရမယ်။ ပျက်စီးတာရှိရင် မပျက်စီးတာတွေ ရှိရမယ်။ ခက်တာတွေရှိရင် လွယ်တာတွေရှိရမယ် ဆိုတဲ့ နိယာမ တရားတွေ့ရှိတယ်ဆိုတာ

"အော် ဟုတ်သားဘဲ ဒီလောကမှာ ဆင်းရဲတာရှိသလို ချမ်းသာတာရှိပြီ၊ မမြဲတာရှိသလိုမြဲတာရှိပြီ။ မပိုင်တာရှိသလို ပိုင်တာရှိပြီ" လို့ သဘောပေါက်သွားတယ်။ ဒါကြောင့် ပိုင်တဲ့ ချမ်းသာတဲ့၊ မြဲတဲ့ ဉာဏ်ပညာစခန်းနဲ့ကြည့်ရင်၊ ရုပ်နာမ်ကို ယထာဘူတကျကျ မြင်နိုင်တယ်လို့ ဒီတရားတော်မြတ်ကို မြတ်ဘုရား ချီးမြှင့်တော်မူခဲ့တယ်။ ဒီတော့ အားတက်ကြ၊ မမြဲတဲ့ ဒီရုပ်နာမ်သဘောရှိရင် ငြိတဲ့ သဘောတရားရှိတယ်။ ဆင်းရဲတဲ့ရုပ်နာမ်ရှိရင် ချမ်းသာတဲ့**ဉာဏ်** ရှိတယ် မပိုင်**တဲ့**ဒီရုပ်နာမ်ရှိရင် ပိုင်တဲ့နိဗ္ဗာန်ရှိတယ်ဆိုတာ မြတ်ဘုရားက ချီးမြှင့်တော်မူခဲ့ပြီ။

မိမိတို့သည် မြတ်ဘုရားရဲ့ ဒီဉာဏ်တော်ဂုဏ်ရည်အောက်မှာ ခိုလှုံပြီးတဲ့နောက် အသိဉာဏ်ဖြင့် ငြိမ်းချမ်းမှုကိုရနိုင်တဲ့ လူသားစင်စစ်ဖြစ်တဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေမို့ ဒီဆုကြီးကို လက်မလွှတ်အောင် မိမိတို့ ရုပ်နာမ်ကို ပြင်ဆင်ထားရမယ်။ ပြင်ဆင်တာ မိမိတာဝန်နော်၊ မိမိရုပ်နာမ်သုံးသပ်တာဟာ မိမိတာဝန်ပါဘဲ။ တရားဟောတဲ့ပုဂ္ဂိုလ်က ရုပ်နာမ်တခုရဲ့ အမှန်တရားကို ရော့အင့်လို့ ချက်ခြင်းပေးဘို့ရာမှာ မိမိကိုယ်တိုင်က ပြင်ဆင်ထားခြင်းမရှိရင် ပေးလို့မရဘူး။ ဒါကြောင့် နာကြားတဲ့ပုဂ္ဂိုလ်တွေကလဲ ပြင်ဆင်ထားကြပေတော့၊ မြတ်ဘုရားသာသနာမှာ ဉာဏ်ရောင်တွေဟာ လင်းနေပြီ။ တောက်ပနေပြီ။ ထွန်းနေပြီ။ အဲဒီဉာဏ်ရောင်ဟာ ဘာလဲဆိုတော့ ရုပ်နာမ်ကို အမှန်အတိုင်းသိရတော့မယ်။ မိမိတို့ကိုယ်တိုင် ဟိုဘဝ

ခေတ္တက အစိုင်္ဂါ တဏှာတွေဖုံးခဲ့လို့ အမှန်တရား သိပေမဲ့ ဒီအချိန် ဒီဘဝမှာ သစ္စာတရားနဲ့ ကြုံကြိုက်တဲ့အချိန်မှာ အမှန်တရားကိုသိရမှာဘဲ။

ဟိုဘဝတွေတုန်းက အမှန်တရားသိခဲ့လဲ ဒီဘဝမှာ ပြုပြီးရမှာဘဲ။ ဘာကြောင့်လဲဆိုတော့ မိမိရုပ်နာမ်ရထားတဲ့ အချိန်ဘဝမှာသာသနာ တခေတ်ဆန်းချိန်နဲ့ကြုံနေလို့ပါဘဲ။ မြတ်ဘုရားသာသနာတခေတ်ဆန်းပြီ။ သာသနာတဝက် မင်းကောင်းဘဆက်ဆိုတာ တကယ်တော့ မိမိတို့ကိုယ်တိုင် ကြိုးစားရမှာက ဒီရုပ်နာမ်တည်းဟူသော ဒုက္ခတုံးအပေါ်မှာ စိုးမိုးချုပ်ထိန်းနိုင်တဲ့ "မင်း" တည်းဟူသော "ဉာဏ်"ကိုရဖို့ ကြိုးစားနိုင်ဖို့တာဝန်ရှိပြီ။

ဒါကြောင့် အခုချိန်မှာ မိမိတို့ ရုပ်နာမ်ကို အမှန်အတိုင်းသိအောင် အသေအချာ ဆင်ခြင်ကြည့်ပါ။ "ဆင်းရဲတာတွေ ရှိရင် ချမ်းသာတာတွေရှိမယ်လို့ ယုံကြည်နိုင်တယ်၊ မြော်လင့်နိုင်တယ်" မမြဲတာတွေ ပျက်တာတွေရှိရင် မပျက်တာတွေရှိတယ်ဆိုတာ ဒါဟာ နိယာမ ဓမ္မတာ သဘာဝကြီးပါ၊ ရှေဘုန်းတော်ရှင် မြတ်ဘုရားက တော့ပြီးသား။ မြတ်ဘုရားက-ဝေနေယျသတ္တဝါတွေကို ရင်ဝယ်သားလို သနားကြင်နာတဲ့အတွက် အပင်အပန်း အဆင်းရဲခံပြီး ရှာကြံကျင့်တော်မူခဲ့တဲ့ မြတ်ဘုရားရဲ့ ဉာဏ်ရိပ်အောက်မှာ ခိုလှုံနိုင်ကြပါတယ်။

ဆင်းရဲတဲ့ ရုပ်နာမ်ရရင် မစိုးရိမ်နဲ့၊ ဆင်းရဲတာကိုဆင်းရဲမှန်းသိပြီးတော့ ဒီဆင်းရဲမှာဟာ မမြဲပါလား။ မမြဲတာဟာ

မပိုင်လို့ပါလားလို့ သုံးသပ်နိုင်တဲ့ အနတ္တဉာဏ်ရရင်၊ ယနေ့ရုပ်နာမ်ဒုက္ခမှ ဉာဏ်ပညာသုခသို့ တက်လှမ်းနိုင်တယ်၊ ဒီဉာဏ်

တယ်ပေါ်ထင်ရတဲ့ အဝိဇ္ဇာနဲ့ကြည့်ရင်၊ လိုလားစရာကောင်းတဲ့ ကိလေသာတဏှာတွေကို ခြေကန်ပြီးပယ်သွားတဲ့ သူတော်မြတ်ကြီးတွေရှိခဲ့ပြီ။ ရှေသွားတွေ့ရှိရင် နောက်လိုက်တွေ ရှိရမယ်။

ဒါကြောင့် ယနေ့ မိမိတို့ရဲ့ခန္ဓာကို မှန်ကန်စွာ သိနားလည်ပြီးတဲ့နောက် မိမိတို့ရင်ဆိုင်နေရတဲ့ ဒုက္ခတွေ သောကတွေ လောဘတွေ ဒေါသတွေ မလိုလားအပ်တဲ့ ကိလေသာတွေကို ပယ်နိုင်တဲ့ဉာဏ်စွမ်းတွေ လက်နက်ကောင်းတွေကို ရနိုင်တယ်လို့ အပြည့်အဝ ဆုံးဖြတ်ချက်ချပါ။ မြတ်ဘုရားထားခဲ့တဲ့ သာသနာတော်က နှစ်ပေါင်း ၅၀၀၀ ရှိတယ်နော့၊ အနှမ့်တဝက်ရှိသေးတယ်။ တင်ကျက်နဲ့ဘဲ စွန်းသေးတယ်။ ၅၀၀၀ အတွင်းမှာ ရနိုင်ဖဲ့ အခြေအနေရှိပါတယ်။

ဒါကြောင့် မိမိတို့ရဲ့ ရုပ်နာမ်အခြေအနေကို ပြန်လည်စဉ်းစားလိုက်တဲ့အခါမှာ ဒီရုပ်နာမ်ကြီးဟာ ဒုက္ခတုံးကြီး၊ ဒီဒုက္ခတုံးကြီးကို မိမိက ဖက်တွယ်နေချင်သလား။ ဘာလို့ဖက်တွယ်ရမှာလဲ၊ ဒုက္ခကို မဖက်တွယ်နဲ့၊ ဒုက္ခအပြင် သူဟာ အနိစ္စအချင်းအရာကြီး၊ ဒါကိုရော၊ ခံစားချင်တာတို့ လိုချင်တာတို့ မလုပ်ကောင်းဘူးတဲ့၊ ဒါ-သူတော်စင်တွေရဲ့ အဆုံးအမရှိတယ်။ ဒီတော့ မိမိတို့ဟာ ဆင်ခြင်လိုက်ပါဉာဏ်နဲ့၊ ပျက်နေတဲ့ခန္ဓာကြီးနဲ့ ပတ်သက်လို့မျှားထပ်ပြီး မိမိတို့ဟာ တဏှာတွေ သမုဒယတွေ၊ အကုသိုလ်တွေ လုပ်ချင်သေးလား၊ ဒီလောကမှာ ပြန်လည်ဆင်ခြင်စဉ်းစားလိုက်ရင်၊ ယောနိသော မနသိကာရမရှိလို့ဘဲ၊ ရုပ်နာမ်

တွေ့ဟာ ပိုမိုပင်ပန်းရတယ်။ ပူလောင်ရတယ်၊ နွမ်းနယ်ရတယ်၊ ယောနိသောမနသိရှိရင်၊ ဒီရူပ်နာမ်အကြောင်း ကောင်းကောင်းသိရင် မပူလောင်ရဘူး၊ မနွမ်းရဘူး၊မပင်ပန်းရဘူး။ ဘာကြောင့် ရူပ်နာမ်ရရက်နဲ့မပူလောင်ရသလဲဆိုလို့ရှိရင် ရူပ်နာမ်ကို ပယ်ထားတဲ့ဉာဏ်ရှိလို့။ ဉာဏ်ရှိရင် ရူပ်နာမ်ကြီးဘာဖြစ်ဖြစ်နေလို့ရတယ်။ မြတ်ဘုရားကဟောတော်မူခဲ့တယ်။ဒုက္ခရူပ်နာမ်ကို"ပိုင်းခြား"ကြ ချစ်သားတို့တဲ့၊ ပိုင်းခြားပြောတယ်ဆိုတာ ပိုင်းပြီးခြားလိုက်တာ၊ စည်းခြားလိုက်တာ၊ သူ့ကို မျက်နှာလွှဲလိုက်တာ၊ သူကိုလွှဲ့မ ကြည့်ဘဲနဲ့၊ ဉာဏ်နဲ့လဲဆင်ခြင်နေတာ၊ ဒီရူပ်နာမ် ငါနဲ့မဆိုင် ဆိုပြီး ဒီရူပ်နာမ်ဘာဖြစ်ဖြစ် လွှဲ့မကြည့်ဘဲနေတာ၊ ဉာဏ်နဲ့ နေတာကိုး။ ဆင်းရဲတဲ့ပုဂ္ဂိုလ်တွေကတော့ ရူပ်နာမ်ဟာ ငါနဲ့ ဆိုင်တယ်၊ ငါဆင်းရဲတယ်ဆိုတဲ့ ငါသညာနဲ့တဲ့ပြီး လုံးထွေးနေ ကြလို့ ဆင်းရဲကြတာ။

တကယ်-ဉာဏ်ပညာရှိပြီး၊ ယထာဘူတကျကျ၊ ယောနိ သောမနသိကာယ နှလုံးသွင်းနိုင်တဲ့ ဉာဏ်စွမ်းရှိတဲ့ပုဂ္ဂိုလ်၊ ဝိဇ္ဇာ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်၊ပညာစွမ်းရှိတဲ့ ပုဂ္ဂိုလ်များဟာ ဒီရူပ်နာမ်ကြီး ဘယ်လိုဖြစ်ဖြစ် မဆင်းရဲဘူးဆိုတဲ့အဆို အမိန့်အခိုင်အမာ ရှိတဲ့ အတွက်၊မိမိတို့သည် အားတက်ရမယ်၊ ကျင့်သုံ့ ရမယ်။

မြတ်စွာ-ဘုရားရဲ့ တရားက ကောင်းတော့ကောင်းပါ တယ်၊ မကျင့်နိုင်ဘူးလို့။ ဒီလိုမလုပ်ကောင်းဘူး။သူတော်ကောင်း တွေက ကောင်းတယ်ဆိုတာသိရင် မှန်တယ်၊ အကျိုးရှိတယ်ဆို

ဘာသိရင် သိဒ္ဓတ္ထမင်းသားကြည့်ပါ၊ ကောင်းတယ်၊ မှန်တယ်၊ ထင်တော့ ညကြီးမင်းကြီး တောထွက်တာဘဲ၊ ချက်ခြင်းဆုံးဖြတ်ရတယ်၊ ကောင်းတော့ ကောင်းပါတယ် မကျင့်မနိုင်ဘူး ကျုပ်တို့က မလုပ်နိုင်သေးဘူးဆိုရင် တခြားတချားလောက်ဘဲ ဆိုရင် ဒါဟာမဟုတ်သေးဘူး၊ ပညာရှိသူတော်ကောင်းများက သာဓုမခေါ်ဘူး၊ ပညာရှိသူဘော်ကောင်းများက ဟုတ်လို့မှန်လို့ အကျိုးရှိတာသိလို့ ကျင့်ပြီဆိုမှ သာဓုခေါ်တာ။

ဒါကြောင့် မိမိတို့သည် သူတော်စင် သူဘော်မြတ်တွေ သာဓုခေါ်တဲ့ပုံစံရအောင် ယနေ့ကြိုးစားကြမယ်ဆိုပြီး ကြိုးစားပါ၊ တသသရှာလုံးက အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန်လဲဖြစ်ခဲ့ပြီ။ မောဟရဲ့ ကျေးကျွန်လဲ ဖြစ်ခဲ့ပြီ၊ အချိန်လဲအတော်ရသွားပြီ၊ ဟိုဟာ့လိုက်ရ ဒီဟာလိုက်ရနဲ့ အချိန်လဲ အတော်ကုန်သွားပြီ၊ ကြာသွားပြီ၊ ဒီတခါတော့ အပြတ်အသတ်နဲ့ ဟုတ်လောက်တယ်။ ဆင်းရဲတာရှိရင် ချမ်းသာတာရှိရမယ်။ မမြဲတာရှိရင်မြဲတာရှိရမယ်။ မပိုင်တာရှိရင် ပိုင်တာရှိရမယ်ဆိုပြီး ဘုရား၊ တရား၊ သံဃာ အရိယာသူတော်မြတ်တွေကို ယုံပြီးတော့ ဒီလမ်းစဉ်ကို ကိုယ်တိုင် ကျင့်ကြံအားထုတ်လိုက်ရင် ရုပ်နာမ်အကြောင်းသိနိုင်တဲ့၊ စွမ်းရည်တွေဟာ မိမိ၃ာထွန်းလင်းတောက်ပ ပွင့်လင်းနိုင်ပါတယ်။

ခန္ဓာကိုယ်ကြီးကို သေသေချာချာဥာဏ်နဲ့ စဉ်းစားကြည့်လိုက်ရင် အပျက်တရားကြီး ပျက်တယ်ဆိုကတဲက ကိုယ်မပိုင်လို့

ပျက်တာပိုင်ရင်မပျက်ပါဘူး၊ မအိုနဲ့ဟန့်ကြည့်၊ မနာနဲ့ဟန့်ကြည့်၊ သေမသွားနဲ့ ဟန့်ကြည့်၊ မရဘူး။ တချိန်မှာ သေမင်းလက်ဝဲကွက်အပ်ရမယ်၊ ဒါကြောင့် မိမိသည် ဤမပိုင်တဲ့ ရုပ်နာမ်နဲ့ ပတ်သက်လို့ ဆင်ခြင်စဉ်းစားကြည့်လိုက်တဲ့ အခါမှာ အော်.... ငါ့ရုပ်၊ ငါ့နာမ် ဆိုပေတဲ့ ခေါ်တာခေါ်နေရတာ မပိုင်မဆိုင် အပ်ပါလားလို့ သုံးသပ်ရင် ဒီလိုသုံးသပ်တာဟာ "ဉာဏ်" ဖြစ်လာမယ်။ ငါပါ ငါပါလို့ စဉ်းစားနေရင်အဲ ဒီငါပါ၊ ငါပါလို့ စဲတဲ့ တရားဟာ ရုပ်နာမ်ဒုက္ခနဲ့ "ငါ" နဲ့ လုံးပြီးတော့ ပင်ပန်းမယ်၊ ဆင်းရဲမယ်၊ ပူလောင်မယ်။

ဒါကြောင့် ပူလောင်တဲ့လုပ်ငန်းစဉ်ဟာ အကျိုးယုတ်စေတဲ့ကိစ္စမို့ မြတ်ဘုရားက ဒါမျိုးကိုမလုပ်ရစ်ကြနဲ့တဲ့။ အကျိုးရှိပစေဘဲ။ ကောင်းတယ် ဆိုးတယ်၊ မြတ်တယ်၊ ယုတ်တယ်၊ ဒီနှစ်ခုကို ပိုင်းခြားနိုင်တဲ့ ဉာဏ်စွမ်းရည်တွေထက်အောင် ကြိုးစားရစ်ကြလို့ မှာဘော်မူခဲ့တယ်။ ဒါကြောင့် မိမိတို့ ကိုယ်တိုင် ဤဘရားများသည်ကောင်း၏။ ဤတရားများသည် မကောင်း၊ ဤတရားများသည် မြတ်၏။ ဤတရားများသည် ယုတ်တယ်ဆိုတာ မှန်မှန်ကန်ကန် တိတိကျကျ ပိုင်းခြားဝေဖန်နိုင်ထဲ့စွမ်းရည်တွေထက်သည်ထက် ထက်အောင် မွေးရတော့မယ့် တာဝန်ရှိတယ်။ မြတ်ဘုရားဆိုဆုံးမခဲ့တာ အဓိပ္ပါယ်ရှိတယ်၊ လေးသခေ်ါ့ နှင့်ကမ္ဘာတသိန်း ပါရမီဆည်းပူးတော် မူခဲ့ရတဲ့ မြတ်ဘုရားရဲ့ အကိုအမိန့်တွေဟာ ဒီသတ္တဝါတွေကို ရင်ဝယ်သားလို သနားကရုဏာသက်လွန်းလို့ ဆုံးမခဲ့တာကို မိမိတို့က သေ

သေချာချာ ဉာဏ်စိုက်ပြီး နဲ့ပြီး ကျင့်ကြံအားထုတ်ခဲ့လို့ရှိရင် မြတ်ဘုရားနဲ့ သားတော် သမီးတော်ဖြစ်တဲ့ ရဟန္တာတွေက ကျေနပ်မှာဘဲ။ ဆင်ခြင်စဉ်းစားကြည့်ပေါ့။ သူတော်စင်တွေက ရင်ဝယ်ပိုက်ချင်တဲ့ စာရင်းထဲ ပါချင်တဲ့ ပုဂ္ဂိုလ်တွေဟာ မိမိကိုယ်ကို သူတော်စင်တွေက ကြိုက်အောင်ကျင့်ပေးရမှာဘဲ။ မိမိတို့တို့ သူတော်စင် သူတော်မြတ်တွေက သာဓုခေါ်သော အသံသည်သာ အကောင်းဆုံးသောအမြင့်ဆုံးသော အသံပါ။

ဒီလိုဆို မိန့်ထားတော့ ဦးဇင်းတို့ တတွေဟာ သူတော်စင် ရင်ဝယ်ပိုက်ချင်အောင် မပိုက်သေးတောင်မှ သိပ်ဥပေက္ခာပြုမထားအောင် အရေးအကြောင်းရှိရင် လှည့်ကြည့်ချင်အောင် အဆုံးမခံရစရာရှိရင် အဆုံးမခံရအောင် ကြိုးစားပြင်ဆင်ထားဘို့ ဦးဇင်းတို့တတွေမှာ ထိုက်တန်ပြီ။ ဒါကြောင့်မို့ မိမိတို့ရုပ်နာမ်ကို ပြန်လည်သုံးသပ်ကြည့်ပါ၊ ယထာဘူတကျကျ ပြန်လည်သုံးသပ်ရင် ဒီရုပ်နာမ်ဟာ အပျက်တရားဘဲ။ ကောင်းပြီ၊အပျက်တရားဒီရုပ်နာမ်ကြီးကို ခန္ဓာကိုယ်တခုလုံးပြန်လည်သုံးသပ်နေရင် ဗျာမျှားသွားမယ်။ ဒီတော့ ဗျာမမျှားအောင်ခန္ဓာကိုယ်တခုလုံးရဲ့လိုရင်း မိန်းခလုတ်ဖြစ်တဲ့ ဘဝင်အဇ္ဈတ္တမနောဟဒယကို ဉာဏ်လေးနဲ့ စိုက်ပြီးသုံးသပ်လိုက်ပါ။

အော်... ဒီအဇ္ဈတ္တဘဝင်မှာ ဖြစ်ပေါ်လာတဲ့ တရားတွေဟာ ဒုက္ခတရားတွေ၊ နှိပ်စက်တတ်တဲ့တရားတွေ၊ ဒီဒုက္ခတရားရဲ့အဆုံးမှာ ဟိုမှာဘက်မှာ သုခတရားရှိတယ်။ ဒီအဇ္ဈတ္တဘဝင်မှာ ဖြစ်ပေါ်လာတဲ့ တရားတွေဟာ အပျက်တရားတွေ၊ ဒီ

အပျက်တရားတွေ ချုပ်ဆုံးပြီး ကုန်စင်သွားရင် ဟိုမှာမပျက်တဲ့ တရားရှိတယ်။ ဒီအဇ္ဈတ္တဘဝင်မှာ ဟဒယ ရုပ်ဝတ္ထုမှာ ဖြစ်ပေါ်လာတဲ့တရားတွေဟာ တကယ်တော့ပိုင်ဆိုင်အပ်တဲ့ တရားတွေ မဟုတ်ဘူး။ အကြောင်းအကျိုးနဲ့ ညီညွတ်စွာဖြစ်ပေါ်လာပြီး သူ့အကြောင်းအကျိုးညီညွတ်စွာဘဲ ပျက်စီးချုပ်ငြိမ်းသွားတဲ့ တရားတွေ။

ဒါကြောင့် ဒီမပိုင်တဲ့ တရားတွေရဲ့ အဆုံးမှာ ပိုင်တဲ့ တရားရှိရမယ်ဆိုပြီးတဲ့နောက် မိမိဘဝင်မှာ လက္ခဏာရေးသုံးပါးနဲ့ ဆင်ခြင်လိုက်ပါ။ ဒါဟာ ဒုက္ခ ဒါဟာမမြဲဘူး ဒါဟာမပိုင်ဘူး မဆိုင်ဘူးဆိုပြီးတော့သာ ဆင်ခြင်သုံးသပ် ရှုသတ်နေပါ။ အဇ္ဈတ္တဘဝင်မှာ အနိစ္စကို ဉာဏ်နဲ့ထိုးထွင်း သိမြင်ပြီးတဲ့နောက် ကိုယ့်ဉာဏ်အောက်မှာဘဲ အဲဒီအဇ္ဈတ္တဘဝင် ခံစားချက် သိမှတ်ချက်ကလေးတွေ ပျက်သွားတယ်ဆိုတာကို ဉာဏ်ထဲမှာ မငြင်းသာ မလှုပ်သာအောင် သေသေချာချာ စူးစိုက်ပြီးတဲ့နောက်မှာ သတိထား၊ ပိရိယစိုက်ပြီးတဲ့နောက် ပညာဉာဏ်နဲ့ ရှုသတ်ပါ။ အဲဒီရှုသက်လို့ အနိစ္စတချက်မြင်ရင် သူတော်စင်ဘွဲ့က သာဓုခေါ်ပါတယ်။

အနိစ္စလေး တလုံးနော်၊ အနိစ္စတလုံး ဆိုတာ နှုတ်ကနေ တဘုတ်တုတ်ရွတ်နေတာ မဟုတ်ဘူး။ ရွတ်တာက ကြက်ဘူးခြေးရွတ်တာ၊ ဒီလိုရွတ်နေလို့ကတော့အာနာပါနကြီးရွတ်ရွတ်၊ ပဋ္ဌာန်းသမျှပါဒကြီ.ရွတ်ရွတ် ဘာဘဲရွတ်ရွတ် လိုလို လိုတို

နဲ့ ယောင်တိ ယောင်ချာကြီးဖြစ်ပြီး စမ်းစမ်းရှာဖွေလို့မရ ဂဃ နဏ မရှိတဲ့ ကျင့်စဉ်။ ဒီကျင့်စဉ်ဟာ ဘယ်လိုလုပ် ထိရောက် မတုန်း၊ မထိရောက်ဘူးနော်။

ဒီခေတ်မှာ ထိရောက်တဲ့ တရားလမ်းစဉ်က ရှားတယ်၊ ရှားတဲ့ တရားလမ်းစဉ်ကို တကယ်ထိရောက်ပြီဆိုပြီး တကယ်ကျင့် ကြည့် တကယ် အကျိုးရှိရမယ်။ ဒါကြောင့် အကျိုးရှိရာ ရှိ ကြောင်းဖြစ်တဲ့ မြတ်ဘုရားဟောမိန့်ခိုင်းဖေခဲ့တဲ့ ဒီကျင့်စဉ်ကို ကျင့်ရမယ်။ ဒီကျင့်စဉ်ဟာ ဘာလဲဆိုတော့ စိတ္တာနုပဿနာ စိတ္တနုပဿနာဆိုတာ အနုပဿနာလေးမျိုးထဲက ကာယနုပဿ နာ၊ ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မနုပဿနာဆိုတဲ့၊ ထဲက တမျိုးဘဲ၊ စိတ္တာနုပဿနာဆိုတာ ယခုလိုရင်း ကျင့်ရမဲ့ ကျင့်စဉ်က ဘဝင်ဆိုတဲ့ ဟဒယရုပ်ဝတ္ထုပေါ်မှာဖြစ်ပေါ်လာတဲ့ အဲဒီနာမ်တရားလေးကို ရှုလိုက်၊ လူဟာ အဲဒီနာမ်တရားကို ရှုရင် ရုပ်တရားပါ ရှုပြီးသား ဖြစ်တယ်။

လူမှာ ရုပ်နဲ့နာမ်ခွဲလို့ မရဘူးတဲ့။ ရုပ်နဲ့နာမ် တွဲနေတဲ့ လူ။ တခြားသတ္တဝါတွေ ရုပ်နာမ်ကိုမဆိုလိုဘူး။ လူဟာ အဇ္ဈတ္တ သန္တာန်မှာ ဟဒယမှာ ဖြစ်ပေါ်လာတဲ့ အဲဒီ နာမ်တရားရဲ့ အပျက်ကို ရှုလိုက်ပါ။ ဒါဟာ မမြဲဘူး။ မျက်ရမယ်ဆိုပြီး၊ ဥာဏ် နဲ့ထိုးထွင်းပြီး သိမြင်အောင်သာ ရှုသတ်နေပါ။ ရှုသတ်ပါမျှား တဲ့ ပဋိပတ္တိအဖို့ တဖြည်းဖြည်းနဲ့ အရှုသတ်ခံတရားတွေ ပျက်စီး

မှာ ငြိမ်းအေးတဲ့ ဓာတ်တွေ ကိန်းလေလေ။ အပူတွေ ကင်းစင်လေလေ။ လှုပ်ရှားမှုတွေ ကင်းလေလေ။ တဖြည်းဖြည်းနဲ့ ကိုလေသာ တရားတွေ ရော့ပါး ခေါင်းပါး သွားပြီးတော့ နောက်ဆုံးမှာ ဒီရုပ်တရား နာမ်တရားတွေ လုံးဝချုပ်ငြိမ်းသွားရင် နိဗ္ဗာန်ဘဲ၊ တဏှာကုန်ရင်လဲ နိဗ္ဗာန်ဘဲ။

ရုပ်နာမ်ချုပ်တယ်ဆိုတာ ဒီဘဝ ဒီရုပ်နာမ်ကြီး ချုပ်လို့ တကယ်မချုပ်ဘူး။ ဒီဘဝ့ဝချုပ်သွားရင် ဒီဘဝပြီးသွားရင် ဘာမှ မရှိတော့ဘူးဆိုတာ တကယ်တော့ ဒီဌိဋ္ဌိအယူဘဲ။ အကြောင်းကြောင့် အကျိုးဖြစ်နေတဲ့ ဒီရုပ်နာမ်မှာ ဒီအဇ္ဈတ္တ ဘဝင်လေးမှာ တောင်မှ အကြောင်းခံသလို အကျိုးလေးတွေ ဖြစ်ပျက်ပြီးပေါ်နေတယ် မဟုတ်လား၊ အဲဒီတော့ ဒီရုပ်နာမ်ကြီးမှာလဲ အကြောင်းကို ကုန်စင်အောင် မသတ်ရင် အကျိုးဟာ ဖြစ်အုံးမှာဘဲ အကြောင်းအကျိုးကို အဲသလို မြော်မြင်ရတယ်။ နောင်ဘဝကို ကိုယ်ကလှမ်းပြီးတော့ ဉာဏ်မျက်စိနဲ့ မမြင်တာနဲ့ ဒီဘဝမှာ ဒီရုပ်နာမ်ဘဲ ဒီဘဝ ဒီကိုယ် ခံချင်သလိုခံ မတရားတာလဲ လုပ်မယ်၊ အကုသိုလ်လဲလုပ်မယ်၊ နောင်ဘဝရှိလဲ နောင်ကိုယ် ခံချင်ခံ စံချင်စံ သဘောထားကြတယ်။ ဒါဒီလို မဟုတ်ဘူး၊ ဒါဟာ လူပြိန်းတွေရဲ့ အယူတုံးတွေရဲ့ အယူ၊ ဒါဒီဋ္ဌိတွေရဲ့အယူ။

ဒီလောကမှာ အကြောင်းနဲ့ အကျိုးနဲ့ ယထာဘူတ ကျကျ ယောနိသောမနသိကာရ နှလုံးသွင်းရမယ်။ ဒါကြောင့်

မိမိရဲ့ အဇ္ဈတ္တဘဝင်မှာ ဖြစ်ပေါ်လာပြီးနောက် ပျက်စီးနေတဲ့ ဖြစ်ပျက်ဟာ အမြဲရှိတယ်၊ ဘဝင်မှာ ဉာဏ်စိုက်ပြီး ဆင်ခြင်ပယ်သတ်နေရမယ်၊ ဒီလိုရှုသတ်နေတဲ့ အခါမှာ ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ပေါ်လာနိုင်တယ်။ အော်-ရူပ်နာမ်ဆိုတာ မမြဲတဲ့တရား မပိုင်မဆိုင်တဲ့ တရားလို့ သုံးသပ်နိုင်တဲ့ ဉာဏ်ရလာနိုင်တယ်။ အဲဒီဉာဏ်ဟာ မြဲတယ်၊ ခိုင်တယ်၊ ပိုင်တယ်၊ ချမ်းသာတယ်၊ ဉာဏ်ကိုပိုင်တယ် ရူပ်နာမ်ကို မပိုင်ဘူး။ ဒါကြောင့်မြဲတဲ့ ပိုင်တဲ့ ချမ်းသာတဲ့ ဉာဏ်ကိုရအောင်လို့ မိမိတို့သည် မိမိတို့ရူပ်နာမ်မှာ ဟဒယမှာ အမြဲရှိနေတဲ့ ဖြစ်ပျက်ကို သတိရှိပြီး ခန္ဓာဉာဏ်စိုက်ပြီး "အော်....ဒီသဘောတွေဟာ မမြဲ မပိုင် မဆိုင်တဲ့သဘောတွေ"ဆိုပြီး သတိအမြဲယှဉ်ထားပါ၊ ဝိရိယ စိုက်ထားပါ၊ မရှောင့်သော ဇဲ့သတ္တိနဲ့ရှုသတ်ပါ၊ ခိုင်မာတဲ့ ယုံကြည်ချက်ထားပါ။ ဤကဲ့သို့ ရှုသတ်ပါမျှားလျှင် မိမိခန္ဓာကဲ့ မိမိကို တရားပြသွားပြီးတဲ့ နောက် ဒီခန္ဓာကဲ့ မိမိအား အကြောင်းအကျိုး ဟုတ်တိုင်းမှန်စွာ သုံးသပ်ရင်း နှလုံးသွင်းရင်း ယောနိသောမနသိကာယ ဆင်ခြင်ရင်တနည်းအားဖြင့် အပျက်ရှုနေရင် ရူပ်နာမ်ဟာ သက်သာမှုရတယ်။ ချမ်းသာမှု ရတယ်ဆိုတာကို ခန္ဓာကဲ့ အဓိပ္ပါယ်ဖော်ပြသွားပါလိမ့်မယ်။

ဒါကြောင့် တရားရှာ ခန္ဓာမှာတွေ့ဆိုသလို မိမိရဲ့အဇ္ဈတ္တ ခန္ဓာ ရူပ်ဟဒယ ရူပ်ဝတ္ထုလေးပေါ်မှာ ဖြစ်ပေါ်လာတဲ့ အဲဒီနာမ်တရားရဲ့ အပျက်ကိုသာ ရှုပါ။ အပျက်ဟာ အခါမလပ် ဖြစ်ပေါ်နေပါတယ်။ ဒီအပျက်တရားကို ရှုသတ်နေတဲ့ ပုဂ္ဂိုလ်

ဟာ "သဗ္ဗေသခ်ါရာ အနိစ္စာ ယထာ ပညာယ ပဿတိ" ဆိုတဲ့ ပါဠိအတိုင်း ခပ်သိမ်းကုန်သော ဖြစ်ပေါ်လာတဲ့ သင်္ခါရဝိုရားများ ပြိုပြင်စီရင်တဲ့တရားသည် မမြဲ ပျက်စီးတတ်သည်ကို ပညာနှင့် ရှုသူအဖို့ နောက်ဆုံးမှာ စင်ကြယ်သော ကြည်လင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီးတော့ နောက်ဆုံးတော့ ဧမြဲသော ချမ်းမြေ့သော ငြိမ်းချမ်းသော နိုရောဓကို မျက်မှောက်ပြုရပါလိမ့်မယ်။

ဒါကြောင့် မို့ မိမိ တို့ ရုပ် နာမ် အပေါ်မှာ ဖြစ် ပျက်ဟာ အမြဲ တန်း ရှိ နေ တယ်၊ ဘယ် နေ ရာ မှာ ရှိနေသလဲ ဆိုတော့ ဟ ဒယ ဘ ဝင် မှာ အမြဲ တန်း ရှိ တယ် သိချင်တဲ့ အ ခါ သိ မယ်၊ မ သိ ချင် တဲ့ အ ခါ မ သိ ဘူး၊ မ သိ တဲ့ အခါမှာလဲ မသိ ဒါကို ဒုပျက်မှာဘဲလို့ ရှုတော့ သိလာလိမ့်မယ်။ သိလာလဲ ဆက်ရှုတော့ ဖြစ်ပေါ်သမျှ အလစ်မပေးဘဲ ရှုသာရှုနေပါ။ လမ်းဆုံးတော့ ရှာတွေ့လိမ့်မယ်။ ရှုစရာတွေကုန်သွားတော့ အသခ်ၢတမာတ်၊ မြတ်သောနိဗ္ဗာန်ကို မိမိကိုယ်တိုင် ဉာဏ်နဲ့ထိုးထွင်းပြီးတော့ တွေ့လိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒီဘက်မှာတော့ သခ်ၢတနယ်ရှိဘယ်။ ဟိုဘက်မှာ အသခ်ၢါတနယ် ရှိတယ်။ မြတ်ဘုရားတရားတော်မှာ အဲသလို ၂ ပိုင်းခွဲထားတယ်။ ရုပ် နာမ်၊ စိတ်စေတသိက် ဖြစ်ပေါ်ပြီး ပျက်စီးသွားတဲ့ သခ်ၢတနယ်ပယ်ဖြစ်ပေါ်ပြီး ဘင်စွန်းဒဏ် ခံရပြီးတော့ ပျက်စီးသွားတတ်ဘယ်၊ အပျက်လို့ရ၊ရှုရင်ဉာဏ်ရမယ်။ ဒီဉာဏ်ကနောက်ဆုံးအပျက်ကို နောက်ဆုံးအောင်နိုင်သွားပြီး၊ ဒီဉာဏ်ကဘဲ မပျက်တဲ့

မဖြစ်တဲ့ နိဗ္ဗာန်ဓာတ်ကို မျက်မှောက် ပြုနိုင်မယ်။ နိဗ္ဗာန် အကြောင်းဆင်ခြင်နိုင်မယ်၊ ထိုးထွင်းနိုင်မယ်၊ သိမြင် နားလည် သဘောပေါက်နိုင်မယ်၊ နိဗ္ဗာန်က သိကောင်းတဲ့ ငြိမ်းအေးမြတ် သောဓာတ်ကြီး၊ ရုပ်နဲ့နာမ်ကတော့ သူ့အကြောင်း နားလည် ပြီးတော့ နောက်ဆုံး ပိုင်းခြားပယ်စွန့်ရမယ်၊ သင်္ခါတနယ်ပယ်မှ အပျက်တရားဖြစ်တယ်။

အနိစ္စတလုံးကိုပိုင်သောပုဂ္ဂိုလ်အဖို့၊ နိစ္စနိဗ္ဗာန်ရလိမ့်မယ်၊ နိဗ္ဗာန်ဆိုတာ နိစ္စ၊ ဓ္ဓုဝ၊ သဿတ၊ တကယ်ရှိတယ်၊ တကယ်မြဲ တယ်၊ ထာဝရပြီးပြည့်စုံစ္ဌာ တည်ရှိတဲ့ နိဗ္ဗာန်နဓာတ်သဘာဝ မြတ်ကြီး၊ ဒီဂက်ကအပျက်တရားကို အပျက်မှန်းမသိတဲ့ပုဂ္ဂိုလ်က နိဗ္ဗာန်ကို ဘယ်တော့မှ မသိနိုင်ဘူး၊ အပျက်တရားကို လိုလား နေရင် လိုလားတဲ့ တဏှာကြောင့် သမုဒယဖြစ်ပြီး၊ ဒုက္ခပြန် ဖြစ်ပြီး အပျက်တရားဘဲပြန်ရနေမှာဘဲ။ဒါကြောင့် အပျက်တရား ရရာရကြောင်းမလုပ်ကြနဲ့တော့၊ အပျက်တရား ကုန်စင်အောင် ဥာဏ်နဲ့ရှုကြတော့၊ နိဗ္ဗာန်ရရာရကြောင်းသာလုပ်ကြပါ၊ မပျက် တရားသာရအောင်ကြိုးစားပါ။

ဒါကြောင့် ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ်များ မိမိကိုယ်ကိုမိမိ ယထာဘူတကျကျ ယောနိသော မနသိကာယ ဆင်ခြင်ချင် တဲ့ပုဂ္ဂိုလ်များ၊ သေခြင်းတရားကို ကောင်းကောင်းမှန်မှန်ရင် ဆိုင်ပြီး အသေစိတ်ချချင်တဲ့ ပုဂ္ဂိုလ်များဟာ ဤရုပ်နာမ်သည် အပျက်တရားဖြစ်၍ အပျက်တရားလို့သာဆင်ခြင်ပါ ရှုသတ်ပါ။

တချိန် ရှုသတ်စရာကုန်သွားလို့ရှိရင် ရှုသတ်တဲ့ဉာဏ်က နိုရောဓကို မျက်မှောက်ပြုပြီး ဖြစ်နေပါလိမ့်မယ်။

ဒါကြောင့် မိမိအလုပ်သည် ရှုသတ်ဘို့ အလုပ်ဘဲလို့ သာမှတ်တော့၊ရှုသတ်နေရင် ငါတို့သည် အပျက်တရားကို မလိုချင်တဲ့ အချိန်ဘဲလို့မှတ်၊ အပျက်တရားကို ရှုသတ်မနေရင် ငါတို့သည် အပျက်တရားကိုထပ်ရအောင်လုပ်နေတယ်လို့မှတ်။

၃ဘဝမှာ ဘာဖြစ်ဖြစ်အပျက်တရားဘဲ၊ အပျက်တရားရအောင်မလုပ်ကြနဲ့တော့၊ ဘာဘဲဖြစ်ဖြစ် အပျက်တရားဘဲ၊ပျက်တာမှဒုက္ခကြီးဖြစ်ပြီးပျက်ရအုံးမှာဆိုတော့အတော်ကိုမလိုလားချင်စရာဘဲ၊ အပျက်တရားကလဲ သုခကလေးနဲ့ပျက်မှာမဟုတ်။ အပျက်တရားကို မလိုချင်လို့ရှုရင်တော့ နောက်ဆုံးမှာ တကယ်မပျက်တဲ့ဉာဏ်ကိုရမယ်၊ တကယ်မပျက်တဲ့ နိဗ္ဗာန်ကို ထိုးထွင်းပြီးတော့သိမယ်။ သိပြီးတဲ့နောက် ထိုးထွင်းပြီးတဲ့နောက်ဆင်ခြင်ပြီးတဲ့နောက်၊ အော်–ဒါကြောင့် ရုပ်နာမ်တွေရပြီး ဆင်းရဲနေတာပါလား၊ နောက်ဆုံး သေဆုံးပြီးတဲ့နောက် အပျက်ကို အပျက်မှန်း မသိ၊ ဆင်းရဲခြင်းကို ဆင်းရဲမှန်း မသိ၊ သံသရာဝဲ့ဩဃမှာလည်ပြီးတော့ တပြောင်းပြန်ပြန် လောဘဒေါသ မောဟတွေနဲ့ မီးဟုန်းဟုန်းတောက်ကြတာဘဲ။

အပျက်တရားကုန်ဆုံးသွားရင်ဖြင့် ဟိုမှာဘက်မှာနိဗ္ဗာန်မှာ ငြိမ်းအေးတဲ့သဘော တွေနဲ့၊ နောက်ဆုံး ကိုလေသာတွေ

ချုပ်သွားတာဘဲ။ ရာဂတွေကုန်သွားတာဘဲ။ တဏှာတွေ၊ လောဘတွေ ဒေါသတွေချုပ်ငြိမ်းသွားတာဘဲ။ အကုန်လုံး ချုပ်သွားတာဘဲ။ ချုပ်ငြိမ်းခြင်းဆိုတာ ရှိတယ်။ ချုပ်ငြိမ်းခြင်း ရှိတဲ့ နိဗ္ဗာန်မှာ နှုတ်ညှီလွန်းလို့၊ သိမ်မွေ့လွန်းလို့၊ အုံ့သြဘွယ်ရာ ကောင်းလွန်းလို့၊ အသိခက်လွန်းလို့၊ ငြိမ်သက် လွန်းလို့ ရုပ်နာမ်နဲ့ ဆင်ခြင်လို့တော့ သိပ်မလွယ်ဘူး။ ရုပ်နာမ်ကိုသတ်နိုင်တဲ့ ဥာဏ်ရတဲ့အခါ ဆင်ခြင်နိုင်မှာ၊ ဒါကြောင့် ဦးဇင်းတို့တတွေဟာ မိမိရဲ့ရုပ်နာမ်ကို အပျက်နဲ့ရှုကြစို့။

ဤကဲ့သို့ အပျက်ကိုရှုခြင်းဖြင့် ယောနိသောမနသိကာယ နှလုံးသွင်းရာလဲကျတဲ့ အပြင် အသေစိတ်ချရတဲ့၊ ပြင်ဆင်မှုကို ပြင်ဆင်ပြီးသားလဲဖြစ်လာတယ်။

ဤကဲ့သို့ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ် ကြီး၏ အသေစိတ်ချရတဲ့တရားတော်မြတ်၊ ယောနိသောမနသိကာယ၊ နှလုံးသွင်းနည်းကို နာကြားခြင်း ကျင့်ကြံခြင်း၊ နှလုံးသွင်းခြင်း၊ အာဃာတ်ခြင်း သုံးသပ်ခြင်း၊ ဆင်ခြင်ခြင်း အမှုတို့ကို ပြုရတဲ့ ကုသိုလ်ကံ စေတနာအပေါင်းတို့ကြောင့် လောကုတ်၊ လောကီ နှစ်လီသော အကျိုးစီးပွားများ ဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းတဲ့ အပြင် ပျက်ပျက်နေတဲ့ ရုပ်နာမ် သံသရာက လွှန်မြောက်၍ မပျက်တော့သော၊ တကယ် ငြိမ်းချမ်း စွာသော၊ ပျက်စရာ အဖြစ်ကိုမလိုတော့သော၊ နိဗ္ဗာန်ကြီးအား နားလည်ပြီး မျက်မှောက်ပြုနိုင်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ နောက်ဆုံးရုပ်နာမ်နဲ့ ပတ်

သက်လို့ အကုန်လုံးကိုကိုစွပ်ပြီးသွားတဲ့၊ ပြီးပြည့်စုံတဲ့၊ သူတော်စင် အဖြစ်မှာသာ တကယ်ရရှိပိုင်နိုင်တဲ့၊ နိဗ္ဗာန်စခန်းသို့ တက်လှမ်း နိုင်ကြသော နိဗ္ဗာန်အကြောင်းကို တကယ်ဉာဏ်နှင့် ထိုးထွင်း ဆင်ခြင်နိုင်သော၊ နိဗ္ဗာန်အကြောင်းကို တကယ် ကိုယ်တိုင် ခံစားပြီး တကယ်အားလုံး ချုပ်ငြိမ်းတဲ့ သဘော ပါလားလို့ ဉာဏ်နဲ့ ဆင်ခြင်ပြီး၊ သိနားလည်နိုင်သော ဉာဏ်ထူး ဉာဏ်မြတ် များရတဲ့ အာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေ သော်စ်....။ ကဲ-အမျှဝေရအောင်-။

ကျွန်ုပ်တို့ ယခုပြုရသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ မေတ္တာကုသိုလ်၊ သစ္စာကုသိုလ်၊ အဓိဋ္ဌာန် ကုသိုလ်ထူးကုသိုလ်မြတ်၊ ပါရမီထူး၊ ပါရမီမြတ်၊ ဤဖြည့်ကျင့် ရသော အဘိုးရှာသည် လူရောနတ်ပါ၊ ဗြဟ္မာမကြင်း၊ ခပင်းဥသျှ၊ အားလုံးစုံကို အမျှ-အမျှ-အမျှ-ရကြပါစေသော်စ်။

"သာဓု-သာဓု-သာဓု"

နိဗ္ဗာန်ချမ်းသာမြတ်အကြောင်းနှင့် ပတ်သက်သော ကောက်ချက်များ

ရုပ်နာမ်အပေါ် ဝဋ္ဋဒုက္ခဟု ရှုမြင်ကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် နိဗ္ဗာန်ကို ရောက်လို ရလိုကြသည်ချည်းပင် ဖြစ်သည်။ သို့သော် အဘိဓမ္မာတရားသနှင့် ပြီးပြည့်စုံသော နိဗ္ဗာန် အကြောင်းကို ဗုဒ္ဓဘာသာဝင် တော်တော်များများပင် မှန်ကန်စွာ သိမြင်နားလည်ခြင်းမရှိနိုင်ကြပေ။ နိဗ္ဗာန်ကို နိုင်ငံခြားသား ဗုဒ္ဓဘာသာဝင်များသည် (Nothingness) ဟု ဘာသာပြန်ဆို၍ ဘာမှုမရှိခြင်း၊ ဘာမှုမဟုတ်ခြင်းဟု အနက်ဖော်ကာ တုစ္ဆနှင့်အဓိပ္ပါယ် လွဲမှားစွာ သိနားလည်လျက်ရှိနေကြပေသည်။ ဤသို့ အဓိပ္ပါယ်လွဲမှားစွာ သိမြင်နေခဲ့ကြကြောင်းကို ဂျာမဏီနိုင်ငံမှ Dr. Broun (ဦးခင်ညို) က ဖွင့်ဟဝန်ခံခဲ့ဘူးလေသည်။

အခြားသောနိုင်ငံခြားသားများကလည်း လူ့ချမ်းသာ နတ်ချမ်းသာ များသည် အားကျဘွယ် လိုလားအပ်ဘွယ် ရှိလှသော်လည်း နိဗ္ဗာန်ချမ်းသာကျတော့ (ဗုဒ္ဓသာသာ

တို့၏ အခိုကပန်းတိုင်မှာ) အဖျားရှုံးသွားသည် ဟုပင်
လဲမှားစွာ ကောက်ချက်ချကြကြောင်းသိ ရှိရပြန်သည်။
ထို့ကြောင့် နိဗ္ဗာန်အကြောင်းကို မှန်ကန်စွာ သိရှိ
နားလည်စေရန် တရားတပ်သီးသန့်ဟောကြားဦးမည်ဟု
ဆန္ဒပေါ်ပေါက်ခဲ့လေသည်။

သို့သော် ဤအကြောင်းအရာမှာ ခက်ခဲနက်နဲလှ
သဖြင့် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံဝယ် အခြားတရား

စကားပြေပြင့် ရေလည်ရှင်းလင်းစွာ သာမန်လူတို့ သိနားလည်စေနိုင်ရန် ရိုးရိုး ဝေါဟာရများကိုသုံးနှုန်း၍ ဟော ကြားထားခြင်းလည်း ဖြစ်ပါသည်။

နိဗ္ဗာန်အကြောင်းကို စိတ်ဝင်စားသူတို့သည် အရှင်စန္ဒဝသာလက်ဘရ အမည်ရှိသော၊ ဒုတိယ မြို့ပြင်ကြီးဆရာတော်ကြီး၏ အာဘိဓမ္မတ္ထသရူပဒီပကကျမ်း (နိဗ္ဗာနသရူပဒီပကကဏ္ဍ) နှင့် မင်းကွန်း ဌေတော င် တောရပထမ ရှေကျင်ဆရာဘော်၏ ဂမ္ဘီရဂမ္ဘီရ မဟာနနိဗ္ဗုတဒီပနီကျမ်းများကို နှိုင်းယှဉ်လေ့လာလေ့ရှိကြပါသည်။ တနည်းအားဖြင့် နိဗ္ဗာန်သည်ထင်ရှားရှိသလော၊ထင်ရှားမရှိပြီလော၊ ထင်ရှားရှိလျှင် အဘယ်သို့ ရှိနေသနည်း။ ထင်ရှားမရှိလျှင် အဘယ်သို့မရှိနိုင်သနည်း။ နိဗ္ဗာန်သည် ချုပ်ငြိမ်း၍ ငြိမ်းအေးနေပါသည်ဆိုရာ၌ အဘယ်သို့ ချုပ်ငြိမ်း၍ အဘယ်သို့ ငြိမ်းအေးနေပါသနည်း စသည်ဖြင့် စိတ်ဝင်စား လေ့လာကြရပါသည်။

ဤသို့ စိတ်ဝင်စား လေ့လာရာ၌ ဦးဇင်းတို့အဘို့ (ဆရာမြတ်နှင့်တွေ့ကြုံခြင်း၊ ပဋ္ဌိပတ္ထိကျင့်စဉ်ရှိခြင်းတို့ကို ဦးထိပ်ပန်ဆင်ချန်လှပ်၍)ဒဿနိကဗေဒပညာ(Philosophy) နှင့် ယုတ္တိဗေဒပညာ (Logic) ဘာသာတို့ကို သင်ယူခွင့် ရရှိခဲ့ခြင်းတို့သည် ကျေးဇူး ပြုနေကြောင်း အနည်းငယ်တင်ပြလိုပါသည်။ ယုတ္တိဗေဒပညာရပ်တွင်

ယုတ္တိလွဲဟန် (Logical Paradox) များ အခန်း ကဏ္ဍကို လေ့လာရပါသည်။

ယုတ္တိလွဲဟန်ဆိုသည်မှာဥဒါဟရဏ်အားဖြင့် "လူသည် မယုံကြည်ထိုက်သော သတ္တဝါ အမျိုးအစားဖြစ်သည်" ဟူသော အဆိုအမိန့်တရပ်ကို ဆင်ခြင်ကြည့်ပါ၊ ဖော်ပြပါ အဆိုအမိန့်ကို လက်ခံလိုပါသလား (သို့မဟုတ်) ငြင်းပယ်လိုပါသလား၊ လက်ခံပါလျှင် ထိုအယူအဆတင်ပြသူကိုလည်း မယုံကြည်ထိုက်သူများ စာရင်းဌာ်ထည့်သွင်းရပါမည်။(အဘယ်ကြောင့်ဆိုသော် ထိုသူသည်လည်း လူတယောက်ပင် ဖြစ်နေ သော ကြောင့်ပင်) ထိုအခါ မယုံကြည်ထိုက်သူများ၏ အဆိုအမိန့်တရပ်ကို ကျွန်ုပ်တို့ ယုံကြည်လက်ခံလိုက်ရာ မကျပါသလော၊ ဤကဲ့သို့သော ပြဿနာများကို ယုတ္တိလွဲဟန်များအဖြစ် လေ့လာခဲ့ရပါသည်။ နောက် အကြောင်းညီညွတ်လျှင် ဤပြဿနာမျိုးကို ဘာထရန်ရပ်ဆဲလ် (Burtrand Russell) က မည်သို့ ကိုင်တွယ် ဖြေရှင်းကြောင်း အကျယ်တဝင့် ဆွေးနွေးပါမည်။

နိဗ္ဗာန်နှင့် ရုပ်နာမ်ကိုဆက်စပ်၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဦးဝိမလက "မင်းတို့ဟာ ရုပ်နာမ် ဒုက္ခ၏အဖြစ်ကို မမြင်ကြလို့ နိဗ္ဗာန်ကို မလိုချင်ကြတာ၊ ဒုက္ခရဲ့အပူက်ကို မမြင်လို့သာ နိဗ္ဗာန်ကို မကြိုက်မနှစ်သက်

သေးတာ"ဟု ဆိုမိန့်တော်မူခဲ့ဘူးပါသည်၊ ဤဟောစဉ်မှာတော့ သိ-ပယ်-ဆိုက်-ပွား-လေးပါးကိစ္စ ပြည့်စုံမှု သုခမြတ်ချမ်းသာဟူသော ဒုက္ခကို သိ၊ သမုဒယကို ပယ်၊ နိရောဓမှာ ဆိုက်၊ ပဋိပဒါကို ပွား မျှားခြင်း တည်းဟူသော ဥာဏ်ကိုမူမျှားကိုးပါးပြုဖွဲ့ဆိုထားပါသည်။ကိုးလေးသောတင်းကြမ်း ပြည့်ဖြိုးနေသူ တဦးအဘို့တော့ နိဗ္ဗာန်အကြောင်းသည်အိပ်မက်ဘောင်မက်ဘို့မဖြစ်နိုင်ကြောင်းကို အတိုအလင်းဖော်ပြထားပါသည်။

ယခု နိဗ္ဗာန်မြတ်ချမ်းသာ အ ကြောင်း မှာ လည်း ရုပ်နာမ်သည် ဒုက္ခဖြစ်၍ 'ငါ' မဟုတ်ဟုသိသော(အနတ္တ ဥာဏ်)မှ နိဗ္ဗာန်သို့တိုင် ကူးရောက် ပေါ်ကြောက်မြောက်ပုံ၊ 'ငါ' မဟုတ်ဟုသိသော ဥာဏ်သည် ချမ်းသာ၍ 'ငါ'ဟု သိမှတ်သိမ်းပိုက်ထားသော လွဲမှားမှုနှင့်ယှဉ်သည့် ရုပ်နာမ်သည် ဆင်းရဲပုံ၊ ထို့နောက် ဤဆင်းရဲခြင်း 'ငါ' ရုပ်နာမ်ကို ဖြစ်စေသော တဏှာသမုဒယကို ပယ်သတ်နိုင်သောဥာဏ်က နိဗ္ဗာန်ကိုထိုးထွင်းဆင်ခြင်၍ ချမ်းသာရာ ရပုံ၊ ငါရုပ်နာမ်ဒုက္ခ တဏှာကိုလေသာ အဝိဇ္ဇာတို့ ချုပ်ငြိမ်းရုပ်သိမ်းသဖြင့် ငြိမ်းအေးမှုတွေ့ရှိရသောဥာဏ်ပိုင်ပိုင်နိုင်နိုင်ရရှိပုံတို့ကို တတ်အားသမျှ အသေးစိတ်ရှင်းလင်းဖေါ်ကြားထားပါသည်။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် တည်းဟူသော ပရမတ္ထတရား လေးပါးတို့အနက် စိတ်၊ စေတသိက်၊ ရုပ်

တရားတို့သည် အပျက်တရားများဖြစ်ကြ၏။ တနည်း အင်ကြောင်းခံသကဲ့သို့ အကျိုးဖြစ်ပေါ်လာကြ၏။သင်္ခတ တရားများဖြစ်ကြ၏။ နိဗ္ဗာန်မှာ ပရမတ္ထတရားလေးပါး တို့အနက် အမြတ်ဆုံး တရားဖြစ်သည်။ အသင်္ခတ်မြတ်သော တရားဖြစ်သည်။ မပြုမပြင် မစီရင်အပ်သော တရားဖြစ်သည်။ ကြည်လင်ပေါ့ပါး ဧမြင့်မြတ်သက်လွန်း လှသည်ဖြစ်၍ အသိဓက် ရှိချက်မှာ လွန်သိမ်မွေ့လို့ လောကီဓလေ့သဘော ဥာဏ်ပြောရန် ခက်နေကြရသည် သာ ဖြစ်၏။ ဤအကြောင်းအရာကို ဒုက္ခဒုက္ခ၊ ဝိပရိနာမ ဒုက္ခ၊ သင်္ခါရဒုက္ခတို့အနက် သင်္ခါရသည်ပင် ဒုက္ခဟုဆိုက အသင်္ခတ၏ သုခဖြစ်ပုံ၊ သန္တိသုခဖြစ်ပုံကို ယုံယုံ ကြည်ကြည်နှင့် သဒ္ဓါတရတိသြဝံ ဟူသောပါဠိအတိုင်း ဒီရှပ် နာမ်လျှောက သင်္ခါရကို ကျော်လွန် အောင်နိုင်ခဲ့ပါ၊ ဟိုဘဝက်မှာ ရုပ်နာမ်ချုပ်ငြိမ်းရာ အသင်္ခတမှတ် မြတ်သော နိဗ္ဗာန်ရှိပါ၏ ဟူ၍....

မေတ္တာသစ္စာဖြင့်

နန္ဒဝံသ

ဒိုဗွာန် ချမ်းသာမြတ် အကြောင်း

[၁၃၃၉ ခုနှစ် နယုန်လဆန်း(၄)ရက်၊ (၂၀-၅-၇၇) ရက်သောကြားနေ့၌ တက္ကသိုလ်မျှား ဓမ္မာရုံတွင်၊ သန္တိသုခဆရာတော် ဦးနန္ဒဝံသ ဟောကြားတော်မူသော "နိုဗွာန်ချမ်းသာမြတ် အကြောင်း" တရားတော် ဟောစဉ်]

ကဲ-ဒီနေ့ တရားမနာခင် မြတ်စွာဘုရားကို ရည်စူးပြီး ခန္ဓာလှူလိုက်ရအောင်၊ လိုက်ဆိုကြ-

တရားနာတဲ့အခါမှာ ခန္ဓာလေး ဥာဏ်စိုက်ပြီးနာရအောင်-

တပည့်တော်တို့၏ ရုပ်နာမ် ၂ ပါး ခန္ဓာငါးပါးကို လှူဒါန်းပါ၏ အရှင်ဘုရား။ ဤကဲ့သို့ လှူဒါန်းရသော အကျိုးအာနိသင်နှင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကိုယထာဘူတကျကျ ဟုတ်တိုင်းမှန်စွာမြင်ရ တွေ့ရပါလို၏အရှင်ဘုရား။

အဗ္ဗတက္ကေ ပါကုပေတံ-
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိပါဘုရား၊
အဗ္ဗတက္ကေ ပါကုပေတံ-
ဓမ္မံ သရဏံ ဂစ္ဆာမိပါဘုရား၊
အဗ္ဗတက္ကေ ပါကုပေတံ-
သံဃံ သရဏံ ဂစ္ဆာမိပါဘုရား၊

မဂ်ိုလ် နိဗ္ဗာန်စခန်းသို့ တက်လှမ်းနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ရပါလို၏ အရှင်ဘုရား....ကဲရပါပြီ....

ယနေ့ ရန်ကုန်မြို့ တက္ကသိုလ်များ ဓမ္မာရုံမှာ စာဘုတ္ထည့ မြောက် တရားဟောခြင်းပါ။

ပထမညမှာ ရင်တွင်းငြိမ်းအေးရေး တရားကို ဟော ပါတယ်။

ဒုတိယညမှာ သစ္စာ (၄)ပါး တရားကို ဟောပါတယ်။

တတိယညမှာ ရှေ့ကဖြစ်ပျက် နောက်ကမဂ်ဆိုတဲ့ တရားကို ဟောပါတယ်။

ယခုဟော့ နိဗ္ဗာန်ချမ်းသာမြတ် အခြေခံကို ဟော မှာပါ၊

နိဗ္ဗာန်ချမ်းသာအကြောင်း ဟောဘို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး၊ ဟောတဲ့ပုဂ္ဂိုလ် အရေးကြီးပါတယ်။

အဲဒီတော့-ဒါကြောင့် ခန္ဓာငါးပါး ဘုရားလျှပြီး၊ မိမိ ခန္ဓာဥာဏ်စိုက်ပြီး နာကြရအောင်-

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ တရားကတော့ ကောခမ္မောလို့ အဆိုရှိပါတယ်။ တနည်းအားဖြင့် ဦးဇင်းတို့ တတွေ့ သိနားလည်ခဲ့ရတာလဲ သဗ္ဗညုတ ရှေ့ဥာဏ်ခတော်ကြီးကို ရအောင် ကြိုးစားတဲ့အခါမှာလဲ အဝိဇ္ဇာတဏှာဦးစီးနဲ့တဲ့ ရုပ်နာမ်ရဲ့ အပျက်ကို မြင်ပြီးမှရတယ်။ ပစ္စေကဗုဒ္ဓါမျိုးကြီးဖို့ အတွက်လဲ ဒီရုပ်နာမ်ရဲ့ အပျက်ကို မြင်ရတယ်။ဒီနည်းအတိုင်းဘဲ၊ အဂ္ဂသာဝက၊ မဟာသာဝက ဗောဓိဂ်ရဟန္တာ ပုဂ္ဂိုလ်တွေ၊ အနာဂါမ်တွေ၊ သကဒါဂါမ်တွေ သောတာပန်တွေ၊ အရိယာပုဂ္ဂိုလ်●တွေဟာလဲ ရုပ်နာမ်ခန္ဓာရဲ့ အပျက်ကိုမြင်ပြီးမှ သစ္စာဆိုက်ကြတယ်လို့ အဆိုအမိန့်မျိုးကို နာရဘူးပါတယ်။

ဒီတော့-မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့တရားတော်ရဲ့ အဆီအနှစ်ကတော့ ကောခမ္မောဆိုသလိုဘဲ အဝိဇ္ဇာတဏှာတွေရဲ့ မမြဲပုံ ရုပ်နာမ်ရဲ့ မမြဲပုံကို ဥာဏ်နဲ့ မြင်လိုက်ရင် ကိစ္စပြီးသလောက်နီးနီး ဖြစ်သွားတာပါဘဲ။ ဘာကြောင့်လဲ ဆိုတော့ ရုပ်နာမ်တို့ရဲ့ ဖြစ်ခြင်းပျက်ခြင်းသဘောကို မြင်လိုက်တဲ့ အခါမှာ အော်-ပေါ်လာတာတွေဟာ ပျက်ချည်းနေတာပါဘဲ

လား၊ ဖြစ်ပေါ်လာပြီးနောက် ပျက်စီးသွားတာတွေကို မြင်ပါများပြီး အပျက်သဘောကို နားလည်တဲ့အခါ ဘဝ်ဥာဏ်ဟာ အလုံလိုဝင်သွားပါတယ်။ ဘဝ်ဥာဏ် ဝင်သွားတဲ့နောက်ပိုင်းမှာ အပျက်ဘေးချည်းဘဲဆိုတော့ အပျက်တွေ မြင်ပါများတဲ့အခါ ငြီးငွေ့သွားတယ်။ ငြီးငွေ့တဲ့အခါမှာ မလိုချင်တဲ့သဘောတွေနဲ့ နိဗ္ဗိန္ဒဥာဏ်ဝင်ပါတယ်။

နိဗ္ဗိန္ဒဥာဏ် ဝင်ပြီ.တဲ့နောက် ဖြစ်ခြင်းပျက်ခြင်း သဘောကိုမုန်းပြီးတော့ မလိုချင်တော့ဘူး၊ မလိုချင်တဲ့သဘောနဲ့ ဥာဏ်နဲ့ခန္ဓာကို စိုက်လိုက်တဲ့အခါမှာ နောက်ဆုံး သင်္ခါရတရားတွေဟာ အစားမဆိုးနိုင်ဘဲ ဖြစ်ပျက်ဆုံးပါတယ်။ ဖြစ်ပျက်ဆုံးတဲ့အခါမှာ ဖြစ်ခြင်းပျက်ခြင်း မရှိတော့ဘူးဆိုတော့ အပျက်တရားကို ဒီရှုတဲ့ဒီဥာဏ်ဟာ ပရမတ်နိဗ္ဗာန်ကို မျက်မှောက်ပြုဌာနေတဲ့ သဘောပါဘဲ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီဆိုမှတော့ ဒီခန္ဓာဟာ ကိုလေသာများ စင်ကြယ်သွားပါတယ်။ အဲဒီတော့ ဒီဥာဏ်ကိုရဘို့ အားထုတ်ရပါတယ်။ ဒီတော့ မဂ်ဥာဏ်ဖိုလ်ဥာဏ် နိဗ္ဗာန်ကို ဆင်ခြင်နှလုံးသွင်း ထိုးထွင်းနိုင်ဘို့အတွက် လိုရင်းကတော့ ရုပ်နာမ်ခန္ဓာရဲ့ အ မျက် ကို မြင် ဘို့ ဟာ လို ရင်းပါဘဲ။

ဒီသဘောကို မိုးကုတ်ဆရာတော် ဦးဝိမလက ဖြစ်ပျက်မြင်အောင်ကြည့်၊ မုန်းအောင်ကြည့်၊ဆုံးအောင်ကြည့်ဆိုပြီးတော့ ဟောတော်မူခဲ့ပါတယ်။

ဦးဇင်းတို့ရဲ့ ဆရာတော် ဦးရေဝတကတော့ ဖြစ်ပျက်မြင်အောင်ကြည့်၊ ဖြစ်ပျက်ကို မြင်ဘဲ့အခါမှာ မြင်ပါမျှားပြီးတော့ အပျက်ချည်းမြင်လိမ့်မယ်၊ မြင်ပြီးတော့ မုန်းသွားလိမ့်မယ်၊ မုန်းတယ်ဆိုတာ မလိုချင်၍မုန်းတာ၊ ငြီးငွေ့တဲ့ မုန်းတဲ့သဘော၊ ပျင်းရိတဲ့သဘောမဟုတ်ဘူးဆိုတာ ဒီနေရာလေးတော့ ဉာဏ်ပညာနဲ့ ခွဲရမယ်။

ပျင်းရိ ထိုင်းမှိုင်းတယ် ဆိုတာကတော့ စိတ်ရဲ့ အလုပ်နာမ်ရဲ့ကိစ္စတွေ၊ငြီးငွေ့သွားတယ်ဆိုတာကတော့ ဉာဏ်ရဲ့အလုပ်စိတ်နဲ့ဉာဏ်ဟာ ခွဲခြားသိရမယ်၊ တရားထိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုရင် ကဲ့ကဲ့ပြားပြား သိနားလည်နိုင်စွမ်း ရှိမှ ဒီဉာဏ်ကြီးနဲ့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာကိုစွန့်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမှာပါ။

အဲတော့ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီ ရဲ့ တရားတော်ရဲ့ လိုရင်းက တော့ နိ ဗ္ဗာ နိ ချမ်း သာ မြတ် ကို မျက်မှောက်ပြုနိုင်ဘို့ပါဘဲ၊ နိဗ္ဗာန်ချမ်းသာကို ခံစားတယ် စံစားတယ်ဆိုရင် ဒါဟာလဲ ဒုက္ခတွေမဟုတ်ဘူးလား။ လို့ မေးတဲ့ပုဂ္ဂိုလ်များရှိပါတယ်။ အယောနိသောမနသိကာယဆိုတဲ့ မိမိချပ်နာမ်မှာ နှလုံးသွင်းမှားခြင်းနဲ့ ယှဉ်နေသေးတဲ့ အဝိဇ္ဇာတဏှာတွေကို လက်ခံနေသေးတဲ့ ရုပ်နာမ်တွေက နိဗ္ဗာန်အကြောင်းကြံဘို့ တော့ ခက်ပါတယ်။ နိဗ္ဗာန်ချမ်းသာမြတ်ကို စံမြန်းတယ်ဆိုတာ

ဘဲ့ ဇင်းတို့တတ္တမှာ ရှိနေသေးတဲ့ ရုပ်နာမ်သဘောနဲ့ မဟုတ်ပါ။ ဉာဏ်နဲ့ ထိုးထွင်းဆင်ခြင်သိတဲ့ သဘောမျှသာ ဖြစ်ပါတယ်။

ဒါကတော့ အဝိဇ္ဇာကြီးစိုးနေတဲ့ ပုဂ္ဂိုလ်တွေဟာ နိဗ္ဗာန် အကြောင်းကို ပြည့်ပြည့်ဝဝ သိနားလည်ဘို့ မလွယ်ဘူးဆိုပြီး ကျမ်းပြုဆရာတော် သူတော်စင် သူတော်မြတ် တွေကလဲ မှာကြားခဲ့ဘူးပါတယ်။ ဒါကြောင့် ယနေ့ မိမိခန္ဓာမှာ နိဗ္ဗာန်ကို ဘာကြောင့်ထိုးထွင်းပြီး မသိနိုင်သလဲဆိုရင် နှလုံးသွင်းတွေ မှားနေကြသေးလို့ဘဲ၊ ကောင်းပြီ။ အဲဒီနှလုံးသွင်းမှားမှုကို ပထမဦးဆုံး ဦးတည်ပြီးတော့ လေ့လာကြည့်ရမယ် မိမိကိုယ်ကို စစ်ဘမ်းထုတ်ကြည့်ရမယ်၊မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တွေကို နာကြားရတယ်၊ ကျင့်ကြံရတယ်၊ သုံးသပ်ရတယ်၊ နှလုံးသွင်းရတယ်၊ စစ်တမ်းထုတ်ကြည့်ရတယ် ဆိုတာ ရုပ်နာမ် အကြောင်းကို မှန်ကန်စွာ သိနားလည်ဘို့ ဒီလိုလဲ အမျှားသူငါနားလည်အောင် သုံးနှုန်းရင် ဖြစ်ပါတယ်။ မြတ်စွာဘုရားရဲ့ တရားတော်ဟာ သုညတဆိုတဲ့ ဘာမှမရှိတော့တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့ဆိုရင် အခုနေတော် ပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေအဖို့ မြတ်စွာဘုရားရဲ့ တရားအမှန်ဆိုလိုရင်းကိုမသိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သုညတဆိုတော့ ဘာမှမရှိတဲ့သဘော။ ဘာမှမရှိတဲ့သဘောကြီးကို မိမိတို့ မရချင်ပါဆိုတဲ့သဘော်တွေက ဖြစ်ပေါ်လာနိုင်ပါတယ်၊ ဒါကြောင့် ဒီနေ့နိဗ္ဗာန်ချမ်းသာ မြတ်ရဲ့ အကြောင်းကို မိမိဉာဏ်မှီသမျှ ဆရာသခင်ကျမ်းပြုဆရာတော် ဆုံးမခဲ့သမျှကို တတ်နိုင်သမျှ ယနေ့

ဟော ကြား ဘို့ အ တွက် ဒီ ခေါင်း စဉ် ကို ရွေး ရ ခြင်း ဖြစ် ပါတယ်။

ရုပ်နာမ်တဲ့၊ သူသူငါငါ ယောကျ်ားရယ် မိန်းမရယ်၊ ကျားမ မရွေး၊ လူမျိုးမရွေး ဘာသာမရွေး ကြီးကြီးငယ်ငယ် သူသူ ငါ ငါ မြင်မြင်သမျှ တကယ်အနှစ်ချုပ်လိုက်တော့ ရုပ်နာမ် ဘဲရှိကြပါတယ်၊ ရုပ်နာမ်ဆိုတာ ရုပ်ဆိုတာကတော့ အလွယ် တကူခေါ်ရရင်တော့ မြင်သာတဲ့ သဘောရှိပါတယ်၊ အသိမရှိ ပါ၊ နာမ်ဆိုတာက တော့အသိရှိပါတယ်၊ ဒီအသိမရှိတဲ့ မြင်သာ တဲ့ ရုပ်တရားကြီးနဲ့ အသိရှိပြီး မမြင်သာတဲ့ နာမ်တရားရဲ့ အစု အဝေး ရုပ်နာမ်ပါဘဲ။ သူသူငါငါဟာ ရုပ်နာမ် သို့သော် ဒီရုပ် နာမ်မှာ ဘာတွေ ကိန်းအောင်းနေသလဲဆိုတော့ မြတ်စွာဘုရား ရဲ့ တရားတော်မြတ်ကို ယုံ ကြည် သက် ဝင် တဲ့ ဗုဒ္ဓဘာသာ သူတော်စင်တွေက သံသရာကို မျှော်ပြီးကြည့်ရပါမယ်။

ရှေနီဗွာန်လမ်းခရီး သွားမယ်ကြံရင်လဲ ရှေမိမိ ဖြတ်သန်း ရမဲ့ သံသရာမှာ တွေ့ကြုံရမည့် ဘေးဆိုးတွေ ဒဏ်ဆိုးတွေ ရုပ် နာမ်ဆိုးတွေကို မြော်မြင် ဆင်ခြင်ရမယ် ဖြစ်သလို မိမိခန္ဓာ ကိုယ်ကို သုံးသပ်မယ်ကြံရင်လဲ အတိတ်အတိတ် ဘဝဘဝတွေက မိမိတို့ရဲ့ မှားယွင်းခဲ့တဲ့ သဘောကို ပြန်လည် စစ်တန်းထုတ်ဖို့ လိုအပ်ပါလိမ့်မယ်။

မိမိတို့သည် အတိတ်ဘဝတွေက သစ္စာတရားကို ပိုင်း ပိုင်း ခြားခြား နာလည်သဘောမပေါက်နိုင်ခဲ့ကြဘူး၊ သမုဒယ

သဘောကို မပယ်နိုင်ခဲ့ဘူး၊ ပဟာတဗွကိုစွဲလုပ်ရမယ်. ဒီသမုဒယ ဆိုတဲ့ခင်မင်ဟဲ့ တုယ်တာ ငါ.ညှာတဲ့ သဘောတွေ မိမိရုပ်နာမ် ကိုဘဲဖြစ်ဖြစ် ခင်ခဲ့မင်ခဲ့တဲ့ဟာတွေ ငါ.ခဲ့တဲ့ဟာတွေ မပယ်နိုင် ခဲ့ဘူး၊ ဒီပဟာတဗွကိုစွဲမလုပ်ခဲ့မိတော့ ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲ ခြင်းသဘောကို ပရိဉာတဗွကိုစွဲဆိုတဲ့ ပိုင်းခြားပြီး မသိနိုင်ဘူး။ ပိုင်းခြားတယ်ဆိုတာ စည်းခြားလိုက်တာ။ တကယ်တော့ ပုဂ္ဂိုလ်

အသတ်ပယ်၊ ဒုက္ခကို ပိုင်ပိုင်နှိုင်နှိုင်ပိုင်းခြား၊ ဒီလိုပိုင်းခြားပြီးမှ၊ မဂ္ဂသစ္စာဆိုတဲ့ ဘာဝေတဇ္ဇကိစ္စကို ပွားများရမယ်။

အော်– သမုဒယကိုသတ်၊ ဒုက္ခကိုသေစေ၊ သေစေနိုင်ဘဲ့ စွမ်းရည်တဲ့၊ ဒီစွမ်းရည်က မင်ကနေပြီးတော့ နိရောဓဆိုတဲ့ ငြိမ်းအေးမာတ်ကို သစ္စာ်ကတဇ္ဇကိစ္စ မျက်မှောက်ပြုရမယ်၊ ဤကဲ့သို့ သစ္စာ ၄ ပါးကို ထိုးထွင်းဆင်ခြင်ပြီး မသိနိုင်ခဲ့တဲ့ အတိုတ်ဘဝရဲ့ မှားယွင်းတဲ့ ဒဏ်ကြောင့်မိုလို့ ဒီဘဝမှာ ရုပ်နဲ့ဝမ်ရတဲ့အခါမှာ ဒီရုပ်နာမ်မှာ အညစ်အကြေးတွေ ကပ်ငြိနေတယ်လို့ ဆုံးဖြတ်ချက်ချထား၂ါ။

မိမိတို့ ရုပ်နာမ်မှာ မလိုလားအပ်သော အညစ်အကြေးများသာ ငြိတွယ်လျက်ရှိပါတယ်။ ဘယ်လို ငြိတွယ်သလဲတဲ့၊ အသေးစိတ်ကလေး ဖော်ရရင်တော့ စိတ်ဆိုတာ ရှိ ပါ တယ် နာမ်တရားလေး စိတ်ကလေးဖြစ်ပေါ်လာတဲ့အခါမှာ ဖြစ်ပေါ် ဖြစ်ပေါ်ခြင်း မသိနိုင်ပါဘူးတဲ့။ မသိနိုင်ဘူးဆိုတော့ ဒီစိတ်ကလေးအပေါ်မှာ အဝိဇ္ဇာလေးက ဖုံးနေတယ်၊ မသိဘူး၊ မသိတဲ့အခါမှာ ဒီစိတ်ကလေးက မသိခြင်း အဝိဇ္ဇာနဲ့ တွဲ လိုက် သွားပြီး၊ တွဲလိုက်ပြီးနောက်မှာ စိတ်စေတသိက်ကိုသွားမှီလိုက်တယ်၊ မသိ ခြင်းနဲ့ တွဲနေတဲ့စိတ်ကသူတွဲချင်တဲ့ စေတသိက်နဲ့ တွဲတယ်။ ပြီး အဇ္ဈတ္တ ဘဝင်မှာ ဘွားကနဲ ပေါ်လာတယ်၊ ပေါ်လာတဲ့အခါမှာ မလိုလားအပ်တဲ့ စေတသိက်နဲ့ တွဲပေါ်လာတဲ့အခါမှာ မိမိသိလိုက်ပြီ၊ မိမိသိလိုက်သည်နှင့်တပြိုင်နက် ဒီ

ပေါ်လာတဲ့ နာမ်တရားဟာ ဒုက္ခ အစုဖြစ်သွားပြီ၊ ဘာကြောင့်လဲဆိုတော့ မစင်ကြယ်တော့ဘူး၊ သူဟာ အဝိဇ္ဇာရဲ့ လွှမ်းမိုးထိန်းချုပ်မှုအောက်က ပေါက်ပွားလာရတဲ့ ဒီစိတ်အသိလေးဟာ မသိလို့ဘဲ၊ သူဟာ တွေးမိတွေးရာ တွေးပြီး ပေါ်လာတယ်။ ပေါ်လာတဲ့အခါမှာ မသိခြင်းနဲ့တွဲပြီး မေ့ဖျားလာတဲ့အတွက် သူဟာ အမှားတွေတွေးတယ်။ အမှန်ဟာ ကွယ်သွားတယ်။ ဒါ ပုထုဇဉ်တွေမှာ ကိစ္စမပြီးသေးတဲ့ ပုဂ္ဂိုလ်တွေမှာ ပေါ်တဲ့ နာမ်တရားရဲ့ သဘောသဘာဝ။ ဒီလို မသိခြင်းနဲ့ယှဉ်ပြီးပေါ်လာရတဲ့ ဒီတွေးစိတ် တောစိတ်တွေဟာ တွေးတောတဲ့အတွက် အမှန်တရားကွယ်သွားတယ်။ အမှန်တရား ကွယ်အောင်လို့ အဝိဇ္ဇာတရားကဘဲ ထပ်မံပြီး ပုန်းလိုက်တယ်။ ဒါကြောင့် မိမိ အဇ္ဈတ္တဘဝင်မှာ ဘယ်လိုသဘောဘဲသိသိ၊ ဘယ်လိုသဘောဘဲပေါ်ပေါ် ဒီ ပေါ်တဲ့တရားတွေဟာ ဒုက္ခတရားတွေဘဲလို့ ဆုံးဖြတ်ချက်ချထားရမယ်။

အဲ့ဒီလိုမှ ဆုံးဖြတ်ချက်ချမထားရင် ဒီ ပေါ်တဲ့အသိတွေဟာ ငါဘဲ၊ သူဘဲ။ ဒီလိုသဘောတွေနဲ့ ယူဆလိုက်ရင် ဒီ ရုပ်နာမ်ရဲ့ဒုက္ခတဲ့ရားတွေမမြင်ဘဲနဲ့ ဒုက္ခတရားမတိုင်ခင်မှာ အဝိဇ္ဇာနဲ့ ယှဉ်တွဲနေတဲ့ သဘောထွေနဲ့ မိမိရုပ်နာမ်ကို ချယ်လှယ်သွားရင် မိမိရုပ်နာမ်ဟာ အနမတဂ္ဂ သံသရာဝဲသြဃမှာ တပြောင်းပြန်ပြန် ကျင်လည်ရအုန်းမယ်၊ ဒါကြောင့် မိမိတို့ အဇ္ဈတ္တ ဘ

ဒီလိုမှ ကိုယ်ရဲ့ဘဝင်မှာ ပေါ်လာတဲ့ အသိတရားကို ဒုက္ခတရားလို့ မပိုင်းခြားနိုင်ရင်၊ မသတ်မှတ်နိုင်ရင် မိမိတို့သည် ဒီဒုက္ခတရားကို ကုန်စင်အောင် လုပ်နိုင်တဲ့စွမ်းရည် ထွက်လာမှာမဟုတ်ပါ။ဒါကြောင့် မိမိတို့ရဲ့ အဇ္ဈတ္တဘဝင်မှာပေါ်လာတဲ့ ဒီတရားလေးကို ဒုက္ခတရားလို့သတ်မှတ်ရပါတယ်၊ ဒါဟာ ရှေးဦးစွာအခြေခံအကျဆုံး သော့ချက်တခုဖြစ်ပါတယ်၊ ဒီလို အခြေခံကျတဲ့ အချက်တခုကို မိမိက ဆင်ခြင်သုံးသပ်နိုင်မှ တဏှာ နိရောဓော နိဗ္ဗာန်၊ ရာဂက္ခယော နိဗ္ဗာန်၊ မောဟက္ခယော ဒီလို စသည်ဖြင့် အင်မတန်မှ ငြိမ်းအေးတဲ့ ထိုးထွင်းဉာဏ်နဲ့ ဝိဇ္ဇာဉာဏ်နဲ့ယှဉ်တဲ့ နိဗ္ဗာန်ရဲ့ သဘောသဘာဝကို ဆင်ခြင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ရဲ့ ရင်တွင်း အဇ္ဈတ္တမှာ ပေါ်လာတဲ့ ဒီတရားလေးကို ရှေးဦးစွာ ဒုက္ခတရားလို့ သတ်မှတ်လိုက်ပါ။ ဒုက္ခတရားလို့ သတ်မှတ်ပြီးဆင်ခြင်ရမှာက၊ မြတ်စွာဘုရား၏ တရားတော်မြတ်ဟာ မြတ်စွာဘုရားကိုယ်တော်တိုင်က သဗ္ဗညုတ ရှေဉာဏ်တော်ကြီးက မိန့်လို့ ယုံတဲ့အနေနဲ့ မယုံပါနဲ့ မိမိရဲ့ခန္ဓာကို ဉာဏ်စိုက်ပြီး နာကြည့်ပါ၊ နာကြည့်ပြီး မိမိတို့ကိုယ်တိုင် ဟုတ်မှ မှန်မှ အကျိုးရှိမှ တကယ်ငြိမ်းအေးမှုရမှ လက်ခံပါဆိုပြီးတော့ ဟောမိန့်တော် မူခဲ့တဲ့ အဆို အဆုံး အမလဲ ရှိပါတယ်။

သို့သော်လည်း မိမိတို့သည် ယခု သိပ္ပံ ခေတ်နည်းနဲ့ ပြန်တွက်လို့ရှိရင် သိပ္ပံ သုတေသီတို့ သုတေသနလုပ်တဲ့အခါမှာ

သဘာဝရဲ့ အင်မတန် နူးညံ့တဲ့ သိမ်မွေ့တဲ့ အစိတ်အပိုင်းလေးတွေကို ပေါ့လာတဲ့အခါမှာ တွေးဆချက်ဆိုတဲ့ (Hypothesis guiding principle) ကိုခံယူထားရပါတယ်၊ ဒီလိုဘဲ မိမိတို့ ရုပ်နာမ်အကြောင်း အမှန် သိချင်ရင် ရှေးရှေးက အမှန်သိခဲ့ဘူးတဲ့ ပုဂ္ဂိုလ်ဘဝ ဆိုမိန့်ခဲ့တဲ့ အော်....မိမိအဇ္ဈတ္တဘဝင် မှာပေါ်လာတဲ့ ဒီရုပ်နဲ့နာမ် တရားဟာဖြင့် ဒုက္ခတရားဘဲဖြစ်တယ်လို့ ရှေ့ဦးစွာ မိမိဘို့အတွက် (guiding principle) အဖြစ်နဲ့ ထားရှိပါ၊ ထားကြည့်ပြီးတဲ့နောက်မှ ဒီ ဒုက္ခတရားလေးဟာ ဘယ်သဘော ဆောင်သလဲလို့ကပါ၊ မမြဲတဲ့သဘော ဆောင်တာ တွေ့ရပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ သူဟာ သင်္ခါတနယ်က။ သင်္ခါတနယ်ဆိုတာ အကြောင်းအမျိုးမျိုး ခံသ လို အကျိုးအမျိုးမျိုးပေါ်တယ်၊ ကံစိတ်ဥတုအဟာရနဲ့ ပဘ်သက်လို့ အကြောင်းအမျိုးမျိုးကြောင့် အကျိုးအမျိုးမျိုးပေါ်တဲ့ ဒီနယ်ထဲက သင်္ခါရတရားဟာ ဘယ်တော့မဆို ဖြစ်ပေါ်လာပြီးနောက်ပျက်စီးသွားတာဘဲ အနိစ္စတရား။ နိဗ္ဗာန်ကြီးကတော့အသင်္ခါဘတရား ဖြစ်ပျက်ပြုပြင် စီရင်ခြင်း၊ ပြောင်းလဲခြင်းမရှိဘူး။ နိဗ္ဗာန်ကို ဘယ်ပုဂ္ဂိုလ်ကမှ အကြောင်းခံစရာမလိုဘူး၊ နိဗ္ဗာန်ဟာပြကတော ဘည်ရှိနေတဲ့သဘောသဘာဝကြီး၊ နိဗ္ဗာန်ဟာ အစလဲမရှိဘူး။ အဆုံးလဲမရှိဘူး၊ နိဗ္ဗာန်ဟာ ဘင်စွန်းရဲ့ဒဏ်ကို မခံရဘူး၊ မိမိတို့ တဘဝရှိထားတဲ့ ရုပ်နာမ်ကတော့ ဘင်စွန်းရဲ့ဒဏ်ကို ခံရတယ်။ ဘင်စွန်းဆိုတာ တခြားမဟုတ်ပါဘူး၊ ဥပါဒ်ရယ် ထီရယ် ဘင်

ရယ်ရှိတယ်၊ ဖြစ် ပေါ် လာ တယ်၊ ခ ဏ လေး တည် ပြီး မျက်တယ်။

ဒီလိုရှိတယ်။ နိဗ္ဗာနခေါတ်ကြီးတော့ အစလဲမရှိ၊ အဆုံးလဲမရှိ၊ ပြကတေ့ အေးငြိမ်းစ္ဓာဘဲ တည်ရှိနေတဲ့ နိဗ္ဗာနခေါတ်ကြီး။ ဒီနိဗ္ဗာနခေါတ်ကြီးကို သိနားလည်အောင် လုပ်တဲ့အခါမှာ မိမိတို့ရဲ့ရူပ်နာမ်ကို ငါတည်းဟူသော သဘောထား မရှိရဘူး။

သဘ္ဘဝါတည်းဟူသော သဘောထားမရှိရဘဲနဲ့ အော်-ရူပ်နာမ်ရဲ့ သဘောပါလားဆိုပြီး အကြောင်းအကျိုးကြောင့် ဖြစ်ပေါ်နေရတဲ့တရား၊ ဒီအဝိဇ္ဇာကြောင့် ဖြစ်ရတဲ့ သင်္ခါရတရားတော့၊ ရူပ်နာမ်တရားတော့။ ဒီလိုသဘောပေါက်ပြီးတဲ့နောက် မိမိရူပ်နာမ်မှာ အပူအစပ်အမှားတွေကို ချေဖျက်နိုင်တဲ့ ပုဂ္ဂိုလ်မှသာလျှင် နိဗ္ဗာန်ခေါတ် ကြီးကို ညာဏ် သက် ဝင် နိုင် မယ်၊ ဒါကြောင့် နိဗ္ဗာန်ရဲ့ ပရမတ္ထနိဗ္ဗာန်ရဲ့ အကြောင်းခံတရားမရှိပေတဲ့ အဲ့ဒီ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့အတွက်တော့အကြောင်းပြုရပါတယ်၊ တနည်း နိဗ္ဗာန်ကြီးဖြစ်လာအောင် ဘယ်သူမှ လုပ်စရာမလိုဘူး၊ သို့သော် နိဗ္ဗာန်ကြီးကို မျက်မှောက်ပြုနိုင်စွမ်းတဲ့ အရည်အသွေးရဘို့အတွက်တော့ မိမိတို့ကြိုးစားရမယ်။

ကြိုးစားပုံကြိုးစားနည်းက ဘယ်လိုလဲဆိုတော့ ခုနတုန်းက ဆိုခဲ့တဲ့ ဒုက္ခတရားဟာ ဘယ်သဘောလဲလို့ ထိုးထွင်းဆင်ခြင်လိုက်ပါ။ ဒီနေရာမှာ (၁) ဆင်ခြင်တာရယ် (၂) သုံးသပ်

ဘာရယ် (၃) ရှုသတ်တာရယ်နဲ့ ပတ်သက်လို့ အနည်းငယ် ဖော်ပြပါဦးမယ်။

အနိစ္စ၊ အနိစ္စ သို့မဟုတ် ဖြစ်ပျက် ဖြစ်ပျက်နဲ့ နှုတ်က တတွတ်တွတ်ရွတ်ခြင်းဟာ ရှုသတ်ခြင်းလဲ မဟုတ်ပါဘူး၊ ဉာဏ်ကိစ္စလဲ မဟုတ်ပါ။ ဒါဟာ စိတ်ကိစ္စ၊ စိတ်ကိစ္စဆိုတာ သညာကိစ္စပ်၊ သညာနဲ့ မိမိခန္ဓာကိုယ်ကို သုံးသပ်ရင်တော့ အမှန်မရပါဘူး၊ သညာဘဲထပ်ဖြစ်မယ်၊ ဒီကိစ္စကအရေးကြီးပါတယ်၊ တရားရှုတယ်ဆိုပြီး မိမိရုပ်နာမ်ဟာ ဖြစ်ပျက်ဖြစ်ပျက်လို့ ရှုတ်ရှုတ်နေရုံနဲ့ တော့ မိမိရုပ်နာမ်မှာပေါ်မှာ တကယ်ထိုးထွင်းဉာဏ်မဖေါ်နိုင်ဘူး။ ထိုးထွင်းဉာဏ်ပေါ်ဘို့ဆိုတာကတော့ ဉာဏ်နဲ့ ဆင်ခြင်စဉ်းစား ရမှာဘဲ၊ ဘယ် လို ဉာဏ် နဲ့ ဆင်ခြင်စဉ်းစားရမှာလဲဆိုတော့ အော်.....ဒီရုပ်နာမ်တို့ရဲ့ သဘာဝဟာ ဒီလိုသဘောရှိတယ်၊ ဒီလိုဒီလို အကြောင်းအကျိုးတွေ တိုက်ဆိုင် လာရင် ဒီလိုဒီလို ဒုက္ခအကျိုး တရားတွေ ဖြစ်တယ်။ ဖြစ်ပေါ်လာတာကို သိပြီးတဲ့နောက် အော်....ဒီဖြစ်ပေါ်လာတဲ့ ဒုက္ခတရားတွေဟာ တကယ် ဆန်းစစ်လိုက်တော့ မမြဲပါလား။ မမြဲတဲ့ အနိစ္စဉာဏ်ဝင်ရမယ်၊ ဒီတော့ နိဗ္ဗာန်ကိုသိဘို့ အတွက် မိမိရုပ်နာမ်ကို ငါဘဲ အတ္တဘဲလို့ စဉ်တဲ့အစဉ်မှန်ခွာရမယ်။

တနည်းအားဖြင့် အနတ္တဉာဏ်ရရမယ်၊ ဒီခန္ဓာကိုယ်ကြီးကို မပိုင်ဘူးဆိုတဲ့ အနတ္တဉာဏ်ဘဲ၊ အနတ္တဉာဏ်ရချင်ရင်တဲ့ ခန္ဓာကိုယ်ကြီးကို ငါမပိုင်ဘူးလို့ ချက်ချင်းတွက်လို့ မလွယ်ဘူး၊

ဒါကြောင့် အဆင့်ဆင့် သွားတဲ့နေရာမှာ ဒီရူပ်နာမ်ကြီးဟာ ဒုက္ခသဘောရှိတယ်လို့ ရှေးဦးစွာ အခြေခံရမယ်။

ဒီလို အခြေခံပြီးမှ အော်-ဒီဒုက္ခတရားတွေဟာ ဘယ်သဘောလဲလို့ ဆင်ခြင်လိုက်တဲ့အခါမှာ ဒီရူပ်ခေတ် နာမ်ခေတ် သဘောသဘာဝတွေဟာ မမြဲဘဲတရားဘွဲ့၊ သဗ္ဗေ သင်္ခါရာ အနိစ္စ ယတာ ပညာယ ပဿတိတဲ့ မြတ်ဘုရား ဟောမိန့်တော်မူခဲ့တယ်။

အနိစ္စဝရသင်္ခါရာ၊ ဥပဒ္ဒါဝယမမ္မိနော့ ဒီလိုလဲဟောခဲ့တယ်။ ခပ်သိမ်းကုန်သော ဖြစ်ပေါ်မှုတရားတွေ၊ ဒီဒုက္ခတရားတွေ၊ ပြုပြင်စီရင်ရတဲ့ တရားတွေဟာ မမြဲဘူး။ ဝယမမှာ သင်္ခါယာ၊ အပ္ပမာဒေန၊ သမ္မာဒေထ ဒီဖြစ်ပေါ်လာတဲ့ ပြုပြင်စီရင်ထားတဲ့ ဒုက္ခတရားတွေ၊ ရင်တွင်းအဇ္ဈတ္တမှာပေါ်လာတဲ့ ဒီလောဘ တရားလေးတွေ၊ ဒေါသတရားလေးတွေ၊ မောဟတရားလေးတွေ၊ တဏှာမာန ဒိဋ္ဌိတွေ၊ ပဝတ္တတရားတွေ၊ မလိုလားအပ်တဲ့ အပူမီးတွေ၊ တုန်လှုပ်မှုတွေ၊ တစ်ဆို့မှုတွေ၊လှုပ်ရှားမှု တင်းကျပ်မှုတွေ၊ ပူမှုတွေစသဖြင့် ဒုက္ခတွေဟာမမြဲဘူး၊ အဲသလို မမြဲဘူးလို့ မိမိရဲ့ဘဝင် ရင်ချိုင့်မနှောပေါက်မှ ဆင်ခြင်စဉ်းစားလိုက်တဲ့အခါမှာ အဲသလိုဆင်ခြင်စဉ်းစားလိုက်တဲ့ ဉာဏ်ရဲ့အောက်မှာ ဒီဖြစ်ပေါ်လာတဲ့ ဒုက္ခတရားလေးက ပျက်သွားတယ်။

အဲဒီအပျက်ကလေးကို မိမိက သိလိုက်သည် ဖြစ်စေ မြင်လိုက်သည်ဖြစ်စေ အင်မတန် အာ.ရစရာကောင်းပြီး အော်-

တကယ်တော့ ဖြစ်ပေါ်လာတဲ့တရားတွေဟာ မမြဲပါလား၊ တနည်းအားဖြင့် မိမိဒေါသဖြစ်မယ်၊ ဒီအခါချက်ချင်း အလို မလိုက်သေးဘဲ မဖြစ်လိုက်သေးဘဲ ဒေါသကို အသာလေးထား ပြီးတော့ "ခန္တာင်ါးပါး ရပ်နာမ်နှစ်ပါးကို ပြက်ဘဏ္ဍာကိုလာ ပါတဲ့ အရှင်ဘုရား! ဘယ်ကတဲ့ ဘယ်ရောဆိုတဲ့ ဘုရားဆိုတဲ့ ဆရာကြီးတို့ ပါပါလေ" ဆိုတဲ့ ဒုတိယပါးကို ကျွန်တော် ကြားခဲ့ပါတယ်။ ဒီလိုကြားပြီးတဲ့နောက် ကျွန်တော် ကိုယ်ကိုယ်တိုင် ကြိုးစားပြီး ကိုယ်ကိုယ်ကို ထိန်းချုပ်ကာ ဒေါသကို ဖိနှိပ်ပြီး ကိုယ်ကိုယ်ကို ကြည့်ရှုမိပါတယ်။ ဘာကြောင့် ဒေါသဖြစ်ရတာလဲ ဆိုတာ ကျွန်တော် ကိုယ်ကိုယ်တိုင် ကြည့်ရှုမိပါတယ်။

ဒီနေရာမှာ ဒီလောကကြီး-ကြီးပေါ် လာတဲ့ ကျွန်တော်ပေါ် ဘယ်လိုတဲ့ ရန်ရှာတာ ဖြစ်ပြီး ဘယ်လို ကိုယ်ပိုင်ဘဏ္ဍာ ဘယ်လောက် ရှိတယ်ဆိုတာ ဘဏ္ဍာဗဟုသုတ ရှိတယ်ဆိုတာ ကျွန်တော် ကိုယ်ကိုယ်တိုင် ကြည့်ရှုမိပါတယ်။ ဘဏ္ဍာဗဟုသုတ ရှိတယ်ဆိုတာ ဘာတွေ ပါပါလဲ။

ဒီအခါမှာ ဒီလောကကြီး-ကြီးပေါ် လာတဲ့ ကျွန်တော်ဟာ ဘယ်လောက်ရှိတဲ့ ဘဏ္ဍာတွေနဲ့ ကိုယ်ပိုင်ဘဏ္ဍာတွေကို ရှိပါသလဲ ကျွန်တော် ကိုယ်ကိုယ်တိုင် ကြည့်ရှုတဲ့အခါ ကျွန်တော်ဟာ ဘဏ္ဍာ ကြွေးတွေ ရှိတယ်ဆိုတာ ကျွန်တော် ကိုယ်ကိုယ်တိုင် ကြည့်ရှုမိပါတယ်။ ဘဏ္ဍာကြွေးတွေဟာ ဘာတွေ ပါပါလဲ။

အနိစ္စမဖြစ်ဘူးတဲ့၊ ဒီခန္ဓာကြီးထဲ မင်းဟာ ဝင့်ကောင်ကြီး ခံဆိုပြီး ဉာဏ်လေးက အသာလေး ဆင်ခြင်နေတယ်။ အဲ့တော့ ခိုးသား ၅၀၀ ရိုက်တဲ့အခါမှာ မနာပါဘူး။ ဘယ်နာလိမ့်မလဲ၊ ခန္ဓာကိုယ်ကိုမပိုင်ဘူးဆိုပြီး စွန့်ပြီး ဉာဏ်လေးနဲ့ ဆင်ခြင်နေတယ်။ အင်မတန် အံ့သြစရာကောင်းတဲ့ ကိစ္စတခုဘဲ။

သို့သော်လဲ ဒီဉာဏ်ရရင် လက်ခမောင်းခတ်ရပြီး၊ ဒီဉာဏ်ရအောင် ဘယ်လိုသွားမလဲဆိုရင် ဒုက္ခတရားရဲ့အပျက်ကို ဆင်ခြင်လိုက်တော့ မိမိအဇ္ဈတ္တဘဝင်မှာ ပေါ်လာတဲ့ ဒီဒုက္ခတရားဟာ မမြဲဘူးလို့ နားလည်လိုက်တယ်။ ဒီလို နားလည်တာ ဉာဏ်စတာဘဲ၊ အော်–မမြဲပါလား၊ အဲဒီအနိစ္စဉာဏ်ရလာရင် အဲဒီနေရာမှာ အစဉ်သတိလေးယှဉ်ပြီး ဆင့်ပွားလိုက်ပါ၊ ဘာဉာဏ်နဲ့ပွားမလဲ၊ အနတ္တဉာဏ်နဲ့ ပွားလိုက်ပါ၊ ဘယ်လိုပွားမလဲ၊ "အော်-ပျက်တယ်ဆိုတာ ဒါကြောင့်ကိုး။ မပိုင်လို့ မပိုင်လို့ ပျက်တာ၊ ပိုင်ရင် ဘယ်ပျက်မလဲ၊ အဲဒီမှာ မပိုင်လို့ ဆိုတဲ့တလုံး၊ အနတ္တဉာဏ်ဝင်လိုက်ရင် အော်—မိမိရုပ်နာမ် မိမိက ငါပိုင်တယ်လို့ ထင်တာ တကယ်တန်းကျ အပျက်တရားဘဲ၊ မပိုင်ဘူး"လို့ သုံးသပ်လိုက်တဲ့ အခါမှာ အနတ္တဉာဏ်ဦးစီးမိပြီးသားဖြစ်တယ်။

အဲဒီ အနတ္တဉာဏ်ဦးစီးမိပြီးသားဖြစ်ရင် ဒီအနတ္တဉာဏ်ကို လက်မလွှတ်နဲ့တော့၊ အမြဲတန်းဘဲ ပေါ်လာသမျှ တရားကို အော်–မပိုင်မဆိုင်တဲ့တရားဘဲ၊ ဒုဿာ ဆင်းရဲတဲ့တရားဘဲ၊ မမြဲတဲ့ တရားဘဲသာ ရှုသတ်နေ၊ အနတ္တဉာဏ်ရင့်ကျက်လာလိမ့်မယ်၊

အဲ့ဒီအခါမှာ သည်းခံနိုင်တဲ့စိတ်တွေ မွေးလာလိမ့်မယ်။ တကယ်တော့ သစ္စာဝါဒီဆိုတာ သစ္စာတရား ကျင့်ကြံ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ မေတ္တာဝါဒီဖြစ်ရပါတယ်။ မေတ္တာဝါဒီဆိုတာ သည်းခံနိုင်ရမယ်။ မိမိကိုစော်ကားတယ်။ မိမိရဲ့ ဂုဏ်သတင်းကို ကျအောင်၊ မိမိရဲ့အလုပ်အကိုင်ကို ပျက်စီးအောင်၊ စီးပွားလာဘ်လာဘတွေ ဆုတ်ယုတ်အောင်၊ တိုးတက်မှုတွေ ကျဆင်းသွားအောင်၊ မခံချင်အောင် စော်ကားမော်ကားပြုတယ်။ အဲ့ဒီလို မိမိအားမကောင်းလုပ်နေတဲ့ပုဂ္ဂိုလ်အားမေတ္တာထားနိုင်ရမယ်တဲ့၊ ဒါက ကျင့်စဉ်တမျိုး။

အဲဒီလို မေတ္တာထားနိုင်မှ သစ္စာဝါဒီဖြစ်မယ်။ သစ္စာဝါဒီဆိုတာ မေတ္တာထားနိုင်ရမယ်။ ဘယ်လိုထားမလဲတဲ့၊ အော်-မိမိရုပ်နာမ်ကို မိမိမှပိုင်တာမဟုတ်ဘဲ၊ သူက မိမိအား မကောင်းအောင်လုပ်နေတာဟာ တကယ်တော့ ငါပိုင်တဲ့ရုပ်နာမ် မဟုတ်ဘူး။ တကယ်တော့ ရုပ်နာမ်အပေါ်မှာ သူဆိုလိုနေတာဆိုပြီး ဒီရုပ်နာမ်အပေါ်မှာ အနတ္တဉာဏ်နဲ့ဦးစီးပြီး ခွာလိုက်တဲ့အခါမှာ အဲ့ဒီခွာနိုင်တဲ့ အနတ္တဉာဏ်က ကိုယ့်ကို မကောင်းလုပ်တဲ့ ပုဂ္ဂိုလ်ကို မေတ္တာပို့နိုင်ပါတယ်။ ဒါမေတ္တာရဲ့သဘော။

[illegible]

ဇဉ်ကိုလဲ မေတ္တာထားရမယ်၊ ပုထုဇဉ်ပုထုဇဉ်ချင်းဆိုတော့ သူလဲ မျက်ကန်း မိမိလဲမျက်ကန်းဆိုတော့ သူလဲမသိတာတွေနဲ့ လုပ်မှာဘဲ၊ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ အယောနိသောမနသိကာယတွေနဲ့ လုပ်မှာဘဲ။သူမသိသေးလို့ လုပ်တာပါ။ သိပြီးတဲ့နောက် မလုပ်တော့ပါဘူး၊ မိမိလဲမသိသေးလို့လုပ်တာ၊ သိပြီးတဲ့နောက်မလုပ်ဘူး။ မိမိလဲ ကိုယ်ပိုင်တာမဟုတ်ဘူး၊ ရူပ်နာမ်နဲ့ အဝိဇ္ဇာနဲ့ တဏှာနဲ့ သူ့ရဲ့ကြောင်းကျိုးနဲ့ ဖြစ်တာ။

အဲဒီတော့ ဒီပုဂ္ဂိုလ်အချင်းချင်း မေတ္တာထားရမယ်၊ ၂ အချက် မိမိက ပုထုဇဉ်ဖြစ်နေတော့ အရိယာတွေကိုလဲ မေတ္တာထားရမယ်။ အော်-သူတော်စင်တွေ ကြည့်ပါဦး၊ မိမိ ရူပ်နာမ်ကို မိမိ ငါလို့ မယူဘူး၊ ရူပ်နာမ်ရဲ့ သဘာဝအကြောင်းအကျိုးလို့ ယူတယ်။ မြတ်ဘုရား ဟောမိန့်တော်မူခဲ့တဲ့ ရူပ်နာမ်ဆိုတာ မမြဲတဲ့သဘော၊ မပိုင်တဲ့သဘော၊ မဆိုင်တဲ့သဘောဆိုတဲ့ တရားတွေကို ဝိစိကိစ္ဆမရှိဘူး။ သို့လောသို့လောမရှိဘူး။ အော်-ဒါလဲ အပျက်တရားတွေဘဲ၊ ဥာဏ်နဲ့ တကယ် ထိုးထွင်းဆင်ခြင်ပေါက်ပြီးတဲ့နောက် နောက်တခါထပ်မ ၍ သံသယဖြစ်စရာ အလားအလာမရှိဘဲနဲ့ ၊သံသယတွေ အကုန်ကုန်သွားရင် ဝိစိကိစ္ဆာ ပြတ်သွားဘယ်။

ဝိစိကိစ္ဆာ ပြတ်သွားတယ်၊ ဒီဌိပြတ်သွားတယ်ဆိုတော့ အရိယာ ဖြစ်သွားတာပေါ့၊ အရိယာဆိုတဲ့ သဘောက ရူပ်နာမ်ကိုလဲ ငါလို့ မယူဘဲနဲ့ ၊ မမြဲတဲ့ဒုက္ခတရားလို့ ယူတယ်၊ ဒီရူပ်နာမ်

ကြီးဟာ ခိုင်မာတဲ့သဘော၊ သာယာဘွယ်ရာ နှစ်သက်ဘွယ်ရာ သဘောမဟုတ်ဘူးလို့ ဥာဏ်အမြင် ပေါက်သွားရင် ကကယ် အရိယာစခန်း ဝင်တာဘဲ။ ဒါကြောင့် ပုထုဇဉ်ကလဲ အရိယာကို မေတ္တာထားရမယ်၊ အရိယာ အရိယာချင်းဆိုတော့ ပြောဘွယ် ရာမရှိပါဘူး။ ဟိုပုဂ္ဂိုလ်ကလဲ သံသရာဘေးဒုက္ခမှ လွတ်ကင်း အောင် ကျင့်ကြံကြိုးစားအားထုတ်နေတဲ့ ပုဂ္ဂိုလ်၊ သူကလဲ တူတော်ကောင်း၊ မိမိသည် မေတ္တာထားရမယ်၊ မိမိသည်လဲ သံသရာဝဋ္ဋဆင်းရဲမှ ကျွတ်လွတ်အောင် ကြိုးစားနေတယ်ဆိုပြီး၊ အချင်းချင်း သံသရာဘေးဒုက္ခကြီးကို ကြောက်လွန်းလို့ နိဗ္ဗာန် နန်း စံမြန်းချင်လွန်းလို့ တကယ်ပြကတော့ အေးငြိမ်းတဲ့သဘော မြတ်ဘုရား ညွှန်ကြားဆုံ.မတော် မူခဲ့တဲ့အတိုင်း ကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေဆိုပြီး အချင်းချင်း မေတ္တာထားရမယ်။

ဒီနည်းအားဖြင့် မေတ္တာတရားလိုအပ်ပြီ၊ တကယ်တော့ သစ္စာတရား ပွားများချင်တဲ့ ပုဂ္ဂိုလ်တွေဟာ မေတ္တာတရား လိုအပ်ပါကယ်၊ မေတ္တာတရားသည် သစ္စာတရားကို အထောက် အပံ့ပြုပါတယ်။ ဒါကြောင့် မေတ္တာရှင်နဲ့ သစ္စာရှင်ဟာ တွဲဖက် ထာဝစဉ်ရှိပါတယ်၊ အကြောင်းတိုက်ဆိုင်လို့ ပြောရမယ်ဆိုရင် မြတ်ဘုရားရဲ့ သားသမီးများဖြစ်တဲ့ ရဟန္တာတွေ၊ အနာဂါမ်၊ သကဒါဂါမ်၊သောတာပန်သူတော်စင်သူတော်မြတ်၊အရိယာတွေ ဒီပုဂ္ဂိုလ်တွေဟာ တဦးကိုတဦးမေတ္တာထားပြီးတဲ့နောက်၊ အလွန် ချမ်းငြိမ်းတဲ့၊ ပူလောင်ခြင်းကင်းတဲ့၊ ကိလေသာစင်ကြယ်တဲ့ပန်း တိုင်ဆီသို့ အတူလက်တွဲချီတက်လို့ ကိုယ်ထက်သာလဲ ကြည်ညိုလို့

ကိုယ့်ထက်နိမ့်ကျတယ်ဆိုရင်လဲ အတူလက်တဲ့ ခေါ်လို့သွားကြတာ ထုံးစံအစဉ်အလာရှိတယ်။ ဆိုကြပါစို့။ လောကီဝိဇ္ဇာတွေ ထွက်ရပ်ပေါ်ကဘေ့ ဝိဇ္ဇာတွေ တကယ်တော့ သူတို့ဟာ အဝိဇ္ဇာ ကောင်တွေပါဘဲ။ မြတ်ဘုရားကို ကန့်လန့်တိုက်တဲ့ သဘောတွေပါ။ သစ္စာတရားကို ထိုးထွင်းမသိပါ။အတော်အလှမ်းဝေးတဲ့ ပုဂ္ဂိုလ်တွေပါ။

ဘယ်လောက်ဝေးသလဲဆိုရင် သူတို့ဟာ သက်တန်းရှည်တဲ့အတွက် သူတို့ရှေ့မှာဘဲ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးများ မေးဖွားပြီး ပရိနိဗ္ဗာန်ပြုကြတယ်။ သူတို့ကတော့ တည်လျက်ဘဲ။ မြတ်ဘုရားများ ပွင့်တဲ့အခါမှာ သူတို့ဟာ နှားလည်တယ်၊နှားလည်တဲ့အတွက် သစ်သီးတလုံး ပန်းတပွင့်လောက် လှူဒါန်းဆက်ကပ်ပြီး၊ကောင်းမှုကုသိုလ်ရဲ့ အကျိုးကိုယူကြတယ်။ ဒီနောက်မှာတော့ မြတ်ဘုရားတို့က တရားဟောမှာကြောက်လို့ ချက်ချင်းဘဲလစ်ပြေးတယ်၊ သူတို့နေထိုင်ရာ ဘောင်စဉ်ခုနှစ်ထပ်တို့ဘာတို့ နေရာထိုင်ခင်းတွေဆီကို လစ်ပြေးကြတယ်။ ဒီလို အဆုံးအမရှိတယ်။

ဘာကြောင့်-တရားမနာရဲဘူး၊ မနာချင်ဘူး၊ မနာဝံ့ဘူး၊ ရုပ်နာမ်ဟာ ဆင်းရဲတယ်ဆိုတာ သူတို့မသိချင်ဘူး၊ ရုပ်နာမ်ဟာ မမြဲဘူးဆိုတာ သူတို့မသိဘူး။ ဘာကြောင့်လဲဆိုတော့ ရုပ်နာမ်ဟာ ချမ်းသာရမယ်၊ ရုပ်နာမ်ဟာ မြဲရမယ်ဆိုပြီးတော့ ဒီအတွက်ကြီးစားနေတဲ့ သတ္တဝါတွေ၊ အတ္တကိစ္စ သတ္တကိစ္စနဲ့ လုပ်ဆောင်နေကြတဲ့ သတ္တဝါတွေ။

မြတ်စွာဘုရားက အနိစ္စဟောရင် သူတို့က နိစ္စ။ မြတ်စွာဘုရားက အနတ္တဟောရင် သူတို့က အတ္တ။ မြတ်စွာဘုရားက ဒုက္ခလို့ဟောရင် သူတို့က သုခ။

တနည်းအားဖြင့် ဘုရားကန့်လန့်တိုက်တဲ့ သတ္တဝါတွေဘဲ၊ ဒီသတ္တဝါတွေကအရိမေတ္တေယျဘုရားပွင့်တဲ့အခါတရားဦးနာချင်လို့ပါလို့၊ သူတို့ကိုယ်သူတို့ လိမ်ညာလွှဲဖြား နေပေတဲ့ ဘကယ်တန်းတော့ သူတို့၏လုပ်ဆောင်မှုသည်၊မြတ် စွာ ဘုရားကို ကန့်လန့်တိုက်ဖို့အတွက် ညွှန်ကြားတဲ့ လမ်းစဉ်တွေဘဲ။

ဒီလိုဝိဇ္ဇာလမ်းစဉ်တွေမှာတော့ ဒဏ်ခတ်ခြင်းတွေရှိတယ်၊ သစ္စာတရားမှ မသိဘဲကိုး။ ကိုယ့်ထက်နိမ့်တဲ့ ပုဂ္ဂိုလ်ကို မြင့်တဲ့ပုဂ္ဂိုလ်က ခြေနဲ့ကန်ပြီး ဖျက်ချင်ဖျက်မယ်။ အဆင့်အတန်းတက်လာတာမြင်ရင် နှိမ်ချင်နှိမ်မယ်။ ဘာလို့လဲဆိုတော့ သစ္စာတရားမသိခဲတော့ မေတ္တာမရှိကြဘူး။ မြတ်ဘုရားရဲ့ သားတော်သမီးဟော်တတွေ အရိယာလမ်းစဉ်မှာခဲတော့ မေတ္တာရှိတယ်၊ သည်းခံတယ်၊ ခွင့်လွှတ်တယ်၊ တိုးတက်စေချင်ပါတယ်၊ စေတနာထားတယ်၊ အမြော်အမြင်တွေရှိတယ်၊ သွန်သင်တယ်၊ ဆုံးမတယ်၊ ပညာပေးတယ်၊ နည်းပေးလမ်းပြသဘောတွေရှိတယ်။

ဒါတွေဟာ မြတ်ဘုရားသာသနာမှာ အင်မတန် ချမ်းမြေ့ဘွယ်ကောင်းတဲ့ မှီခိုဘွယ်ကောင်းတဲ့ လဲလျောင်းဘွယ်ကောင်းတဲ့ အင်မတန် အားထားဘွယ်ကောင်းတဲ့ မြတ်ဘုရား

တရားရဲ့အရိပ်အာဝသအောက်မှာ ခိုလှုံရတာ အမြတ်တွေဘဲ။ ဒါမြောင့် တရားကျင့်တယ်ကျင့်တယ် ဆိုပြီး အချိုကလမ်းစဉ် လွဲမှားသွားတယ်။ သေဖိသွားတယ်။ အဲဒါသာသနာမှာ အင်မတန် နစ်နာပါတယ်။ မြတ်စွာဘုရား မဟာတာဏှာ ဟာနေရင် အဲဒီပုဂ္ဂိုလ်က မြတ်စွာဘုရားကို ဆန့်ကျင်ဘက် တိုက်တဲ့သဘောဘဲ။ ဒီလိုနားလည်ထားရမယ်။

ကောင်းပီတဲ့၊ ခန္ဓာကိုယ်ပေါ်မှာ အနုတ္တဉာဏ်နဲ့ ဦးစီးထားတဲ့အခါမှာ ဒါ ဟိုတုန်းက ဦးဇင်းတို့တတွေရဲ့ ကျင့်စဉ်ကို ပြန်ဖောက်သည်ချတာပါ။ ဘယ်လိုလဲဆိုရင် လောကကြီးဟာ မကျေနပ်တာတွေ့ရင် လောကကြီးကို ပြန်မေတ္တာပို့ပြီး ကျင့်ခဲ့ရပါတယ်။ မိမိကို ဂုဏ်သိက္ခာကျဘို့ ကာယကံ ဝစီကံနဲ့ လုပ်တဲ့ပုဂ္ဂိုလ်တွေကို မိမိက သေသေချာချာ ဉာဏ်နဲ့စိုက်ပြီးမေတ္တာပို့ခဲ့ရပါတယ်၊ဘာကြောင့်လဲဆိုတော့ မိမိက ကိုယ့်အတွက်ကိုယ်ငယ်သတ်ချင်လို့ဘဲ၊တကယ်တော့သတ္တိရှိတဲ့သူဟာ မိမိကိုကောင်းတာပြောရင်ကြိုက်တယ်၊ ဆိုးတာပြောရင် မကြိုက်ဘူး၊ အဲဒီလိုလောကခံတွေ့ တွေ့လေလေ လူတွေ့ချမ်းသာပါစေလို့ မေတ္တာနဲ့ လှမ်းခြုံရလေလေ ဖြစ်ပါတယ်။ မိမိက လောကခံနဲ့ကြုံပြီး အောင်မြင်မှုကိုမရှိဘူး၊ အခက်အခဲတွေ့လေလေ မေတ္တာတရားပွားရုလေလေဖြစ်ပါတယ်။မိမိဆင်းရဲသက်သေမဆင်းရဲကြပါစေနဲ့လို့ မေတ္တာပွားရပါတယ်။

ဒါဟာ တရားကျင့်တဲ့အခါမှာ ပိုမိုထက်မြက်တဲ့သဘောရှိတယ်၊ ဒီတော့သစ္စာဝါဒီနဲ့ မေတ္တာဝါဒီဟာ တဲ့ယှဉ်လျက်ရှိ

ပါတယ်၊ သစ္စာဝါဒီဟာ အာဇာနည်သူရဲကောင်းလို့ ဆိုရပါ မယ်။

တပါးသူတွေက အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန်ဖြစ်ပြီး တော့ တဏှာကိလေသာကို စုံရေမက်ရေ တပ်မက်တဲ့အခါမှာ ဒီသစ္စာဝါဒီတွေက ဒါတွေဟာ မလိုလားအပ်ဘူးကွ၊ မင်းတို့ ဟာ သံသရာမှာ ဇာခွဲပြီးတဲ့နောက် ရုပ်နာမ်မှ ခေါင်းအမျိုး မျိုးပြောင်းစေမဲ့ ဒုက္ခပေးမဲ့တရားတွေဘဲလို့ ဉာဏ်ပညာနဲ့ ဆင်ခြင်ပြီး ခြေကန်မဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ သစ္စာဝါဒီတွေဟာ လူသာမန်တွေကျင့်နိုင်ခဲတဲ့ ဒီအကျင့်ကို မိမိတို့က စွန့်စားကျင့်ကြံ မြဲးတဲ့နောက် မိမိတို့ကိုယ်ရုပ်နာမ်ကို ၄ လုံး ခင်လုံး မင်လုံးဆိုတဲ့ သမုဒယတွေကို ပယ်သတ်ခြင်း အမှုပြုတဲ့ ပုဂ္ဂိုလ်တွေဟာတကယ့် ယောဂီတွေ တကယ် ဝိပဿနာ ပညာရှင်တွေ ဖြစ်ကြပါတယ်။ ဝိပဿနာပညာရှင်ဖြစ်ဖို့ဆိုတာ မလွယ်ဘူး၊ ဝိဇ္ဇာလိုင်းတို့ဘာ တို့ လိုက်ဘို့ကလွယ်တယ်၊ ဘာလို့လဲဆိုတော့ သူတို့က အဖြစ် နဲ့ ဖြောယောင်းလာတယ်၊ ဘယ်လိုကျင့်ရင်ဘယ်လိုဖြစ်မယ်၊ ဘယ် လိုစွမ်းမယ်၊ ဘယ်လိုအာဏာတွေရမယ် စသဖြင့်မြှော်လင့်ချက် နဲ့ ပေးပြီး ဆွဲတော့ သာမန်ပုဂ္ဂိုလ်တွေလိုက်တတ်တယ်။

မြတ်ဘုရားရဲ့ ဝိပဿနာ လမ်းစဉ်ကတော့ မိမိရုပ်နာမ် မေါ်မှာ ပေါ်လာတဲ့ သမုဒယကို ပယ်သတ်ရတဲ့ ကိုယ့်ကိုယ်ကို ပယ်သတ်ရတဲ့ကိစ္စကျတော့တော်တော့ပုဂ္ဂိုလ်က မလုပ်နိုင်ကြဘူး။ သို့ပေမဲ့ မြတ်ဘုရားရဲ့ အဆိုအဆုံးမအတိုင်း ကျင့်ကြံအားထုတ်

လိုက်ပြီဆိုရင် အင်မတန်ထူးခြားတဲ့ ဂုဏ်ရည်တွေ၊ ငြိမ်အေးမှု၊ ချမ်းသာမှုတွေကို အမျိုးစုံတွေ့ရပါဘယ်၊ ဒါဟာတရားတော်ရဲ့ အာမခံချက်တွေပါ။

ဒါကြောင့်မိမိတို့သည် မိမိရုပ်နာမ်ပေါ်မှာ ဒုက္ခလက္ခဏာ အနိစ္စလက္ခဏာ အနတ္တလက္ခဏာနဲ့ ဆင်ခြင်သုံးသပ်ပါမျှားတဲ့အခါမှာ ဒီရုပ်နာမ်မှာကပ်ငြိနေတဲ့ အဝိဇ္ဇာတွေ တလွှာစီ တလွှာစီ တိုက်ချွတ်ပြီးသား ဖြစ်ပါတယ်၊ ဆေးခြောက်ပြီးသား ဖြစ်ပါတယ်၊ ဆေးကြောပါမျှားတဲ့အခါမှာ မိမိအဇ္ဈတ္တဘဝင်မှာ လောဘလဲခါ တိုင်းလောက်မရှိပါဘူး၊ ဒေါသလဲခါတိုင်းလောက်မပေါ်ဘူး၊ မောဟလဲခါတိုင်းလောက်မပေါ်ဘူး။

ဆိုကြပါစို့။ ယနေ့တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ တဦးကိုတဦး ဘယ်သူက ရဟန္တာဖြစ်ပြီလဲ၊ ဘယ်သူက သောတာပန်ဖြစ်ပြီလဲ၊ ဘယ်သူက သကဒါဂံ အနာဂမ်ဖြစ်ပြီလဲ စသည်ဖြင့် ဒီလိုဘဲမေးမြန်းကြတယ်၊ ဆွေးနွေးကြတယ်။ တကယ်ဆန်းစစ်မယ်ဆိုရင် ဒီနာမဝိသေသနတွေထပ်ဖို့က အဓိကမဟုတ်ဘူး။

မိမိအဇ္ဈတ္တဘဝင်မှာ ငါသည် ခါတိုင်းဒေါသလေးပုံပုံရင် လေးပုံလုံးဖြစ်တယ်၊ အခုအခါမှာ လျော့သွားပြီးသုံးပုံ လောက်ဘဲရှိတော့တယ်၊ ခါတိုင်းဒီလို အတွေ့အကြုံတွေဖြစ်ရင် ငါဒေါသ ၄ ပုံဖြစ်တယ်၊ အခု ၃ပုံသာရှိတော့တယ်၊ မောဟလဲထိုနည်းဂင်းဘဲ၊ ၄-ပုံ ပုံရင် တပုံလျော့သွားပြီ။ ဒီလိုဘဲ

မိမိကိုယ်ကို စစ်ဘမ်းထုတ်တာ အခိုင်မာဆုံးဘဲ။ ဟိုပုဂ္ဂိုလ်က သောတာပန်ဖြစ်ပြီဆိုရင် ဒီပုဂ္ဂိုလ်က သကဒါဂါမ်ဖြစ်ပြီဆိုလို့ ယုံလဲ မယုံအပ်ဘူးတဲ့။

ဒါတွေကို မိမိကိုယ်မိမိ မသာယာအပ်ဘူး။ တကယ်တော့ ခန္ဓာမှာ အဝိဇ္ဇာနဲ့ လောဘ ဒေါသ မောဟ တဏှာတွေက ပြလျက်ရှိတာဘဲ။မိမိကိုယ်ကို မိမိ ပေတံနဲ့တိုင်းရင် ရုပါတယ်။ အဲဒါ အကောင်းဆုံးသော စစ်ဆေးနည်း တရပ်ဘဲ၊ စစ်ဆေးကြည့်၊ အဲဒီလို အခါမှာ မိမိအစ္စတ္တဘာဝင်မှာ ပေါ်လာတဲ့ ဒုက္ခတရားကား မိမိမပိုင်၊ မမြဲတဲ့သဘော မဆိုင်တဲ့သဘောလို့ တွေ့လာလိမ့်မယ်၊ ဒီလိုသုံးသပ်ပါမျှားရင် လောဘ ဒေါသ မောဟတရားဟာ အားနည်းတဲ့ သဘော သိမ်ငယ်တဲ့သဘော သိပ်သည်းကျစ်လစ်ပြီး မနေတော့ဘူးတဲ့။ ဆိုကြပါစို့။ ရုပ်နာမ်တခုဟာ သတိပဋ္ဌာန် ဝင်မယ်ဆိုတော့ သတိရှိနေရမယ်၊ သတိရှိနေရမယ်ဆိုတာ ယထာဘူတကျရမယ်၊ ဆိုကြပါစို့။အသက်ရှူတယ်၊ဝင်လေထွက်လေကို သိရမယ်တဲ့၊ ဒါပေမဲ့သိအောင်လို့မောအောင်လို့ တအားကြီးရှူရှိုက် မလုပ်ရဘူး မလုပ်ကောင်းဘူး ဘာကြောင့် အဲဒါလုပ်ကြံသွားတာ ဖြစ်တယ်။

ရုပ်နာမ်ရဲ့သဘာဝကို သဘာဝအတိုင်း သိအောင်လို့ မိမိရဲ့ဉာဏ်လေးနဲ့ ဆင်ခြင်ဘို့ သူတော်စင်တွေက ဆုံးမကြပါတယ်။ ရုပ်နာမ်ကို သိအောင်လို့ ရုပ်နာမ်ကြီးကို ဒုက္ခပေးပြီး တမင်သက်သက် လုပ်ကြံဖန်တီးယူတဲ့ အဲဒီ ဒုက္ခကို ဒုက္ခလို့သိတာ

ဟာ ပညာဉာဏ်မပါဘူးတဲ့၊ ပညာဉာဏ်ပါချင်ရင် သွားရင်း လာရင်း, စားရင်း, သောက်ရင်း, လုပ်ရင်း, ကိုင်ရင်း, ပြောရင်း, ဆိုရင်, နာရင်း ပညာလေးနဲ့ သိနေရမယ်၊ ဉာဏ်နဲ့ ဦးစီးရမယ်၊ မိမိကိုယ်ကိုသိနေရမယ်။ ပညာသတိ မရှိတဲ့ပုဂ္ဂိုလ်အဖို့ သူတော်စင်တွေက မလိုလားဘူး၊ မိမိကိုယ်ကို ပညာလေးနဲ့ သိနေရမယ်၊ သတိဦးစီးနေရမယ်၊ သတိထား ဝိရိယစိုက် ပညာဉာဏ်နဲ့ ဆင်ခြင်သုံးသပ်ရမယ်၊ ဒီပညာဉာဏ်နဲ့ ဆင်ခြင်သုံးသပ်နိုင်ဘို့ ရုပ်နာမ်ကြီးကို ဒုက္ခပေးစရာမလိုဘူး၊ ဒါ ဦးဇင်းတို့ ဆိုဆုံးမခြင် ခံရတဲ့ လမ်းစဉ်တခုပါ။

ဉာဏ်ပညာ ဝင်အောင်လို့ ရုပ်နာမ်ကြီးကိုဆင်းရဲအောင် ဒုက္ခမပေးကောင်းဘူး၊ ရုပ်နမ်က ရုပ်နမ်သဘာဝအတိုင်း လှုပ်ရှားနေတယ်၊ စားသောက်နေတယ်၊ သွားလာ ပြုမူပြောဆိုနေတယ်၊ အဲဒီ အချိန်မှာ ဉာဏ်လေးဦးစီးဘို့ မိမိက သတိထားရမယ်၊ ဒါမှ ဉာဏ်ပညာပါမယ်။ မိမိသည် ဉာဏ်ပညာနှင့် သတိပဋ္ဌာန်ဝင်တော့မယ်၊ ဘယ်လိုဝင်မလဲ မြင်သမျှ ရှုနေတော့မလား။

ဒီလိုသာ ရှုနေရင် ဘယ်တော့မှ မကုန်ဘူး။ ရုပ်တွေ ရှိနေသမျှ အလင်းရောင် ရှိနေသမျှ အကွာအဝေး ရှိနေသမျှ အကြည့်ဓာတ်ရှိနေသမျှ မြင်နေတော့မှာဘဲ။ ဒါကြောင့် ခန္ဓာသာကြေသွားမယ်၊ မြင်သမျှ ရှုနေလို့ကတော့ မကုန်ဘူး၊ မဆုံးဘူးပေါ့။

ဖြစ်ပျက်မဆုံးတော့ နိဗ္ဗာန်မဝင်နိုင်ဘူးပေါ့။ ဖြစ်ပျက်ဆုံးမှ နိဗ္ဗာန်ဝင်မယ်၊ ဖြစ်ပျက်ကို မြင်အောင်ကြည့်။ မှန်းအောင်ကြည့်၊ ဆုံးအောင်ကြည့်တဲ့။ ဖြစ်ပျက်ဆုံးမှ မဂ္ဂင်ဝင်မယ်၊ မဖြစ်မပျက်တဲ့ အသင်္ခါဘခေတ် မြတ်သော နိဗ္ဗာန်ကို ရမယ်။

ဒါကြောင့်မိမိတို့သည်ဖြစ်ပျက်ဆုံးတဲ့လမ်းကို လိုက်ရမယ်၊ မဆုံးတဲ့ကရွတ်ကင်းလျှောက်လမ်းကဘော့မြင်တာတွေ့ချည်းသာ မရှုနဲ့၊ ဗဟိဒ္ဓတွေ့ချည်း ရှုနေလို့ကတော့ မပြီးဘူး၊ အသံတွေ့ကြားတာတွေ့ချည်း ရှုနေလို့ကဘော့ မပြီးဘူး၊ ကိုယ့်နှာခေါ်အာရုံကောင်းနေသေးသမျှ ကာလပတ်လုံး အသံပေါ်နေသမျှ ကာလပတ်လုံး အသံတွေက ကြားချည်းနေမှာဘဲ၊ ဒါတွေ့လိုက်ရှုနေလို့ကတော့ မဆုံးဘူး၊ ဆုံးတဲ့နည်းက တာတုန်း ဆိုတော့ ပေါထိုလ ရဟန်းကြီးကို ဟောတဲ့နည်းပါဘဲ။ ဘုဝင် မနောပေါက် မိမိရဲ့အဘူတ္တာဘုဝင် ရင်ချိုင့်လေးရှိပါတယ်၊ အဲဒီရင်ချိုင့်နံဘေးမှာ ဒေါသ ဖြစ်ရင် မောဟ လောဘ ဖြစ်ချင်ရုဖြစ်ပေါ်လာတယ်။ ဒေါသဖြစ်လဲ အဲဒီနှာခေါ်မှာ တုန်လာတယ်၊ အဲဒီနှာခေါ်ကို စိုက်လိုက်ပါ။ အဲဒီနှာခေါ် ရှုလိုက်ပါ။

ကောင်းပြီ။ ယောဂီပုဂ္ဂိုလ်တဦးဟာ မိမိသတိပဋ္ဌာန် ဝင်ပြီ။ ဒီနှာခေါ်မှာ သတိပေးလထား၊ ဝိရိယလေးစိုက်၊ ဉာဏ်ပညာခေါ်နဲ့ ရှုမယ်ဆိုပြီး ဟဒယဘဝင်မနောဘုဝင်ကမှာ ဉာဏ်ပညာခေါ်နဲ့ စောင့်၊ဖျိုင်းခေါ်က ငါးလေးလာတာကို စောင့်သလို

စောင့်ပါ၊ ငါးလေးလာမှ အသာဖမ်းစားပါတယ်။ ငါးမလာခင် သူမလှုပ်ပါဘူး၊ ငြိမ်ပြီးစောင့်နေပါတယ်၊ လှုပ်ရင် ငါးကအရိပ် အရောင်မြင်တော့ မလာဘူးတဲ့၊ ဒါကြောင့် မိမိက ဟဒယမှာ အသာကလေးစောင့်ပြီး မလှုပ်မရှား အသိလေးနဲ့ ယှဉ်ပြီး စိုက်ထားလိုက်ပါ၊ အသိယှဉ်ရမယ်၊အသိမယှဉ်ရင် မောဟာ၊ တချို့ တရားအားထုတ်တယ်ဆိုပြီးတော့ သတိလက်လွှတ်ပြီးစိတ်ဖောက် သလိုလို မြေကြီးတွေ့ရိုက်လိုက် သရေတွေ့ယိုလိုက်နဲ့ ဒါဟာ ပုံပျက်ပန်းပျက် ဖြစ်တယ်။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ကြီးရဲ့ တရားတော်ကို ကျင်ကြံအားထုတ်တဲ့အခါ အင်မတန်

စောင့်ကြည့်ရမယ်။ အသိမယှဉ်ရင်တော့ မောဟ ဝင်မှာဘဲ၊ အသိယှဉ်ပြီး စိုက်လိုက်တဲ့အခါမှာ အဇ္ဈတ္တဘာဝင်မှာ ပေါ်လာမယ်၊ ဒေါသဖြစ်ရင် ပေါ်လာမယ်။ မကျေနပ်ရင် ပေါ်လာမယ်၊ ရင်လေးတုန်လာမယ်။ ဒီအခါမှာ "အော်... မင်းဟာ ဒုက္ခတရားလေးဖြစ်တယ်၊ ဒီဒုက္ခတရားလေးဟာ နာမ်တရားလေး ဒုက္ခတရားလေး လှုပ်ရှားလာပြီ၊ ဒီဒုက္ခတရားလေး ဘာကြောင့် ဖြစ်တုန်းဆိုတော့ မင်းဟာ အယောနိသော မနသိကာယဘဲ၊ နှလုံးသွင်းမှားခဲ့လို့ ဖြစ်တာ၊ မင်းဟာ ရူပ်နာမ်လေ၊ မင်းဒီလို ရင်ထဲမှာ လှုပ်ရှားဖြစ်ပေါ်ရတာဟာ အမှန်တရားကို မသိလို့ဘဲ၊ ရင်ထဲမှာ တင်းကျပ်ပြီး တုန်လှုပ်ရှားလာရတာဟာ မမြဲပါလား"လို့ ရှုလိုက်ပါ။

ဒီလိုရှုလိုက်တဲ့အခါမှာ ဒီဒုက္ခတရားလေးဟာ သူ့ကို ငါလို့ မသိမ်းပိုက်ဘဲ ဒုက္ခတရားလို့ ရှုသတ်လိုက်တဲ့ အဟုတ်သူဟာ တဖြည်းဖြည်းနဲ့ ပျက်စီးရပါတယ်။ ပျက်စီးသွားတဲ့အခါမှာ စိတ်ရှည်လက်ရှည်ရှုလိုက်ပါ။ ရှုလိုက်ပါမျှားတော့ ပျက်စီးသွားရုမှ နောက်ဆုံးတော့ ဒေါသဟာကုန်သွားပြီး ဒေါသဖြစ်စရာမရှိတော့ဘူး။ မရှိတော့တဲ့အခါမှာ ဒေါသကိုရှုတဲ့ဉာဏ်ကလေးဘဲရှိတယ်။ ဉာဏ်ကလေးဘဲရှိတဲ့အခါမှာ အသာလေးစောင့်လိုက်ပါ၊ ဗျိုင်းငါးစောင့်သလို စိတ်ရှည်လက်ရှည်နဲ့ဘဝင်လေးကိုဘဲစောင့်၊ မပေါ်သေးလဲစောင့်၊ စိတ်ရှည်ရှည်စောင့်ရင်ဘဝင်မှာ ပေါ်ကိုပေါ်ပါတယ်။စိတ်ဟာဖြစ်နေတာဘဲ၊ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ သူဟာ ဥပါဒ်ထိဘင်ဘဲ၊ မိမိက

စိတ်ရှည်လက်ရှည်စောင့်ဘို့အရေးကြီးတယ်။စိတ်ရှည်ရှည်ဆိုတော့ မိမိကသည်းခံရမယ်။ သည်းခံတယ်ဆိုတာ သည်းခံရင် နိုဗ္ဗာန်ရောက်တယ်ဆိုတဲ့စကားသည်တဲ့ မိမိအား စော်ကားမော်ကား မတရားလုပ်တဲ့ပုဂ္ဂိုလ်တွေကို သည်းခံဘို့မဟုတ်။ မိမိရုပ်နာမ်ကို သည်းခံရမယ်။

ဒေါသလေးပေါ်လာ ရင် ဒီဒေါသကို ချက် ချင်း အလိုလိုက်ပြီး အကောင်အထည်မဖော်နဲ့အုံး၊ "ဒေါသ၊ မင်းက တော့ဖြစ်နေပြီ၊ သို့သော်လဲ ငါသည်းခံအုံးမယ်" ဒေါသဟာ ဖြစ်တော့၊ ဒီဒေါသဟာ ဘယ်လိုအသွင် လေး ဆောင်တုန်း။ ဒေါသဟာဘယ်လိုသဘောလေးလဲ၊မိမိကိုယ်မိမိနား လည်အောင် ဒေါသသဘောလဲ နားလည်အောင် တည်တည်ငြိမ်ငြိမ် ဉာဏ်လေးနဲ့ ဦးစီးပြီး စောင့်ရင် ဒီဒေါသတရားဟာ တဖြည်းဖြည်း ပျက်သွားတာပါဘဲ၊ အဲ့ဒီလို ရှုသတ်ဆင်ခြင်နေတဲ့ ပုဂ္ဂိုလ်မှာ ဒီသင်္ခါရတွေ အစားထိုးတိုင်း အစားထိုးတိုင်း ရှုပါမျှားရင် တဖြည်းဖြည်းနဲ့ သင်္ခါရလေးတွေ အားနည်းသွားမယ်။ နောက်ဆုံး သင်္ခါရအစားထိုးစရာမရှိတဲ့အဆင့်အထိ ရောက်မယ်။သင်္ခါရတွေကို ရှုနေတဲ့ဉာဏ်ဟာ နောက်ဆုံးတော့ ရှုစရာမရှိရင် ခန္ဓာကိုယ်ကြီးက ပြသွားလိမ့်မယ်တဲ့။

ခန္ဓာကိုယ်ကြီးဟာ ပေါ့ပါးရှင်းလင်းသွားပြီး အင်မတန်မှ ပူလောင်တဲ့ သဲကန္တာရလိုနေရာမှ အင်မတန်မှ အေးငြိမ်းတဲ့ သဘောထဲ ရောက်သွားသလို ခန္ဓာမှာ လောင်ကျွမ်းနေတဲ့ ဒုက္ခ

ဒေါ၊ ဒေါဘဝတွေ၊ ဒေါ်သဝတွေ၊ ဖောဟတွေ ဖဒ္ဓိဝတာဘုန်း၊ ဝင်ကြွယ်ပြီးဆုံးမှုမှာ ပြန်းဒေဒေးလဲ့ ဝေတ်သာသာဝေးကို ခပ်ဝက ခုခေတ်ပေါ်လိုက်ရင် ခန့်ခက ပြီသွားပါမယ်။ ပြန်းခေးလဲ့ သဒ္ဒာတာ ရောက်သားတဲ့အခါမှာ တကာ နီဒေါခေတာ နီဗွာန်း တကာ့ကနီလှားရင်လဲ နီဗွာန်ကိုမှတ်ဒေမှာတော်ပွဲနီတယ်။ ရှာတဲ့ ဒရာ နီဗွာန်၊ ပုဂဟတောာ တပ်ဖက်မှ အာလယ်ပုတ်သင်ပင်ကတဲ့ ဖဒ္ဓိဝတာဘုန်း အာသစ်ခေတ်ကားတွေ ဖဒ္ဓိဝတာဘုန်း ရုပ်နာဝစ်တွေ ဖဒ္ဓိဝတာဘုန်း ရုပ်နာဝစ်ချုပ်တယ်။ ပြန်းတော့ အင်ဗတန်ဖ္ဖ နုတ်ခဲ့ တဲ့သဝတာ၊ သစ်ဒေ၊ ကဲသဝတာ၊ ကြားပင်ကဲ့သဝတာ၊ ဒေကခုတ် တဲ့သဝတာ၊ ပြုမီးချုပ်တဲ့သဝတာနဲ့ ဗင်ကြွယ်တဲ့သဝတာဝတ္ထုသာ နီတဲ့ ရှာဝတတ္တအားလုံး ကုန်ဘွားတဲ့ နီဗွာနဝတ်ကို ပစ်ခဲ့သည့် ရှုတ်ဒေမှာတ်ပွန်ပေါ်။

ဒေါ်ကြာင့် ဖဒ္ဓိဝတာနဲ့ ဝင်ဒီဗာနီစာတ်ကို ရှုတ်ဒေမှာတ် ကြိုးဝင်ကြိုးကလဲ့ ဖဒ္ဓိဝတာတွေ ဝေ၊ လာဒေသာ ကျေးတွေးကားကို ကဟုတာအားကြီး။ ဒီနီတာသုံးကိုပြင်ရင် နီဗွာန်အခေ့ကြာင်းသိရမယ်။ ဒေါ်ကြာင့် ဖဒ္ဓိဝတာသည် စိတ္တနုပါသာ နှာ ပဘင်ဒေသာ နီဗွာန်ကို ထိုးတင်းပြီး ဆင်ခြင်နိုင်သည့် ဝတ်ဒေသီ ဟုခံခဲ့သော ကျိုင်ပဘာနဘုရားကို ကျင့်ကြံအားယူတိုင်းအား ပြုခဲ့ ပုဒေသာင်ပုဒေတုအားလုံး ဒွိမ်းသွားသော (နီဗွာန်ကိုသာ တကယ် ဟုတ်ဒေမှာတ်ပြုလိုတ်ရင် ပုဒေသာင်ပုဒေတုမှန်သာဖျုအားလုံး ဒွိမ်းဒေးကင်းစင်သွားပေါ် နီဗွာန်ကို ဟုတ်ဒေမှာတ်အပ်ခဲ့ခေတ် ကြားလဲ ဒီဝတတ်ကြီးကို ဟုတ်ဒေမှာတ်ပွန်ခဲ့ ရှမ်းခုဟုတ်ဟာ

မိမိခန္ဓာမှာကပ်ငြိနေတဲ့ တဏှာကိုသတ်လိုက်ရမယ် ဒီကုန်အောင် သတ်လိုက်လို့ သတ်နိုင်တဲ့ဉာဏ်က နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်မှာ ဖြစ်တယ်။

စိတ်က နိဗ္ဗာန် ကို မျက် မှောက် ပြု လို့ မ ရ ဘူး။ စိတ်ဆိုတာ အပိုင်္ဂ၁ တဏှာတွေနဲ့ ရောယှဉ်တဲ့အတွက် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ပါ။ ဉာဏ်နဲ့သာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။

ဒီဉာဏ်ကလဲ စိတ်နဲ့တွဲယှဉ်နေတဲ့ ကိုလေသာတွေကို သတ်ရမယ်။ဤကဲ့သို့ ကိုလေသာတွေကိုလျော့ပါးသွားစေသော၊ သူတော်ကောင်းတွေ၏ အကြိုက်ဖြစ်သော၊ သူတော်စင်တွေ၏ အကြိုက်ဖြစ်သော၊ သူတော်စင်တွေ၏ ကျင့်စဉ်ဖြစ်သော၊ ဘုရားရဟန္တာများ သာဓုခေါ်အပ်သော၊ အင်မတန်မှ ကျင့်ကြံထိုက်အားထုတ်ထိုက်သော၊ မှီခိုလဲလျောင်းထိုက်သော၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်မြတ်ကို ဤကဲ့သို့နားကြားရသော၊ ကျင့်ကြံနှလုံးသွင်း ဆင်ခြင်သုံးသပ်ရသော ကုသိုလ်ကံ စေတနာအပေါင်းတို့ကြောင့် လောကုတ် လောကီ နှစ်လီသော အကျိုးစီးပွားများ ဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းတဲ့ပြင် ဤမှာဘက်၌ ဒုက္ခမျိုးစုံ စုပုံနေတယ်။ ပိုးဖလံမျိုး မီးကိုတိုးပြီး ကိုယ်ကျိုးနည်းရတဲ့ အဖြစ်နဲ့ဘဲ ကြုံနေတယ်။အမှန်ကိုအမှန်အတိုင်းမသိတဲ့ ဤအဝိဇ္ဇာတဏှာရဲ့ ဦးဆောင်မှု လမ်းညွှန်မှုကို ခံနေရတဲ့ ရုပ်နာမ် ဆင်းရဲ ဒုက္ခအပူမီးအားလုံး ခပ်သိမ်းကုန်တို့

ကင်းရှင်းတဲ့ ဟိုမှာဘက်ဖြစ်တဲ့ နိဗ္ဗာန်ဓာတ် အင်မတန် အံ့ဩဖွယ်သော၊ ငြိမ်းအေးသော၊ နူးညံ့သော၊ သိမ်မွေ့သော၊ ပြကတေ့အရှိဖြစ်သော၊ ထာဝရတည်နေသော နိဗ္ဗာန်ကြီးသို့ မျက်မှောက်ပြုနိုင်တဲ့ စံမြန်းနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၊ အာဇာနည် ယောကျ်ားကောင်း ယောကျ်ားမြတ်၊ အမျိုးသမီးကောင်း အမျိုးသမီးမြတ် ဖြစ်ကြပါစေသော်။

"သာဓု-သာဓု-သာဓု"

အပျက်တရားကြောင့်ရသောအဖြေသည် နိဗ္ဗာန်တရားတော်နှင့်ပတ်သက်သော

ကောက်ချက်များ

သည်းခံလျှင် နိဗ္ဗန်ရောက်သည်ဟူသောမြန်မာစကား ရှိသည်။ ဤစကား၏ ရည်ညွှန်းချက်မှာ ရုပ်နာမ်သည် အပျက်တရားဖြစ်၏။ အပျက်တရားကို အပျက်တရားမှန်း သိစေရန် သည်းညည်းခံပြီး စောင့်ကြည့် ရှုသတ်ရမည်။ အပျက်တရားကို စောင့်ကြည့်နိုင်လျှင်ရင်း၊ သည်းခံပြီး ရှုသတ်မှုပြုနိုင်လျှင်ရင်း နိဗ္ဗာန်ကို ကေန်ရမည်။

တနည်းအားဖြင့် အပျက်တရားကြောင့် ရသော အဖြေသည် ပျက်စရာတရားများ ကုန်ခန်းသော မပျက်တော့သော နိဗ္ဗာန်ပင်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အပျက်ကရားကို အပျက်တရားဟု ရှုမြင် ခြင်းသည် နောက်ထပ် အပျက်တရား ထပ်မံ ဖြစ်ပေါ်စေရန် အကြောင်းမပြုတော့ခြင်းပင် ဖြစ်၏။ အကြောင်းမပြု လျှင် အကျိုးမလာနိုင်။

အပျက်ဘရားကို အပျက်တရားဟုမရှုသတ်ဘဲ တပ်မက်နေပါလျှင် အလားတူ အပျက်တရားများကို ထပ်မံ ဖြစ်ပေါ်စေရန်အကြောင်းပြုရာရောက်သည်။ အကြောင်းပြုလျှင် အကျိုးဖြစ်လာမည်။ အကျိုးဖြစ်လျှင် ရုပ်နာမ် ထပ်မံ ရရှိ၍ ပဋ္ဌိစ္စသမုပ္ပါဒ် တဖန်ပြန်လာမည်သာ ဖြစ်သည်။ အပျက်တရားဟု ရှုသတ်နေခြင်းသည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဖြတ်တောက် ခုတ်လှီးနေခြင်းပင် ဖြစ်၏။ ကြာသော် ဖြတ်တောက်စရာ ကုန်ခန်းသွားသော ဖြတ်တောက်စရာ မရှိတော့သော နိဗ္ဗာန် သို့ ဉာဏ်နှင့် မျက်မှောက်ပြု ခံစားစံစားနေရမည်သာတည်း။

အပျက်တရားများဖြစ်ကြသော ဝဋ္ဋသုံးပါးတို့အနက် ကိလေသာဝဋ္ဋသည် အမြန်ဆုံး အောင်နိုင်ရန် ချိုးနှိမ်သတ်ဖြတ်ရမည့် အပျက်တရား ရန်သူအကြီးစားပင် ဖြစ်သည်။ ရန်သူသည် အပျက်တရားဖြစ်နေသည်မှာ မျှားစွဝမ်းသာဘွယ်ရာ ကောင်းသည်။ အပျက်ရန်သူမှာ ဉာဏ်လက်နက်ဖြင့် တိုက်ဖျက်ရန် လွယ်ကူလှပေသည်။

ထည်တံ ခိုင်မြဲနေသော ရန်သူဆိုဘာ ငုံမိုး၍ပင် ကြောက်လန့်စရာကောင်းနေတော့မည်။ ယခုမူ ရန်သူမှာ အပျက်တရား ပျက်စီးမည့်တရားပင်ဖြစ်နေ၍ သတ္တိရှိရှိ ရင်ဆိုင်၊ သူ့အပျက်ကို ပုံပေါ်ထင်မြင် လာအောင် ရှုသတ်နှိပ်ကွပ်ရန်သာ အရေးကြီးနေပေတော့သည်။

ဝဋ္ဌဆင်းရဲမှုန်သမျှသည် (၁) ဒုက္ခ၊ (၂) မမြဲကြ၊ (၃) ပျက်စီးအပ်သည်ဖြစ်၍ ပိုင်ဆိုင်တားရန် မဖြစ်နိုင်၊ ဤ(၃)ခုချက်ပိုင်လျှင် ဝဋ္ဌမှုန်သမျှကို အောင်နိုင်ရမည်သာ ဖြစ်သည်။

လက်တွေ့ကျင့်ကြံနေသော ယောဂီများ အတ္တက် အပျက်ကို စိတ်ရှည်လက်ရှည် မလျှော့သောဇဲ၊ မပြတ်လတ်သော ဝိရိယ၊ လျင်မြန်သော ဉာဏ်၊ ရှင်သန်သော သတ္တိနှင့် ရှုမိစေဘို့ သတိပေး ဟောကြား ထားသော တရားတပုဒ်ပင် ဖြစ်ပါသည်။

သန့်စင်သောစေတနာဖြင့်

နန္ဒဝံသ

အပျက်တရားကြောင့် ရသောအဖြေသည် နိဗ္ဗာန်

[၁၃၃၈ ခုနှစ်တပေါင်းလဆန်း(၁၃)ရက်(၁-၃-၇၇) အင်္ဂါနေ့တွင်၊ မုံရွာမြို့ မိဂဒါဝုန် ကျောင်းတိုက်၌၊ သန္တိသုခဆရာတော်ဦးနန္ဒပံသဟောကြားတော်မူသော- "အုပျက်တရားကြောင့် ရသောအဖြေသည် နိဗ္ဗာန်" တရားတော်ဟောစဉ်]

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရှိတရားကို ဟောမယ်။ ဒီနေ့ဟောမယ့် တရားရှိခေါင်းစဉ်ကတော့ အပျက်တရားကြောင့်ရတဲ့အဖြေဟာ နိဗ္ဗာန်ပါဘဲ ဆိုတဲ့ တရားဘဲ။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဆိုတာကတော့ လူနတ်ဗြဟ္မာ သတ္တဝါတွေကို မိမိရဲ့ ရင်ဝယ်သားလို ချစ်မြတ်နိုးလို လေးသခင်္ဂေါနဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်ပြီးတဲ့နောက် စွန့်ခြင်းမျိုးစုံကိုစွန့်။ စွန့်ကြဲခြင်း ၅ မျိုးကို စွန့်ပြီးတဲ့နောက် သဗ္ဗညုတ ရှေ့ဥာဏ်တော်ရှင်ဖြစ်အောင် ကြိုးစားခဲ့ရတယ်၊ အဲဒီ

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်ဟာ လူနတ်ဗြဟ္မာ၊ သတ္တဝါတွေကို စစ်မှန်တဲ့ ငြိမ်းအေးချမ်းသာမှု ပေးနိုင်ကြောင်းယုံကြည်လို့ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးရဲ့တရားတော်ကို ဟောတဲ့ပုဂ္ဂိုလ်တွေက ဟောနေကြ ပြီ။ နာကြားကျင့်ကြံ အားထုတ်တဲ့ပုဂ္ဂိုလ်တွေက နာကြား ကျင့်ကြံအားထုတ်ကြပြီ။ ယနေ့ဟောတဲ့ခေါင်းစဉ်ဟာ လုပ်ငန်း သဘောပါဘဲ။ တရားတော်နဲ့ပတ်သက်လို့ ရှင်းနှီးအကျမ်းဝင် နားလည်ပြီးသားဖြစ်တဲ့ တရားနာပရိတ်သတ်နဲ့ဖြစ်လို့ လဲဒီတရား တော်ကို ဟောရခြင်း ဖြစ်ပါတယ်။

ဒီခေါင်းစဉ်ဟာ လက်တွေ့ဝိပဿနာတရားကို တကယ် တန်း ကြိုးစားအားထုတ်သူတွေ့အတွက် ထိမိပြီး အကျိုးကျေး ဇူးကို ဖြစ်ထွန်းစေမှာမို့ဟောချင်ပေမဲ့လဲ မိမိတို့ရဲ့ရုပ်နာမ်ကို မမြဲ ဘူးလို့မှ ဆင်ခြင်မထားတဲ့ ပုဂ္ဂိုလ်တွေဆီမှာ ဟောလို့မရ ပါဘူး။

ဒီလိုဟောလို့မရလို့ အကျယ်တဝင့်ရှင်းရမယ်ဆိုရင်မြတ် စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော်ကိုးပါးထဲမှာ အနုတ္တရော ပုရိသ ဓမ္မသာရထိတဲ့။ ဒါဟာဘာလဲဆိုတော့ ယဉ် ကျေးအပ်တဲ့ လူနတ်ဗြဟ္မာသတ္တဝါတွေကို ယဉ်ကျေးအောင် ဆုံးမတဲ့နေရာမှာ အတုမရှိဘူးတဲ့၊ ဆိုလိုတာက ယဉ်ကျေးထိုက်တဲ့ အခြေခံရှိသူတွေကိုသာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီးသည် သစ္စာလေးပါးတရားကို ဟောတော်မူခဲ့တယ်။ ယဉ်

ကျေးနှိုင်တဲ့ အလားအလာမရတဲ့ပုဂ္ဂိုလ်ကို မဟောဘူး။ ဒါကတော့ ဒေဝဒတ်ကြီးကြည့်ပေါ့။ မဟောခဲ့ပါဘူး။ ဒေဝဒတ်မြေမျိုးမှာကို မြတ်စွာဘုရားသိပေမဲ့ အကြောင်းမပြုခဲ့ပါဘူး။

ဝိဋ္ဌဋ္ဌပြမင်းသား သာကီဝင်မင်းတွေကို သတ်စဉ်ကလဲ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ရှိခဲ့တာလဲ သူ့အကြောင်းနဲ့သူ့အကျိုးမို့ ဆိုတ်ဆိတ်နေတယ်။ ဆိုလိုတဲ့အကြောင်းက လေးသခြေ့နဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်ဆည်းထားတဲ့ သဗ္ဗညုတရှောဂ်တော်ရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ပင်လျှင် မိမိရုပ်နာမ်အားမမြဲဘူးလို့ နှလုံးမသွင်းနိုင်တဲ့ပုဂ္ဂိုလ်၊ ကျွတ်ထိုက်တဲ့စွမ်းရည်မရှိတဲ့ပုဂ္ဂိုလ်ကို မဟောဘူး။ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ကိုသာ ဟောတယ်။ ဒါကြောင့်ဒီနေ့တရားနာ ပရိသတ်ကိုလဲ ဦးဇင်း အနေနဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေအဖြစ်နဲ့ ယုံကြည်ထားလို့လဲ ဒီခေါင်းစဉ်ဖြစ်တဲ့"အပျက်တရားကြောင့်ရတဲ့အဖြေဟာ နိဗ္ဗာန်ဘဲ"လို့ ဟောကြားရခြင်းဖြစ်ပါတယ်။

ဒီခေါင်းစဉ်ရဲ့အဓိပ္ပါယ်ဟာ ဘာလဲဆိုတော့ ဒီဂုဏ်ကြီးဟာ ပျက်နေတာဘဲ။ ပျက်နေတာကို အသေးစိတ် မြင်လေကောင်းလေပါဘဲ။ မမြင် မသိရင် အဝိဇ္ဇာဖုံးလွှမ်းဘဲ။ အပျက်ကို သိရင် မဂ်ဉာဏ် ဦးစီးလွှဲဘဲ၊ အပျက်ကို မသိတော့ တဏှာလာတယ်။ အပျက်ကိုသိတော့ ဘာဝနာဖြစ်တယ်။ ဒီတော့ဘာဝနာပွားနေတဲ့ပုဂ္ဂိုလ်၊ မိမိရုပ်နာမ်ဟာ ပျက်ခြင်းဖြစ်တယ်လို့ သိနေ

ဘဲ့ပုဂ္ဂိုလ်အဖို့ ပျက်စရာတရားတွေ ကုန်သွားရင် နောက်ဆုံး နိဗ္ဗာန်ကို မိမိကိုယ်တိုင် ဉာဏ်သက်ဝင်နိုင်ပါတယ်။ မိမိကိုယ်တိုင် သိနိုင်၊ တွေ့မြင်နိုင်ပါတယ်ဆိုတဲ့ တရားကို ဟောမယ်။

ဒီတော့ ရူပ်နာမ်ရထား သူသူကိုယ်ကိုယ်မှာ ခန္ဓာငါးပါး ရှိကြတယ်။ ဝေဒနာကွန္ဓာ၊ ရူပကွန္ဓာ၊ ဝိညာဏကွန္ဓာ၊ သင်္ခါရကွန္ဓာ၊ သညာကွန္ဓာ။ ဆိုပြီး ခန္ဓာငါးပါးရှိတယ်၊ မြန်မာလိုးတော့ ရူပ်တရားကတဖက်။ နာမ်တရားလေးဖက်၊ နာမ်တရားထဲမှာ ခံစားတတ်တယ်။ သိတတ်တယ်၊ စေ့ဆော်ပြုပြင် ဆင်ခြင်နေ တတ်တယ်။ ဆုံးဖြတ်ချသချတတ်တယ်။ မှတ်သားတတ်တယ်။ အဲဒီတော့ ရူပ်နာမ်အစုအဝေးကြီးလို့ မိမိကိုယ်မိမိ သတ်မှတ် ရမယ်။

ကောင်းပြီ၊ ဒီရူပ်နာမ် အစုအဝေးကြီးဆိုတာ ရူပ်ဆို တာ သိခြင်းသဘောမရှိဘူး မြင်လွယ်တယ်ပေါ့။ နာမ်ကသိခြင်း သဘောရှိတယ်။ မမြင်လွယ်ဘူး။ အဲဒီ မြင်လွယ်တဲ့သဘောရှိတဲ့ ရူပ်နဲ့သိခြင်းသဘောရှိတဲ့ နာမ်တို့ ပေါင်းစပ်ထားတဲ့ ရူပ်နာမ်၊ ဒီရူပ်နာမ်မှာ ဗဟိဒ္ဓရူပ်နာမ်နဲ့ အဇ္ဈတ္တရူပ်နာမ်လို့ နှစ်ခုခဲ့ပြီး သိဖို့လိုပါတယ်။

ဗဟိဒ္ဓ ရူပ် နာမ် ဆိုတာ က အာ ရုံ ခြောက် ပါး၊ စက္ခု၊ သောတ၊ ကာယ၊ ဃာန၊ ဇိဝှါ၊ မနဆိုတဲ့အာရုံ ပါးပါး ဖြစ်တဲ့ စက္ခု၊ သောတ၊ ကာယ၊ ဇိဝှါ၊ ဃာန ဆိုတဲ့ တံခါး

ငါးပေါက် ပြင်ပလောကနဲ့ တွေ့တဲ့အခါမှာ သိလာတဲ့ အသိကို ဗဟိဒ္ဓရူပ်နာမ်လို့ ခေါ်ပါတယ်။

ယနေ့ ဆင်ခြင်သုံးသပ်ရမှာကဗဟိဒ္ဓရူပ်နာမ်နဲ့မပတ်သက်ပါ၊ အဇ္ဈတ္တရူပ်နာမ်နဲ့သာ ပတ်သက်ပါတယ်။ အဇ္ဈတ္တရူပ်နာမ်ရဲ့ အပျက်ကို လိုက်ခြင်းအားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်ဆိုတဲ့ သဒ္ဓာကဘော့ ပုဂ္ဂိုလ်တွေမှာ မဂ်ရနိုင်တဲ့ ပုဂ္ဂိုလ်၊မဂ်မရနိုင်တဲ့ ပုဂ္ဂိုလ်၊ ၂မျိုး၂စားရှိတယ်။ မဂ်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ်နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင်မဂ်ရကြောင်းတဲ့။

ဒီပုဂ္ဂိုလ်တွေဟာ မဂ်ရနိုင်ပါတယ်၊ မဂ်မရနိုင်တဲ့ ပုဂ္ဂိုလ်တွေက မစွန့်ကာမ၊ဆရာမရှိ၊ ဝိရိယလျော့၊ အင်အားပျော့ကာ လွန်စွာယူမှား ဤငါးပါး၊ တရားမဂ်ဖိုလ် ဝေးသတည်းတဲ့။ ဒါတွေက မဂ်မရနိုင်တဲ့ပုဂ္ဂိုလ်တွေဘဲ၊မဂ်ရမဲ့ ပုဂ္ဂိုလ်ဆိုတာ အပျက်တရားကို မြင်နိုင်ရမယ်။ ဒါကြောင့် ယနေ့ အပျက်တရားကို အလေးပေးပြီးတော့ ဟောပါမယ်။ အပျက်တရားကို ဘယ်မှာ ကြည့်ရမှာလဲ။

သူ မျှား မှာ လား၊ ဗ ဟိ ဒ္ဓ မှာ လား ဆို တာ တော့ မဟုတ်ပါဘူး၊ အဇ္ဈတ္တကို ကြည့်ရမယ်၊ အဇ္ဈတ္တရူပ်နာမ်ဆိုတာ ကအာရုံငါးပါး တံခါးငါးပေါက် နဲ့သိလာရတာကို ဥပေက္ခာပြု

လစ်လျှူရှုထားပြီးနောက် မိမိရဲ့ ဘဝင်မနောပေါက် ဟာဒယ ဒေါ်ပေါ်မှာ ဖြစ်ပေါ်လာတဲ့ အစ္စတွစိတ်၊ ရူပ်နာမ်ကို ဆိုလိုပါတယ်။

တနည်းအားဖြင့် အတွင်းမှာ ပေါ်လာတဲ့ အသိစိတ်ကို ဆိုလိုပါတယ်။ မျက်စိက တိုက်ရိုက်မြင်တဲ့အသိ၊ နှာခေါင်းက တိုက်ရိုက်ကြားတဲ့အသိ၊ နှာခေါင်းက တိုက်ရိုက်သိတဲ့ အသိ မဟုတ်ဘဲနဲ့ ဘဝင်မနောဟာဒယ အစ္စတွက ပေါ်လာတဲ့နောက်ကို လိုက်ရှုမယ်တဲ့။ အဲဒါဟာ အစ္စတွ ရူပ်နာမ်ဘဲ။ ဒီအစ္စတွ ရူပ်နာမ်တွေ ဘာလို့ ဖြစ်လာရသလဲဆိုတော့ ဟို ဘဝဘဝက အယောနိသော မနသိကာယ ခေါ်တဲ့ နှလုံးသွင်း မှားမိခဲ့ကြလို့။ အဲဒီ နှလုံးသွင်း မှားမှုရဲ့ ဒဏ်ရာ ဒဏ်ချက်ကြောင့် ယနေ့ အဝိဇ္ဇာတဏှာနဲ့ ယှဉ်တဲ့ ရူပ်နာမ် ဒုက္ခရောက်နေရတယ်။

ဒါကိုတော့ ငြင်းကွယ်လို့ မရဘူး၊ သံသရာထဲမှာ အဝိဇ္ဇာ တဏှာရဲ့ကျေးကျွန်အဖြစ် လည်ခဲ့ပြီးနောက် အယောနိသော မနသိကာယဆိုတဲ့ နှလုံးသွင်းမှားခဲ့လို့ အဝိဇ္ဇာတဏှာနဲ့ ယှဉ်တဲ့ ရူပ်နာမ်ရလာခဲ့ပြီ။ ဒီတော့ အဝိဇ္ဇာတဏှာဟာ ဦးစားပေးစရာ မလိုဘူး။ သူ့ကို ပယ်သတ်ရမယ်။ အဝိဇ္ဇာဆိုတာမသိတာကိုခေါ်တယ်၊ သစ္စာတရားကိုမသိတာဟာ အဝိဇ္ဇာ၊ တဏှာဆိုသာက လိုချင်တာ၊ မသိလို့သာ ရူပ်နာမ်ကို လိုချင်တယ်လို့မှတ်။ အဟုတ်သိတဲ့ပုဂ္ဂိုလ်မျိုးကဘယ်လိုချင်မလဲ။ စောစောကဆရာတော် ဟောသလို ခန္ဓာရဲ့ ဝန်ထုပ်ဝန်ပိုးဟာ အင်မတန်

ခေါ်ခေါ်ဒီဝန်ထုပ်ဝန်ပိုးကြီး ချချင်ပြီ၊ ဒါ သူတော်စင်တွေ ကပါ။

သူယုတ်မာတွေကတော့ ဒီရုပ်နာမ်ကြီးကို ငါမြဲတယ်၊ ခိုင်တယ်၊ တင့်တယ်တယ်ဆိုပြီး ကျေနပ်နှစ်သိမ့် ဖက်တွယ်နေတာကတော့ ပုထုဇဉ်လူမိုက်တွေဘဲ။ လူမိုက်နဲ့ လူလိမ္မာ ယနေ့ခဲခြားပြီးသိရမယ်။ လူမိုက်ဆိုတာ ဘာတုန်းဆိုတော့ ကိုယ့်ရုပ်နာမ်ကို နှစ်သက်ခုံမင်စွဲမက်နေတာ၊ အဝိဇ္ဇာတဏှာရဲ့ ကျွန်ဖြစ်နေတာ၊ လူလိမ္မာဆိုတာ ဒီရုပ်နာမ်မှာ စွဲကပ်နေတဲ့ အဝိဇ္ဇာတဏှာဟာ သံသရာခေါင်းအမျိုးမျိုးပြောင်းပြီးကိုလေသာဝဋ်ကမ္မဝဋ်၊ ဝိပာဂဝဋ်ခံရအောင် သူက မောင်းနှင် ဦးဆောင်တတ်သည်မို့ ဤအဝိဇ္ဇာနဲ့ တဏှာ စွဲကပ်နေတဲ့ မလိုလားအပ်ဘဲ တရားတွေကို မိမိရုပ်နာမ်မှာ တဖြည်းဖြည်းတလွှာစီ တိုက်ချတ်ဆေးကြောပြီးတဲ့ နောက်ဆုံးမှာ ရုပ်နာမ်မှာကပ်ငြိနေတဲ့ အဝိဇ္ဇာဘဏှာတွေကို လုံးဝ စွန့်ပယ်လိုက်ပြီးတဲ့နောက် ဒီရုပ်နာမ်နဲ့ သံသရာကို ခြေကန်ပြီး နိဗ္ဗာန်ကို ဉာဏ်နဲ့မျက်မှောက်ပြုသွားတဲ့ ပုဂ္ဂိုလ်ရဲ့ လမ်းစဉ်သာလျှင် လူလိမ္မာတို့ရဲ့ လမ်းစဉ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ လူမိုက်နဲ့ လူလိမ္မာလမ်းစဉ် လမ်းခွဲသွားပါတယ်။

ယနေ့ လူလိမ္မာရဲ့လမ်းစဉ်ဟောကြားတဲ့လူတွေ မရှောင်မလွဲနိုင်အောင် တွေ့ကြုံရမှာက ဘာလဲဆိုရင် အဇ္ဈတ္တရုပ်နာမ်ကို အပျက်မြင်ရမယ်။ လက္ခဏာရေး သုံးပါးမှာတော့ အနိစ္စ၊ ဒုက္ခ၊

အနတ္တ၊ အနိစ္စ-မမြဲဘူး၊ ဒုက္ခ-ဆင်းရဲတယ်၊ အနတ္တဆိုတာ မပိုင်ဘူး၊ အဟုတ်လက်တွေ့ ကျင့်ကြံအားထုတ်တဲ့ နည်းကို ယနေ့ဟော့ပြောမယ်။ ယနေ့နည်းက ဘာလဲဆိုရင် ဒုက္ခ၊ အနိစ္စ၊ အနတ္တ ကို ဟောမယ်။ လက္ခဏာရေးသုံးပါးကို ဥာဏ်ရှိသလိုလဲ ဟောလို့ရပါတယ်။ ပထမဆုံး ရူပ်နာမ်ဟာ ဘာတုန်းဆိုတော့ ဒုက္ခ၊ ဒီဒုက္ခဟာ အနိစ္စသဘော၊ ပျက်တဲ့မမြဲတဲ့သဘောရှိတယ်။ ဘာကြောင့်မမြဲသလဲ၊ မပိုင်လို့ အနတ္တမို့ပေါ့။ လက်တွေ့ မိမိခန္ဓာမှာ ဥာဏ်ရောက်ပြီး ဝိပဿနာတရား အားထုတ်မယ်ဆိုရင် ဒုက္ခ အနိစ္စ အနတ္တ လမ်းစဉ်နဲ့ သွားမယ်။ ရူပ်နာမ်ရထားတယ်။ တချိန်က အဝိဇ္ဇာတဏှာဦးစီးခဲ့သည့် ရူပ်နာမ်သည် ဒုက္ခ၊ ဒုက္ခဟာလဲ ဒုက္ခ၊ သင်္ခါရဟာလဲ ဒုက္ခဘဲ၊ ရူပ်နာမ်ဟာ သာယဝတ္ထုယ်ရာ၊ နှစ်သက်ဘွယ်ရာ၊ လိုချင်တာကိုရလို့ သုခမထင်ပါနဲ့၊ ဒါလဲ ဒုက္ခဘဲဆိုတာတော့ တရားနာပရိသတ် သိမှာပါဘဲ။

မိမိကို တဏှာက ချော့ပြီးတော့ ပိတိ လေးနဲ့ သုခထင် ပေမယ်လို့ တကယ်ဟုတ်တိုင်းမှန်စွာ ဥာဏ်နဲ့ ဆင်ခြင်လိုက်ရင်တော့ ရူပ်နာမ်ဆိုတာ ဒုက္ခပါဘဲ၊ ဒီဒုက္ခဟာ အနိစ္စ၊ ဒုက္ခ၊ သုတောဝါတဲ့၊ ဒုက္ခသည် မလဲ့မသေ့ပျက်စီး၏။ ဒီနေရာမှာ ခဏတ်ပေါ် အယူအဆလေးတခုနဲ့ ကြားညှပ်ဟောမယ်။ အဲဒါကတော့ ဦးဇင်းတို့တက္ကသိုလ်ကထုက်လာတော့ မြတ်စွာဘုရားက ဒုက္ခလို့ဟော့တယ်ဆိုတော့ အဆိုးရှိဝါဒ မြော်လင့်စရာမရှိတဲ့ စိတ်ပျက်စရာ ဝါဒကြီးတဲ့၊ အားအင် မရှိဘဲ ဆုတ်နစ်

ကုန်မယ်တဲ့ဆိုပြီး ကွန်မြူနစ်တွေ့ခေမ္မနဲ့ရုယ်တွေ့က စွပ်စွဲကြတာကို ဦးဇင်းတို့ ပြေရှင်းနေရတယ်။

မြတ်စွာဘုရားရဲ့ တရားတော်ဟာ ဒုက္ခကို ဟောပေမဲ့ အဆိုးရှုဝါဒမဟုတ်။ ဒီဒုက္ခကို ဖက်တွယ်နေရမှာ မဟုတ်ဘူး။ ဒီဒုက္ခကို ဒုက္ခမှန်းသိပြီး ဒုက္ခမှလွတ်အောင် မဂ္ဂင်ဖောင်ကြီး တက်စီးဘို့ဖြစ်တယ်။ အနိစ္စ ၊ ဒုက္ခ၊ သုညတာဝါ ဆိုတာက ဒီဒုက္ခသည် မလွဲမသွေ ပျက်စီးမယ်ဆိုတော့ အင်မတန် အားရှိစရာကောင်းတယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခပ်သိမ်းကုန်သော ဒုက္ခတို့သည် မြဲသလား၊ မမြဲဘူးလားဆိုတော့ အမြဲကိုမရှိဘူးတဲ့။ ဒါကြောင့် အားရှိလာတယ်။ ဘာကြောင့်လဲဆိုတော့ ဒုက္ခဆိုတာ စိတ်ပျက်စရာ ကောင်းတယ်။

ဒီစိတ်ပျက်စရာကောင်းခြင်းမှ ထွက်ပေါက် ရှိလာတာက ဒီဒုက္ခသည် မမြဲဘူးလို့ ဆင်ခြင်သုံးသပ်ခြင်းဘဲ။ ဆင်းရဲတာဟာ မမြဲဘူး၊ ဒီရုပ်နာမ်ရှိနေရင် လောကဓံ ရှိနေမှာဘဲ။ တွေ့ရတဲ့ လောကဓံကြီးကို ငါ့မှာ တွေ့ရလေခြင်းလို့ ဖက်တွယ်နေရင် ဗုဒ္ဓဝါဒမဟုတ်တော့ဘူး။ ဗုဒ္ဓဝါဒဟာ လောကဓံ တွေ့တယ်။ ဒီအခါမှာ ရုပ်နာမ်ရှိရင် လောကဓံ တွေ့မှာဘဲ။

ဒီလောကဓံဟာလဲ မမြဲပါဘူးလို့ဆိုပြီး ဆင်ခြင်လိုက်တဲ့ အတွက် ဒီဒုက္ခလေးဟာ ပျက်သွားမယ်။ ဒီလို ဒုက္ခလေး ပျက်တာကို ပျက်မှန်းသိလိုက်တော့ ဘင်္ဂဉာဏ် ဝင်လာတယ်။

(ဒုတိယ အကြိမ်)

ဘဂ်ဥာဏ်ဝင်လာရင် ဒီအပျက်ကို မြင်ပါ မြင်ပါမျှားလာတော့ ရေခဲတုံးကိုဖက်တွယ်ထားရသလိုပေါ့။ ဖက်ထားရင်းနဲ့ အရည် ပျော်ပြီးနေတော့ ကြာရင် မမှီခိုချင်တော့ဘူး၊ ဒီအတိုင်းပါဘဲ၊ ရုပ်နာမ်ကြီးဟာ ပျက်နေတော့ ကြာရင် မမှီခိုချင်တော့ဘူး၊ လူတွေဟာ ယခု သက်တမ်း ၄၀၊၅၀၊ ၆၀၊ ၇၀၊ ၈၀ စသည် ဖြင့် နေကြတယ်။ မွေးလာရင် တနေ့ သေမယ် ဆိုတာလဲ သိကြတယ်။

ဒီသက်တမ်းကို ဖြတ်သန်းပြီးရင် မိမိ ရုပ်နာမ်ကြီးကို မြေကြီးသြဇာအဖြစ် ကျေးရမယ်ဆိုတာ သိပေမဲ့ ယခု တနာရီ တစက္ကန့်မှာ ပျက်နေတဲ့သဘောကို ယုံသလားဆိုတော့ တွေ့ဝေ သွားကြမယ်။ ဒီနေရာမှာ ရှင်းရှင်း ပြတ်ပြတ်ဘဲ မိမိရဲ့ ရုပ် နာမ်ဟာဖြင့် ဖြစ်လာရင် ပျက်ရမယ်ဆိုတဲ့ ယုံကြည်ချက်လေး ထားရမယ်။

ဒါကြောင့် အနိစ္စ ဒုက္ခ သုတောဝါ၊ ပရမ ဒုက္ခ အနတ္တ၊ ဒုက္ခတရားသည် မလွဲမသွေ ပျက်စီးသည်။ ဆက်လက် ဆင်ခြင် လိုက်လျှင် ဒီဒုက္ခတရားဟာ ကိုယ်မပိုင်ဘူး၊ ပျက်စီးသွားမယ်။ ဒီတော့ အပျက်တရားဥာဏ်ဦးစီးနေရင် ဒုက္ခကိုလည်း ဆင်ခြင် နိုင်တယ်။

အနတ္တဘာရားကိုလည်း ဆင်ခြင်နိုင်တယ်။ ဘာကြောင့်လဲ အပျက်တရားချည်းဖြစ်လို့၊ ရုပ်နာမ်ကြီးဟာ ပျက်တယ်။ မြတ်စွာ

ဘုရားရဲ့ တရားတော်ဟာ အာမခံချက် ရှိတယ်။ ဘယ်လိုလဲ ဆိုတော့ သေခြင်းတရားနဲ့ ရင်ဆိုင်တဲ့အခါမှာ အာမခံချက် ရှိတယ်။ ဘယ်လိုရင်ဆိုင်မလဲ။ တရားရှိတဲ့ပုဂ္ဂိုလ်ဟာ တရားနဲ့ ရင်ဆိုင်မယ်။ တရားမရှိတဲ့ပုဂ္ဂိုလ်ကျတော့ သေခြင်း တရားနဲ့ ရင်ဆိုင်ရရင် တရားလက်လွှတ်ဖြစ်တယ်။ ကယ်ပါယူပါ တစားစား ဖြစ်မယ်။

ဟိုတုန်းကပြုခဲ့တဲ့ အကုသိုလ်ကြောင့် မကောင်းဆိုးဝါး တွေရဲ့ အရိပ်တွေက သူ့ကိုပြမယ်။ ပူလောင်မယ်။ သောကရောက်မယ်။ ရုပ်နာမ်က ပျက်စီးနေလို့ အခံရခက်တော့ ဒေါသလွှတ်မယ်။ အခံရခက်လို့နေးတော့ မောဟနဲ့ ရစ်ပြောသွားမယ်။

ကဲ-ဘဝကူးတဲ့အခါ ဘယ်လွှတ်တော့မလဲ။ တရားမှရှိတဲ့ ပုဂ္ဂိုလ်တွေ အင်မတန်စိတ်ပျက်ဘို့ကောင်းတယ်။ ယနေ့ တရားမရှိတဲ့လူတွေ သေခြင်းတရားနဲ့ ရင်မဆိုင်နိုင်ဘူး။ တရားမှရှိတဲ့ အတွက် သေခါနီးမှာ ဘာနှလုံးသွင်းမလဲ။ ဘာမှ နှလုံးမသွင်းနိုင်ဘဲ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဟစ္စည်းဆိုပြီး နှလုံးသွင်းနေရင် ဘယ်လိုလုပ်ပြီး ကောင်းရာသုဂတိ ရောက်နိုင်တော့မှာလဲ။

တရားရှိတဲ့ပုဂ္ဂိုလ်များဟာ သေခြင်းတရားကို ရင်ဆိုင်တဲ့ နေရာမှာ ခပ်တည်တည်ငြိမ်ငြိမ်ဘဲ။ သြော်-ဒီရုပ်နာမ်ဟာ မမြဲပါလား။ ဒုက္ခပါ။ သဘာဝဘဲ။ မြတ်စွာဘုရားက ပရိနိဗ္ဗာန်

စံတော်မူခါနီးထိ သတိပေးခဲ့တယ်။ "ရုပ်နာမ်ဟာ ပျက်တယ် ချစ်သားတို့"

ကဲ-မင့်သဘောနဲ့ မင့်ပျက်ကွာလို့ အပျက်တရားနဲ့ ဆင်ခြင်တဲ့သူဟာ ရုပ်နာမ်ကိုမမှီခိုဘူး! မမှီခိုတဲ့အတွက် အပျက်တရားကို သူ့သဘောနဲ့သူလွှတ်လိုက်တော့ သေခြင်းတရားရဲ့လက်ခန္ဓာကြီး ဝင်ကွက်အပ်လိုက်တဲ့ အချိန်မှာ သူပြုံးပြုံးလေး ဖြစ်နေမယ်။ ဒါကြောင့်-သစ်တုံးမှီသူ၊ တုံးလှုပ်မှု၊ မှီသူ သွက်သွက်ခါတဲ့၊ မမှီသီးခြား၊ ထိုသူအား၊ လှုပ်ရှားမရှိပါတဲ့။

ရုပ်နာမ်တည်းဟူသော ရုပ်နာမ်ကြီးကို မှီခိုနေရင် ဒီရုပ်နာမ်ကြီးဟာ တချိန် သေမင်းလက်ကို ဝင်ကွက်ပြီး မလွဲမသွေ အပ်လိုက်ရမယ်။ ထိုအခါမှာ ရုပ်နာမ် မှီခိုတဲ့သူက သွက်သွက်ခါမယ်။

သေခြင်းတရားဟာ အင်မတန်ဆိုးဝါးတယ်။ ဒါ့ကြောင့် အိုနာသေဘေးကို သူတော်စင်တွေ ကြောက်ကြ တာပေါ့။ အကုသိုလ်နဲ့ သေခြင်းတရား၊ အိုမှာ နာမှာကို ကြောက်တယ်။ လူတွေက သေခြင်းတရားကို တကယ်တန်း တည်တည်ငြိမ်ငြိမ်နဲ့ အောင်အောင်မြင်မြင် ဖြတ်သန်းဘို့ဆိုတာ မလွယ်ပါတဲ့။

မိမိဟာမသေခင်က သေခြင်းတရားကို ဘယ်လိုဖြတ်သန်းမယ်ဆိုတာ ဆင်ခြင်ထားတာဟာ အမြော်အမြင်ရှိတဲ့ပုဂ္ဂိုလ်တို့ရဲ့

လုပ်ရပ်ဘဲ၊ ထိုပုဂ္ဂိုလ်တို့ရဲ့ လုပ်ရပ်ဟာ ဒုက္ခရုပ်နာမ် ခန္ဓာရရှင် သေမယ်၊ သေရင် ဆင်းရဲမယ်။ ဆင်းရဲတာကို မကြိုက်တော့ ဒုက္ခဖြစ်မယ်၊ ဒုက္ခဖြစ်စေတဲ့ သမုဒယကိုပယ်ရမယ်၊ သမုဒယကတော့ တွယ်တာစရာ ကပ်ငြိစရာ တဏှာနဲ့ချွဲလာရင် သမုဒ္ဒယ တွယ်မိမှာဘဲ၊ တွယ်မိတော့ ဒုက္ခဖြစ်မယ်ဆိုတာ မြတ်စွာဘုရား ဟောကြားထားခဲ့ပြီးသားဖြစ်တယ်။သစ္စာလေးပါးမှာ ဟောပြီး သားဖြစ်တယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂ သစ္စာတဲ့။

ဒုက္ခသစ္စာဆိုတာ ဒုက္ခဆင်းရဲခြင်း၊ သစ္စာက အမှန်ပါ။ ဆင်းရဲခြင်းဟာအမှန်ပါ။ သမုဒယသစ္စာဆိုတာ ဒုက္ခကိုဒုက္ခမှန်း မသိဘဲ ခင်မင်တွယ်တာလာတာက သမုဒယတဲ့။ ဒါကြောင့် သမုဒယဖြစ်ရင် ဒုက္ခဖြစ်မယ်။ ဆင်းရဲမယ်။ အို နာ သေ ဒုက္ခ တိုက်ကြုံရမယ်။

ဒီတော့ဒုက္ခကိုဒုက္ခမှန်းမသိသမျှတော့နိဗ္ဗာန်ရုပ်လို့ခေါ်လို့ ဆုတောင်းတော်လည်း ဒီလိုဟာ လိုက်လိုက်လဲလဲဆုတောင်းခြင်း မဟုတ်ဘူးလို့သာ မှတ်လိုက်တော့။

သူသူငါ ပုဒ္ဓတာရာအမျိုးပျိုကြတယ်၊ နိဗ္ဗာန်ရုပ် လို့ခေါ် ဆုတောင်းကြတယ်။ ဘာကြောင့်-သေသေချာချာဆန်းစစ် လိုက်ရင် ဗုဒ္ဓရုပ်နာမ်ကို ဒုက္ခလို့ သေသေချာချာ ဆန်းစစ်ပြီးမြင် သလားဆိုရင် အဖြေရခက်တယ်။

တကယ်လုပ်ထားသူအဖို့ ဒီရူပ်နာမ်ကြီးကို သေသေချာချာ ပိုင်ပိုင်နိုင်နိုင် မြင်ထားမှ တော်ခါကျမည်။ ဒါမှ ဒီဒုက္ခ ရူပ်နာမ်ကိုသိပြီး မလိုချင်တော့ဘဲ လွှတ်လာမယ်။ လွှတ်ချင်မှ ဒီဒုက္ခကိုဖြစ်စေတဲ့ သမုဒယကို ပယ်မယ်။ သမုဒယကို ပယ်မှ ဒုက္ခသေမှ မဂ္ဂင်ဝင်မယ်။ မဂ္ဂင်ဝင်မှ နိဗ္ဗာန်ကိုမျက်မှောက်ပြုမယ်။ ဒါကြောင့် လမ်းစဉ်က သတ်ရမှာက သမုဒယ၊ သေတာ ဒုက္ခ၊ မျက်မှောက်ပြုရတာက နိဗ္ဗာန်၊ ကိုယ်တိုင်သိရတာက တရား တော်မြတ်ရဲ့ ဂုဏ်ကျေးဇူး။ ပေါ့သွားတာက ခန္ဓာရဲ့ ဝန်ထုပ်ဝန်ပိုး။ လက်တွေ့ကျင့်ကြံတဲ့ သူတွေဟာ ဒီအစဉ်ကို လက်တွေ့တွေ့ရမယ်။ ဒါကြောင့် ဒီဒုက္ခနဲ့ သမုဒယ ဝဲလည်နေတဲ့ သံသရာမှ လွှတ်ချင်ရင် ဒုက္ခကိုဒုက္ခမှန်းသိရမယ်။ ဒုက္ခကိုဒုက္ခမှန်း သိပြီးတဲ့နောက် ဒုက္ခဖြစ်စေတဲ့ သမုဒယကို သတ်လိုက်။ ဒီအခါ ဒုက္ခသေသွားမယ်၊ ဒီအခါမှာ မဂ္ဂသည် နိဗ္ဗာန်ကို မျက်မှောက်ပြုမယ်။ တကယ် လက်တွေ့ အလုပ်လုပ်ရင် သစ္စာလေးပါးသည် တပြိုင်နက်ထဲပါ။ ဒါကြောင့် ယနေ့ သစ္စာလေးပါးနဲ့လက္ခဏာရေးသုံးပါးတဲ့ယှဉ်နေတဲ့အပျက်တရားအကြောင်း ဟောရခြင်းဖြစ်ပါတယ်။

ရူပ်နာမ်တွေကို ဆင်းရဲခြင်းအမှန်ပါလို့ သိရင် မလိုချင်ဘူး။ ဒီဆင်းရဲခြင်းကို မလိုချင်ရင် ဒီဆင်းရဲခြင်းကို ဆင်းရဲခြင်းမှန်းသိတဲ့ ဉာဏ်အောက်မှာ ဆင်းရဲခြင်းသည် ပျက်သွားဘို့ အရေးကြီးပါတယ်။ ဒီအရေးကြီးတာဟာ အပျက်တရားကို မြင်နိုင်တဲ့ ဘင်ဉာဏ်ဘဲ။ ဒါကြောင့် ဉာဏ်လေးဆင့်ရှိတဲ့ နေရာ

မှာ ပထမ ယထာဘူတ ဉာဏ်ဆိုတာကတော့ ရူပ်နာမ်တို့သည် ပျက်စီးသွားဟန်လို ဟုတ်တိုင်းမှန်စွာ ဆင်ခြင်လိုက်ရင် ယထာဘူတ ဉာဏ်ရပါတယ်။ ထိုကနေ ရင့်လာတဲ့ အခါမှာ ဘင်္ဂဉာဏ်က ရူပ်နာမ်ဆိုတာ ပျက်နေတာဘဲလို့ ဆင်ခြင်ရုံဘဲ၊ အပျက်တရား ဘဲ၊ နပျါစွာ်တနဲ့ မတည်တာဘဲ ပိုလာပြီ။ အနုဒဿနဉာဏ် ယုတ်

သူကို သွားမကြည့်နဲ့၊ မိမိရဲ့ ဘဝင် အဇ္ဈတ္တတုန်လှုပ်တာလေးကို ဒါဟာဒုက္ခပါလား။ ငါ့မှာ ဒီရုပ်နာမ်ရှိသမျှ ဒုက္ခရှိနေအုံးမယ်။ သို့သော် မြတ်စွာဘုရားသခင်က ကရုဏာတရားနဲ့ ဟောကြားတော်မူခဲ့တယ်။ ခပ်သိမ်းကုန်သော ဖြစ်ပေါ်လာသည့် အတွင်း အဇ္ဈတ္တမှ ရုပ်နာမ်တို့သည် မမြဲပါ။ ဒီတော့ငါလဲ ငါ့ဘဝင် စိုက်ပြီး နေလိုက်ပါအုံးမယ်။ မိမိရဲ့ အကုသိုလ်စိတ်ကိုသာ ရှုသတ်ပါ။ တပါးသူရဲ့ အကုသိုလ်စိတ်ကို လတ်ညှိုးထိုးစရာမလို။ မိမိရဲ့ လောဘ ဒေါသ မောဟ တို့ကိုသာ ပယ်သတ်ရမှာပါ။

ကိုလေသာတို့ကို သတ်ရမှာပါလား လို့ ဗျုဒ်းမျှားဟာ ကတ္တတ်ပေါက်ကငါးကလေးတွေလာမှာဆိုပြီးစောင့်သလိုစောင့် နေကြည့်ပါ။ သတိုးထား၊ဝိရိယစိုက်ပြီး စိုက်ကြည့်ပါ။ ထိုအခါ တပါးသူက စော်ကားလို့ မိမိဘဝင်လေးတုန်လာရင် မိမိရဲ့ ဘဝင်ကို ဒါတွေဟာမမြဲပါလား၊ မပိုင်တဲ့မဆိုင်တဲ့ ဒုက္ခတရား တွေ့ပါလားလို့ ရှုသတ်လိုက်ရင် မိမိရင်ထဲက ဒုက္ခတရားလေး ဟာ မြတ်စွာဘုရား ဟောခဲ့တဲ့ အမှန်အတိုင်းဘဲ ပျက်စီးကြေ ပျောက် အနိစ္စရောက်သွားတယ်။ ရင်တုန်တာကလဲ တည်ငြိမ် သွားတယ်။

ငြိမ်းအေးခွင့်လွှတ်သွားမယ်၊ သူတပါးကိုလဲ ခွင့်လွှတ် သွားနိုင်မယ်။ သူဟာလဲ အဝိဇ္ဇာတဏှာနဲ့ ဦးစီးထားတော့ ဒေါသမောဟနဲ့ မာန်မနာနဲ့ တက်ကြွပြီးမှုန်ကန်တဲ့ ပုဂ္ဂိုလ်တွေ့ လဲ စော်ကားလိုက်နဲ့ ၃၁ ဘုံ ထဲမှာ ကျင်လည်တော့မှာဘဲ။

အဝိဇ္ဇာတဏှာ၏ ကျေးကျွန်ဖြစ်နေပြီလို့ မိမိက သူ့ကို သနား

ဆင်ခြင်လိုက်ပါ။ ဒီအပူဟာ ချုပ်ငြိမ်းသွားလိမ့်မယ်။ ဒီ အပူကို ဖက်တွယ်တောမထားပါနဲ့၊ ဗုဒ္ဓဘာသာ သူတော်စင်တွေဟာ ဒီအပူမီးကို မခင်တွယ်ပါဘူး။ ဒီအပူမီးကို မက်ရောစင်နဲ့ ငြိမ်းရတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ သတ္တဝါတွေကို မိမိရဲ့ရင်ဝယ်သားလို ချစ်မြတ်နိုးလို့ ဟောကြားခဲ့တဲ့ သစ္စာ(၄)ပါး တရားဆိုတာ မင်းတို့ ဘာဘဲဖြစ်ပေါ်ဖြစ်ပေါ် ဖြစ်လာတာမှန်သမျှဟာ မမြဲဘူးတဲ့၊ ဒေါသဖြစ်ဖြစ် လောဘဖြစ်ဖြစ်၊ မောဟဖြစ်ဖြစ် အဲဒီ လောဘ၊ ဒေါသ၊ မောဟနောက်ကို မလိုက်ဘဲနဲ့ သတိထား၊ ဝိရိယစိုက်ပြီးပညာဉာဏ်နဲ့ ဆင်ခြင်ရှုသတ်လိုက်။

ဤကိုလေသာဝဋ်တရားတွေဟာမမြဲဘူး၊ ကိုယ့်ခန္ဓာကိုယ့်ဘဝင်လေးကိုစိုက်ပြီး ဒီရုပ်နာမ်ဟာ မမြဲပါလားလို့ ရှုသတ်ဆင်ခြင်လိုက်ပါ။ ထိုအခါမှာ အခြေခံအကျဆုံး အချက်တခုကို ဟောမယ်၊ ဘာလဲဆိုတော့ မိမိရုပ်နာမ်မှာ ဖြစ်ပေါ်လာသော တရားတို့သည် ဒုက္ခဖြစ်၏လို့ ယုံကြည်လိုက်ပါ။ မိမိရဲ့ အတွင်းအဖျတွင်စိတ်မှာ ပေါ်လာသော သိစိတ်မြင်စိတ်တို့သည် ဒုက္ခတရားလို သတ်မှတ်ဖိုအရေးကြီးတယ်။ ဒီနေရာမှာ "ဒုက္ခ

ဥာဏ်ပညာဦးစီးတဲ့ပုဂ္ဂိုလ်သည် ရင်တွင်းမှ ပေါ်လာသော လောဘ ဒေါသ မောဟတို့ကို အလိုမလိုက်၊ ကျေးကျွန်မခံဘဲနဲ့ သူတို့ကို အုံ့တုပြီး မြတ်စွာဘုရားဟောကြားခဲ့တဲ့ ဒေသနာအတိုင်း သူတို့ဟာမမြဲဘူးလို့ ရှုသတ်လိုက်ရတယ်။ ဒါကြောင့် သူတော်စင်နဲ့ အမျိုးကောင်းသား/သမီးများ မှီခိုး၊ လဲလျောင်းကိုးကွယ်ဆည်းပူး၊ ပူဇော်ကျင့်ကြံအားထုတ်ထိုက်တဲ့ တရားဟာ ဗုဒ္ဓမြတ်စွာဘုရားသခင်ရဲ့ တရားတော်ဘဲဖြစ်တယ်။ ဤတရားဟာ မိမိရဲ့ရင်တွင်းမှာ ဘုဝင်မှာပေါ်လာတာတွေကို အလိုမလိုက်ဘဲ သူတို့ကိုအုံ့တုပြီး သူတို့ဟာဒုက္ခတရားပါလားလို့ သတ်မှတ်လိုက်ရမှာက(၁) အချက်ဖြစ်တယ်။ (၂) ဤဒုက္ခတရားသည် မမြဲဘူးလို့သာ အနိစ္စသဘောနဲ့ ဆင်ခြင်ပါ။ အနိစ္စဆုံးသွားရင် နိစ္စဆိုတဲ့ နိဗ္ဗာန်ကိုရမယ်။ ဒုက္ခဆုံးရင် သုခကို ဥာဏ်သက်ဝင်နိုင်မယ်။ မမြဲတာ မပိုင်တာဆုံးရင် မြဲတာ ပိုင်တာ တွေ့ရမှယ်။ မပိုင်တာ ကရူပ်နာမ်၊ ပိုင်တာက မဂ်ဥာဏ်၊ ဖိုလ်ဥာဏ်၊ နိဗ္ဗာန်။ ဆင်းရဲတာကလဲ ရူပ်နာမ်၊ ကိလေသာတရားတွေနဲ့ယှဉ်တဲ့ ရူပ်နာမ်ဘဲ၊ ချမ်းသာတာကမဂ်ဥာဏ်၊ ပျက်နေတာတွေက မမြဲတာတွေ ကိုလေသာဝဋ်၊ ဝိဘာဂဝဋ်တွေနဲ့ ယှဉ်နေတဲ့ရူပ်နာမ်၊ မြဲတာက နိဗ္ဗာန်။

ဒါကြောင့် မြတ်စွာ ဘုရားသခင်ရဲ့ တရားတော်နဲ့ သူတော်ကောင်း သူမြတ်လောင်းတို့ရဲ့ ကျင့်စဉ်ကို မြတ်နိုးကိုးကွယ်အားထုတ်လိုသောပုဂ္ဂိုလ်တို့သည် မိမိတို့၏ ရင်တွင်းအဇ္ဈတ္တဘဝင်မှာ ဖြစ်ပေါ်လာတဲ့ တရားတွေကို အမြဲတန်း

အပျက်တရားလို့ ရှုနေပါ။ ရှုနေရင် ဥပမာ ဒေါသပေါ်လို့ ရင်ခုန်နေရင် ဒီဒေါသအလိုလိုက်တော့ အားကောင်းလာပြီး မိမိသာ ဒေါသရဲ့ကျေးကျွန်ဖြစ်သွားမယ်။ ဒီအခါ ဒေါသကိုသတ်ဖို့ မလွယ်တော့ဘူး။ ဒါကြောင့်ပေါ်လာရင် အလိုမလိုက်ဘဲသူ့ကို မမြဲဘူးဆိုပြီး မြတ်စွာဘုရား ဟောကြားခဲ့တဲ့ အဆိုအဆုံးမကို တည်ပြီးဒေါသနဲ့တိုက်ပွဲဝင်တော့။ ကိုယ့်ရုပ်နာမ်မှာ ပေါ်နေတဲ့ ကိုယ်လေသာနဲ့ယှဉ်နေတဲ့ အဝိဇ္ဇာတဏှာတွေကို တိုက်ပွဲဝင်တော့။

ဒီဒေါသဟာ မမြဲတဲ့ဒုက္ခလို့ရှုသတ်ရင် သူဟာ တဖြည်းဖြည်းလျော့ပါးပြီး နောက်ဆုံး ပြတ်သွားတဲ့အခါမှာ ဒေါသချုပ်ငြိမ်းပြီးအေးငြိမ်းသွားမယ်၊ ဒီလို အေးချမ်းတဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့ ဘရားကျင့်ကြံအားထုတ်ဖို့ နည်းလမ်းရှိတာကို ဦးဇင်း ဒီနေ့ ဟောပါတယ်။ ပထမဦးစွာ မိမိရဲ့ရုပ်နာမ် ၂ ပါး၊ ခန္ဓာငါးပါးကို မြတ်စွာဘုရားကိုလှလိုက်ပါ။

သရဏာ ဂစ္ဆာမိပါဘုရား။ မင်ဖိုလ်စခန်းသို့ တက်လှမ်းနိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်ရပါလို၏ အရှင်ဘုရား" လို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးထံမှာ ရှုပ်နာမ်လှူလိုက်ပါ။

ဘာကြောင့် မိမိဟာ ရှုပ်နာမ်ဒုက္ခနဲ့ ကိုလေသာ တက္ခ်ာ အရှိန်တွေက များနေလေတော့ ဒီတရားထိုင်တဲ့ အချိန်လေး တနာရီဘဲရရ၊ နာရီဝက်ဘဲရရ၊ ၅ မိနစ်ဘဲရရ၊ ထိုင်ချင်တဲ့ ကိုယ် ရဲ့ဆန္ဒအတိုင်း ထိုင်လို့ ဘုရားကိုလှူလိုက်တဲ့အခါမှာ ဒီရုပ်နာမ်ကြီးကို ငါမပိုင်တော့ဘူး၊ ဒီရုပ်နာမ်ဟာ ကိုလေသာဝဋ္ဋ လို့ ဘုရားဟောခဲ့တယ်၊ ရှုပ်နာမ်ဒုက္ခဖြစ်နေတာကလဲ့ ကိုလေသာဝဋ္ဋဘဲ၊ကိုလေသာဝဋ္ဋဟာအလွန်ကြောက်စရာကောင်းတယ်။

ခွေးတော်ရိုးမဲ၊ စွန့်နိုင်ဘဲမို့၊ ချင်ရဲမပြေ၊ တပေပေတည်းတဲ့။ အရိုးတွေတာအသားတွေတာမဟုတ်ပါဘဲတောင် သွားရည်ကျလောက်အောင် မက်မောတယ်။ ဒီသွားရည်ကြောင့် အရိုးကြီးဟာ နှုးပြီး ပွပြီး အညှိုနံ့လေးရတော့ ဒီအရိုးကြီးကိုက်ပြီး ခနာက်ဆုံးမှာလဲ သေတာဘဲ။ ဒီလိုဘဲ သူတော်စင် တွေဟာ ကိုလေသဝဋ္ဋမှ ကျွတ်လွတ်ရင် အကောင်းဆုံးဘဲ။ ဒီကိုလေသဝဋ္ဋမှ ကျွတ်လွတ်အောင်ဆိုရင် မိမိတို့ရဲ့ရှုပ်နာမ်ကိုယ်ကြီးဟာ ဒုက္ခဆင်းရဲများစွာ ရှိတာကြောင့် ဒီဆင်းရဲမှုလွတ်ချင်၍ အင်မတန်ကြည်ညိုစရာကောင်းသော မြတ်စွာဘုရားသခင်အား ဒီရုပ်နာမ်ခန္ဓာကို လှူဒါန်းပါ၏။ ဒါဟာ အလွန်ကုသိုလ်ရပါတယ်။ ဒီလိုလှူခြင်းအားဖြင့် တရားထိုင်လို့ ဖြစ်လာမဲ့ အနှောက်အယှက်

တွေ့ကို မကြောက်တော့ဘဲ ဖြောင့်ဖြောင့်ထိုင်နိုင်မယ်၊ကိုယ်မပိုင်တော့ဘူး၊ နိဗ္ဗာန်ရောက်အောင်ဆိုရင် တဏှာ နိယောဓော နိဗ္ဗာန်တဲ့၊ တဏှာတွေကုန်အောင် သတ်နိုင်မှ နိဗ္ဗာန်ရောက်နိုင်မယ်၊ နိဗ္ဗာန်ဟာ အလွန်ချမ်းသာတယ်။

ဒါကြောင့် တရားကျင့်ကြံပြီဆိုရင် မျှော်လင့်ချပြီး ပထမဆုံး သမာဓိလေးမွေးရမယ်။ ဘယ်လို မွေးမလဲဆိုတော့ ဝင်လာတဲ့ လေရယ်— ထွက်သွားတဲ့ လေလေးရယ်ကို သေချာမှတ်နေရမယ်။ ဝင်လာတဲ့လေဟာ ဖြစ်လာတဲ့ရူပ်တရားဘဲ။ ရူပ်ကအကြောင်းခံပြီး နာမ်ကအကျိုးဖြစ်လာတယ်။ အကြောင်းနဲ့ အကျိုးသိရင် ဒိဋ္ဌိသေတယ်။ ကြောင်းကျိုးသိလျှင် ဒိဋ္ဌိမြင်၏။ ရူပ်နာမ်သိလျှင် ဖြစ်ပျက်မြင်၏လို့ အဆိုရှိတယ်။ ဝင်လာတဲ့လေဟာ ဖြစ်ပြီး ထွက်တဲ့လေဟာပျက်သွားတယ်လို့ သမာဓိရအောင်မှတ်ရမယ်။ တဖြည်းဖြည်း သမာဓိရလာတော့ ဘဝင်မနောခေါ်တဲ့ ဟဒယကို ဆင်ခြင်ကြည့်လိုက်ပါ။

ထိုအခါမှာ ဘယ်လို သဘောပေါ်တယ် ဆိုတာကို စိစိစဉ်စိုက်ပြီး သတိထားပါ။ ဘာဘဲပေါ်လာလာ ဒါဟာ ဒုက္ခတရားလို့ဘဲ သတ်မှတ်လိုက်ပါ။ ဒီဒုက္ခတရားဟာလဲ မမြဲပါဘူးလို့ ဆင်ခြင်လိုက်ရင် ဒါဟာ ဥာဏ်ဘဲ။ ဆင်ခြင်ခံရတာက ရူပ်နာမ်ဘဲ၊ အားလုံးပျက်ရမဲ့သဘောရှိတရားချည်းဘဲလို့ ဆင်ခြင်ရှုသတ်လိုက်ရင် စောစောကပေါ်လာတဲ့ အရာဟာ ပျက်သွားတယ်။ နောက်တခုပေါ်လာရင်လဲ ထပ်ပြီးရှုသတ်ပါ။

ခင်မင်တွယ်တာတဲ့ သမုဒယကြောင့် ဒုက္ခဖြစ်လာရတယ်။ ဒီဒုက္ခတွေမှ ကင်းလွတ်ချင်ရင် မမြဲဘူးလို့ ဆင်ခြင်ပါ။ ဒီအခါ တဖြည်းဖြည်းနဲ့ ဒုက္ခတရားဟာ သေသွားပါလိမ့်မယ်။ ဒုက္ခနည်းသွားပါလိမ့်မယ်။ ရှေကဖြစ်ပျက်၊ နောက်ကမင်္ဂိတဲ့။ ရှေကဖြစ်ပျက်တာကို မြင်ရင် မဂ္ဂင်ဉာဏ် ပေါ်လာတာပါဘဲ။ အပျက်ကိုမြင်တာဟာ ဘာဝနာပါဘဲ။ အပျက်တရားဟာ မမြဲဘူးလို့ ဉာဏ်နဲ့ ဆင်ခြင်ရင်းနဲ့ ဒုက္ခတရားတွေဟာ လျော့ပြီး နောက်ဆုံးမှာ ချုပ်ငြိမ်းပြီး ပြကတိ တည်ငြိမ်ပြီး လုံးဝ ဥဿုံချမ်းသာသည့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်မယ်။ ဒါဆိုရင် လက်ခမောင်း ခတ်နိုင်ပါပြီတဲ့။ ဒီလိုနိဗ္ဗာန်ရှေပြည်မြတ်ကြီးကို တက်လှမ်းနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်နိုင်ကြပါစေ။

"သာဓု-သာဓု-သာဓု"

ကျမ်းမြတ်နှစ်ဆူ ထွက်နေပြီ
ဥာဏ်ပန်းမွေးလှိုင်ကြ။ နှင့်
မြတ်ပန်းမွေးလှိုင်ကြ။

တလတိတိတောစွန်တောင်ကြားလိုဏ်ဂူချောက်ကမ္ဘာ့ တို့၌ စွန့်စွန့်စားစားအားထုတ်ခဲ့ပုံ အစုံစုံတို့ကို ကုံကုံငင ဖောက်သည်ချအပ်သော....

ဆရာတော် အသျှင်နန္ဒဝံသ (M.A.Philosophy)၏ ကိုယ်တွေ့ကျင့်စဉ်၊ အလုပ်ခွင်များ။

စစ်ကိုင်းတောင်၊ ရေတံခွန်တောင်၊ မန္တလေးတောင်၊ ကျက်နဖား၊ ခိုနန်းရေယာဉ်လိုဏ်ဂူ၊ရှေစက်တော်ဘုရားတို့၌ အားထုတ်ခဲ့ပုံ။

တမူထူးခြားမည့် တရားကျင့်စဉ် စာအုပ်။

တရားအားထုတ်သည် ဆိုသည်မှာ ဟောသည်လို-ဟော သည် လို နှ လုံး သွင်း ရ ပါ တယ်- ဟု လက် တွေ့ ကျင့်ကြံပုံ- စိတ္တာ နုပဿနာ ကျမ်း ရင်း အ ဖြစ် စီ ချယ် ထား သည်။

မြတ်သောပန်းတို့ မွေးလှိုင်ကြ။ နေပြီ။
ကျမ်းမြတ်နှစ်ဆူ အပ္ပဏော်ခံ ထွက်နေပါပြီ။